# မင်းပြားဝန်းကျင် သုတေသနအမြင်

အောင်သူရကျော် (ရက္ခိုင်)



# မင်းပြားဝန်းကျင် သုတေသနအမြင်

အောင်သူရကျော် (ရက္ခိုင်)

ဝါးတော်တောင်၏အရှေ့ဘက် (၄)မိုင်အကွာတွင် မြောက်ဘက်မှ အရှေ့တောင်ဘက်သို့ သွယ်တန်းနေသော (၃)မိုင်အရှည် နောက်ထပ်တောင်တစ်လုံးကို တွေ့ရသည်။ ထိုတောင်၏မူလအမည်မှာ ရေနုစာရပဗ္ဗတတွင်၏။ ယခုအခါ မြို့တောင်ဟုလည်း ခေါ်ကြသည်။ ဂေါတမဘုရားရှင်၏ ပါးမွေးတော်ဓာတ်ကို ဌာပနာလျက် တောင်တန်း၏တောင်ဘက်ခြမ်း၌ စေတီတစ်ဆူတည်ရှိသည်ကို အစွဲပြု၍ ပန်းဝတ်တောင်စုဟုလည်း ခေါ်ကြသည်။

တောင်ခြေ၏အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် ရေကန်ကြီးများအစီအရီတွေ့ရသည်။ နံရံတံတိုင်းများ၊ အုတ်နှင့်ကျောက်တို့ဖြင့် ဆောက်လုပ်ထားသော အဆောက်အဦးတို့၏လက်ရာ အစအနများလည်း တွေ့ရသည်။

တောင်သွယ်၏အနောက်မြောက်ဘက်အဆုံးတွင် လောင်းကြက်မင်းဆက်၏ နဝမမြောက်မင်းဖြစ်သော ဘုရင်မင်းထီးက မြန်မာသက္ကရာဇ် ၆၈၉ (အေဒီ ၁၃၂၈)တွင် တည်ခဲ့သည့် သဲမြို့ (Thaymyo)ရာ တည်ရှိသည်။ ထိုမြို့မှာ တည်ထားပြီး မကြာမီမှာပင် ရှမ်းလူမျိုးများ၏ ဖျက်ဆီးခြင်းကို ခံခဲ့ရသည်။ ရခိုင်ပြည်ကျဆုံးပြီးနောက် မြန်မာမြို့ဝန်များ၏ အုပ်ချုပ်ရေးကာလတွင် ထိုနေရာကို မြို့စားအိမ်ရာအဖြစ် ရွေးချယ်ခဲ့ကြသည်။

မြောက်များလှစွာသောစေတီပုထိုးများ၊ ဘုရား၊ သိမ်များကို ဆောက်လုပ်ခဲ့ဖူးရာ ယခုတိုင်အောင် တစ်ပိုင်းတစ်စအဖြစ် ကျန်ရှိနေသေးသည်။ သို့ရာတွင် လက်ရာများမှာ ခေတ်သစ်မြန်မာဟန်ပုံစံရိုးရိုးများသာ ဖြစ်ကြ၍ စိတ်ဝင်စားစရာမကောင်းလှချေ။

လေးထောင့်အောက်ခြေပေါ်တွင် မုခ်တစ်ခုပါရှိပြီး အပေါ်ပိုင်း၌ ကတော့ပုံသဏ္ဍာန်ဖြစ်သော အုတ်ဖြင့်တည်ဆောက်ခဲ့သည့် စေတီတစ်ဆူလည်း တွေ့ရသည်။ အနီးဝန်းကျင်တွင် ရှိကြသော အသည်ရွာ၊ ငပြီအင်းရွာ (ငပယင်းရွာ)နှင့် တလိုင်းကြီးရွာသားများက ပျက်စီးယိုယွင်းနေမှုကို လျစ်လျူရှုထားကြသည်။ ၎င်းတို့၏ဆန္ဒဖြင့် စေတီငယ်တစ်ဆူကို အသစ်တည်၍သာ ကိုးကွယ်ကြသည်။

အရှေ့မြောက်ဘက်တောင်ခြေတွင် ခြိတ်မင်းဆက်၏ တတိယမင်းဖြစ်သော ဘုရင်ကိန္နရူပေါက အေဒီ ၁၁၇၈ တွင် တည်ထားခဲ့သော စမ္ပဝက်မြို့ တည်ရှိခဲ့ဖူးသည်။ ၎င်းမြို့ကို သိမ်းပိုက်ရန်အတွက် ရခိုင်များ၊ ရှမ်းများ၊ ဗမာများ၊ တလိုင်း(မွန်)များတို့သည် အပြန်အလှန်တိုက်ခိုက်ခဲ့ကြသည်။ လောင်းကြက်တို့ တည်ထောင်ပြီးနောက် ထိုမြို့မှာ စွန့်ပယ်ခြင်း ခံခဲ့ရသည်။

စမ္ပဝက်မြို့သည် ရခိုင်သမိုင်းတွင် အရေးပါလှသော်လည်း စိတ်ဝင်တစားလေ့လာရန်အတွက် ထိုနေရာတွင် အထောက်အထားများ မကျန်ရစ်တော့ချေ။

တောင်တန်း၏မြောက်ဘက်တောင်ထိပ်တွင် ရှေးအခါက မြိုလူမျိုး၏ သမိုင်းဟောင်းတစ်ခုရှိသည်။ တိုင်းရင်း သားမျိုးနွယ်စုတစ်စုဖြစ်သော မြိုလူမျိုးတို့သည် ရခိုင်တောင်တန်းမြောက်ပိုင်းတစ်ခုလုံးကို သိမ်းပိုက်ဖူးကြပြီး ဝေသာလီ၊ ဓညဝတီ၊ လောင်းကြက်နှင့် မြောက်ဦးတို့တွင် စိုးစံခဲ့ကြသော မင်းဆက်များ၏ တည်ငြိမ်မှုကို အစဉ်အမြဲနှောင့်ယှက်ခဲ့ ကြသည်။

ချင်းလူမျိုးများနှင့် အနွယ်တူအုပ်စုများမှာ လူသေကောင်ကို မီးရှို့၍ အရိုးပြာကို ကောက်လေ့ရှိကြသည်။ ၎င်းပြာများကို မီးဖုတ်ထားသော မြေအိုးများတွင်ထည့်ကာ လူသူအရောက်အပေါက်နည်းသည့် တောင်ထိပ်များ

တွင် မြှုပ်နှံတတ်ကြသည်။ အသည်းရွာအထက်ဘက်ရှိ သချိုင်းရာမှာ သစ်တောဖုံးလွှမ်းနေသော တောင်ထိပ်ပေါ်၌ ဧကေ အတော်များများ နေရာယူထားသည်။

သချိုင်းထဲရှိ အရိုးအိုးများ၌ အရိုးပြာများမှာ မြေကြီး၊ သဲတို့နှင့် ရောနှောနေ၍ ဝါကြန့်ကြန့်အရောင် မာကျော သောအစိုင်အခဲများအဖြစ် ပြောင်းလဲနေသည်ကို တွေ့ရသည်။ အရိုးအိုးများမှာ ပုံသဏ္ဌာန်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုး ရှိကြပြီး အမြင့် (၈)လက်မမှ (၁)ပေခွဲထိလည်းကောင်း၊ အိုးအဝန်း အကျယ်ဆုံးနေရာတွင် (၁)ပေခွဲမှ (၃)ပေအထိလည်းကောင်း ရှိကြသည်။

အရိုးအိုးများကို မြေကြီးမှ မျက်နှာပြင်နှင့် နီးကပ်စွာ မြှုပ်နှံထားပြီး တည်ရှိရာကို အပေါ်မြေလွှာ၌ အညွှန်း သင်္ကေတများအဖြစ် အကြမ်းထုဆစ်ထားသော ကျောက်တုံးများ၊ အုတ်ခဲများကို အိုးစ ဗဟိုမှဖြာ၍ ဖြန့်ချထားကြသည်။ အချို့တွင် အုတ်ခဲအပိုင်းအစများ၊ ကျောက်ခဲများကို ဗဟိုမှ (၃)ပေ မှ (၄)ပေအထိ ခွာ၍ ဒုတိယတစ်ထပ်ကာရံလေ့ ရှိကြသည်။

ဤသချိုင်းမြေ၏သက်တမ်းကို အတိအကျမသိရပေ။ အနီးကပ်ခန့်မှန်းနိုင်လောက်သော သဲလွန်စများလည်း မရှိချေ။

မြို့ဟောင်းမြို့၏အရှေ့ဘက်ရှိ ပရိန်မြို့သည် ရခိုင်မင်းများ၏ မြို့တော်ဖြစ်ခဲ့စဉ်က မြိုလူမျိုးများသည် မြို့တော် နယ်နိမိတ်ကို မြောက်ဘက်မှနေ၍ ထိပါးလာသဖြင့် ဘုရင်ကောလိယ (အေဒီ ၁၁၃၃-၁၁၅၃) ဦးဆောင်သော စစ်သည်တော်များက လေးမြို့မြစ်ညာသို့ စစ်ချီဖူးကြောင်း ကျူးကျော်သူများကို နှိမ်နင်းကြောင်း မှတ်တမ်းတင် ဖော်ပြထား၏။

ဤသည်ကို ထောက်၍ မြိုလူမျိုးများမှာ လွန်ခဲ့သောနှစ်ပေါင်း (၈၀၀)ခန့်ကပင် လေးမြို့မြစ်ညာသို့ မောင်းထုတ် ခံခဲ့ရကြောင်း၊ မင်းပြားတောင်တန်းနှင့် တောင်ဘက်အထိ တစ်ဆက်တစ်စပ်တည်း ရှိသောတောင်များတွင် အရိုးအိုး များကို မြှုပ်နှံခဲ့ကြကြောင်း၊ ဤကာလသည် ပရိန်ကို တည်ထောင်သော အေဒီ (၁၁၀၃)ထက် ရှေးကျကြောင်း ယူဆနိုင်သည်။

ကျိုန်းတော်ရှင်ဘုရားဟု ခေါ်တွင်သော စေတီငယ်တစ်ဆူမှာ တောင်တန်းတောင်ဘက်ခြမ်း တောင်ထိပ်ပေါ်တွင် တည်ရှိသည်။ ထိုနေရာသည် ရှေးဟောင်းအဆောက်အဦးတစ်ခု၏ တည်နေရာပင်ဖြစ်သော်လည်း ကွယ်လွန် သူ မင်းပြားမြို့အုပ်က ပြန်လည်တည်ဆောက်ခြင်း၊ ထုံးဖြူသင်္ကန်းကပ်လှူခြင်း မပြုမီကာလထိ ပျက်စီးယိုယွင်းနေခဲ့ သည်။ ၎င်းမြို့အုပ်က အရှေ့ဘက်တွင် မုခ်တစ်ခုစီပါရှိသော အပေါ်ပိုင်းတွင် ကတော့ ပုံသဏ္ဌာန်စေတီငယ် (၆)ဆူကိုလည်း တည်ထားလှူဒါန်းခဲ့သည်။ ထို့ကြောင့် ဤစေတီများမှာ ရှေးဟောင်း သုတေသနပညာရှင်တစ်ဦး၏ အမြင်၌ စိတ်ဝင်စားဖွယ် မရှိလှချေ။ ရှေးဟောင်းအဆောက်အဦး၏ သမိုင်းကို လည်း မသိရပေ။

တောင်ထိပ်မှတောင်ခြေသို့ တစ်ဖြောင့်တည်းဦးတည်နေသော လှေကားတစ်ခုမှာ အရှည်ပေစုစုပေါင်း (၉၃၀)ရှိပြီး အကျယ် (၅)ပေ၊ အထူ(၁)ပေခွဲ၊ နံရံအမြင့် (၂)ပေစီရှိသော လှေကားထစ်ပေါင်း (၆၅၀)ရှိသည်။ လက်ရန်း အဖြစ် တစ်ဖက်တစ်ချက်စီတွင် ဆန့်ထုတ်ထားကာ ဝင်ပေါက်နား၌ အရုပ်ခြင်္သေ့ငယ်(၂)ကောင်ကို အစောင့်အဖြစ် ထားရှိသည်။ ဤအဆောက်အဦးတစ်ခုလုံးမှာ အုတ်လက်ရာပင်ဖြစ်၏။ ဤလှေကားသည် မြန်မာနိုင်ငံတွင် အရှည်ဆုံး ဖြစ်ပြီး ကမ္ဘာတွင်ပင် ဤလှေကားမျိုး ရှားပါးလှသည်။ အဆောက်အဦးအတွက် လိုအပ်သောဝတ္ထုပစ္စည်းနှင့် တည်ဆောက်စရိတ်ငွေ စုစုပေါင်း ရူပီ (၁၂,၀၀၀)ကုန်ကျခဲ့သည်ကို ၎င်းမြို့အုပ်ကပင် လှူဒါန်းခဲ့၏။

သို့ရာတွင် ဤမျှလောက် ငွေကြေးအကုန်အကျခံကာ တည်ဆောက်ထားသော လှေကားပေါ်မှ လူအတက် အဆင်းမပြုကြဟု သိရသည်မှာ စိတ်မကောင်းစရာပင်ဖြစ်သည်။ ဘုရားဖူးများသည် တောင်ထိပ်သို့ အတက်အဆင်း လွယ်ကူသော အရိပ်ကောင်းသည့် လမ်းမှသာ သွားလာကြသည်။

မင်းပြားမြို့နှင့် တောင်ခြေအကြားရှိ များစွာသောရေကန်များကို ဘုရင်စန္ဒဝိဇယမင်း၏ အမိန့်ဖြင့် တူးဖော်ခဲ့ခြင်းဖြစ်သည်။ စန္ဒဝိဇယမင်းသည် အေဒီ(၁၇၁၀-၁၇၃၁)တွင် မြောက်ဦးထီးနန်းကို စိုးစံခဲ့၏။

သရက်ပင်အို၏အရိပ်အောက်၌ ဘုရားဆင်းတုအပိုင်းအစများ၊ အဆောက်အဦး အကြွင်းအကျန်များသည် ဟိုဟိုသည်သည်ပြန့်ကြဲနေကြသည်။ အုန်းပင်အိုများ၊ ထန်းပင်အိုများ၊ အစုလိုက်တွေ့ရှိမှုကလည်း ရှေးအခါက လူနေ ရပ်ရွာများ တည်ရှိခဲ့သည်ကို ညွှန်ပြနေ၏။


မင်းပြားမြို့၏ အနောက်တောင်ဘက် နှစ်မိုင်အကွာ ဘူးပင်ရွာအနီးတွင် ရှေးဟောင်းဘုရားသိမ်တစ်ခုရှိရာ လက်ရာပြောင်မြောက်လှသည်။ ပင်မဆောင်မှာ အဝန်းပုံသဏ္ဌာန်ရှိ၍ အတိုင်းအတာအားဖြင့် ၃၆ပေရှိသည်။ မဟာရံ တံတိုင်းများသည် ၇ပေစီ ဖြောင့်တန်းတက်သွားရာမှ တူညီသောအခြေတွင် ဗဟိုပြု၍ အဆင့်(၇)ဆင့်တည်ဆောက် ထားသည်။ တစ်ဆင့်စီ၌ အပေါ်ပိုင်းသို့ရောက်လာသည့်အခါ အောက်ခြေအဆင့်ထက် လက်မအနည်းငယ်စီ ကျဉ်းမြောင်းသွားသည်။ ထိပ်ဆုံးတွင် ကြာရိုးမှ ကြာပန်းပွင့်နေဟန် ပုံဖော်ထားပြီး အရိုး၏အောက်နား၌ ကြာရွက် သဏ္ဌာန်ထုဆစ်ထားသည့် ကျောက်ဆစ်လက်ရာပင်ဖြစ်သည်။

အဆောက်အဦး၏အရှေ့ဘက်တွင် အပြင်ဘက်သို့ ၅ပေအရှည်၊ ၆ပေအမြင့် အဆောင်ငယ်တစ်ခု ဆန့်ထုတ် ထားသည်။ စကြံ့နှင့်အတူ ၅ပေအမြင့်၊ ၂ပေအကျယ် ခုံမိုးချွန်ပုံပြုလုပ်ထားသည်။ ၎င်းအဆောင်အမိုးမှာ ဗဟိုခန်းမ ကြီးဆီသို့ ဦးတည်ကာ ဝိုင်းဝန်းသွား၏။ မျက်နှာကျက်ကိုလည်း အပြင်မှ ခေါင်မိုးနည်းတူ အဆင့်ဆင့် စီစဉ်ထား၏။ အခန်းထဲရှိ ကျောက်ပလ္လင်ခေါ် ခုံပေါ်၌ ၂ပေအမြင့်၊ ခြေယှက်ထိုင်တော်မူ ကျောက်သလင်းဖြူ ဆင်းတုတော်တစ်ဆူ ကိန်းဝပ်စံပယ်နေသည်။ ဤဆင်းတုတော်မှာ သိမ်ထဲသို့ နောက်ပိုင်းတွင်မှ ပင့်ဆောင်ကိုးကွယ်ထားဟန်တူသည်။ ခေတ်သစ်ဗမာ့ဟန် ပုံစံလက်ရာပင်ဖြစ်၏။

အဆောက်အဦး၏သက်တမ်းနှင့် သမိုင်းကြောင်းကို မသိရသော်လည်း လွန်ခဲ့သောနှစ်ပေါင်း (၃၀၀)မှ (၄၀၀) အတွင်းက လက်ရာဖြစ်ကြောင်း မှတ်ယူနိုင်ပေသည်။

# မျက်ရိုးခေတ်နှင့် ဗိသုကာကျမ်း

မဟာပညာကျော် (ရခိုင်မြို့)



**ဇယာတိထိ၊ တနလ်ာမြေခံ(ပြဟ္မာခံ)**
**တေထိလကရိုဏ်း၊ နှစ်ဖက်မြင်နက္ခတ်၊**
**သဗ္ဗမင်္ဂလာရက်ရာဇာ**

"သမ္ဗုဒ္ဓါစိန္တေယျ၊ လူ့ဘချစ်ရှင် (ကျိုင်းတော်ရှင်သည်) ခေတ်လျှင် ရွှေမုခ်ဝ၌ ဦးနှိပ်ချပန်းပွင့်တင်၊ ကြည်လင်ရွှင်လန်း၊ ရွှေသက်န်းကို၊ ရုံဝန်းကပ်လျှုတင်လျက်၊ နေ့တိုင်းပင်ရက်မပြတ်၊ ဒါနကုသိုလ်၊ မင်္ဂဖိုလ်လို၍၊ ကြည်ညိုအလှုဝတ်ကို ပေးစောင့်မှတ် မောင်နှံစုံ. . . "

"သောင်းလေးခွင် ခြောက်မျက်နှာ၊ ဒီသာအရပ်၊ ထိန်းသိမ်းကြပ်သည်၊ စောင့်မှတ်နတ်တကာနှင့်၊ တိုင်းရက္ခာ၊ မြို့စညာ၊ စောင့်ကြတုံပါ၊ ဒေဝါမြောက်ဦးစသား၊ နတ်ဆေးဝါးယင်း ရဲကန်လက်ပန်ဝသဲ၊ တန်ခိုးကဲသည်၊ ငရဲတဲနတ်မျက် မှန်နှင့်၊ တစ်ဖန်နတ်မယူရှင်၊ ယိုးမယူမကျား၊ ကျော်ထင်ရှားသည်၊ ဗုဒ္ဓေါစိန္တိဟူသော (ရာမောင်မူ နတ်ပေါင်းသာ) တခြားနတ်တကာ၊ သုံးဆယ့်တစ်ဘုံ၊ စောင့်ကြပ်ကုန်သည် အကုန်နတ်များစွာနှင့်"

မြို့သူကြီး အောင်ကျော်ဇံရတု

ဖော်ပြပါ မြို့သူကြီး အောင်ကျော်ဇံ၏ ရတုတွင် သူ့အား မသမာသူ စံရဖွေလူစုတို့ မဟုတ်မမှန်ကုန်းတိုက်ပြန်၍ အင်္ဂလိပ်ဘုရင်ခံချုပ် ရာပသိန်သတ်၏ထောင်ချမှုကြောင့် ထောင်ကျနေစဉ် နတ်ဒေဝါတို့အား တိုင်တန်းရာ၌ ရခိုင်ပြည် အနှံ့အပြား နတ်များစွာတို့ကို ထုတ်ဖော်တိုင်တန်းခြင်းတွင် ရာမောင်နတ်လည်း တစ်ပါးအပါအဝင်ဖြစ်နေသည်ကို တွေ့ရလေသည်။ ရာမောင်နတ်သည် မင်းပြားမြို့နယ်တွင် အလွန်ထင်ရှားသော နတ်တစ်ပါးဖြစ်၏။ ထို့ကြောင့် အသျှင်စက္ကိန္ဒပြုစုသော ငါးဇင်ရိုင်းချောင်းကျွန်း၏ သမိုင်းဖြစ်ရပ်နှင့် ထေရာမော်ကွန်းစာအုပ်တွင် ရာမောင် မပန်းတျားတီးခြင်းကို ဤသို့တွေ့ရ၏။

"တစ်ရာ့ရှစ်လုံး၊ ဗုဒ္ဓကုံး၊ တစ်ရာ့ရှစ်လုံး ဓမ္မကုံး၊ တစ်ရာ့ရှစ်လုံး သံဃာ့ကုံးလေး၊ မယူရာမောင်၊ ကျွန်းလုံးပြောင်၊ ကျွန်းလုံးပြောင်၊ တန်းဆောက်မောင်ကျွန်းလုံး ပြောင်လေ၊ မယူရာမြောင် ပြောင်လို့ကတန်းဆောက်မောင် ပြောင်လို့ ကလေ၊ မယူရာမောင်ပြောင်လို့ကေပြောင်ဝင်း တန်းဆောက်ရာမောင်ပြောင်ကေပြောင်းဝင်း ကိန်းရာမောင်၊ ကြပ်စင် တောင်၊ တောင်ကရမ်းဖြဲ၊ တစ်ပေါက်တည်းလေ"

၎င်းအားစီစစ်၍ အပြစ်မရှိသဖြင့် ထောင်ကလွတ်လျက် မြို့သူကြီးခန့်အပ်သောအခါ အခွန်ဘဏ္ဍာများကောက်ခံရန် သွားစဉ် မင်းပြားမြို့ ကျိုင်းတော်ရှင်ထံသို့ တက်ရောက်ဖူးမြော်ပြီး ကုသိုလ်ဒါနပြုလုပ်ပုံ အခြင်းအရာအစုံတို့ကို ရတုဖြင့် စပ်ဆိုထားလေသည်။ ယင်းခေတ်ကာလ အချိန်သမယမှာ မင်းပြားမြို့ဟူ၍ မပေါ်ထွန်းသေး။

မြိတ်မြို့လည်း ပျက်ပြိုမှေးမှိန်ချိန်ဖြစ်သောကြောင့် ကျိန်းရပ်ဒေသဟုသာ ခေါ်ဝေါ်သုံးနှုန်းထားသည်ကို တွေ့ရလေသည်။ မင်းပြားမြို့ ကျိန်းကျွန်းဒေသနှင့် ရှေးခေတ်ကာလ ရာမောင်ကျွန်းခေါ်သော ငါးစရိုင်းချောင်းကျွန်းဒေသမှာ အနီးအပါးမြစ်တစ်ခုသာ ခြားသဖြင့် လူအချင်းချင်း လှေတို့ဖြင့် ကူးလူးဆက်ဆံနေထိုင်မှု အဆက်မပြတ်ရှိနေခဲ့လိမ့် မည်။

ကျိန်းရပ်ဒေသတွင် ဘုရားရှင်၏ ဇိဝှါ(လျှာ)ဓာတ်တော် ကြွရောက်ကိန်းဝပ်တော်မူလျက် ဓာတ်တော်စေတီပေါ်ထွန်းလာပြီး ဘုရားရုပ်ထုကျိန်းစက်လျောင်းတော်မူပုံ တည်ထားကိုးကွယ်မှုကြောင့် ကာကာဂီရိတောင်မှ ကျိန်းတောင်ဟု ပြောင်းလဲခေါ်ဝေါ်လာကြလေသည်။ ကျိန်းတောင်၏အရှေ့ဘက် ငါးစရိုင်းချောင်းကျွန်းခေါ် ရာမောင် ကျွန်းဒေသမှာလည်း ဘုရားရှင်၏ဓာတ်မွေတော်များ ကိန်းဝပ်စံပယ်ရာ ဒေသတစ်ခုဖြစ်လေသည်။ ထင်ရှားသော ဓာတ်တော်တို့မှာ သလုံးတော်ဓာတ်၊ မျက်ရိုးတော်ဓာတ်၊ မျက်မှောင်တော်ဓာတ်၊ ချီးပိုက်(ချေး)ဓာတ်တို့ ဖြစ်လေသည်။ ၎င်းဓာတ်တော်လေးဆူတို့တွင် မျက်ရိုးဓာတ်စေတီတော်သမိုင်းကို အကျယ်ချဲ့၍ထုတ်ဖော်တင်ပြပါမည်။

မျက်ရိုးတော်ဓာတ်စေတီသမိုင်း

ရခိုင်ပြည်ဘုရားဓာတ်တော် သမိုင်းကျမ်း(ဂီ)ချပ်တွင် "ယင်းဂန္ဓပဗ္ဗတတောင်အရှေ့စူးစူး ဂန္ဓသာရပဗ္ဗတတောင် ၌ ငါဝက်မင်းတစ်ဇစ်ဖြစ်ခဲ့ဖူးသောကြောင့် ငါ ပရိနိဗ္ဗာန်လွန်လေလျှင် ငါ၏မျက်ရိုးတော်ဓာတ်ကို တည်လတ်၍ မျက်ရိုးတော်စေတီဟု တွင်လတ္တံ့သတည်း။ ယင်းမေဃဝဏ္ဏပဗ္ဗတတောင် အနီးအပါး မြောက်မျက်နှာအဖို့၌ စူဠပဗ္ဗ တောင်၌ ငါပုသွင်တဇစ်ဖြစ်ခဲ့ဖူးသောကြောင့် ငါပရိနိဗ္ဗာန်လွန်လေလျှင် ငါ၏သလုံးတော်ဓာတ်ကို တည်လတ်၍ သလုံးတော်စေတီဟု တွင်လတ့်သတည်း"

ရခိုင်ပြည်နယ်နှင့် ဗုဒ္ဓသာသနာသမိုင်းစာအုပ်-နှာ (၁၆၅)တွင်လည်း ၂၂၄၊ ဂန္ဓသာရတောင်၊ ဝက်မင်းဖြစ်၊ ဝမ်းလုံးတော်ဓာတ်၊ (၂၂၃) အရှေ့ဟ ၂၂၅၊ မေဃဝဏ္ဏတောင်၊ ကျီးမင်းဖြစ်၊ မျက်ရိုးတော်ဓာတ်၊ (၂၂၄) အရှေ့ ၂၂၆၊ စူဠပဗ္ဗတတောင်၊ ပုသွင်မင်းဖြစ်၊ သလုံးတော်ဓာတ်၊ (၂၂၅)မြောက်အနီး။

ဤဖော်ပြပါသမိုင်းစာအုပ်တို့ကို ထောက်ထားဆင်ခြင်လိုက်ပါလျှင် မင်းပြားမြို့နယ်၊ ငါးစရိုင်းချောင်းကျွန်း၊ အဝရွာအုပ်စု၊ မင်းရွာအရှေ့ဘက်တောင်ပေါ်တွင် တည်ရှိနေသော သလုံးတော်ဓာတ်စေတီမှာ ရှေးယခင်မှ ယနေ့ထိ ပင် သလုံးတော်ဟူသောနာမည်ဖြင့် လူအများ ခေါ်ဝေါ်သမုတ်လျက် ထင်ရှားစွာသိနေကြ၏။ ၎င်းသလုံးတော်ဓာတ် စေတီ၏ တောင်ဘက်တစ်နေရာအနီးအပါးတွင် မျက်ရိုးဓာတ်စေတီတည်ရှိကြောင်းကို အတိအကျဖော်ညွှန်းပြနေသည် ကို တွေ့ရလေသည်။ ရခိုင်ပြည်အနှံ့အပြားတွင် ရှေးယခင် သာသနာသက္ကရာဇ် (၂၂၂)ခုနှစ်၌ သူရိယစက္ကာဘုရင်လက် ထက် ဘုရားရှင်၏ဓာတ်မွေတော်များ၊ ဘုရားဗျာဒိတ်တော်အရ ဝေပုံကျကို အိန္ဒိယ သီရိဓမ္မသောကဘုရင်၏ပေးပို့ မှုဖြင့် ကြွရောက်လာရပြီး ဘုရားရှင်ကျင်လည်ခဲ့ရာ ဒေသတို့တွင် ဌာပနာစေတီတော် တည်ထားကိုးကွယ်ခဲ့သည့် ဓာတ်စေတီပေါင်းမှာ (၂၄၈)ဆူရှိကြောင်း တွေ့ရလေသည်။ ထိုကဲ့သို့ (၂၄၈)ဆူဟု အတိအကျသိရသော်လည်း ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံသည် တစ်ချိန်က နယ်ချဲ့သမား လူဆိုးလူရိုင်းများ၏လက်ထဲသို့ ကျရောက်ခဲ့ရ ၍ ဓာတ်စေတီအများအပြားမှာ ဖျက်ဆီးခံရပြီး ရခိုင်လူနေမှုစနစ်လည်း ဖရိုဖရဲပြိုကွဲပြေးလွှားသေကြေခဲ့ရခြင်းကြောင့်၊ ပျက်စီးနေခဲ့သောစေတီတို့အား အမှတ်မရခြင်း၊ ပညာရှိများ ကွယ်ပျောက်သွား၍ အမည်နာမကို မသိမေ့လျော့ခဲ့ကြ ခြင်းတို့ကြောင့် ဓာတ်စေတီအများအပြားမှာ ပျောက်ကွယ်နေရလေပြီ။ ထိုကဲ့သို့ ပျောက်ကွယ်နေသော ဓာတ်စေတီတို့ အား

သမိုင်းစာအထောက်အထားဖြင့် သမိုင်းသုတေသီများ ဖော်ထုတ်ပေးမှသာလျှင် လူထုအပေါင်းသိလာရမည် ဖြစ်လေသည်။

ဝမ်းလုံးတော်ဓာတ်စေတီမှာ မည်သည့်နေရာတွင် တည်ရှိနေသည်ကို အတိအကျမသိရသေးသော်လည်း သလုံးတော်ဓာတ်နှင့် မျက်ရိုးတော်ဓာတ်နှစ်ဆူတို့မှာ တောင်မြောက်အနီးအပါးတွင် တည်ရှိကြောင်းကို ဖော်ပြပါ သမိုင်းစာတို့အရ သိရသောကြောင့် ယခု ကျောက်တောင်ဟု ခေါ်တွင်နေသော မေဃဝဏ္ဏတောင်ပေါ် မြောက်ဘက် ပိုင်းတွင် မားမားမတ်မတ်တည်ရပ်နေသော ကျောက်စေတီကြီးမှာ မျက်ရိုးဓာတ်စေတီဖြစ်ကြောင်း ထင်ရှားလေသည်။ ယင်းမျက်ရိုးဓာတ်စေတီကြီးနှင့် သလုံးတော်ဓာတ်စေတီနှစ်ဆူတို့၏ အကြားတွင် ထင်ယောင်ထင်မှားစေတီဟူ၍ တစ်ဆူမျှလည်းမတွေ့ရသည်ကို ထောက်ထားလျက်လည်း တိကျစွာ ဆုံးဖြတ်နိုင်လေသည်။ ၎င်းမျက်ရိုးတော်ဓာတ် ၏ အနောက်ဘက်တစ်နေရာတွင် ဝမ်းလုံးတော်ဓာတ်စေတီ တည်ရှိလိမ့်မည်။ သုတေသီများ လေ့လာဖော်ထုတ်ကြစေ လိုပါသည်။

မျက်ရိုးတော်ဓာတ်စေတီနှင့် အတိတ်ကို မျှော်သော်

ဘုရားဂေါတမ ပရိနိဗ္ဗာန်စံပြီးသည်မှ စတင်ရေတွက်လာသော် သာသနာသက္ကရာဇ် (၂၂၂)ခုတွင် ဘုရား ဗျာဒိတ်တော်အရ ရခိုင်ပြည်သို့ ကြွရောက်တော်မူလာသော ဓာတ်တော်ပေါင်း(၂၄၈)ဆူတို့ကို ရခိုင်ပြည်ဘုရင် သူရိယ စက္ကမင်းသည် ဓာတ်တော်ကိန်းဝပ်စံပယ်သင့်ရာဌာနတို့ကို အသီးသီးပင့်ဆောင်ယူပြီး စေတီတော်တည်ထားခဲ့လေ သည်။ ယင်းကြောင့် ဘုရားရှင်ကျေးမင်းဘဝဖြင့် ကျင်လည်နေထိုင်ခဲ့ဖူးသော ဤမေဃဝဏ္ဏတောင်ထိပ်ပေါ်သို့ မျက်ရိုး တော်ဓာတ်ကြွရောက် ကိန်းဝပ်လာခဲ့ရလေသည်။ သူရိယစက္ကမင်းဓာတ်စေတီတည်စဉ် စေတီတော်မှာ နွားတမော့သာ ရှိပြီး ဝေသာလီမဟာတိုင်း စန္ဒြားမင်းသည်လည်းကောင်း၊ လေးမြို့ခေတ်တွင် ဒသာရာဇာဘုရင်မင်းမြတ်သည် လည်းကောင်း၊ စေတီငယ်ကို ငုံ၍ပြုပြင်ခဲ့လေသည်။ မြောက်ဦးခေတ်တွင်လည်း မင်းဖလောင်း ပြုပြင်ခဲ့သည်။ နှောင်း ခေတ်ကာလတွင် ငါးစရိုင်းချောင်းကျွန်းသား မျက်ရစ်အမတ်ပြုပြင်ခဲ့သောကြောင့် မျက်ရိုးဓာတ်တော်စေတီအား ပြုပြင်သူ မျက်ရစ်အမတ်၏ အမည်ကိုယူပြီး မျက်ရစ်စေတီဟုခေါ်တွင်ခဲ့သည်။ နောက်ကာလကြာသော် ပြုပြင်သူ ကင်းမဲ့၍ စေတီတော်အပေါ်ပိုင်း ပြိုပျက်လျက် မြက်များအသိုက်တင်သလိုပေါက်နေခြင်းကြောင့် မြက်သိုက်စေတီဟု ခေါ်ကြပြန်သည်။ အမှန်မှာ မျက်ရိုးစေတီသာဖြစ်ကြောင်း သမိုင်းက သက်သေထူထောက်ပြနေလေသည်။

မျက်ရိုးတော်ဓာတ်စေတီနှင့် ဗိသုကာကျမ်း
ဧကသေသံ မရဏံ၊ ဒွေသေသံရာဇပုဇိတံ
တိသေသံ အဂ္ဂိဘယံ၊ စတုသေသံ မဟာလာဘံ
ပဥ္စသေသံ မဟာဒုက္ခံ၊ ဆသေသံ မဟာသုခံ
သုညသေသံဇနဝိနာသနံ (သတ္တုရူပဗိသုကာကျမ်း)

ဧကသေသံ-တစ်ခုကြွင်းမူ၊ မရဏံ-သေတတ်၏။ ဒွေသေသံ-နှစ်ခုကြွင်းမူ ရာဇပူဇိတံ-မင်းစိုးရာဇာ ပူဇော်ရာ ၏။ တိသေသံ-သုံးခုကြွင်းမူ၊ အဂ္ဂိဘယံ-မီးဘေးသင့်တတ်၏။ စတုသေသံ-လေးခုကြွင်းမူ မဟာလာဘံ ကြီးစွာသော ဆင်းရဲဒုက္ခတွေ့ရ၏။ ဆသေသံ-ခြောက်ခုကြွင်းမူ (မဟာသုခံ-ကိုယ်စိတ်နှစ်ဖြာ စီးပွားဥစ္စာ ချမ်းသာ ကြီးရာ၏။ သုည သေသံ သုညကြွင်းမူ (သုဉ်းမူ) ဇနဝိနာသနံ ဦးဆောင်လုပ်သူ အများလူတို့၏ ပျက်စီးခြင်းသို့ ပတော-ရောက်လေရာ ၏။

ဖော်ပြပါ ဗိသုကာကျမ်းစာသည် စေတီတည်ခြင်း၊ ဘုရားတည်ခြင်း၌ အလွန်အရေးပါအရာရောက်၍

မရှိမဖြစ် မသိမဖြစ်သော ကျမ်းစာဖြစ်လေသည်။ ကျမ်းစာအဆိုနှင့် မညီညွတ်ဘဲ တည်ထားပြုလုပ်သောစေတီဘုရားတို့သည် ကျမ်းစာပါအတိုင်း ဆင်းရဲဒုက္ခမျိုးစုံ သေကြေပျက်စီးခြင်း အဖုံဖုံတို့နှင့် ရင်ဆိုင်တွေ့ကြုံကြရပြီး စေတီဘုရားပြီးစီးခြင်းသို့ မရောက်ဖြစ်တတ်လေသည်။ ကျမ်းစာအဆိုနှင့် ညီညွတ်ခဲ့သော်ကား စီးပွားဥစ္စာ ချမ်းသာမှု အဖြာဖြာနှင့် ပြည့်စုံပြီး စေတီဘုရားချောချောမောမော ပြီးစီးအောင်မြင်ခြင်းသို့ ရောက်တတ်လေသည်။ စေတီသစ်တည်သော်လည်းကောင်း၊ စေတီဟောင်းကို ငုံခြုံ၍ ပြန်လည်တည်သော်လည်းကောင်း၊ ပေဖြင့်ဖြစ်စေ၊ အတောင်ဖြင့်ဖြစ်စေ မူရင်းဖိနပ်ခုံ စေတီ အဝိုင်းပတ်လည်ကို တိုင်းတာ၍ရသောသင်္ချာကို ခုနစ်နှင့်စားရမည်။ စားကြွင်းတစ်ခုဖြစ်လျှင် စေတီအလှူရှင်များ သေတတ်သည်။ စားကြွင်းနှစ်ခုဖြစ်လျှင် မင်းအစိုးရတို့ ပါဝင်ဆောင်ရွက် ပူဇော်မှုပြုလာရမည်။ စားကြွင်းသုံးခုဖြစ်လျှင် အလှူရှင်တို့၏ပန်းရံလုပ်သားတို့ မီးဘေးပူပင်သောကဘေးသင့်မည်။ စားကြွင်းလေးခုဖြစ်လျှင် အလှူရှင်တို့၏ကြီးစွာသော စီးပွားဥစ္စာလာဘ်ဝင်ရာ၏။ စားကြွင်းငါးခုဖြစ်လျှင် အလှူရှင်နှင့် ပန်းရံလုပ်သားတို့ ကြီးစွာသော ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုကြုံရအံ့၊ စားကြွင်းခြောက်ခုဖြစ်လျှင် အလှူရှင်နှင့် ပန်းရံတို့ ကိုယ်စိတ်နှစ်ဖြာ စီးပွားဥစ္စာ ချမ်းသာကြီးရာ ၏။ စားကြွင်းသုည(သုဉ်း) ဖြစ်ခဲ့လျှင်ကား အလှူရှင်နှင့် ပန်းရံလုပ်သားတို့ ပျက်စီးခြင်းသို့ ရောက်ရအံ့။

ယခု မင်းပြားမြို့နယ် ငါးစရိုင်းချောင်းကျွန်း အဝရွာအုပ်စု ကျောင်းတောင်ကျောင်း မေယဝဏ္ဏတောင်ထိပ်၌တည်ရှိသော မျက်ရိုးတော်ဓာတ်စေတီကို နှောင်းခေတ်ကာလတွင် မျက်ရစ်အမတ်ပြုပြင်တည်လုပ်စဉ် စေတီတော်၏ အောက်ဆုံးဖိနပ်ခုံမှာ ခြောက်ဆယ့်သုံးတောင်ဖြစ်နေသည်ကို တိုင်းတာကြည့်၍ သိရှိရလေသည်။ ဤကျွန်းတွင် အကြီးဆုံး ဓာတ်စေတီကြီးဖြစ်၏။ စေတီကြီးမှာ ပြုပြင်သူကင်းမဲ့ပြီး ပြိုပျက်လျက် ကျောက်ပုံကြီးဖြစ်နေသည်ကို တာဝန်အရ ကျောင်းတိုက်အား ထိန်းသိမ်းစောင့်ရှောက်ရန် ရောက်နေခိုက်၍ ဤစာရေးသူ ပြုပြင်ရန် စီစဉ်ဆောင်ရွက် သောအခါ လူများစွာတို့ လာရောက်တားကြလေသည်။

"ဆရာတော် ဤစေတီကို ဦးဆောင်၍မပြုလုပ်ပါနှင့်၊ မိုးကြိုးပစ်မယ်၊ သေကြေပျက်စီးမယ်၊ ပြီးစီးအောင်မြင်ခြင်းသို့ မရောက်နိုင်၊ စေတီတော်အား မြက်နုတ်လျှင်ပင် မိုးတိမ်များတက်ကာ လျှပ်ပြက်ပါ၏ဟု ပြောဆိုကြ၏။ ထိုအခါ စာရေးသူမှာ ၎င်းတို့၏ပြောစကားကို မယုံရခက် ယုံရခက်နှင့် သတ္တုရူပဗိသုကာကျမ်းကို ကြည့်ရှုပြီး စေတီကြီး၏ အောက်ဖိနပ်ခုံမူရင်းကို တိုင်းတာကြည့်သောအခါ ခြောက်ဆယ့်သုံးတောင်တိတိ ရှိနေသဖြင့် ခုနစ်နှင့်စားလျှင် သုဉ်းနေလေသည်။ ထို့ကြောင့် လူအများပြောသောစကားသည် မှန်နိုင်၏။ ခြောက်ဆယ့်သုံးတောင်တိတိသာ ပြုပြင်တည်ခဲ့သော် သေကြေပျက်စီးမယ်။ ပြီးစီးအောင်မြင်ခြင်းသို့ ရောက်မည်မဟုတ်။ မျက်ရစ်အမတ် ပြုပြင်တည်ခဲ့စဉ်ကလည်း ရှောရှောရှူရှူ ပြီးစီးခဲ့မည်မဟုတ် ထိခိုက်ပျက်စီးမှုနှင့် ကြုံရလိမ့်မည်။ ထို့ပြင် တစ်ဖန် ဘုရားဓာတ်တော် အစစ်အမှန်တို့အား လောကပါလနတ်မင်းကြီးများ၊ သာသနာစောင့်နတ်များ၊ စောင့်ရှောက်သဖြင့် မသမာအဖျက်သမားတို့အား ကာကွယ်ရန် နတ်ဘီလူးတို့အား ခိုင်းစေထားမှုရှိတတ်လေ၏။ ရိုးသားဖြောင့်မတ်သောသဒ္ဓါစစ်စစ်ဖြင့် ဗိသုကာကျမ်း၊ နက္ခတ်ကျမ်းတို့နှင့်အညီ ပြုလုပ်ဆောင်ရွက်မှ လွယ်ကူစွာ ပြီးစီးအောင်မြင်မည်။

ထို့ကြောင့် ဗိသုကာကျမ်းနှင့်ညီညွတ်အောင် ခြောက်ဆယ့်ငါးတောင် ပန္နက်ချ ဖိနပ်ခုံပြုလုပ်ရန် ဆုံးဖြတ်ပြီး နက္ခတ်ဗေဒကျမ်းအရ ကောင်းသောနက္ခတ်ကြုံချိန် ၁၃၅၇ခုနှစ်၊ တပို့တွဲလဆန်း (၁၃)ရက်၊ ကြာသပတေးနေ့ ညဦး (၈)နာရီ (၃၀)မိနစ်တွင် နက္ခတ်ကျေ၊ နဝင်းကျေ၊ ဆီမီးနံ့သာတိုင်များ ထွန်းညှိပူဇော် ပရိတ်တော်များ ရွတ်ဖတ် သရဇ္ဈာယ်ပြီး ပန္နက်စချလေသည်။ ၎င်းလပြည့်နေ့ နံနက်(၈)နာရီတွင်လည်း တစ်ကျွန်းလုံးသံဃာတို့အား ပင့်လျက် ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်၍ တစ်ဖန်ပန္နက်ချ စတင်ပြုလုပ်ကြလေသည်။ စေတီတော်၏ အမြင့်ကိုလည်း ဖိနပ်ခုံ၏အတိုင်းအတာသုံးနှင့်စား၍ရသော ရလဒ်အားကြည့်ရှုလျက် ရလဒ်ကိုတစ်ဖန် ခုနစ်နှင့်စား၍ နှစ်ကြွင်းဖြစ် အောင်ယူပြီး ဒွေသွေသံရာဇ ပုရိတံဖြစ်အောင် စီစဉ်ပြုလုပ်လေသည်။

ထိုပန္နက်တိုင်ကိုလည်း စုပေါင်းပြုလုပ်ခြင်း ကြောင့် ကျွန်းနံသားဖြစ်သော ကံ့ကော်သစ်ကို ကျမ်းနှင့်အညီ တိုင်းတာပိုင်းဖြတ်ထည့်လေသည်။ ထီး၏သံတိုင်ကို လည်း ထိုနည်းတူစွာ ကျမ်းနှင့်ညီအောင် ထည့်ရသည်။ ဌာပနာများထည့်သောအခါလည်း ဗိသုကာကျမ်းနှင့်ညီညွတ်အောင်စီစဉ်၍ နက္ခတ်ကောင်းကြုံချိန်၌ ထည့်လေသည်။ ရှေးဟောင်းဌာပနာတိုက်ကိုလည်း များစွာတွေ့ရ၏။ သို့သော် တစ်စုံတစ်ခုကိုမျှ မဖွင့်မပြုဘဲ ထပ်၍တစ်ဖန်သံမျက်ကွင်းများ ကာရံ၍ ခိုင်ခံ့အောင်ပြုပြင်ထားခဲ့လေသည်။ ထို့ကြောင့် ယခုအခါ မျက်ရိုးဓာတ်စေတီကြီးမှာ ရောင်ခြည်တော်များ ကွန့်မြူးပြသမှုကို ဖူးမြင်ရသဖြင့် သဒ္ဓါတရားထက်သန် ကြသော မင်းစိုးရာဇာနှင့် ချမ်းသာဆင်းရဲသူ ရဟန်းရှင်လူအားလုံး ကြည်ဖြူစွာ လှူဒါန်းခြင်းကြောင့် (၁၃၅၈)ခုနှစ် နတ်တော်လပြည့် ဗုဒ္ဓဟူးနေ့တွင် အားလုံးပြီးစီး၍ အထက်ဆုံးဌာပနာကို အောင်ပွဲခံအပြီးတိုင် ထည့်ပိတ်လိုက်လေ သည်။ ကောင်းမှုရှင်များ ရွှင်လန်းချမ်းမြေ့ကြပါစေ။

မဟာပညာကျော် (ရခိုင်မြို့)

# ဝေသာလီခေတ် မကိုဋ်ဆောင်း ဆင်းတုတော်များ

ဒေါက်တာစောထွန်းအောင်

ရခိုင်ဝေသာလီခေတ် ဗုဒ္ဓဘာသာကိုးကွယ်မှုနှင့် စပ်လျဉ်း၍ ပြည်တွင်းပြည်ပနှစ်မျိုးစလုံးမှ သုတေသီ ပညာရှင် အဆင့်ရှိသူများမှသည် ဝါသနာရှင်အဆင့်ရှိသူများအထိ မိမိတတ်နိုင်သည့်ဘက်မှ လေ့လာ ဖော်ထုတ်ခဲ့ကြလေသည်။ ထိုသူတို့၏လေ့လာမှုများမှ အယူအဆအမျိုးမျိုးကို သူ့ရှုထောင့်နှင့် သူတင်ပြခဲ့ကြ၏။

လေ့လာသူများတွင် ပြည်ပမှ ပါဝင်သကဲ့သို့ ပြည်တွင်းမှလည်း ဒေသခံများနှင့် ဒေသခံမဟုတ်သူများဟူ၍ ကွဲပြားစွာပါဝင်ကြလေသည်။ လေ့လာဖော်ထုတ်သူများသည် ကျောက်စာများနှင့် အခြားရုပ်ဝတ္ထုပစ္စည်းများ (ရုပ်ပွားတု၊ ဒင်္ဂါး၊ ဆီမီးခွက်၊ ခေါင်းလောင်း စသည်. . . )ကို အရင်းခံကြလေသည်။ အထက်တွင်ဖော်ပြခဲ့သော လေ့လာသူများသည် အဆိုပါရုပ်ဝတ္ထုပစ္စည်းများကို အခြေခံ၍ အသီးသီး အသက အသကသော အယူအဆ များကို တင်ပြကြ လေသည်။

အထူးသဖြင့် ကျောက်စာပါအကြောင်းအရာများကိုလေ့လာ၍ ဝေသာလီခေတ်၏ ကိုးကွယ်မှုကို ပုံသဏ္ဌာန် ဖော်ကြလေသည်။ အဆိုပါ ကျောက်စာပါ အချက်အလက်များကို တစ်ဖက်မှ အခြားရုပ်ဝတ္ထုပစ္စည်း များနှင့် ယှဉ်တွဲ၍ အဓိပ္ပါယ်ဖော်ကြပြန်လေသည်။ ဝေသာလီဒင်္ဂါးမှ အမှတ်အသားများသည်လည်းကောင်း၊ ရုပ်ပွားဆင်းတုအချို့တို့သည် လည်းကောင်း၊ အဓိပ္ပါယ်ဖော်ကြသူများအဖို့ အသင့်တော်ဆုံးသော အထောက် အထားများဖြစ်၍ နေကြပေတော့သည်။

သို့ရာတွင် မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံကို ခရေစေ့တွင်းကျ ဂဃနဏသိရှိသူ ဒေသခံပညာရှင်များ အဖို့ ကား အထက်ဖော်ပြပါ ရုပ်ဝတ္ထုပစ္စည်းများနှင့် မိမိ၏သိရှိမှုတို့ကို ဆက်စပ်လိုက်သည့်အခါတွင်မူ ရရှိသည့် အဖြေသည် တစ်မျိုးတစ်ဖုံဖြစ်သွားစေနိုင်ပါသည်။

ဝေသာလီခေတ် ကျောက်စာတစ်ချို့တို့တွင် နန်းတွင်းရှိ ပြဟ္မဏပုဏ္ဏားများ၏ ယုံကြည်မှုအငွေ့အသက် ပါဝင်နေပေသည်။ (အာနန္ဒစန္ဒြကျောက်စာတွင်ပင် အဆိုပါအငွေ့အသက်များကို တွေ့ရှိရ၏။) သို့သော် ရခိုင်တို့ ထုံးတမ်းစဉ်လာတွင် နန်းတွင်းရှိ ပြဟ္မဏပုဏ္ဏားများကို အခါတော်ပေး ဟူးရားတတ်များအဖြစ် အသုံးပြုလေ့ရှိခြင်း ကိုမူ ဒေသခံပညာရှင်များသည်သာ ဂရုစိုက်ပြုမိတတ်ကြပေသည်။

ထို့အပြင် ရခိုင်ရှေးဟောင်း ယဉ်ကျေးမှုတို့ကို လေ့လာလျှင် အထက်ဖော်ပြပါ အထောက်အထားများနှင့် လည်း ပြီးပြည့်စုံပြီဟု မဆိုသာဘဲ ရခိုင်သမိုင်းကိုလည်း တစ်ဖက်တစ်လမ်းမှ လေ့လာထားရပေမည်။ အဆိုပါရခိုင်သမိုင်းလာ ဖြစ်ရပ်များနှင့် ဆက်စပ်လိုက်မှသာ ဝေသာလီဒင်္ဂါးပါ အမှတ်အသားများသည် လေ့လာသူအချို့ (အထူးသဖြင့် ပြည်ပမှ ပညာရှင်များ) ယူဆသကဲ့သို့မဟုတ်ဘဲ မိမိတို့၏သီးခြားလက္ခဏာ အဓိပ္ပါယ်ပေါ်လွင်ခဲ့ရပါသည်။

ဤမှတစ်ဖန် မကိုဋ်ဆောင်းဆင်းတုများနှင့်ပါ ဖြေရှင်း၍ရနိုင်သည့်အချက်အလက်များကို ဖော်ထုတ်ရ ရှိနိုင်ပါ သည်။ အမှန်တွင် အချို့သောပညာရှင်များ ယူဆသကဲ့သို့ ဝေသာလီခေတ်ကိုးကွယ်မှုသည် မဟာယန ကိုးကွယ်မှုကို အခြေမခံပါ။

မကိုဋ်ဆောင်းဆင်းတုတော်များနှင့် စပ်လျဉ်း၍ ဝိဝါဒကွဲပြားနေသည်မှာ ကြာပြီဖြစ်လေသည်။ (ရခိုင် ဝေသာလီဆင်းတုတော်များကို အကြမ်းအားဖြင့် ရိုးရိုးဗုဒ္ဓဆင်းတုတော်များနှင့် မကိုဋ်ဆောင်း ဆင်းတုတော်များဟူ၍ ခွဲခြားနိုင်လေသည်။)ဤတွင် မကိုဋ်ဆောင်း ဆင်းတုတော်များနှင့် အဓိကအယူအဆနှစ်မျိုး ရှိလေသည်။

တစ်မျိုးမှာ ဂေါတမဗုဒ္ဓသည် သာမဏေရဟန်းစစ်စစ်ဖြစ်သည်ဟူသော အချက်ကို အခြေခံ၍ နောက်တစ်မျိုး မှာ ဗောဓိသတ္တရုပ်ပွားများနှင့် သက်ဆိုင်လေသည်။

ပထမအယူအဆသည် ဇမ္ဗူပတိရုပ်ပွားဆင်းတုတော်များနှင့် ဆက်စပ်၍လည်းကောင်း၊ စကြဝတေးမင်းနှင့်ဆက်စပ်၍ လည်းကောင်းပေါ်ပေါက်လာရခြင်းဖြစ်လေသည်။

ဇမ္ဗူပတိရုပ်ပွားဆင်းတုတော်များသည် မကိုဋ်သရဖူ၊ နရတင်း၊ လည်ရွဲတန်ဆာ၊ လက်ကောက်လက်ကျပ်၊ ခြေနင်း၊ မင်းရုပ်သဏ္ဌာန်၊ မင်းဝတ်တန်ဆာများ ဆင်ယင်လျက် ထုလုပ်ကိုးကွယ်ကြလေသည်။ ဤသို့သော မကိုဋ်ဆောင်းရုပ်ပွားဆင်းတုတော်များကို ထေရဝါဒဇကန်စင်စစ် ထွန်းကားရာဒေသများဖြစ်ကြကုန်သော မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်အရပ်ဒေသများ၊ ရှမ်းပြည်နယ် စသည်တို့မှသည် ထိုင်းနိုင်ငံတိုင်အောင် အနှံ့အပြား တွေ့ရှိရလေသည်။

တန်ခိုးကြီးမား၍ မာန်မာနခက်ထန်လှသော ဇမ္ဗူပတိမင်းကို အကြောင်းပြု၍ မင်း၏သဏ္ဌာန်သွန်းလုပ်ထားသော မြတ်စွာဘုရား၏ပုံတော်ကို ဇမ္ဗူပတိရုပ်ပွားဆင်းတုဟု ခေါ်လေသည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ပဥ္စာလတိုင်း၌ ဇမ္ဗူပတိမင်းသည် မင်းပြုလေ၏။ ထိုမင်းသည် မာန်မာနခက်ထန်လှသည်ဖြစ်ရကား မြတ်စွာဘုရား၏ ဥပသကာဖြစ်သော ဗိမ္ဗိသာရမင်းကို မထေမဲ့မြင်ပြု၏။ ထိုမှတစ်ပါးလည်း မြတ်စွာဘုရားမှစေလွှတ်သော သိကြားမင်းကိုလည်း ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် ဘက်ပြိုင်အံတု၏။ ထိုအခါ သိကြားမင်းသည် ဇမ္ဗူပတိမင်းအား ထူးထွေဆန်းပြားသော တန်ခိုးအာနုဘော်ဖြင့် ဘုရားရှင်ရှေ့တော်မှောက်သို့ ခေါ်ဆောင်လာလေသည်။ မြတ်စွာဘုရားလည်း ကြီးမားဆန်းကြယ်သော ဗိမာန်ကို ဖန်ဆင်းလျက် ထီးဖြူဆောင်း၍ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော ရာဇပလ္လင်ထက်၌ အထူးထူးသောအရောင်အဆင်းတို့ဖြင့် တောက်ပလျက် ပြဟ္မာမင်းကဲ့သို့ ဖန်ဆင်းနေတော်မူသည်။ ဤအခြင်းအရာကို မြင်လတ်သော် ဇဗ္ဗူပတိမင်းသည် ပျတ်ဝပ်ကျိုးနွံရှိခိုးခြင်းဖြင့် မြတ်စွာဘုရား၏ ဆုံးမဩဝါဒကို ခံယူလေသည်။

ဤဖြစ်စဉ်ကို အကြောင်းပြုလျက် နှောင်းလူတို့က မြတ်စွာဘုရား၏ ပုံတော်ကိုပင် မကိုဋ်ဆောင်း၍ မင်းမြောက်တန်ဆာတို့ဖြင့် သွန်းလုပ်ပူဇော်ကြလေသည်။ စကြဝတေးမင်းနှင့် စပ်လျဉ်း၍ကား အောက်ပါအတိုင်း ဖြစ်၏။

ဂေါတမဗုဒ္ဓသည် သာမဏေရဟန်းစင်စစ်ဖြစ်သော်ငြားလည်း သဒ္ဓါကြည်ညိုသူများက ဗုဒ္ဓသည် မင်းမျိုးမင်းနွယ်ဖြစ်ခဲ့သည်ကို မမေ့နိုင်ကြ။ ထို့အပြင် စကြဝတေးမင်း၏ တန်ခိုးအာနုဘော်သည် စကြဝဠာတစ်ခွင်ပြန့်နှံ့သကဲ့သို့ ဗုဒ္ဓတရားတော်သည်လည်း စကြဝဠာတစ်ခွင်လုံး လွှမ်းခြုံပြန့်နှံ့သည်ဟူ၍ စကြဝတေးမင်းနှင့် ဗုဒ္ဓကို ခိုင်းနှိုင်းပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို မကိုဋ်မင်းနှင့် မင်းမြောက်တန်ဆာဆင်လျက် ထုလုပ်ကြခြင်းဖြစ်လေသည်။

ဆက်လက်၍ ဗေဓိသတ္တရုပ်ပွားများနှင့် သက်ဆိုင်သောအချက်အလက်များကို ရှင်းလင်းပါမည်။ ဗောဓိသတ္တရုပ်ပွားမျိုးစုံ ရှိသည့်အနက် မကိုဋ်ဆောင်းရုပ်ပွားတော်များနှင့် စပ်လျဉ်၍ အရိမေတ္တယျ၊ မဥ္စုသီရိ၊ အဝလောကီထေရသ ဟူသည့် ဗောဓိသတ္တသုံးဦးနှင့်သာ အများဆုံး သက်ဆိုင်လေသည်။ ဤသည်တို့အနက် အရိမေတ္တယျသည် ဘဒ္ဒကမ္ဘာ၌ ဂေါတမဗုဒ္ဓနောက် ဘုရားအဖြစ် ပြန်လည်ပွင့်တော်မူမည်ဟု ထေရဝါဒတွင်လည်းကောင်း၊ မဟာယနတွင်လည်းကောင်း၊ မှတ်တမ်းတင်ခြင်း ခံရလေသည်။ ကျန်နှစ်ဦးမှာကား မဟာယနနှင့်သာ သက်ဆိုင်လေသည်။

ဤသည်တို့မှာ မကိုဋ်ဆောင်းရုပ်ပွားဆင်းတုများနှင့် စပ်လျဉ်း၍ ယေဘုယျအယူအဆများဖြစ်ပါသည်။

ထိုမှတစ်ဖန်ဒေသကို လိုက်၍ ပိုမိုတိကျစွာ အတွင်းကျကျ နက်နက်ရှိုင်းရှိုင်းသရုပ်သကန် ခွဲခြားရသော် ရခိုင်တို့၏ ထုံးတမ်းစဉ်လာ "မဟာကျိန်ဘုရား" ဆင်းတုတော်များနှင့် စပ်လျဉ်း၍ မလွဲမသွေတင်ပြရပေတော့မည်။ မဟာကျိန် ဗုဒ္ဓရုပ်ပွားတော်များသည် ရခိုင်မင်းအဆက်ဆက် ဘိသိက်ခံစဉ် "မင်းကျင့်တရားနှင့်အညီ ကျင့်ကြံအုပ်ချုပ်ပါမည်" ဟု ဗုဒ္ဓရုပ်ပွားတော်များရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုကြသည့် ဓလေ့ထုံးစံနှင့် ဆက်စပ်လျက် ရှိနေပေသည်။ အဆိုပါရုပ်ပွားဆင်းတုတော်များကို ခေတ်ကာလအလျောက် ဆင်မြန်းသည့် မင်းမြောက်တန်ဆာများကို အဆိုပါ ကျမ်းသစ္စာကျိန်ဆိုသော ရုပ်ပွားတော်များထံ၌ လှူဒါန်းလေ့ရှိကြသည်။ သို့အတွက် ဝေသာလီခေတ်အပါအဝင် ရခိုင်သမိုင်း၌ ရှေးအထက်ကျော်ကာရီခေတ်အဆက်ဆက်ကပင် မဟာကျိန်ဘုရားများ၌ မင်းမြောက်တန်ဆာများ ဖြင့် သွန်းပြုလေ့ရှိကြသည်။ ဝေသာလီခေတ်၌ ရှေးဟောင်း မကိုဋ်ဆောင်းရုပ်ပွားတော်များကို ဆန်းစစ်လျှင် ဆောင်းထားသော မကိုဋ်သရဖူများ၏ ပုံစံများသည်လည်းကောင်း၊ ဆင်ယင်ထားအပ်သော မင်းမြောက်တန်ဆာ အဝတ်အစားများသည်လည်းကောင်း၊ လက်ကောက် လက်ကျပ် လည်ဆွဲတန်ဆာများသည်လည်းကောင်း၊ ဆင်းတု တစ်ဆူနှင့်တစ်ဆူ မတူညီဘဲ ကွဲပြားကြောင်း တွေ့ရှိရပေသည်။ ဤသည်မှာ ဘိသိက်ခံမင်းတစ်ပါးနှင့်တစ်ပါး၏ ဆင်ယင်မှုအပေါ် မူတည်၍ ပေါ်ပေါက်လာရခြင်းဖြစ်ပေမည်။

ဤမျှနှင့်ပင် ရခိုင်ဝေသာလီရှိ မကိုဋ်ဆောင်း ရုပ်ပွားဆင်းတုတော်များ၏ ယထာဘူတကျသော အရင်းခံ အကြောင်းတရားများကို ဖော်ထုတ်ဖြေရှင်းနိုင်ပေပြီ။ တစ်ခုတော့ရှိပါသည်။ ဤသို့သော အကြောင်းတရားများကို ဖော်ထုတ်ရန် ဗုဒ္ဓအနုပညာချည်းသက်သက်ကို သိရှိရုံမျှဖြင့် မပြီးဘဲ ရခိုင်ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို နားလည်ထားရန် အထူးအရေးကြီးလှပေသည်။

တစ်ဆက်တည်းမှာပင် ထေရဝါဒနှင့်စပ်လျဉ်း၍ အခြားအထောက်အထားများကိုပါ ဆက်လက်ဆွေးနွေး ရပါမည်။ ဝေသာလီခေတ်တွင် အေဒီ ၆ရာစု မတိုင်မီကပင် ရေးထိုးခဲ့သည့် "ယေဓမ္မာဂါထာ"ပါ ကျောက်စာများ အကြောင်းကို ထပ်မံ၍ တင်ပြရပေဦးမည်။ အဆိုပါယေဓမ္မာဂါထာသည် ပင်မဗုဒ္ဓဘာသာ၏ အခြေခံသဘော တရား ဖြစ်ခြင်းကြောင့် ထေရဝါဒတွင်သာမက မဟာယနနှင့် သက်ဆိုင်သည်ဟု စောဒကတက်၍ရပါသည်။ ယေဓမ္မာဂါထာ၏နောက်ဆုံးအပိုဒ်တွင်ပါဝင်သော "မဟာသာမဏော"ဟူသော ပုဒ်အရ မြတ်ဗုဒ္ဓကို မြတ်သော ရဟန်းကြီးဟူ၍ သတ်မှတ်ခြင်းသည် ထေရဝါဒ၏ အခြေခံသဘောတရားနှင့် တစ်ထပ်တည်း ကိုက်ညီလေသည်။ နောက်ပိုင်းတွင်မူ အဆိုပါပုဒ်တွင် အခြားသောအစားထိုးမှုများကို တွေ့ရှိလာရလေသည်။ (ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် ရေးထိုးထားသော ယေဓမ္မာဂါထာပါကျောက်စာများတွင်ပင် အဆိုပါပုဒ်နေရာ၌ ဗြိအနိရုဒ္ဓဒေဝ ဟု အစားသွင်းမှုများ ရှိလာလေသည်။)

ဝေသာလီခေတ်ထိုးကျောက်စာများတွင်ကား ဤသို့သော အစားသွင်းခြင်းများကို မတွေ့ရဘဲ "မဟာသာမဏော"ဟူသော ပုဒ်ကိုသာ တစိုက်မတ်မတ်သုံးစွဲခဲ့လေသည်။

နောက်ထပ်ခိုင်မာသော အထောက်အထားတစ်ရပ်ဖြစ်သော အာနန္ဒစန္ဒြမင်းကြီး၏ ဖခမည်းတော် ဓမ္မစန္ဒြရေးထိုးခဲ့သည့် စေတီတည်ကျောက်စာတွင် သတ္တဝါအပေါင်းတို့သည် အညစ်အကြေးသုံးပါးကို ဖယ်ရှားအပ် ကုန်သည်ဖြစ်၍ တဏှာတည်းဟူသော လှိုင်းတန်ပိုးတို့ဖြင့် ပြင်းထန်စွာ လှုပ်ရှားရိုက်ခတ်သည့် အသံမြည်ဟီးလျက် ရှိသော ဘဝတည်းဟူသော သမုဒ္ဒရာမှ ကမ်းတစ်ဖက်(နိဗ္ဗာန်)သို့ ချမ်းသာစွာ ရောက်ကြပါစေသတည်းဟု ရေးထိုး ထားလေသည်။

မူလသင်္ဂါယနာတင်ခဲ့သော ဂိုဏ်း(သို့မဟုတ်) မထေရ်ကြီးများ ပါဝင်သည်ကို အကြောင်းပြု၍ ပေါ်ပေါက် လာခဲ့သော သထဝီရဂုဏ်း (တစ်နည်း) ထေရဝါဒဂိုဏ်း၏အယူအဆကား တဏှာအပါအဝင်ဖြစ်သော ကိလေသာ

တို့ ချုပ်ငြိမ်းပါမှ ဒုက္ခခပ်သိမ်းကင်းငြိမ်းသော၊ ပြုပြင်စီရင်မှုကင်းသော၊ မဖောက်မပြန် တည်မြဲမှန်ကန်သော ပရမတ်သစ္စာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုရမည်ဟူ၍ ဖြစ်လေရာ အထက်က စေတီတည်ကျောက်စာပါ အဓိပ္ပါယ်နှင့်တစ်ထပ်တည်းကျ၏။

အဆိုပါစေတီတည် ကျောက်စာကို အေဒီရှစ်ရာစုအစပိုင်းခန့်တွင် ရေးထိုးသည်ဟု ခန့်မှန်းရပါသည်။ ထိုအချိန်တွင် အိန္ဒိယ၌ ဗုဒ္ဓဝါဒနှင့် ဟိန္ဒူဝါဒတို့ ရောထွေးလျက်တင်ထားသော မဟာယန၏ဆင့်ပွားဖြစ်သော တန္တရဝါဒ စတင်ပေါ်ထွန်းနေပြီဖြစ်လေသည်။ ထိုအယူဝါဒသည် မဟာယန၏နိဗ္ဗာန်အယူအဆတစ်ခုဖြစ်သော သုညတာဝါဒ (နိဗ္ဗာန်မည်သည် သုညဖြစ်သည်။) ဟူသောခံယူချက်ကို အရင်းခံလေသည်။ သုညသာလျှင် ပရမတ်ဓာတ်၊ သုညသာလျှင် ပရမတ္ထသစ္စာ ဖြစ်၏။

သုညနှင့်လောကသည် တစ်ခုနှင့်တစ်ခု ထွေးရောယှက်တင်ဖြစ်၏။ တန္တရဝါဒီတို့အဖို့ ကောင်းမှု၊ မကောင်းမှု၊ ကုသိုလ်၊ အကုသိုလ်ဟူ၍ ခွဲခွဲခြားခြားမပြောကြ။ သို့အတွက် အကောင်းနှင့်အဆိုး ဒွန်တွဲလျက်ရှိနေတတ်သော လောကဓမ္မတာပေါ်ပေါက်လာရ၏။ ထိုအခါ တန္တရဝါဒီတို့သည် တရားသိမြင်သူနှင့် ကိလေသာကို တစ်ထပ်တည်းရောစပ်၏။ သံသရာနှင့် နိဗ္ဗာန်ကိုလည်း ရောစပ်၏။

ဤသည်ပင်လျှင် ထေရဝါဒခံယူချက်များနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်လျက် ရှိနေလေတော့သည်။ ရခိုင်တွင် ဝေသာလီခေတ်ကပင် တန္တရဝါဒအယူအဆများ၊ မဟာယနယုံကြည်မှုများ မရှိခဲ့ပါချေ။ ဤအယူအဆနှင့် စပ်လျဉ်းသည့် အထောက်အထားများမှာ ခိုင်လုံမှု အင်အားနည်းပါးလှ၏။ ရုပ်ဝတ္ထုပစ္စည်းများအနေနှင့် မကိုင်နှုဆောင်းရုပ်ပွားတော်များကို လက်ညှိုးညွှန်ပြဖွယ်ရာ ဖြစ်နေသော်လည်း ဤကိစ္စကို အထက်တွင် ရှင်းလင်းခဲ့ပြီး ဖြစ်လေသည်။

အချို့သူတို့သည် ဝေသာလီခေတ်မှ မကိုင်နှုဆောင်း ရုပ်ပွားဆင်းတုများကို အရိမေတ္တေယျရုပ်ပွားဆင်းတုများဟူ၍လည်းကောင်း၊ ဝေလောကီတေသရဆင်းတုတော်များဟူ၍လည်းကောင်း၊ အချိုးအစားခွဲခြားကြသည်။ သို့သော် ဝေသာလီခေတ်တွင်ပင် ထေရဝါဒကိုးကွယ်မှု အထောက်အထားကလည်း မဟာယနရောယှက်နေကြောင်း လုံးထွေး၍ ကောက်ချက်ချကြ၏။

မည်သို့ဆိုစေ၊ မိမိတို့အစဉ်အလာမပျက် ခေတ်အဆက်က ကျင့်သုံးခဲ့ကြသည့် ရိုးရာဓလေ့ထုံးစံများကိုပါ သတိလက်လွတ်မဖြစ်စေဘဲ ရှိရင်းစွဲရုပ်ဝတ္ထု အထောက်အထားများဖြင့် ဆက်စပ်သုံးသပ်မှသာ တိကျသော အဖြေမှန်ကို ရရှိပေလိမ့်မည်။

ဒေါက်တာစောထွန်းအောင်


အကိုးအကား

၁။ ဗုဒ္ဓဘာသာ အနုပညာနိဒါန်း (တိုက်စိုး)

၂။ ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်၏ ၁၉၅၈-၅၉ခုနှစ် အစီရင်ခံစာ

၃။ THe Buddhist Art of Ancient Arakan (U San Tha Aung)

၄။ အာနန္ဒစန္ဒြရှစ်ရာစုမတိုင်မီ ရခိုင်ဝေသာလီမင်း(ဦးစံသာအောင်)

# စစ်ကဲဘုရားသိမ်

ကျော်သာညွန့် (ရခိုင်လက်မှု အနုပညာ)




စစ်ကဲရေကန်သည် မင်းပြားမြို့ ကျက်သရေဆောင် ကျိန်းတော်တောင် (ကာလဂီရတောင်) တောင်တန်း မြောက်ဘက်အစွန်းတွင် တည်ရှိသည်။ ထိုရေကန်မှာ ရှေးရခိုင်ဘုရင်များ ကောင်းစားစဉ်ကာလကပင် တူးဖော်ပြီး အသုံးပြုခဲ့သော ရှေးဟောင်းရေကန်ကြီးတစ်ကန်ဖြစ်ပေသည်။ ယခုအခါ ကန်ပေါင်အချို့ ပျက်စီးနေပြီး အချို့မှာ ခြုံနွယ်ပိတ်ပေါင်းများ လွှမ်းခြုံတောထူလျက်ရှိသည်။ ကန်တွင်းရှိရေကို သောက်သုံးရေအဖြစ် အသုံးပြုနိုင်သေးသည်။

စစ်ကဲဆိုသည့် ဝေါဟာရနှင့်ပတ်သက်၍ မြောက်ဦးမြို့ ရှေးဟောင်းသုတေသနဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ထွန်းအောင်၏ ပြောပြချက်အရ "စစ်ကဲဆိုသည်မှာ နန်းတွင်းညီလာခံသဘင်ကို တက်ရောက်ခွင့်ရ သောစစ်တပ်ကို ကြီးကြပ်ကွပ်ကဲရသော စစ်ဘက်ဆိုင်ရာအရာရှိ"ဟု ဆိုသည်။

စစ်ကဲဟူသည့် ဝေါဟာရကို မြောက်ဦးမြို့ နန်းတွင်းညီလာခံသဘင်ကျင်းပပုံနှင့်ပတ်သက်၍ မဟာပညာကျော် လျှောက်ထားချက် လင်္ကာတစ်နေရာတွင် 'မကွဲတဖော် သူငယ်တော်စစ်ကဲ၊ မလွဲတသျှည်း၊ အစဉ်ပဋ္ဌမ၊ အစတည် ချောင်း၊ မကျည်းချောင်းစား၊ စပ်ထားပြိုင်လျက် တောင်ဘက်စစ်ကဲ မလွဲအတူ၊ အဇူတောင်စား. . . "ဟူ၍လည်း ကောင်း၊ ၎င်းလင်္ကာ၏ နောက်တစ်နေရာတွင် ". . . သူရဲစား အမည်ခံ၊

ရီသကြ်န်နှင့် တတန်ပထမအစတည်မှန်၊ အဇီစစ်ကဲ၊ ထိုနည်းယျဉ်မျှ၊ မြောက်ဦးစစ်ကဲ. . .[၁]'ဟူ၍ စာဟောင်းပေဟောင်းများ၌ စစ်ကဲဆိုသည့်ဝေါဟာရကို တွေ့ရှိရသည်။



၁။ မြောက်ဦးခေတ် ညီလာခံသဘင် ၊တက်ထွန်းနီ(မြောက်ဦး) မြောက်ဦးမဂ္ဂဇင်း စာ-၄၇

ကျောက်စာအထောက်အထားအရ မြောက်ဦးမြို့ ခြင်ကိုက်အမြင့်တောင်ခံတပ်ဘုရားတွင် တွေ့ရှိရသော ကျောက်စာ (ယခု ရှေးသုတွင် ထိန်းသိမ်းနံပါတ်၂၁၁ တွင်) သက္ကရာဇ် ၈၉၁ ခုက . . တိုင် . . . တိက် . . . ကာ. . . သို . . . စစ်ကဲ ကြီသံပတိတနှင့် ကြသုပတိနှစ် ငညေ. . . သပ်. . . တွင် အမြီတောင်ကို အစိုးရသော အသျှင်ဖုရားနှင့် ရခိုင်မင်းကြီးကိုင် အမတ်တော်ဆင်ကဲ. . . [၂]"ဟူ၍ စစ်ကဲဟူသည့် ဝေါဟာရကို ကျောက်စာ၌ ခိုင်မာစွာ တွေ့ရှိရ ပေသည်။ သို့ဖြစ်ရာ စစ်ကဲကန်ဆိုသည် စစ်ကဲကြီး တူးဖော်လှူဒါန်းခဲ့သည့် ကန်ဖြစ်ပေမည်။

စစ်ကဲကန် အနောက်ဘက်ယွန်းရှိ တောင်ကုန်းတစ်ခုပေါ်၌ ရှေးဟောင်းသမိုင်းဝင် သိမ်ဘုရားတစ်ဆူရှိသည်။ ထိုသိမ်ကို ဒေသခံအချို့တို့က "စစ်ကဲသိမ်"ဟူ၍လည်းကောင်း၊ ပန်းပေါင်းစုံဟူ၍လည်းတစ်မျိုး၊ ခေါ်ဆိုသမုတ်နေကြောင်း သိရှိရပေသည်။ စစ်ကဲကြီး တည်ထားကိုးကွယ်ခဲ့၍ စစ်ကဲသိမ်ဟု ခေါ်ဆိုခြင်း ဖြစ်ပေသည်။

စစ်ကဲရေကန်၏တောင်ဘက်အတန်ငယ် အလှမ်းကွာဝေးသောနေရာ၌ "ဝန်သိုကန်"ဟုခေါ်သော ရေကန် ကြီးတစ်ကန်ရှိနေသေးသည်။ ထိုကန်မှာ ဘုရားသိမ်နှင့် ဝေးနေရကား သိမ်ဘုရားကို အကြောင်းမပြုနိုင်ဟု ယူဆရသည်။ ဝန်သိုကန်၏ သွင်ပြင်လက္ခဏာမှာ မြောက်ဦးမြို့ နန်းတော်၏ အရှေ့ဘက် နန်းသားကန်ကဲ့သို့ ကန်ပေါင်များ ကို အတွင်းအပြင် အုတ်များဖြင့် ကာရန်ပြီး ကန်ပေါင်ဖော်ထားကြောင်း တွေ့ရှိရသည်။ ဝန်သိုကန်ကြီးကို ပြန်လည်မွမ်းမံရန် တူးဖော်ပါက ကန်၏အတွင်းထောင့်များ၌ နတ်ရုပ်များ တွေ့ကောင်း တွေ့နိုင်မည်။

ပန်းပေါင်းစုံသိမ်ဟုခေါ်တွင်ရခြင်းကို လေ့လာလိုပါက ထိုဘုရားသိမ်တော်တွင် ရှေးဟောင်း ကျောက်ဆစ်လက်ရာ ပန်းကွက်မျိုးစုံသိမ်ဟု ကင်ပွန်းနာမည်တပ် ခေါ်ကြကြောင်း သိရှိရပေသည်။ ပန်းပေါင်းစုံနာမည်နှင့်လည်း လိုက်ဖက်အောင် ပန်းကွက်မျိုးကလည်း စုံလင်လှပေသည်။ ဘုရားသိမ်တော်အတွင်း တံတိုင်းရှိ နံရံအချို့သောနေရာ တို့၌ မြင်တွေ့ရသောပန်းကွက်များကို ကြည့်ရသည်မှာ ရခိုင်ရိုးရာ ဒယော (လုံချည်) ပုံစံအမျိုးမျိုးကို မြင်တွေ့ရသလို ခံစားမိပေသည်။ ရှေးခါက အယသဂီ အရက်သေမ ယိုင်သည်အစိုတို့၏ စွမ်းပကား ရိုးရာ ဒယောအကွက်ဆန်းများကို နောင်လာနောက်သားတို့ သိရှိရလေအောင် ကျောက်သားပေါ်၌ ထုဆစ်ပြီး မှတ်တမ်းတင်ခဲ့လေသလားဟုလည်း ယူဆရပေသည်။

ပန်းကွက်၊ ပန်းနွယ်၊ ပန်းတက်၊ ဒေါင့်စွန်းပန်းများဆိုလျှင် ကတ္တော်သိမ်မုခ်ဦး[၃] မှ ပန်းကွက်(ယခု ရှေး /သု တွင် ထိန်းသိမ်းပြသရှိ)တို့နှင့် လွန်စွာဆင်တူပြီး အချို့သောမှန်ကူပန်းကွက်များဆိုလျှင် မုတ်ဆိတ်တော်စေတီမြောက် ပိဋကတ်တိုက်၊ လောင်ပွန်းပြောက်မြောက်ဘက်ရှိ ပိဋကတ်တိုက်တို့မှ မှန်ကူကွက်တို့နှင့်လည်း လွန်စွာဆင်တူနေကြ ကြောင်း လေ့လာတွေ့ရှိရပေသည်။

အထူးသဖြင့် ပန်းနွယ်ပန်းကွက်ဖြင့် အဆင်အပြင်အများစုကို တွေ့ရှိရပြီး လူပုံနှင့်တောနေသတ္တဝါတို့အား ဖော်ပြခြင်း၊ နည်းပါးမှုရှိကြောင်း တွေ့ရှိရပေသည်။ မြောက်ဦးမြို့ပေါ်ရှိ ဤကဲ့သို့သော ကျောက်ဆစ်လက်ရာ မြောက်မြားစွာရှိသော နေရာတစ်ဌာနကို တွေ့ရှိရသည်ဆိုပါလျှင် ဗျာလွပုံ၊ ဘီလူးခံပုံ၊ ကျောက်ဆစ်လက်ရာများကို တွေ့ရှိရလေ့ ရှိတတ်ပေသည်။

---

**၂။ ဆရာကြီးဦးဦးသာထွန်း (မြန်မာပဏ္ဍိတ်) ရခိုင်ကျောက်စာပေါင်းချုပ်စာမူ**

**၃။ ကတ္တော်သိမ်မှာ ကျောက်စာအထောက်အထားတွေ့ရှိပြီး စန္ဒဝိဇယရာဇာ သက္ကရာဇ် ၁၀၇၂ ဦးဦးသာထွန်း၊ ကျောက်စာပေါင်းချုပ် စာအုပ်၌ အေဒီ ၁၇၁၀-၁၈ရာစု အစပိုင်းကာလ) ကတ္တောသိမ်ကာ၊ မြောက်ဦးမြို့နယ်၊ ခမောင်းတက်ကျေးရွာနှင့် ကျွဲတဲကျေးရွာအကြား၌တည်ရှိသည်။**

ယခုသိမ်မှာမူ ဘီလူးပုံ၊ ဗျာလ္လပုံများကို မတွေ့ရှိရပေ။ ပျက်စီးလေလွင့်သွား၍လား၊ မြေကြီးဖုံးလွှမ်းနေ၍လားတော့ မဆိုနိုင်ပေ။ အနည်းစုတွေ့ရသောလူပုံများ၊ ကျောက်ဆစ်လက်ရာများတို့မှာ လည်းနားဋောင်းကြီးများ ဝတ်ဆင် ထားခြင်း နည်းပါးလှသည်။ လူပုံများမှာ နည်းပါးသလောက်ဖြစ်ပြီး အချို့ပုံတို့ဆိုလျှင် ခေါးတဝင့်ဝင် ဒိုင်းကာတကား ကားဖြင့် ခေါးကိုင်သူရဲ၊ ဒိုင်းစွဲသူရဲတို့၏ အားမာန်ဟန်ပန်များကို တွေ့ရှိရပေသည်။

ထောင့်စွန်းပန်းကွက် ကျောက်ဆစ်လက်ရာတို့ဆိုလျှင် ပန်းနွယ်ပန်းတက်အကြား၌ ဟာကွက်မရှိအောင် အံဝင်ခွင်ကျ ဖြည့်တင်းဖော်ထားသော နေရာ၌ ကိန္နရီ၊ ကိန္နရာ၊ အရုပ်များကို တွေ့ရှိရသည်မှာ ကတ္တော်သိမ်လက်ရာ တို့နှင့် လုံးဝဥသုံတူညီနေကြောင်း လေ့လာတွေ့ရှိရပေသည်။ ဤသဲလွန်စမှာ ကတ္တော်သိမ်ဆောက်လုပ်ခဲ့သော ဗိသုကာပညာရှင်တို့၏ လက်ရာစွမ်းပကားဟု ဆိုနိုင်ပေသည်။

သိမ်တော်တစ်ခုလုံးရှိ ကျောက်ဆစ်အနုပညာလက်ရာတို့ကို ခြုံပြီးကြည့်ပါက ထုဆစ်ခဲ့သောလက်မှုအနုပညာ တို့မှာ ပန်းနွယ်၊ ပန်းခက်၊ အလှချဲ့ထွင်မှု ဒီဇိုင်းအရာတို့ကို နိုင်နင်းကျွမ်းဝင်စွာ ပုံဖော်ပြီးသက်ရှိသတ္တဝါတို့ပုံကို အလေးထား၍ ထုဆစ်ခဲ့ပုံ မပေါ်ပေ။ သိမ်အလယ်ရှိ . . . ပေကျော်ခန့်မြင့်ကျောက်ဆစ်လက်ရာ ဘုရားဆင်းတု တော် ကိန်းဝပ်စံပါယ်တော်မူသော ဂန္ဓကုဋီတိုက်တော်ရှိ ပလ္လင်တံကဲတို့၏ အဆင်းတန်ဆာကိုလေ့လာပါက တေဇ ရာမဘုရားကြီး ပလ္လင်အောက်ခြေတည်ဆောက်ပုံ "ခိုနန်းချိုး"တို့လိုလက်ရာလက်သားနှင့် နီးစပ်တူညီမှုရှိနေသည်။ ပလ္လင်အပေါ်ပိုင်း အဆင်းတန်ဆာ ဒီဇိုင်းမှာ ယခုခေတ်ဘုန်းတော်ကြီးပျံပွဲတို့တွင် တွေ့ရလေ့ရှိသော အချို့သော သင်္ဂဇာပန်းချီဆရာကြီးတို့၏ လက်ရာတို့နှင့်အသင့်အတင့် တူညီသည်ဟု ပြောရပေမည်။

ဆောက်လုပ်ရေး ဗိသုကာအမြင့်ဖြင့်ကြည့်သော် သိမ်တော်ကို တောင်ကုန်းပေါ်၌ သဲကျောက်(ကျောက်ညို) သားများဖြင့် တည်ဆောက်ထားသည်။ တည်ဆောက်ရန်အတွက် ကျောက်သားကုန်ကြမ်းကို အနီးရှိကာလာဂီရိ တောင်တန်းတွင် သဲကျောက်ကျောများ ရှိသဖြင့် ၎င်းမှထုခွဲပြီး လိုအပ်သလို ပြုလုပ်တည်ဆောက်ခဲ့ဟန်တူသည်။

ဘုရားသိမ်ကို တံတိုင်းနှစ်ထပ်ဖြင့် ပြုလုပ်ထားပြီး ဘုရားသို့ အရှေ့ဘက်မှ တက်လမ်းကျောက်လှေကားတစ်ခုလည်း တွေ့ရှိရသည်။ ထိုတက်လမ်းမှာ တောင်တစ်လပ်မှ ဘုရားသိမ်တော်သို့တက်ရာ လှေကားဖြစ်သဖြင့်လေးဆယ်ဒီဂရီအနေအထားစောင်းလျက် တည်ဆောက်ထားမှုကြောင့် ပြေပြစ်သောလှေကားဟု မဆိုသာပေ။

အပြင်တံတိုင်းနှင့် အတွင်းတံတိုင်းတို့တွင် ဝင်လမ်း မုခ်ဝအကျယ် သုံးတောင်ခန့်ရှိ တံခါးဝတစ်ခုရှိကြသည်။ အပြင်တံတိုင်းအလျားမှာ အရှေ့အနောက် (၅၄)တောင်ခန့်ရှိပြီး အနံမှာ တောင်မြောက် (၄၅)တောင်ခန့်ရှိသည်။ အတွင်းတံတိုင်းအလျားမှာ (၂၄)တောင်၊ အနံ(၂၁)တောင်စီရှိကြသည်။ အတွင်းတံတိုင်း၏ ဖိနပ်အောက်ခြေအကျယ်ထုမှာ သုံးပေကျော်ခန့်ထုသည်။ တံတိုင်းနံရံတည်ဆောက်ပုံ ဖြတ်ပိုင်းပုံတို့မှာ မြောက်ဦးမြို့နယ်၊ ဘောင်းဒွတ် အနောက် ဘက်သဘော်ာ စာတိုင်ကျွန်းမှ သိမ်တော်ကုန်းနံရံတည်ဆောက်ပုံ၊ ဖြတ်ပိုင်းပုံ ချင်းလွန်စွာဆင်တူပြီး မြောက်ဦးမြို့နယ် မင်းသားကျွန်းတောင်ဘက်ရှိ သုံးကျိပ်တစ်ဆူဘုရား သိမ်နံရံအောက်ခြေတည်ဆောက်ပုံနှင့်လည်း တူနေကြသည်။ (သုံးကျိပ်တစ်ဆူဘုရားမှာ လွန်စွာပျက်စီးမြေခနေသဖြင့် "ရန်ကုန်ရွှေတိဂုံ ရခိုင်တံမြက်လှည်းအသင်း"က ပြန်လည် မွမ်းမံလျှုဒါန်း တည်ဆောက်လျက် ရှိလေသည်။)

စစ်ကဲသိမ်ဟုခေါ် ဆိုသည့် သိမ်၌မူ အတွင်းတံတိုင်း၏ အပြင်ဘက်နံရံအောက်ခြေ၌ ဖိနပ်အထက်သွယ်

---

၄။ **တက်ထွန်းနီ၊ မြောက်ဦး**
**ရခိုင်မဂ္ဂဇင်းအမှတ် (၇)၊ ဥတုခင်စိုင်းကျောက်စာရှု**

နှစ်ဆင့် ၎င်းအပေါ်မှာ ကြာမှောက်(ဖိုးလှော)၊ ထိုအထက်တွင် အဝင်သွယ်တစ်ဆင့်၊ ယင်းအထက်တွင် ဖောင်းရစ် တစ်ဆင့်တင်ပြီး နံရံအောက်ခြေပိုင်းကို တည်ဆောက်ထားသည်။ ထိုဖောင်းရစ်အထက် နံရံပတ်လည်ကို ဒေါက်များ ဖြင့် ပြုလုပ်ထားပြီး နံရံတွင် မှန်ပေါင်ကွက်ကြီးများ ပေါ်လွင်နေပေသည်။ မြောက်ဦးဌာနေတွင် ဤကဲ့သို့ ဆောက်လုပ် ရေးလက်ရာမျိုးမတွေ့ရပေ။ ထို့ကြောင့် ဤကဲ့သို့ လက်ရာမျိုး ရှားသည်ဟု ဆိုရပေမည်။ မှန်ပေါင် ကွက်ကြီးများ ပုံပေါ်နေသော နံရံအမြင့်ပိုင်းလောက်တွင် အောက်ခြေဖိနပ်အတိုင်းအတာကဲ့သို့ သုံးပေကျော် အတိုင်းအတာ မရှိတော့ပြီ။ ၎င်းထက်တစ်ပေသို့ ကျဉ်းနေပြီ။

သိမ်မိုးကို ရှေးအခါက ကျောက်ဖြင့်ပြုလုပ်ပါက အပေါ်ပိုင်းတွင် တင်လာမည့် ခေါင်မိုးကျောက်အလေးချိန် ကို ထုသုံးပေခန့်ရှိ နံရံက ကြံ့ကြံ့ခံနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် အတွင်းတံတိုင်းရှိ ဘုရာအပေါ် ခေါင်မိုးကို ယခင် က သစ်တိုင်များဖြင့် ကာရံတည်ဆောက်ခဲ့ကြောင်း ယူဆနိုင်သည်။

တံတိုင်းကို ကျောက်သားဖြင့် တည်ဆောက်ရာတွင် ကျောက်စီရာ၌ အံထွင်းပြီး စီတင်ယူတည်ဆောက် ကြောင်း တွေ့ရှိရပေသည်။ မှန်ပေါင်ကွက်များပေါ်လွင်စေသော ဒေါက်များမှာ နံရံကို ခိုင်မြဲစေရန် အကန့်သဘော တည်ဆောက်ထားသဖြင့် သိမ်နံရံယိမ်းယိုင်မှုကို ထိန်းသိမ်းထားနိုင်ပေသည်။ ထို့ကြောင့်လည်း ဒေါက်များရှိသော အပိုင်း မြေကြီးမှ သုံးပေလောက်အမြင့်ထိမှာ ယခုထက်တိုင် တိုင်များ၊ အကာများ မပျက်စီးဘဲ ရှေးမူအတိုင်း တွေ့ရှိခြင်းဖြစ်သည်။ ဤအချက် သဲလွန်စမှာလည်း ရှေးအခါက ဆောက်လုပ်ရေးဗိသုကာပညာရှင်တို့၏ ထိုးထွင်း ကြံဆတွက်ချက်မှုကို ဂုဏ်ယူစရာဖြစ်သဖြင့် စံနမူနာ ယူသင့်ပေသည်။

ထိုမှန်ပေါင်ကွက်များရှိသော အထက်ပိုင်းကျရောက်သည့် နံရံမှာ အပေါ်သို့ သွယ်နှစ်ဆင့် ၎င်းအထက် တွင် "မိုးလှော"တစ်ဆင့်ရှိပြီး အပေါ်ပိုင်းနံရံ၏ အမြင့်ပိုင်းကို အဆုံးသတ်ရန်ဟု ခန့်မှန်းရသော ကျောက်ဆစ် လက်ရာ ပန်းနွယ်၊ ပန်းကွက်၊ ထောင့်စွန့်တမာ၊ မီးလျှံစသည့်ပန်းများကို အချို့သောနေရာများ၌ မပျက်စီးဘဲ တွေ့ရှိရတတ်ပေသည်။ အချို့ပန်းတို့ဆိုလျှင် ကျောက်တစ်လုံးတည်းကို ထုဆစ်ထားတတ်သည်။ ပန်းကွက် ဖော်ပြထားသော ကျောက်သားကို ယိုင်လဲခြင်းမပြုလေစေရန် အင်္ဂလိပ်အက္ခရာ(L)ပုံသဏ္ဍာန် ပြုလုပ် တည်ဆောက်ထားသေးသည်။

နံရံ၏အချို့သောနေရာတို့၌ ရှေးမူမပျက်စီးဘဲ ရှိသလို ပျက်စီးနေသောနေရာတို့ကိုလည်း ယခုခေတ်မှာ ပြန်လည်မွမ်းမံခြင်း ရှိသည်ကို တွေ့ရှိရပေသည်။ အထူးသဖြင့် သိမ်တော်အတွင်းထပ်၏ တံခါးဝတစ်ဖက် တစ်ချက်ကို လေ့လာကြည့်ပါက ပြန်လည်မွမ်းမံမှုရှိခဲ့သည်ဟု အတတ်ပြောနိုင်သည်။ သိမ်အတွင်းတံခါးတွင် မုခ်ဦးတစ်ခုခုတော့ ရှိခဲ့မည်ဟု ယူဆရသော "ဒုရင်တိုင်"သို့မဟုတ် "တုပီပါ"တော်တစ်ခုကို အင်္ဂါထောင့်တစ်နေရာမှ အဆက်မစပ်မမီဘဲ ရှိနေသည်ကို တွေ့ရပေမည်။

သိမ်တော်၏အပြင်တံတိုင်းရှိ ဟိုတစ်စ သည်တစ်စ ဖဲပန်းကွက်ပါရှိသော ကျောက်ဆစ်လက်ရာ ကျောက်တုံးများ သိမ်ပုရဝုဏ်အပြင် တောင်ဘက်ရှိ လမ်းခင်းထားသော ကျောက်အချို့၌ ကျောက်ဆစ်လက်ရာ ပန်းကွက်ပါ သော အထည်ပစ္စည်းများကို တွေ့ရသည်နှင့် လက်ရှိနံရံတို့တွင် မွမ်းမံပြင်ဆင်ထားသော ကျောက်ဆစ် လက်ရာတို့ကို ခြုံပြီး လေ့လာရသည်မှာ လွန်စွာ စုတ်ပြဲနေသောသတင်းစာကို ဟိုတစ်စ၊ သည်တစ်စ ဖတ်ရှု ကြည့်ရသလို ခံစားရမိပေသည်။ အတတ်ပညာရှင်၊ အသိပညာရှင်များဖြင့် စနစ်တကျ အချိန်ယူပြီး ပြန်လည် ပေါင်းစပ်မွမ်းမံပါက ယခင်မူဟောင်းအမြင်အား တိကျခြင်း သို့မဟုတ် နီးစပ်သောအဖြေကို ရရှိနိုင်ပေမည်။

ဤတွင် ဒေသခံတစ်ဦး၏ပြောပြချက်ကို ဖော်ပြလိုပေသည်။ သိမ်တော်သည် လွန်စွာပျက်စီး ယိုယွင်းနေသော ကာလက ရှေးဟောင်းအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်သော ပုဂ္ဂိုလ်တစ်ဦးကသည်

သိမ်တော်ပျက်မှ ကျောက်ဆစ်လက်ရာဟောင်း ကျောက်အလုံးရေများကို သိမ်တော်မွမ်းမံသည့်အခါ ပြန်လည်ထည့်သွင်းရန်အတွက် လောလောဆည်မှာ မိုးရေမတိုက်စားရအောင် မြေမြှုပ်ထားခဲ့သည်ဟုဆိုသည်။ ထို့နောက် သိမ်တော်ကို မွမ်းမံသည့်ကာလ ကျရောက်သောအခါ၌ ထိုကျောက်ဆစ်လက်ရာဟောင်းအား ထိန်းသိမ်းထားခဲ့သူမှာ ကွယ်လွန်သွားပြီးဖြစ်သဖြင့် မည်သည့်နေရာတွင် ရှိနေမှန်းမသိ၊ ယခုထက်တိုင် မသိရှိကြပေ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ပြန်လည်ရရှိနိုင်ပေသည်။ ကျိန်းတစ်ပတ်ကားလမ်း ရောက်ရှိနေပါက ပြန်လည်ထွက်ပေါ်လာဖို့ မလွယ်ကူပေ။

ဤသိမ်တော်၏သမိုင်းကို တိကျစွာမသိရသေးဟု ဒေသံခံလေ့လာသူအချို့က ဆိုသည်။ တိကျသော သမိုင်းကို ဖော်ထုတ်ရန် ကျောက်စာအထောက်အထားရနိုင်က ပိုပြီးခိုင်လုံပေမည်။ အထက်ဖော်ပြပါ မြေမြှုပ်ခံ ကျောက်ဆစ် လက်ရာအလုံးရေ လေးဆယ်ခန့်တွင် ကျောက်စာလည်း ပါကောင်းပါနိုင်ပေမည်။ ရှေးခါကပင် ဤဘုရားသိမ်တော်တွင် ကျောက်စာမှတ်တမ်းမတင်ခဲ့ဟု အတတ်မပြောနိုင်ပေ။ အကယ်၍ ကျောက်စာ သော်မရှိသော်လည်း ဤဘုရား၏ အကြောင်းအရာနှင့်ပတ်သက်သော အထောက်အထားကို အနီးပတ်ဝန်းကျင်က သို့မဟုတ် သိမ်ဘုရားနှင့် ဝေးလံသော နေရာတို့က ကျောက်စာအထောက်အကူ ရကောင်းရနိုင်ပေမည်။

ဥပမာ အထုတ်သမကျေးရွာ (မြောက်ဦးမြို့နယ်) အနီး "ဥတုသမ္မာ"နတ်ကွန်းနှင့်ပတ်သက်သော ကျောက်စာ သမိုင်းအထောက်အထားကို ၎င်းနတ်ရုပ်နှင့် အလှမ်းကွာဝေးသော ပါးတော်၏တစ်ခုသော ခင်စိုင်းကျော်လမ်းနေရာ တစ်ခုမှ ကျောက်စာအထောက်အထားက ဖော်ပြနေသည်မှာ သာဓကပင် ဖြစ်ပေသည်။

ထို့ကြောင့် သမိုင်းတစ်ခုကို ဖော်ပြရန်အတွက် အချိန်ယူစောင့်ဆိုင်းခြင်းသည် တိကျသောအဖြေကို ရရှိနိုင်သဖြင့် စစ်ကဲသိမ် သို့မဟုတ် ပန်းပေါင်းစုံဘုရားဟု ခေါ်ဆိုနေကြသော ဘုရားသမိုင်းကိုလည်း မျှော်ကိုးစောင့်စားနေ ရပေတော့မည်။ သမိုင်းမှန်ပေါ်ထွက်လာသောနေ့တစ်နေ့မှာ လက်ရှိသိမ်တော်၏ နာမည်များမှာ ရက်ချုပ်က နာမည် ဟုတ်မဟုတ်ကိုလည်း သိရှိလာရပေမည်။

ထိန်းသိမ်းမှုပိုင်းဆိုင်ရာတွင် အမိုးအကာထဲ ရောက်ရှိနေသော အနုပညာကျောက်ဆစ်လက်ရာများကို ဖုံးကွယ် မှုတည်းဟူသော ဆေးမင်ခြယ်သခြင်းမျိုး မပြုလုပ်သင့်ပေ။ အရှိကို အရှိအတိုင်း ထားသင့်ပေသည်။

ထိုသို့ပြုလုပ်ရန်ပေါ်ပေါက်လာပါက ရှေးဟောင်းသုတေသနဌာနနှင့် ညှိနှိုင်းပြုလုပ်သင့်ပေသည်။ သို့မဟုတ်ပါက လက်မကျေးရွာမှ ကုလားမတစ်ယောက်၏မျက်နှာကို ချင်းစာထိုးခြင်းခံရသော ပုံပြင်နှင့် တူသွားနိုင်ပေသည်။

ကျော်သာညွှန့် (ရခိုင်လက်မှု အနုပညာ)

# တောတန်းကျွန်းတောင်ဘက်ခြမ်းမှ ရခိုင်ယဉ်ကျေးမှု အမွေအနှစ်များတည်ရာ

မင်းပြားမင်းသိန်း၏

"လေးဆယ့်လေးကျွန်း ရခိုင်ပြည်မှာ အစဉ်ထွန်း"

ဆိုသည့်စကားအတိုင်း မြောက်ဦးခေတ်၌ ရခိုင်ပြည်၏ အုပ်ချုပ်မှုအတိုင်းအတာ အစီအမံကို ကျွန်းပေါင်း လေးဆယ့်လေးကျွန်းဖြင့် ပါဝင်ဖွဲ့စည်းထားခဲ့သည်ဆို၏။ ထိုသည့်ကျွန်းတို့၌ တောတန်းကျွန်းသည်လည်း တစ်ခု အပါအဝင်ဖြစ်ချေသည်။ တောတန်းကျွန်းသည် မင်းပြားမြို့မှ အရှေ့မြောက်အရပ် (၅)မိုင်ခန့်အကွာတွင် စတင်တည်ရှိပြီး အရှေ့ဘက်တွင် ပန်းမြောင်းကြီးချောင်းနှင့် အနောက်ဘက်တွင် အဠနနဒီခေါ် လေးမြို့မြစ်တို့၏ စီးဆင်းရာ အကြား၌ တည်ရှိသောကျွန်းတစ်ကျွန်းဖြစ်ပေသည်။ ဤကျွန်းသည် တောင်နှင့်မြောက်သွယ်တန်းနေပြီး (၁၃)မိုင် ကျော် ရှည်လျားသည်။ ကျွန်း၏အရှေ့နှင့်အနောက်မှာ ကျဉ်းမြောင်းပြီး အကျယ်ဆုံးနေရာသည် (၃)မိုင်ခန့်သာ ကျယ်သည်။

အင်္ဂလိပ်ခေတ်က ဤကျွန်းကို မြေကြီးမြေပုံ၌ တောင်နှင့်မြောက်နှစ်ပိုင်းခွဲခြားထားပြီး အနီးအနားရှိ အရံဒေသကျွန်းငယ်များတို့ကိုပါ ပေါင်းစုထည့်သွင်းထားကာ "တောတန်းတိုက်နယ်"ဟူ၍ အမည်တွင်ခေါ်ခဲ့သည်။

ဤကျွန်းသည် ရခိုင်ပြည်၌ ရှေးနှစ်ပေါင်းများစွာကပင် အထင်အရှားရှိနေခဲ့ပြီး အခြားသောကျွန်းများနှင့် အတူ ထင်ရှားခဲ့သည့် ကျွန်းတစ်ကျွန်းလည်း ဖြစ်ပေသည်။ ရာဇဝင်အထောက်အထားအရမူ "ရခိုင်ရာဇဝင်သစ်ကျမ်း ဒုတိယစာအုပ်"၌ တောတန်းဟူသောအမည်ကို (စန္ဒဝိမလရာဇာ)မင်းလက်ထက်မှ စတင်တွေ့ရှိရ၏။ တောတန်းကျွန်း မှသမိုင်းဖြစ်ရပ်အချို့ကိုလည်း ဖော်ပြထားပေသည်။

တည်ရှိနေသောတောတန်းကျွန်းမှ သမိုင်းရုပ်ကြွင်းများကို လေ့လာလျှင်မူကား ယင်းထက်ရှေးကျနေ သည်ကို တွေ့ရှိရ၏၊ ဤကျွန်း၌ ဗုဒ္ဓကျောက်ဆင်းတုတော်များ၊ စေတီပုထိုး၊ ဓာတ်မွေတော်များ၊ ငွေဒင်္ဂါး အထောက်အထား များ၊ ရွာဟောင်းနေရာမှသမိုင်းမှတ်တိုင်များ၊ ကျောက်စာအချို့၊ ကြေးပြားစာအချို့နှင့် အစဉ် အလာ လက်ခံယုံကြည်လာသော ဒေသပြောစကားအရ သမိုင်းမှတ်တိုင်ဖြစ်ရပ်များတို့က ဤကျွန်း၏ သမိုင်းစဉ် သက်တမ်းနှင်ဖြစ်ပျက်ခြင်းတို့ကို သက်သေထူ ညွှန်ပြလျက် ရှိနေကြပေသည်။

သို့သော် နှစ်ပရိစ္ဆေဒကြာမြင့်လာချေသည်နှင့်အညီ သမိုင်းရုပ်ကြွင်းအထောက်အထားများတို့မှာ တစ်စတစ်စ ယိုယွင်းပျက်စီးလာသည့်အပြင် အချို့မှာ ကွယ်ပျောက်သွားသည်ကတစ်ကြောင်း၊ အစဉ်အလာ ပြောစကားတို့မှာ စာပေမဝင် ပေမတင်ထားကြသည်က တစ်ကြောင်းတို့ကြောင့် နောင်လာနောင်သား များအဖို့ တောတန်းကျွန်းမှ သမိုင်းဖြစ်ရပ်များကို ပြည့်စုံအောင် သိရှိနိုင်ကြတော့မည်မဟုတ်ချေ။

ယင်းကိုအကြောင်းပြုရင်း (၃. ၅. ၉၅)နေ့က တောတန်းကျွန်းသို့ ခရီးစထွက်ဖြစ်ခဲ့ပြီး သုံးရက်အကြာ၊ တစ်တောင်ကျော် တစ်တောင်ဖြတ်၊ တစ်ချိုဝင်ဖြင့် လေ့လာမှုပြုခဲ့၏။ မျက်မြင်တွေ့ရှိရသော သမိုင်းရုပ်ကြွင်းတို့ကား များပြားလှပါဘိသည်။ ထိုအထောက်များကို စာဖြင့်တစ်မျိုး၊ ဓာတ်ပုံဖြင့်တစ်သွယ် မှတ်တမ်းတင်ခဲ့သည်။

တောတန်းကျွန်းတောင်ဘက်ခြမ်းတွင် တည်ရှိနေသောသမိုင်းမှတ်တိုင်များကို ကွင်းဆင်းလေ့လာသည့် အခါ နီးစပ်ရာအချို့ကျေးရွာများသို့လည်း ရောက်ရှိခဲ့ပေ၏။ ကျေးရွာအနီးအနားတွင် တည်ရှိနေသောဘုရား၊ စေတီ၊ ပုထိုးများနှင့် အခြားကိစ္စများကို ကျေးရွာမှ သက်ကြီးရွယ်အိုအချို့ကို မေးမြန်းခဲ့သည့်အခါ တည်ရှိနေသော သမိုင်းရုပ်ကြွင်းများ၏ သမိုင်းစဉ်ကို ထားပါဘိ။ ပါးစပ်ရာဇဝင် တစ်ခွန်းစ နှစ်ခွန်းစ ပြောပြတတ်သူကိုပင် ရှာမတွေ့ရှိရလေကား စာရေးသူအဖို့ ရခိုင်တစ်မျိုးသားလုံးအတွက် အထူးဝမ်းနည်းမှု ခံစားခဲ့ရပြန်သည်။

ယခုလက်ရှိ အထင်အရှားရှိနေကြကုန်သော ရပ်မိရပ်ဖ ရခိုင်လူမျိုးများကပင်လျှင် မိမိတို့နေထိုင်ရာ

ဒေသ တစ်ဝိုက်ခန့်၏ သမိုင်းစဉ်အချို့ကို ပြောပြနိုင်ခဲ့ခြင်းမရှိလျှင် နောင်လာမည့် ရခိုင်လူငယ်များအဖို့ကား ဝေလွန်းလေစွ။

ယင်းကြောင့် စာရေးသူသည် မိမိတတ်သိနားလည်သော စွမ်းပကားကို ဖော်ထုတ်ကြိုးပမ်းရချေ၏။ သမိုင်း ရုပ်ကြွင်းတို့ကို လေ့လာရပေ၏။ စာပေအထောက်အထားများကိုလည်း မွှေနှောက်ရှာဖွေရပေ၏။

ထိုသို့လေ့လာ၍ ဖော်ထုတ်ရသော တောတန်းကျွန်းတောင်ဘက်ခြမ်းမှ တွေ့ရှိခဲ့ရသည့် သမိုင်းမှတ်တိုင်များ၏တည်ရှိရာ သုတေသနခရီးစဉ် ဆောင်းပါးသည် ဤသို့လျှင် ပေါ်ပေါက်လာခဲ့ရချေ၏။

## စခန်းချရာ ချင်းဆိပ်ရွာ

စာရေးသူ၏ လေ့လာရေးသုတေသနခရီးစဉ်ကို သွားလာမှုလွယ်ကူစေရန် ချင်းဆိပ်ရွာမှနေ၍ စခန်းချနေထိုင်ခဲ့၏။ ဤရွာမှပင်လျှင် သွားလိုရာသို့ တစ်နေကုန်တစ်နေခန်းသွားရောက်လေ့လာ၍ ပြန်လည်ရောက်ရှိ အနားယူ အိပ်စက်ကာ မနက်မိုးလင်းသည်နှင့် စားသောက်ဖွယ်ရာများကို ထည့်ယူ၍ တောထဲမှာပင် စားသောက်လေ့လာမှု ပြုခဲ့၏။

ချင်းဆိပ်ကျေးရွာမှာ ပန်းမြောင်းကြီးချောင်း အစတည်ရာအရပ်မှ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်ဝေးကွာသော ပန်းမြောင်းကြီးချောင်း၏ မြောက်ဘက်ကမ်းနဖူးပေါ်၌ တည်ရှိသည်။

ရွာ၏အရှေ့ဘက်တွင် စံကားချောင်း၊ အနောက်ဘက်တွင် ဘုန်းကြီးတောထွက်တောင်၊ မြောက်ဘက်တွင် နန်းဇာတောင်၊ ဗောဓိတောင်၊ တောင်ဘက်တွင် ပန်းမြောင်းကြီးချောင်းတို့ဖြင့် ဝိုင်းရံတည်ရှိနေသည်။

ချင်းဆိပ်ရွာအမည်တွင်လာရခြင်းမှာ ဤရွာ၏အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာတွင်တည်ရှိသော "ချင်းပုံ"ဘုရားကို အကြောင်းပြု၍ ခေါ်တွင်လာရသော ရွာနာမည်ဖြစ်၏။ အထူးသဖြင့် ဤရွာမှာ လွန်ခဲ့သော နှစ်ပေါင်း တစ်ရာခန့် အကြာလောက်ကမှသာ ရပ်ရွာအိမ်ခြေတည်လာခဲ့သည့် ရွာတစ်ရွာပင်ဖြစ်ချေသည်။

## ပေပင်ရင်းတောင်သို့

ချင်းဆိပ်ရွာမှ အရှေ့မြောက်ခပ်ယွန်းယွန်းသို့ မိုင်ဝက်ခန့် ခရီးနှင်လေလျှင် (ပေပင်ရင်း)တောင်သို့ ရောက်ရှိ၏။ ဤတောင်မှာ ပေတစ်ရာခန့် မြင့်ပေလိမ့်မည်။ ဤတောင်ထိပ်၌ ရှေ့က ကိန်းဝပ်တော်မူခဲ့သည့် ကျောက်ဆင်းတု ဗုဒ္ဓဘုရားငယ်တစ်ဆူကို တွေ့ရ၏။ ယခုအခါ လုံးဝပျက်စီးသွားချေပြီ။ ဆင်းတု၏တင်ပဆုံ အောက်ပိုင်း တစ်ခုသာ ကျန်ရှိတော့သည်။

ဤတောင်၏တောင်ဘက်ခြေရင်း၌ ရေကန်ဟောင်းတစ်ခုကို မြင်တွေ့ရ၏။ ရှေးက ဤရေကန်၌ ပေပင်များ ရှင်သန်ကြီးထွားခဲ့သည်ဖြစ်ပေရာ ယင်းကို အကြောင်းပြု၍ ကန်ကိုလည်း ပေပင်ရင်းကန်ဟု ခေါ်တွင်၏။

## သိမ်တောင်

ပေပင်ရင်းကန်မှ တစ်ဖန် မြောက်အရပ်သို့ ခြေလျင် ငါးမိနစ်ခန့် လမ်းလျှောက်လာချေလျှင် ပေ(၅၀) ခန့်မြင့်သော တောင်ကုန်းငယ်တစ်ခုသို့ ရောက်ရှိ၏။ ဤတောင်ကို သိမ်တောင်ဟု ခေါ်တွင်၏။ ဤကုန်းမြင့်ထက်၌ ဗုဒ္ဓ ကျောက်ဆင်းတုတော်တစ်ပါးကို တွေ့မြင်ရ၏။

ဆင်းတုတော်၏ဦးတော်နှင့် ညာလက်မောင်းတို့ကား ပျက်စီးသွားလေပြီ။ ဤကုန်းမြင့်မှ အရှေ့ဘက်အရပ် ကွင်းပြင်သည်ကား ယခင်က (ပေါက်ဆိပ်)အမည်ရသော ရွာတစ်ရွာပေတည်း။ ဤရွာမှ အရှေ့ဘက်သို့ ပန်းမြောင်း

ကြီးချောင်းရှိရာကို မျက်နှာမူထား၏။ ထိုအချိန်က ဤရွာမှလူသူများသည် ဤသိမ်မှ ဗုဒ္ဓဆင်းတုတော်ကို ကိုးကွယ်ခဲ့ကြ ပေလိမ့်မည်။

အထူးသဖြင့် ဗုဒ္ဓကျောက်ဆင်းတုတော်မှာ မြောက်ဦးခေတ်လက်ရာဖြစ်နေသည့်အတွက် ဤရွာဟောင်းမှာ မြောက်ဦးခေတ်က တည်ရှိခဲ့သည့် ရွာတစ်ရွာဖြစ်ပေသည်။ တဖန် ဤရွာဟောင်းမှ မြောက်ဦးခေတ်သုံး ငွေဒင်္ဂါးအချို့ကိုလည်း ရရှိခဲ့ဖူးကြောင်း သိရ၏။

## သိုက်ထွင်းတောင်

သိမ်တော်မှတစ်ခါ အနောက်စူးစူးသို့ ခရီးအတန်ငယ် တောထဲလမ်းအတိုင်း ဆက်ပြန်လျှင် ပေခုနှစ်ဆယ်ခန့် မြင့်မားသော တောင်ခြေရင်းတစ်ခုသို့ ရောက်ရှိ၏။ ဤတောင်ကို သိုက်ထွင်းတောင်ဟု ခေါ်ဆိုကြ၏။ သိုက်ထွင်း တောင်အမည်နှင့် လျော်ညီစွာပင် တောင်အောက်ခြေရင်း၌ သိုက်တူးထားသော ထွင်းခေါင်းတစ်ခုကိုလည်း တွေ့မြင်ခဲ့ရ၏။ ရှေးက ဤတောင်ထိပ်၌မူ ကျောက်ညိုဆင်းတုတော်များ တည်ရှိခဲ့သည်ဆို၏။ ယခုအခါကား ယင်းတို့မှာ ပျက်စီးသွားလေပြီ။ ကျောက်တုံးများ ဖရိုဖရဲပြန့်ကြဲနေသော နေရာတစ်ခုကိုသာ တွေ့ရ၏။ ဤသည်မှာ ဘုရားဆင်းတု တော်များကို တင်ဆောင်သည့်ပလ္လင်ဖြစ်ပေ၏။ ဒေသခံတို့က ဤအရပ်၌ ဗုဒ္ဓဆင်းတုများအပြင် ကျောက်ဖြင့်ပြုလုပ် ထားသော ဆင်ရုပ်၊ မြင်းရုပ်များကိုလည်း ရှိခဲ့သည်ဟုဆိုကြ၏။

## ဘုရားသုံးဆူ

သိုက်ထွင်းတောင်မှ အနောက်ဘက်သို့ တောလမ်းအတိုင်း ငါးမိနစ်အကြာ ခရီးဆက်လျှင်ကား ဘုရားသုံးဆူ သို့ရောက်ရှိ၏။ ဤတောင်မှာ ပေ (၄၀)ခန့်မြင့်ပေလိမ့်မည်။ ဘုရားသုံးဆူတောင်ဟု ခေါ်တွင်ရခြင်းမှာ ဤအရပ်၌ ဗုဒ္ဓကျောက်ဆင်းတု သုံးဆူရှိသည်ကို အကြောင်းပြု၍ ခေါ်တွင်နေခြင်းဖြစ်၏။ ယခုအခါ အနည်းအကျဉ်း ပျက်စီး နေသော ဘုရားနှစ်ဆူနှင့် လုံးဝပျက်စီးပြီး ရင်သားပိုင်းတစ်ခုတည်းသာ ရှိနေသော ဗုဒ္ဓဆင်းတုတစ်ဆူကို တွေ့နိုင်ပေ သည်။

အောက်ခြေပလ္လင်ပြိုကျခြင်းမှ ပြန့်ကျဲနေသောကျောက်တုံးငယ်များကိုလည်း တွေ့ရသည်။ ဆင်းတုဘုရား သုံးဆူ ပုံစံမှာ ကျောက်တစ်လုံးတည်းကို ထုဆစ်ထားသော မြောက်ဦးခေတ် လက်ရာဟန်များဖြစ်ကြပေ၏။

## သရက်အုပ်ဘုရား

ဘုရားသုံးဆူတောင်နှင့်ဆက်စပ်လျက်ပင် ယင်းတောင်မှ အနောက်မြောက်ထောင့်အရပ်၌ ပေ(၈၀)ခန့် မြင့်မားသော တောင်ကုန်းတစ်ခုကို တွေ့ရှိရ၏။ ဤတောင်ထိပ်၌လည်း ဉာဏ်တော်သုံးတောင် တစ်ထွာမြင့်သော ဗုဒ္ဓကျောက် ဆင်းတုတော်တစ်ပါးရှိ၏။ ဤဆင်းတုကို သရက်အုပ်ဘုရားဟု အစဉ်အလာခေါ်တွင်ခဲ့ကြ၏။ အထူးသဖြင့် ဤဆင်းတုတော်မှာ မြောက်ဦးခေတ်လက်ရာမဟုတ်ဘဲ လေးမြို့ခေတ် လက်ရာဖြစ်နေသည်ကို တွေ့ရ၏။ ယခုအခါ ဤဆင်းတု တော်ကို သရက်အုပ်တောင်မှပင့်ဆောင်၍ ချင်းဆိပ် ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြန်လည်ပြုပြင်မွမ်းမံထားရှိ၏။

## ကျောက်စာအစအနများ

ရှေးယခင်က ဤအနီးဝန်းကျင်၌ပင် ကျောက်စာတစ်ခုရှိခဲ့သည်ကို ဒေသခံတို့ပြောစကားအရ သိရှိရ၏။ နောင်တွင် သိုက်ဆရာများတို့က ဤကျောက်စာကို ဖျက်ဆီးလိုက်ကြပေ၏။ ယခုအခါ ယင်းသို့ပျက်စီးပစ်သော ကျောက်တုံးကြီးမှ အစအနနှစ်ခုကို စာရေးသူတွေ့ရှိခဲ့ရ၏။ သို့သော် ကျောက်စာမှာ ဆက်စပ်၍ ဖတ်မရအောင်ဖြစ်နေ၏။ စာလုံးအက္ခရာအချို့ကို ကြည့်ရှုခြင်းဖြင့် မြောက်ဦးခေတ် ရေးထိုးသည့်စာဖြစ်ကြောင်း သိသာနိုင်ပေ၏။

### သရက်နှစ်ထပ်တောင်မှ ဇမ္ဗူပတိမင်း

ဘုရားသုံးဆူတောင်မှ အနောက်ဘက်သို့ ငါးမိနစ်ခန့်ခရီးဆက်လာလျှင် သရက်နှစ်ထပ်တောင်သို့ ရောက်ရှိ ၏။ ဤတောင်မှာ ပေ (၇၀)ခန့်မြင့်ပေလိမ့်မည်။ တောင်ထိပ်ပြင်၌ (ဇမ္ဗူပတိ)မင်းအမည်ရသော ရုပ်တုတစ်ခုကို တွေ့ရှိရ၏။ ထိုင်နေဟန်မှာ ဘူမိဖသာမုဒ္ဒြာမျိုးဖြစ်ပေ၏။ မျက်နှာတော်အောက်ဘက်သည် ပျက်စီးလျက်ရှိ၏။

### မင်းဇီရွာတောင်

ဤနန္ဒဗလစစ်သူကြီး သချိုင်းတည်နေရာ၏ မြောက်ဘက်ကွင်းပြင်သည်ကား ရှေးကတည်ခဲ့သည့် မင်းဇီရွာဟောင်းနေရာပင်တည်း။ မင်းဇီမှာ (မင်းစေ)စကားရပ်ဖြစ်ပေ၏။ ရှေးရခိုင်ဘုရင်များ လက်ထက်အခါက အမှုတော် ထမ်း အစေအပါးများကို (မင်းစော)ဟု ခေါ်ရာမှ (မင်းဇီ)ဟု ရွေ့လျှောပြောင်းလဲလာခဲ့ပေသည်။

မင်းဇီရွာဟောင်းနှင့်ပတ်သက်၍ ယနေ့အခါ ရွာဟောင်းပုံ ထင်ထင်ရှားရှားပေါ်လွင်ခြင်းကို မတွေ့ရှိရသော်လည်း ရေကန်ဟောင်းများ၊ ညောင်မျိုထားသောစေတီဟောင်းများ၊ သိမ်တော်ရာဟု အစဉ်တွင်လျက်ရှိသော ကုန်းမြင့်နှင့် ဤဒေသမှ ရရှိသည့်မြောက်ဦးခေတ် ငွေဒင်္ဂါးများက ဤရွာ၏အသက်အရွယ်ကို ဖော်ပြနေကြပါဘိသည်။

အထူးသဖြင့် ဤအရပ်ဒေသ၌ မြောက်ဦးခေတ်ကထက်စောသော တောင်ငူနေရဥ္စရာခေတ်က ဘာသာရေးနှင့်စပ်လျဉ်း၍ ဘုရင်တို့ကိုးကွယ်ပူဇော်ခဲ့သော ကျောင်းတော်အချို့တည်နေရာသည် ဤဝန်းကျင် တစ်ခုစီ၌ ဖြစ်ပေါ်ခဲ့ ကြောင်း အဆိုရှိလေသည်။

### နန္ဒပဗ္ဗတတောင်မှ သွားဖုံးတော်ဓာတ်

မင်းဇီရွာဟောင်းမှနေ၍ အနောက်ဘက်တည့်တည့်သို့ (၂၅)မိနစ်ခန့် ခြေလျင်လျှောက်လာလေလျှင် နန္ဒပဗ္ဗတ တောင်သို့ ရောက်ရှိ၏။ ဤတောင်ကို သင်ပုန်းတောင်ဟု အများက ခေါ်ဆိုကြပြီး ယင်းတောင်ထိပ်၌ တည်ရှိသော ဓာတ်တော်ကို (သင်းပုန်းတောင်) ဟု ခေါ်ဝေါ်လျက်ရှိ၏။

ယခု တွေ့မြင်ရသောဓာတ်တော်မှာ ယခင်အဟောင်းကို ဖြိုဖျက်၍ ၁၃၄၄-ခုနှစ်က အသစ် မွမ်းမံပြုလုပ်ထား ခြင်း ဖြစ်ချေသည်။

သင်းပုန်းမှာ (သွားဖုံး) ဝေါဟာရမှ ရွေ့လျား၍လာချေသည်။ မြတ်စွာဘုရားနုစဉ်ဘဝက လင်းရှည့်မင်းဖြစ်ခဲ့ဖူးရာ ယင်း၏သွားဖုံးကို ရည်ညွှန်း၍ ဌာပနာသည့်ဓာတ်ဖြစ်ပေသည်။

ဤဓာတ်တော်၏သမိုင်းစဉ်ကို ကွယ်လွန်သူ ပဏ္ဍိတ်ဦး ဦးသာထွန်းက ဤသို့အဆိုရှိခဲ့၏။

"ချစ်သောအာနန္ဒာ၊ အဥ္စနနဒီမြစ်ကြီး၏ အရှေ့ဘက်ကမ်း၌ နန္ဒပဗ္ဗတတောင်ထိပ်ဝယ် ရှေးက လင်းရှည့်မင်း ဘဝဖြင့် နေထိုင်ခဲ့သည့်အတွက် ငါ ပရိနိဗ္ဗာန်ပြုလျှင် ငါ၏သွားဖုံးတော်ဓာတ်ကို စေတီတည်လတ်၍ (သွားဖုံးတော် ဓာတ်ဟုတွင်လေလတ္တံ့။

ယခုတည်ရှိသော ဓာတ်တော်၏ဉာဏ်တော်အမြင့်မှာ (၁၇)ပေ၊ အောက်ခြေပတ်လည် (၄၁)ပေရှိပြီး ဓာတ်တော်ကို အောက်ခြေ ၂-လက်မအမြင့်ရှိသော ဖိနပ်ပေါ်၌ ဆင့်ထားသည်။

### ရွာစပါးထားမှ သတ္တဌာန

ဤဓာတော်မှ အနောက်တောင်ဘက်အရပ်သို့ နာရီဝက်ခန့်နှင်လေလျှင် စပါးထားရွာသို့ရောက်ရှိ၏။ စပါး ထားရွာမှာ လေးမြို့မြစ်၏ အရှေ့ဘက်ကမ်းနားတွင် တည်ရှိနေသော ရွာတစ်ရွာဖြစ်ပေသည်။

စပါးထားဟူသည်မှာ တောတန်းကျွန်း၌ရွှေရောင်လွှမ်းမိုးသော မြောက်ဦးခေတ်ဘုရင်များလက်ထက်က စပါး များကို သိုလှောင်ထားရာနေရာ ဖြစ်ပေ၏။

ဤဒေသတွင် သမိုင်းမှတ်တိုင်အဖြစ် စပါးထားရွာ၏အနောက်ဘက်တွင် ကပ်၍တည်ရှိနေသော တောင်တန်း ငယ်ပေါ်တွင် (သတ္တဌာန)စေတီငယ် ခုနစ်ဆူကို တွေ့ရ၏။ စေတီငယ်များမှာ တောင်တန်းငယ်၏ ဆင်ခြေလျှော အတိုင်း အစီအရီတည်ရှိ၏။

ယခုအခါ စေတီငယ်များမှာ ပျက်စီးယိုယွင်းခြင်းနှင့်အတူ မြေကြီးတွင် ပြားပြားဝပ်လျက်ရှိနေ၏။

ယင်းသို့ ပျက်စီးနေခြင်းကို မကြာမီနှစ်များက ပြုလုပ်မွမ်းမံရန်အတွက် ရွာမှဆရာတော်ဦးစီး၍ ရွာသားများ က စုပေါင်းကာ အပေါ်ဆုံးစေတီကိုသုတ်သင် သန့်ရှင်းလိုက်ရာကို စေတီအထဲမှ ခဲဘုရားတစ်ဆူ၊ ဓာတ်တော် အချို့နှင့် တောင်ဆုပ်ခန့်အရွယ်ရှိသော ကြေးပြားစာရေးထိုးထားသည့် ကြေးချပ်နှစ်ချပ်ကို ရရှိခဲ့သည်ဆို၏။

ယင်းကို ဖတ်ရှုရန်တောင်းခံလိုက်သည့်အခါ ယခုပြုလုပ်ပြီးစီးသွားလေပြီဖြစ်သည့် စေတီအထဲ၌ ဌာပနာလိုက် ကြောင်းသိရ၏။

သို့သော် အဆိုပါကြေးပြားစာမှတဆင့် မိတ္တူများကို ကူးယူထားသည့်အတွက် ယင်းမိတ္တူကိုလေ့လာ ခွင့်ရရှိခဲ့ ၏။

မိတ္တူစာအရဆိုလျှင် ယင်းစာမှာ ဗြဟ္မီအက္ခရာပွားဖြင့် ရေးထားသည့်စာဖြစ်ပေ၏။ စာ၏တစ်နေရာ၌ (သက္က ရာဇ် ၁၈၀-ခုနှစ် ခေတ္တသင်မင်းနှင့် မိဖုရား ကုမ္မာရီတို့ ကောင်းမှုတော်)ဟူ၍ ပါရှိနေလေရာ ဤစေတီ များ၏ကုသိုလ် ကောင်းမှုရှင်မှာ ပဋ္ဌာမြို့တည် ခေတ္တသင်မင်း၏ ကောင်းမှုတော်ဖြစ်ချေ၏။

## ဘိတ်တောင်ဓာတ်တောင်သို့

ယင်းမှတစ်ခါ လေးမြို့မြစ်ကမ်းအတိုင်း တောင်ဘက်တည့်တည့်သို့ နာရီဝက်ခန့် ခရီးဆက်လျှင် ဘိတ်တောင် ရွာသို့ရောက်ရှိ၏။ ဤအရပ်၌ ဘိတ်တောင်ဓာတ်တော်က တည်ရှိ၏။

ဤဓာတ်တော်မှာ ရွာ၏အရှေ့ဘက် ပေ (၃၀၀)ကျော်ခန့်မြင့်မားသော တောင်ပေါ်၌တည်ရှိ၏။

ဓာတ်တော်၏သမိုင်းစဉ်ကား ဤသို့လာရှိ၏။

"မြတ်စွာဘုရား ဖားမင်းတဇာတ်ဖြစ်ခဲ့တော်မူစဉ်က ဤအရပ်၌ ဘိတ်အောင်း၍ နေထိုင်ခဲ့ဖူး၏။ ဘိတ်အောင်း ၍ နေထိုင်ခဲ့ဖူးသော ထွင်းခေါင်းတစ်ခုသည် ယခုထိတိုင် ဓာတ်တော်၏တောင်ခြေရင်းအောက်၌ ရှိနေသေး၏။"

ယင်းဖားမင်း သွားလာကျက်စား နေထိုင်ခဲ့ဖူးသည့်အရပ်သည် ယခုထိတိုင်ရှိသေး၏။ ယင်းကို (သောင်းပြင်)ဟု ခေါ်နေဆဲဖြစ်။

ဤဘိတ်တောင်ဓာတ်တော်ကို သက္ကရာဇ် ၁၀၃၆ခုနှစ်တွင် နန်းတက်သောဘုရင် စန္ဒသုဓမ္မရာဇာမင်းက အစ ပူဇော်လှူဒါန်းခဲ့၏။

ထို့ကြောင့် ဤဓာတ်တော်မှာ နှစ်ပေါင်း (၃၀၀)ကျော် ကြာမြင့်ခဲ့ပြီး သမိုင်းဝင်သည့် ဓာတ်တော်တစ်ဆူဖြစ် ပေသည်။ ဓာတ်တော်၏တန်ခိုးအာနုဘော်တို့ကြောင့် မကြာခဏရောင်တော် ကွန့်မြူးလျက်တည်ရှိနေပေ၏။

## မောရပဗ္ဗတတောင်မှ လည်ရိုးတော်ဓာတ်

ဘိတ်တောင်ဓာတ်တော်မှ တောင်ဘက်သို့ လေးမြို့မြစ်ကမ်းအတိုင်း ဆက်လက်၍ ၂၅-မိနစ်ခန့် ခရီးဆက်လာ လျှင် သောင်းခေါင်မော်ရွာသို့ ရောက်ရှိ၏။

ရခိုင်ရာဇဝင်သစ်ကျမ်း၌ (သောင်းခေါင်မော်)ဟူသည်ကို တွေ့ရှိရ၏။ ဤဒေသ၌ မြောက်ဦးခေတ်၌ သောင်းခေါင်မော်တပ်ဟူ၍ထင်ရှား၏။

သောင်းခေါင်မော်ရွာ၏ အရှေ့မြောက်ဘက် တောင်ကမူပေါ်၌ကား သိမ်ခေါင်မိုးပြာသာဒ်၊ စောင်းတန်း၊ လှေကားတို့ဖြင့် တင့်တယ်စွာ စီရင်ပြုလုပ်ထားသော (လည်ရိုးတော်ဓာတ်) ကို ရှုမြင်ရ၏။

ဤဓာတ်တော်ကို ယခုအခါ ရပ်နီးရပ်နားမှ ကောင်းစွာပြုပြင်ထားကြသည့်အတွက် ရွှေရောင်ပြောင်ဝင်း

ဖူးမဝခြင်းအသွင်တည်ရှိ၏။

ဤဓာတ်တော်၏သမိုင်းစဉ်မှာ အောက်ပါအတိုင်းရှိပေ၏။

"လေးမြို့မြစ်ကမ်း၏ အရှေ့ဘက်တွင် တည်ရှိနေသော လည်ရိုးတော်ဓာတ်တည်ရှိရာ တောင်ကိုကား မောရပဗ္ဗအမည်ရှိဘိ၏။ ဗုဒ္ဓမြတ်စွာဘုရားသည် ဤဒေသ၌ နှစဉ်အခါက ဥဒေါင်းမင်းတဇာဖြစ်ခဲ့ဘူး၏။"

"သူရိယစက္ကမင်းလက်ထက်မှအစ ဓာတ်တော်ကို နေရဋ္ဌရာ တောင်ငူခေတ်၊ မြောက်ဦးခေတ်၊ စန္ဒသုဓမ္မရာဇာမင်းစသည်တို့က အသီးသီးကောင်းမှုပြုခဲ့ကြ၏။

၁၁၄၆-နောက်ပိုင်းတွင် ဓာတ်တော်မှာ ချုံနွယ်များဖြင့် ပြုပြင်မှုကင်းမဲ့စွာရှိခဲ့ရာမှ (၁၂၈၀)ခုနှစ်ဝန်းကျင်လောက်ကမှ ဓာတ်တော်ရောင်တော် ကွန့်မြူးသည်ကို မြင်ရ၍ အနီးအနားမှ သူတော်စင်တို့ တောခုတ်ရှင်းလင်းခြင်း ဖြင့် ယခုတိုင် အစဉ်ပူဇော်ကိုးကွယ်လျက်ရှိကြပေတုံ၏။

ဤဓာတ်တော်၏ဥာဏ်တော်မှာ ၂၈-ပေနှင့် လုံးပတ် (၆၁)ပေရှိ၏။

### တောတန်းကျွန်းဦးစေတီ

လည်ရိုးတော်ဓာတ်မှ မိနစ် ၂၀-ခန့်တောင်ဘက်သို့ လမ်းလျှောက်လာချေလျှင် တောတန်းကျွန်း၏ ကျွန်းဦး (ကျွန်းဦးချောင်း)သို့ ရောက်ရှိ၏။ တောတန်းကျွန်းဦးသည် အနောက်ဘက်တွင် လေးမြို့မြစ်နှင့် အရှေ့ဘက်တွင် ပန်းမြောင်းကြီးချောင်းတို့အကြားတွင် တည်ရှိ၏။

ဤကျွန်းဦးထိပ်၌ သိမ်ခေါင်မိုးဖြင့် စေတီတစ်ဆူတည်ရှိ၏။ ဤစေတီကို ကျွန်းဦးစေတီ (သို့မဟုတ်) ဂုတ်ဆက်တော်ဓာတ်ဟု ခေါ်ဆိုကြ၏။

ဆရာကြီး ဦးသာထွန်း၏ ပြောပြချက်အရ လေးမြို့ခေတ်က တည်ခဲ့သောစေတီဟု သိရ၏။ ခေတ်အဆက်ဆက်ပြုပြင်ခြင်းမှ ယခုတွေ့မြင်ရသောစေတီ၏အမြင့်မှာ (၁၇-ပေ၊ ၁၀-လက်မ) ရှိပြီး (၃-ပေ၊ ၃-လက်မ) ရှိသော အုတ်ခုံပေါ်၌ ဆင့်ထား၏။ အောက်ခြေလုံးပတ်မှာ (၄၂-ပေ)ရှိပြီး ရှစ်မြှောင့်ပုံဖြစ်၏။

အရံစေတီငယ်ရှစ်ဆူကိုလည်း ဆင်ခြေလျှော တောင်စောင်း၌ တွေ့မြင်ရ၏။

### ခုံမင်းရွာဟောင်းသို့

တောတန်းကျွန်းဦး ဓာတ်တော်တည်ရှိရာမှတစ်ဖန် အရှေ့မြောက်ဘက်သို့ ကွေ့၍လာပါက မင်းပတ်တောင် သို့ရောက်၏။ ဤတောင်မှ အနောက်မြောက်အရပ်သို့ မျှော်ကြည့်လျှင် (ကင်းသမားတောင်ငယ်)ကို လှမ်းမြင်ရ၏။ ကင်းသမားတောင်၏ မြောက်အရပ်၌ကား သောင်းစားပြင်ကွင်း တည်ရှိ၏။

အထူးသဖြင့် ကင်းသမားတောင်မှ အရှေ့ဘက်နေရာသည်ကား ခုံမင်းရွာဟောင်းနေရာဖြစ်ချေ၏။ ဤရွာဟောင်း၌ ရေကန်ငယ်ဟောင်းတစ်ခုကို မြင်တွေ့ရ၏။ ရွာဟောင်းနေရာမှ ကြီးမားခြင်းမရှိခဲ့ပေ။

ခုံမင်းရွာဟူသည် မြောက်ဦးခေတ် ဘုရင်များလက်ထက်ကခါက ထောင်နယ်တစ်ခုစီအဖြစ် (၄၄)ကျွန်းကို ပိုင်းခြားသတ်မှတ်၍ အုပ်ချုပ်စေခဲ့ရာ ဤတောတန်းကျွန်းတစ်ခုလုံးမှ ဖြစ်ပေါ်ခဲ့သောအမှုကိစ္စရပ်များကို မြို့တော်မြောက်ဦး တရားရုံးချုပ်သို့ သွားရောက်အစစ်ခံစရာမလိုဘဲ ဤကျွန်းအတွက် ဤနေရာ၌ပင်လျှင် တရားရုံးခွဲ(တရားခုံ) ဖွင့်၍ ကြားနာစစ်ဆေးခဲ့ရ၏။ တရားစစ်ဆေးရာဌာနခွဲတစ်ခုပင်တည်း။

ထို့ကြောင့် ဤနေရာ၌ တရားခုံဖွင့်သည်ကို အကြောင်းပြု၍ နောင်အခါ (ခုံမင်း)ရွာဟူ၍ ဖြစ်ပေါ်လာခဲ့ရချေ ၏။

### သတိုးရာဇာဘုရား

ခုံမင်းရွာဟောင်းနေရာမှ မြောက်ဘက်ပေ (၄၀၀)ခန့်အကွာလောက်တွင် တောင်ကမူမြင့်တစ်ခုပေါ်၌

ဗုဒ္ဓကျောက်ဆင်းတုတစ်ဆူကိုတွေ့ရ၏။ ဤဘုရားကို သတိုးရာဇာဘုရားဟု ယနေ့အထိ ခေါ်ဝေါ်လျက်ရှိကြ၏။ တတိယမြောက်ဦးခေတ် သက္ကရာဇ် (၁၀၁၄)ခုနှစ်တွင် နန်းတက်ခဲ့သော သတိုးဓမ္မရာဇာမင်း၏ ကောင်းမှုတော်ဖြစ်ချေ၏။

ဆင်းတုတော်ကို အကြိမ်ကြိမ်မွမ်းမံထားကြသည်ဖြစ်၍ မြောက်ဦးခေတ်ဟန်မှလွဲလျက်ပင် ရှိလေ၏။

## သတိုးရွာဟောင်းနှင့် ဝန်းကျင်

"သတိုးရာဇာဘုရား"တည်ရှိရာမှ အနောက်မြောက်ဘက်ပေ (၁၅၀၀)ခန့်အကွာသို့ ခရီးဆန့်လျှင် ကုန်းမြင့်ငယ်တစ်ခုကို ဗဟိုပြုပြီး ယင်းပတ်ပတ်လည်၌ ရှေးက လူနေအိမ်ခြေစည်ပင်ခဲ့သော ရွာဟောင်းနေရာတစ်ခုကို ရောက်ရှိ ၏။

ဤရွာဟောင်းကို (သတိုးရွာဟောင်း)ဟု ခေါ်ကြ၏။ တတိယမြောက်ဦးခေတ်ဘုရင် (သတိုးဓမ္မရာဇာ) မင်းနှင့် နီးစပ်နေသည်ဖြစ်၍ ယင်းမင်းက တည်ထောင်ချပေးခဲ့သည်ဟု" ယူဆရ၏။

ဤရွာဟောင်းအနီးဝန်းကျင်တို့၌ကား ရေကန်ဟောင်းများ၊ စေတီပုထိုးအပျက်များ၊ ဗုဒ္ဓကျောက်ဆင်းတုတော်များတို့၏ အကြွင်းအကျန်များကို တွေ့မြင်ကြရ၏။

ဤရွာ၏မြောက်ဘက်၌ကား အရှေ့ဘက်ပန်းမြောင်းကြီးချောင်းမှဝင်ရောက်လာသည့် သတိုးချောင်းငယ်တည်ရှိ၏။

သတိုးချောင်းငယ်ကို ဖြတ်ကူးပြီး အရှေ့ဘက်သို့ ခရီးဆက်ပါက စာရေးသူစတင်ခရီးထွက်လာခဲ့သည့် (ချင်းဆိပ်) ကျေးရွာသို့ပင် ပြန်လည်ရောက်ရှိလာခဲ့၏။

ဤတွင်ပင်လျှင် တောတန်းကျွန်းတောင်ဘက်ခြမ်းမှ သမိုင်းအမွေများတည်ရှိရာ မှတ်တမ်းလေ့လာမှုကို အဆုံး သတ်လိုက်ရပေ၏။

မင်းပြားမင်းသိန်းဇံ
(၉-၁၂-၉၆)

# ဝေသာလီခေတ်မှ မင်းဝတ်တန်ဆာနှင့် မကိုဋ်သရဖူဆောင်း ကျောက်ဆစ် ဆင်းတုတော်တစ်ဆူ

မောင်ဒေဝ–မြောက်ဦး

ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းသည် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်မင်း၊ ကိုယ့်ချင်းရှိကြောင်း ဂုဏ်ယူတတ်ကြစမြဲဖြစ်သည်။ ရခိုင်လူမျိုးတို့မှာလည်း ရှေးပဝေသဏီမှသည် ဓညဝတီခေတ်၊ ဝေသာလီခေတ် စသည်ဖြင့် ကိုယ့်လူမျိုး ဘုရင်မင်းမြတ်များက ရွှေထီး၊ ရွှေနန်း၊ ရွှေကြငှန်းနှင့် အုပ်စိုးလာခဲ့ပေသည်။ နှစ်ပေါင်း ငါးထောင်ခန့်တာရှည်စွာ တည်တံ့ခဲ့ပေသည်။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအမွေအနှစ်မှာလည်း နှစ်ပေါင်းနှစ်ထောင့် ငါးရာကျော်သို့ပင်တိုင်ပြီ။ ဗုဒ္ဓရှင်တော်မြတ်၏ခွင့်ပြုချက်ဖြင့် မဟာမုနိရုပ်ရှင်တော်မြတ်ကို သွန်းလုပ်ကိုးကွယ် ခွင့်ရရှိသည်။ ရခိုင်ပြည်တွင် ဗုဒ္ဓယဉ်ကျေးမှု ထွန်းကားလာသဖြင့် ခေတ်အဆက်ဆက် ဗုဒ္ဓဆင်းတုတော်များကို ကြေးနှင့်အခြားသတ္တုများဖြင့် လည်းကောင်း၊ ကျောက်ဖြင့်လည်းကောင်း၊ မြောက်မြားစွာ ပြုလုပ်ပြီး ကိုးကွယ်လာခဲ့ကြကြောင်း သိရှိရပေသည်။

အိန္ဒိယနိုင်ငံမှ ဗုဒ္ဓယဉ်ကျေးမှု ဆင်းသက်လာခဲ့သည်မှာ မှန်ပေသည်။ အိန္ဒိယနိုင်ငံ၏အနုပညာနည်းနာနှင့် ဟန်ပန်တို့ကို ရခိုင်မူ၊ ရခိုင်ဟန်၊ ရခိုင်အသွင်သို့ ပြောင်းလဲဖန်တီးကြံဆလာခဲ့ကြ၏။ ယင်းကြောင့် ရခိုင်ပြည်ရှိ ဗုဒ္ဓဆင်းတုတော်များမှာ ရခိုင်တို့၏ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန်အဖြစ်ဖြင့် တည်ထောင်ထားခြင်း ဖြစ်ပေသည်။ ယင်းသို့ ခေတ်အဆက်ဆက် သွန်းလုပ်ထုဆစ်ပြီး ကိုးကွယ်လာခဲ့ကြသော ဗုဒ္ဓဆင်းတုတော်များအနက် ယခု သျှစ်သောင်းပုထိုးတော်ကြီးသိမ်တော်အတွင်း ကိန်းဝပ်စံပယ်လျှက်ရှိသော မင်းဝတ်တန်ဆာနှင့် ကျောက်ဆစ် ဆင်းတုတော်ကို လက်လှမ်းမီသော စာပေကျမ်းဂန်များနှင့် စာရေးသူကိုယ်တွေ့မှတ်တမ်း တင်ခဲ့သမျှကို တင်ပြလိုပါသည်။ ယင်းဆင်းတုတော်မှာ မဟာမုနိဘုရားနှင့် အလွန်ဆက်စပ်မှုရှိပါသည်။ သို့နှင့် မဟာမုနိနှင့် ပတ်သက်၍ ဦးစွာပဌမ ရှင်းပြလိုပါသည်။

## (၁) အစောဆုံးမကိုဋ်ဆောင်းဘုရား

ရခိုင်ပြည်တွင် မကိုဋ်သရဖူဆောင်းပြီး မင်းဝတ်တန်ဆာများဖြင့် ရှေးဟောင်းဘုရားများကို ဖူးမြော်ရပေ သည်။ ယင်းဘုရားများအနက် အဦးဆုံး၊ အစောဆုံး၊ မကိုဋ်သရဖူဆောင်းဘုရားမှာ မဟာမုနိရုပ်ရှင်တော်ဖြစ်သည်။ ဓညဝတီ ပြည့်ရှင် စန္ဒသူရိယမင်းကြီး၏ ကောင်းမှုတော် မဟာမုနိမှာ မူလအစတွင် ရိုးရိုးသက်န်း ဝတ်ဆင်ထား ကြောင်းသိရ၏။ ထို့နောက် တစ်ဖန် ဝေသာလီမြို့တော်ကို စိုးစံခဲ့သော မဟာတဥ္စစန္ဒရား မင်းကြီးလက်ထက်တွင် ဦးသျှောင်တော် မကိုဋ်ကို ရွှေဖြင့်ပြုလုပ်တော်မူပြီး ပတ္တမြားစီလျှက် လှူဒါန်းခဲ့သည်။

မဟာတဥ္စစန္ဒရားမင်းသည် ဗုဒ္ဓရှင်တော်မြတ်နှင့် ဘီးလောင်းတော် စန္ဒသူရိယမင်းကြီးတို့ သွန်းလုပ်ခဲ့သော မဟာမုနိရုပ်ရှင်တော်အား မည်သည့်အတွက်ကြောင့် မကိုဋ်သရဖူတော်ကို ဆက်ကပ်ပူဇော်ခဲ့ပါသနည်း။ ဟိနာယာန (ထေရဝါဒ)နှင့် ကိုက်ညီပါ၏လော။ အထူးစဉ်းစားစရာဖြစ်ပါသည်။

မုံရွေးဇေတဝန်ဆရာတော်၏ "သမန္တ စက္ခုဒီပနီကျမ်း"တွင် ဤသို့တွေ့ရပါသည်။ "ပါဠိတော်၊ အဌကထာ တို့ တွင် ဘုရားသခင်၌ တန်ဆာဆင်ယင်ခြင်းမရှိ၊ လည်ရွဲဘယက်၊ လက်ကောက်၊ လက်ကျပ်၊ လက်စွပ်၊ ခြေနင်း၊

နရကင်း၊ မကိုင်ရှိစိန်တောင် ဆင်ယင်ခြင်းမရှိ။ စကြာဝဠာတစ်တိုက် တရားဟောရာတွင် တစ်ပါးသူတို့က မင်းဟူ၍ ထင်မှတ်လေကုန်သော အခိုက်အတံ့ကာလကို ရည်၍ မင်းရုပ်မင်းဝတ်တန်ဆာနှင့်တကွ ထုလုပ်ပေးသည်”ဟု ဖော်ပြ ထားပါသည်။

ထေရဝါဒပိဋကတ်ကျမ်းများကို လေ့လာသောအခါ ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်တို့တွင် တွေ့ရသည်။ ၎င်းပါဠိတော်တွင် မြတ်စွာဘုရားသည် လူ့ပြည်လောကရှိ ပရိသတ်လေးပါးတို့ဖြစ်သည့် (မင်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ သူဌေးသူကြွယ်ပရိသတ်၊ ရဟန်းပရိသတ်) တို့အပြင် ကောင်းကင်လုံးရှိ နတ်ပရိသတ်လေးပါး ဖြစ်သည့် (စတုမဟာရာဇ် ပရိသတ်၊ တာဝတိံသာ နတ်ပရိသတ်၊ မာရ်နတ်ပရိသတ်၊ ဗြဟ္မာပရိသတ်) များသို့ ကြွရောက်၍ တရားဆွေးနွေးခြင်း၊ တရားဟောကြားခြင်းများ ပြုလုပ်ကြောင်း ဖော်ပြထားပါသည်။

မြတ်စွာဘုရားရှင်သည် ပရိသတ်ရှစ်ပါးအား တရားဟောကြားသည့်အခါ မည်သည့်အဝတ်တန်ဆာများကို ဝတ်ဆင်သနည်း။ တွေးတောစရာအချက်ပင် ဖြစ်သည်။ မြတ်စွာဘုရား၏ပကတိပုံတော်မှာ ဥဿျောင်မကိုင်ရှိသရဖူ မပါ။ ပတ္တမြားနားဋောင်းများ ဝတ်ဆင်ခြင်းမရှိ။ သင်္ကန်းတော်ကို ဝတ်ရုံပြီး ကြွရောက်တရားဟောကြားခြင်းဖြစ်သည်။ သို့သော် မင်းပရိသတ် စသည့်ပုဂ္ဂိုလ်များက သူတို့၏အသွင်အပြင် ပုံသဏ္ဌာန်အတိုင်း ဖူးမြော်ကြရပေမည်။

သို့နှင့် မြတ်စွာဘုရားသည် မင်းပရိသတ် (ခတ္တိယပရိသာ) အစည်းအဝေးသို့ ကြွရောက်ပြီး တရားဟောကြားသည့်အခါ မကိုင်ရှိသရဖူဆောင်းပြီး မင်းမြောက်တန်ဆာနှင့် ၎င်းတို့၏ အကြီးအကဲမင်းကဲ့သို့ မင်းပရိသတ်များက မြင်တွေ့ကြရပေသည်။ ထို့အတူ ပုဏ္ဏားပရိသတ်၊ သူဌေးသူကြွယ်ပရိသတ်၊ ရဟန်းပရိသတ်တို့သည်လည်း ၎င်းတို့၏ အကြီးအကဲအဖြစ် တွေ့မြင်ကြရကြောင်း သိရှိရပေသည်။ သို့ဖြင့် ဝေသာလီပြည့်ရှင် မဟာသူရိယ တဥ္စန္ဒရားမင်းသည် ဘီးလောင်းတော် စန္ဒသူရိယမင်းကြီး၏ ကောင်းမှုတော် မဟာမုနိရုပ်ရှင်တော်အား ထေရဝါဒ ကျမ်းဂန်နှင့်အညီ ဥဿျောင်မကိုင်ရှိတော် ဆက်ကပ်ပူဇော်ခဲ့သည်မှာ ထင်ရှားလှသည်။

## (၂) ဝေသာလီခေတ်ကျောက်ဆစ်ဆင်းတုတော်

မြောက်ဦးမြို့ရှိ စာပေဝါသနာရှင် လူငယ်တစ်စုသည် ၁၉၈၆ခုနှစ်က ဗုဒ္ဓဆင်းတုတော်တစ်ဆူကို ပြုပြင် ကိုးကွယ်ဖို့ စီစဉ်ခဲ့ကြသည်။ ထူးဆန်းရှားပါးသောသမိုင်းဝင်ဘုရားများကို ပြုပြင်မွမ်းမံကြရန် သဘောတူကြသည်။ သို့နှင့်လူငယ်တို့သည် မြောက်ဦးမြေအနှံ့ ခြေဆန့်ခဲ့ကြသည်။ တစ်တောင်တက်၊ တစ်တောင်ကျော်၊ တစ်တောင်ဆင်းခဲ့ကြ၏။ တောင်တန်းအသွယ်သွယ် တောင်ထွဋ်နှင့် တောင်ကလပ်ပါမကျန် ရှာဖွေခဲ့ကြ၏။ ထို့နောက် ဆရာကြီး ဦးဦးသာထွန်း၏ လမ်းညွှန်ချက်အရ မင်းဝတ်တန်ဆာနှင့် မကိုင်ရှိသရဖူဆောင်း ကျောက်ဆင်း တုတော်တစ်ဆူကို တွေ့ကြရပါသည်။ ၎င်းဘုရားကို ပြန်လည်ပြုပြင် ကိုးကွယ်ဖို့အားလုံး သဘောတူကြသည်။

### (က) မူလအစကိန်းဝပ်ရာ

ယင်းမင်းဝတ်တန်ဆာနှင့် မကိုင်ရှိသရဖူဆောင်း ဆင်းတုတော်မှာ မြောက်ဦးမြို့၏အနောက်မြောက်အရပ် ကမ်းစီးပတ်ချောင်းအနီး ငွေတောင်မြို့ရိုးအနီး ခံတပ်တောင်တန်းတွင် ရှိပါသည်။ တောင်တန်းတစ်လျှောက်

အမြင့်ဆုံး တောင်တစ်လုံးရှိ၏။ ငွေတောင်ပေါက်တံတား၏ အရှေ့ဘက်ရှိတောင်ဖြစ်သည်။ ထိုတောင်ကြီးမှာ အနောက်ဘက်သို့ မျက်နှာမူပြီး သူရဲပြေး (၃)ဆင့်ရှိ၏။ ယင်းဆင်းတုသည် သူရဲပြေး(၃)ဆင့်၏ နောက်ဆုံးအဆင့် တွင်ရှိသည်။ ၎င်းအဆင့်သည် တစ်ဇကေခန့်ရှိပြီး စည်မျက်နှာပြင်ကဲ့သို့ ညီညာသောမြေအနေအထားရှိ၏။ ယင်းတွင် အခြားသော ဆင်းတုတော် စေတီတော်တို့လည်း ရှိပေသည်။

## (ခ) လောကဓံထဲက ဆင်းတုတော်

မြန်မာသက္ကရာဇ် (အေဒီ -၁၇၈၄)ခုတွင် ထီးနန်းပျက်ပြုန်း မျိုးဆိတ်သုဉ်းခဲ့ရလေပြီ။ မြန်မာမြို့ဝန် ၉ဆက်၊ နှစ်ပေါင်း (၄၀)တိုင်အောင် အုပ်ချုပ်ခဲ့သည်။ ထို့နောက် မြန်မာသက္ကရာဇ် ၁၁၈၆(အေဒီ-၁၈၂၄)မှစ၍ ရခိုင်ပြည်ကို အင်္ဂလိပ်တို့သိမ်းပိုက်၍ အုပ်ချုပ်ခဲ့သည်။ သို့နှင့် အင်္ဂလိပ်တို့လက်ထက်၌ လူဆိုး၊ သူခိုး၊ သူပုန်သူကန်များနှင့် ဘုရား ဖျက်သိုက်ဆရာများ ထူထပ်များပြားလာခဲ့၏။ သိုက်တူးသမားတို့ကြောင့် ရခိုင်ပြည်ရှိ ဗုဒ္ဓသာသနာ အဆောက်အအုံများမှာ တစ်နေ့တစ်ခြားပျက်စီးခြင်းသို့ ရောက်ခဲ့ရ၏။ ရခိုင်ပြည်ရှိ ဘုရားများတွင် ထင်ရှားကျော်ကြားခဲ့သော ဤမင်း ဝတ်တန်ဆာနှင့် မကိုဋ်သရဖူဆောင်း ဆင်းတုတော်မှာလည်း သင်္ခါရတရားကို မလွန်ဆန်နိုင်ဘဲ နှစ်ပေါင်း(၂၀၀)ကျော် ပြုပြင်ထိန်းသိမ်းမည့်သူ မရှိဖြစ်ခဲ့ရ၏။ စစ်ဘေး၊ စစ်ဒဏ်၊ မိုးဒဏ်၊ လေဒဏ်၊ ဘုရားပျက် သိုက်တူးသမားတို့၏ဒဏ် တို့ကြောင့် ဆင်းတုတော် ဦးခေါင်းတော်၊ ကိုယ်ခန္ဓာတော်၊ ပေါင်တော်၊ လက်တော်တို့မှာ ဟိုတစ်ခု သည်တစ်ခုဖြစ်လျက် ရှိနေ၏။ ဆင်းတုတော်ကိန်းဝပ်ခဲ့သည့် ကျောက်စေတီဂူတော်မှာ ကျောက်လုံးကျောက်ခဲများ၊ ပလ္လင်မှာ ကျောက်ချပ် ကျောက်အစအနအဖြစ်သို့ ပြောင်းလဲ သွားလေပြီ။ လူသူအရောက်အပေါက်ကင်းကွာပြီး တောကြီးမျက်မဲထဲတွင် ချုံနွယ်ပိတ်ဖောင်းများ ဖုံးလွှမ်း ပိတ်ဆို့လျက်ရှိသဖြင့် လူငယ်တို့ သွားရောက်တွေ့ခဲ့ကြရာတွင် အလွန်ကြေကွဲစရာ ဖူးမြော်ခဲ့ရပါသည်။

## (ဂ) မူလနေရာမှ ပင့်ဆောင်

အေဒီ ၁၉၈၇ခု မေလ(၃၁)ရက် တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် လူငယ်တို့သည် ဆင်းတုတော် ကိန်းဝပ်လျက် ရှိသည့် ငွေတောင်ခံတပ်သို့ သွားရောက်ပြီး တောခုတ်ခြင်း၊ လမ်းထွင်ခြင်း၊ ဖောက်ခြင်းများ ပြုလုပ်ကြ၏။ ဆင်းတု တော်၏ကိုယ်အင်္ဂါရပ်များကို ရှာဖွေပြီး တစ်စုတစ်ရုံးတည်း ထားကြ၏။ တရားပွဲ၊ ဆီမီး၊ အမွှေးနံ့သာများကို ဘုရား၏ ရှေ့တွင်ပူဇော်ထားကြ၏။ ထို့နောက် ဆရာကြီးဦးဦးသာထွန်း ကိုယ်တိုင် လက်စုံမိုးကာ ပရိတ်တော်များ၊ ဘေးအန္တရာယ် ကင်းဂါထာများ၊ မန္တန်များ ရွတ်ဆိုပြီး ကန်တော့ပါသည်။ လူငယ်တို့လည်း ဆရာကြီး၏ နောက်မှနေပြီး လက်အုပ်ချီကာ ရှိခိုးကြပါသည်။

လူငယ်တို့သည် မလျှော့သောဇွဲမာန်၊ ပြင်းပြသောဝီရိယများဖြင့် ဆင်းတုတော်ကို ပင့်ဆောင်ကြသည်မှာ ဂုဏ်ယူစရာကောင်းလှသည်။ ထို့ပြင် အကြံဉာဏ်များ၊ အစီအမံများကို လိုအပ်သလို အကူအညီ ပံ့ပိုးပေးသော ပုဂ္ဂိုလ်များမှာ မြောက်ဦးရှေးဟောင်းသုတေသနမှူး ဦးကျော်ထွန်းအောင် အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးဦးမြသာ အလယ်တန်းပြဆရာ ဦးထွီးမောင်တို့ ဖြစ်ပါသည်။

အစပထမပိုင်းတွင် တောင်ထိပ်မှ တောင်ခြေသို့ ‘စွပ်’တွင် ပက်လက်လှန်၍ထည့်ပြီး တအိအိလျှောချ

ပင့်ဆောင်ကြပါသည်။ ဦးတော်နှင့်အခြားအပိုင်းငယ်များကို ကိုယ်စီထမ်းရွက်ကာ တောင်ခြေသို့ ပင့်ဆောင်ကြပါသည်။ ထို့နောက် ငွေတောင်လမ်းမဆီမှ အံတော်သိမ်တော်သို့ 'စွပ်'ထဲတွင် တင်ဆောင်ပင့်ယူကြပါသည်။ ဦးတော်ကို ဆိုက်ကားထက်တွင် လူထိုင်ပြီး သူ၏ ရင်ခွင်ပေါ်တွင် ထမ်းရွက်တင်လျက် ပင့်ဆောင်လာကြသည်။ ရှေးဟောင်း လက်ရာများ မကျိုးမပဲ့၊ မပျက်စီးစေရန်ဆန္ဒဖြင့် အတတ်နိုင်ဆုံး ပြောင်းရွှေ့ပေးခြင်းဖြစ်ပါသည်။ ထိုနေ့ ညနေ (၄)နာရီတွင် အံတော်သိမ်တော်တွင် ကိန်းဝပ်ခဲ့သည်။

## (ဃ) ပြန်လည်မွမ်းမံခြင်း

သျှစ်သောင်းဘုရား ဂေါပကအဖွဲ့၏ခွင့်ပြုချက်အရ အံတော်သိမ်စေတီတော်တစ်ဆူ (အံတော်သိမ်စေတီမှ မြောက်ဘက်သို့ ဆင်းလမ်းဘေးနားတွင်ရှိသော စေတီငယ်)တွင် ဘုရားဆင်းတုတော်မရှိ ဖြစ်နေသဖြင့် ယင်းဘုရားကို တည်ထားကိုးကွယ်ဖို့ သဘောတူကြပါသည်။

သို့နှင့်ဆင်းတုတော်အား ရှေ့မူမပျက် ပန်းရံဆရာ အကျော်အမော်တစ်ဦးဖြစ်သူ ဦးကျော်အေးနှင့် ဆက်သွယ် ကြသည်။ ထိုပုဂ္ဂိုလ်ကလည်း ရှေးမူအတိုင်း ဖြစ်ရမည်ဟု ကတိပေးသဖြင့် ဇွန်လ(၁၉)ရက်နေ့ နံနက်ပိုင်းမှစ၍ သူ၏ တပည့်တပန်းများနှင့် လုပ်ကိုင်စေသည်။ ဆရာကြီး ဦးဦးသာထွန်းလည်း ဆင်းတုတော်အား မူလ၊ မူဟောင်း၊ မူမှန်ရရှိရေးအတွက် သေသေသပ်သပ်သေသေချာချာ ပြုလုပ်ကြရန် လိုအပ်သောကြောင်း အရာများကို မကြာခဏ သွားရောက်လမ်းညွှန်ပေးခဲ့သည်။ ပန်းရံဆရာတို့၏ စိတ်ရှည်လက်ရှည်မှုကြောင့် နဂိုပကတိအတိုင်း အတတ်နိုင်ဆုံး ပြုပြင်ခဲ့ရာ ဇူလိုင်လ (၃၁)ရက်နေ့တွင် အောင်မြင်စွာ ပြီးစီးခဲ့ကြောင်း သိရှိရပေသည်။

## (င) အနေကဇာတင်ပွဲ

အံတော်သိမ်စေတီရံတွင် မင်းဝတ်တန်ဆာနှင့် ထူးဆန်းသော ဘုရားတစ်ဆူတည်ရှိသည်ဟု သိလာကြသော ရဟန်းရှင်လူများသည် သွားရောက်ဖူးမြော်ကြပေသည်။ ထို့ပြင် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်များကလည်း သွားရောက်ပြီး ဓာတ်ပုံရိုက်ယူခြင်း၊ မှတ်တမ်းပြုစုခြင်းများ ပြုလုပ်လာကြသည်။ သို့နှင့်လူငယ်တို့သည် ဘုရား၏ပလ္လင်တော်အောက်တွင် စနစ်တကျ ဘုရားဝတ်ပြုနိုင်ကြစေရန် သမံတလင်းခင်းကြသည်။ ထို့ပြင် ထိုနှစ် စက်တင်ဘာလ (၆)ရက် တနင်္ဂနွေနေ့တွင် သံဃာတော် (၁၁)ပါးပင့်ဖိတ်ပြီး သံပြိုင်ရွတ်ဖတ်ကြပါသည်။

၁၉၉၂-ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်နေ့ နံနက်ပိုင်းတွင် သျှစ်သောင်းဂေါပက၏ဆန္ဒပေးမှုဖြင့် လူငယ်တို့၏ သဘောတူချက်အရ သျှစ်သောင်းဘုရား၏သိမ်တော်သို့ ပြောင်းရွှေ့ကိုးကွယ်ခဲ့သည်၊ ပြောင်းရွှေ့ရာ၌ အနည်းငယ် အထိအပွန်းရှိသဖြင့် မွမ်းမံခြင်းမှာ (၃)ရက်ခန့်ကြာခဲ့သည်။ ယခုအခါ မြောက်ဦးခေတ် ကြာမှောက် ကြာလှန် ပလ္လင်တော်တွင် ကိန်းဝပ်စံပယ်လျက်ရှိပါသည်။ သျှစ်သောင်းဘုရားကြီးသို့ ဝင်လမ်း လက်ဝဲဘက်တွင် ဖူးမြော်နိုင်ပါသည်။

## (စ) ဆင်းတုတော်၏လက်ရာမွန်

ဆင်းတုတော်၏ဦးခေါင်းတော်မှာ အနည်းငယ်ကြီးပြီး မကိုဋ်တော်ကိုလွန်စွာ လက်ရာမြောက်သော ပန်းနွယ် ပန်းခက်များဖြင့် ပြုလုပ်ထားသည်။ မကိုဋ်၏အပေါ်ပိုင်းတွင် တမာရွက်ခေါ် ပန်းခက်(၆)ခုထက်မနည်းဖြင့် မကိုဋ် တော်နှစ်ထပ် ထုဆစ်ထားရှိသည်မှာ အနုစိတ်လှသည်။ ပန်းခက်တို့၏အောက်တွင် ပန်းနွယ်၊ ပန်းလိပ်များ နှင့် ဖိန္နပြောက်များ စီတန်းထားသည်ကို တွေ့ရသည်။ မကိုဋ်၏အပေါ်ဆုံး အလယ်ထိပ်တွင် ဆံကျစ်ကို လက်ယာရစ်ခွေထားသည်။ နားရွက်တော်မှာ ပခုံးနှင့်မထိပေ။ နားပန်တော်နှစ်ခုမှာ ကွေးကောက်ပြီး နားရွက်မှ ကျနေသည်။ နားကင်းများကို ထင်ရှားစွာတွေ့ရသည်။ နဖူးတော်မှာ ကျယ်ပြန့်သည်။ မျက်လုံး၊ မျက်အိမ်၊ မျက်ရစ်၊ မျက်လွှာတို့မှာ ကြည်ညို ဖွယ်ကောင်းလှသည်။ နှာခေါင်းတော်ဖြောင့်တန်းပြီး နှာတံပေါ်သည်။ မေတ္တာဓာတ်ပြည့်ဝသော ပါးစပ်တော်တွင် တည်ငြိမ်သောအပြုံးကို ဆောင်သည်။ မေးရိုးတော်အနည်းငယ် ကားသည်။ လည်ပင်းတော် မတိုမရှည်ဖြစ်ပြီး လည်ရစ်သုံးရစ်ကို ထင်ရှားစွာဖော်ထားသည်။ ရင်ဘတ်တော်မှာ စလွယ်တော်ပါရှိပြီး စလွယ်(၃)ခုထက်မနည်းပေ။ စလွယ်တော် ကို ဘေးက ပါလီကွေးဖြင့် ထိန်းထားသည်။ (ဘုရင်မင်းမြတ်တို့သည် စလွယ်ကို ဝတ်ဆင်စဉ် ကိုယ်ကို ကိုင်းညွတ်ခြင်း ပြုရာတွင် တွဲလောင်းမကျရအောင် ပါလီကွေးဖြင့် ထိန်းထားသဖြင့် စလွယ်တော်ဝတ်ဆင်ခြင်း ဟန်ပန်ကို လှပစေ သည်။ ) စလွယ်များ၏အနားကို မုတ်ပုတီး (သို့မဟုတ်) ပုလဲလုံးများဖြင့် စီတန်းထားသည်ကို တွေ့ရ၏။ အချို့စလွယ် တွင် ပန်းများကို မကုလပုပ္ဖ(ခေါ်) မြတ်လေးပန်းကိုသော်လည်းကောင်း၊ နာဂကေသရ (ခေါ်) ကံ့ကော်ပန်းကိုလည်း ကောင်း၊ ထည့်သွင်းထုဆစ်ထားသည်မှာ အနုစိတ်လှပေသည်။ လက်မောင်းတော်တွင် မောင်းကွပ်ပါရှိပြီး ကံ့ကော် ပန်းများ စီတန်းထားသည်။ လက်ကောက်တွင် ဖိန္နပြောက်များ (သို့မဟုတ်) ပုလဲလုံးများဖြင့် စီထားသည်။ ညာဘက် လက်မှာ ပထဝီမြေကြီး (ပလ္လင်တော်)ကို မထိပေ။ ပဇက်မုဒြာ ခေါ် လူနတ်ဗြဟ္မာတို့၏ အဖူးအမြော်အပူအဇော်ကို ခံယူတော်မူဟန်ဖြစ်သည်။ ညာဘက်လက်ချောင်းများအားလုံးသည် ညို့သကျည်းကို ထိနေသည်။ ဘယ်ဘက်လက်ကို ရင်ခွင်ဝယ် ပက်လက်တင်ထားသည်။ ခြေထပ်ပလ္လင်ခွေ စံပယ်တော်မူဟန်ဖြစ်သည်။ ခါးတော်နှင့် ညို့သကျည်းအဖျားတွင် သင်းပိုင်ဝတ်ထားသည့် ဟန်အရစ်များ ဖော်ထားသည်။ ဉာဏ်တော် အတိုင်းအတာမှာ (၁)အမြင့် (မကိုဋ်အပါ အဝင်) ၄-ပေ ၅လက်မ၊ (၂) မကိုဋ်အမြင့် ၁-ပေ၊ (၃) ခါးတော်ပတ်လည် ၃ပေ ၄လက်မ၊ (၄)လက်မောင်းတော်လုံး ပတ် ၂-ပေ ၆ လက်မ၊ (၅) ဒူးစွန်းနှစ်ဖက်အကျယ် ၃ပေ ၃လက်မတို့ဖြစ်ပါသည်။

## (ဆ) ခေတ်ကာလကို ခန့်မှန်းခြင်း

ဤဆင်းတုတော်ကို မည်သည့်ခုနှစ်တွင် မည်သူ ကောင်းမှုပြုခဲ့သည်ဟု ပြောရန်မလွယ်ကူပေ၊ သို့သော် အခြားသော ဆင်းတုတော်များ၏လက်ရာနှင့် ဆက်စပ်ပြီး သုတေသနလုပ်ခြင်းဖြင့် ခေတ်ကာလအပိုင်းအခြားကို ခန့်မှန်းနိုင်ပေသည်။

(၁) ဝေသာလီနန်းမြို့၏ မြောက်ဘက်အနီးတွင် ဝေသာလီဘုရားကြီးရှိပြီး ဝေသာလီမြို့ကို စတင်တည်ထောင် ခဲ့သော မဟာမုနိ သူရိယတဥ္စန္ဒရား၏ ကောင်းမှုတော်ဖြစ်သည်။ ယင်းဝေသာလီဘုရားကြီးမှာ ယခု သျှစ်သောင်းဘုရား သိမ်တော်အတွင်းရှိသော မင်းဝတ်တန်ဆာနှင့် မကိုဋ်တော်ဆောင်းထားသည့်

ဆင်းတုတော်နှင့် နဖူးတော်၊ မျက်ရစ်၊ နှာတံ၊ နှုတ်ခမ်း၊ မေးတော်တို့မှာ နီးစပ်မှုရှိခြင်း။

(၂) မြောက်ဦးမြို့ ရှေးဟောင်းသုတေသနပြတိုက်ရှိ အေဒီ ၅-ရာစုခေတ် ကျောက်ဆစ်ဗုဒ္ဓ ဦးခေါင်းတော်ကြီး (ဝေသာလီနန်းမြို့၏ အနောက်ဘက် ပီပင်ရင်းမှရသည်။ )တွင်ပါရှိသော မျက်လွှာချထားဟန်၊ နှာတံပေါ်ဟန်၊ မေးရိုး တော်ဟန်၊ နဖူးကျယ်ပြန့်ဟန်တို့မှာ ယခု သျှစ်သောင်းသိမ်တော်ရောက် မင်းဝတ်တန်ဆာနှင့် မကိုဋ်ဆောင်း ဆင်းတု တော်နှင့် ထပ်တူထပ်မျှဖြစ်နေခြင်း။

(၃) မြောက်ဦးမြို့နယ် ထမ္မရာဇ်ကျေးရွာရှိ မြောက်ဘက်လယ်ကွင်းထဲတွင် "ဓမ္မရာဇာဘုရင်"ရှိပြီး ဝေသာလီ ပြည့်ရှင် စူဠစန္ဒရားမင်း၏ ပြည်ထိန်းအမတ်ကြီး ဓမ္မဇေယျကောင်းမှုပြုခဲ့ကြောင်း သိရသည်။ မင်းဝတ်တန်ဆာနှင့် မကိုဋ်မပါရှိသော်လည်း ယခု သျှစ်သောင်းသိမ်တော်ရောက် ဆင်းတုတော်နှင့် မျက်နှာတော်၊ လည်ပင်းတော်၊ လက်တော်အနေအထား၊ လက်ချောင်းတို့ အချိုးကျနမှုတို့မှာ တူနေခြင်း။

(၄) မြောက်ဦးပြတိုက်၊ လက်ကောက်ဈေးကျောင်းတိုက်၊ စစ်တွေမြို့ မဟာကုသလကျောင်းတော်ကြီးနှင့် အခြားရခိုင်ပြည်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် ကြေးနှင့်အခြားသတ္တုများဖြင့် သွန်းလုပ်ပြီး အလွန်သပ္ပာယ်လှသော မင်းဝတ်တန်ဆာနှင့် ဆင်းတုတော်အငယ်များစွာရှိသည်။ ရခိုင်ဘုရင်တို့သည် ရာဇာ ဘိသိက် ခံယူလိုသောအခါ ထိုမင်း ၏ဝတ်ဆင်မှုနှင့်တူအောင် မင်းဝတ်တန်ဆာ အပြည့်အစုံဖြင့် ဘုရားတစ်ဆူကို ဦးစွာသွန်းလုပ်ရသည်။ နက္ခတ်ဗေဒင်ကျမ်းများ၏အလိုအရ ရက်ကောင်းရက်မြတ်ကို ရွေးရသည်။ အထူး ကျွမ်းကျင်သူများက ရတနာများကို စုပေါင်းပြီး သွန်းလုပ်ရသည်။ ယင်းနောက် ဘိသိက်အခမ်းအနားတွင် အပူဇော်ခံရသည်။ ထို့ပြင် သာသနာပိုင် ဆရာတော်ကြီး၏ ရှေ့မှောက်တွင် ထိုဘုရားကို ဘုရင်မင်းမြတ်၏ ဦးထိပ်ပေါ်တွင်တင်ပြီး ကတိသစ္စာပြုရ၏။ မင်းကျင့်တရားဆယ်ပါးနှင့်အညီ အုပ်ချုပ်ပါမည်။ ဗုဒ္ဓသာသနာတော်ကို ချီးမြှင့်ပါမည်ဟု ကျမ်းသစ္စာ ကျိန်ဆိုကြရသည်။ သို့ဖြင့် ထိုဘုရားကို 'မဟာကျိန်ဘုရား' (မြတ်သောသစ္စာဆိုခြင်းဟု အဓိပ္ပါယ်ရသည်။) ဟူ၍လည်းကောင်း၊ "နန်းတက်ဘုရား"ဟူ၍လည်း ကောင်း၊ ခေါ်ကြသည်။ ယင်းမဟာကျိန်ဘုရားများကို ဝေသာလီခေတ်တွင် သွန်းလုပ်ကြကြောင်း၊ သုတေသီတို့ တင်ပြထားရှိပြီး ဖြစ်ပါသည်။ ယင်းမဟာကျိန်ဘုရားများ၏ မကိုဋ်တော်၊ မင်းဝတ်တန်ဆာ ဆင်ယင်မှုနှင့် မျက်နှာတော် လည်ပင်းတော်၊ လက်တော်တို့၏ သွယ်တန်းဟန် အနေအထားတို့မှာ ယနေ့သျှစ်သောင်းဘုရား သိမ်တော်ရောက် ကျောက်ဆင်းတုတော်၏ လက်ရာမွန်တို့နှင့် ပုံစံတူဖြစ်နေခြင်း။

(၅) ရခိုင်မဂ္ဂဇင်းအမှတ်(၁၃)တွင် ရခိုင်မဂ္ဂဇင်းကော်မတီမှတင်ပြထားသည့် ဆင်းတုတော်ပုံနှင့်တကွ အောက်ပါကဗျာတို့ဖြင့် ဖော်ကျူးထားသည်မှာ-

"မင်းဝတ်တန်ဆာ စုံလင်စွာနှင့်

လက်ရာမြောက်ဘိ ဝေသာလီမှ

သီရိစက္ကဆင်းတုတော်"ဟူ၍ ဝေသာလီခေတ်တွင် ထုဆစ်ခဲ့သည့် လက်ရာမွန်ဖြစ်ကြောင်း

(၆) ဆရာကြီးဦးဦးသာထွန်းနှင့် အခြားဝါရင့်သုတေသီများကလည်း ဝေသာလီခေတ်လက်ရာဖြစ်သည်ဟု အဆုံးအဖြတ်ပေးခဲ့ခြင်း စသည်တို့ဖြစ်ပေသည်။

သို့နှင့်ယခု သျှစ်သောင်းဘုရားသိမ်တော်ရှိ ဆင်းတုတော်မှာ ဝေသာလီခေတ်တွင် ထုဆစ်ကိုးကွယ်ခဲ့ကြောင်း ပြောနိုင်ပါသည်။ သို့သော် မူလကုသိုလ်ရှင် မည်သူမည်ဝါဖြစ်ကြောင်း အတတ်ပြောရန် အလွန်ခဲယဉ်းလှပေသည်။

## (ဇ) ထူးခြားထင်ပေါ် ပြည်ရခိုင်တစ်ခွင်

ယခုသျှစ်သောင်းဘုရားသိမ်တော်ရှိ ဝေသာလီခေတ်မှ ဆင်းတုတော်ကို ဘုရားဖူးလာသူတိုင်း ပီတိသောမနဿ ဖြစ်လျက်ရှိပေပြီ။ ဆွမ်း၊ ပန်း၊ အမွှေးနံ့သာ၊ ဆီမီးများ ပူဇော်နေကြပြီ။ ဆင်းတုတော်၏ ရှေ့မှောက်တွင် ဘုရားဝတ်ပြုခြင်း၊ တရားထိုင်ခြင်းများ ပြုလုပ်နေကြပြီ။ အချို့က ဇမ္ဗူပတိမင်း ချွတ်ဟန် ထုဆစ်ကိုးကွယ်ခဲ့သည်ဟူ၍လည်းကောင်း၊ မဟာယာနဂိုဏ်းဝင်တို့ ကိုးကွယ်သော ဗောဓိသတ္တဖြစ်သည်ဟူ၍ လည်းကောင်း၊ မဟာယာနဂိုဏ်းဝင်တို့ ကိုးကွယ်သော ဗောဓိသတ္တဖြစ်သည်ဟူ၍ လည်းကောင်း၊ ရခိုင်တို့၏ ဘိသိက်မင်္ဂလာအတွက် ထုဆစ်ခြင်းဖြစ်သည် ဟူ၍လည်းကောင်း၊ ထင်ကြေးပေးနေကြသည်။ အမှန်အားဖြင့် ဤသို့မဟုတ်ပေ။ မဟာသူရိယစန္ဒရားမင်းက မဟာမုနိ ရုပ်ရှင်တော်ကို မကိုင်ရှိတော်ဆက်ကပ်လှူဒါန်းသကဲ့သို့ ထေရဝါဒကျမ်းဂန်နှင့်အညီ ရည်ရွယ်၍ ထုဆစ်ကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ သို့နှင့် ဤဆင်းတုတော်ကို "ခတ္တိယ ပရိသာ" ပုံတော်ဟူ၍ ကင်းပွန်းတပ် ကမ္ပည်းတင်နိုင်ပါသည်။

ထို့ကြောင့် ဤဆင်းတုတော်ကား သျှစ်သောင်းဘုရားသိမ်တော်ကြီးအတွင်းတွင်သာမက မြောက်ဦး တစ်ခွင် ရခိုင်တစ်ပြည်လုံးတိုင်အောင် ဂုဏ်ကျက်သရေကိုဆောင်လျက် ရခိုင့်သမိုင်းဂုဏ်ရည်၊ ဝေသာလီခေတ် ၌စစ်မှန်သော ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့သည်ကို ခံယူပြီး စဉ်ဆက်မပြတ် ထွန်းပြောင်နေပေလိမ့်မည် ဖြစ်ကြောင်း တင်ပြအပ်ပါသတည်း။

မောင်ဒေဝ (မြောက်ဦး)

# မင်းပြားကင်းနှင့် မြွက်ရှည်ကင်းစား

**အသျှင်ကြီး**

အရှေ့ပြည် အင်းဝမြို့ကို စည်သူကျော်ထင်မင်းက အုပ်စိုးလျက်ရှိလေသည်။ ထိုအခါ ပဲခူးမင်း ကျော်ထင်နော်ရထာက ရန်မီးစတင်လျက် နိုင်လိုမင်းထက် ပြုလာခဲ့လေသည်။ ထို့နောက် အင်းဝဘုရင်စည်သူကျော်ထင်ကို တိုက်ခိုက်လျက် ဖမ်းယူခဲ့လေသည်။

အင်းဝမင်း၏မှူးမတ်တို့မှာ ကစဉ့်ကလျားထွက်ပြေးခဲ့ကြလေသည်။ အချို့မှာ ရခိုင်ဘုရင် နေပြည်တော် မြောက်ဦးမြို့သို့ ရောက်ရှိခဲ့ကြသည်။ မြောက်ဦးရောက် အမတ်နှစ်ဦးဆိုလျှင် လောင်းရှည်စား ဗလရဲကျော်နှင့် အမြင့် စား ဘုရင်မဏိသူတို့ ဖြစ်ကြသည်။

ထိုအမတ်နှစ်ယောက်တို့ကို ပြည့်ရှင်မင်းဖလောင်းက လက်ခံထားရှိခဲ့လေသည်။ စားရန် ရိက္ခာ၊ နေရန်အိမ်ပါ ပေးကမ်းမစ၍ နေထိုင်ခွင့်ပြုထားလေသည်။ ချမ်းသာစွာနေထိုင်လာခဲ့သည်မှာ တစ်လခန့်ကြာခဲ့လေပြီဖြစ်သည်။ တစ်နေ့သ၌ အမတ်ကြီးမဟာပညာကျော်အား ၎င်းတို့၏အရည်အသွေးကို မေးမြန်းလေသည်။

ထိုအခါ အမတ်ကြီးလျှောက်ထားသည်မှာ-

"အရှင်မင်းမြတ် -လောကုတ္တရာမှာ တဏှာကုန်မှ သံသရာကုန်ပါမည်။ တဏှာကုန်ရာ သံသရာကုန်ရာတရားကို သိနိုင်ခဲပါသည်။ ထိုတရားကို ဘုရားရှင်သည် ဟောကြားခဲ့ပါသည်။ ပထမ ဗုဒ္ဓဝစနနှင့် အဆုံး ပစ္ဆိမဝစနဟူ၍ အထင်အရှား ရှိပါသည်။

"လောကီမှာ မင်းကောင်းမင်းမြတ်တို့၏ နေရပ်၊ မြို့အင်္ဂါ ခုနှစ်ပါးရှိကြောင်းကို ကျမ်းဂန်လာရှိပါသည်။ ထိုအင်္ဂါခုနစ်ပါးစုံသော တိုင်းပြည်သည်သာ တိုင်းကြီးပြည်ကြီး ပီသပါသည်။ မင်းကောင်းမင်းမြတ်တို့၏ အုပ်စိုးသောနိုင်ငံဖြစ်ပါသည်။

ထိုမှတစ်ပါး တတ်သိလိမ္မာသော ပညာရှိတို့မှာ စကားအရာ၌ အင်္ဂါလေးတန်ရှိပါသည်။ ထိုအင်္ဂါနှင့် ဆင်ခြင် ကြည့်လျှင် မှူးမတ်တို့၏အရည်အချင်းကို ချိန်ဆ၍ သိသာနိုင်ပါသည်။ ယခု အမတ်နှစ်ယောက်တို့တွင် တစ်ယောက် က အင်္ဂါစုံ၍ တစ်ယောက်ကား မစုံညီပါ။

"ဗလရဲကျော်ဆိုလျှင် ပညာရှိ အင်္ဂါမရှိ၊ မှူးရိုးမတ်ရိုး အနွယ်မဝင်၊ တစ်ဒဂ်ဖြစ်သော သူ၏လက္ခဏာ ရှိပါသည်" ဟု လျှောက်လေသော် ပြည့်ရှင်မင်းလည်း အမိန့်ရှိလေသည်။

"ထိုနှစ်ဦးအရည်ကို ငါလည်းသိတော်မူသည်ပင်၊ သို့ရာတွင် ချမ်းသာလို၍ မှီခိုလာသောသူအား ချမ်းသာစေ ရာသည်။ သူမကောင်းမူ သူ့၌သာအပြစ်တည်း။

"ငါ့မူကား အကျိုးသာဖြစ်မည်ဆို၏။"

ထိုသို့ဆိုပြီးနောက် -

ဘုရင်မဏိသူကို မင်းပြားကင်းကို စားကျေးပေးလေသည်။ ဗလရဲကျော်ကိုကား မြွက်ရှည်ကင်းစားအရာကို ခန့်အပ်ခဲ့လေသည်။ ဘုရင်မဏိသူသည် ကျေးဇူးသစ္စာခံ၍ ကောင်းစွာနေထိုင်ခဲ့လေသည်။ ဗလရဲကျော်ကား တစ်နှစ် ခန့်သာနေခဲ့သည်။ ကင်းခွန်ငွေကို ခိုးယူပြီးလျှင် တေရွှေချောင်းလမ်းက အရှေ့ပြည်သို့ ထွက်ပြေးလေ

သည်။

ထွက်ပြေးသောဗလရဲကျော်သည် မလွတ်မြောက်ခဲ့ချေ။ ချင်းတိုင်းရင်းသားတို့က ဖမ်းဆီးမိကြ၍ ဘုရင်မင်းထံ ဆက်သခဲ့ကြ၏။ ထိုအခါ အမတ်ကြီး မဟာပညာကျော်က လျှောက်ထားပြန်လေသည်။

"အရှင်မင်းမြတ် သူယုတ်တို့အား ဘေးရန်ရှိသော ခရီးကို ကြဉ်ရှောင်လေ့ရှိပါသည်။ ထို့အတူ ပညာရှိသော သူတို့သည် သူယုတ်ကို ဝေးစွာကသာ ရှောင်ရပါမည်။ အပြစ်မပြုအပ်ပါဟုလျှောက်လေသော်-

ပြည့်ရှင်မင်းက "ပျော်ရာသာနေလေတော့"ဟု အမိန့်တော်ချမှတ်ခဲ့လေသည်။ ထို့နောက် စားသုံးရန် အသပြာ တစ်ရာငွေကိုလည်း ပေးပြီးလျှင် တိုင်းပြည်မှနှင်ထုတ်လိုက်လေသည်။

ဘုရင်မဏိသူကိုကား စိတ်ချယုံကြည်သဖြင့် ချီးမြှောက်မြဲ ပြုထားလေသည်။ မကြာမီ ကိုယ်လုပ်တော် မောင်း မသဇင်ညိုနှင့်လည်း ပေးမြားခဲ့လေသည်။ ထို့ပြင်ထပ်မံ၍ ဥဿလင်းချောင်းစား ရာထူးကိုပါ ခန့်အပ်လေသည်။

**အသျှင်ကြီး**

# ကျိန်းတောင်တော်စေတီကျောက်စာ

**ဒေါက်တာစောထွန်းအောင်**

ယေမမ္မာဂါထာထိုးကျောက်စာများသည် ဗုဒ္ဓဘာသာထွန်းကားမှု၊ စာပေရေးသားပုံ၊ သမိုင်းဆိုင်ရာအဖြစ်အပျက်စသည်တို့ကို သက်သေခံလျက်ရှိပေသည်။ တစ်နည်းဆိုရသော် ဘာသာရေး၊ စာပေ ယဉ်ကျေးမှုနှင့် သမိုင်း ကြောင်းတို့ကို ဖော်ညွှန်းရာ အထောက်အထားများလည်း ဖြစ်၍နေပေသည်။

ဝေသာလီခေတ်တွင် ပါဝင်နေသော အေဒီ ၆ ရာစု မတိုင်မီက ရေးထိုးခဲ့သည့် ယေမမ္မာဂါထာထိုး ကျောက် စာအများအပြားကို ယနေ့ထက်တိုင် ရခိုင်မြေအနှံ့အပြားမှ ရှာဖွေတွေ့ရှိနေဆဲပင် ဖြစ်ပေသည်။ ယင်းကျောက်စာ များမှာ-

(၁) နိတိစန္ဒြားမင်းကျောက်စာ

(၂) ဝေသာလီမြို့ဟောင်း သင်းကျစ်တော်တောင်မှ ကျောက်စာ

(၃) ကျောက်ဖြူမြို့မှ ကျောက်စာ

(၄) ကျောက်တော်မြို့မှကျောက်စာ

(၅) သံတွဲခရိုင် လေွမ်းမော်ကျောက်စာ

(၆) ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၏ ၁၉၅၈-၅၉ ခုနှစ်အတွက် နှစ်ချုပ်အစီရင်ခံစာတွင် ဖော်ပြသော ဝေသာလီမြို့ဟောင်းမှ ကျောက်စာ။

(၇) ဝေသာလီဘုရားကြီးကုန်းတော်မှ ကျောက်စာ---ဟူ၍ ဦးစံသာအောင်က "အေဒီ ၆ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ"စာအုပ်၌ ဖော်ပြခဲ့လေသည်။

ထို့ပြင် သံတွဲခရိုင်၊ လမူးချောင်း အိုးထိန်းခတ်အနီးမှ ရရှိသည့် ကျောက်စာ၊ သံတွဲမြို့ ရွှေအံတော် ကျောက်စာ၊ စန္ဒြားတောင်စေတီအုတ်ချပ်စာတို့သည်လည်း ယေမမ္မာဂါထာထိုးကျောက်စာများ ဖြစ်လေသည်။

အဆိုပါကျောက်စာများသည် အေဒီ ၄ရာစုမှ ၆ရာစုအတွင်း ရခိုင်ပြည်တွင် သုံးစွဲခဲ့သော ပြဟ္မီပွားအက္ခရာ များဖြင့် ရေးထိုးထားခြင်းဖြစ်လေသည်။ အဆိုပါကျောက်စာများအနက်မှ အချို့ကို ယေမမ္မာဂါထာချည်း သက်သက် ဖြင့်ရေးထိုးထားပြီး အချို့ကိုမူ ယေမမ္မာဂါထာနှင့်ယှဉ်တွဲလျက် အခြားကမ္ပည်းစာများ (ဥပမာ- စေတီတည်ခြင်း၊ အလှူဒါနပြုလုပ်ခြင်း) တို့ကိုပါ မှတ်တမ်းရေးထိုးထားသည်ကို တွေ့ရှိရပါသည်။

ပထမအမျိုးအစားတွင်--

-သင်းကျစ်တော်ကျောက်စာ

-ကျောက်ဖြူမြို့မှ ကျောက်စာ

-ကျောက်တော်မြို့မှကျောက်စာ

-ဝေသာလီမြို့ဟောင်းမှကျောက်စာ

-ဝေသာလီဘုရားကြီးကုန်းတော်မှ ကျောက်စာ

-စန္ဒြားတောင်စေတီအုတ်ချပ်စာတို့ပါဝင်ပြီး ဒုတိယအမျိုးအစားတွင်မူ--

-နီတိစန္ဒြားမင်းကျောက်စာ

-သံတွဲခရိုင် လေွမ်းမော်ကျောက်စာ



-ရွှေအံတော်ကျောက်စာတို့ ပါဝင်လေသည်။

ကျောက်စာများ ရေးထိုးရာ၌ အသုံးပြုဘာသာမှာ သက္ကဋ၊ ပါဠိနှင့် သက္ကဋပျက်၊ ပါဠိအရောအနှောတို့ ဖြစ်ကြလေသည်။

မင်းပြားမြို့ ကျိန်းတောင်စေတီကျောက်စာ

ဆရာကြီး ဦးစံသာအောင်ထံ ၁၉၈၀ပြည့်နှစ်က၊ ရခိုင်ပြည်နယ် မင်းပြားမြို့ အထက်တန်းကျောင်းမှ အထက် တန်းပြဆရာ ဦးအောင်မင်းထံမှ ကျိန်းတောင်ရှင်စေတီတည်ရှိရာ တောင်ခြေတစ်နေရာမှ ရရှိခဲ့သော ကျောက်စာကို ပုံတူကူး၍ ပေးပို့ခဲ့ပါသည်။

ဆရာကြီးသည် ထိုကျောက်စာကို အထူးကြိုးစား၍ ဖတ်ရှုခဲ့ပါသည်။ ကျောက်စာပါ ယေဓမ္မာဂါထာကို ကောင်းစွာဖတ်၍ရခဲ့သော်လည်း ပူးတွဲပါ ကမ္ပည်းစာကိုမူ တစ်ပိုင်းတစ်စမျှ အဓိပ္ပါယ်ဖော်နိုင်ခဲ့လေသည်။ မည်သို့ ဆိုစေ ဆရာကြီးဖတ်၍ ရသမျှ အစိတ်အပိုင်းနှင့် ကျောက်စာပါစာကြောင်းရေတို့ကို လက်လှမ်းမီသမျှ စီစစ်၍ ဤဆောင်းပါးတွင် ရေးသားဖော်ပြလိုက်ရပေသည်။

ကျောက်စာတွင် စုစုပေါင်း စာကြောင်းရေ (၈)ကြောင်းပါဝင်လေသည်။ စာကြောင်းရေအလိုက် ရှင်းလင်း ရာတွင် ဆရာကြီးဖတ်ရှု၍ ရသမျှအတိုင်း ဖော်ပြသွားပါမည်။

ကျောက်စာသည် အလျား ၂-ပေ၊ အနံ ၉-လက်မနှင့် အထူ ၃/၄လက်မ ရှိလေသည်။ အဆိုပါ ၂-ပေရှည် ကျောက်တုံးမှ အထက်ပိုင်း ၁-ပေ၏ စာရေးမည့် မျက်နှာကို ညှိထားရာ ယင်းအထက်ပိုင်း၏ထုမှာ ၃လက်မမျှသာ ကျန်သည်။ အောက်ပိုင်း ၁-ပေမှာ မျက်နှာညှိခြင်းမရှိသဖြင့် ၄-လက်မထူပါသည်။ စာကြောင်းရေ ၈-ကြောင်းပါရာ ပထမဆုံး သုံးကြောင်းခွဲမှာ ယေဓမ္မာကျောက်စာပင်ဖြစ်လေသည်။ ယင်းအောက်ပိုင်းရှိ စာကြောင်းရေပါ စာလုံးများကို အဓိပ္ပါယ်ဖော်ရာတွင် အခက်အခဲရှိပုံရလေသည်။ သို့သော် စာကြောင်းရေ (၆)၏ နောက်ဆုံးနှစ်လုံးဖြစ်သော "ဟိတံ"နှင့်စာကြောင်းရေ (၇)ပါ စာလုံးတို့ကိုဆက်စပ်၍ ဆရာကြီး ဦးစံသာအောင်က အောက်ပါအတိုင်း အဓိပ္ပါယ်ဖော်ခဲ့လေသည်။

ဟိတတ္တာယသတ္တာ န ဝိ/ဝဲ န္တု ဝ ဘဝန္တု

ဟိတ-အကျိုး၊ တ္တာယ-အလို့ငှာ၊ သတ္တာ-သတ္တဝါ အပေါင်းတို့သည် နဝ+က္ကန္တု+ က္ကဝ-ထွန်းသစ်စလ, မင်းကဲ့သို့ ဘဝန္တု-ဖြစ်ကြပါစေ။

ထို့အပြင် စာကြောင်းရေ (၈)ပါစာလုံးတို့ကို အောက်ပါအတိုင်း အဓိပ္ပါယ် ဖွင့်ဆိုခဲ့လေသည်။

အနုဟေဒန္တုတိ-ကောင်းမှုကို ဝမ်းမြောက်ကြပါကုန်လော

သို့ဖြစ်လေရာ ဝေသာလီခေတ် အေဒီ (၆)ရာစုမတိုင်မီက ရေးထိုးခဲ့သော ကျောက်စာအချို့တွင် ပါဝင်သကဲ့သို့ ယေဓမ္မာဂါထာနှင့်တကွ ယင်း၏နောက်ပိုင်းတွင် ပြုလုပ်ခဲ့သော အလှူဒါနအတွက် ဆုမွန်ကောင်းတောင်းသည် စာတန်းများပါ ရေးထိုးထားသည်ဟု မှတ်ယူရပါသည်။

ကျောက်စာတွင် ရေးထားသောအက္ခရာသည် အေဒီ ၄-ရာစုမှ ၆-ရာစုအတွင်း ရေးထိုးခဲ့သည်မှာ ထင်ရှား လှပါသည်။ အဆိုပါအက္ခရာများ၊ ဗျည်း၊ သရများသည် အိန္ဒိယမြောက်ပိုင်းသုံး ဖြဟ္မီပွား ဗျည်းများနှင့် ဆင်တူနေသည်။ (နောက်ဆက်တွဲကို ရှုပါ။)

ကျောက်စာတွင် သုံးစွဲထားသောဘာသာစကားအရ ဟေတုပဘဝါဟူသည် ပါဠိဘာသာဖြစ်ပြီး မဟာဂ္ဂပဏ္ဏ သည်ကား သက္ကဋဘာသာဖြစ်သဖြင့် ထိုခေတ်က ရေးထိုးခဲ့သော ကျောက်စာအချို့ကဲ့သို့ ပါဠိသက္ကဋ အရောအနှောဖြင့် ရေးထိုးထားကြောင်း သိရှိနိုင်ပေသည်။ အေဒီ (၄)ရာစုမှ (၆)ရာစုအတွင်း ယေဓမ္မာဂါထာထိုး

ကျောက်စာများကို စေတီငယ်ကျောက်စာများအဖြစ် ရေးထိုးခဲ့ကြရာ အချို့က မိမိအမည်နာမနှင့်တွဲလျက် အလှူ ဒါယကာအဖြစ်လည်းကောင်း ကောင်းမှုကုသိုလ်အစုစုတို့ကို အနုမောဒနာပြု၍လည်းကောင်း၊ ကမ္ပည်းထိုး မှတ်တမ်းတင်လေ့ရှိသည်။

နီတိစန္ဒြားမင်း မိဖုရားကျောက်စာ၌ နီတိစန္ဒြားမင်း၏ မိဖုရား သာဝီတာဒန္ဒြဖြီလာသည် စေတီတော်ကို တည်ထားခြင်းဟူသော အလှူတော်ကို ပြုလုပ်လှူဒါန်းသည်ဟု ကမ္ပည်းတင်ခဲ့၏။ အဆိုပါ မိဖုရားအမည်စာတမ်းပါ ကျောက်စာကိုပင် သံတွဲမြို့ ရွှေအံတော်ကျောက်စာ၌ တွေ့ရှိရပေသည်။ သံတွဲခရိုင် ငလွမ်းမော်ကျောက်စာတွင်မူ "ဥပါသကာပ ဤဂါ၊ ဥပါသာဏောမဝမ္မတို့သည် အမိအဖတို့၏ ကုသိုလ်ကောင်းမှုအကျိုးငှာ ပြုလုပ်လှူဒါန်းသည်" ဟု ရေးသားထားလေသည်။

သံတွဲခရိုင် လမူးချောင်း အိုးထိန်းခတ်အနီးမှ ရရှိသောကျောက်စာတွင်မူ ယေဓမ္မဂါထာအပြင် "အလှူ ဒါယကာ သျှီရသည် စေတီတော်ကို ပြုလုပ်ပြီး၍-" ဟု မပြီးပြတ်သေးသော စာတစ်ကြောင်းပါဝင်လေသည်။

မင်းပြားမြို့ ကျိန်းတောင်စေတီတည်ရှိရာ တောင်ခြေရင်း၌ ကျောက်စာသည်လည်း စေတီတည်ရာတွင် ရေးထိုးခဲ့ပြီး ယင်းစေတီပြိုပျက်ရာမှ ပြုတ်ထွက်လာခြင်း ဖြစ်နိုင်ပါသည်။ ယေဓမ္မာဂါထာနှင့်တွဲဖက်၍လည်း ကမ္ပည်း စာများကို ဆက်လက်ရေးထိုးထားရာ အလှူဒါယကာမှ မိမိပြုလုပ်သောအလှူအတွက် သတ္တဝါ အပေါင်းတို့အား ဝမ်းမြောက်စွာ ဆုတောင်းပတ္တနာပြုထားကြောင်း ခန့်မှန်း၍ရသော်လည်း အလှူဒါယကာ၏ အမည်ကိုကား ဖော်ထုတ်နိုင်ခြင်းမရှိသေးပါကြောင်း တွေ့ရှိရပါသည်။

ဒေါက်တာ စောထွန်းအောင်

# ကုမာရဒေဝီမိဖုရားကျောက်စာ

**အရှင်ကောသလ္လ (ဂဝေသီ)**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာများကို သုတေသနပြု၍ ဖော်ထုတ်တင်ပြနေကြသည်။ သုတေသနပညာရှင်များသည် သိပ္ပံနည်းကျ သုတေသနလုပ်ငန်းပြုလုပ်၍ မိမိတို့တွေ့ရှိရမှုကို ဖော်ထုတ်တင် ပြကြ၏။

ယင်းသုတေသနပညာရှင်များ တင်ပြမှုတို့ကို သမိုင်းပညာရှင်များက သုတေသနပညာရှင်များ၏ ဖော်ထုတ် တင်ပြမှုနှင့် သမိုင်းပါအကြောင်းအရာတို့ကို ယှဉ်တွဲဖော်ထုတ်၍ ရေးသားတင်ပြကြလေသည်။

သမိုင်းအရ ရုပ်ဝတ္ထုများ

မုံရွေးဆရာတော်၏ သမန္တစက္ခုဒီပနီကျမ်းနှင့် ဝက်စွက်မြို့စား ဒုတိယနဝဒေး၏ ပေါရာဏဒီပနီကျမ်းတွင် သမိုင်းဆိုင်ရာရှေးအကျဆုံး ရုပ်တုတော်များကို တင်ပြထားလေသည်။ ထို့အတူ ရခိုင်သမိုင်းတို့တွင်

(၁) မဟာမြတ်မုနိ (မန္တလေးမြို့)

(၂) ရွှေဘုံသာမုနိ (ပန်းတောင်းမြို့)

(၃) ရှင်ကျော်မုနိ (ရွှေတောင်မြို့)

(၄) မာန်အောင်မြင်မုနိ ( ဇလွန်မြို့)

(၅) လာဘမုနိ (မန္တလေးချမ်းသာကြီးကျောင်းတိုက်)

(၆) မေတ္တာယျရွှေဆင်းတု (ဒွါရာဝတီသံတွဲ-ပျက်စီး)

(၇) စန္ဒမုနိ (မြောက်ဦးမြို့၊ ဗန္ဓုလကျောင်းတိုက်)

စသည်ဖြင့် ဘီစီခေတ်ကာလကပင် သွန်းလုပ်ပူဇော်ခဲ့ကြကြောင်း သမိုင်းမှတ်တမ်းအသီးသီးတွင် တွေ့ရှိရသည်။

## သုတေသီများအမြင်

ဥရောပတိုက်သား သုတေသီအချို့က ခရစ်နှစ် ၁၀၀ အတွင်း အေဒီ (၁)ရာစု၊ သာသနာနှစ် (၆၀၀) ခြောက်ရာ ကျော်အထိ ဗုဒ္ဓဘုရားရုပ်တု မပေါ်သေးကြောင်း တင်ပြထားကြသည်။

ယင်းကဲ့သို့ တင်ပြမှုကြောင့် အထက်ပါသမိုင်းဝင် ရုပ်တုတော်များအပေါ်တွင် သံသယဝင်လျက်ရှိပြီး ဖော်ပြပါ ရုပ်တုများအပေါ် အကြည်ညိုပျက်စေသော အရေးအသားများဖြင့် ရေးသားဖော်ပြမှုမျိုးကိုပင် ဖတ်ရှုနေရလေသည်။

## သံသယမဝင်သင့်

ဥရောပတိုက်သား သုတေသီအချို့က ခရစ်သက္ကရာဇ် (၁၀၀)၊ အေဒီ(၁)ရာစုအတွင်း တည်ဆောက်သော စေတီဟောင်း၊ ပုထိုးဟောင်း၊ ဂူဟောင်းစသည်တို့တွင် ဗုဒ္ဓရုပ်တုတော်မတွေ့ကြောင်း၊ ဘုရားရုပ်တုနေရာ၌ ခြေတော် ရာ၊ ပလ္လင်စသော အမှတ်အသားများသာ တွေ့ရကြောင်း။

သို့ဖြစ်၍ ဗုဒ္ဓရုပ်တုသည် ခရစ်နှစ်(၁၀၀)ကျော်မှသာ ပေါ်ပေါက်ကြောင်း အဆိုရှိလေသည်။ ယင်းကဲ့သို့ ဥရောပသုတေသီအချို့၏ တင်ပြမှုကို "ကုမာရဒေဝီ"ကျောက်စာက မှားယွင်းနေကြောင်း သက်သေခံနေပေရာ ရုပ်တု တော်များအပေါ် သံသယမဝင်ပဲ ကြည်ညိုသဒ္ဓါ ပွားများကြစေလိုပါသည်။

ကုမာရဒေဝီမိဖုရားကျောက်စာ

အိန္ဒိယနိုင်ငံ၌ ဓမ္မစကြာတရားဟောရာ မိဂဒါဝုန်အရပ်၊ ဆာနယ်ဒေသတွင် ဓမ္မေကစေတီတစ်ဆူရှိသည်။ ယင်းဓမ္မေက စေတီအနီး၌ ကောဇာသက္ကရာဇ် ၁၂၇၀ ပြည့်နှစ်၊ ခရစ်နှစ် ၁၉၀၈ ခုနှစ်တွင် ဒေါက်တာမာရှယ် (Dr. Marshall )က ကျောက်စာတစ်ချပ် တွေ့ရှိခဲ့သည်။

ယင်းကျောက်စာမှာ နာဂရီဘာသာဟောင်းဖြင့် ရေးထိုးထားသည်။ ရေးထိုးထားသောကျောက်စာရှင်မှာ ဘုရင် ဂေါဝိန္ဒ၏ မိဖုရားကြီး 'ကုမာရဒေဝီ'ဖြစ်၏။ ယင်းကုမာရဒေဝီမိဖုရားသည် ကျောင်းဆောက်လုပ်လှူဒါန်းရာ၌ ရေးထိုးထားခဲ့သော ကျောက်စာဖြစ်၏။

ယင်းကျောက်စာတွင်--

"ဓမ္မာသောကမင်းကြီးလက်ထက်ကဖြစ်သော "သီရိဓမ္မစက္ကရာဇိန"မည်သော ဗုဒ္ဓရုပ်တုတော်ကို ပြင်ဆင်သည်'ဟု ပါရှိသည်။

## သုံးသပ်တင်ပြချက်

ကုမာရဒေဝီကျောက်စာကိုထောက်ဆ၍ ခရစ်မပေါ်မီ အနှစ်သုံးရာ (ခရစ်ကြိုသုံးရာစု)ကပင် ဗုဒ္ဓရုပ်တုတော်ထုလုပ်ကိုးကွယ်နေပြီဖြစ်ကြောင်း သိရှိနိုင်ပေသည်။ ထိုထက်အလွန်စော၍လည်း ဗုဒ္ဓရုပ်တုတော်များ ရှိနေမည်ဆိုခြင်းကိုလည်း တွေးတောစဉ်းစားနိုင်ပါသည်။

သို့ဖြစ်၍ ဥရောပတိုက်သား သုတေသီအချို့၏ ခရစ်နှစ်တစ်ရာကျော်မှ (အေဒီတစ်ရာစုကျော်မှ) ဗုဒ္ဓရုပ်တု ပေါ်ပေါက်ကြောင်း ယူဆတင်ပြမှုများမှာ လွန်စွာမှားယွင်းနေကြောင်း ညွှန်ပြနေလေသည်။

## သုတေသနနှင့်ပတ်သက်၍

သုတေသနနှင့်ပတ်သက်၍လည်း အနည်းငယ်တင်ပြလိုပါသည်။ နိုင်ငံရပ်ခြားမှ သုတေသနပညာရှင်အချို့နှင့် သမိုင်းပညာရှင်အချို့က အိန္ဒိယရှိရှေးဟောင်းမြို့များသည် ဘီစီခြောက်ရာနှင့် ဘီစီသုံးရာအကြား ပေါ်ပေါက်ခဲ့ကြောင်း တင်ပြရေးသားဖူးကြသည်။

သို့သော် ၁၉၉၇ခုနှစ်တွင် အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ "ဆန်ကစ်ဆာ"အမည်ရှိ မြို့တစ်မြို့ကို ရှေးဟောင်းသုတေသနပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ကြသည်။ ယင်းမြို့မှာ ဘီစီ (၁၀၀၀)ကာလက တည်ရှိခဲ့သောမြို့ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားကြလေသည်။

ယင်းဆန်းကစ်ဆာမြို့ကို တွေ့ရှိသဖြင့် အိန္ဒိယနိုင်ငံ၌ မြို့ပြစီမံကိန်းများ ဖွံ့ဖြိုးလာပုံကို လေ့လာနိုင်တော့မည်ဟုဆိုလေသည်။ သို့ဖြစ်၍ သုတေသနလုပ်ငန်းဟူသည် အလုံးစုံမှန်ကန်ပြီဟူ၍ တထစ်ချမှတ်ယူ၍ မဖြစ်နိုင်ပေ။

၁၉၉၈ ခုနှစ်၊ ဩဂုတ်လက အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားတက္ကသိုလ်မှ ရူပဗေဒပညာရှင်များက ကြေငြာချက်ထုတ်ပြန်ပြောကြားခဲ့ဘူးသည်။ ကြေငြာချက်မှာ "ကမ္ဘာမြေကြီး၏ဆွဲငင်အားကို ပိုမိုကြီးမားစေသည့် အင်အားတစ်ရပ်ကို တွေ့ရှိပြီဖြစ်၍ ထိုတွေ့ရှိချက်ကြောင့် သိပ္ပံပညာရှင် နယူတန်(၁၆၄၂-၁၇၂၇)၏ ၃၀၁နှစ်ကြာပြီဖြစ်သော ကမ္ဘာ့ဆွဲငင်အားဆိုင်ရာ ဥပဒေမှာ မှားယွင်းနိုင်ကြောင်း ကြေငြာခဲ့ဘူးလေသည်။

သို့ဖြစ်၍ သုတေသနလုပ်ငန်းဟူသည် တထစ်ချလုံးဝမှန်ကန်ပြီဟူ၍ ဆိုနိုင်ရာအံ့လော။ အဆင့်ဆင့်

ဆက်လက်သုတေသနပြုရစမြဲသာဖြစ်ပြီး၊ နောက်နောင်တွေ့ရှိချက် ပိုမိုခိုင်မာပါက ရှေ့တွေ့ရှိယူဆချက်ကို ပယ်ရမည်သာဖြစ်ပေသည်။

**နိဂုံးစကား**

ကုမာရဒေဝီမိဖုရား၏ ကျောက်စာတစ်ချပ်ကပင်လျှင် ခရစ်မပေါ်မီအနှစ်သုံးရာ (ဘီစီသုံးရာစု) ကပင် ဗုဒ္ဓရုပ်တုတော် တည်ရှိနေကြောင်း သက်သေခံနေရာ ဉရောပတိုက်သား သုတေသီအချို့၏ ယူဆချက်ဖြစ်သော ခရစ်နှစ် (၁၀၀)ကျော်မှ ဗုဒ္ဓရုပ်တုပေါ်ပေါက်ကြောင်း တင်ပြမှုကို သတိပြုဆင်ခြင်ကြကုန်ရာ၏။

သို့ဖြစ်၍ သမိုင်းဝင်ရှေးဟောင်း ဗုဒ္ဓရုပ်တုတော်နှင့် ပတ်သက်၍ သံသယဝင်စရာမရှိကြောင်းနှင့် ယုံကြည်သော သဒ္ဓါတရားဖြင့် ပူဇော်ကြည်ညိုနိုင်ကြပါစေရန် တင်ပြရေးသားလိုက်ရပေသတည်း။

အရှင်ကောသလ္လ(ဂဝေသီ)

ကိုးကား
၁။ ရာဇောဝါဒကျမ်း-မုံရွေးဆရာတော်
၂။ ဗုဒ္ဓသာသနာ ၂၅၀၀ခရီး -မောင်အံ့ (ဘုံဘေ)
၃။ အရှေ့တိုင်းယဉ်ကျေးမှုဘာသာ -တတိယနှစ်ဝိဇ္ဇာ
၄။ မြောက်ပိုင်းဗုဒ္ဓဘာသာ- ဦးဘိုးကျား (အမျိုးသားပညာဝန်)

# စိုင်းတင်မြို့စား ဥက္ကာပျံ

ဝေသာ

ရခိုင်သမိုင်းမှာ ဥက္ကာပျံဆိုစွာ သင့်အောင်စိတ်ဝင်စားဖို့ ကောင်းရေ ပုဂ္ဂိုလ်တစ်ဦးပါ။ စွမ်းရည်သတ္တိပြည့်ဝရေ စစ်သားကြီးဖြစ်တေ။ အနုပညာကို စုံမက်မြတ်နိုးရေ စာပေပညာသျှင်ကြီးဖြစ်တေ။ မင်းခမောင်း၏ ရောင်းရင်းကြီးလည်း ဖြစ်ပါရေ။ ဥက္ကာပျံ ထင်ရှားကျော်ကြားခရေ ကာလကတော့ခါ ၁၆ရာစုအဆုံး၊ ၁၇-ရာစုအစပိုင်း၊ ဘုရင်မင်းရာဇာကြီး (၁၅၉၃-၁၆၁၂)လက်ထက်မှာ ဖြစ်ပါရေ။

ဥက္ကာပျံငယ်စဉ်ဘဝနန့် မိဘမည်ရည်ရို့ကို အတိအကျ မသိရပါ။ ဥက္ကာပျံရေ စိုင်းတင်မြို့စားအဖြစ်ခန့်အပ်ခံရပါရေ။ တချိန်တည်းမှာ အိမ်ရှေ့မင်းသားမင်းခမောင်း၏ အကြီးတော်အဖြစ်လည်းသွင့် မင်းတရားကြီးက ခန့်အပ်တာဝန်ပီးခပါရေ။

မင်းခမောင်းဆိုစွာက အရွယ်နန့်မမျှအောင် ကြမ်းကြုတ်ရိုင်းစိုင်းရေ မင်းသားဖြစ်ပါရေ။ ဥက္ကာပျံက သွန်သင်ဆုံးမ ပဲ့ပြင်စွာတိလည်း မင်းသားချေဘားမှာ နားဝင်ထိရောက်ခလီဖို့ မဟုတ်ပါ။ မင်းသားချေရေအလဇ္ဇီထိုး၊ ဆပွတ်သတ်၊ ပြောခဲနက် ဆိုခဲနက်ဖြစ်နီပါရေ။ သူ့ကိုအလိုလိုက်လို့ အချစ်ကြီးချစ်တေ ခမည်းတော်မင်းကြီးကိုတောင်မှ အကျိုးနည်းအောင် ပြုမူခပါသိယင့်။

မင်းသားမှာ ဥက္ကာပျံအပြင် ဆလယာသတ်ဖက်အရာ ကိုးယောက်ဟိပါသိရေ။ စွမ်းရည်သတ္တိအရာမှာတော့ အားလုံးသူအပြည့်ပါဗျာယ်။ မင်းခမောင်းနန့် အေလူသန် တစ်ကျိတ်ရို့ရေ ချာလီမန်း (Charlemagne) နန်းတော်ထဲက သူရဲကောင်းဆယ့်နှစ်ယောက်ရို့ပိုင် အုပ်စုဖွဲ့ပနာ တသီးတခြားနီကတ်တေ။ ဇာအရေး ဇာကိစ္စပင် မဆို တွဲမရှောင်၊ ဗိုလ်မထားကတ်တေလူတိပါ။ မင်းသားချေမှာတော့ခါ ဒေအပေါင်းအသင်းတိနန့် မခွဲမခွာပါဗျာယ်လေ။ ဒေအုပ်စု၏ ဦးဏှောက်နန့် ဝိညာဉ်က အသူလေဆိုကေ ဥက္ကာပျံ။ ဥက္ကာပျံက စိတ်ဆွပီးလို့ ခမည်းတော်ကို လုပ်ကြံဖို့အတွက် လက်မရွံ့တစ်သိုက်ကို မင်းသားက စေလွှတ်ခပါရေ။ အရေးတော်ပေါက်ကြားလားခရေအတွက် မင်းသားနန့် သူ့လူဆယ်ယောက်စလုံး တိမ်းယှောင်ထွက်ပြီးပနာ ဟံသာဝတီမှာ ခိုလှုံခီကတ်ရပါရေ။ ဟံသာဝတီမှာ နီခကတ်တေ တစ်ချက်တစ်ပြက်အတွင်းမှာတောင် ဥက္ကာပျံရေ ပညာဉာဏ်ကြီးကျယ်နက်ရှိုင်းမှု၊ ကဗျာစွမ်းရည်ထက်မြက်မှုရို့ကြောင့် ထင်ရှား၊ ကျော်ကြား၊ လေးစားခြင်း ခံခရပါရေ။ "အသက်ကို ချမ်းသာပီးမေ"လို့ မင်းကြီးက ကတိပြုရေအတွက် မင်းခမောင်းနန့် သူ့အဖွဲ့ ရခိုင်ပြည်ကို ပြန်လာလတ်ကတ်တေ။ မင်းသားလည်း အယင်ရမြဲ အဆောင်အယောင်ကို ပြန်ရလို့ ခမည်းတော်မင်းကြီးကလည်းသွင့် ခန်းခြောက်ခြင်းမဟိရေ မေတ္တာတရားနန့် သားတော်ကို ချစ်ကြင်မြတ်နိုးလို့ ဟိနီခလီပါရေ။

အချိန်ကာလတိ ယင်းပိုင်နန့်ပင် ကုန်ဆုံးလာလတ်ပြီးကေ တစ်ခါမှာ ဟံသာဝတီကို ရခိုင်ရို့က ဝိုင်းဝန်းပိတ်ဆို့ကတ်ပါရေ။ အေပိုင်လုပ်ကြံနီရေအချိန်မှာ ဥက္ကာပျံက အရာတစ်ခါ သွီးထိုးပီးပြန်ရေအတွက် မင်းသားက ခမည်းတော်ကို လုပ်ကြံဖို့ ကြိုးစားပြန်ပါရေ။ အေတစ်ခါမှာလည်းသွင့် မင်းသားရို့ ရှုံးနိမ့်ပြန်ရေအတွက် ရန်သူဘက်ကို ထွက်ပြီး ကတ်ရပြန်ပါရေ။ ဟံသာဝတီကတော့ခါ မင်းသားနန့် အပေါင်းပါရို့ကို ဝမ်းသာအားရ ကြိုဆိုလက်ခံပါရေ။ ယေဒါလည်းသွင့် ရန်သူဘားမှာ မြှောက်စားခံရစွာထက် ခမည်းတော်မင်းကြီးလက်ထဲမှာ သီဒဏ်အပီးခံရစွာက မြတ်ပါရေဘုရား"လို့ မိဖုရားတစ်ပါးက လျှောက်ထားချက်ကို မင်းသားနားဝင်ပါရေ။ နည်းအမျိုးမျိုး

နန့် နှောင့်ယှက်ဟန့်တား ခံရကေလည်း မင်းသားနန့် နောက်လိုက်နောက်ပါရို့က အတားအဆီးအလုံးစုံကို ထိုးဖောက်ကျော်လွှားပနာ ပြည်တော်ပြန်လာလတ်ပါရေ။ မင်းသား၏သတ္တိ၊ ဇွတ္တိရို့ ထင်ရှားပေါ်လွင်ရေ အတွက် တာကြောင့် မင်းကြီးက အားလုံးကို ခြွင်းချက်မဟိ လွတ်ငြိမ်းခွင့်ပေးသနားလိုက်ပါရေ။

အရာတစ်ခေါက် ပြဿနာပေါ်စွာက သံတွဲမှာပါ။ သံတွဲမြို့ကို ဘုရားဖူးဖို့ မင်းသားထွက်တော်မူပါရေ။ သံတွဲကို ရောက်စွာနန့် ဥက္ကာပျံက အရာလှဲ့ဆော်ပြန်ပါဗျာယ်။ နှစ်ခါ ရှုံးနိမ့်ပြီးဗျာယ်၊ လုပ်ကြံဖို့ မကြိုးစားကေ့ဖိ။ ဒေတစ်ခါမှာ မင်းကြီးကို မကျေမနပ်ဖြစ်နီကတ်တေ သံတွဲသားတိကို စုစည်း၊ အတိအကျထောင်ထား ပုန်ကန်ဖိ၊ ဥက္ကာပျံက အေပိုင်အကြံပြုပါရေ။ ဘုရားကျွန် ထောင်ပေါင်းများစွာကို မင်းသားက စည်းရုံးသိမ်းသွင်းပါရေ။ စစ်အကျဉ်းသားတိလည်း ပါယင့်။ အေလူတိကို မင်းသားကိုယ်တိုင် ဦးစီးခေါင်းဆောင်ပနာ မြောက်ဦးမြို့တော်ကို ချီတက်ပါလတ်ကတ်တေ။ ဒေခေါက်ခါလည်း နေပြည်တော်စစ်သည်ရို့က သူပုန်အင်အားစုတိကို အနိုင်ယူနှိမ်နင်း လိုက်ပြန်ပါရေ။ သူပုန်အများစုက မြန်မာဘက်ကို ထွက်ပြီး လားခကတ်တေ။ မင်းသားနန့် အပေါင်းအပါရို့ကို လက်ရဖမ်းမိရေ။ ဒေတစ်ခါမှာတော့ခါ ဘုရင်မင်းရာဇာကြီးက အမျက်ဒေါသပြင်းစွာဖြစ်ပါရေ။ သက်တော်ရှည် အမတ်ကြီးက ကြားဝင်တောင်းပန်လိုက်လို့ရာ၊ မဟုတ်ဆိုကေ သူပုန်ရို့အပြစ်ဒဏ် ပြင်းပြင်းထန်ထန် ခံကတ်ရပါ ဖို့။ မင်းကြီးရေ ယောနိသောမနသီကာရနန့် သက်သက်ညှာညှာအပြစ် ပီးပါရေ။ ယေဒါလည်း ဥက္ကာပျံခံစားရရေ အပြစ်ဒဏ်ကတော့ခါ သက်သာယင့်လို့ ပြောလို့မဖြစ်ပါ။ ဥက္ကာပျံဆိုစွာ နောင်တစ်ချိန်မှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်လာဖို့ အိမ်ရှေ့မင်းသားကို ဆုံးမပဲ့ပြင်ရဖို့ အကြီးတော်ဖြစ်တေ။ ဘုရင်မင်းမြတ်၏ ယုံမှတ်ခန့်အပ်ခံရရေ ပုဂ္ဂိုလ်ဖြစ်တေ။ အဂုက မင်းသားရေ နိုင်ငံတော်နန့် ပြည်သူလူထုကို အခါပေါင်းများစွာ သစ္စာဖောက်ဖျက်တေ။ အကြမ်းဖက်နှောင့်ယှက်တေ။ အေချင့်ကို ဆင်ခြင်ကြည့်ကေ ဥက္ကာပျံရေ မင်းကြီး၏ယုံမှတ်ကိုးစားမှုကို ပစ္စလက္ခတ် အလွဲသုံးစားလုပ်သူ ဖြစ်တေ။ ယင်းအတွက်ကြောင့် ဥက္ကာပျံရေ ကြီးမားလီလံသော တာဝန်ဝတ္တရားကြီးတိနန့် ထိုက်တန်သူမဟုတ်။ မဟာမုနိဘုရားမှာ ဘုရားကျွန်အဖြစ် ဥက္ကာပျံ ထမ်းရွက်လီ။ ပြစ်ဒဏ်ချမှတ်လိုက်ပါရေ။

နှစ်ကာလတိ အများကြီး ကျော်လွန်လာရေ ကာလတစ်ခုမှာ မင်းခမောင်း ရခိုင်ထီးနန်းမှာ မင်းဖြစ်လာပါ ရေ။ မင်းခမောင်း၏ ပထမဦးဆုံး လုပ်ဆောင်ချက်က သူ့ရောင်းရင်းကြီး ဥက္ကာပျံကို လူ့အသိုင်းအဝိုင်းထဲပြန်ရောက် အောင် ခေါ်သွင်းစွာပါ။ ရခိုင်ရို့မှာ ကောင်းကောင်းကြီး ရှေးကျရေ အစဉ်အလာတစ်ခု ဟိပါရေ။ လူ့အသိုင်းအဝိုင်း အပြင်ဘက်တို့ နှင်ထုတ်ပစ်ခံထားရရေ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို လူ့အသိုင်းအဝိုင်းထဲ ပြန်ရောက်အောင် ခေါ်ယူသွတ်သွင်းဖို့ဆိုကေ ခေါ်သွင်းဖို့ ပုဂ္ဂိုလ်စွာ မူလအပြစ်ဒဏ်ချမှတ်ထားခရေ ပုဂ္ဂိုလ်ထက် ပိုလို့မြင့်မြတ်ရဖို့၊ ဘုန်းတန်ခိုးအာနုဘော် ပိုလို့ကြီးမြင့်ဖို့ လိုအပ်ပါရေ။ အဂု ဥက္ကာပျံအရေးမှာ မင်းခမောင်းစွာ ခမည်းတော်မင်းကြီး ထက် ဘုန်းတန်ခိုးအာနုဘော် အရာမှာပိုလို့ ကြီးကျယ်မြင့်မြတ်တေလို့ မဆိုနိုင်ပါသိ။ အဓမ္မပြု ဆောင်ရွက်တေ ဆိုပြန်ကေလည်း အခိုင်အမာဟိပြီးသား ဓလေ့ထုံးစံတစ်ခုကို ကျူးလွန်ဖောက်ဖျက်ရာကျပါဖို့။ ဘိသိက်ခံရေအခါက ပြုထားရေသစ္စာကို ဖောက်ဖျက်ရာကျပါဖို့ဘုရား--စသည်ဖြင့် ဥက္ကာပျံက ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ လျှောက်ထားငြင်းပယ်ပါရေ။ အကြိမ်ကြိမ်အလီလီ ဖျောင်းဖျပြောဆိုကေလည်း ဥက္ကာပျံက လက်မခံပါ။ ဥက္ကာပျံ ရေ ကြီးကျယ်မြင့်မြတ်မှုကိုလည်း တွိ့ကြုံဖူးဗျာယ်။ ပျက်စီးဆုံးရှုံးမှုကိုလည်း တွိ့ကြုံဖူးဗျာယ်။ လောကဓံတရားနှစ်ပါး လုံးနန့် ကျွမ်းဝင်ဖူးဗျာယ်။ အေအကျိုးတစ်ရားနှစ်ရပ် ဖြစ်ပေါ်လာရခြင်းအကြောင်းက မိမိ၏လုပ်ရပ်ပင်ဖြစ်တေ။

အဂုပိုင် သိမ်ငယ်နိမ့်ကျနီရေ အဖြစ်က နီပနာ ကိုယ့်လုပ်ရပ်အသီးသီးကို သုံးသပ်ဆင်ခြင်ကြည့်ချင်သိရေ။ အနိမ့် အမြင့် အတက်အကျပြွမ်းရေ မိမိဘဝတာ၏ကြွင်းကျန်ရေ အချိန်ကာလတိုကို တရားသဘောနန့် ရှုမှတ်ဆင်ခြင် ပနာ ဥက္ကာပျံ ကုန်ဆုံးကျော်လွန်လားလီပါရေ။

ဥက္ကာပျံရေ စာဆိုတော်ကြီးတစ်ဦးအဖြစ်နန့် သူ့ခေတ် သူ့ကာလ စာပေအနုပညာလောကကို ကဗျာလင်္ကာ တိနန့် ထုံမွမ်းစီနိုင်ခပါရေ။ အပိုဒ် (၁၂)ပိုဒ်ပါဝင်ရေ ရတုတစ်ပိုဒ်ကို ဥက္ကာပျံစပ်ဆိုခပါရေ။ အေရတု (၁၂)ပိုဒ် စွာ တစ်နှစ်ကာလအတွင်းမှာဟိရေ တစ်ဆယ့်နှစ်ရာသီကို ကိုယ်စားပြုဖွဲ့ဆိုထားစွာပါ။ အေရတုမှာ ဥက္ကာပျံက ယင်းခေတ်ပြည်သူရို့ ကျင့်သုံးကတ်တေ ဓလေ့၊ ထုံးစံ၊ အပြုအမူရို့ကို သိမ်သိမ်မွေ့မွေ့နန့် အလှပလှချေတိကျ ပြတ်သားစွာ ဖော်ထုတ်စပ်ဆိုထားပါလီယင့်။ အိမ်ရှေ့မင်းခမောင်း ဟံသာဝတီမှာ သုံးနှစ်တာပျော်စံရေ အချိန်က ရခိုင်ပြည်ကို အတွက်တောင် မပေါ်နိုင်လောက်အောင် မိမိလျော့လျော့ ဟိနီခပါရေ။ ယင်းပိုင်ဖြစ်နီလို့ ဥက္ကာပျံက အေတစ်ဆယ့်နှစ်ရာသီရတုကို ဆက်သွင်းခစွာပါ။ အေရတု၏အနုပညာစွမ်းအားကြောင့် မင်းခမောင်းစွာ ရခိုင် ပြည်ကို ပြန်လို့လွမ်းဆွတ်တမ်းတ အောက်မေ့မိလာရေအတွက် ဟံသာဝတီက ချက်ချင်းပြန်လာလတ်ပါရေ။

တစ်ရပ်တစ်ရွာကို ရောက်လားပနာ အနီဝီးလားခရေ လူတစ်ဦးတစ်ယောက်ကို ကိုယ့်ရပ်ကိုယ့်ရွာပြန်ဖို့ အတွက်ပေါ် တမ်းတမိလာစီအောင်ဆိုရေ ရည်ရွယ်ချက်နန့် ရတုပို့ဓလေ့တစ်ခု ရခိုင်ပြည်သူရို့ကြားမှာ ဟိခဖူးပါ ရေ။ မြန်မာရို့လက်အောက်သို့ ကျလားခရေ အလားလားအပါးပါး ကာလတိမှာ ကိုယ့်ရိုးရာအစဉ်အလာ ထုံးတမ်း တိကို ရခိုင်သားရို့က တဆတ်ဆတ်စွန့်ခွာလာကတ်ပါရေ။ ယင်းအတွက်တာနန့် အေရတုပို့ဓလေ့လည်းသွင့် အဂုဆိုကေ တစ်လည်းမကျန် ကွယ်ပျောက်လားခပါဗျာယ်။ စစ်တကောင်းခရိုင်မှာကျခါ ကုမ္ပဏီ(အစိုးရ)က ကူညီထောက်ပံ့လို့ တည်ငြိမ်အေးချမ်းရေ လူ့အဖွဲ့အစည်းတစ်ခုကို ရခိုင်သားရို့ တည်ဆောက်ခကတ်တေ။ ယင်ဉ် ကျေးမှုအစဉ်အလာတိကိုလည်းသွင့် ဆက်ပြီးကေ ထိန်းသိမ်းထားနိုင်ခကတ်ပါရေ။ စစ်တကောင်းသား ရခိုင်လူမျိုး တိ လည်ဖို့ပတ်ဖို့အတွက် ဖြစ်ဖြစ်၊ စီးပွားရေးကိစ္စအတွက်ဖြစ်ဖြစ် ရခိုင်ပြည်ကိုရောက်လာကတ်တေသူရို့မှာ အဂုသကပြောခရေ ရတုမျိုးတိ ပါလာကတ်ပါရေ။ စိတ်ဝင်စားဖို့ကောင်းစွာတစ်ခုဟိပါရေ။ သူရို့အဂုနီထိုင်ကတ် တေ စစ်တကောင်းဒေသမှာ ရတုစပ်ဆိုရေးသားခြင်းတစ်ခုတည်းနန့် လုပ်ကိုင်စားသောက်တေ လူတန်းစားတစ်ရပ် ဟိနီခြင်းပါ။

ယင်းဒေသက အိမ်ရှင်မရို့စွာ ဒင်္ဂါးတစ်ပြားအခပီးပနာ ကိုယ့်ကိစ္စနန့်ကိုက်ညီရေ ရတုတစ်ပုဒ်ကို ရွီးစပ် ခိုင်းကတ်ပါရေလတ်။ ခရီးထွက်ဖို့ကန်နီရေ ကိုယ့်အိမ်သျှင်ကို ယင်းရတုကို ပီးလိုက်ပါရေလတ်။ လုပ်ငန်းကိုင်ငန်း အောင်မြင်ပြီးစီးရေခါ အေရတုကို ဖတ်ပါလီလို့ မှတ်လိုက်ကတ်တေလို့ ဆိုပါရေ။ ရပ်ဝီးကို ရောက်လားခရေ အိမ်သျှင်ယောကျာ်းကလည်းသွင့် အချိန်ကျခါ ရတုကိုဖတ်ရှုခံစားပါဗျာယ်။ ဖတ်လိုက်စွာနန့် ကိုယ့်အိမ်၊ ကိုယ့်ယာ၊ ကိုယ့်မိသားစုရို့၏ အငွေ့အသက်တိကို ရတုက တဆင့် ခံစားရဟိလာကတ်ပါရေ။ ယေခါ ရင်ထဲနှလုံးသားထဲမှာ ချစ်ခြင်းမေတ္တာဓာတ်တိ ယိုစိမ့်လာပနာ အိမ်သျှင်ယောကျာ်းလည်း ကိုယ့်မိသားစုဘားကို ဇာပိုင်အလျင်ရောက်နိုင် ဖို့လဲ၊ ပြန်လာကတ်ရစွာဗျာယ်လို့ ဆိုပါရေ။ တစ်ခါတစ်လီမှာတော့ခါ အဆင်မပြေလို့ အိမ်သျှင်ယောကျာ်းလက်ထဲ ကို ရတုကဗျာလက်ရောက်ထည့်မပီးလိုက်နိုင်စွာမျိုးလည်း ဟိပါရေ။ အိမ်သျှင်ခရီးထွက်လို့ အင်တန်လောက်ကြာ ပြီးမှရာ ပီးပို့လိုက်ကတ်ရပါရေ။ ဇာပိုင်ပင်ဖြစ်ဖြစ်ပါ။ ရတုမြားတံရို့ကတော့ခါ ရည်မှန်းချက်ပစ်မှတ်မှာ တစ်ဆံခြည် မလွဲ ဒက်ကနဲလားစိုက်ကတ်စွာပါဗျာယ်။

ဝေသာ

ကိုးကား

San Shwe Bu; U GA Byan, The Governor otf Sindin Arakan (J.B.R.S Vol 4 Part 3, 1919)ကို ဆီလျော်အောင် ပြန်ဆိုပါသည်။

# တန်းခိုးဆရာထွန်း၏ ရာမသာခြင်း

မင်းပြားမင်းသိကြားထွက်

မြန်မာ့ယဉ်ကျေးမှု နယ်ပယ်တစ်ခွင် သမိုင်းကဏ္ဍတစ်လျှောက်တွင် ဤရာမဇာတ်တော်သည် အလွန်ပင်တွင်ကျယ်လျက်ရှိလေသည်။ လူအများ၏ပါးစပ်ဖျားမှာလည်း အတော်ပင်ရေပန်းစားလျက်ရှိလေသည်။ ဤဇာတ်တော် မှ ဇာတ်ကောင်များကို အမှီသဟဲပြုပြီး မျက်မှောက်ခေတ်များစွာသော စာရေးဆရာတို့သည် ဝတ္ထု၊ ကဗျာ၊ လင်္ကာ၊ ဆောင်းပါးအစရှိသည်ဖြင့် တင်စားဖော်ကျူး ဥပမာ ဥပစာတို့ပေးကာ စိစိညက်မျှ ရေးသားခဲ့ကြလေပြီ။

ဥပမာ-ခေါင်းဆယ်လုံးဘီလူး(ဒသဂီရိ)ကို အကြောင်းပြုပြီး လူ့လောကရှိ ဖောက်ပြန်ပြီး ကြောက်စရာကောင်းသော တဏှာ၊ ရာဂမီးလျှံနေသော သူတို့ကို အဆိုပါ ဒသဂီရိနှင့် ခိုင်းနှိုင်းပြခြင်း၊ မိန်းမတို့၏ လှခြင်း၊ ပခြင်းတို့ကို မယ်သီတာနှင့် အထောက်အထားပြုပြီး တင်စားသမှုပြုခြင်း စသည်ဖြင့် မြန်မာစာပေလောကတွင် ပြန့်နှံ့လျက်ရှိလေသည်။

စင်စစ် ဤရာမဇာတ်ထုပ်ဇာတ်လမ်းသည် မြန်မာနိုင်ငံတွင်သာမက အရှေ့တောင်အာရှတစ်ခွင်တွင်လည်း သူ့နေရာနှင့်သူ တွင်ကျယ်လျက်ရှိသည်ကို မည်သူမျှ ငြင်းနိုင်လိမ့်မည် မဟုတ်ပေ။

ယခုအခါ ဟိန္ဒူရာမ၊ ဗသျှူးရာမ၊ ယိုးဒယားရာမ၊ ပုံတော်ရာမ၊ မြန်မာရာမဟူ၍ ဇာတ်ထုပ်ဇာတ်လမ်း ငါးမျိုးရှိလေသည်။

ယင်းတို့အနက် ပုံတော်ရာမ (ဝါ) ဘုရားလောင်းရာမမှတစ်ပါး အခြားသောရာမဇာတ်တော်တို့သည် မူရင်းအားဖြင့် သက္ကဋဘာသာဖြင့် ရေးသားတည်ရှိခဲ့သော "ဟိန္ဒူရာမ"မှ ပေါက်ဖွားကွဲပြားလာသည်ဟု သုတေသီတို့က ယူဆကြလေသည်။

ဤသို့ မြန်မာယဉ်ကျေးမှုနယ်ပယ်ဝယ်တွင် ကျယ်လျက်ရှိသော ထိုရာမဇာတ်တော်သည် မြန်မာစာပေကဏ္ဍတွင်လည်း နေရာယူခဲ့သေးသည်။ ယင်းတို့ကား ဦးတိုး၏ ရာမရကန်နှင့်သာခြင်း၊ ဆရာဦးအောင်ဖြိုး၏ ရာမသာခြင်းတို့ပင်တည်း။

ဦးအောင်ဖြိုး၏ "ရာမသာခြင်း"သည်၊ ဦးတိုး၏ "ရာမသာခြင်း"လောက် မထင်ပေါ်ရခြင်းအကြောင်းမှာ ထိုသာခြင်းသည် ယခုကာလတိုင် ပုံနှိပ်စာမဖြစ်သေးပဲ လက်ရေးစာမူအဖြစ်ဖြင့်ပင် အမျိုးသားပြတိုက်ထဲ၌ရှိနေကြောင်း သိရပေသည်။ ထို့ကြောင့် ဦးတိုး၏ရာမရကန်သည်သာ စာပေလောကရှိ စာပေသမားများစွာတို့နှင့် ထိတွေ့ရင်းနှီးဆုံးဖြစ်နေတော့သည်။

ဤတွင် ဆရာဦးအောင်ဖြိုး၏ ရာမသာခြင်းကို ဖတ်ရှုခြင်းမပြုရသဖြင့် မဖော်ပြနိုင်ခဲ့သော်ငြားလည်း ဦးတိုး၏ရာမရကန်ကိုကား ဖော်ပြရမည်ထင်ပါသည်။

မြန်မာစာပေနယ်တစ်ခွင်တွင် ရာမရကန်သည် ထိပ်တန်းအရေးအဖွဲ့ စာရင်းဝင်ဟု စာပေသုတေသီတို့က သတ်မှတ်ထားကြသည်။

ဤသည်မှာလည်း ဦးတိုး၏လက်ရာတွင် စာပေအရေးအဖွဲ့၌ ယဉ်ကျေးနုနယ်သိမ်မွေ့ခြင်း၊ ကတ္တား၊ ကြိယာတို့ကို အလိုက်သင့်စွာသုံးထား၍ စကားအပိုမပါ၊ အချက်အလက်မဟာပဲ ပြောလိုရာကို ထိထိမိမိ၊ စေ့စေ့စပ်စပ်၊ တိုတိုတုတ်တုတ်ပြောဆိုခြင်း၊ အသိခက်ခဲသည့် စကားလုံးမပါပဲ လူတန်းစားမရွေး ဖတ်ရှုနားလည်နိုင်ခြင်း၊

ပေါရာဏ ဝေါဟာရ၊ ဘမ်းကဗျာများဖြင့်လည်း ပိုင်နိုင်စွာ ရေးသားနိုင်ခြင်းတို့ကြောင့်ပင် ဖြစ်တန်ရာသည်။

ထို့ပြင် ရာမရကန် ဆရာဦးတိုးသည် လောက၊ ဓမ္မ၊ ရာဇအကြောင်းတို့ကို ကျွမ်းကျင်လှ၍ လောကီထုပ္ပတ်တွင် ပိုမိုနိုင်နင်းကြောင်းလည်း သိသာလှပေ၏။

ရာမဇာတ်တော် ဇာတ်လမ်းသည် မူရင်းကိုယ်ကပင်လျှင် အနု၊ အယဉ်၊ အချစ်၊ အမုန်း၊ အကြမ်း၊ အလွမ်းတို့နှင့်တကွ ကရုဏာရသ၊ သိင်္ဂါရသ၊ အမ္ဗုတ္တရသ စသော ရသပေါင်းများစွာတို့နှင့် ပြွမ်းသော ဇာတ်ကွက် ဇာတ်လမ်း ဖြစ်ရကား ယင်းဇာတ်ကွက် ဇာတ်လမ်းကို ရကန်ကဗျာအသွင် ထင်ရှားအောင် ရေးတတ်သော်လည်း စိတ်ကူးစိတ်သန်းနုခြင်း၊ လူ့လောကကြီးကို ဝင်စား၍ ဖောက်ထွင်းမြင်နိုင်စွမ်းရှိခြင်း၊ စေ့စပ်စွာရေးဖွဲ့တတ်ခြင်းတို့ဖြင့် ပြည့်စုံမှသာ အောင်မြင်ပေမည်။

ဦးတိုးတွင် ဖော်ပြပါ အရည်အချင်းမျိုးဖြင့် ပြည့်စုံလှ၏။ ရာမရကန်၌ မယ်သီတာကစားခန်းကို သိင်္ဂါရရသမြောက်စွာ ရေးဖွဲ့ထားပုံကို အောက်ပါကောက်နှုတ်ချက်ဖြင့် ခန့်မှန်းနိုင်လေသည်။

> "မာယာတုန်း၊ ပျူဟာတုန်း၊ ဆန်းပုံကျူး၊ ကြက်ရုံးပွင့်ကတော်၊ အမော်သိုက်ဝင်၊ သူ့ရင်ခွင်မှာ၊ ရွှေစင်ရုပ်ကလေးသို့၊ နွဲ့ချင်နွဲ့၊ တွဲ့ချင်တွဲ့၊ လုပ်လဲ့လဲ့၊ တုပ်တဲ့တဲ့၊ တကဲ့ပိုးစီတုပ်ကဲ့နှယ်၊ ခါးဆိတ်စနီ၊ ကလီကလေး၊ သေးပါဘိခြင်း၊ မင်းလက်ဖွဲ့ရ ဖူးအောင်လှသည်၊ မြမုတ္တာအုံ၊ ပါးစုံပုံမှာ၊ လုံးရုံသာမလုံး၊ ဆင်ခြေများဖုံးလို့၊ ပက်စိတ်သုံးဆန်းပါထင့်၊ တနန်းတော်လုံးအလယ်မှာ"

ရာမရကန်သည် စကားလုံးရွေးချယ်ပုံကအစ အထူးဂရုပြု၍ စာဆိုရေးသားလိုသောရသကို အောက်ပါအတိုင်း ဖော်စွမ်းနိုင်လေသည်။

ဤကဲ့သို့ ရသစုံပြွမ်းသည့် အရေးအသားများပါသည့် ရာမဇာတ်တော်ကို ဦးတိုး၏ရကန်အသွင် အရေးအသားနှင့် ဦးအောင်ဖြိုး၏ ပုံနှိပ်မဖြစ်သေးသော ရာမသာခြင်းများတွင် တွေ့နိုင်လေသည်။

ထိုသို့ ရိုးမအရှေ့ခြမ်းမှ ဆရာများ၏လက်ရာအချို့ကို မြည်းစမ်းကြပြီးနောက် ပြည်ထောင်စုစာပေဘောင်သို့ တစ်ထောက်လှည့်ကြည့်ကြကုန်ဦးစို့။

ရိုးမအနောက်ခြမ်းဖွား ၁၉-ရာစု၊ ရခိုင်သာခြင်း စာပေခေတ်တစ်ခေတ်ကို ထူထောင်ခဲ့သည့် သာခြင်းစာဆို တန်းခိုးဆရာထွန်းဆိုလျှင် ရခိုင်စာပေလောကသားတိုင်း ဩချရသူဆရာတစ်ဆူ ဖြစ်လေသည်။

တန်းခိုးဆရာထွန်းသည် ရာမဇာတ်ထုတ် ဇာတ်လမ်းကို ရခိုင်သာခြင်းအသွင်ဖြင့် ပြောင်မြောက်စွာ ရေးသားခဲ့သူဖြစ်၏။

ဆရာသည် အရေးအသားအရာ၌ လူအများနားလည်လွယ်သော စကားလုံးကိုသာ ရွေးချယ်သုံးနှုန်းထားခြင်း၊ အနုအယဉ်၊ အသိမ်အမွေ့တို့တွင် အထူးနိုင်နင်းခြင်း စသော စာပေ၏အရည်အသွေးများကို ဆရာ၏ရာမသာခြင်းတွင် တွေ့ရှိရသောကြောင့်ပင် ဖြစ်လေသည်။

ထိုမျှမက ဆရာထွန်းသည် ဦးတိုး၏ဖွဲ့နည်းနှင်နှင်ပင် သိင်္ဂါရရသ၊ ကရုဏာရသ၊ ရုဒ္ဒရသ၊ အမ္ဗုတ္တရသတို့ပေါ်လွင်အောင် ရေးသားနိုင်သူလည်း ဖြစ်လေသည်။ ဥဒါဟရုဏ်အနေဖြင့် ထိုရာမသာခြင်း၏ ကောက်နှုတ်ချက်များကို ဖော်ပြပေအံ့။

ဆရာထွန်းရေးသော စာအုပ်များအထဲတွင် ဤ"ရာမ လောင်းလျာနှင့် မယ်သီတာသာခြင်း"သည် အထူးခြားဆုံးနှင့်အကောင်းဆုံး လက်ရာဖြစ်လေသည်။ စာမျက်နှာ ၂၀၀ကျော်ပါရှိပြီး ဇာတ်လမ်းကို (၁) မှ (၂၀၁)ပုဒ်

အထိ ပိုဒ်ခွဲ၍ ရေးဖွဲ့ထားသည်။

စာအုပ်၏အစပထမတွင် "မူရင်းဆရာထွန်းထံမှ ကာရန်ဝါကျ၊ ပုဒ်ပါဒတို့၊ ယုတ်လျော့ယိုယွင်း၊ မတူခြင်းကြောင့်၊ မူရင်းမူပျောင်း၊ တိမ်းစောင်းယိုယွင်း၊ ချို့တဲ့ခြင်းတို့ကို၊ ထည့်သွင်းစီးစစ်၊ အပြီးဖြစ်အောင်၊ အသစ်ထပ်မံ၊ ကာရန်သင့်စွာ၊ ရှေးရှေးမူကို၊ ရေးယူကာဖြင့်၊ အက္ခရာအစုံ၊ စကြာယုံကဲ့သို့၊ ရန်ကုန်မြို့ ပုံနှိပ်တိုက်မှ ရောင်းနေပါသည်။ ဝံသာနုရက္ခိတဖြစ်သော ရက္ခမဏ္ဍိုင်၊ ရွှေခိုင်ပြည်သူ၊ လွယ်တကူဖြင့်၊ ဝယ်ယူဖတ်ရွတ်နိုင်ရန် အကြောင်းကိုကြော်ငြာမောင်းတီး လိုက်ပါသည်။ ပြည်ကြီးသူ မိတ်ဆွေအပေါင်းတို့"ဟူ၍ ပဏာမပျိုးကာ စာဘက်ပရိသတ်တို့နှင့် မိတ်ဆက်ထားသည်ကို တွေ့ရသည်။

ယင်းစဉ်တုန်းက စာအုပ်ကြေငြာ၊ ကုန်စုံဆိုင်ကြော်ငြာနှင့် အခြားမည်သည့်ကြော်ငြာမဆို တေးထပ်၊ ကဗျာ၊ လင်္ကာရတုတို့ဖြင့် ဖတ်ရသူတို့သဘောကျအောင် ပဏာမနိဒါန်းပျိုးပြီး အမျိုးမျိုးအရောင်တင်တတ်ကြလေသည်။

ရာမဇာတ်လမ်းမစမီ ဆရာထွန်း၏ကြော်ငြာတစ်ပုဒ်မှာ "မျှားသူငါ ရေးစပ်သည်၊ ခဲမကပ်ဟို ကဗျာ၊ တေးထပ်လို့ ဆိုတာမှာ၊ လိုရာကိုဖွဲ့နှုန်း၊ လောင်းရာမသာခြင်းစာကို၊ ထွန်းဆရာဆန်းကာဖြင့်ကုံး၊ တိုင်းရက္ခပြည်ရခိုင်မှာ၊ နယ်ခရိုင်လုံးရပ်လို့၊ ဘွဲ့မဏ္ဍိုင်ပတ်ကုံးမှာဖြင့်၊ ဖတ်သုံးရလေအောင်၊ ရှင်သီတာခင်တစ်ပါးကိုလား၊ စျာန်ရထားတင်ပြေးယူဆောင်၊ မင်းရာမညီနောင်မှာ၊ လေးစွန်တောင်ထမ်းပါလို့၊ မော်ရုံလမ်း ဟေမာဘွေချာ၊ လှမ်းရှောက်လို့လာ၊ လွမ်းအဆွဲ့ကွဲ့အကွာကို၊ တေးကဗျာညွှန်ပါလို့လေး။ ။ ကျွန်ုပ်ဆရာထွန်းသည် လင်္ကာ၊ မော်ကွန်းမှစ၍ အဆန်းအရိုး အမျိုးမျိုးသော တေးခြင်း သာခြင်း နားတော်သွင်း ကဗျာဟောစာပြဇာတ်၊ နိပါတ်ရာဇဝင်၊ လိုချင်သမျှ စီရင်၍ပေးနိုင်ကြောင်းကို ကြော်ငြာမောင်းခတ်လိုက်ပါသည်"ဟူ၍ တေးထပ်စီပြီး ဘုရားအလျှာ ရာမဇာတ်တော်ကို လမ်းခင်းကာ စာအုပ်မျိုးစုံကို စီရင်ရေးသားပေးနိုင်သည်ဟု ကြော်ငြာမောင်းထုထားလေသည်။

ဆရာထွန်းသည် ဘုရား တရားကို အခါမလပ် ရိုသေကိုင်းရှိုင်းသော သူတော်စင်ပီပီ မည်သည့် ဝတ္ထု၊ ကဗျာ၊ လင်္ကာ၊ သာခြင်း၊ ဇာတ်နိပါတ်ကိုမဆို ရေးသားလျှင် ဘုရားဂုဏ်တော်ကိုမမေ့။ အစဉ် ထာဝရဦးထိပ်တင်နိဒါန်းပျိုးတတ်လေသည်။

ဤရာမသာခြင်းကို မစမီလည်း အဦးအလျှင်မြတ်ထိပ်တင်ကာ-

"နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿတိ"ဟူ၍ ပူဇော်သက္ကာယပြုထားလေသည်။

တစ်ဖန်တုံလည်း ဤသာခြင်းဇာတ်လမ်းအဆုံးခန်းတွင် --

"ဤသည်ဝတ္ထု၊ နိပါတ်စုကို၊ ဘတ်ရှုရအောင်၊ မြို့တစ်လျှောက်လမ်း၊ အောက်စျေးတန်းကို၊ လှမ်း၍ယောင်ဗျာ၊ (အောင်သာဦး-ဂေါက်ရ)၊ နှစ်ယောင်မူပိုင်၊ တစ်ယောက်ဆိုင်မှာ၊ ထိုင်ပြီးမှလျှင်၊ ရာမသာခြင်း၊ နားတော်သွင်းကို၊ လက်ရင်းရှင်ထံ၊ ဝယ်ယူပြန်သော်၊ အတန်နည်းငယ်၊ မူးပဲမျှလျှင်၊ လျော့လိမည်လေ၊ ဤသည်ကဗျာ၊ သာခြင်းစာကို၊ ဖေယျာချီးကျူး၊ ဉာဏ်ကွန်ချာနှင့်၊ စီကာပြုကေ၊ ခုရက်-လနှစ်၊ လူ့ဝေါဟာလေ၊ အတာတက်ကေ၊ သက္ကရာဇ်က၊ ဇက်အစပြု၊ မုအဆုံးချ၊ နှစ်လုံး မရွှေ၊ ဂဏန်းခြေမှာ၊ အလယ်ကလျှင်၊ ဆနှင့်ဓမ္မာ၊ ဥတုမှာက၊ ဟေမန်ကုန်ရှောင်း၊ နွေရာသီလေ၊ ဂိမ္မာန်ပြောင်းကေ၊ တပေါင်းခေါ်လျက်၊ ကျော်ခြောက်ရက်တွင်၊ ကြွက်နံ့ဒီဝါ၊ ဤအခါဝယ်၊

အက္ခရာပုဒ်၊ ဤကဗျာကို၊ စီကာဆုံးကော၊ နိဂုဏ်းချုပ်တော”ဟူ၍ နိဂုံးချုပ်တွင် မူပိုင်စာအုပ်ဆိုင်များနေရာကို ညွှန်းပြကာ ဤစာအုပ်ကို ရေးသားပြီးစီးသည့် သက္ကရာဇ် ခုနှစ်တို့ကို နက္ခတ်၊ စန်း၊ လတို့ဖြင့် ဖော်ပြထားလေသည်။

သာခြင်းအစ၌ မယ်သီတာအလျောင်းအလျာ ဒုမရာဇာနတ်မင်းကြီး၏ သမီးတော်ခုနစ်ပါးအနက် အထွေးဆုံးဖြစ်သူ လှပျို့ဖြူမှာ နဝရတ်ဝေယျန်ပြဿဒ်နှင့် ဟေဝန်မြိုင်တောစခန်းကို ဝဲပျံပြီး အဖော်စုံပျော်ပါးကြစဉ် ပြည်သိန်းယိုင်၌က ဘီလူးမင်းနှင့် နှစ်ဦးတွေ့ဆုံခိုက်တွင်--

“နှစ်ဦးပြိုင်၍၊ အသင့်စုံပျာ၊ ကြုံလို့တွေ့ကော၊ ကြည့်ရှုမညီး၊ နတ်သမီးတို့၊ အထွီးသောသူ၊ လှပျို့ဖြူကို၊ မြင်မူနှိုက်ချစ်၊ တဏှာအဟုံ၊ ကာမဂုဏ်မှာ၊ အရဏ်ရစ်လို့၊ ကြင်ချစ်စကား၊ ဘီလူးမင်းကော၊ အတင်းပြောက၊ နားမနာလို၊ နတ်မေပျို့မှာ၊ ပြောဆိုငြင်းဆန်၊ လက်မခံသော်၊ ဘုန်းကံကြီးခြင်း၊ ခေါင်းဆယ်ဖြာနှင့်၊ ငါသို့မင်းကို၊ ငြင်းရမည်လော၊ သဘောထားနှင့်၊ တရားမဝင်၊ မဆင်ခြင်ဘဲ၊ ဉာဏ်စင်ပြော၍ နတ်သူဇာလေ၊ ကညာလှကို၊ ကာမရာဂီ၊ ငြင်းမလွှတ်ဘဲ၊ စပ်ရှက်မီရေ”။

အယုတ်တမာကောင် မင်းဘီလူးကြီး၏ တရားမဝင်သည့် တဏှာအဟုံ ကာမဂုဏ်ဘောင်အတွင်းသို့ သွတ်သွင်းခြင်းကို ခံရရှာသော နတ်မိမယ်ကို သနားစရာ၊ နှမြောတသစရာဖြစ်အောင် ဖွဲ့နွဲ့ထားသည်မှာ သရုပ်ပေါ် လှပေသည်။ ဘီလူးရမ်းကို စက်ဆုတ်ပြီး နတ်မိမယ်ကို သနားစေအောင် ဖန်တီးထားခြင်းပင် ဖြစ်လေသည်။

တဖန် မယ်သီတာ လောင်းလျာကလေးပါရှိသော သေတ္တာကို မိတ္ထီလာပြည့်ရှင် ဇနက္ကရာဇာမင်းမြတ် မောင်းမမိဿံ နောက်လိုက်နောက်ပါများနှင့် မြစ်ဆိပ်ဆင်းခိုက် သန္ဓေတည်စ သမီးငယ်ကို တွေ့ခိုက်တွင် ဖွဲ့ဆိုထားသည်မှာ--

“သေတ္တာအထဲ၊ အဖုံးအံကို၊ လှန်ကာမြင့်ပျာ၊ ဖွင့်တုန်ခဲက၊ ပုလဲအသွင်၊ ရွှေစင်တမျှ၊ မြင်မဝအောင်၊ လှပနုနယ်၊ ရှုစဖွယ်နှင့်၊ သန္ဓေတစ၊ သမီးငယ်ကို၊ ရလေကလျှင်၊ မွေးဘရာဇာ၊ နန်းဆောင်တွင်းကို၊ သွင်းပြီးခါမှ၊ ဝမ်းသာအားရ၊ ပွဲကြီးချိမ့်ညံ၊ သဘင်ခံကော၊ ရွှင်ခံပလျက်၊ မွေးဘရာဇာ၊ သမီးကျော်ကို၊ ဘွဲ့တော်မှည့်ငြား၊ ရေလဟာလေ၊ သီဒါနားက၊ ရငြားမှန်စွာ၊ လက္ခဏာကြောင့်၊ သီဒါဒေဝီ၊ ဘွဲ့တော်ချီကော၊ သက်ဝီညိုမြ၊ သမီးလှမှာ၊ ဂန္ဓပ္ပသွေးရေ၊ ဘုံကြီးပြတ်ကော၊ လှမျိုးနွယ်ဟု၊ သန္ဓေတစ၊ ဖြစ်တုံပြန်၍၊ အလွန်လှကော၊ ကြင်လှစံသီး၊ ရှုမညီးကို၊ မင်းကြီးဘုရင်၊ ကိုယ့်မှာမွီးကော၊ ရင်သွီးသွင်သို့၊ တပင်မြနန်း၊ ပြကြငှန်းမှာ မြပန်းအရောင်၊ မြနွယ်ပြောင်ကော၊ မြရောင်ပြိုးပြက်၊ လှပဆန်းကော၊ မြပန်းခက်နှင့်၊ မြရွက်ပမာ၊ မြကွန်ချာကော၊ ရတနာမြကျောက်၊ ပ,ပပြောင်၍၊ မြရောင်တောက်ကော၊ မြညောက်ပတ္တမြား၊ စိမ်းမြညိုကေ မြယိုယျားနှင့်၊ မြသားမွန်းမံ၊ မြသလွန်မှာ”

အစရှိသည်ဖြင့် အထက်ပိုင်းတွင် မိမိ၏ရင်သွေးငယ်တမျှ ပုလဲအသွင် ရွှေစင်ငှက်ဥန လှပနုနယ် ရှုမဝသော ချစ်စဖွယ်ကလေးငယ်ကို ဇနက္ကမင်းကြီး အရှူးအမူး ချစ်ရည်လူးနေပုံကို ဖော်ကျူးကာ အောက်ပိုင်းတွင် အက္ခရာတစ်လုံးတည်းဖြင့် စာလုံးပေါင်းများစွာကို နာမဝိသေသနပြုထားပုံမှာ စံတင်လောက်ပေသည်။

နောက်ပြီး ဆရာထွန်းသည် အလှဖွဲ့ကို နိုင်နင်းသူတစ်ဦးပီပီ မိန်းမချောတို့ လှပပုံကို ဖွဲ့ဆိုရာ၌ ပစ်ပယ်စရာမရှိ ပကတိရွှေစင်ရုပ်လွှာကဲ့သို့ သာခြင်းဖွဲ့ဖြင့် ထုလုပ်ပုံသွန်းတတ်လေသည်။ ၎င်းကို သီတာဒေဝီ၏ အလှဖွဲ့တွင် အောက်ပါအတိုင်း သီကုံးထားလေသည်။

“ကြင်ဇနီးက၊ မကြီးမငယ်၊ ဇမ္ဗူရာဇ်ကော၊ ဦးသစ်ရွှေသို့၊ မရှေမတိုး၊ မညိုမဖြူ ယဉ်နန်းသူလျှင်၊ မဆူမကြုံ၊

ရှုပါရုံနှင့်၊ ရုပ်ပုံကကွဲ၊ ကာယကိုယ်မှာ၊ ကြာညိုပန်းယောင်၊ ရနံ့မွှေးလျက်၊ ဂွမ်းခဲပမာ၊ အသားတော်က ဝါဝါဝင်းဝင်း၊ ဤမိုးမှောင်မှာ၊ လရောင်ချင်းဘို့၊ မိတ်ရင်းလည်တံ၊ ရွှေရင်တွင်းမှာ၊ ညှင်းပွင့်ရုံကော၊ ပတံပရစ်၊ ပြေပြစ်ချောမော၊ မျက်ခုံးတွင်လေ၊ မှင်နှင့်သားသို့၊ ကြောနှင့်ပါးပြင်၊ နဖူးတွင်လည်း၊ ထွက်ဝင်မဟိ၊ လက္ခဏာနှင့်၊ ညီညာညွတ်ကော၊ နတ်ဇာတိသို့၊ သီရိအသရေ၊ အမြဲတေမှာ၊ အနေအထိုင်၊ အယဉ်အကျေး၊ ကွမ်းမစားပဲ၊ နှုတ်ခမ်းဖျားမှာ၊ ဟင်းသား ဆေးသို့၊ ပုလဲရတနာ၊ သွားလှစွာနှင့်၊ မျက်နှာလှပ၊ ပုဏ္ဏမီလေ၊ တိမီစိကော၊ ပြည့်သည်လသို့၊ စိမ်းမြကေသာ၊ ခုနစ်ထွာမှာ၊ သွယ်ကာမြမြ၊ ဖြီချသောခါ၊ ဖျားတထွာမှာ၊ မော်၍ကွလို့၊ သျှတ္တရဝင်၊ ညင်းပွင့်ဆင်၍၊ အမြင်နုထွတ်၊ စနီတွင်ကော၊ ရွှေရင်ဖတ်မှာ၊ သမြတ်ကျေးစုံ၊ ပန်းဖူးငုံလေ၊ ပုံတမျှသို့၊ မိန်းမခလေ့၊ ဣန္ဒြေလေ၊ လွန်သိမ်မွေ့ကော၊ နွဲ့သည်ခါးမှာ၊ ကိန္နရာကော၊ မနော်တမျှ၊ ခြောက်ပစ်စင်ကော၊ ငါးအင်ဝနှင့်၊ ရူပကလျာ၊ လှသီတာမှာ၊ ညီညာထူး ဆန်း၊ လှမျိုးစုံတွင်၊ တည်ပုံတန်းကော၊ တိုက်ခန်းလေးတောင်၊ ပန်းကြာညောင်မှာ၊ တန်ဆောင်မယွင်း၊ ကိုယ်ရောင် လင်း၍၊ ပြောင်ဝင်းမြမြ၊ လှစာပေမှာ၊ လနှယ်ပသို့၊ တွိရလိမ့်မည်”

ဤသို့ပင် ဆရာထွန်းသည် မယ်သီတာ၏အလှဖွဲ့ကို ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ၊ မစုရတဂုဏ်၊ သြဇာဂုဏ်စသော စာပေ၏ဂုဏ်တန်ဆာအဖြာဖြာတို့ဖြင့် ပြွမ်းစေကာ ရခိုင်သူ ရေသား စာဖတ်စာနာပရိသတ်များတို့ နားလည်လွယ်သော ရခိုင်စကား၊ အသံ၊ စာသား၊ ကာရန်တို့ဖြင့် စာပန်းချီခြယ်ခဲ့ပေသည်။ ထိုကောက်နှုတ်ချက်၌ “ထွက်ဝင်မဟိ”ဟူသည်မှာ “ထွက်ဝင်မရှိ”ပင်ဖြစ်၏။ ရခိုင်ဝေါဟာရ “ဟိ”သည် မြန်မာ၌“ရှိ”ပင်တည်း။ “မီးမမျှောင်ပဲ ကိုယ်ရောင်လင်း၍”ဟူသောစကားစပ်တွင် “မီးမမျှောင်ပဲ”ဟူသည်မှာ “မီးမကူးပဲ” (ဝါ) “မီးမကူပဲ” ဟူသော အဓိပ္ပါယ်ဖြစ်လေသည်။ (ရခိုင်ဝေါဟာရပင်တည်း)

ဆရာထွန်းသည် ရာမသာခြင်းကို ပိုဒ်ခွဲ၍ ရေးဖွဲ့ရာတွင် တစ်ပိုဒ်နှင့်တစ်ပိုဒ် ဇာတ်အသွားအလာ၊ အဖြတ်အတောက်၊ ခန်းဆက်၊ ခန်းရပ်များကို ကြားဖြတ်ပြီး ကြိုတင်မြွက်ဟထားသည်ကို တွေ့ရမည်ဖြစ်သည်။ ဥဒါဟ ဂုဏ်အားဖြင့်-

“ရှေ့စခန်းကို၊ ဆန်းလင်္ကာဖြင့်၊ ကဗျာမော်ကွန်း၊ သီဒါရှင်ကို၊ လိုချင်ရေးကြောင်း၊ လေးတင်ခန်းကို၊ နိဒါန်းဆင်တွယ်၊ စီကဗျာဖြင့်၊ ငှီကာချဲ့ပျာ၊ ဖွဲ့လိုက်မည်က၊ ဆိုခဲ့ပေပြောာ၊ ရှေ့စကားကို၊ ရွှေပြားဂဟော၊ ဆက်ကာ လည်းပြ”ဟူ၍ လည်းကောင်း၊

ဤသို့ ကေခြင်းရာ၊ အဖြာဖြာနှင့်၊ ကဗျာမော်ကွန်း၊ အခန်းခန်းကို၊ သန်းကာကူးလျက်၊ ရက်ကန်းစင်မှာ၊ ခြင်ပင်ဆက်သို့၊ အကွက်မလပ်၊ စီကာစီကာ၊ ဤကပျာတွင်၊ စာနံပါတ်နှင့်၊ စပ်ကာဆော်ကာ၊ ပန်းမာလာသို့၊ အညာစုရုံး၊ စကားဆန်းစွာ၊ နားတန်ဆာကော၊ စာပန်းကုံးကို၊ စီကာပေါင်းစု၊ သာခြင်းပြုလည်း၊ ဝတ္ထုသက်သေ၊ အခန်းခန်းနှင့်၊ အခွန်ရှည်လို၊ ကြီးကျယ်များပြား၊ နားထောင်သူထက်၊ ဆိုသူများကို၊ အားပါးလည်းနာ၊ ဤကပျာကို၊ စီကာဆန်းကော၊ ထွန်းဆရာလျှင်၊ ပညာချင့်နှိုင်း၊ အခန်းတိုင်းကို၊ မကျည်းမကျယ်၊ ဉာဏ်ချိန်ခွင်နှင့်၊ တင်ကာရုံးလို့၊ ကုံးလိုက်ပေလည်း၊ ကြီးငယ်မဟူ၊ ကြားနာသူတို့၊ ကြားမူချင်တိုင်း၊ ကပျာသံကို၊ ကာရန်သင့်အောင်၊ ကိုယ့်သဘော နှင့် ပြောလိမည်လေ၊ ဤစခန်းမှာ၊ တခန်းသတ်လို့၊ တန့်ရပ်ကြလေ၊ ရှေ့သို့ဆန်းက၊ လွမ်းပြလိမ့်မည်၊ ကွဲကြေ လောင်ကျွမ်း၊ မောင်နှင့်မေတို့၊ ပြည်ထွက်ခန်းကို၊ နိဒါန်းဆင်တွယ်၊ နှုတ်သံချိဖြင့်၊ ထုတ်ဆိုညွှန်းပျာ၊ လွမ်းပြမည် လေ”ဟူ၍လည်းကောင်း၊ စကားဆက်၊ စကားမှာတို့ကို တစ်ခန်းမှတစ်ခန်း ပြောင်းသည်များတွင် ရေးဖွဲ့ရှိုးရှိလေ

သည်။ ဤတွင် "နားထောင်သူထက်၊ ဆိုသူများကို၊ အားပါးလည်းနာ"ဟူ၍ ပရိသတ်ကို လေးစားအားနာကြောင်း ဖော်ပြထားသည်။

ယင်းခေတ် ယင်းအခါက ဆရာထွန်းရေးသောသာခြင်း၊ နိပါတ်၊ ဇာတ်ဝတ္ထုတော်တို့ကို ယင့်ယင့်ယူယူနှင့် အသံနေအသံထားကောင်းမွန်သော သာခြင်းတတ် တစ်ဦးဦးက ဖတ်ပြပြီး အများကဝိုင်း၍ နားထောင်ရဟန် ရှိလေသည်။

ဤအခြင်းအရာတွင် နားထောင်သူထက် ပါးစပ်ပေါက်မတတ်ဆိုပြသူကို ဆရာထွန်း အားနာလေးစားပုံ ရလေသည်။ ယင်းကြောင့် အညောင်းပြေကွမ်းစား၊ ရေနွေးကြမ်း၊ ဆေးလိပ်သောက်ပြီး တစ်ခန်းရပ်ရန် အနားပေးထားသည်မှာ သူ့စာဖတ်ပရိသတ်ကို အလေးထားကြောင်း ပေါ်လွင်နေသည်။

တဖန်တုံ ဆရာထွန်းသည် ပေါ်လွင်ရှင်းလင်းပြေပြစ်၍ ကွက်ကွက်ကွင်းကွင်းထင်မြင်လာအောင် ရခိုင်စာပေ ဝေါဟာရများဖြင့် လေးတင်ခန်းကို ရေးဖွဲ့ထားပုံမှာလည်း များစွာထိမိလှလေသည်။

"ကိုယ်တော်မင်းအို၊ သီတာပျိုကို၊ လိုချင်၍သာ၊ လေးတင်ရာလေ၊ ပွဲတော်ကြီးကို၊ ရောက်လို့လာကေ၊ တင်ပါလက်ငင်၊ မာယာဟန်ကေ၊ ကြံမငြင်းနှင့်၊ အားတင်း၍သာ၊ ဆိုသောခါလျှင်၊ ရာဇာမင်းလှ၊ ထီးနန်းပိုင်ကေ၊ ရာဇညတို့၊ ခက်လှတော့သည်၊ သင်းတို့ပြည်ကို၊ ရောက်ပေလိုရှိ၊ သို့ဖြစ်ဘိ၍၊ မိလှသီဒါ၊ သူ့ကိုငါလျှင်၊ မလိုချင်လည်း၊ တင်ပါတော့မည်၊ ဆိုတုံပေ၍၊ ကြီးကျယ်ခက်ခဲ၊ တထောင်ဗိုလ်ကျိုင်၊ မကြံနိုင်သည့်၊ သံတိုင်လေးကို၊ ဆွဲ၍ကိုင်ငင်၊ အားကုန်တင်ကေ၊ ဘုရင်စောထီး၊ ရာဇညဆို၊ သက်အိုကြီးလေ၊ ထိုဝါကြီးမှာ၊ ချီးသီးယိုတွေ၊ အားမတန်၍၊ ချွန်ကာလဲကေ၊ ဒူးကွဲရေလေ"

မယ်သီတာကို လိုချင်ကြသူ မင်းညီမင်းသားတို့ လေးတော်ကို အားခဲ၍တင်ကြသော်လည်း မတင်နိုင်ပဲရှိပုံကို ရေးဖွဲ့ထားခြင်းပင်ဖြစ်၏။ ဤ၌ "ထိုဝါကြီး"ဟူသည်ကား "ထိုအဖိုးကြီး"၊ "ချီးသီးယိုတွေ"ဟူသည်ကား "မစင်ယိုစီးလာသည်"ဟူသော အဓိပ္ပါယ်ပင်တည်း။

ဤနေရာတွင် ဆရာထွန်း၏ ရာမသာခြင်းသည် ဦးတိုး၏ရာမရကန်နှင့်လည်းကောင်း၊ ဦးအောင်တိုး၏ ပုံနှိပ်စာမဖြစ်သေးသော ရာမသာခြင်းနှင့်လည်းကောင်း၊ မတူကွဲပြားတမူခြားနေပေသည်။ ခြားပုံမှာကား ရိုးမအရှေ့ခြမ်းသား ဆရာတို့၏ရာမကဗျာများတွင် လေးတင်ခန်း၌ နိုင်ငံတကာမှ မင်းညီမင်းသားများ လာရောက်ကာ အားပြိုင်ကြပုံကို သာမန်မျှသာရေးဖွဲ့ထားသည်။

ရခိုင်သားဆရာထွန်းကမူ သီတာပျိုကို လိုချင်ကြရှာသော အနိုင်နိုင်ငံက မင်းများတွင် လူငယ်၊ လူရွယ်၊ မင်းလွင် မင်းပျိုများသာမက သက်ကြီးဝါကြီးမင်း အဖိုးကြီးများပါဝင်လျက် ထိုရာဇာအိုကြီးများ လေးတော်ကို ခွန်အားထုတ်၍ တင်ကြသော်လည်း ရှက်ဖွယ်လိလိဖြစ်ကြရပုံ၊ အချို့မင်းညီမင်းသားများကလည်း အရှက်ပြေသဘောဖြင့် "သီတာကို လိုချင်လှလို့တော့ မဟုတ်ဘူးဟယ်။ သင်းတို့ပြည် ရောက်နေမှတော့ ဒီလေးကို တင်စမ်းချေဦးမှ"ဟုထုတ်ဖော်ပြောဆိုကာ လေးတော်ကို တင်စမ်းကြပုံ စသည် စသည်တို့ကို မူရင်းဇာတ်လမ်းတွင် ကဗျာဉာဏ် အပြောက်အမွန်းဖြင့် တန်ဆာဆင်ကာ ဟာသရသပါဝင် ပြည့်စုံလေအောင် စပ်ဆိုထားခြင်းဖြစ်လေသည်။ ဤကား ဆရာထွန်း၏ ကဗျာဉာဏ် ထက်မြက်သွက်လက်မှုပေတည်း။ ထို့ပြင် အလောင်းလျာ မင်းရာမ လေးတော်တင်ရန် ပွဲလမ်းသဘင် ဗိုလ်ရှုစင်သို့ ဝင်သောအခါ၌ မယ်သီတာမှာ မြင်လျှင်မြင်ချင်း ရှေးကရေစက်ကြောင့်

သနားချစ်ကြင် မေတ္တာစိတ်ဝင်မိပုံကို-

"မေတ္တာဝင်ကော၊ စိတ်တွင်ရွှင်မြူး၊ အထူးထူးကို၊ ကူးမိသည်မှာ၊ ယခုအခါ၊ ရှုပျော်မဝ၊ ရုပ်ရှုပါနှင့်၊ ရာဇ တပါး၊ ဘယ်တိုင်းဘယ်ပြည်၊ ဘယ်ဌာနေကော၊ ဘယ်မင်းများ၏၊ ရင်သားဖြစ်သည်၊ မောင့်ဇာတိကို၊ မသိချေလေ၊ အရွယ်နုကိုက်၊ ဇမ္ဗူရာဇ်ကော၊ ဦးသစ်ပမာ၊ မြမျက်နှာမှာ၊ စကြာရွှေလ၊ ယနေ့ခါလေ၊ ပြည့်ကာပသို့၊ မျက်စပြုံးချို၊ သူ့နဂိုမှာ၊ လူပျိုဖြစ်စေ၊ မေနှင်မူလေ၊ အတူလောင်းပျာ၊ ပေါင်းရပါက၊ နေလသဖွယ်၊ ကြက်သရေနှင့်၊ တင့်တယ် လျောက်ပတ်၊ မြနှင့်ရွှေကို၊ ဂဟေစပ်သို့၊ တင့်တယ်မည်ပင်၊ သို့ရာတွင်မူ၊ လုလင်မင်းသား၊ ရုပ်ပိုင်ပြင်ကော၊ ထို မင်းသားမှာ၊ အန်အားလည်းနဲ၊ ခါးသဲသဲနှင့်၊ လေးနှင့်မတန်၊ အကြောင်းကန်နှင့်၊ ဆက်ဆံတူကွ၊ အကြောင်းမျှကို၊ ပေါင်းရမည်ရေး၊ တူမောင်နှံတို့ အလွန်ခဲ"ဟူ၍ စိတ်ကူးယဉ်နယ်ချဲ့ပုံကို သရုပ်ပေါ်အောင်ဖော်ဆောင်ထား ပေသည်။ မယ်သီတာခမျာ လောင်းတော်ရာမကို မြင်လိုက်ရ ခဏတာမှာပင် အသဲကို ကျွဲဝင်ခတ်သို့ ကညုသလို ညုသလို လောင်းတော်ရာမ၏ဆင်းရူပါအား တင်စားဖွဲ့ဆိုစိတ်ကူးယဉ်ပိုမိပုံ၊ သို့သော်ငြားလည်း၊ ဤလုလင်ကား ဘယ်မြို့ ဘယ်ရွာ ဘယ်ဌာနကမှန်းမသိ၊ သူနှင့်ပေါင်းရန်အရေးကလည်း လွယ်မည်မထင်၊ ရင်ချီခါးသေး အင်အား ကနည်းဘိသနှင့် တူမောင်နှံနီးရမည်ပင် အလွန်ခက်ခဲလှကြောင်း စာလုံးပေါင်း ဝေ့ဝုစ်အဖြေထုတ်နေပုံမှာ သဘာဝ ယုတ္တိယုတ္တာနှင့် အံဝင်လှပေသည်။

ဆရာထွန်း၏အရေးအဖွဲ့ကောင်းပုံကို တင်ပြနေလျှင် ကုန်နိုင်ဘွယ်မမြင်၊ မှော်ရုံတောသာယာပုံ၊ သစ်ပင် ကိုင်းခက် ကျေးငှက်သရကာ မြူးတူးပျော်ပုံနှင့် အလွမ်းအဆွေးခန်းများမှာ များလှစွာ၏။

ဝါကျတစ်ကြောင်းတည်းမှာပင် ဂုဏ်၊ ရသ၊ လင်္ကာများက ထပ်တလဲလဲ ပါမြဲပါနေပေရာ အဘယ်မှာ တင်ပြကုန်နိုင်အံ့နည်း။

ရာမမင်းသား ဘီလူးနှစ်ကောင်ကို မြှားစကြာနှင့် ခွင်းကာပစ်ခန်းတွင် ဘီလူးတို့ ဇီဝိန်ချုပ်သွားပုံကို -

"လွှင့်စိုင်လွှတ်က၊ လေးမြှားစကြာ၊ ဖောက်လာပါကော၊ မြေမှာတုံးလုံး၊ ဘီလူးနှစ်ကောင်၊ ညီခင့်နှောင်မှာ၊ တောင်နှစ်လုံးသို့၊ ပျက်ပြုန်းခန္ဓာ၊ သေလေပါသော်"ဟူ၍ရေးဖွဲ့ထားပုံမှာ အတိသယဝုတ္တိအလင်္ကာမြောက်ပါ သည်။

တစ်ဖန် မှော်ရုံတောတွင်နေကြစဉ် ဘီလူးမက သမင်ယောင်ဆောင်၍ သီတာလိုချင်စိတ်ကို လှုံ့ဆော်ထား ပုံမှာ -

"သူလျှင်ပြကော၊ အလှသီတာ၊ မြင်သောခါလျှင်၊ မောင်တော်မင်းဖျား၊ သက်ဆုံးကြင်ကော၊ လင်ဘုရားလေ၊ နီငြားအရောင်၊ ဤသားကောင်မှာ၊ စောင်ကဘီလာ၊ ကတ္တီပါသို့၊ နီတျာထွေးထွေး၊ ခရဲရဲကော၊ ခရဲမှင်ဆံ၊ တပြောင် ပြောင်လေ၊ အရောင်ဖိတ်ကော၊ ခြိတ်ရည်လျှံသို့၊ နှာတံလုံးလုံး၊ နှာခေါင်းဝမှာ၊ တဆံဆုံးယောင်၊ ကုန်းထက်၌ဘွေ၊ လက်ျာရစ်လို့၊ ဝိုက်သန်းခွေကော၊ သဝေအလား၊ ခွာလေးလုံးဝယ်၊ မှောက်ထားပေကော၊ ရွှေဖလားသို့၊ သွားစိန်ရတီ၊ ပုလဲစီယောင်၊ နီနီထွေးထွေး၊ ဝင်းဝင်းဝါကော၊ အာခံတွင်းမှာ၊ ဟင်းသာဆေးသို့၊ မဲမဲမျက်တောင်၊ ညိုရောင်မျက်ခုံး၊ မျက်လုံးပတ္တမြား၊ တစွင့်စွင့်ကော၊ နှစ်ဖက်နားနှင့်၊ မြီးဖျားတိုတို၊ သူ့နဂိုမှာ၊ ဦးပြိုချွန်းချွန်း၊ ချူးပန်းချူးနွယ်၊ ပမာနှယ် သို့၊ တွန့်ခွေလိမ်ကောက်၊ ကမ်းပါမြေမှာ၊ တေဟေမာတွင်၊ သွားကာရှောက်လို့၊ ထောက်သုံးချောင်းခွာ၊ တစ်ချောင်း နာနှင့်၊ ဇာမရီလား၊ ဧနီသားကို၊ ခြားနားတထူး၊ သိမည်ပြင်ကို၊ မမြင်ဘူး၍"ဟူ၍လည်းကောင်း

ဟနုမံမျောက်၏ကိုယ်ထည်ကို ဖွဲ့ဆိုရာတွင်

"ကြီးကျယ်ခွန်အား၊ ဂုဏ်ပေါင်းစုကော၊ ဟနုမံလျှင်၊ မြီးတံနဂါး၊ ပုံအလားသို့၊ သားမွေးတော်စောင်၊ တစ်ကိုယ်လုံးမှာ၊ လွှမ်းဖုံးယောင်သို့၊ ပြိန်းပြောင်အမွေး၊ နီထွေးထွေးက၊ ခြသေ့်အဟန်၊ ကြောလည်တံမှာ၊ မှင်တံကြွကြွ၊ မျက်လုံးမှာလေ၊ အာကာသဉ်၊ လနှင့်ကနီ၊ မြနှင့်စိန်ရောင်၊ ညိုရွှီရွှီး၊ ဟံနုမံမှာ၊ အံစွယ်သွားလျှင်၊ ငှက်ပျော ဖူးသို့၊ ထူးဝိသေသ၊ ငှက်ဟသ်ာလေ၊ ကြာအိုင်တွင်းကို၊ ဆင်းကာကျယောင်၊ ခနမနေ၊ ခုံတုန်လေကော"ဟူ၍လည်း ကောင်း၊

ဘီလူးနန်းတော်ကို ကိုယ်တိုင်ကိုယ်ကျရောက်ဘူးဘိသကဲ့သို့-

"မှန်ဝင်းအသွင်၊ စက်ရာခွင်မှာ၊ မျက်ရှင်ပတ္တမြား၊ သဠာဆောင်လေ၊ ကြာယောင်ယတ်မှာ၊ ထပ်ခါထားလို့၊ မြသားဖလ်ငွေ၊ သုဝဏ္ဏတို့၊ အရည်စက်စက်၊ မီးအရောင်နှင့်၊ ညီးပြောင်ထွက်လို့၊ ထိန်လက်ကေတောက်လျှန်၊ ကျောက်သလွန်မှာ၊ ခွေရံများနှင့်၊ သိန်းယိုစားလျှင်၊ ပျော်ပါးစံလျက်၊ လက်တစ်ဘက်မှာ၊ ဘာညာတကြိတ်၊ သူကြင် ရာတို့၊ ခေါင်းအုံးအိပ်လို့၊ သူ့စိတ်ကိုပျော်၊ ဝဲလကျ်ာမှာ၊ စက်ယောင်းပျော်ကေ"ဟူ၍လည်းကောင်း။

နန်းတော်ထဲတွင် ဘီလူးမအပျိုတော်များ၏ အိပ်စက်ပျော်နေကြပုံကို အရှိကို အရှိအတိုင်း၊ အမြင်ကို အမြင်အတိုင်း

"တောင်ခွင်ဒဝေ၊ မြောက်ဒဝေနှင့်၊ ဆောင်ငယ်ကြီးကြီး၊ သီးသီးများစွာ၊ တရာတိုက်ပေါင်း၊ နန်းရဝေမှာ၊ ရှာလေရှောင်းက၊ အပေါင်းပျိုတော်၊ မွေ့လျော်စိတ်နှင့်၊ အိပ်စက်ပျော်လို့၊ မတော်ဝတ်စား၊ တချို့ဟူလေ၊ နန်းသူ များတို့၊ ကားရာမှောက်လှန်၊ ကျောက်ကန်ကုန်းကွ၊ တချို့ကသော်၊ ဆံကေသာယေ၊ ပြေကာဖားရား၊ ခါးဝတ်စား လည်း၊ လပ်ပြားဗလာ၊ မတော်ရာကော၊ ပေါ်ကာကွက်ကွက်၊ မျောက်လုလင်လေ၊ အမြင်ခက်လို့၊ စပ်ရှက်ဒွေးဘော်၊ ငါတကေလေ၊ ကာမေသုကို၊ ပြုလိုက်ပါသော်၊ နန်းတော်အထဲ၊ ယက္ခမေတို့၊ မျောက်ငယ်မွေးလို့၊ သွားကြဲမျိုးနွယ်၊ ခုတဖန်လေ၊ မှန်စင်စစ်ကော၊ ဖြစ်နေမည်လေ"ဟူ၍ ဟံနုမံမျောက် ဘီလူးတိုင်းပြည်တွင် မယ်သီတာအား ရှာစဉ် တွေ့ရပုံကို ရေးသားထားခြင်းဖြစ်သည်။

ထို့ပြင် မယ်သီတာကို ခေါင်းဆယ်လုံးဘီလူး ခိုးသွားပြီး ဘီလူးတိုင်းပြည်၊ ဥယျာဉ်တော်အတွင်း၌ သံကွန် ချာခုနှစ်ထပ် ကာရန်ထားစဉ် မောင်းမမိဿံအပျိုတော်အပေါင်းတို့က သူတို့ရာဇာဘီလူးမင်းကို ချစ်ကြင်ယုယ မေတ္တာမျှရန် နှေ့ညဟူသရွေ့ ဖျောင်းဖျကြပုံ၊ သီတာမှာမူ သူတို့ဘယ်လို ဖျောင်းဖျဖျောင်းဖျ နားမဝင်ပဲ၊ ဝမ်းနည်း ပက်လက်ဖြစ်ကာ မျက်ရည်နှင့်မျက်ခွက်ဖြစ်နေပုံကို ရေးဖွဲ့ထားသည်မှာ ကရုဏာရသမြောက်ပါပေသည်။

တဖန်တုံလည်း ဒဿဂီရိဘီလူးခွန်အားကြီးမားပုံနှင့် အခြားသောမင်းညီမင်းသားတို့က ထိုဒဿဂီရိလေး လေးတော်ကို တင်နိုင်လိမ့်မည်ဟု ခန့်မှန်းကြပုံကို ဆရာထွန်းရေးဖွဲ့လိုက်သည်မှာလည်း တစ်မူထူးလျက်ရှိပါသည်၊

"ခြင်းရာဟောပြော၊ ခေါင်းဆယ်လုံးကော၊ ဘီလူးကြားက၊ မင်းဖျားဦးသျှောင်၊ ဇမ္ဗူတောင်မှာ၊ ဘုန်းရောင် လင်းဘိ၊ သတင်းအရ၊ မင်းဒဿဟု၊ ငါ့သတ္တိကို၊ သိမည်မထင်၊ ဤပွဲတွင်လေ၊ လေးတင်ပြမှ၊ ရှုမြင်သူလေ၊ လူအများတို့၊ အံ့သြကြလို့၊ လှသီတာမေ၊ ပင်နန်းပျော်ကော၊ ကညာနမကို၊ ငါရမည်ဟု၊ ဆယ်ခုခေါင်း၌၊ ဆောင်း မကိုဋ်နှင့်၊ ယက္ခိုက်မှန်ကင်း၊ ချိမ်းပခြင်းကား၊ သတင်းကြေငြာ၊ မင်းတကာတို့၊ ဖူးစာစရိုက်၊ သီတာသက်နှံ၊ ပင်နန်းစံ နှင့်၊ ကံမထိုက်၍၊ မဖြစ်နိုင်ကြ၊ လေးသံတိုင်ကြောင့်၊ လက်မှိုင်ကျလို့၊ ယက္ခမဟာ၊ တရာဇာကော၊ ငါသာတယောက်၊

ဤလေးလှောက်ကို၊ လောက်မည်မထင်၊ ယခုပင်လျှင်၊ တင်ကာပြမည်၊ ဆိုတုံလေ၍၊ နဲငယ်အားထုတ်၊ လေးသံတိုင်ကို၊ ဆွဲကိုင်လက်နက်၊ တချက်လှုပ်က၊ တုန်လှုပ်ချောက်ချား၊ ကြောင်းခြင်းအားကို၊ မြင်တုံငြားသံ၊ အများဗိုလ်ပါ၊ ပြောသည်မှာက၊ ခန္ဓာကြီးမြောက်၊ အားအင်လည်းသံ၊ ငါးဆယ်ကံကော၊ ဆံပုတ်လှောက်နှင့်၊ ကြောက်ကောင်းဖနန်း၊ ဆန်းဆန်းထူးထူး၊ ရထားယာဉ်ကို၊ စိုးပိုင်ကွတ်လေ၊ နတ်ဘီလူးလက်၊ ဝိသေသနှင့်၊ ကိုယ်ကာယမှာ၊ ပဇဆယ်ပေါက်၊ ခေါင်းပေါ်ပုံလေ၊ ခုံလောက်ဆောက်သို့၊ ယူကောက်ကိုင်ငင်၊ ဤဘုရင်လျှင်၊ တတ်နိုင်လိမ့်မည်၊ များလူဗိုလ်တို့၊ ပြောဆိုကပ်ပျာ--မှတ်ကြလေ”

ဆရာထွန်း၏အရေးအဖွဲ့များကို ခြုံ၍ကြည့်ရလျှင် ရုပ်ထုထွင်းအတတ်ပညာကို နိုင်နင်းသောပန်းချီပန်းပုဆရာတစ်ယောက်အသွင် မြင်နိုင်ပေသည်။

ထို့ပြင်ဆရာထွန်းလည်း ခေတ်ပညာလေးတန်းမျှသာ အောင်ခဲ့လင့်ကစား သူ၏ကြိုးပမ်းမှုကို ကဗျာဥာဏ်ထက်မြက်မှု၊ စာကြီးပေကြီးတို့ကို လေ့လာဆည်းပူးမှု၊ အတွေ့အကြုံရင့်ကျက်မှုတို့ကြောင့် ဝါကျဖွဲ့ဆိုရာတွင် ကတ္တား၊ ကံ၊ ကြိယာ၊ အထားအသို၊ ပုဒ်ပါဒ အဖြတ်အတောက်၊ နာမ်နာမ်စားတို့ကို ခွဲခြား၍ လိုသည့်နေရာတွင် လိုသည့်စကားလုံးကို ရွေးချယ်ထည့်သွင်းတတ်ခြင်း စသည်အားဖြင့် သဒ္ဒါအရာလည်း ပြိုင်ဘက်မရှိအောင် တတ်ကျွမ်းလိမ္မာသူတစ်ဦးဖြစ်၏။

လူအများနားလည်အောင် လွယ်ကူသောစကားလုံးများဖြင့် ရေးဖွဲ့စပ်ဆိုရာ၌ အ,သုံးလုံးဖတ်စာကဲ့သို့မဟုတ်။ ပါဠိများကို ထည့်သွင်းထားသည်ဆိုရာ၌ ဘုန်းတော်ကြီးဖတ်စာကဲ့သို့မဟုတ်။ ရဟန်းရှင်လူ လုပ်သားပြည်သူတိုင်း ချောမောပြေပြစ်စွာ ဖတ်ရှုနိုင်အောင် ဒူးနေရာဒူး၊ တော်နေရာတော် လျော်ကန်သင့်မြတ်စွာ ရေးဖွဲ့လေ့ရှိ၏။

သို့ကြောင့်လည်း ဦးတိုး၏ ရာမရကန်သည် ရိုးမအရှေ့ခြမ်း၌ စာဖတ်ပရိသတ်များဝန်းကျင်ဝယ် တွင်ကျယ်ဘိသကဲ့သို့ ဆရာထွန်း၏ရာမသာခြင်းသည်လည်း စာနာပရိသတ်ထံပါး၌ ရေပန်းစားသည်။ အကြောင်းမူ ရခိုင်တို့ဒေသတွင် သာခြင်းကို သာခြင်းတတ် (ဝါ) စာဟောဆရာများက ပရိသတ်အလယ်တွင် ရွတ်ဆိုကာ စာပေဟောပြောသောအလေ့သည် အထူးတွင်ကျယ်လှသောကြောင့် ဖြစ်လေသည်။ စင်စစ်သာခြင်းနှင့် ဟောစာသည် ပုံသဏ္ဌာန်တူသော စာပေများပင်တည်း။

ဆရာထွန်းလည်း သာခြင်းတတ် (ဝါ) စာဟောဆရာများ ရွတ်ဆိုဟောပြောရန် ရည်ရွယ်ရေးသားခဲ့ကြောင်း ထိုရာမသာခြင်းမဏ္ဍာမခန်းတွင် ဖွင့်ဆိုထားလေသည်။ ဆရာထွန်းသည် ရာမသာခြင်းကို အခန်း(၂၅)ခန်းခွဲ၍ ရေးသားခဲ့ရာ အချို့အခန်းတွင်ကြမ်း၏။ တချို့အခန်းတွင် ပျော်ရရယ်ရသလို၊ တချို့အခန်းများတွင်လည်း လွမ်းရဆွေးရလေသည်။

ရာမသာခြင်းကို ရေးသားပြီးစီးသည့် ခု၊ နှစ်၊ လ၊ ရက်၊ နေ့၊ အချိန်တို့ကိုလည်း ရိုးရိုးမရေးပဲ ဗေဒင်ဝေါဟာရဖြင့် ပျို့လင်္ကာဆင်ကာ ရေးဖွဲ့ထားသည်မှာ

“သက္ကရာဇ်က၊ ဇော်အစပြု၊ မုအဆုံးချ၊ နှစ်လုံးမချွေ၊ ဂဏန်းခြေမှာ၊ အလယ်ဟာလျှင်၊ ဆနှင့်ဓမ္မာ၊ ဥတုမှာက၊ ဟေမန်ကုန်ရှောင်း၊ နွေရာသီလေ၊ ဂိမာန်ပြောင်းကော၊ တပေါင်းခေါ်လျက်၊ ကျော်ခြောက်ရက်တွင်၊ ကြွက်နံ့ဒီဝါ၊ ဤအခါဝယ်၊ အက္ခရာပုဒ်၊ ဤကဗျာကို၊ စီကာဆုံးကော၊ နိဂုံးချုပ်တေ”ဟူ၍ပင် ဖြစ်လေသည်။

ဤသည်မှာ ပညာရှိများအတွက် ရေးစပ်ထားခဲ့ဟန်တူလေသည်။

(ဤနေရာတွင် ဆရာထွန်း၏ "ရာမသာခြင်း"မှုဟောင်းစာအုပ်တွင် 'ဆ'နှင့် 'ခမ္ဘာ'ဟူ၍ပါရှိသည်။ 'ဆ' မှာ ဗေဒင်ဝေါဟာရအလိုအားဖြင့် ၆ဂဏန်းဖြစ်ပြီး ခမ္ဘာမှာ ၇-ဂဏန်းဖြစ်သည်။ သက္ကရာဇ်အားဖြင့် မညီလေ။ 'ခမ္ဘာ'ဆိုသည်မှာ ၂-ဂဏန်းဖြစ်မည်။ ပုံနှိပ်ရာတွင် မှားယွင်းသွားတန်ရာသည်။ ယင်းကြောင့် 'ခမ္ဘာ'ဟူ၍သာ ယူလိုက်သည်။ ။ စကားချပ်)

ဆရာထွန်း၏ပျို့အရဆိုလျှင် 'ရာမသာခြင်း' စာအုပ်ကို မြန်မာသက္ကရာဇ် -၁၂၆၅ခုနှစ်၊ တပေါင်းလပြည့် ကျော် ၆ရက်၊ ကြာသပတေးညည့် အချိန်တွင် ပြီးစီးလေသည်။ ဤသို့ဆိုလျှင် ဤစာအုပ်ကို ထုတ်ဝေသည်မှာ ယခုထိ ဆိုလျှင် ၉၅နှစ်ရှိပြီး ဤစာအုပ်ကို ဆရာထွန်းသည် အသက် ၃၅ နှစ်တွင် ရေးဖွဲ့ခဲ့ပေမည်။

မည်သို့ဆိုစေ ဆရာထွန်း၏ "ရာမသာခြင်း"သည် နှစ်ပေါင်းမည်မျှပင် ကြာညောင်းသွားလင့်ကစား ရခိုင်ပြည်သူတို့၏ ပါးစပ်ဖျားတွင် သမိုင်းတလျှောက် ရေပန်းစားဆဲ နှစ်သက်မြတ်နိုးဆဲ ရှိကြမည်သာတည်း။

မင်းပြား မင်းသိဏ်းထွဏ်း

# ဥတ္တရာမဓုရ၊ အာနန္ဒစန္ဒြကျောက်စာနှင့် ၇–ရာစုဘီစီ

နီမင်းသျှင်(စစ်တွေ)

အိန္ဒိယသမိုင်းတွင် 'မဟာဘာရတ'ဟူသောကျမ်းကြီး ရှိပါသည်။ ဤကျမ်းသည် အိန္ဒိယအနောက်မြောက်ပိုင်းသို့ အင်ဒိုအာရိယန်များ ဝင်ရောက်စချိန်တွင် ယင်းဒေသ၌ရှိပြီး အာရိယန်မဟုတ်သူ (Non-Aryan) များနှင့် တွေ့ကြုံဖြစ်ပျက်ခဲ့ရသော အကြောင်းခြင်းရာများကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ မဟာဘာရတတွင် ယင်းကာလကရှိခဲ့သော လူမျိုးစုများ (Iribes) ယင်းတို့၏ ယဉ်ကျေးမှုဓလေ့များ၊ ကိုးကွယ်မှုဆိုင်ရာအချက်အလက်များစသည်ဖြင့် အစုံအလင်ပါရှိသည်ကို တွေ့ရပါသည်။ ဤမျှစုံလင်များပြားသော အကြောင်းခြင်းရာများကို ကုရုခေတ္တရာစစ်မြေပြင်၌ဖြစ်ပွားခဲ့သည့် ဘာရတစစ်ပွဲကြီးအား ဗဟိုပြု၍ မှတ်တမ်းတင်ထားခဲ့ခြင်း ဖြစ်သည်။

ဤတွင် မဟာဘာရတစစ်ပွဲကြီး မည်သည့်အချိန်တွင် ဖြစ်ပွားခဲ့သည်နှင့်ပတ်သက်၍ အစဉ်အလာ အိန္ဒိယရာဇဝင်နှင့် ခေတ်ပေါ်သမိုင်းသုတေသီများအကြား ကွဲလွဲမှုရှိသည်ကို တွေ့ရပါသည်။ အိန္ဒိယ၏အစဉ်အလာပြောဆိုယုံကြည်မှုအရ မဟာဘာရတစစ်ပွဲသည် (၃၁၀၂)ဘီစီ၊ ယုဓိဋ္ဌိရမင်းလက်ထက်တွင် ဖြစ်ပွားခဲ့သည်ဟု ယုံကြည်ကြသည်။[၁] သမိုင်းသုတေသီများကမူ (၁၀)ရာစု ဘီစီဝန်းကျင်ကာလဟု ခန့်မှန်းကြပါသည်။[၂] သို့သော် အထောက်အထားခိုင်ခိုင်လုံလုံ ပြနိုင်ခြင်းကား မရှိသေးပါ။ သက္ကရာဇ် နှစ်ခုအကြား နှစ်ပေါင်း (၂၀၀၀)ကျော်ခန့် ကွာခြားနေပါသည်။ ခေတ်ဟောင်းရာဇဝင်တစ်ရပ်တွင် တရားလွန်ချဲ့ကားရေးသားထားမှုများ ပါဝင်နေတတ်သည်မှာ သဘာဝပင်ဖြစ်ပါသည်။ သို့သော် ယင်းခေတ်ဟောင်း ရာဇဝင်ပါအချက်အလက်များ အားလုံးကိုကားပစ်ပယ်နိုင်စွမ်းမရှိချေ။ သမိုင်းသုတေသနလုပ်ငန်းများသည် ရာဇဝင်အချက်အလက်များအပေါ် စီစစ်ဆောင်ရွက်ကြရစမြဲသာဖြစ်ပါသည်။

ရာဇဝင်သမိုင်းနှင့်ပတ်သက်၍ အင်းစောက်ရာဇဝင်၊ ငမည်ရာဇဝင်၊ မဟာရာဇဝင်တော်ကြီး၊ ဓညဝတီအရေးတော်ပုံဟူ၍ ကျမ်းအမျိုးမျိုးရှိကြပါသည်။ ရမ်းပြဲတောင်ကျောင်းဆရာတော်၏ ရခိုင်ရာဇဝင်သစ်ကျမ်းမှာ အထက်များကို စီစစ်ဝေဖန်ပြီး ပြန်လည်ရေးသားထားသောကျမ်းပင်ဖြစ်ပါသည်။

ရခိုင်ရာဇဝင်သစ်ကျမ်းအဆိုအရ ရခိုင်သို့ ပထမဆုံးဝင်ရောက်လာကြသူများမှာ ဝါသုဒေဝ၊ ဗလဒေဝ အစရှိသော ညီနောင်တစ်ကျိပ်တို့ ဖြစ်သည်ဟု ဆိုပါသည်။ သူတို့သည် အိန္ဒိယအနောက်မြောက်ပိုင်း ဥတ္တရာမဓုရ (မထူရာ) ဒေသမှပြောင်းရွှေ့လာသူများဟု ဆိုပါသည်။ ဤအချက်များကို ခေတ်ပြိုင် အိန္ဒိယမှတ်တမ်းကျောက်စာနှင့် ဘာသာရေးဆိုင်ရာအချက်အလက်များဖြင့် ညှိနှိုင်းလေ့လာသောအခါ ဥတ္တရာမဓုရဆိုသည်မှာတစ်ချိန်က အမှန်တကယ်ရှိခဲ့သော မြို့တစ်မြို့ဖြစ်ကြောင်း သိလာရပါသည်။[၃]

ယင်းလူမျိုးတို့မှာလည်း အသားမဲသော ဒရာဗီဒီယန်လူမျိုးများဖြစ်ကြောင်း တွေ့ရပါသည်။[၄] ၎င်းလူမျိုးတို့ ရခိုင်ဒေသသို့ ထွက်ပြေးခိုလှုံကြသောကာလမှာ (၇)ရာစုဘီစီ ပတ်ဝန်းကျင်ဖြစ်လိမ့်မည်ဟု အိန္ဒိယအထောက်အထားများအရ သိရှိရပါသည်။[၅] (မဟာဘာရတ စစ်ပွဲကြီးသည် အချိန်တိုအတွင်း ဖြစ်ပွားခဲ့ခြင်းမဟုတ်ပဲ ရာစုနှစ်နှင့်ချီကာ ဖြစ်ပွားခဲ့သော လူမျိုးရေးစစ်ပွဲကြီးဖြစ်ပါသည်။ ထို့ကြောင့် မဟာဘာရတကို ဇာတ်အိမ်တည်သော

---

၁။ Oxford, P-30
၂။ Oxford, P-30
၃။ ဥတ္တရာမဓုရနှင့်မထူရာ
၄။ ဥတ္တရာမဓုရနှင့်မထူရာ
၅။ ဥတ္တရာမဓုရနှင့်မထူရာ

ကာလသည် (၁၀)ရာစုဘီစီနှင့် (၇)ရာစုဘီစီအတွင်း ဖြစ်လိမ့်မည်ဟု ဆိုနိုင်ပါသည်။

ရခိုင်ရာဇဝင်များအဆိုအရ ဝါသုဒေဝ၊ ဗလဒေဝတို့ ရခိုင်သို့ ဝင်ရောက်လာသောအချိန်သည် ခရစ်နှစ် (၄၀၀၅)ဟုဆိုပါသည်။ ပညာရှင်များတွက်ချက်မှုအရ ခရစ်နှစ် (၅၃၁၅)ဘီစီဟုဆိုပါသည်။[၆] အိန္ဒိယသမိုင်းမှ ခန့်မှန်းရရှိသော ဝါသုဒေဝပေါ်ထွန်းချိန်မှာ (၇)ရာစုဘီစီဖြစ်သဖြင့် နှစ်ပေါင်း ၄၆၁၅ (၅၃၁၅-၇၀၀)နှစ်ကွာခြား နေပါသည်။ ရှေးခေတ် ရာဇဝင်များ၏ သဘာဝအတိုင်း ချဲ့ကားလွန်းသဖြင့် ဤမျှကွာခြားသွားရခြင်းဖြစ်ပေမည်။

ဤဆောင်းပါးတွင် ရခိုင်ရာဇဝင်ပါ သက္ကရာဇ်နှင့် အိန္ဒိယမှရရှိသော သက္ကရာဇ် နှစ်ခုအကြား ကွာဟချက် ကြီးမားနေမှုကို ငြင်းခုန်လိုမှုမရှိပဲ အိန္ဒိယသမိုင်းက ဖော်ပြသော ရခိုင်၏အဦးဆုံးနန်းတက်သက္ကရာဇ်နှင့် အာနန္ဒစန္ဒြ ကျောက်စာက ဖော်ပြသော အဦးဆုံး ရခိုင်နန်းတက်သက္ကရာဇ်တို့ တစ်ထပ်တည်းကျနေမှုကိုသာ တင်ပြလိုရင်းဖြစ် ပါသည်။

အာနန္ဒစန္ဒြကျောက်စာ(ကျောက်စာတိုင်၏အနောက်ဖက်မျက်နှာ)တွင် မင်းဆက်သုံးဆက်၏ စာရင်းများ ကိုဖော်ပြထားပါသည်။ သက္ကတပညာရှင် ဒေါက်တာဂျွန်စတင်နှင့် အိန္ဒိယကျောက်စာဝန်ဟောင်း ဒေါက်တာစီဒီ ဆားကားတို့၏ သက္ကရာဇ်တွက်စစ်မှုတွင် ပထမမင်းဆက်ပါမင်းများ၏ နန်းတက်သက္ကရာဇ်ကို ဖော်ပြခဲ့ခြင်းမရှိချေ။ ဒုတိယမင်းဆက်ဇယားမှာ နှစ်ပေါင်း (၂၃၀)ဖြစ်ပြီး ဒွေစန္ဒြမှစ၍ စတိစန္ဒြတွင် ဆုံးပါသည်။ ဒွေစန္ဒြ၏နန်းတက် သက္ကရာဇ်ကို ဒေါက်တာဂျွန်စတင်က အေဒီ (၃၅၀)ဟု သတ်မှတ်ပြီး ဒေါက်တာဆားကားက အေဒီ (၃၇၀)ဟု သတ်မှတ်ပါသည်။ တတိယမင်းဆက်ဇယားမှာ မဟာဝီရမှစပြီး အာနန္ဒစန္ဒြတွင် ဆုံးပါသည်။[၇]

ဒုတိယမင်းဆက်၏ ပထမဆုံးမင်းမှာ အေဒီ-၃၇၀(ဆာကား)တွင် နန်းတက်သဖြင့် ပထမမင်းဆက်၏ နောက်ဆုံးမင်းမှာ အေဒီ (၃၇၀)အထိ စိုးစံခဲ့သည်ဟု ဆိုရပါမည်။

ကျောက်စာတွင် ပထမမင်းဆက်၌ မင်းပေါင်း (၁၄)ကိုဖော်ပြထားပြီး မင်းတစ်ပါးစီ၏နန်းဆက်များကို လည်း အတိအကျဖော်ပြထားပါသည်။ ပထမင်းဆက်တွင် နောက်ဆုံးမင်းလကီး၏ နန်းသက်ကုန်ဆုံးချိန် အေဒီ (၃၇၀)ကို မူတည်၍ ကျန်မင်းများ၏နန်းစံနှစ်များကို တွက်ချက်သောအခါ ဖတ်၍ရသမျှ အစောဆုံးမင်း(ဂါထာ နံပါတ်-၄)၏ နန်းတက်သက္ကရာဇ်မှာ ၅၁၈ဘီစီ (ဆားကားဖြစ်ကြောင်း တွေ့ရပါသည်။ ဒေါက်တာဂျွန်စတင်၏ တွက်ချက်မှုအရဆိုလျှင် ၅၃၈ ဘီစီဖြစ်ပါသည်။ (ဇယားရှု)

ကျောက်စာတိုင်၏ အထက်နား၌ ပွန်းနေသဖြင့် ပထမသုံးကြောင်းကို ဖတ်ရှုမရသေးဘဲဖြစ်နေသည်။ ဤသုံးကြောင်းမှာလည်း ဂါထာများဖြင့် ဖွဲ့နွဲ့ထားပြီး ဂါထာ(၃)ပုဒ်ပါသွားသည်ဟု ဆရာကြီး ဦးစံသာအောင်က ယူဆထားပါသည်။ ဤဂါထာများ၌ နောက်ထပ်မင်းအချို့၏အမည်များ ပါဝင်နေလိမ့်မည်ဟု ယူဆရပါသည်။ အဘယ်ကြောင့်ဆိုသော် ဖတ်၍ရသော ပထမမင်းဆက်နန်းစံနှစ်များကို ပေါင်းသောအခါ (၈၈၈)နှစ်သာရပြီး ကျောက်စာကမူ မင်းအားလုံး၏ နန်းစံနှစ်ပေါင်း (၁၀၆၀)နှစ်ဖြစ်သည်ဟုဆိုထား၍ ဖြစ်ပါသည်။[၈] နှစ်ပေါင်း(၁၇၂) နှစ် (၁၀၆၀-၈၈၈=၁၇၂)ကွာခြားနေသေးသဖြင့် ယင်းကာလတွင် အုပ်စိုးသောမင်းများ ရှိရပေလိမ့်မည်။

၇။ အာနန္ဒစန္ဒြ၊ စာ-၁၅၆၊ ၁၅၉၊ ၁၇၁

ဆရာကြီးဦးစံသာအောင်၏ "အာနန္ဒစန္ဒြ၊ ရှစ်ရာစု ရခိုင်ဝေသာလီမင်းစာအုပ်၊ စာမျက်နှာ ၁၅၆ ပါ ပထမ မင်းဆက်ဇယားတွင်ကျောက်စာနှင့်မညီပဲ အမည်ပျက်မင်းတစ်ပါး (၁၂၀)နှစ်ပို၍ပါရှိနေပါသည်။ ဗဟုဗလီ မင်းမတိုင်မီ အမည်ပျက်မင်းသုံးပါးသာ ပါရှိရမည့်အစား တစ်ပါးပိုကာ လေးပါးဖြစ်နေပါသည်။ ထို့ကြောင့် နန်းစံ နှစ်ပေါင်း (၁၀၀၈)ဖြစ်နေပါသည်။ အမှန်မှာ နန်းစံနှစ်ပေါင်း (၈၈၈)နှစ်သာဖြစ်ပါသည်။ မင်းအရေအတွက်မှာ လည်း (၁၄)ပါး ဖြစ်ရမည့် အစား (၁၅)ပါးဖြစ်နေပါသည်။

၈။ အာနန္ဒစန္ဒြ၊ စာ-၁၀၅

ပထမမင်းဆက်ပါ မင်းများ၏ နန်းတက်သက္ကရာဇ်

| ဂါထာ နံပါတ် | ဖတ်၍ရသော မင်းအမှတ်စဉ် | မင်းအမည် | ဒေါက်တာ ဂျွန်စတင် သက္ကရာဇ် | ဒေါက်တာ ဆားကား သက္ကရာဇ် | နန်းစံနှစ် |
|---|---|---|---|---|---|
| ၁<br>၂<br>၃ | | | | | ၁၇၂ |
| ၄ | ၁ | မင်းအမည်ပျက် | ၅၃၈ဘီစီ | ၅၁၈ဘီစီ | ၁၂၀ |
| ၅ | ၂ | မင်းအမည်ပျက် | ၄၁၈ဘီစီ | ၃၉၈ဘီစီ | ၁၂၀ |
| ၆ | ၃ | မင်းအမည်ပျက် | ၂၉၈ဘီစီ | ၂၇၈ဘီစီ | ၁၂၀ |
| ၇ | ၄ | ဗဟုဗလီ | ၁၇၈ဘီစီ | ၁၅၈ဘီစီ | ၁၂၀ |
| ၈ | ၅ | ရဃုဝတီ | ၅၈ဘီစီ | ၃၈ဘီစီ | ၁၂၀ |
| ၉ | ၆ | မင်းအမည်ပျက် | ၆၂ဘီစီ | ၈၂ဘီစီ | ၁၂၀ |
| ၁၀ | ၇ | စန္ဒြောဒယ | ၁၈၂ဘီစီ | ၂၀၂ဘီစီ | ၂၇ |
| ၁၁ | ၈ | အဏ္ဏဝေတ | ၂၀၉ဘီစီ | ၂၂၉ဘီစီ | ၅ |
| ၁၂ | ၉ | မင်းအမည်ပျက် | ၂၁၄ဘီစီ | ၂၃၄ဘီစီ | ၇၇ |
| ၁၃ | ၁၀ | ရိံ ဘျပွေါ | ၂၉၁ဘီစီ | ၃၁၁ဘီစီ | ၂၃ |
| ၁၄ | ၁၁ | ကုဝေရာမိ(မိဖုရား) | ၃၁၄ဘီစီ | ၃၃၄ဘီစီ | ၇ |
| ၁၅ | ၁၂ | ဥမဝိရာ | ၃၂၁ဘီစီ | ၃၄၁ဘီစီ | ၂၀ |
| ၁၆ | ၁၃ | ဇုဋ္ဌ | ၃၄၁ဘီစီ | ၃၆၁ဘီစီ | ၇ |
| ၁၇ | ၁၄ | လက်ီ | ၃၄၈ဘီစီ | ၃၆၈ဘီစီ | ၂ |
| | | ဖတ်၍ရသော စုစုပေါင်းနန်းစံနှစ် | ၈၈၈ | ၈၈၈ | |
| | | ကျောက်စာအရ စုစုပေါင်းနန်းစံနှစ်ပေါင်း | | | ၁၀၆၀ |

မင်းဘယ် နှစ်ဆက်ကျန်သေးသည်ကို မသိနိုင်သော်လည်း ကျောက်စာ၏အဦးဆုံးမင်းမှာ ၆၉၀ ဘီစီ (၅၁၈+၁၇၂)မှ မင်းတစ်ပါးဖြစ်ကြောင်း သိလာရပါသည်။ ဂျွန်စတင်၏တွက်ချက်မှုအရဆိုလျှင် ၇၁၀ ဘီစီ (၅၃၈+၁၇၂)ဖြစ်ပါ လိမ့်မည်။ ၇-ရာစုဘီစီကုန်ခါနီး ၈-ရာစု ဘီစီအစပိုင်းကာလ၌ ကျရောက်ကြပါသည်။

ရခိုင်ရာဇဝင်ကပြဆိုသော ရခိုင်၏အဦးဆုံးမင်း ဝါသုဒေဝခေတ်တွင် အိန္ဒိယသမိုင်းများအရ ၇-ရာစု ဘီစီပတ်ဝန်းကျင်ကာလဖြစ်သဖြင့် ယင်းသက္ကရာဇ်မှာ အာနန္ဒစန္ဒြကျောက်စာပါ အဦးဆုံးမင်း၏ နန်းတက်သက္ကရာဇ်နှင့် အလွန်နီးစပ်စွာ တစ်ထပ်တည်းကျရောက်နေသည်ဟု ဆိုရပေလိမ့်မည်။

အာနန္ဒစန္ဒြကျောက်စာမှာ မူလထိုးကျောက်စာဖြစ်သဖြင့် အချက်အလက်များ ရာခိုင်နှုန်းပြည့် ခိုင်မာမှု ရှိသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် အာနန္ဒစန္ဒြကျောက်စာက ဖော်ပြသော ရခိုင်သမိုင်းဦး ပထမဆုံးမင်း၏

နန်းတက်သက္ကရာဇ်မှာလည်း ခိုင်မာမှုရှိသည်ဟု ဆိုရပေလိမ့်မည်။ ရာဇဝင်နှင့်ကျောက်စာတို့ ထူးခြားစွာလာရောက် တိုက်ဆိုင်နေမှုမဟုတ်ခဲ့လျှင် အာနန္ဒစန္ဒြကျောက်စာ ပထမမင်းဆက်ဇယားပါ အစောဆုံးမင်းများမှာ ဝါသုဒေဝ အဆက်အနွယ်များသာဖြစ်ရန်ရှိပါတော့သည်။ ကျောက်စာပါ ပထမမင်းဆက်အကြောင်းကို အသေးစိတ်လေ့လာ လျှင် ဝါသုဒေဝ၏မျိုးဆက်များအကြောင်း ပိုမိုသိရှိလာနိုင်လိမ့်မည်ဟု ယူဆမိပါသည်။

နီမင်းသျှင်(စစ်တွေ)

<u>ကျမ်းကိုးစာရင်း</u>

(၁) အာနန္ဒစန္ဒြ၊ ရှစ်ရာစု ရခိုင်ဝေသာလီမင်း-ဦးစံသာအောင်-(အာနန္ဒစန္ဒြ)

(၂) ရခိုင်ရာဇဝင်၊ ယဉ်ကျေးမှုသမိုင်းနှင့် သုတေသီတို့၏ အတွေးအမြင်-ဦးအောင်သာဦး (အတွေးအမြင်)

(၃) ဥတ္တရာမစုရနှင့် မထူရာ- နီမင်းသျှင် (စစ်တွေ) ကျိန်းရိပ်မြေမဂ္ဂဇင်း(၂) ၁၉၉၉


(၄) The Oxford History of India by Vincent. A, Smith, 2nd-edition 1923 . (Olford)

# သကြားရွာမှ ကျောက်ဆစ်ပန်းအလှ

**ကျော်သာညွန့်**

၁၉၉၉-ခုနှစ်၊ ဇန်နဝါရီလ ပထမပတ်က မြောက်ဦးမြို့မှနေ၍ မိမိအပါအဝင် သုတေသီမောင်ဒေဝ၊ ပေါက်စ၊ သန်းလှိုင်တို့သည် သကြားရွာသို့ လေ့လာရေးခရီးတစ်ခေါက် ရောက်ရှိခဲ့ကြသည်။

သကြားရွာမှာ မြောက်ဦးမြို့မှ တောင်ဖက်အရပ်သို့ ကျရောက်သည်။ တနည်းအားဖြင့်ကား သကြားရွာသည် မြောက်ဦးမြို့နယ်၊ လောင်းကြက်တောင်မော်ရွာ၏အနောက်တောင်ဖက်ယွန်းသောအရပ်၌ တည်ရှိသည်။ သကြားရွာမှနေ၍ အရှေ့မြောက်အရပ်သို့ လှမ်းမျှော်ကြည့်ပါက နန်းကျားရွာမှ နန်းကျားဘုရားကြီးသိမ်တော်ကို လှမ်းမြင်ရသည်။ သကြားရွာ၏ အရှေ့ဘက်တွင် တမျှော်တခေါ် ကျယ်ပြန့်သော လယ်ကွင်းပြင်ကြီးရှိသသည်။ အရှေ့တောင်အရပ်၌ ဒုံဘွေကျေးရွာ၊ တောင်ဖက်၌ တန်းဗျင်းကြီးရွာ၊ အနောက်တောင်ဖက်တွင် ကျွဲတဲရွာ၊ အနောက်ဖက်တွင် လက်ပံတော၊ ဇီးဇာရွာတို့က တည်ရှိသည်။




**သကြားရွာမှ ကျောက်ဆစ်ပန်း လက်ရာ**

သကြားရွာဟူသောအမည်မှာ လွန်ခဲ့သောနှစ်တစ်ရာကျော်ကသာလျှင် ခေါ်ဝေါ်လာသောနာမည်ဖြစ်သည်။ ၁၈၈၁ခုနှစ်က ကွင်းဆင်းလေ့လာသုတေသပြုလုပ်ခဲ့သော ဖော်ချမ်မာ၏ Arakan စာအုပ်၊ စာမျက်နှာ ၅၀ ၌ Gyurete, Thigya, Moung Nyoဟု ရေးသားထားသည်ကို တွေ့ရသည်။

ယခုအခါ သကြားရွာမှာ အိမ်ခြေ (၄၀)ခန့်လောက်သာ မထင်မရှားတည်ရှိနေပြီး လွန်ခဲ့သောနှစ် (၃၀၀)ကျော်လောက်ကမူ လွန်စွာစည်ကားခဲ့ကြောင်း မှန်းဆရသည်။ ရွာ၏အရှေ့ဖက်အစပ်တွင် ဘုရားသိမ်ပျက်နှင့် ရေကန်ကို တွေ့ရသည်။ ယခုအခါ ဘုရားသိမ်တော်ကို ပြုပြင်သူကင်းမဲ့သဖြင့် ခြုံနွယ်ပိတ်ပေါင်းတို့ဖြင့် ပဏ္ဏာတင့်နေသည်။


သိမ်တော်အောက်ခံဖိနပ်ကို တိုင်းတာကြည့်သည့်အခါ တောင်မြောက်သိမ်တိုင်အကျယ်မှာ (၁၅) တောင်ရှိသည်။ အရှေ့အနောက်ကို တိုင်းတာဖို့ကား ခက်ခဲသဖြင့် လက်လျှော့လိုက်ရသည်။

**သကြားရွာမှ ပလ္လင်တောင်စွန်းပန်း**




အထူးသဖြင့် ဤသိမ်တော်ရှိ ကျောက်ထွင်းပန်းတို့က ရှေးခေတ်ရခိုင်လူမျိုးတို့၏ ကျောက်ပန်းလက်ရာများကို တစ်စေ့တစ်စောင်း ဖော်ပြလျက်ရှိသည်။ မိမိ၌ အသင့်ပါလာသည့် ပုံဆွဲမှတ်တမ်းတွင် တစ်ခုပြီးတစ်ခု ပုံတူရေးဆွဲနေမိသည်။ အတူပါလာကြသော ဆရာမောင်ဒေဝ၊ ကိုပေါက်စ၊ သန်းလှိုင်တို့က ဖရိုဖရဲ ပြန့်ကြဲကျနေသော ကျောက်ဆစ်လက်ရာများကို လေ့လာကြပြီး လိုက်လံရှာဖွေပေးကြသည်။

အချို့ကျောက်တုံးများတွင် ပန်းတို့သည် မြောက်ဦးမြို့ ပိဋကတ်တိုက် နံရံပန်းကွက်နှင့်ပင် တူနေကြသည်။ အချို့မှာ တေဇရာမဘုရားကြီးပလ္လင် ကျောက်ဆစ်လက်ရာ ခိုနန်းချိုးပန်းကွက်နှင့်တူညီကြပြီး ခမောင်းတက်ကျေးရွာအနီးရှိ ကတ္တော်သိမ်မုခ်ဦးနှင့်တူနေပြန်သည်။ မင်းပြားမြို့နယ်ရှိ စစ်ကဲသိမ်တို့မှ ကျောက်ဆစ်လက်ရာတို့နှင့်လည်း တထေရာ တည်းကျသည်။



ဤကဲ့သို့လက်ရာမျိုးကား ပန်းပုသည် တစ်ဆက်တည်းလက်ရာဖြစ်ဟန်ရှိသည်။ ထို့ကြောင့် ဤဘုရားပျက်၏ သက်တမ်းက ကတ္တော်သိမ်ပြုလုပ်သော ခေတ်နှင့်တစ်ခေတ်တည်းဖြစ်တန်ရာသည်။ ကတ္တော်သိမ်တွင် ကျောက်စာရှိသကဲ့သို့ ဤဘုရားသိမ်တော်တွင်လည်း ရှေးက ကျောက်စာရှိနိုင်လိမ့်မည်။



**မုတ်ဆိတ်တော်မှ ကျောက်ဆစ်ပန်းလက်ရာ**

မြောက်ဦးခေတ်မှာပေါ်ပေါက်ခဲ့သော ဤသို့ အနုစိပ်ကျောက်ဆစ်ဒီဇိုင်းများကို လုပ်သော ပန်းပုဆရာအား ဘုရင်မင်းမြတ်တို့က ထီးသုံးနန်းသုံး အဆောင်အယောင်များကိုလည်း စေခိုင်းတတ်သည်။ ယခုတွေ့ရှိရသော ပန်းကွက်လက်ရာများကို မြောက်ဦးမြို့ရှိ မုတ်ဆိတ်တော်စေတီ၏ ပလ္လင်ငယ်၌ တွေ့ရှိနိုင်သည်။

ထိုခေတ်က ပန်းပုဆရာတို့သည် ဘုရင်၏အကြိုက် ဈာန်ဝင်စားစွာဖြင့် ဖန်တီးပေးနိုင်၍ ကြီးမားသော ဆုလာဒ်များကိုလည်း ပေးအပ်ခြင်းခံခဲ့ရသည်။ သာဓကအားဖြင့် ပါးတော်တောင်၏ တစ်ကြောင်းရေးပန်းချီကျောက်ထွင်းလက်ရာနှင့် မနီးမဝေးသောနေရာတစ်ခု၌ ကျောက်တုံးကြီးတစ်တုံးပေါ်တွင် "ပန်းပုဆရာအား ဆင်ပြောင်တစ်စီး"ဟု ကျောက်စာ၌ တွေ့ရှိခြင်းကို သုတေသီ ဦးကျော်ထွန်းအောင် တစ်ခါက ပြောဖူးပါသည်။

အထူးသဖြင့် ယခုတွေ့မြင်နေရသော သကြားရွာမှ ကျောက်ထွင်းပန်းကွက်ပါ ကျောက်တုံးများမှာ ထိမ်းသိမ်းစောင့်ရှောက်မှုကင်းမဲ့သဖြင့် ပန်းကွက်ပါကျောက်တုံးများ ဟိုသည် ပျံ့ကြဲလျက်ရှိနေသည်ကို ဝမ်းနည်းစွာ မြင်တွေ့ရသည်။

ထို့ကြောင့် ရခိုင်လူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များဖြစ်ကြသည့် ဤကျောက်ထွင်းပန်းကွက်များကို ယနေ့ ရခိုင်သားများက ရခိုင်သားပီသစွာဖြင့် ပါဝင်ဝိုင်းဝန်း၍ ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

**ကျော်သာညွန့်**

## မေတ္တာယျာနာဂတဝင်နှင့် စာဆိုသျှင်

မဟာပညာကျော်၊ ရခိုင်မြို့

'မေတ္တေယျာနာဂတဝင်'ဟူသောစကားမှာ နောင်ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျမြတ်စွာဘုရား၏ ပါရမီဖြည့်ခန်းနှင့် ဘုရားဖြစ်ခန်းတို့ကို ပြည့်ပြည့်စုံစုံ ကျမ်းအဖုံဖုံမှ ထုတ်နှုတ်၍ ရေးသားစီရင်ထားသော ရခိုင်တို့၏ "ဝင်"သုံးဆယ်တွင် တစ်ဝင်အပါအဝင်ဖြစ်သော ကျမ်းတစ်ကျမ်းဖြစ်လေသည်။ ဤမေတ္တေယျာနာဂတဝင်ကျမ်း စကားပြေကို ကောဇာသက္ကရာဇ် (၁၂၃၀)ပြည့်၊ နာယနက္ခတ်နှင့် ယှဉ်သော တပို့တွဲလပြည့်ကျော်(၉)ရက် ကြာသပတေးနေ့တွင် ယခုမင်းပြားမြို့နယ်အဝင် ရှေးဟောင်းကေသလာကျေးရွာတွင် နေထိုင်သောစာဆိုရှင် ဦးမောင်ထွန်းဦး ရေးသားစီရင်ခဲ့လေသည်။ စကားပြေဟုဆိုငြားသော်လည်း စာဖတ်သူနှင့် စာနာသူတို့၏ စိတ်ဓာတ်ကို ဆွဲငင်အားရှိအောင် လင်္ကာတို့ကို ကြားညှပ်ပြီး ရေးစပ်ထားလေသည်။

ကျမ်းစာမှာ ပေမူဖြစ်ပြီး (၇)ကြောင်းရေး (က)မှ (ဍား) အထိ (၁၂)အင်္ဂါရှိလေသည်။ ယခု ကျွန်ုပ်တွေ့ရသောပေမူမှာ အစပထမရေးသားသော ပေမူရင်းမဟုတ်သေးဘဲ တဆင့်ရေးကူးသောစာသာဖြစ်၍ ကောဇာသက္ကရာဇ် (၁၂၆၈)ခု၊ ဥတုဟေမန္တ ပြာသိုလပြည့်ကျော် (၄)ရက်၊ ဗုဒ္ဓဟူးနေ့၊ နေမွန်းစောင်းအချိန်တွင် ငါးဇင်ရိုင်းတိုက် ဇီးပင်ကြီးရွာ ဝှရား (ဟူးရား) တတ်ကြီး သန္တာဘတပည့်၊ လွန်းသာဦးဘ၊ မောင်လှလက်ရေးတတ်သည်။ သင်းပေါင်းချောင်းရွာနေ စာတကာမောင်လုံးခိုင်၏ စေခိုင်းမှုကြောင့် ငွေ(၁၂)ကျပ်ဖြင့် ရေးကူးပေးခဲ့သော ပေစာမူဖြစ်လေသည်။ ၎င်းပေစာကို ကောဇာ(၁၃၅၉)ခုနှစ်တွင် ဤစာရေးသူမှတဆင့် စကားကြားချက်အရ သင်းပေါင်းချောင်းကျေးရွာနေ ဦးငမဲထံမှတွေ့ရှိရ၍ တောင်းယူသိမ်းဆည်းထားသည်မှ အများလူရှင်၊ ရဟန်းသိကြစေရန် ထုတ်ဖော်တင်ပြလိုက်လေသည်။

## ဘုရားရှင်
## မေတ္တာယျာနာဂတဝင်ကို ဟောကြားခြင်း

အခါတပါးမြတ်စွာဘုရားသည် သက္ကတိုင်းဖြစ်သော ကပိလရာဇဌာနေ မင်းနေရွှေပြည်တော်မြို့၌ ခမည်းတော် သုဒ္ဓေါဒနမင်းသည် ဆောက်လုပ်အပ်သော ရတနာ့ဗိမာန် ဝေယန်ဘုံမြတ် နန်းပြသာဒ်နှင့်တူသော နိဂြောဓါရုံ အမည်ရှိသည့်ကျောင်းတော် ရဟန်းပရိသတ်အပေါင်းခြံရံလျက် သီတင်းသုံးမွေ့လျော်စံပျော်တော်မူနေလေ၏။ ထိုသို့နေတော်မူသောအခါ ဓမ္မအဂ္ဂမဟာသေနာပတိ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာသည် ပရိသတ်လေးပါးတို့၏ စည်းဝေးရာဖြစ်သော အတုလဓမ္မဒေသနာအမည်ရသည့် လွတ်ယုံး (ရုံး) သခင်၌ အတုမရှိသော ဂုဏ်၊ ဘုန်းကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူသော လောကသနင်းတရားမင်း ဘုရားထံချဉ်းကပ်လေ၍ ရိုသေလေးမြတ်တုပ်ဝပ်ရိုးကျိုးရှိခိုးပြီးလျှင် နောင်ပွင့်တော်မူလတ္တံ့သော အရိမေတ္တယ ဘုရားအကြောင်းကို ဟောကြားတော်မူရန် လျှောက်ထားတောင်းပန်လေသည်။ ထိုသို့လျှောက်ထားတောင်းပန်မှုကို အကြောင်းပြုပြီး မြတ်စွာဘုရားသည် မေတ္တယျာနဂတဝင်ကို ဤသို့ ဟောကြားတော်မူ၏။

ရှင်ခုမဂ္ဂင်၊ ငါ့ဖောင်တွင်၌၊ ပါဝင်ခိုအောင်၊ စီးလိုကြောင်းကို၊ ဆုတောင်းပန်လေ၊ တိသခေျတည်း၊ တွက်ရေတသိန်း၊ ပြည့်ကိန်းပါရမီ၊ အညီရှိထ၊ သတိရဟု၊ ပုညလက်ဆောင်၊ ကိုယ်ကြပ်မျှောင်လျက်၊ ရောက်အောင်ငါ့သို့၊

လာခဲ့မြို့သော်၊ ကုတို့သခင်၊ ငါကတင်၍၊ လေးအင်ထူးဆန်း၊ သစ္စာပန်းတွင်၊ သာချမ်းပေလှ၊ နိရောဓနှင့်၊ မဂ္ဂသစ္စာ၊ နှစ်ပွင့်ကြာကို၊ လွယ်ကာခဏ၊ ပန်ဆင်ရ၍၊ သာဝကကြီး၊ အသီးသီးတွင်၊ အံ့ချီးမြှောက်တင်၊ ပညာရှင်ဟု၊ ကောင်းကင်ကထွန်း၊ ကြယ်လဝန်းသို့၊ ရဟန်းများပေါင်၊ ဥာဏ်ကုန်ဆောင်၍၊ တန်ဆောင်ညှိထား၊ ပမာလားလို့၊ ကြီးမာညးပညာ၊ ပို၍သာသည်၊ လက်ျာထေရ်ပျံ၊ ငါ့သားမွန်၊ ငါလွန်ပြီးနောင်၊ နှစ်ပြင်းဆောင်သော်၊ တထောင်လွန်က၊ စျာမရလိမ့်၊ ကာလမြင့်ပြန်၊ နှစ်တောင်လွန်မူ၊ အရဟန္တာ၊ ဖိုလ်ဖလကို၊ မရလေတစ်၊ သုံးထောင်နှစ်ကား၊ အပြစ်နည်းလွန်း၊ အနာဂါမ်မှ၊ အောက်စွန်မဂ်ဖိုလ်၊ ချမ်းရိပ်ခိုသား၊ ပုဂ္ဂိုလ်အများ၊ ငါ့ချစ်သားလျှင်၊ ထင်ရှားကြင်နာ၊ သောတာပန္န၊ မရလုံးစုံ၊ ခေတ်မဲ့ကြုံ၍၊ လူ့ဘုံရှိငြား၊ ရဟန်းများတို့၊ လေးပါးပါရိ၊ သုဒ္ဓိသီလ၊ အာစရဟု၊ ဤမျှရွေ့သာ၊ မြင့်ရှည်ကြာသော်၊ ပါရာဇိက၊ တပါးမျှတည်း၊ ကာလရှည်လွန်၊ အဆုံးစွန်တွင်၊ မျက်ပြန်သီလ၊ တပါးမျှ၌၊ စောင့်မေဘိ၊ ချည်းနှီးရှိကား၊ ပဋိပတ်သည်၊ ကွယ်ခြင်းမည်၏၊ မြင့်ရှည်ပြန်ကား၊ ငါပြသားထ၊ ဓမ္မပယ်ရှာ၊ ဘိဓမ္မာနှင့်၊ သုံးဖြာသုတ္တ၊ ဝိနယငါးသွယ်၊ ကုန်ပျောက်ကွယ်၍၊ နည်းငယ်မှန်ဘိ၊ လေးပုဒ်ရှိသား၊ ထိုတရားလျှင်၊ ခေါင်းပါးတိန်းလျက်၊ ယွင်းယိန်းပရိ၊ ယတ္တိကွယ်ခြင်း၊ ဖြစ်လတ်လျှင်းမူ၊ ခပင်းရဟန်း၊ ဝတ်သင်္ကန်းနှင့်၊ တက္ကတွန်းယောင်၊ ဘူးခွန်ဆောင်၍၊ လူ့ဘောင်ရပ်မှာ၊ သွားလာခေါက်ပြန်၊ ဆွမ်းရပ်ခံသော်၊ အလွန်ရှည်ကြာ၊ မြင့်သောခါ၌၊ နီဝါဖလ်စွန်း၊ ထိုသင်္ကန်းကို၊ ဖြန်းဖြန်းဖရဲ၊ ဆုတ်ပစ်ကြ၍၊ လက်ဝဲလကျ်ာ၊ နား၌သာလျှင်၊ ပန်ကာဆွဲကာ၊ ရဟန်းငါဟု၊ တကာတို့ထံ၊ ပစ္စည်းခံလျက်၊ ဘယ်ထွန်သက်မွေး၊ မယားကျွေးလိမ့်၊ ရှေးဝေနှစ်ပေါင်း၊ ကြာလတ်ရှောင်းသော်၊ လက်မောင်းလက်ဖျား၊ နားပေါက်များလည်း၊ ပေ့ါပါးခဲ့ငြို၊ လေးသည်လိုသို့၊ ဖရိုဖရဲ၊ ပြန့်ကြဲသစ်သစ်၊ ဆုတ်ကြင်းပစ်မှ၊ ကျန်လစ်မရှိ၊ စွန့်လေဘိသော်၊ မုနိဓါတု၊ ဗာဟုများရှောင်၊ ဓါတ်တော်ပေါင်းလည်း၊ ကိန်းအောင်းနေရာ၊ အရွှာရွှာ၌၊ ပူဇာသကာ၌၊ မရကြမူ၊ မြတ်လှဗုဒ္ဓဟော၊ ညောင်ရွှေဗောဓိ၊ ချည်းသာမှီး၍၊ သီးသီးမကွဲ၊ ပေါင်းစုဝဲလျက်၊ ရပ်လေးဒိသာ၊ ဆယ်မျက်နှာ၌၊ ဝေးစွအဆုံး၊ ပျံလေတုံးသာ၊ အလုံးလျှံဝေ၊ ရောင်ခြောက်သွယ်လည်း၊ မကွယ်ချက်ချင်း၊ ပျံလတ်လျှင်းမှ၊ ပင်မင်းဗုဒ္ဓဟော၊ ရောက်လှာပေမူ၊ ထွေထွေဗဟု၊ ဓါတ်တော်စုနှင့်၊ ရောရုရုံးစည်း၊ တချက်တည်းလျှင်၊ ခပဲလူ့ဘာ၊ ငါဗုဒ္ဓသို့၊ တူလှသဏ္ဌာန်၊ ပီစွာဖန်၍၊ အလွန်အံ့အော၊ ပြာဒိတ်ဟာနှင့်၊ ပမာငါနှေ၊ သာထွေချောမော၊ တရားဟောသော်၊ သောသောသောင်းသောင်း၊ တိုက်အပေါင်းက၊ နတ်ကောင်းပြဟ္မာ၊ စုရောက်လှာ၍၊ နာသည်ဓမ္မ၊ ကျွတ်တမ်းရလျက်၊ ထိုမှမရွှေ့၊ ခုနစ်နေ့တွင်၊ စုံစေ့များစွာ၊ နတ်ပြဟ္မာတို့၊ ညညာကြော်ကြော်၊ ဤသို့ဆော်၏၊ ဩော်ဩော်နတ်ပေါင်း၊ သူတော်ကောင်းတို့၊ ဥာဏ်ပေါင်းအနန္တ၊ နှိုင်းမရသား၊ လူဘဓမ္မရာဇ်၊ ဒို့ရှင်နှစ်က၊ အသစ်စက်စက်၊ ခုနစ်ရက်မျှ၊ မိန့်မြွက်ဓမ္မ၊ စကြာပြ၍၊ ကာလမြင့်ကြာ၊ မတည်ပါပဲ၊ အောင်ချာနိဗ္ဗာန်၊ မြို့သီဝန်ကို၊ ဇကန်မငန့်၊ ဝင်လတ္တံ့တည်း၊ သုံးခန့်ဘုံသူ၊ နတ်နှင့်လူသည်၊ မှောင်ကူတိုက်ထဲ၊ ညဥ့်နေ့ကဲ့သို့၊ ဖောက်လွှဲတရား၊ အယူမှားလျက်၊ တရားမသိ၊ တိရစ္ဆာန်၊ တူမောကြ၍၊ အန္ဓတိတိ၊ ဖြစ်ကြပြီဟု၊ စုံစိပြပြ၊ ပြောဆိုကြလျှင်၊ ရုတစည်ပင်၊ ဓာတ်တော်ရှင်၏၊ ကိုယ်တွင်တေဇော၊ မီးပြင်းပြော၍၊ လောင်သောအခါ၊ နတ်ပြဟ္မာတို့၊ ညီညာကိုယ်စီ၊ လက်အုပ်ချီလျက်၊ ရှေ့ဆီဘယ်ညာ၊ လေးမျက်နှာက၊ သီသာဝန္ဒန၊ ပူဇော်ကြ၍၊ ကြွင်းရမဲ့ပဲ့၊ ကျွမ်းလောင်ခဲ့သော်၊ ခပဲများစွာ၊ နတ်ပြဟ္မာတို့၊ ထိုခါငိုယို၊ မြည်တန်းဆို၍၊ ကိုယ့်ဘုံကိုယ်စီ၊ ပြန်လတ္တန့်။

လင်္ကာ၏ဆိုလိုရင်းအဓိပ္ပါယ်မှာ သုံးသချေ်နှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် အဂ္ဂသာဝကဆုကို ပန်ဆင်လာပြီး ငါဘုရား၏ထံတွင် ပညာအရာဝယ် ဧတဒဂ်ဘွဲ့ထူးကို ဆွတ်ခူးပန်ဆင်သော လကျ်ာရံသီး သားကြီးသာရိပုတ္တရာ။

အရိမေတ္တယျဘုရားပွင့်ထွန်းဖို့ရန်မှာ ငါဘုရားထားတော်မူသော သာသနာငါးထောင်ကွယ်ရဦးမယ်။ ထိုသာသနာတော် ငါးထောင်တို့ကား (၁) ဈာန်အဘိဉာဏ်တန်ခိုးဣဒ္ဓိပါဒ်တို့ကို မရသောရဟန္တာမျှသာ ဖြစ်နိုင်သော ရဟန္တာခေတ်တစ်ထောင်၊ (၃)အနာဂါမ်အဆင့်သို့သာရောက်နိုင်သော အနာဂါမ်ခေတ်တစ်ထောင်၊ (၄) သကဒါဂါမ်အဆင့်သို့သာရောက်နိုင်သော သကဒါဂါမ်ခေတ်တစ်ထောင်၊ (၅) သောတာပန်အဆင့်သို့သာရောက်နိုင်သည့် သောတာပန်ခေတ်တစ်ထောင်တို့ ဖြစ်လေသည်။ ဤသာသနာငါးထောင်ကာလအတွင်းမှာ တရားအားထုတ်သော လူရှင်ရဟန်းတို့သည် အရိယာစခန်း မဂ်ဖိုလ်လမ်းသို့ တက်ရောက်နိုင်သေးသည်။ ငါးထောင်သာသနာလွန်ပြီးခါကား ပဋိဝေဓသာသနာကွယ်လေတော့သည်။ ပဋိဝေဓသာသနာကွယ်ပြီးသော်လည်း (၁) ပါဏိမောက္ခသံဝရသီလ (၂) ဣန္ဒြိယသံဝရသီလ (၃) ပစ္စယသန္နိသိတသီလ၊ (၄) အာဇီဝပါရိသုဒ္ဓိသီလတည်းဟူသော သီလအကျင့်မျှကိုသာ စောင့်ထိန်းကြသောရဟန်းချည်းသာ ဖြစ်လတ္တံ့။ ထို့နောက်ပိုင်းတွင်ကား ပါရာဇိကလေးပါးတို့တွင် တစ်ပါးကိုမျှလည်း မထိန်းသိမ်းကြသဖြင့် ပဋိပတ္တိသာသနာလည်း ကွယ်လတ္တံ့။ ဗုဒ္ဓဟောကြား ပရိယတ်တရားကိုကား ဆောင်ထားပြီး သင်္ကန်းဝတ်ဖြင့် တက္ကတွန်းယောင်ယောင် ရဟန်းယောင်များဖြစ်လတ္တံ့။ ကာလရှည်ကြာမြင့်ခြင်းအခါကား သင်္ကန်းဝတ်ကြီးကို ပယ်ရှားလျက်၊ လက်ဝဲလက်ျာနားတွင် သင်္ကန်းမျှင်ကို ဆွဲထားပြီး၊ ငါရဟန်းဟုဝန်ခံကာ အိမ်ရာတည်ထောင်၍ သားကျွေးမယားကျွေးလုပ်လျက် လူများထံမှ ပစ္စည်းလေးပါးတို့ကို ခံယူကြလတ္တံ့။ ထိုနောက်ပိုင်းတွင်ကား ပရိယတ်တရားကိုလည်း မသင်မဆောင်ကြသဖြင့် ပိဋကတ်သုံးပုံ အလုံးစုံကွယ်လေသောကြောင့် ပရိယတ္တိသာသနာကွယ်သည်မည်၏။

သာသနာသုံးရပ်ကွယ်ပြီးနောက်တွင် ထိုထိုတိုင်းပြည် မြို့ရွာ ဒေသအနှံ့အပြားမှာ ဘုရားဗျာဒိတ်တော်ကြောင့် ရောက်ရှိကိန်းဝပ်စမ္ပါယ်နေသော ဘုရားဓါတ်တော်တို့သည် လူတို့၏ပူဇော်ခြင်းကို မရသောကြောင့် ဘုရားပွင့်ထွန်းခဲ့ရာ မဇ္ဈိမဒေသ ဗုဒ္ဓဂါယာမဟာဗောဓိပင်ရင်းသို့ချည်း ကြွမြန်းပျံသွားကြအံ့။ အားလုံးသော ဗုဒ္ဓဓာတ်မွေတော်များ စုရုံးရောက်ရှိပြီးနောက်တွင် ထိုဓါတ်မွေတော်တို့သည် သက်တော်ထင်ရှား ဘုရား၏ကိုယ်ခန္ဓာတည်ရာဌာနတို့၌ အသီးသီးတည်ကြလေလျှင် သက်တော်ထင်ရှားဘုရား၏ကိုယ်ခန္ဓာပုံသဏ္ဌာန်ပေါ်လာပြီး ရောင်တော်ကွန့်မြူးလျက် (၇)ရက်တိတိ လူနတ်ဗြဟ္မာတို့အား တရားဟောပြလတ္တန့်။ ပါရမီရင့်သန်ငြား လူနတ်ဗြဟ္မာများ တရားရ၍ ကျွတ်တမ်းဝင်ကြလတ္တံ့။ (၇)ရက်စေ့သောနေ့တွင် ဓါတ်မွေတော်များ တေဇောဓါတ်လောင်ကျွမ်းလျက် ဓါတုပရိနိဗ္ဗာန်စံဝင်လတ္တန့်။ ဖူးမြင်နေကြသော လူနတ်ဗြဟ္မာတို့သည် ငိုယိုမြည်တမ်းလျက် မိမိရပ်ဌာန်သို့ အသီးသီးပြန်ကြလတ္တံ့။ ထိုအခါမှစပြီး လောကကြီး တစ်ခုလုံး အမိုက်အတိဖြစ်လျက် လူသားတို့သည် တိရိစ္ဆာန်ပမာ ဖြစ်ကြလတ္တံ့။

<u>ပွင့်ဆဲနှင့် ပွင့်လတ္တံ့ ဘုရားထံ ကျွတ်တမ်းဝင်ရန် တိုက်တွန်းခြင်း</u>

သပ္ပုရိသ၊ ရေဆေးတန်ဖြင့်၊ ခုံကြယ်မင်း၊ ပထွန်းလင်းသို့၊ သန့်ရှင်းဉာဏ်ရောင်၊ သဘော်ဖောင်တွင်၊ ကျော်ခေါင်ကျေဝင်း၊ ပညာလင်း၍၊ မြူရှင်းမရှိ၊ ကင်းစင်ဘိသည်၊ သာရိပုတ္တရာ၊ မဟာသူမြတ်၊ ဝိသုဓ်နတ်၊ မှတ်လော့နားမှာ၊ ချစ်သားနာလော့၊ မဟာပုရိသ၊ ဇာနေယျဟု၊ ခေါ်ကြပညတ်၊ ယောကျ်ားမြတ်ကား၊ လူနတ်ဗြဟ္မာ၊ ကိုးကွယ်ရာဖြစ်၊ ကယ်စင်စစ်တည်း၊ ဓမ္မရာဇ်များ၊ ဂုဏ်ကိုးပါးနှင့်၊ ဘုရားဟူသည်၊ သုံးရပ်ပြည်ထက်၊ လေးမည်သစ္စာ၊ သမ္ဘိဒါနှင့်၊ အနာဝရဏ၊ သဗ္ဗညုသိ၊ ဉာဏ်တော်ရှိ၏။ ကဝိဗုဒ္ဓ၊ သုံးလူ့ဘကို၊ များလှတုံ့ရွာ၊ သတ္တဝါတွင်၊

သမ္မာကြီးမြင့်၊ ဂုဏ်ဖြင့်ရင့်သား၊ ကျွတ်ခွင့်တော်ငြား၊ လူတို့အားလျှင်၊ ခစားပုဆစ်၊ ဖူးရထိုက်၏၊ စင်စစ်သတ္တဝါ၊ မရင့်မာတို့၊ ပယ်ရွာဒုဂ္ဂတိ၊ လားရာရှိလည်း၊ တိရိစ္ဆာန၊ စသည်မကြွင်း၊ မှောင်ညှေ့တွင်းဝယ်၊ အလင်းမယှဉ်၊ အန္ဓဉာဏ်ကြောင့်၊ ခဲယဉ်းဆုကြီး၊ မဂ်မနီးတည်း၊ ဗောဓိဟူသား၊ မြတ်ယောကျ်ားလည်း၊ များပြားကမ္ဘာ၊ ကြာလှစွာမှ၊ တခါဖြစ်ရှောင်း၊ ဤအကြောင်းဖြင့်၊ မျိုးကောင်းဆွေပါး၊ ဖြစ်တော်ငြားက၊ ဘုရားဟောမြွက်၊ ဓမ္မစက်နှင့်၊ ဖိုလ်မဂ်ရမြို့၊ နိဗ္ဗာန်သို့တည်း၊ ကုတိုးလှေစီး၊ သင်္ဘောကြီး၌၊ အပြီးလိုက်ရ၊ ချမ်းသာဝ၏၊ မြတ်လှပေရာ၊ သို့ကြောင့်သာဘလျှင်၊ တကာလူများ၊ နောင်ဘုရား၌၊ ခစားညွတ်ပျောင်း၊ ဖူးရကြောင်းကို၊ စိတ်ကောင်းကြံဆ၊ ဝါယမဖြင့်၊ လုံ့လမြဲထွေ၊ ပြုကြပေလော့၊ ဘဝေဘဝ၊ ရှေးရှေးက၌၊ ပြုကြခဲ့ဖူး၊ လှူကောင်းမှုနှင့်၊ ယခုဘဝ၊ ပစ္စက္ခ၌၊ များလှဖိုးဝန်၊ ကုန်ကျခံ၍၊ အလွတ်မြတ်ပြီး၊ အလှူကြီးဖြင့်၊ ဗောဓိယောကျ်ား၊ မြတ်ဘုရားကို၊ ဉာဏ်တော်ပူဇော်၊ ပြုသော်လေကောင်း၊ အပေါင်းများထွေ၊ သဗ္ဗေသတ္တာ၊ သတ္တဝါကို၊ ချမ်းသာစေကြောင်း၊ နေ့တိုင်းလောင်း၍၊ ကူကျောင်းဘုရား၊ စေတီများ၌၊ သွားတော့ဓချမ်း၊ ကမ္မဋ္ဌာန်းနှင့်၊ စီးဖြန်းမေတ္တာ၊ ဘလာဝနာဖြင့်၊ မခြားနေ့ဆက်၊ မပျက်နေ့တိုင်း၊ ကသိုဏ်းပရိကံ၊ ဓမ္မကွန်၌၊ ရွတ်အံ့ရှုမျှော်၊ ပြုသော်လည်းကောင်း၊ ဤအကြောင်းဖြင့်၊ ဉာဏ်ပေါင်းအနန္တ၊ မေတ္တေယျဟု၊ ဗုဒ္ဓပွင့်ခါ၊ သတ္တဝါတို့၊ ချမ်းသာကြံထု၊ ဖူးတွေ့ရလိမ့်၊ မုချထို့ကြောင့်၊ သတိစောင်၍၊ ဖြောင့်ဖြောင့်မြဲထွေ၊ ကျင့်ကြလေလော့၊ ရိုသေခယ၊ မြဲနိစ္စဖြင့်၊ ဗုဒ္ဓဘုရား၊ ရှိရာသွား၍၊ ငါးပါးပဉ္စသီ၊ ရှစ်လီဥပုသ်၊ မယုတ်မြွက်ပံ၊ သစ္စာခံလျက်၊ အမှန်မယွင်း၊ ဝါတွင်းဝါပ၊ ဝိရိယဖြင့်၊ သီလမြဲထွေ၊ ဆောက်ကြလေလော့၊ ဖွေဖွေရှာရှာ၊ လှူဒါပုညာ၊ သမ္မပ္ပဓါန်၊ မြတ်လေးတန်ကို၊ နိဗ္ဗာန်အောင်ဆု၊ တောင်းတပြုလျက်၊ ဆည်ပုလုံးလ၊ ယှဉ်စေကြ၍၊ ဒုက္ခပူဆာ၊ ကိလေသာဇော၊ မိုက်သဘောကို၊ နှမြောမရှိ၊ စင်စေသိလျက်၊ သတိပဋ္ဌာန်၊ တရားမွန်ဖြင့်၊ ခြိုးခြံကျင့်အောင်၊ နေ့တိုင်းစောင့်၍၊ ဖြောင့်ကြစေသား၊ တကာများဟု၊ ဘုရားမြတ်စွာ၊ စိန္တော်ယျာက၊ မေတ္တာတော်ရှု မှာတော်ပြုသြည်၊ ယခုလူလည်း မှတ်သင့်၏။

## အရိမေတ္တေယျ ဘုရားလောင်းကို ရှာတွေ့ခြင်း

မြတ်စွာဘုရားသည် နိဂြောဓါရုံကျောင်း၌ သီတင်းသုံးနေစဉ် မိထွေးတော် ဂေါတမီသည် ပရိသတ်လေးပါး ရှေ့မှောက်တွင် မိမိကိုယ်တိုင်ရက်သော သင်္ကန်းနှစ်စုံတို့ကို မြတ်စွာဘုရားအား လှူဒါန်းဆက်ကပ်လေရာ တစ်စုံကိုသာလက်ခံ၍ ကျန်တစ်စုံကို ရဟန်းသံဃာအား လှူဒါန်းရန်တိုက်တွန်းသဖြင့် မိထွေးတော်ဂေါတမီ၏သင်္ကန်းကို လက်ခံမည့် သံဃာကိုယ်စား ရဟန်းတစ်ပါးအား စောင့်မျှော်နေစဉ် တစ်ပါးမှလည်း ထွက်မလာပဲ နေခိုက်တွင် အဇိတရဟန်းသည် ထွက်လာပြီး မိထွေးတော် ဂေါတမီ၏သင်္ကန်းကို အလှူခံလေ၏။ ထိုအခါ ပရိသတ်လေးပါးတို့သည် ရှုရှုသဲသဲဖြစ်ခါ ထိုအညတရ အဇိတရဟန်းအား ကဲ့ရဲ့ရှုတ်ချကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။ ရာဇဗြိုဟ်ပြည့်ရှင် ဘုရင်အဇတသတ်မင်း၏သားဖြစ်သော အဇိတမည်သော ရဟန်းသည် မည်မည်ရရ ရဟန်းမဟုတ်၊ အရိမေတ္တေယျဘုရားလောင်းဖြစ်ကြောင်း၊ ငါဘုရားသာသနာကွယ်ပြီးနောက် ပဋ္ဌမ မြောက်ပွင့်လာမည့် သမ္မာသမ္ဗုဒ္ဓလောင်းလျာဖြစ်သည်ဟု မိန့်ကြားတော်မူပြီး ထိုရဟန်း၏တန်ခိုးဣဒ္ဓိပါတ်ရှိပုံတို့ကို ဖော်ထုတ်ပြသတော်မူစေသည်။

## အရိမေတ္တယျဘုရားလောင်း
## သင်္ခစကြာမင်း၏ သားဖြစ်လာမည်ကို ဟောကြားခြင်း

ရာဂသလ္လ၊ ဒေါသစသား၊ မောဟဒိဋ္ဌိ၊ မာန်သလ္လိဟု၊ ထက်ဘိသံဟက်၊ ပြောင့်ငါးချက်တို့၊ စူးလျက်ကိုယ်ထဲ၊ ဝင်ဖောက်စွဲ၍၊ ကိုယ်ခဲနာကြင်၊ မခံချင်သော်၊ ငါ့တွင်ခိုလှာ၊ ဆည်းကပ်ပါမှ၊ ကယ်ပါဘုရား၊ ဝပ်ခစား၍၊ သနားငါလျှင်၊ ကယ်သုတ်သင်သည်၊ မဂ္ဂဟူသား၊ အပ်စုပ်ဖျားဖြင့်၊ လျင်လျားထွင်ခုတ်၊ လွယ်ကာနုတ်မှ၊ လောကုတ္တရာ၊ ဖိုလ်ချမ်းသာဟု၊ အနာငြိမ်းမှု၊ ဆေးဖြင့်ကု၍၊ အနုပါဒိန္န၊ ချမ်းသာရလိမ့်၊ အဂ္ဂမဟာ၊ ဉာဏ်ပညာနှင့်၊ မကွာငထဲ၊ လက်ျာရံသည်၊ လွှတ်ဝန်ခံ့ထား၊ ငါ့ချစ်သား၊ မှာကြားစေ့စေ့၊ ဆိုသရွေ့ကို၊ လေ့လေ့လာလာ၊ မှတ်သားနာလော့၊ နောင်ခါဖြစ်အံ့၊ ပေါ်လတ္တန့်သား၊ ဘုန်းညွန့်ဝေဖြာ၊ နေပမာသို့၊ စကြာစိုးရ ဘုန်းရောင်ပသည်၊ သင်္ခမည်သာ၊ ဖြစ်သောခါ၌၊ ထိုရွာလူများ၊ ထိုပြည်သားမူ၊ ရိသားကင်းမေ့၊ မျိုးတစေ့ကို၊ ယူ၍မြေတွင်း၊ စိုက်ပျိုးကျသော်၊ အပင်ဖြစ်ငြား၊ အမြစ်ပေါ်၍၊ ရွှေ့လျောသဖြင့်၊ စိုင်တဆင့်တိ၊ ကြာမြင့်ရက်ပေါ်၊ ပေါက်ရောက်ကားမှ၊ စီးပွားပြည့်ပြည့်၊ သီးလုံးမှည့်ကား၊ ရိတ်ငြားယူခါ၊ ရေတွင်စာသော်၊ ဒွါသဟဿ၊ ရသည်မလွဲ၊ နှစ်ထောင်လှည်းနှင့်၊ ငင်ဆွဲတိုက်ရ၊ ဒွါသတဟု၊ လှည်းရနှစ်ရာ၊ တနည်းမှာမူ၊ စမ္မာသတ္တာ၊ တိုက်ဆောင်ရ၏၊ သေသအကြွင်း၊ ဆယ့်ခြောက်တင်းနှင့်၊ မယွင်းစေ့စုံ၊ နှစ်ပြည်တုံတည်း၊ လူဘုံလူမျိုး၊ ရှေးကောင်းကျိုးကြောင့်၊ ပွားတိုးပေရ၊ ကယ်မုချတည်း၊ များလှစည်ပင်၊ လူဖုံယင်တို့၊ အကြင်ရောခါ၊ နေကြလှာသော်၊ စကြာသနင်း၊ ထိုစိုးမင်း၏၊ သန်ပရှင်းပဟိုင်၊ နန်းရိပ်ခိုလျက်၊ လိုလိုရာရာ၊ ဆင်းတံဆာကို၊ ပဒေသာမှာ၊ ယူငင်ကြ၍၊ ကောင်းလှအကြံ၊ အဋ္ဌိဘာန်နှင့်၊ ဉာဏ်လည်းပြည့်စွာ၊ ပွင့်သစ်ကြာသို့၊ မျက်နှာလည်းရှို ရွှင်လန်းဘိလိမ့်။ ကျောက်တိစိန်ကွပ်၊ ရောင်ဖြင့်လျှပ်သား၊ နဝရတ်မောင်းမောင်း၊ ဆင်နားငွေါင်းဖြင့်၊ မွှေးပေါင်းစုံစွာ၊ စန္ဒနာဟု၊ နံ့သာငြိန်းငြိန်း၊ နေ့တိုင်းလိမ်းလျက်၊ တစ်သိန်းမကာ၊ ဖိုးထိုက်လှသား၊ ခေါမကာသိန်၊ ဥတိန်ပရာဇ်၊ ဖြစ်သောပုဆိုး၊ အမျိုးမျိုးကို၊ မညိုးလှပ်လှပ်၊ နေ့တိုင်းဝတ်လျှက်၊ မလတ်စုံစွာ၊ ရတနာဟု၊ ဥစ္စာပြည့်ဝ၊ လိုတိုင်းရလျက်၊ စိတ်ကရှိရာ၊ တူရိယာလည်း၊ တီးမှုတ်ကြလျက်၊ ထိုမှတတည်၊ ထိုသည်ပြည်မှာ၊ သာစည်ချမ်းချမ်း၊ ခရီးလမ်းလည်း၊ ညွန့်ပန်းမိုးမိုး၊ ညောင်ရေထိုးလျက်၊ မညိုးလန်းလန်း၊ ရေစင်ပန်းနှင့်၊ ညိုးသန်းမထင်၊ ငှက်ပျောပင်က၊ တံခွန်စသား၊ ထိုမှတသင့်၊ ပန်းမျက်ထွင်းလည်း၊ လမ်းတွင်းလမ်းလယ်၊ ခရီးခွေ၌၊ တင့်တယ်ဘိငြား၊ စိုက်ဆောက်ထား၍၊ ယောက်ျားမိန်းမ၊ သွားလာကြလျက်၊ များလှအူအူ၊ ဖြူဖြူကုက္ကား၊ မလေးပွားနှင့်၊ ထူးငြားကြက်သရေ အံ့မကျယ်တည်း၊ ဌာနေရပ်သာ၊ ရေပြည့်စွာနှင့်၊ ပေါက္ခရမည်ခြင်း၊ ကန်ခပင်းလည်း၊ မကင်းချိုဘိ၊ ရေပြည့်ရှိလျက်၊ အရိမခြား၊ အကန်းများလည်း၊ ဖြူထွားသလဲ . . . စသည်ဖြင့်လည်းကောင်း။

နာလော့ ချစ်သား၊ ငါဟောကြားအံ့၊ ရှည်လျားနောင်ခါ၊ ဤကမ္ဘာ၌၊ စကြာပိုင်သ၊ အစိုးရသား၊ သင်္ခရာဇာ၊ ဖြစ်သောခါဝယ်၊ ကလျာရှု၍၊ ကုမ္မာရီဟု၊ နာမတွင်ခေါ်၊ ထိုသားတော်သည်၊ နုဘော်ပြည့်စုံ၊ ပညာဂုဏ်နှင့်၊ လုံးစုံသိပွ၊ တတ်မြောက်လှ၏၊ ပြဟ္မဏခေါ်၊ ဗေဒင်ကျော်မူ၊ ရေသော်မရ၊ အနန္တတည်း၊ များလှတုံသျှောင်၊ စစ်သည်ပေါင်းမူ၊ သောင်းသောင်းထူထပ်၊ လက်နက်ကျပ်လျက်၊ မလပ်မင်းရှေ့၊ စုသောနေ့မူ၊ ၄၈-ယူဇနာ၊ တိုင်အောင်သာတိ၊ တင်းကျပ်ရှိ၍၊ များဘိခြွေရွေ၊ ကုဋေသိန်းသောင်း၊ မရေကောင်းနှင့်၊ ရှစ်သောင်းလေးထောင်၊ ပြည့်များမြောင်တွင်၊ ရာဆောင်ကောဋိ၊ ကိုးသန်းရှိသား၊ ခတ္တိယစင်၊ များဘုရင်တို့၊ ထံတွင်ခစား၊ ခြံရံငြားလျက်၊ လေးပါးဒီပေ၊ အလုံးမြေကို၊ ပိုင်သာလေချည်း၊ နှိုင်းမရှည်သား၊ ရုံးစည်ချမ်းသာ၊ နတ်ကာမာလည်း၊ တံ့သာမတန်၊

ဆထက်လွန်၍၊ ဗိမာန်ဘုမ္မ၊ ပါသာဒ၌၊ သုခပြည့်စုံ၊ နန်းရိပ်လုံလျက်၊ မြတ်ဂုဏ်ထွန်းပ၊ ဘုန်းတေဇနှင့်၊ သခ်ရာဇာ၊ စိုးသောခါဝယ်၊ ပြည်ရွာတိုင်းကား၊ လူအများ၏၊ သွားလာခရီး၊ အပြီးပြီး၌၊ ဈေးကြီးဈေးငယ်၊ ခရီးခွေနှင့်၊ အံ့ဖွယ်ကောင်းလှ၊ ခရီးမလည်း၊ သာစွတင့်တယ်၊ မွေ့လျော်ဖွေတည်း၊ လုပ်ပေထူးဆန်း၊ မြို့စောင်းတန်းနှင့်၊ ဖြူလွန်းဆထော၊ ကျောက်လှေကားတို့၊ သွားလာစရာ၊ ကောင်းလှစွာသား၊ မဟာပေါက္ခရ၊ မြမြချိုလွန်၊ ထိုထိုကန်းလည်း၊ ကောင်းမွန်ဆိပ်သာ၊ ရေပြည့်စွာနှင့်၊ ရွှေကြာငါးမျိုး၊ ပွင့်ဖူးထိုး၍၊ ပွင့်ရိုးဝတ်ဆံ၊ ကောင်းလှမွန်ဖြင့်၊ ငုံတန်ငေါ်ငေါ်၊ ပွင့်ကားကားနှင့်၊ မွှေးငြားရနံ့၊ ရေလုံးပြန့်မျှ၊ ဇပုံ့ရသာ၊ ကြည်လှစွာနှင့်၊ မဟာကုဏ္ဍလ၊ နောဒတ္တသို့၊ ချိုမြပေဘိ၊ ရေသာရှိ၏။ တိရိစ္ဆာန၊ များလှတုံစွာ၊ ကျေးကာကာတို့၊ ရောက်လှာပေမြောက်၊ ရေကိုသောက်သော်၊ ရပ်စောက်ကမ်းနား၊ နှုတ်သီးဖျားဖြင့်၊ ယူငြား၍ပေ၊ သောက်နိုင်လေသား၊ မြရေအဆင်း၊ ကန်ခပင်းလည်း၊ မယွင်းပြည့်စုံ၊ ပွားလှတုံသည်၊ နတ်ဘုံကဲ့သို့ တူလတ္တန့်။

လက်ာ၏ဆိုလိုရင်းအဓိပ္ပါယ်မှာ သခ်စကြာမင်းလက်ထက်ကာလမှာ လူတို့သည် ကိုယ်စိတ်နွမ်းရိမှု ကင်းရှင်းပြီး စပါးစေ့တစ်စေ့စိုက်ပျိုး၍ အပင်ဖြစ်လျှင် သားမြောက်များစွာခွဲလျက် စပါးပင်အများအပြား ပြန့်ပွား စည်ပင်ခါ အသီးများစွာသီးလေသောကြောင့် စပါးအထွက်အလွန်တိုးကြောင်း စပါးတစ်တောင်းကို စိုက်ပျိုးသဖြင့် စပါးတစ်ထောင်ထိ ရနိုင်သော မြေဆီသြဇာရှိသည့် ခေတ်ကာလဖြစ်ကြောင်းကိုလည်း အဝတ်တန်ဆာရတနာတို့ကိုလည်း အဝတ်ပဒေသာမှ မိမိလိုချင်သည်ကို ဝယ်ယူဝတ်ရုံဆင်ယင်နိုင်ကြောင်းကိုလည်းကောင်း၊ တီးမှုတ်သီဆိုကခုန်ကြသော ပျော်တော်ဆက်ကလာပ်ရုံတို့နှင့် ခရီးလမ်းအနှံ့ အညွန့်ပန်းသန်သန်တို့ဖြင့် ညောင်ရေအိုးထိုး၍ ရေစင်အိုးများ တည်ထားရှိသည်ကိုလည်းကောင်း၊ ချိုမြိန်ကောင်းမွန်သန့်ရှင်းကြည်လင်သော ရေတို့ရှိသည့် ရေကန်များနှင့် တံခွန်ကုက္ကားမလေးပွားတို့ တလွှားလွှားလွင့်ထူထားရှိ၍ ယောက်ျား မိန်းမများစွာတို့ သွားလာလှုပ်ရှား ပျော်ပွဲစားနေကြသည်ကိုလည်းကောင်း၊ သခ်စကြာမင်းမှာ ကုမ္မာရီဒေဝီအပေါင်း ရာထောင်ရှိပြီး သားကြီးပေါင်း တစ်ထောင်တိတိရှိလျက် အကြီးဆုံးသားမှာ အဇိတ (အရိမေတ္တေယျဘုရားလောင်း)ဖြစ်၍ ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံလျက် ပညာဂုဏ် ပြည့်ဝစုံလင်တတ်မြောက်သူဖြစ်ခြင်း၊ ဗေဒင်တတ်ပုဏ္ဏားပညာရှိတို့မှာ ရေတွက်မရခြင်း၊ စစ်သေနာပတိမှာ ကုဋေတစ်သိန်းရှစ်ထောင်ရှိ၍ လေးကျွန်းလုံးကို အစိုးရသော စကြာမင်းဖြစ်ခြင်း၊ ထိုသခ်စကြာမင်း၏ ချမ်းသာသည် နတ်ချမ်းသာထက်ပင် လွန်ကဲခြင်းတို့ရှိကြောင်းတို့ကို လက်ာဖြင့် အသေးစိပ်စပ်ဆိုထားသည်ကို တွေ့မြင်နိုင်လေသည်။

<u>အရိမေတ္တေယျဘုရားကို မဖူးမြင်နိုင်သူများ</u>

အရိမေတ္တေယျဘုရားပွင့်တော်မူစဉ်က လူ့ဘဝကိုမရပဲ ဘုရားရှင်နှင့် လွဲချော်နိုင်သောသူတို့ကိုလည်း မြတ်စွာဘုရားသည် ဤသို့ ဖော်ထုတ်မိန့်ကြားခဲ့သေးလေသည်။

ချစ်သား သာရိပုတ္တရာ၊ အကြင် အရိမေတ္တေယျမြတ်ဘုရားသည် နောင်သောကာလ ပတ္တမြားပလ္လင်၊ ကံ့ကော်ပင်အောက်တွင် ဝိဇ္ဇာသုံးပါးကို ရတော်မူ၍ စင်စစ်မချွတ် ဘုရားဖြစ်လတ္တံ့။ ထိုအခါ မြတ်စွာဘုရားကို မဖူးမြင်နိုင်သောသူတို့ကား (၁) ဒေဝဒတ်ကဲ့သို့ သံဃာကို သင်းခွဲသော သံဃာဘေဒကကံကို ကျူးလွန်သူ၊ (၂) အဇာတသတ်ကဲ့သို့ အမိအဖကိုသတ်သော မတာဃာတက၊ ပိတုဃာတကကံကို ကျူးလွန်သူ၊ (၃) ရွှေပန်းထိမ်

ကဲ့သို့ ရဟန္တာကို သတ်သော အရဟန္တဃာတကကံကို ကျူးလွန်သူ၊ (၄) ဒေဝဒတ်ကဲ့သို့ မြတ်စွာဘုရားအား သွေးစိမ့်ထွက်အောင်ပြုလုပ်သော လောဟိတုပ္ပါဒကကံကို ကျူးလွန်သူ၊ (၅) နိယတမိစ္ဆာဒိဋ္ဌိ မှားသောအယူကို သိလျက် စွဲစွဲမြဲမြဲလက်ကိုင်ထားသူ၊ (၆) အရိယာကို စွပ်စွဲသော အရိယူပဝါဒကံသင့်သူ၊ (၇) တဏှာတွန်းဖြစ်သော သူ၊ (၈) ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၏ နဝကမ္မကပ္ပိယဝတ္ထုငွေကို သုံးဆောင်စားသောက်သောသူတို့ ဖြစ်လေသည်။

ဤသို့လျှင် မင်းပြားမြို့နယ် ရှေးဟောင်ကေသလာကျေးရွာတွင် ပိဋကတ်ဗေဒင်ကုန်စင်တတ်သိ ဆရာတော်ဘုရားကြီးထံတွင် ပညာသင်ကြားတတ်မြောက်သဖြင့် ဤ“မေတ္တယျာနာဂတဝင်ကျမ်း”ကိုရေးသားရ ခြင်းဖြစ်ကြောင်း၊ သာသနာလောကနှင့် လူ့လောကနှစ်ဖြာ ပြဟ္မစိုရ်လေးပါးလက်ကိုင်ထားခါ အေးအတူ ပူအမျှ ညီညီညွတ်ညွတ်လက်တွဲချီတက်ကြသောကာလအပ ချိန်အခါသမယဝယ် သာသနာနှင့်ဒါယကာ၊ ရေနှင့်ကြာပမာ ဖြစ်ပြီး တိုးတက်ကြီးပွားစည်ကားကြောင်း၊ ယင်းသို့မဟုတ်ပဲ ကြီးနိုင်ငယ်ညှင်းဝါဒလွှမ်းမိုးပါက ပျက်စီးကြရကြောင်း တို့ကို ရခိုင်သူ ရခိုင်သားတိုင်း သိထားသင့်လေသည်။

မဟာပညာကျော်(ရခိုင်မြို့)

ဝ

# အတိတ်ကာလက ကျိုင်းရိပ်တခွင်

**အောင်လှသိန်း**

ရှေးခေတ်ကာလက ကျိုင်းရိပ်တစ်ခွင်ဟုဆိုလျှင် ပေ(၄၁၄)ပေမြင့်သော ကျိုင်းတော်တောင်တန်းပတ်လည် တစ်ဝိုက်ကိုသာ ဆိုလိုခဲ့ပါသည်။ ယခုခေတ်ကာလတွင်မူ ဧရိယာစတုရန်း (၁၃၃၈)မိုင်မျှ ကျယ်ဝန်းသော မင်းပြား မြို့နယ်ကိုပင် ကျိုင်းရိပ်တစ်ခွင်ဟု တင်စားခေါ်ဝေါ်ထားကြပါသည်။ သို့ဖြစ်၍ အတိတ်ကာလက ကျိုင်းရိပ်တစ်ခွင် ဟု ဆိုသည်မှာ မင်းပြားမြို့နယ်တစ်ခုလုံး၏ အတိတ်ကာလအဖြစ်အပျက်ကိုသာ ဆိုလိုပါသည်။

ယနေ့ ကျိုင်းရိပ်မြေသည် အဥ္စနနဒီလေးမြို့မြစ်ကို အခြေခံသည်။ ဤမြစ်ကြီးသည် သာမန်အားဖြင့် မြောက်မှတောင်သို့ စီးဆင်းနေပါသည်။ အရှေ့ခြမ်းသည် တောတောင်ထူထပ်သည်။ အရှေ့အနောက် အဖြောင့် မိုင် (၃၀)ခန့်ထူပါသည်။ အမြင့်ဆုံးတောင်သည် (၅၄၀၄)ပေမြင့်သော စမ်းပွေ့ရောင်တောင်ဖြစ်သည်။ ရှေ့ခြမ်း၌ အကျယ်ပြန့်ဆုံး မြေပြန့်လွင်ပြင်မှာ ဧရိယာစတုရန်းမိုင် (၅၀)မျှကျယ်ဝန်းသော ပန်းမြောင်းကြီးချောင်းလွင်ပြင် အရပ်ပင်ဖြစ်သည်။ အနောက်ခြမ်းမှာ မြစ်ချောင်းများ ယှက်ဖြာစီးဆင်းနေသော နုံးမြေလွင်ပြင်များနှင့် ကျိုင်းတောင် တန်းနှင့် ကြပ်စင်တောင်တန်းတို့ ဖြစ်ကြသည်။ ကြပ်စင်တောင်တန်းတွင် ရင်းတောင်သည် အမြင့်ဆုံးဖြစ်သည်။ ပေ(၁၀၂၉)ပေမျှမြင့်သည်။ အဥ္စနနဒီမြစ်လက်တက်တစ်ခုဖြစ်သော အင်္ဂနက်မြစ်သည် ကျိုင်းတောင်နှင့် ကြပ်စင် တောင်ကြားမှဖြတ်ကာ အနောက်တောင်ဆီသို့ ကွေ့ကောက်စီးဆင်းသွားသည်။ ကြပ်စင်ကျွန်း၏ အရှေ့ဘက်တွင် ပြွန်ရှည်ချောင်းနှင့် မင်းကြောင်းချောင်းတို့က အဥ္စနနဒီ၏အရှေ့ဘက် မြစ်လက်တက်များအဖြစ် အပြိုင် တောင်ဘက်သို့ စီးဆင်းနေသည်။

မည်သည့်လူမှုရေးခေတ်ကာလတွင်ဖြစ်စေ၊ ကျိုင်းရပ်တစ်ခွင်သည် ဆန်စပါး၊ ဥယျာဉ်ခြံထွက်နှင့် သစ်ဝါး များထွက်ရှိရာ အရပ်တစ်ခုဖြစ်ပါသည်။

အတိတ်ကာလက ကျိုင်းရိပ်မြေတစ်ခွင်တွင် သမိုင်းဝင်ဖြစ်ရပ်များ ရှိခဲ့ပါသည်။ ယင်းဖြစ်ရပ်အချို့ကို သမိုင်းရပ်ကြွင်းလက်ရာများ၊ ရာဇဝင်ဆိုင်ရာ အထောက်အထားများ၊ ပေါရာဏဝေါဟာရသမိုင်းစု ဒဏ္ဍာရီသမိုင်း စသည်တို့ကို ထောက်ထား၍ လက်လှမ်းတမီ လေ့လာကြည့်မိပါသည်။

ကျိုင်းတောင်ပေါ်တွင် ယခုတိုင် ကိန်းဝပ်လျက်ရှိသော ဇိဝှါဓါတ်တော်သမိုင်းက တတိယဒွေဝတီခေတ် တည် စန္ဒသူရိယမင်းကြီးလက်ထက်တွင် နောင်ကာလ ဇိဝှါဓါတ်စေတီတည်မည့်အကြောင်း ဗျာဒိတ်ရကြောင်း ဖော်ပြပါသည်။

စေတီတော်ကို နွားလားဥသဘတစ်မော အမြင့် (ဥာဏ်တော် ကိုးပေခန့်) အဖြစ် သူရိယစက္ကမင်းကြီး (ဘီစီ ၁၃၆-၂၇၂)က စတင်တည်ထားသည်ဟုလည်း ဆိုပါသည်။ ယင်းခေတ် ယင်းကာလကပင် ဤအရပ်နှင့် ဤဒေသ၌ ဗုဒ္ဓသာသနာတော် စတင်ထွန်းကားစည်ပင်ခဲ့ကြောင်း ဖော်ညွှန်းနေပါသည်။ ဇိဝှါစေတီခေါ် ကျိုင်းတော် စေတီမှာ နှောင်းခေတ်မှတ်တမ်းများ၌ ရခိုင်တို့၏ မွေသရီ ငါးရပ်ဝင်တစ်ဆူအဖြစ် သတ်မှတ်ထားသည်ကို တွေ့ရ ပါသည်။ အခြားသောလေးဆူတို့မှာ ဝရာဇ်တော်စေတီ( ပုဏ္ဏားကျွန်း)၊ မဟာမုနိ၊ ကျောက်ကုန်းတော်စေတီ (ကျောက်တော်)၊ ဥသလင်းစေတီ(ကုလားတန်မြစ်ညာ)တို့ဖြစ်ကြပါသည်။

ညေဝတီခေတ်ကုန်၍ ဝေသာလီခေတ် (အေဒီ ၃၂၇-၈၁၈)တွင် ဝေသာလီယဉ်ကျေးမှုသည် ကျိုက်ထီးရိုးမြေ၌ပင် စည်ပင်ထွန်းကားခဲ့ကြောင်း ကျွန်းတစ်ခွင်တွင်တွေ့ရသည့် ဝေသာလီခေတ် ဗုဒ္ဓယဉ်ကျေးမှု သရုပ်သဏ္ဌာန် လက္ခဏာဖြစ်သော ကျောက်စတူပါငယ်များကို တွေ့ရှိရမှုက သက်သေထူနေပါသည်။ ဤကျောက်စတူပါငယ်များကို မင်းပြားကျွန်းတောင်၌ တွေ့ရသလို ကြပ်စင်ကျွန်း၏အနောက်ခြမ်း ကျောက်ခုတ်စအင်းတွင်လည်း အများအပြား တွေ့ရှိရပါသည်။ မေလွန်းမှ ဖုံသာချောင်းသို့ ကျော်ရာလမ်းရှိ အိုးပုံတောင်တွင်လည်း တွေ့ရှိထားပါပြီ။ စအင်းရှိ စတူပါငယ်များမှ တစ်ဆူတွင် အောက်ခံကုဗတုံး၌ အရုပ်များဖြင့် ထုဆစ်တန်ဆာဆင်ထားသည်မှာ လွန်စွာထူးခြားလှပါပေ၏။ တောတန်းကျွန်းလက်မစေတီမှ စတင်ရရှိသော မုခ်ငါးခုပါ ဌာပနာကြေးစေတီငယ်မှာ ဝေသာလီခေတ်လက်ရာဖြစ်ကြောင်း ဆိုပါသည်။ ဤအရပ်တွင်လည်း ဝေသာလီခေတ်ကပင် လူနေအိမ်ခြေတို့ဖြင့် စည်ကားနေပြီ ဖြစ်ပါသည်။

ဝေသာလီခေတ်ကို ဆက်ခံသော လေးမြို့ခေတ် (၈၁၈-၁၄၃၀)ကာလတွင်ကား ကျိုက်ထီးရိုးမြေသည် အလွန်အရေးပါလာကြောင်း တွေ့ရသည်။ ကျွန်းရိုးမြေ၏အရှေ့ဘက်ရှိ ထူထပ်မြင့်မားသော တောတောင်များကို ဖြတ်သန်း၍ ဘူးရွက်မညိုးကျော်လမ်းသည် အေဒီ(၁၁)ရာစုတွင် ထင်ရှားလာပါသည်။ ဤလမ်းကို ပုဂံအနော်ရထာမင်းသည် မဟာမုနိဆင်းတုတော်ကြီးကို အရှေ့သို့ပင့်ရန် ရည်ရွယ်၍ စတင်ဖောက်လုပ်ကြောင်း ရခိုင်ရာဇဝင်ပုံကျမ်း(ဂါ) အချုပ်၌ ဖော်ပြပါရှိပါသည်။ မူလက တောလမ်း တောင်လမ်းရှိခဲ့ပါသည်။ ဝေသာလီခေတ် ကောင်းစားစဉ်က မြန်မာပြည်အလယ်ပိုင်းနှင့် ကုန်သွယ်မှုလျင်မြန်စေရန် စတင်အသုံးပြုခဲ့ဟန်တူပါသည်။

လေးမြို့ခေတ်၏ဒုတိယမြို့တော်ဖြစ်သော ပုရိန်ခေတ် မင်းဖုန်းစား (၁၁၄၂-၁၁၄၉)လက်ထက်၌ ဤကျွန်းရိုးမြေသည် စစ်သုံ့ပန်းတို့အား နေရာချထားပေးသည့် အရပ်တစ်ခု ဖြစ်လာခဲ့ပါသည်။ မင်းဖုန်းစားလက်ထက်ကလည်း သျှမ်းတို့သည် လေးမြို့မြစ်ညာမှ စုန်ဆင်းလာကြသည်။ ဘုရင်ကြီးသည် မြစ်ညာသို့ ဆန်တက်ကာ ရန်သူတို့ကို ဆီးကြိုတိုက်ခိုက်ခဲ့ပါသည်။ ရန်သူတို့အား ရိက္ခာပေါရာ မြေပြန့်လွင်ပြင်သို့ အရောက်မခံခဲ့ပေ။ ရခိုင်တို့က လက်ဦးမှုရယူခဲ့ပြီး သျှမ်းတို့မှာ စစ်ရှုံးကြလေသည်။ လက်ရဖမ်းဆီးမိသူတို့ကို သတ်ဖြတ်ခြင်းမပြုဘဲ သိမ်းယူကာ ကျွန်းအရပ် တစ်နေရာတွင် နေရာချထားပေးခဲ့သည်။ ထိုအရပ်ကို သိမ်းကဘာဟု တွင်သည်။ သိမ်း၍ပါလာသူတို့ဟူ၏။ ရာဇဝင်တွင် သင်္ဂပါဟုလည်းရေးသည်။ အချို့ကို မင်းကြီးက မစကာ ကျေးရွာတည်ထောင်ပေးသည့်အရပ်ကို မင်းမဟုတွင်သည်။ ဖမ်းရသုံ့ပန်းတို့အား တောစပ်တောင်စပ်တွင် မထားရှိဘဲ ထွက်ပြေးရမလွယ်ကူသော ဒီရေရောက် အရပ်ကျွန်းများ၌ ထားခဲ့ဟန်တူပါသည်။

သိမ်းကပါမှာ ကျွန်းတောင်၏အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာတွင် ရှိပါသည်။ ယခု သိမ်တောင်ဟုသာ တွင်တော့သည်။ နောင်တွင် သိမ်းကပါအရပ်မှ ပြောင်းရွှေ့ကာ စစ်တွေမြို့တွင် အခြေချနေထိုင်လာသူတို့၏ အရပ်ကို ယခုတိုင် သိမ်းကဘာစုဟု ခေါ်နေပါသေးသည်။ တရားသီးစုနှင့် လမ်းသစ်ကြားတွင် ရှိပါသည်။ သိမ်းကဘာအရပ်တွင် မူလက သျှမ်းသုံ့ပန်းများကို ထားခဲ့သော်လည်း နောင်ခေတ်ကာလတွင် ခေတ်ကာလအခြေအနေအရ မူလနေသူများ ရှိတော့အံ့မထင်ပါ။ ဒေသခံတို့ ဝင်ရောက်နေရာယူခဲ့ဟန် တူပါသည်။

သိမ်းကဘာအရပ်တည်ရှိရာတွင် ရီပူမြစ်တည်ရှိပါသည်။ မြောက်မှတောင်သို့စီးဆင်းပြီး (၁၂)မိုင်မျှရှည်ပါသည်။ အနောက်ဘက်ရှိ ဓါးမကျမြစ် (ရဲတဲမြစ်/ထိမ်တိုင်းမြစ်)ထဲသို့ စီးဝင်ပါသည်။ ရီပူမြစ် လက်ဝဲကမ်းတွင်

သိမ်းကဘာရွာနှင့် ယင်း၏မြောက်ဘက်တစ်မိုင်ခန့်တွင် ရီပူရွာရှိပါသည်။ ရီပူဟူသည်မှာ စစ်မှုထမ်းခြောက်မျိုး အနက် သုံ့ပန်းလက်နက်ကိုင်ဖြစ်ပါသည်။ ပါဠိအဘိဓါန်တစ်ခု၌ ရိပုဟုပါရှိပြီး ရန်သူဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါ သည်။ ဖမ်းမိရသောသုံ့ပန်းထဲမှ စိတ်ချရသူများကို သစ္စာခံစေ၍ စစ်ရေးအတွက် အသုံးပြုခဲ့ခြင်းဖြစ်သည်။ မင်းဖုန်း စားလက်ထက် ဖမ်းရသျှမ်းသုံ့ပန်းတို့ကို နေရာဖြစ်ခဲ့၍ ပါဠိလို ရိပုရွာ၊ ရိပုမြစ်ဟုတွင်ခဲ့ခြင်း ဖြစ်ဟန်တူပါသည်။ ဤအမည်မှာ ခေတ်အဆက်ဆက် ပျောက်သွားခဲ့ခြင်းမရှိတော့ချေ။ ရီပူမြစ်ဟု ခေတ်စကားတွင်ခြင်းမှာ မူလ 'ရိပု'မှ စကားပျက်ဟန်သာ ရှိပါသည်။

လေးမြို့ခေတ်တွင် ယခု ကျိုန်းရပ်မြေအပါအဝင်ဖြစ်သော တောတန်းကျွန်းသည် အဖွံ့ဖြိုးဆုံးရောက်ခဲ့ သည်ဟု ဆိုရပါမည်။ အကြောင်းမှာ တောင်ငူ နေရဉ္ဇရာမြို့ကြီးသည် ဤအရပ် ဤဒေသ၌ အေဒီ(၁၁၆၃)မှ (၁၂၅၁)အထိ ဖြစ်ထွန်းကောင်းစားခဲ့၍ ဖြစ်ပါသည်။ ဤမြို့တော်ဟောင်းမှာ သမိုင်းရုပ်ကြွင်းအထင်ကရ မကျန် ရှိတော့သဖြင့် ခေတ်သုတေသီတို့အဖို့ သင့်ရာသင့်ရာရွေးချယ် မှန်းဆနေကြရပါသည်။ မြို့သက်တိုခြင်း၊ ဝါးတပ်မြို့ ဖြစ်ခြင်းတို့ကြောင့် သမိုင်းရုပ်ကြွင်းမကျန်ခဲ့ဟု ဆိုနိုင်ပါသည်။ မြို့ရိုးတံတိုင်းနှင့် ဆိုလျှင်ကား အထောက်အထား ခိုင်လုံစရာရှိပါသည်။ ပရိန်မြို့တော်ဟောင်းဟူ၍ အရပ်စွဲအမည် ကြွင်းကျန်၍လည်း မရှိပါ။ တောင်ငူနေရဉ္ဇရာ မြို့သည် ပုရိန်မြို့၏အရှေ့တောင်ဘက် နှစ်တိုင်အကွာတွင် ရှိသည်ဟု ဒွါရာဝတီအပိုင်းပေမူတစ်ခု၌ ဆိုထားပါ သည်။ ဆယ်နှစ်တောင် တစ်တာနှုန်းဖြင့် တာတစ်ထောင်ကို တစ်တိုင်ဟုယူလျှင် (၇)မိုင်ခန့်ဝေးမည်ဖြစ်ပါသည်။ ယခု တောတန်းဝန်းကျင်ဟု ယူဆနိုင်ပါသည်။

တောင်ငူနေရဉ္ဇရာမြို့တည်မင်း မဉ္ဇူသင်းမှာ ဘုန်းလက်ရုံးတော်၏ မင်းဆူ (၁၁၈၅-၁၁၉၀) လက်ထက် တွင် တစ်နေ့လျှင် အသပြာလေးထောင်ကျစီ လှူခဲ့ပြီး တရားဓမ္မသံသည် လွှမ်းခဲ့၏။ သို့သော် ၎င်းကို ဆက်ခံသူ မင်းငါးပါးမှာ တရားမစောင့်ကြသဖြင့် နေရဉ္ဇရာသည် အနှစ်(၃၀)ကြာ ဆုတ်ယုတ်ခဲ့ရသည်။ ပြီးမှတဖန် ဦးမော့ တိုးတက်စည်ပင်ခဲ့လေသည်။ နောက်ဆုံးမင်းဖြစ်သူ ငနှလုံးမှာ အနောက်အရပ်သို့ ဘုန်းလက်ရုံးဖြန့်နိုင်ခဲ့လေသည်။ အပြန်ခရီး၌ သုံ့ပန်းပေါင်းများစွာကို လက်ရဖမ်းဆီးယူခဲ့ပြီး မြို့တော်ရှိ ဘုရင်ပိုင် လုပ်ငန်းများတွင် စနစ်တကျ ခိုင်းစေခဲ့ပါသည်။ သူ၏သားတော် အလောမာဖြူမင်းကား လောင်းကြက်မြို့ (၁၂၅၁-၁၄၃၀)တည်မင်းပင်လျှင်ဖြစ် သည်။

လောင်းကြက်ခေတ်၌ တောတန်းအရပ်မှာ မြို့တော်နှင့် လေးမြို့မြစ်သာ ခြားတော့သည်။ လက်တစ်ကမ်း မျှသာ ဝေးတော့သဖြင့် လောင်းကြက်၏ချမ်းသာကြွယ်ဝမှုကို တောတန်းအရပ်သည်လည်း မျှဝေခံစားခဲ့သည်သာ။ ထို့အတူ လောင်းကြက်မြို့တော်၏ အနိဋ္ဌာရုံကာလများ၌လည်း ဆိုးကျိုးများကို ဤတောတန်းအရပ်ကပင် ဦးစွာ အစ ခံစားခဲ့ရသည်။ မင်းထီးလက်ထက်၌ တောင်ငူမြို့ဟောင်းကို (၁၂၉၈)ခုနှစ်တွင် ထပ်မံပြုစုတည်တော်မူ ကြောင်း သမိုင်း၌ပါရှိသည်။ သျှမ်းရန်စစ်ကို နိုင်ပြီးမှ ထပ်မံတည်ထောင်ခြင်းဖြစ်သဖြင့် စစ်ရေးအရ အလွန် အရေးပါခဲ့ဟန်တူပါသည်။ တောင်ငူမြို့ဟောင်းသည် စစ်မြို့ဟု ယူဆရပါသည်။

၁၄၃၀ပြည့်နှစ်တွင် မြောက်ဦးမြို့တော်ကို မင်းစောမွန်က စတင်တည်ထောင်ပြီးနောက် တောတန်းသည် သာမက ကျိုန်းအရပ်မြေတစ်ခုလုံးသည်လည်း အဖက်ဖက်မှ အရေးပါလာခဲ့ကြောင်း တွေ့ရှိရပါသည်။ မင်းစော မွန်သည် မြောက်ဦးမြို့တော်ကြီး ရှည်ကြာဖွံ့ဖြိုးစေရန်အတွက် မြို့တော်၏အနီးဝန်းကျင် ကျစ်လျစ်ခိုင်မာ

လာအောင် စီစဉ်ခဲ့၍ဖြစ်ပါသည်။ ကျိန်းအရပ်၌ အထင်ကရ မွေသရီတော်မှာ ကျိန်းတော်ဓာတ်စေတီ ဖြစ်ပါသည်။ ဤစေတီတော်နှင့် အခြားသော မွေသရီခါတ်လေးဆူပေါင်း ငါးဆူကို မွေတော်ငါးရပ် ဆီမီးဝတ်မပြတ်စေရာဟု သတ်မှတ်စီစဉ်ခဲ့ပါသည်။ မွေတော်ငါးရပ်မှာ ဦးရာဇ်တော်၊ ကျိန်းတော်၊ မဟာမုနိ၊ ကျောက်တော်စေတီနှင့် ဥဿလင်းစေတီတော်တို့ ဖြစ်ကြပါသည်။ ဝရိုက်တော်(ဦးရာဇ်တော်)ကား ဦးခေါင်းတည်း။ ကျိန်းတော်ကား ပခုံးတည်း၊ မဟာမုနိကား သည်းပွတ်တည်း။ ကျောက်တော်ကား ကျောက်ကုန်းတည်း၊ ဥဿလင်းကား အမြီးတည်းဟု သတ်မှတ်ခဲ့ပါသည်။ မွေတော်ငါးရပ်ရှိရာ ကုလားတန်မြစ် (ကစ္ဆပနဒီ)နှင့် ယင်း၏မြစ်ဝှမ်းကို အမြဲမပြတ်လုံခြုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပါသည်။

မြောက်ဦးမြို့တော်ကို ကာကွယ်ရန် မြို့တော်၏ ပရိဈေဒအပြင်ဘက် မိုင်(၂၀)အကွာတွင် လုံခြုံစွာစောင့်ရှောက်ထားရမည့် သဘောဖြစ်ပါသည်။ မင်းရာဇာလက်ထက် (၁၅၀၂) ခုနှစ်တွင် လက်မဖက်တောအား ခုတ်ထွင်ရှင်းလင်းသည်ဟု ရာဇဝင်ပါရှိခြင်းမှာ တောတန်းကျွန်းကာကွယ်ရေးအတွက်ပင် ဖြစ်သည်။

အုပ်ချုပ်ရေးအရလည်း ကျိန်းအရပ်တစ်ခွင်တွင် ဘုရင်ဘဏ္ဍာကို တိုးမြှင့်ပေးနိုင်သော ကင်းခွန်များရရှိနိုင်သော ကင်းများအနက် ကင်းကြီးနှစ်ကင်း ရှိနေခဲ့ပါသည်။ မင်းပြားကင်းနှင့် ပွန်ရှည်ကင်းတို့ဖြစ်ကြပါသည်။ ခွန်သေရကင်းများ ဖြစ်ကြပါသည်။ မင်းပြားကင်းမှာ အဥ္စနနဒီမြစ်အလယ်ပိုင်း၊ အကြေပိုင်းနှင့် ပန်းမြောင်းကြီးချောင်း၊ ဖုံသာချောင်းတို့မှ ထွက်ကုန်များနှင့် ဆိပ်ကမ်းခွန်များကို ကောက်ခံရပြီး ပွန်ရှည်ကင်းမှာ ရခိုင်အလယ်ပိုင်းနှင့် တောင်ပိုင်းတို့နှင့် ဆက်သွယ်သော ကုန်ပစ္စည်းများကို ကောက်ခံခြင်း ဖြစ်ဟန်တူပါသည်။ မင်းပြားကင်းနေရာမှာ ယခုမင်းပြားမြို့၌ ကင်းဆိပ်ဟူ၍ အရပ်တစ်ခု ရှိနေပါသေးသည်။ ယင်းအရပ်ဝန်းကျင်ဟုပင် ဆိုရပါမည်။ ပွန်ရှည်ကင်းစားအရပ်ကိုမူ အရပ်အမည်စွဲ အထင်အရှားမကျန်တောပါ။ ပွန်ရှည်ချောင်းနှင့် ယင်းချောင်း၏အရှေ့ဘက်ရှိ မင်းကြောင်းချောင်းတို့ကို လက်လှမ်းမီရာ အရပ်တစ်ခုခုဟု ဆိုနိုင်ပါသည်။

မင်းပြားကင်းနှင့် ပွန်ရှည်ကင်းတို့မှာ ကင်းခွန်အများအပြား ရရှိသည့် ကင်းများဖြစ်ကြပါသည်။ ကုလားတန်ဖက်တွင် မြောက်ဦးခေတ်ကာလ၌ ဝင်ငွေအများဆုံးရသော ကင်းဖြစ်သည်။ မင်းပြားကင်းနှင့် ပွန်ရှည်ကင်းတို့မှာ ဒုတိယတန်းစားဟု ဆိုရပါမည်။ မင်းဖလောင်းလက်ထက် အရှေ့ပြည်မှ တိမ်းရှောင်လာသူ အမတ်နှစ်ဦးအား မင်းပြားကင်းနှင့် ပွန်ရှည်ကင်းတို့ကို အသီးသီးပေးသနားခဲ့ဖူးသည်။ ပွန်ရှည်ကင်းစား ဗလရဲကျော်သည် ကင်းခွန်ငွေများကို မက်မောပြီး ခိုးယူကာ တယွေချောင်းလမ်းက ထွက်ပြေးသဖြင့် ချင်းတို့က ပို့ဆက်လာကြောင်း ရခိုင်ရာဇဝင်၌ ပါရှိသည်။ တယွေချောင်းမှ မေလွန်း၊ ကမ်းနီတို့၏ အရှေ့ဘက်အဖြောင့် (၁၆)မိုင်အကွာတွင်ရှိပါသည်။ ဝက်ချောင်း၏ချောင်းဖျား အရပ်တစ်ခုဖြစ်ပြီး ဘူးရွက်မည်းလမ်း၏ အစိတ်အပိုင်းတစ်ခုဟု ဆိုနိုင်ပါသည်။

မင်းရာဇာကြီးလက်ထက်၌ ကျိန်းအရပ်တွင် ဆင်အောင်းမအသင်းကိုလည်း ထားခဲ့ပါသည်။ ဟံသာဝတီကို အောင်နိုင်ပြီးနောက် ဖမ်းဆီးရမိသောသုံ့ပန်းများကို ရိပုတပ်အဖြစ် ရှစ်တပ်အစုဖွဲ့ရာတွင် တစ်တပ်ကို ရာမု(ရာမောင်)ကျွန်း၌ ထားရှိခဲ့ပါသည်။ တောင်ငူတပ်ဟုလည်း ဖွဲ့ထားသဖြင့် တောတန်းအရပ်တွင်လည်း ထားခဲ့ပေမည်။ ရာမောင်ကျွန်းတွင် ထားရှိခဲ့သော တပ်၏အမည်မှာ တောင်ဘက်တပ်ဟု ဆိုနိုင်ပါသည်။ 'ရာမောင် နတ်ကြီး၊ တောင်ကဆီးသည် ရန်မီးတစ်ခါ မပြုရာ" ဟူသောစကားကို ထောက်ထားပါသည်။ ငစရိုင်းကျွန်းတွင် ဘားရှေ့

ဟူ၍ ရှိခဲ့သည်။ ဖားမြို့အရပ်ဟု ထင်ပါသည်။ (၁၆၀၅)ခုတွင် အိမ်ရှေ့မင်း ပုန်ကန်ချီတက်လာသည်ကို ဘားမြို့အရပ်မှ ခုခံချေမှုန်းခဲ့လေသည်။

မြောက်ဦးတတိယခေတ်(၁၆၃၈-၁၇၈၅)တွင်ကား ကျိန်းအရပ်ဌာနီမြေသည် အနိဌာရုံများဖြင့် ပြည့်လျှံခဲ့သည်။ မြောက်ဦးထီးနန်းကို ရယူလိုသူများ၊ နှောင့်ယှက်ပုန်ကန်လိုသူများ၏ အင်အားစုရာ ခိုလှုံရာတစ်ခု ဖြစ်လာခဲ့သည်။ မင်းမတည် ပြည်မရပ်ကာလအဝင် (၁၆၉၈)ခုနှစ်တွင် တောင်ဘက်တစ်လွှားကို အုပ်ချုပ်ရသော အမတ်နန္ဒစည်သူက ပုန်ကန်သည်။ နန္ဒဗလစစ်သူကြီးက တိုက်ခိုက်နှိမ်နင်းရသည်။ နန္ဒစည်သူသည် အားသာလိုက်အားနည်းလိုက်ဖြစ်ခဲ့သည်။ (၁၇၀၂)ခုနှစ်တွင် မြောက်ဦးဘုရင်သည် ရန်သူအား မပြိုင်ဆိုင်နိုင်ပဲ တောတန်းကျွန်းသို့ တိမ်းရှောင်ကာ ခေတ္တခိုလှုံခဲ့ရသေးသည်။ (၁၇၀၃)ခုတွင်ကား ကျိန်းအနောက် တာခေါင်းတုံးညိုသည် သူပုန်သူကန်များကို နှိမ်နင်းရသည့် တန္တဗိုလ်အမတ် ခန့်အပ်ခြင်းခံရသည်။ ကျိန်းအရပ် မတည်ငြိမ်မှုအား ကျိန်းအရပ်သားတစ်ဦးက ထိန်းကွပ်စေသည့်သဘောလည်း ဆိုနိုင်ပါသည်။ ယင်းနှစ်တွင်ပင် နန္ဒစည်သူအပါအဝင် အမတ်(၁၀)ဦးတို့က စုပေါင်း၍ ကျိန်းကျွန်းကျက်သရေရွာကို ဖျက်ဆီးကြသည်ကို တန္တဗိုလ်မင်းတိုက်ဖျက်၍ အောင်နိုင်ခဲ့သည်။ တိုက်ပွဲမှာ ပြင်းထန်လှသည် ကျိန်းနှင့်အနောက်တွင် စပ်နေသော ဓါးမကျမြစ်မှာ လူသေကောင်များဖြင့် ပြည့်လေသည်အထိ ဖြစ်ခဲ့သည်။ မကြာမီပင် ကြပ်စင်ကျွန်းစားနှင့် နန္ဒဗလစစ်သူကြီးတို့ ပေါင်းမိကာ ပုန်ကန်ကြသော်လည်း မအောင်မြင်ခဲ့ပေ။ တစ်ကြိမ်တွင်လည်း တပ်စုကာ ကျိန်းအရပ်ထိန်းတိုင်က ပုန်ကန်ကြသေးသည်။ မအောင်မြင်သဖြင့် ရေချောင်းပန်းမြောင်းအနီးသို့ ဝင်ပြေးကြလေတော့သည်။ ပုန်ကန်သူတို့ကမူ လက်မလျှော့သေး။ လောင်းကြက်၊ စမ္ပဝက်၊ တောတန်း၊ စည်ရွာ၊ ငါးစင်ရိုင်းချောင်း၊ ကြပ်စင်၊ ရွှေပန်းတင်၊ မင်းကန်၊ ဓါးမကျ၊ မင်းမ၊ သိင်္ဂပါ၊ သင်းပေါင်းချောင်းအရပ်တို့က စုရုံး၍ ပုန်ကန်ကြသေးသည်။ ပုန်ကန်ရာ အရပ်ဆယ့်နှစ်ခုတွင် ကျိန်းအရပ်မြေတွင် ရှိပါသည်။ (၁၇၀၅)ခုနှစ်တွင် ကျောက်ခုတ်စအင်းကလည်း ပုန်ကန်ခဲ့သည်။

၁၇၀၆ခုနှစ်တွင် မြောက်ဦးဘုရင် စန္ဒဝိမလမင်းသည် စစ်ရေးမငြိမ်သက်၍ စလက်ာသူတောင်မော်၌ ဝါးနန်းဆောက်၍ ယာယီခိုလှုံနေစဉ် နန္ဒဗလသည် ခိုးယူကာ တောတန်းကျွန်း၌ ထားလေသည်။ နန္ဒဗလနေသောတောဟူ၍ တောတန်းကျွန်းတွင် ရှိနေပါသေးသည်။ စလက်ာသူတောင်မော်မှာ ကျိန်းပတ်ဝန်းကျင်တွင် ရှိခဲ့ပေမည်။ နန္ဒဗလမှာ ကြာရှည်စွာတောင့်ထားမခံနိုင်ဘဲ ဘောက်ချောင်းသို့ ထွက်ပြေးရလေတော့သည်။ ထိုအခါမှစ၍ ကျိန်းအရပ်၌ ပုန်ကန်မှု၊ တစ်ကြိမ် ဆိတ်သုဉ်းခဲ့သည်ဟု ဆိုရချေမည်။

ကျိန်းရပ်မြေတွင် ပုန်ကန်မှု ဆိတ်သုဉ်းမှုမှာ ခေတ္တမျှသာဖြစ်၏။ စန္ဒဝိဇယ၏သမက်တော် စန္ဒသူရိယမင်းသည် (၁၇၃၁)ခုတွင် ယောက်ဖတော်(၅)ပါးကို ကျိန်းအရပ် ဗူးပင်တစ်ဖက် ရန်ကျွန်းတွင် သတ်အုံ့ဟု အမိန့်ချလေသည်။ ကျိန်းရပ်မြေမှာ စန္ဒဝိဇယ(တုံးညိုတန္တဗိုလ်)၏ အရပ်ဇာတိပင်ဖြစ်သည်။ ၁၇၄၈ ခုနှစ်တွင် ကျိန်းအရပ်ရှိ စန္ဒဝိဇယ၏သားတော်နှစ်ပါးသည် လှေနှစ်စင်းဖြင့် ချီတက်ကာ မြို့တော်ကို ဝင်စီးခဲ့သည်။ လူအင်အားနည်း၍ လက်ရဖမ်းဆီးခံကြရသည်။ လှေနှစ်စီးတည်းသာပါသည်ကို ထောက်ရှု၍ ကျိန်းရပ်သားတို့မှာ ပုန်ကန်မှုတွင် မပါဝင်ခဲ့ဟု ဆိုနိုင်ပါသည်။ ၁၇၇၇ခုနှစ်တွင် ကျောက်ခုတ်စအင်းအရပ်သည် လက်ဝဲရန္တသူနှင့် ပေါင်းဖက်၍ ပုန်ကန်ခဲ့သော်လည်း အထမမြောက်ခဲ့ချေ။ ထိုနှစ်မိုးတွင်းလောက်၌ ကျောက်ခုတ်အရပ်က ထပ်မံထကြွခဲ့ပြန်သည်။ ငစင်ရိုင်းကျွန်း၌လည်း ငသံဒွေက သောင်းကျန်းခဲ့သည်ကို ဘုရင်ကိုယ်တိုင် တိုက်ခိုက်နှိမ်နင်းခဲ့သည်။ ၁၇၇၈ခုနှစ်

ဧပြီလတွင်မူ ပုန်ကန်သူတို့က ဘုရင်မင်း ရမ်းပြကျွန်းသို့ ချီတော်မူသည်ကို အခွင့်ကောင်းယူကြသည်။ ကျိန်းအရပ်တွင် ကံ့ကော်သစ်ကို တပ်ကြီးတည်ကြသည်။ ဖားပြိုအရပ်(မင်းကြောင်းမြစ်)တွင် မဟာခနေကြီးစွာသော လက်နက်ကို စီရင်ထားကြသည်။ ထိုလေး၌ မြားစူးဆယ်နှစ်ကြောင်းရှိပြီး လူသန်လေးကျိပ်တို့တင်မှ လေးညို့သည် လေးချက်သို့ရောက်သည်ဟူ၏။ မဟာခနေတင်ခဲ့ရာအရပ်မှာ မင်းကြောင်းမြစ် လက်ယာကမ်း ဖားပြိုချောင်းဝရှိ ပေ(၅၀)ခန့် မြင့်သောတောင်ကုန်းငယ်ဟု ယူဆရပါသည်။ ပုန်ကန်သူတို့က သောင်းခေါင်မော်၌လည်း တပ်ကြီးတည်ကြသည်။ သောင်းခေါင်မော်မှာ ဖုံသာချောင်းနှင့် ပန်းမြောင်းကြီးချောင်းတို့၏အဝင် လက်ဝဲကမ်း၌ရှိပြီး လေးမြို့ချောင်းသို့ ဝင်လမ်း လက်ယာကမ်းတွင်ရှိပါသည်။ စစ်ရေးအရ အရေးပါခဲ့ပါသည်။ ရန်သူတို့သည် စစ်ရေးအနေအထားအရ အသာစီးရခဲ့သော်လည်း တကယ့်လက်တွေ့တွင်မူ (၂၇)ရက်သာ ထိန်းထားနိုင်ခဲ့ပြီး ဘုရင်၏ချီတက်တိုက်ခိုက်မှုကို မခံနိုင်ဘဲ ပြိုကွဲသွားတော့သည်။ အင်အားနှင့်စွမ်းရည်မှာ ဘုရင့်တပ်ကို မမီခဲ့ချေ။ ထိုနှစ် ဩဂုတ်လတွင် ဒလက်စား တုံးစံဝေသည် ကျောက်ခုတ်စအင်းကို လာရောက်ပြီး မီးရှို့ဖျက်ဆီးခဲ့သည်။ ကျောက်ခုတ်စအင်းသားတို့မှာ ဘုရင်သစ္စာခံဖြစ်၍ အင်အားစမ်းခဲ့ခြင်းဖြစ်တန်ရာသည်။

မဟာသမ္မတမင်းလက်ထက် (၁၇၈၃)ခုတွင် ငစင်ရိုင်းချောင်း၌ ငသံဒွေသောင်းကျန်းနေသည်ကို ဘုရင်ကိုယ်တိုင်တိုက်ခိုက် နှိမ်နင်းခဲ့သည်။ နောက်မှ ငသံဒွေသည် သစ္စာခံဝင်ရောက်လာသည်။ အမရပူရတပ်ကို ချီတက်လာ၍ (၁၇၈၄)ခုနှစ်ကုန်ပိုင်းတွင် ဆဒိုင်ကန်အရပ်၌ တပ်စွဲနေစဉ် ငသံဒွေနှင့် ကြပ်စင်ကျွန်းစားတို့မှာ အညွှံခံလေကြောင်း ကုန်းဘောင်ဆက်ရာဇဝင်၌ ဖော်ပြပါရှိပါသည်။ အညွှံခံခဲ့သူတို့ကို အမရပူရတပ်တို့က ရိပုတပ် (သံ့ပန်းတပ်)အဖြစ် အသုံးချခဲ့သည်မှာ အောင်မြင်ခဲ့သည်ဟု ဆိုရချေမည်။ စစ်နိုင်သူတို့က ရှေးဦးမဆွ အညွှံခံသူ ငသံတွေကို မြို့သူကြီးအရာခန့်အပ်ခဲ့သည်။ အခွန်ကောက်ခံရေးအတွက် တာဝန်ယူရသည်။ နောင်တွင် ငသံတွေမှာ သစ္စာမခံတော့ဘဲ ပုန်ကန်လေတော့သည်။ သူ၏သားတစ်ဦးမှာ ချင်းပျံပင်ဖြစ်သည်။

ဤသည်တို့က ရှေးအတိတ်ကာလက ကျိန်းရိပ်မြေတစ်ခွင်အကြောင်း တစေ့တစောင်းပင်ဖြစ်ပါသည်။ ရာဇဝင်လာ အထောက်အထားများနှင့် သမိုင်းရုပ်ကြွင်းများကို လက်လှမ်းတမီထောက်ထား၍ တင်ပြထားခြင်းသာဖြစ်ပါသည်။ အသေးစိတ်လျှင်ကား ဤထက်ပို၍ ကျယ်ပြန့်သောသမိုင်းဖြစ်စဉ် သင်ခန်းစာတို့ကို ရနိုင်အံ့ထင်ပါသည်။

ကျိန်းရိပ်တစ်ခွင် အတိတ်ကာလကို ဝိုင်းဝန်းဖော်ထုတ်ကြပါကုန်။

အောင်လှသိန်း

(၅. ၅. ၂၀၀၁)

<u>မှီငြမ်းကိုးကားသောစာရင်း</u>

၁။ ရခိုင်ရာဇဝင်သစ်ကျမ်း (ပ/ဒု) (ဒုတိယအကြိမ်)

၂။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း (စတုတ္ထပိုင်း) စာ ၂၂၈/၂၂၉

၃။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ဒုတိယတွဲ)

၄။ ပါဠိအဘိဓါန်အကျဉ်းချုပ်- ဦးမောင်မောင်ကြီး

၅။ အောင်လှသိန်း 'ဆဒိုင်ကန်' ကျိန်းရိပ်မြေ (၁)

၆။ ရခိုင်ရာဇဝင်ပုံကျမ်း

# ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေးတိုက်ပွဲဝင် ဗိုလ်ငမောက် ရှာပုံတော်

တက္ကသိုလ်မောင်ယဉ်သူ

ကျွန်တော်သည် ၁၉၉၉ခုနှစ်၊ နှစ်စပိုင်းက မင်းပြားမြို့နယ်၊ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုသမိုင်းနှင့် ပတ်သက်၍ စူးစမ်းလေ့လာမှုတစ်ခု ပြုလုပ်ခဲ့ပါသည်။ စုဆောင်းမိသမျှထဲမှ အချက်အလက်များကို ကောက်သင်း ကောက်လိုက်လံရှာဖွေခဲ့ပါသည်။ ယင်းသို့ ရှာဖွေရင်း ဗိုလ်ငမောက်၏ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးဆိုင်ရာ ဆောင်းပါးများကိုပါ တွေ့ရှိရပါသည်။

(၁) မဟာနွယ်၏ 'ဗိုလ်ငမောက်'ဆောင်းပါး၊ ၁၉၇၃ ခုနှစ်ထုတ်၊ အမှတ်(၁)ရခိုင်မဂ္ဂဇင်း၊

(၂) မြေပုံထွန်းခိုင် (ဦးစံထွန်းဦး၊ တပ်မတော်အငြိမ်းစား၊ ဈေးတန်း၊ မြေပုံ)၏ 'တိမ်ကြားဗိုလ်'လက်ရေးမူ၊ ၁၉၉၅ ခုနှစ်။

(၃) ဂနိုင်တင် (မာန်အောင်)၏ 'ဗိုလ်ငမောက် (သို့) မော်ကွန်းမဝင်သော စစ်သည်တော်'၊ ၁၉၅၇ ခုနှစ်၊ အမှတ်(၁) မေဃဝတီမဂ္ဂဇင်း

(၄) ညေဦး(မြောက်ဦး)၏ "မမေ့သင့်သောရခိုင် အာဇာနည်ကြွင်း'၊ ၁၉၈၀ ခုနှစ် အမှတ်(၆)၊ ရခိုင်မဂ္ဂဇင်း

(၅) ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ၊ ပြည်နယ်ဖြစ်စဉ်သမိုင်း၊ ဒုတိယတွဲ၊ နိုင်ငံရေးကဏ္ဍ၊ ၁၉၈၄၊

အထက်ပါဆောင်းပါးမှတ်တမ်းငါးပုဒ်တွင် ပါရှိသည့် ဗိုလ်ငမောက်ဖြစ်စဉ် သမိုင်းမှာ တစ်ခုနှင့်တစ်ခု ကွဲပြားမှုများစွာရှိနေကြသည်ကို တွေ့ရပါသည်။ ယင်းကွဲပြားမှုများကြောင့် မည်သည့်အချက်အလက်များမှာ မှား/မှန်သည်ကို ဆုံးဖြတ်လက်ခံရန် များစွာအခက်အခဲတွေ့ရပါသည်။

သမိုင်းဆိုသည်မှာ ကာလ၊ ဒေသ၊ ပယောဂများနှင့် ဖွဲ့စည်းထားသော လူ့ဖြစ်စဉ်ကြီးတစ်ခု ဖြစ်ပါသည်။ ဤကာလ၊ ဒေသ၊ ပယောဂစသော အချက်သုံးချက်တိကျခိုင်မာမှုရှိမှသာလျှင် သမိုင်းဝင်ဖြစ်စဉ်ကြီးတစ်ခုအနေနှင့် သမိုင်းစာမျက်နှာတွင် သိက္ခာရှိရှိ ရပ်တည်နိုင်မည်ဖြစ်ပါသည်။ သို့မဟုတ်ပါက ပုံပြင်ဒဏ္ဍာရီအဆင့်သို့ လျော့ကျ သွားလျှက် သမိုင်းတန်ဖိုးဆုံးရှုံးသွားမည်ဖြစ်ပါသည်။

အကယ်၍ သမိုင်းအချက်အလက်ဆိုင်ရာ အဆိုများ ကွဲပြားနေပါက ဝိုင်းဝန်းစိစစ် ညှိနှိုင်းကာ တိကျခိုင် မာမှုအတွက် အနီးစပ်ဆုံးပြုစုရေးသားပြီး သမိုင်းတင်ရန် လိုအပ်ပါသည်။ ယခု ကျွန်တော်သည် အဆိုကွဲပြားမှု များကို တစ်ချက်စီတင်ပြပါမည်။ ဤသို့တင်ပြရာတွင် ဆောင်းပါး၊ စာတမ်းရှင်များ၏ ကလောင်အမည်များကို သာ အညွှန်းပြုသွားပါမည်။

မဟာနွယ်က ဗိုလ်ငမောက်၏ဇာတိမှာ ရမ်းဗြဲမြို့နယ်၊ ကျောက်ချောင်းနယ်၊ ကုန်းဘောင်ရွာဟုဆိုပါသည်။ မြေပုံထွန်းခိုင်က ဇာတိကို အဓိကဖော်ပြမထားသော်လည်း 'ထိုအချိန်က ကွမ်းချောင်းကျွန်းမှ ငမောက်ကြီးသည် ပုန်ကန်မြဲ ပုန်ကန်နေ၏' ဆိုထားရာ ကွမ်းချောင်းဇာတိလား၊ ကွမ်းချောင်းနယ်တစ်နယ်က ရွာတစ်ရွာဟု ဆိုလို သလားဆိုသော အချက်မှာ မရှင်းလင်းလှပါ။

ဂနိုင်တင်(မာန်အောင်)က ဗိုလ်ငမောက်ကို ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ကွမ်းချောင်းရွာတွင် မွေး ဖွားသည်ဟု ဆိုပါသည်။

ခေညဦး(မြောက်ဦး)က ရမ်းဗြဲမြို့နယ်မှ တနင်္ဂနွေထောင့်( )သုံးမိုင်အကွာ လက်ပံရွာဟု ဆိုပါသည်။ ၎င်းသည် ဆက်လက်၍လည်း အရေးပိုင်နထိုးရှီကို သတ်ဖြတ်ရာ ရာဇဝတ်ပြေးဘဝရောက်သောအခါ သူ၏ဆရာ ဗဟန်းတောင်ကျောင်းဆရာတော်က "ကွမ်းချောင်း"သို့ လျှို့ဝှက်ပို့ထားသည်ဟု ဆိုထားပါသည်။

ရခိုင်ပြည်နယ် ဖြစ်စဉ်သမိုင်း၊ ဒုတိယတွဲ၊ နိုင်ငံရေးကဏ္ဍ၊ စာမျက်နှာ (၇)တွင် "ရမ်းဗြဲသား ဆေးဆရာ တစ်ဦး"ဟု ဖော်ပြထားပါသည်။

အထက်ဖော်ပြချက်များအရ ဗိုလ်ငမောက်ဇာတိမှာ သုံးမျိုးသုံးစား ကွဲပြားနေရာ ကုန်းဘောင်ရွာလား၊ ကွမ်းချောင်းရွာလား၊ လက်ပံရွာလားဆိုသည်ကို သုတေသီများနှင့် စိတ်ဝင်စားသူများက စူးစမ်းဖို့လိုလာပါသည်။ ဤနေရာတွင် ဗိုလ်ငမောက်နှင့် ပတ်သက်၍ ပေါ်ပေါက်ခဲ့သော တဘောင်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါ သည်။ တဘောင်က နှစ်မျိုးကွဲပြားနေပါသည်။

မဟာနွယ်က "ငမောက်၊ ငမောက် တိမ်ကိုဖောက်၊ ငမောက်ပေါ်စ ကွမ်းချောင်းက"ဟု ဆိုပြထားပါသည်။

ဂနိုင်(မာန်အောင်)က "ကွမ်းချောင်းငမောက် တိမ်ကို ဖောက်၊ ငမောက်ပေါ်စ ကွမ်းချောင်းကဟု ဆိုပြ ပါသည်။ "ပေါ်စ"ဆိုသောစကားမှာ တော်လှန်ရေးစတင်လှုပ်ရှားခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ ပထမတဘောင်က ဇာတိကို မပြဘဲ တော်လှန်ရေးစတင်ခြင်းကို ပြပါသည်။ ဒုတိယတဘောင်က ဇာတိကိုလည်း ပြ၍ တော်လှန်ရေး စတင်သည့် နေရာကိုလည်း ပြပါသည်။ ထို့ကြောင့် ဗိုလ်ငမောက်ဇာတိကို လေ့လာစူးစမ်းကြရာတွင် အထက်ပါ တဘောင်များက အထောက်အကူပြုလိမ့်မည်ဟု ယူဆပါသည်။

နောက်ထပ်မံတွေ့ရှိရသော ကွဲလွဲချက်တစ်ခုမှာ ဗိုလ်ငမောက်၏ ဆွေစဉ်မျိုးဆက်ဖြစ်ပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ မဟာနွယ်၊ မြေပုံထွန်းခိုင်နှင့် ရခိုင်ပြည်နယ် ဖြစ်စဉ်သမိုင်းတို့က တစ်စုံတစ်ရာ ဖော်ပြခြင်းမပြုကြ ပါ။

ဂနိုင်မောင်(မာန်အောင်) "ဗိုလ်ငမောက်၏ဖခင်မှာ ကြိမ်ဝါးခုတ်အလုပ်ဖြင့် ကာယလုပ်သားကြီးတစ်ဦး ဖြစ်သည်"ဟု ယေဘုယျဆိုထားပါသည်။

ခေညဦး(မြောက်ဦး)က ဗိုလ်ငမောက်၏ဆွေစဉ်မျိုးဆက်နှင့်ပတ်သက်၍ သေးစိတ်တင်ပြထားပါသည်။ ယင်းသို့တင်ပြရာတွင် ခေညဦး(မြောက်ဦး)သည် ဗိုလ်ငမောက်၏မြေးတော်စပ်သူ ဦးသာအောင်ဖြူ(ဆေးဆရာ ပေါက်တောမြို့) ထံမှ ရရှိသောအချက်အလက်များပေါ်တွင် အခြေခံထားပါသည်။ ဦးသာအောင်ဖြူသည် ဗိုလ်ငမောက်၏အစ်ကိုရင်းဖြစ်သူ ဦးနန်းလျာဦး၏ သားကြီးဖြစ်ပါသည်။

ဦးနန်းလျာဦးနှင့် ဗိုလ်ငမောက်တို့၏ ဖခင်မှာ လက်ပံရွာသား ဦးရွှေလှကျော်ဖြစ်ပါသည်။ ဦးရွှေလှကျော် မှာ ရမ်းဗြဲနောက်ဆုံးဘုရင် (မြောက်ဦးခေတ် နောက်ဆုံးဘုရင် မဟာသမ္မတမင်းကို ဆိုလိုပုံရပါသည်)၏ညီဖြစ် သည်ဟု ခေညဦး(မြောက်ဦး)က အတိအကျတင်ပြထားပါသည်။ ခေညဦး(မြောက်ဦး)၏ တင်ပြချက်ခိုင်မာစေရန် အခြားသမိုင်းအချက်အလက်များက ထောက်ခံသက်သေပြနိုင်ရန် လိုအပ်နေပါသည်။

ဗိုလ်ငမောက်၏ အိမ်ထောင်ဖက်ဇနီးနှင့်ပတ်သက်၍ ငမောက်အသက်နှစ်ဆယ်အရွယ်တွင် ကွမ်းချောင်း သူ မိအိမ်သူနှင့် အကြောင်းဆုံသည်"ဟု ဆိုပါသည်။

ဂနိုင်တင်(မာန်အောင်)က သားမယားရှိသည်ဟုသာ ယေဘုယျဖော်ပြခဲ့ပါသည်။ ခေညဦး(မြောက်ဦး)ကမူ

"ငမောက်သည် ကွမ်းချောင်းမှ ဘင်္ဂလားဒေ့ရှ်ပြည်ရှိ ဖလံထောင်သို့ ထွက်ပြေး၍ ဖလံဘုရင်၏နှမ(ညီမ)နှင့် အိမ်ထောင်ပြုနေလေသည်"ဟု ဆိုပါသည်။

ဗိုလ်ငမောက်၏ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုနှင့် ပတ်သက်၍ အသီးသီးတင်ပြကြရာတွင် အဖိနှိပ်ခံပြည်သူများဘက်မှ ရပ်တည်၍ ဇာတိမာန်တက်ကြွစွာဖြင့် ဗြိတိသျှနယ်ချဲ့တို့အား လက်နက်ကိုင် ဆန့်ကျင်တော်လှန်ခဲ့သည်ဆိုသောအဓိကအချက်တွင် တူညီကြသော်လည်း သမိုင်းဖြစ်စဉ်များနှင့် ပတ်သက်၍ကား ကွဲပြားခြားနားနေကြသည်ကို တွေ့ရပါသည်။

မဟာန္တယ်က ငမောက်သည် အသက်ခုနစ်နှစ်အရွယ်ကပင် ဘုန်းကြီးကျောင်းတွင် ပညာသင်ကြားသည်။ သူ၏ဆရာဖြစ်သော ဘုန်းတော်ကြီးမှာ အင်းအိုင်၊ ခလှဲ့၊ လက်ဖွဲ့၊ မန္တာန်တတ်ကျွမ်းသည်။ ငမောက်ကို ကိုယ်ခံပညာသင်ပေးသည်။ ထို့ပြင် ငမောက်သည် ဆေးပညာကိုလည်း တစ်ဘက်ကမ်းတတ်ကျွမ်းသည်။ အသက်တစ်ဆယ့်ရှစ်နှစ်အရွယ်တွင် ကျောင်းမှထွက်ပြီး ဇီဝိဒါနဖြစ် နယ်တကာလှည့်၍ ဆေးဝါးကုသပေးသည်။ အသက်နှစ်ဆယ်အရွယ်တွင် ကွမ်းချောင်းသူ 'မိအိမ်သူ'နှင့် အကြောင်းပါသည်ဟုဆိုသည်။

ဆက်လက်ဖော်ပြရာတွင် ကွမ်းချောင်းရွာ၌နေစဉ် "ငမောက် ငမောက် တိမ်ကိုဖောက်၊ ငမောက်ပေါ်စကွမ်းချောင်းက"တဘောင်ပေါ်လာသည်။ ထိုအချိန်တွင် ဗြိတိသျှနယ်ချဲ့အစိုးရက ပြည်သူများကို နည်းမျိုးစုံနှင့် ဖိနှိပ်ချုပ်ချယ်နှိပ်စက်လျှက်ရှိရာ ဆားချက်ခြင်း၊ ငါးဖမ်းခြင်း၊ မှျင်ထိုးခြင်းတို့နှင့် ပတ်သက်၍ ကွမ်းချောင်းရွာသားများကို ဖမ်းဆီးပစ္စည်းများကို သိမ်းပိုက်သည်။ ယင်းမတရားဖိနှိပ်စော်ကားမှုများကို ငမောက်မကျေမနပ်ဖြစ်လာသည်။ ထိုအခိုက်မှာပင် ငမောက်တွင် သားဦးမွေးဖွားသည်။ မွေးဖွားပြီးနောက်တစ်နေ့တွင် ငမောက်သည် ဗြိတိသျှအာဏာပိုင်များထံသို့ စာရေးပြီး အရေးဆိုသည်။ အရေးဆိုသော အချက်များမှာ

(၁) မတရားဖမ်းဆီးထားသောရွာသားများကို အမြန်ဆုံးလွှတ်ပေးရန်။

(၂) ထပ်မံဖမ်းဆီးဦးမည်ဆိုက တုတ်ထောက်ကအစ နို့သောက်အထိ ဖမ်းဆီးရန်။

(၃) ပြည်သူများထံမှ မတရားသိမ်းယူထားသော ဆား၊ ငပိ၊ မှျင်ပိုက်များကို အမြန်ဆုံးပြန်လည်ပေးအပ်ရန် တို့ ဖြစ်ကြပါသည်။

အထက်ပါအရေးဆိုမှုကြောင့် အာဏာပိုင်များအတွင်း ဂယက်ရိုက်ခတ်သွားသည်။ နောက်တစ်နေ့တွင် အာဏာပိုင်များက ဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးပြီး သိမ်းယူထားသော ပစ္စည်းများကိုလည်း ပြန်ပေးသည်ဟု မဟာန္တယ်ကဆိုသည်။

ဤနေရာတွင် အာဏာပိုင်များက ငမောက်၏တောင်းဆိုချက်များကို မည်သည့်အကြောင်းအချက်များကြောင့် အလျှော့ပေးလိုက်လျောခဲ့သည်ဆိုသော အချက်များကို မဟာန္တယ်က မဖော်ပြနိုင်ခဲ့ပါ။ အာဏာရော၊ လက်နက်အားကိုးနှင့် ပါဝါအလောလောဖြစ်နေသော ဗြိတိသျှအာဏာပိုင်များသည် သာမန်အရပ်သားတစ်ဦးမျှသာဖြစ်သော ငမောက်၏တောင်းဆိုချက်များကို တစုံတရားသော နိုင်ငံရေးပရိယာယ်ကြောင့် လိုက်လျောခြင်းသာ ဖြစ်ပါမည်။

ဗြိတိသျှတို့ မြန်မာပြည်ကို သိမ်းပိုက်ကတည်းက မျိုးချစ်ပုဂ္ဂိုလ်များက သူ့နည်းသူ့ဟန်များဖြင့် လူသူလက်နက် စုဆောင်းလျက် ဆန့်ကျင်တိုက်ခိုက်လာခဲ့ကြသည်။ ငမောက်တို့ ခေတ်မတိုင်မီ ဗိုလ်ချင်းပျံ၊ မင်းသား

ကြီးရွှေဘန်း၊ ဒေးဝန်းကြီးအောင်ကျော်ရှိ၊ မြို့သူကြီးအောင်ကျော်ဇံ၊ သံတွဲနယ်မှ တိုက်သူကြီး မောင်သာဦး၊ ကျိန္တလီမှ ဘုန်းတော်ကြီးတစ်ပါး၊ မြို့သူကြီး ဦးချစ်စံဝေ၊ ဦးမောင်ဖြူ ဗိုလ်ဇက်စသည့် မျိုးချစ်ပုဂ္ဂိုလ်များက ဗြိတိသျှနယ်ချဲ့ကို ဆန့်ကျင်တိုက်ခိုက်ကြသည်။

ယခုလောလောဆယ် ခရစ်နှစ်( ၁၈၉၀)ပတ်ဝန်းကျင်တွင်လည်း ကျောက်တော်နှင့်မြို့ဟောင်း (မြောက်ဦး) နယ်မှ ဦးကြာထွန်း၊ ဦးလှရွှေ ပေါက်တောနယ် ဝေက်စွယ်ရွာမှ ဗိုလ်ကျော်ဝ၊ သံတွဲနယ်မှ ကျောက်စိမ်းဗိုလ်နှင့် ပုသိမ်မြို့သား ဇော်ဂျီဗိုလ်၊ သံတွဲချောင်းဖျားမှ တုတ်ပြီး ဓားပြီး ဆေးစွမ်းသော ဘုန်းကြီးတစ်ပါးနှင့် မောင်သာဦး ဆိုသူတို့က အလုံးအရင်းနှင့် ဆန့်ကျင်တိုက်ခိုက်နေကြသည်။

ဤသို့ ရခိုင်ဒေသအနှံ့အပြားတွင် ဆန့်ကျင်ပုန်ကန်မှုများ ပေါ်ပေါက်နေသည်ကို ဗြိတိသျှအာဏာပိုင်များ က မနှိမ်နှင်းနိုင်ဘဲရှိရာ ထပ်မံ၍ ပေါ်ပေါက်လာနိုင်သော မီးပွားတစ်စကို ထပ်မမွေးလိုသည့်သဘောဖြင့် ငမောက် ၏ တောင်းဆိုချက်များကို လိုက်လျောလိုက်ရပုံရှိပါသည်။ သို့ရာတွင် ငမောက်သည် အာဏာပိုင်များ၏ ရန်ငြိုး ရန်စကို စိုးရိမ်၍လား၊ သို့မဟုတ် လက်နက်ကိုင်တော်လှန်မှသာ သမိုင်းတာဝန်ကျေပွန်မည်ဟု ယုံကြည်၍လား၊ သို့မဟုတ် ဤအချက်နှစ်ခုလုံးကြောင့်လား အသေအချာမပြောနိုင်သော်လည်း ဇနီးနှင့်သားကို မျက်နှာလွှဲ၍ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲထဲ ခြေစုံပစ်ဝင်ခဲ့ပါသည်။

မြေပုံထွန်းခိုင်နှင့် ပြည်နယ်ဖြစ်စဉ်သမိုင်း (ဒု-တွဲ)တို့၌ကား ဗိုလ်ငမောက်၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း ဖြစ်စဉ်ကို ဖော်ပြထားခြင်းမရှိပါ။ ဂနိုင်တင်(မာန်အောင်)က ဗိုလ်ငမောက်သည် ဗြိတိသျှနယ်ချဲ့တို့၏ ရက်စက် ကြမ်းကြုတ်မှု၊ ဖိနှိပ်ချုပ်ချယ်မှုများကို ငယ်စဉ်ကလေးဘဝကပင် တွေ့ကြုံခံစားလာရသည်။ ထို့ကြောင့် သူအရွယ် ရောက်သောအခါ လက်ရွေးစင်ကြိမ်ဝါးခုတ်သမားများနှင့် လယ်သမားငါးဆယ်ခန့်တို့ကို စုရုံး၍ ကျွန်းစင်နယ် တစ်နယ်လုံးတွင် နယ်ချဲ့ဆန့်ကျင်ရေးကို စတင်ခဲ့သည်ဟု ယေဘုယျဖော်ပြထားပါသည်။

ညေဦး(မြောက်ဦး)က တစ်နေ့တွင် ငမောက်၏ စွန်ကြိုးသည် အင်္ဂလိပ်လက်ပါးစေ အရေးပိုင်နထိုးရှို၏ အိမ်ခေါင်မိုးတွင် ငြိရာ အိမ်ရှင်ကို မတိုင်ကြားဘဲ အိမ်ခေါင်မိုးပေါ်တက်၍ စွန်ကြိုးကို ဖြတ်ယူသည်။ နထိုးရှိုက မလေးမစားပြုသည်ဆိုကာ ငမောက်ကို ကြိမ်ဒဏ်အပြစ်ပေးသည်။ ငမောက်က မကြေနပ်၍ နထိုးရှိုကို အသေ သတ်ပြီး ထွက်ပြေးသည်။ သူ၏ဆရာ ဗဟန်းတောင်ကျောင်းဆရာတော်က ကွမ်းချောင်းသို့ လျှို့ဝှက်ပို့ထားလိုက် သည်။ သူ၏အစ်ကို နန်းလျာဦးကိုလည်း ကျောက်ကျပ်သို့ ပို့ထားသည်ဟုဖော်ပြထားပါသည်။

ညေဦး(မြောက်ဦး)၏တင်ပြချက်နှင့်ပတ်သက်၍ တွေးစရာအချက်နှစ်ချက် ရှိပါသည်။ ထိုစဉ်က မြန်မာပြည်သည် အိန္ဒိယပြည်နယ်တစ်ပြည်နယ်အဖြစ် မဟာဝန်ရှင်တော်မင်းကြီးက အိန္ဒိယဘုရင်ခံချုပ်အား တာဝန်ခံ၍ အုပ်ချုပ်နေသောကာလဖြစ်သည်။ မြန်မာသမိုင်းပညာရှင်များက ယင်းကာလကို ဗြူရိုကရေစီအုပ်ချုပ် ရေးစနစ်ဟု သတ်မှတ်ထားကြပါသည်။ ယင်းဗြူရိုကရေစီအုပ်ချုပ်ရေးအရ ရခိုင်အုပ်ချုပ်ရေးအဆင့်ရှိ အရာရှိ ဟူသမျှ ဗြိတိသျှလူမျိုးများသာ ဖြစ်သည်။ ဗန်းမော်တင်အောင် မြန်မာနိုင်ငံသမိုင်း စာ-၃၀၆)

"နထိုးရှို"ဆိုသော အမည်သည် ရခိုင်အမည်ဖြစ်နေပါသည်။ အင်္ဂလိပ်လူမျိုးအမည်ကို အသံဖလှယ်ထား ခြင်းမျိုးမဟုတ်ပါ။ ထို့ပြင် "နယ်ချဲ့လက်ပါးစေ အရေးပိုင်နထိုးရှို"ဟုဆိုထားသဖြင့် "နယ်ချဲ့လက်ပါးစေ"ဆိုသည်မှာ ဗြိတိသျှအစိုးရလက်အောက်ခံ တိုင်းရင်းသားထဲမှ အလိုတော်ရိ ပုဂ္ဂိုလ်များကို ညွှန်းခြင်းဖြစ်ပါသည်။ ကိုလိုနီ

ခေတ်တွင် တိုင်းရင်းသားထဲမှ ပထမဆုံးအရေးပိုင်ရာထူးရရှိသူမှာ ရခိုင်အမျိုးသား ဦးမြထွန်းအောင်(၁၈၅၆-၁၉၁၉)ဖြစ်ပါသည်။ သူအရေးပိုင်ဖြစ်သောကာလမှာ ခရစ်(၁၉၀၀)ကျော်နောက်ပိုင်းတွင် ဖြစ်ပါသည်။ ထို့ကြောင့် “နထိုးရှိ”သည် ယင်းအချိန်က အရေးပိုင်ဖြစ်သည်ဆိုသောအချက်မှာ အမှတ်မှားမှုတစ်ခုသာ ဖြစ်မည်ဟု ယူဆရပါသည်။

ကျွန်တော်ထပ်မံ၍ ဗိုလ်ငမောက် စစ်စခန်းချခဲ့သော နေရာနှင့်ပတ်သက်၍လည်း ဝိဝါဒကွဲပြားနေပုံများကို တင်ပြပါမည်။ ဤအချက်နှင့်ပတ်သက်၍ မဟာန္တယ်နှင့် ဂနိုင်တင်(မာန်အောင်)တို့နှစ်ဦးသာ ဖော်ပြနိုင်ခဲ့ကြပါသည်။

မဟာန္တယ်က နောက်ဆုံးဗိုလ်ငမောက်သည် သူ၏တပ်ကို ကြပ်စင်ကျွန်းတွင် အခြေခံချသည်။ ယင်းကျွန်း၌ပင် ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သည်ဟုဆိုပါသည်။

ကြပ်စင်ကျွန်းသည် မင်းပြားမြို့ တောင်ဘက်အနီးတွင် ရှိသည်။ တောင်နှင့်မြောက် မိုင်(၂၀)မျှ ရှည်လျားသောကုန်းတွင်း ကျွန်းကြီးဖြစ်သည်။၁၀၂၉ပေထိ မြင့်သော တောင်တန်းကြီးသည် ကျွန်း၏အဓိကကျောရိုးဖြစ်သည်။ (အောင်လှသိန်း၊ ရခိုင်သုတအဘိဓာန် ၁၉၉၇ ခုနှစ်)

ဂနိုင်တင် (မာန်အောင်) က သူသည် (၁၉၂၄)ခုနှစ်က ကျောက်ဖြူခရိုင်၊ မြေပုံမြို့နယ်တွင် ကျောင်းဆရာအဖြစ် အမှုထမ်းစဉ် မြေပုံမြို့နယ်ရှိ ကျွန်းစဉ်နယ်သို့ လေ့လာရေးခရီးထွက်ခဲ့ကြသည်။ ရည်ရွယ်ချက်မှာ ရခိုင်သွေးသောက် ဗိုလ်ငမောက်၏တပ်စခန်းချရာ သမိုင်းဝင်မြေဖြစ်သည့် “ရက္ခမောက်တောင်”ကို လေ့လာရန်ဖြစ်သည်။ ဗိုလ်ငမောက်သည် နယ်ချဲ့အင်္ဂလိပ်အား ရက္ခမောက်တောင်ထိပ်စခန်းချလျက် ရရာလက်နက်စွဲကာ သုံးနှစ်သုံးမိုးတော်လှန်ပုန်ကန်ခဲ့ကြသည်။ ရက္ခမောက်တောင်သည် မြင့်မားမတ်စောက်သည်ဟု ဖော်ပြထားပါသည်။

ကျွန်းစဉ်သည် မြေပုံတောင်ဘက် ကျောက်ဖြူမြို့အရှေက် မိုင်(၄၀)အတွင်းရှိသည့် ကျွန်းတန်းများကိုခေါ်သည်။ ကွမ်းချောင်း၊ ကျွန်းသာယာ၊ မိုးသီးနတ်တောင်၊ သလူတောင်၊ နောင်တော်၊ တန်းခါးရိုးကျွန်းနှင့်နောင်တော်ပင်လယ် (မြစ်)တို့မှာ ထင်ရှားသည်။ (အောင်လှသိန်း ရခိုင်သုတအဘိဓါန် ၁၉၉၇ခုနှစ်)

ကြပ်စင်ကျွန်းသည် မြေပုံမြို့နယ်၏မြောက်ဘက်တွင် ရှိပြီး ကျွန်းစဉ်သည် မြေပုံမြို့နယ်၏တောင်ဘက်တွင်ရှိသည်။ ကျွန်းစဉ်တွင် ဗိုလ်ငမောက်၏ဇာတိဟုဆိုသော ကွမ်းချောင်းရွာရှိသည်။

အကယ်၍ ဗိုလ်ငမောက်သည် ကွမ်းချောင်းရွာဇာတိဆိုပါက သူ၏ဒေသဖြစ်သော ကျွန်းစဉ်ပေါ်ရှိ ရက္ခမောက်တောင်တွင် တပ်စခန်းချနေခဲ့သည်ဆိုသော စကားမှာ ယုတ္တိရှိနိုင်ပါသည်။ ကြပ်စင်ကျွန်းနှင့်စာလျှင် ကျွန်းစဉ်သည် ကမ်းဦးရေတိမ်ပြီး ရွှံ့နွံထူထပ်သောကြောင့် ရန်သူများချဉ်းကပ်ရန် အခက်အခဲများစွာ ရှိနိုင်ပါသည်။

သို့ရာတွင် ကြပ်စင်ကျွန်းတွင် ပေ(၁၀၂၉)ပေထိ မြင့်မားသောတောင်တန်းကြီးက ကျွန်း၏အဓိကကျောရိုးဖြစ်သဖြင့် တောင်ကျော့တစ်လျှောက် ရန်သူအလွယ်တကူ လက်လှမ်းမမှီနိုင်သော နေရာများစွာ ရှိနိုင်ပါသည်။ ယင်းကြောင့် ဗိုလ်ငမောက်သည် ကြပ်စင်ကျွန်းတွင် တပ်စခန်းချခဲ့သည်ဆိုသောအချက်မှာလည်း ယုတ္တိတန်နေပြန်ပါသည်။ ထို့ကြောင့် တပ်စခန်းချရန် အခြေအနေများရှိနေသော ဤနေရာတွင် မည်သည့်နေရာကို ဗိုလ်ငမောက်ရွေးချယ်ခဲ့သည်ဆိုသောအချက်ကို ကျွန်တော်တို့ ခြေရာကောက်ဖို့ လိုအပ်ပေလိမ့်မည်။

တိုက်ပွဲဖြစ်စဉ်များနှင့်ပတ်သက်၍လည်း မဟာန္တယ်နှင့် ဂနိုင်တင်(မာန်အောင်)တို့က အတော်ကလေးတင်

ပြနိုင်ကြပါသည်။ သို့ရာတွင် တိုက်ပွဲဖြစ်စဉ်များကို ဖော်ပြကြရာတွင်ကား အချက်အလက်များ ကွဲပြားနေကြပါသည်။ ထိုသို့ ကွဲပြားချက်များထဲတွင် ဗြိတိသျှအာဏာပိုင်များက ဗိုလ်ငမောက်အား အခွင့်အရေးပြဆွဲဆောင်ရာ၌ ကျွန်းပိုင်အဖြစ် ပေးထားသောနယ်မြေမှာ "ကြပ်စင်ကျွန်း"ဖြစ်သည်ဟု မဟာနွယ်ကဆို၏။ ဂနိုင်တင် (မာန်အောင်)က ကျွန်းစဉ်ကျွန်း ဖြစ်သည်ဟုဆိုပါသည်။

ထို့ပြင် ဗိုလ်ငမောက်၏ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးသမိုင်းထဲက အရေးကြီးဆုံးအချက်တစ်ချက်မှာ 'တိမ်ကြားဗိုလ်'ဖြစ်ပါသည်။ တစ်ချို့က တိမ်ကြားဗိုလ်သည် နယ်ချဲ့လက်ပါးစေ အမျိုးသားသစ္စာဖောက်ဟု ဆိုကြပါသည်။

မဟာနွယ်က သူ၏ဆောင်းပါးတွင် ဗိုလ်ငမောက်က ရွာသူရွာသားအချို့ကို စုစည်း၍ ပုန်ကန်သည်နှင့် ချက်ချင်း ဖော်ဂျီဗိုလ်၊ တိမ်ကြားဗိုလ်စသော သူပုန်ခေါင်းဆောင်များက ဗိုလ်ငမောက်ထံ လာရောက်ပူးပေါင်းကြသည်ဟု ဆိုကြပါသည်။ တိမ်ကြားဗိုလ်က ဗိုလ်ငမောက်အား တလေးတစားနှင့် "ဆရာကြီး"ဟုခေါ်ကြောင်းလည်း ဆိုသည်။ ထို့ပြင် ဗိုလ်ငမောက်သည် ကြပ်စင်ကျွန်းတွင် တပ်စွဲနေခိုက် ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သွားသောအခါ ကျန်ရစ်သော သူပုန်ဗိုလ်များက တစုတဝေးတည်းမနေကြတော့ဘဲ နေရာခွဲ၍ တာဝန်ယူလှုပ်ရှားကြသည်ဟု ဆိုပါသည်။

တိမ်ကြားဗိုလ်က ရမ်းဗြဲကျွန်းကိုလည်းကောင်း၊ ဖော်ဂျီဗိုလ်က သက်ထောင်ဖလံထောင်ကိုလည်းကောင်း ဗိုလ်မိုးညိုက မာန်အောင်ကျွန်းကိုလည်းကောင်း၊ ဗိုလ်တိမ်ကျိုးက တောင်ကုတ်နှင့် သံတွဲကိုလည်းကောင်း၊ အသီးသီးနယ်မြေခွဲဝေ၍ ဆက်လက်တိုက်ပွဲဝင်ကြသည်ဟု ဖော်ပြထားပါသည်။

မြေပုံထွန်းခိုင်က အထက်ပါတင်ပြချက်နှင့် လုံးဝဆန့်ကျင်လျက် တင်ပြထားပါသည်။ ဗြိတိသျှအစိုးရသည် ဗိုလ်ငမောက်ကို နှိမ်နင်းရန် တိမ်ကြားဗိုလ်အား တာဝန်ပေးသည်။ တိမ်ကြားဗိုလ်နှင့် ဗိုလ်ငမောက်တို့မှာ ဆွေမျိုးသားချင်းများ တော်စပ်ကြသည်။ တစ်ဦးကိုတစ်ဦး "ယောက်ဖ"ဟု ခေါ်ကြသည်။ တိမ်ကြားဗိုလ်သည် လက်နက်ကိုင်ရခိုင်များနှင့် အင်္ဂလိပ်စစ်သားအချို့ကို ခေါ်၍ ကွမ်းချောင်းရွာကို လှေဖြင့် ထွက်လာသည်။

ဤသတင်းကို ကြား၍ ဗိုလ်ငမောက်သည် ကွမ်းချောင်းရွာမှနေ၍ ချင်းအမျိုးသားများ၏ ယောဆန္ဒမ်းအုတ်ကံရွာသို့ ရှောင်တိမ်းသွားသည်။ တိမ်ကြားဗိုလ်က ခြေရာခံလျက် လိုက်လာပြီး "ငါလာသည်၊ ဆွေးနွေးစရာရှိသည်"ဟု ဗိုလ်ငမောက်ထံ စာရေးအကြောင်းကြားသည်။ ဗိုလ်ငမောက်ကလည်း "ဆွေးနွေးစရာရှိလျှင် ယောက်ဖတစ်ဦးတည်းသာလာခဲ့ပါ"ဟု ပြန်ကြားလိုက်ပါသည်။

နှစ်ယောက်ချင်းတွေ့ဆုံကြသောအခါ တိမ်ကြားဗိုလ်က ဗိုလ်ငမောက်အား လက်နက်ချရန်အတွက် တိုက်တွန်းသည်။ ဗိုလ်ငမောက်က လုံးဝငြင်းပယ်ပြီး တိမ်ကြားဗိုလ်ကို ပြန်သွားစေပါသည်။ ထိုအခါ တိမ်ကြားဗိုလ်က "ယောက်ဖမပါဘဲ ငါတစ်ယောက်တည်း ပြန်ဖို့လာတာမဟုတ်ဘူး၊ လက်နက်ချရင်ချ၊ မချရင် ငါဖမ်းရလိမ့်မယ်" ဟု အပြတ်ပြောလိုက်သည်။ ဤတွင် တိမ်ကြားဗိုလ်နှင့် ဗိုလ်ငမောက်တို့ အခြေအတင်စကားများကြရာမှ တစ်ဦးကိုတစ်ဦးတိုက်ခိုက်ကြသည်ထိ ပဋိပက္ခကြီးထွားသွားရသည်။ ဗိုလ်ငမောက်က ဓားရေးကောင်း၍ တိမ်ကြားဗိုလ်က ဒိုင်းကောင်းသည်။ ဗိုလ်ငမောက်၏တပည့်များက တိမ်ကြားဗိုလ်ကို ဝိုင်းတိုက်ခိုက်ကြသည်။

အားမမျှ၍ တိမ်ကြားဗိုလ်နောက်ဆုတ်ရသည်။ ခုခံနေရာမှ နောက်လှည့်အဆုတ်တွင် စူးရှသောနေကို

မျက်နှာမူထားရသည့်အပြင် ခါးလောက်မြင့်သည့် ဒိုးနွယ်တန်းကြီးလည်း ကာဆီးလျက်ရှိသည်။ သို့သော် တစ်ဖက်မှ ခါးချက်များကို ဒိုင်းဖြင့် ခုခံကာကွယ်ရင်း ဒိုးနွယ်တန်းကို နောက်ပြန်ခုန်လိုက်ရာ ခြေဖနောင့်နှင့်မလွတ်နိုင်ဘဲ ဒိုးနွယ်တန်းနှင့်ထိကာ နောက်ပြန်ပစ်လဲသွားသည်။

"ဟော့ . . ဟော့ မခုတ်နဲ့"ဟု ဗိုလ်ငမောက်က သူ့လူများကို တားလိုက်သော်လည်း တပည့်ငပြူးချေဆိုသူက လက်မြန်သွားပြီးဖြစ်သည်။ တိမ်ကြားဗိုလ်သည် ပွဲချင်းပြီး သေဆုံးသွားသည်။

တိမ်ကြားဗိုလ် အသတ်ခံရပြီးနောက် အင်္ဂလိပ်များက ကြပ်စင်ကျွန်းကို အပိုင်စားပေးမည်ဆိုပြီး မက်လုံးပေးဆွယ်လာသည်။ ဗိုလ်ငမောက် ငြင်းပယ်လိုက်ပြီး တိုက်ပွဲကို ဆက်လက်ဆင်နွှဲသွားသည်ဟု မြေပုံထွန်းခိုင်က အဆုံးသတ်ထားသည်။

ဂနိုင်တင်(မာန်အောင်)က ဤသို့ တင်ပြထားသည်။ ဗြိတိသျှအစိုးရက ဗိုလ်ငမောက်ကို နှိမ်နင်းရန် မန္တလေးမှ ဂေါ်ရခါးတပ်၊ မြင်းတပ်များကိုပင် ခေါ်ယူအသုံးပြုရသည်။ သို့ရာတွင် ဗိုလ်ငမောက်သည် ဗြိတိသျှတို့၏ ထိုးစစ်ကို နှစ်ကြိမ်တိုင် တွန်းလှန်နိုင်ခဲ့သည်။ ထိုအခါ ဗြိတိသျှအစိုးရက ဗိုလ်ငမောက်ကဲ့သို့ နာမည်ကြီးထင်ရှားသော တိမ်ကြားဗိုလ်နှင့် ဇော်ဂျီဗိုလ်တို့ကို ခေါ်ယူဆွေးနွေးသည်။ ဗိုလ်ငမောက်ကို နှိမ်နင်းနိုင်ပါက ကြပ်စင်ကျွန်းကို အပိုင်စားပေးမည်ဟု အခွင့်အရေးပြု၍ အပေးအယူလုပ်ကြသည်။ တိမ်ကြားဗိုလ်က လက်ခံလိုက်သည်။

တိမ်ကြားဗိုလ်သည် ဗိုလ်ငမောက်ရှိရာ ရက္ခမောက်တောင်သို့ သွားပြီး "လက်နက်ချမလား၊ တိုက်မလား ကြိုက်တာရွေး"ဟု စိန်ခေါ်သည်။ ဗိုလ်ငမောက်က "နှစ်ယောက်ချင်း သတ္တိပြိုင်ရအောင် တောင်ပေါ်တက်ခဲ့"ဟု တုန့်ပြန်သည်။ တိမ်ကြားဗိုလ်သည် တောင်ပေါ်သို့ တစ်ယောက်တည်း ရဲဝံ့စွာ တက်လာခဲ့သည်။ ဗိုလ်ငမောက်က သစ္စာဖောက် ခွေးသေ၊ ဝက်သေ သေပေတော့"ဆိုပြီး တိမ်ကြားဗိုလ်အား ခါးဖြင့်ခုတ်ချလိုက်သည်။ တိမ်ကြားဗိုလ်၏ဦးခေါင်းသည် အုန်းသီးကြွေသကဲ့သို့ တောင်ပေါ်မှကျသွားသည်။

ဗြိတိသျှအာဏာပိုင်တို့သည် သူတို့၏စိတ်ကူးပျက်ပြားသွားသောအခါ ဗိုလ်ငမောက်အား အကြမ်းဖက်အကျပ်ကိုင်လာကြသည်။ မိဘဆွေမျိုးသားမယားများကို ဖမ်းဆီးလိုက်သည်။ ခုနစ်ရက်အတွင်း လက်နက်ချအညံ့မခံလျှင် အားလုံးကို သတ်ပစ်မည်ဟု ခြိမ်းခြောက်သည်။ လက်နက်ချ အညံ့ခံလျှင် ကျွန်းစင်နယ်ကို အပိုင်စားပေးမည်ဟုလည်း မက်လုံးပေးသည်။ ထို့ပြင် အာဏာပိုင်များက ဗိုလ်ငမောက်၏ဆရာ ရွာဦးကျောင်းဆရာတော် ဦးဝိမလအား ချဉ်းကပ်၍ ဗိုလ်ငမောက်လက်နက်ချရန် စည်းရုံးပေးဖို့လျှောက်သည်။

ဦးဝိမလက အင်အားကြီးမားလှသည့် အင်္ဂလိပ်တို့ကို လက်တစ်ဆုပ်စာမျှလောက်နှင့် ပုန်ကန်နေ၍ ဘာမှအကြောင်းထူးမည်မဟုတ်။ လွတ်ငြိမ်းချမ်းသာခွင့်ပေးချိန်မှာ အခွင့်အရေးကို ရအောင်ယူ၊ မဟုတ်လျှင် အပြစ်မဲ့မိဘဆွေမျိုးသားမယားတို့ အသက်ဆုံးရှုံးကြရမည်ဟု ဗိုလ်ငမောက်အား အကြိမ်ကြိမ်တိုက်တွန်းဖျောင်းဖျသည်။

တစ်ချို့က ဗိုလ်ငမောက် အညံ့ခံသွားသည်ဟုဆိုသည်။ တစ်ချို့က ဆက်လက်တိုက်ပွဲဝင်ယင်း တိုက်ပွဲတွင် ကျဆုံးသွားသည်ဟုဆိုကြသည်။ ဘာကိုမှ တိတိကျကျမသိရဟု ဂနိုင်တင်(မာန်အောင်)က တင်ပြသွားသည်။ မဟာနွယ်က 'ကြပ်စင်ကျွန်း'တွင် တပ်စွဲနေခိုက် ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သည်ဟုဆိုပါသည်။

ညေဦး(မြောက်ဦး)က ဗိုလ်ငမောက်သည် ကွမ်းချောင်းမှ ယခု ဘင်္ဂလားဒေ့ရှ်ရှိ ဖလံထောင်သို့ ထွက်ပြေးပြီး ဖလံဘုရင်၏ညီမနှင့် အိမ်ထောင်ပြု၍ နေသွားသည်ဟု ဆိုပါသည်။

နယ်ချဲ့ဆန့်ကျင်ရေး ခေါင်းဆောင်တစ်ဦး၏ အမည်နာမကလွဲ၍ သူ၏သမိုင်းဝင်ဖြစ်စဉ်များ မရေမရာ၊ မသေမချာနှင့် အကွဲကွဲအပြားပြားရှိနေသည်မှာ သမိုင်းအတွက် ဇရာမဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်နေသည်။ ကျွန်တော် နောက်ဆုံးတင်ပြလိုသောအချက်မှာ သမိုင်းအတွက် အလွန်တရာမှအရေးကြီးသည့် "ကာလ"ဖြစ်ပါသည်။ သမိုင်းသည် ခုနှစ်၊ သက္ကရာဇ်၊ နေ့ရက်များဖြင့် မှတ်တမ်းတင်ရသော ကာလဖြစ်စဉ်ကြီးတစ်ခုလည်း ဖြစ်ပါသည်။ ဗိုလ်ငမောက်၏ကာလဖြစ်စဉ်ကို ယေဘုယျအားဖြင့် တင်ပြနိုင်ခဲ့ကြပါသည်။

ဂနိုင်တင်(မာန်အောင်)က 'ဗိုလ်ငမောက်မှာ နယ်ချဲ့အင်္ဂလိပ်များအား ရက္ခမောက်တောင်ပေါ်မှ စခန်းချလျက် ရရာလက်နက်ကိုင်စွဲကာ သုံးနှစ်သုံးမိုးတော်လှန်ခဲ့သည်ဟု ဖြစ်စဉ်ကာလအစိတ်အပိုင်းကလေး တစ်ခုလောက်ကိုသာ တင်ပြနိုင်ခဲ့သည်။ မည်သည့်ခုနှစ်၊ လ၊ ရက် စသည်ဖြင့် မတင်ပြနိုင်ခဲ့ကြပါ။

ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း(ဒုတိယတွဲ) စာမျက်နှာ ၇ပါ အချက်အလက်များ ၊ ဥညဦး(မြောက်ဦး) တင်ပြသောဗိုလ်ငမောက်၏ ဆွေစဉ်မျိုးဆက် သက္ကရာဇ်များ၊ မဟာနွယ်တင်ပြသော အသက်အရွယ်အပိုင်းအခြားများနှင့် ဂနိုင်တင်(မာန်အောင်)တင်ပြသော ဗိုလ်ငမောက် တော်လှန်ရေးကာလများကို ဆက်စပ်စိစစ်ကြည့်ခြင်းအားဖြင့် ဗိုလ်ငမောက်သည် ခရစ်နှစ်( ၁၈၇၀) ခန့်တွင် မွေးဖွား၍ (၁၈၉၀)ခန့်တွင် ဗြိတိသျှနယ်ချဲ့ကို စတင်တော်လှန်ခဲ့ပြီး (၁၈၉၃)ခုနှစ်တွင် ကွယ်လွန်ကြောင့် ခန့်မှန်းရရှိနိုင်ပါသည်။

သို့ဖြစ်၍ ဗိုလ်ငမောက်နှင့်ပတ်သက်၍ ခိုင်မာသေချာမှု (သို့မဟုတ်) အနီးစပ်ဆုံးမှတ်တမ်းတစ်ခုခု ရရှိနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဖို့ လိုအပ်ကြောင်း တင်ပြလိုက်ရပါသည်။

တက္ကသိုလ်-မောင်ယဉ်သူ

# မြောက်ဦးမြို့ရှိ ရေတွင်းများအညွှန်း

မြတ်သန်းလှိုင်(မြောက်ဦး)

"ထမင်းအသက်ခုနှစ်ရက်၊ ရေအသက် တစ်မနက်"ဟူသောစကားနှင့်အညီ ရေသည်လည်း လူတို့အတွက် အလွန်အရေးပါ အရာရောက်လှပေသည်။ ရေမရှိလျှင် သက်ရှိသတ္တဝါ၊ သစ်ပင်၊ ပန်းပင်၊ ဝါးပင်အစရှိတို့ပင်လျှင် အသက်ရှင်ရပ်တည်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် သက်ရှိကမ္ဘာတစ်ခု တည်နိုင်ရန်အတွက် ရေသည် မရှိမဖြစ် လိုအပ်၏။ ရေနှင့် ကင်းကွာ၍ကားမရနိုင်။ ရှေးကမ္ဘာဦးလူသားတို့ပင်လျှင် ရေတွင်းရေကန်များကို တူးဖော်၍ အသုံးမပြုတတ်သေးသော်လည်း ရေကြည်ရာ၊ မြက်နုရာဒေသများသို့ သွားရောက်နေထိုင်ခဲ့ကြသေးသည်။

ထို့ကြောင့် တိုင်းပြည်မြို့ပြတစ်ခုတည်လျှင် သန့်ရှင်းသောရေကို ရရှိရန်နှင့် အလွယ်တကူရရှိနိုင်သော နေရာများကိုသာ ရွေးချယ်သတ်မှတ်ရန် လိုအပ်ပေသည်။ သို့မှသာ လူတိုင်းအတွက် နေ့စဉ်နေ့တိုင်း ရေကို ရေလိုသုံးနိုင်ကြမည်ဖြစ်သည်။

မြောက်ဦးမြို့တွင်လည်း ရှေးခေတ်ရခိုင်ဘုရင်များနှင့် ပြည်သူတို့သည် ရေတွင်း၊ ရေကန်ပေါင်း မြောက်များ စွာတို့ကို တူးဖော်အသုံးပြုခဲ့ကြသည်။ ဘုရင်မင်းစောမွန်သည် မြောက်ဦးမြို့ကို တည်ရာတွင် မြို့တည်ဘုရားများ၊ နတ်များ၊ မြို့တံတိုင်းများနှင့် မြို့ဦးခေါင်း၊ မြို့မျက်စိစသော မြို့အင်္ဂါရပ်များကို တည်ထားခဲ့ရာ မြို့မျက်စိဟူသော ရေတွင်းနှစ်တွင်းသည်လည်း မြို့၏အင်္ဂါရပ်တစ်ခုအဖြစ်သော်လည်းကောင်း၊ မြို့သူမြို့သားများ သောက်သုံးရေ ရရှိရန်အတွက်သော်လည်းကောင်း အလေးထား၍ ဦးစွာတူးဖော်ခဲ့ခြင်းဖြစ်သည်။

ထိုထက်မက၊ စေတီ၊ ပုထိုး၊ ဘုရားတစ်ပါးပါး တည်တိုင်း အနီးနားပတ်ဝန်းကျင်တွင် ရေတွင်း သို့မဟုတ် ရေကန်တစ်ခုခုကို တူးဖော်ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုစေတီ၊ ပုထိုး၊ ဘုရားအတွက် လိုအပ်သော အင်္ဂတေ (ဇမ်းဗွတ်) ဖျော်ခြင်း၊ ရေလောင်းခြင်းသော သုံးဆောင်မှုတို့အတွက်လည်းကောင်း၊ ဆောင်လုပ်သော အလုပ်သမားများ သောက်သုံးရန်အတွက်သော်လည်းကောင်း၊ တူးဖော်ကြခြင်းဖြစ်သည်။ ထိုစေတီ၊ ပုထိုး၊ ဘုရား ပြီးစီးသွားလျှင်လည်း ဘုရားဖူးလာသူများ သောက်သုံးနိုင်ရန် အလိုအလျောက် ရရှိပြီးဖြစ်၍ တစ်ချက်ခုတ် နှစ်ချက်ပြတ် စီစဉ်ထားခြင်းမျိုးဖြစ်သည်။

ယနေ့ မြောက်ဦးမြို့တွင်ကား ယခုခေတ်တူးဖော်သော ရေတွင်းများထက် ဘုရင်ခေတ်ကပင် တူးဖော်ခဲ့ ကြသော ရေတွင်းများက လွန်စွာများပြားသည်။ စေတီ၊ ပုထိုး၊ ဘုရားရှိတိုင်း ရေတွင်း၊ ရေကန်ရှိသည်ဟု ရာနှုန်း ပြည့်မပြောနိုင်သော်လည်း များသောအားဖြင့် ရှိကြပေသည်။ အနီးစပ်ဆုံး ဥပမာပြရလျှင် သျှစ်သောင်းပုထိုးတည် ရန်အတွက် သျှစ်သောင်းရေတွင်းနှင့် အနီးအနားရှိ ရေတွင်းရေကန်များကိုလည်းကောင်း၊ ထုက္ကန်သိမ်ဘုရားတည် ရန်အတွက် ထုက္ကန်သိမ်စနေထောင့်ရှိ ရေတွင်းနှင့် အနီးအနားရှိ ရေတွင်းများကိုလည်းကောင်း၊ လေးမျက်နှာ ဘုရားတည်ရန်အတွက် လေးမျက်နှာကန်ကိုလည်းကောင်း၊ တူးဖော်အသုံးပြုခဲ့ကြသည်။ အချို့အချို့သောစေတီ ပုထိုး၊ ဘုရားတို့၌ ယခုအခါ မျက်စိဖြင့် ထင်ထင်ရှားရှားမမြင်နိုင်သော်လည်း လူသူမသဘဲ တိမ်မြုပ်ပျောက်ကွယ် နေသော ရေတွင်းများလည်း ရှိပေဦးမည်။

ရေတွင်း သို့မဟုတ် ရေကန်တစ်ခုခုကို တူးဖော်မည်ဆိုလျှင် ရေထွက်ကောင်းနိုင်သောနေရာများကို ရွေးချယ်၍ တူးဖော်ရမည်ဖြစ်သည်။ တူးဖော်ပြီးမှ ရေထွက်မကောင်းသော ရေတွင်း၊ ရေကန်များဆိုလျှင် အချည်း

အနီးသာဖြစ်ပေမည်။ ထို့ကြောင့် ရေထွက်နိုင်သောရေကြောများကို ရှာဖွေရန် သူ့ခေတ် သူ့အခါနှင့် လျော်ညီသော နည်းစနစ်များဖြင့် ရှာဖွေကြပေမည်။ တစ်ချို့က တောင်စွယ်ကျသော နေရာများကို ရွေးချယ်၍လည်းကောင်း၊ ပေါက်ရောက်သောမြက်ပင်များကို အခြေခံ၍လည်းကောင်း၊ ရှာဖွေတူးဖော်ကြသည်။

ညောင်ကိုင်းထောက်၍ ရှာဖွေသောနည်းစနစ်မှာ စိတ်ဝင်စားစရာကောင်းလှသည်။ ညောင်ပင်မှ တွဲလွဲကျနေသော prop Roof အမြစ်သည် ညောင်ပင်၏ရေရှာမြစ်ဖြစ်သည်ဟု သက်ကြီးသူအိုများထံမှ ကြားဖူးသည်။ မြေသို့မကျသေးသောအမြစ်ကို (၃)ပေခန့်ယူ၍ အဖျားပါသော (၆)ပေခန့် ဝါးအဖျားတွင် တစ်ပေခန့်ရှိသော ကြိုးဖြင့် ချည်ရသည်။ ရှစ်ပါးသီလဆောက်တည်သောသူက ၎င်းကိုရှေ့သို့ ဆန့်၍ ကိုင်သွားရသည်။ ရေကြော ရှိသောနေရာသို့ရောက်လျှင် တွဲထားသောညောင်အမြစ်သည် အလေးချိန်ပိုလာပြီး ဝါးအဖျားကိုင်းညွတ်လာသည်။ ကိုင်းညွတ်လာသောနေရာအတွင်းရှိ မြက်ပင်၊ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းပြီး ကွမ်းရွက်ဆယ်ရွက်ခန့်ကို ရေစင်အောင်ပြုလုပ်၍ အင်တုံ(သို့ မဟုတ်) ခွက်ကြီးတစ်ခုခုဖြင့် ချပ်လျက်တစ်ညမှောက်ထားရသည်။ အောက်ဆုံးရှိ ကွမ်းရွက်တစ်ရွက်တည်းသာ ရေစိုနေလျှင် တူး၍ထွက်လာသောရေမှာ တစ်တောင်(၁၈)လက်မလောက်သာ ရေအတင်ရှိမည်ဖြစ်သည်။ နှစ်ရွက်စိုလျှင်ကား နှစ်တောင်ရေအတင်ရှိပြီး အပေါ်ဆုံးဆယ်ရွက်ထိ ရေစိုနေလျှင် ရေထွက်အလွန်ကောင်းသော တွင်းဖြစ်ပေမည်။

နောက်ထပ်စိတ်ဝင်စားစရာ ရေကြောရှာဖွေနည်းမှာကား ရေတွင်း၊ ရေကန်များ ခန်းခြောက်ချိန်ဖြစ်သော ကဆုန်လတွင် ခြောက်သွေ့သော မြေအိုးခွက်ထဲသို့ ဝါဂွမ်းကို ဖိသိပ်ထည့်၍ ရေတွင်းတူးလိုသည့်နေရာ အပေါ်မြေအား အနည်းငယ်လှန်ကာ တစ်ညမှောက်ထားရသည်ဟုဆိုသည်။ နောက်နေ့နံနက်၌ ထိုမြေအိုးကို လှန်၍ ကြည့်သောအခါ ဝါဂွမ်းတွင် ရေအနည်းငယ်စိုနေလျှင် မြေကို နက်စွာတူးဖော်ပြီးမှ ရေအနည်းငယ်ထွက်မည်။ ဝါဂွမ်းတွင် ရေအများစိုနေလျှင် အနည်းငယ်တူးဖော်လိုက်သည်နှင့် ရေများစွာထွက်မည်ဖြစ်ပြီး ဝါဂွမ်းလုံးဝရေမစိုလျှင် ရေထွက်မည်မဟုတ်ပေ။ ဤကဲ့သို့ နည်းစနစ်ဖြင့် ရှာဖွေတူးဖော်ကြ၍သာ ယခုအခါ ရေထွက်ကောင်းသော တွင်းများ ရှိနေကြခြင်းဖြစ်သည်။ နောက်ထပ်ရေကြောရှာဖွေသည့် နည်းစနစ်များလည်း များစွာရှိပေဦးမည်။

ယခုတင်ပြလိုသော ရေတွင်းများကား ဘုရင်ခေတ်အဆက်ဆက်က တူးဖော်ခဲ့ကြသော တွင်းများသာ များပြားပေသည်။ တစ်ချို့ အင်္ဂလိပ်၊ ဂျပန်ခေတ်တို့က တူးဖော်ခဲ့သော တွင်းများလည်း ရှိကောင်းရှိမည်။ တစ်ချို့မှာ ယခုခေတ်ရောက်မှ တူးဖော်သောတွင်းများလည်း ရှိကြသည်။ ရေတွင်းအားလုံးသည်ကား အကောင်းပကတိ အတိုင်း မရှိကြချေ။ တစ်ချို့ပြိုကျပျက်စီးလျက်ရှိပြီး မြင်ကွင်းမှ ပျောက်ကွယ်လုမတတ်ဖြစ်နေသော ရေတွင်းများလည်းရှိသည်။ တစ်ချို့မှာ ယခုတိုင် ပြုပြင်သောက်သုံးလျက်ရှိပြီး တစ်ချို့က ရှေးမူအတိုင်းရှိနေသော တွင်းများလည်း ရှိသည်။ တစ်ချို့မှာမူကား မြင်ကွင်းမှ ပျောက်ကွယ်နေသော တွင်းများလည်းရှိပြီး တစ်ချို့ကို ရှာဖွေဖော်ထုတ်ရဦးမည်ဖြစ်သည်။

မြောက်ဦးမြို့ရှိ ရေတွင်းများအား ဤသို့တင်ပြခြင်းသည် နွေရာသီအတွင်း ရေရှားပါးလွန်းသောကြောင့် ရေထွက်ကောင်းသောတွင်းများကို အဆင်သင့်ဖော်ယူသောက်သုံးနိုင်ရန်အတွက်လည်းကောင်း၊ ရှိရင်းစွဲ ရှေးဟောင်းရေတွင်းများ၊ မတိမ်ကောမပျောက်ကွယ်အောင် ထိန်းသိမ်းနိုင်ရန်အလို့ငှာလည်းကောင်း၊ ရေတွင်းများကို လေ့လာလိုသော သုတေသီတို့အဖို့ တစ်ပိုင်းတစ်စအထောက်အကူ ရရှိစေရန်အတွက်လည်းကောင်း၊ ဘုရင်

ခေတ် လူဦးရေကို ရေတွင်း ရေကန်များမှတစ်ဆင့် ခန့်မှန်းရစေရန်အလို့ငှါလည်းကောင်း၊ တင်ပြခြင်းဖြစ်ပေသည်။

## ၁။ မြောက်ဘက်ရှိ မြို့မျက်စိတွင်း

မြောက်ဦးမြို့အနောက်ပိုင်း မြင်းကုန်းတန်းရပ်တွင် ရှိသည်။ ဘုရင်မင်းစောမွန် မြောက်ဦးကို တည်ခဲ့စဉ်က မြို့အင်္ဂါရပ်(လက်ယာဘက်)မြို့မျက်စိအဖြစ် တူးဖော်ခဲ့သည်။ ကျောက်ဖြင့်ပြုလုပ်ထားသောတွင်းဖြစ်သည်။ နှစ်ပေါင်းများစွာ ပြိုကျပျက်စီးနေခဲ့ပြီး ယခုအခါ အလှူရှင်က ပြန်လည်မွမ်းမံထားသည်။ မြို့၏အကြီးဆုံးသော ရေတွင်းများတွင် တစ်ခုအပါအဝင်ဖြစ်သည်။

## ၂။ တောင်ဘက်မြို့မျက်စိတွင်း

ရွှေကြာသိမ်ကျောင်းဝင်းထဲတွင်ရှိသည်။ မြို့တည်အင်္ဂါရပ်(လက်ဝဲဘက်) မျက်စိအဖြစ် တူးဖော်ခဲ့သည်။ ကျောက်ဖြင့်ပြုလုပ်ထားပြီး မြို့မျက်စိနှစ်တွင်းစလုံး အသွင်တူညီသည်။ ယခုအခါ ပြုပြင်မွမ်းမံ၍ သောက်သုံးနေကြသည်။

## ၃။ အမှတ်(၁)အလယ်တန်းကျောင်းတောင်ဘက်ရှိ ရေတွင်း

ပြင်စျေးရပ်ကွက် အမှတ်(၁)အလယ်တန်းကျောင်းတောင်ဘက်၌ ကျောက်ရေတွင်းတစ်တွင်းရှိသည်။ ယခုတိုင်အောင် အသုံးပြုနေသည်။

## ၄။ မှောက်တော်တံခါး အနောက်ဘက်ရှိရေတွင်း

မှောက်တော်တံခါး၏အနောက်ဘက် ပေ(၅၀)ခန့်တွင် ကျောက်ရေတွင်းတစ်တွင်းရှိသည်။ အနည်းငယ်ပျက်စီးနေသော်လည်း ယခုတိုင်အောင် အသုံးပြုနေသော ရေတွင်းဖြစ်သည်။

## ၅။ စပါးဆိပ်ရပ်ကွက်ရှိ ရေတွင်း

စပါးဆိပ်ရပ်ကွက်ရှိ လမ်းမနှင့်ကပ်လျှက် အိမ်ခြံဝင်းတွင် ကျောက်ရေတွင်းတစ်တွင်းရှိသည်။ အနည်းငယ်ပျက်စီးနေသော်လည်း ယခုတိုင်အောင် အသုံးပြုနေသော ရေတွင်းဖြစ်သည်။

## ၆။ ဝါဈေးကျောင်းတွင်းရှိရေတွင်း

ဝါဈေးကျောင်းဝင်းအတွင်း၌လည်း ရေတွင်းတစ်တွင်းရှိပြီး သောက်သုံးနေကြသည်။

## ၇။ ဝါဈေးကျောင်းအနောက်ဘက်ရှိရေတွင်း

ဝါဈေးကျောင်းဝင်း၏ အနောက်ဘက်ပေ(၁၀၀)ကျော်ခန့်အကွာတွင်လည်း ကျောက်ရေတွင်း တစ်တွင်းရှိသည်။ ပြိုကျပျက်စီးသွားသည်ကို စေတနာရှင်များက ပြန်လည်ပြုပြင်၍ အသုံးပြုနေကြသည်။

## ၈။ မြို့ဦးခေါင်းတောင်၏ တောင်ဘက်ရှိရေတွင်း

ယခု အလိုတော်ပြည့်ဘုန်းကြီးကျောင်း ဆောက်လုပ်ရန် မြေညှိထားသောနေရာ၌ ကျောက်တွင်းတစ်တွင်း ရှိသည်။ ယခုတိုင်အောင်သောက်သုံးနေသောတွင်းဖြစ်သည်။

## ၉။ ဝါဈေးအထက်လမ်းရှိ တွင်းညီနောင်

ဝါဈေးရပ်ကွက်တောင်ခြေရင်းတွင် တွင်းနှစ်တွင်း ကပ်လျှက်ရှိသည်။ ယခုအသုံးပြုနေကြသော တွင်းများ ဖြစ်ပြီး တွင်းညီနောင်ဟု ခေါ်သည်။

## ၁၀။ လက်ကောက်ဈေးဘုန်းကြီးကျောင်းရေတွင်း

လက်ကောက်ဈေးဘုန်းကြီးကျောင်းဝင်း၌ ရဟန်းသံဃာတော်များ သောက်သုံးနေသော ကျောက်တွင်း တစ်တွင်းရှိသည်။

## ၁၁။ ၄/ခြောက်ဈေးတံတိုင်း အနောက်ဘက်ရှိရေတွင်း

၄/ခြောက်ဈေးရပ်ကွက်၊ တံတိုင်းအနောက်ဘက်တွင်လည်း ကျောက်ရေတွင်းတစ်တွင်းရှိသည်။ ယခင်က အိမ်ခြံဝင်းထဲတွင် ကျရောက်ခဲ့သည်။ ရွာသူ ရွာသားများက ပြုပြင်၍ အသုံးပြုနေကြသည်။

## ၁၂။ ရက္ခမုနိဘုရားတောင်ဘက်ရေတွင်း

ဆင်ချဆိပ်ရပ်ကွက် ရက္ခမုနိဘုရား၏ တောင်ဘက်တောင်ခြေရင်းတွင် ကျောက်တွင်းတစ်တွင်းရှိသည်။ ယခုထက်တိုင် သောက်သုံးနေသောတွင်းဖြစ်သည်။

## ၁၃။ ရက္ခမုနိဘုရားမြောက်ဘက်ရေတွင်း

ရက္ခမုနိဘုရားတောင်၏ မြောက်ဘက်ခြေရင်းတွင်လည်း ကျောက်ရေတွင်းတစ်တွင်းရှိသည်။ ပျက်စီးလု နီးပါးဖြစ်နေပါသည်။

## ၁၄။ သက်တော်ရရေတွင်း

ဆင်ချဆိပ်ရပ်ကွက် သက်တော်ရဘုရား၏ အရှေ့ဘက်ဘုန်းကြီးကျောင်းဝင်း၌ ကျောက်ရေတွင်းတစ်တွင်း ရှိပြီး အသုံးပြုလျက်ရှိသည်။

## ၁၅။ မင်္ဂလမာရ်အောင်တွင်း

မင်္ဂလမာရ်အောင်စေတီ၏ တောင်ဘက်တွင် ကျောက်တွင်းတစ်တွင်းရှိသည်။ ပြန်လည်ပြုပြင်၍ ယခုတိုင်အောင် အသုံးပြုလျှက်ရှိသည်။

## ၁၆။ တေဇရာမစေတီရှေ့ဘက်တွင်း

တေဇရာမစေတီ၏ အရှေ့ဘက်တွင် ကျောက်တွင်းတစ်တွင်းရှိပြီး သောက်သုံးနေသော ရေတွင်းတစ်တွင်း ဖြစ်သည်။

## ၁၇။ တေဇရာမဘုန်းကြီးကျောင်းတွင်း

အလွန်ရေထွက်ကောင်းသော တွင်းဖြစ်သော်လည်း အသုံးပြုခြင်းမရှိဘဲ အမှိုက်သရိုက်များ ပစ်ထားသော ကြောင့် မြင်ကွင်းမှ ပျောက်ကွယ်သွားနိုင်သည်။

## ၁၈။ တေဇရာမစေတီစနေထောင့်ရှိတွင်း

စေတီ၏စနေထောင့်၌လည်း ယခုတိုင်သောက်သုံးနေသော ရေတွင်းတစ်တွင်းရှိသည်။ အုတ်ရေတွင်းဖြစ် သည်။

## ၁၉။ ဓမ္မဝိသုဒ္ဓါရာမတောရကျောင်းတောင်ဘက်ရေတွင်း

ဤကျောင်း၏တောင်ဘက်တွင်လည်း ကျောက်ရေတွင်းဟောင်းတစ်ခုရှိပြီး ပြိုပျက်နေသည်ကို (ACF) မှ ပြန်လည်ပြုပြင်မွမ်းမံထားသည်။

## ၂၀။ ခြင်ကိုက်ပိဋကတ်တိုက်၏အနောက်ဘက်တောင်ကြားရှိရေတွင်း

ဤတွင်းသည် အပေါ်ပိုင်းနှင့် အလယ်ပိုင်း ပြိုကျပျက်စီးနေသည်။ ကျောက်လုံးများ ညီညာစွာဖြင့် သေသပ်လှပသောတွင်းဖြစ်သည်။

## ၂၁။ အနော်မာတွင်း

အနော်မာဘုရား၏အနောက်ဘက် တံတိုင်းနှင့်ကပ်လျက် ရေတွင်းတစ်တွင်းရှိသည်။ အမှိုက်များဖုံးအုပ် နေ၍ မြင်ကွင်းမှပျောက်သွားနိုင်သည်။

## ၂၂။ လင်ပွန်းပြောက်တွင်း

လင်ပွန်းပြောက်စေတီ၏ အဂ္ဂိထောင့်ရှိ ကျောက်ရေတွင်းမှာ ပြိုကျပျက်စီးနေသည်။

## ၂၃။ ဗောဓိရွှေဂူတွင်း

ဗောဓိရွှေဂူတောင်ခြေရင်းတွင်း အုတ်တွင်းတစ်တွင်းရှိသည်။ ပြိုကျပျက်စီးနေသည်ကို (ACF)မှ ပြန်လည် မွမ်းမံထားသောကြောင့် ရွာသူရွာသားများ သောက်သုံးလျက်ရှိကြသည်။ ရေထွက်ကောင်းသောရေတွင်းဖြစ်သည်။

## ၂၄။ ရတနာပုံစေတီ အရှေ့ဘက်တွင်း

ရတနာပုံစေတီ၏ အရှေ့ဘက်ယွန်းယွန်းတွင် ကျောက်ရေတွင်း တစ်တွင်းရှိသည်။ ပြုပြင်မွမ်းမံကာ အသုံးပြုနေကြသည်။

## ၂၅။ သျှစ်သောင်းတွင်း

သျှစ်သောင်းပုထိုးတံတိုင်း၏ အရှေ့ဘက်ယွန်းယွန်းတွင် ကျောက်ရေတွင်းတစ်တွင်းရှိသည်။ ဘုရားဖူးလာသူများနှင့် ရပ်သူရွာသားများအတွက် သောက်သုံးရန်အလွန်အားထားရသော တွင်းဖြစ်သည်။ ယခင်က ကျောက်ဖြင့်ပြုလုပ်ထားပြီး ပြန်လည်ပြုပြင်မွမ်းမံရာတွင် ကျောက်,မလုံလောက်၍ တွင်း၏အပေါ်ပိုင်းကို အုတ်ဖြင့်ပြုလုပ်ထားသည်။

## ၂၆။ ထုက္ကန်သိမ်ပုထိုး၏ တနင်္ဂနွေထောင့်ရှိရေတွင်း

ထုက္ကန်သိမ်ပုထိုး၏ တနင်္ဂနွေထောင့်အရပ်၌ ကျောက်ရေတွင်းတစ်တွင်းရှိသည်။ အပေါ်ပိုင်းပျက်စီးနေသော်လည်း အောက်ပိုင်းအကောင်းပကတိရှိသေးသည်။ အလွန်ရေထွက်ကောင်းသောတွင်းဖြစ်သော်လည်း ခြုံနွယ်များ ပိတ်ပေါင်းနေ၍ တိမ်မြုပ်လုနီးပါးဖြစ်နေသည်။

## ၂၇။ ထုက္ကန်သိမ်တွင်း

ထုက္ကန်သိမ်ပုထိုး၏ စနေထောင့်တွင်ရှိသည်။ ဓါးဆီးတွင်းဟုလည်း ခေါ်သည်။ အလွန်ရေထွက်ကောင်းသောတွင်းဖြစ်သောကြောင့် ယခုထက်တိုင် ရွာသူရွာသားများ၏အထူးအားထားရသော ရေတွင်းဖြစ်သည်။

## ၂၈။ ထုက္ကန်သိမ်မြောက်ဘက်ရှိရေတွင်း

ထုက္ကန်သိမ်ပုထိုးတော်ကြီး၏မြောက်ဘက် တစ်ဖာလုံခန့်အကွာတွင်လည်း ကျောက်ရေတွင်းငယ်တစ်တွင်းရှိသည်။ ယခင်က တိမ်မြုပ်နေသည်ကို ရွာသူ၊ ရွာသားများက သောက်သုံးရန်အတွက် ပြုပြင်မွမ်းမံကာ အသုံးပြုလျှက်ရှိသည်။

## ၂၉။ ရတနာ့မာန်အောင် အနောက်ဘက်ရေတွင်း

ရတနာ့မာန်အောင်စေတီ၏ အနောက်ဘက်၌ ကျောက်ရေတွင်း တစ်တွင်းရှိသည်။ အလွန်ရေထွက်ကောင်းသောကြောင့် နွေရာသီ၌ အနီးပတ်ဝန်းကျင်ရွာမှ အလွန်အားထားရသောတွင်းဖြစ်သည်။

## ၃၀။ ရတနာ့မာန်အောင် စနေထောင့်ရေတွင်း

ရတနာ့မာန်အောင်စေတီ၏ စနေထောင့်အရပ်ရှိ ဥယျာဉ်အတွင်း၌လည်း ကျောက်တွင်းတစ်တွင်းရှိသည်။

## ၃၁။ ရတနာ့မာန်အောင် ဘုန်းတော်ကြီးကျောင်းတွင်း

ရတနာ့မာန်အောင်ကျောင်းဝင်း၏မြောက်ဘက်၌လည်း ကျောက်တွင်းတစ်တွင်းရှိပြီး ယခုတိုင်အောင် သောက်သုံးနေသော တွင်းဖြစ်သည်။

## ၃၂။ ရတနာ့မာန်အောင် အရှေ့ဘက်တွင်း

ရတနာ့မာန်အောင်စေတီ၏ အရှေ့ဘက်အရပ် လယ်ကွင်းအတွင်း၌လည်း ကျောက်တွင်းတစ်တွင်း ရှိသည်။ ရေထွက်အလွန်ကောင်းပြီး ယခုတိုင်အောင် အသုံးပြုနေကြသည်။

## ၃၃။ ကြက်ကျတွင်း

ချင်းပုံတောဘုန်းတော်ကြီးကျောင်း၏အနောက်ဘက်၌ ကြက်ကျတွင်းခေါ် ကျောက်ရေတွင်းတစ်တွင်း ရှိသည်။ (ACF)မှ ပြုပြင်မွမ်းမံကာ အသုံးပြုလျက်ရှိသည်။

## ၃၄။ ယောသိတာရာမကျောင်းတွင်း

ယောသိတာရာမကျောင်းဝင်းတွင်လည်း ကျောက်တွင်းတစ်တွင်းရှိပြီး သောက်သုံးနေကြသည်။

## ၃၅။ ချင်းပုံတောတွင်း

ချင်းပုံတောဘုန်းကြီးကျောင်း၏ တောင်ဘက်၌ ချင်းပုံတွင်းခေါ်သော ကျောက်တွင်းတစ်တွင်းရှိပြီး (ACF)မှ ပြုပြင်မွမ်းမံထားသည်။

## ၃၆။ ဘဲစာတွင်း

ချင်းပုံတွင်း၏စနေထောင့်၌ ကျောက်တွင်းတစ်တွင်းရှိသည်။ ယခုတိုင်အောင် သောက်သုံးလျက်ရှိကြသည်။

## ၃၇။ ရှောက်တောစုတွင်း

ရှောက်တောစုရွာထဲ၌လည်း ကျောက်ရေတွင်းတစ်တွင်းရှိသည်။

## ၃၈။ ရွှေဂူတောင်ကျောက်တွင်း

ရွှေဂူတောင် ဘုန်းတော်ကြီးကျောင်းဝင်းတွင်လည်း သောက်သုံးနေသော တွင်းတစ်တွင်းရှိသည်။

## ၃၉။ ရွှေဂူတောင်အနောက်ဘက်တွင်း

လမ်းမ၏အနောက်ဘက်အရပ်တွင်လည်း ရေတွင်းတစ်တွင်းရှိပြီး အသုံးပြုလျက်ရှိသည်။

## ၄၀။ သောက်စာတွင်း

ယခုအသစ်ဆောက်လုပ်နေထိုင်ကြသော ရဲလှိုင်တန်းအတွင်းရှိ ကျောက်ရေတွင်းမှာ ရေထွက်အလွန်ကောင်းသောကြောင့် နွေရာသီအတွင်း အနီးပတ်ဝန်းကျင်အတွက် အလွန်အားထားရသည်။

## ၄၁။ ရုံးကြီးတွင်း

ရုံးကြီးဝင်းထဲတွင်လည်း သောက်သုံးနေကြသော ရေတွင်းတစ်ခုရှိသည်။

## ၄၂။ မြောက်ဦးဟိုတယ်တွင်း

မြောက်ဦးဟိုတယ်ဝင်းအတွင်း ရေတွင်းနှစ်တွင်းရှိပြီး တစ်တွင်းမှာ ယခင်မီးစက်ကြီးရှိစဉ်က စက်အတွက်အသုံးပြုသော တွင်းဖြစ်ပြီး ကျန်တစ်တွင်းမှာ သောက်သုံးသောတွင်းဖြစ်သည်။ အုတ်တွင်း အမျိုးအစားဖြစ်သည်။

## ၄၃။ ကြာကန်စုအနောက်ဘက် ပထမရေတွင်း

ရေကန်အနီးအသုံးပြုနေသော ကျောက်တွင်းငယ်တစ်တွင်း ရှိသည်။

## ၄၄။ ကြာကန်စုအနောက်ဘက် ဒုတိယတွင်း

ပထမကျောက်ရေတွင်းငယ်၏ အနောက်ဘက် ပေ(၅၀)ခန့်အကွာတွင်လည်း ကျောက်တွင်းတစ်တွင်း ရှိသည်။ အထက်ပိုင်းပျက်စီးနေသော်လည်း အောက်ပိုင်းမှာ အကောင်းပကတိအတိုင်းပင် ရှိသေးသည်။ အမှိုက်သရိုက်များ ပိတ်ဆို့ထားခြင်းကြောင့် မြင်ကွင်းမှ မကြာမီကာလအတွင်း ပျောက်ကွယ်သွားနိုင်သည်။

## ၄၅။ နဝရတ်ဟိုတယ်တွင်း

နဝရတ်ဟိုတယ်ဆောက်လုပ်ထားသော ခြံဝင်းအတွင်း၌လည်း ရေတွင်းရှိပြီး အသုံးပြုလျက်ပင်ရှိသေးသည်။

## ၄၆။ ရေပေါက်ဝကျုံးပြင်တွင်း

ရေပေါက်ဝကျုံးပြင်တွင် ကျောက်ရေတွင်းတစ်တွင်းရှိပြီး အသုံးပြုလျှက်ရှိသည်။

## ၄၇။ ကုန်သည်တန်းရပ်ကွက်တွင်း

ယခင်တည်းနန်းဝင်းနေရာ၌လည်း အသုံးပြုနေသော ရေတွင်းတစ်တွင်း ရှိသည်။

## ၄၈။ ကုန်သည်တန်းလမ်းကြားတွင်း

ဤကျောက်ရေတွင်းငယ်မှာ အကောင်းပကတိအတိုင်းရှိသော်လည်း အသုံးမပြုကြပေ။

## ၄၉။ ဘောလုံးကွင်းမြောက်ဘက်ကွင်း

ယခုတိုင်အသုံးပြုနေသော ကျောက်တွင်းတစ်တွင်းရှိသည်။

## ၅၀။ နန်းရာကုန်းမြောက်ဘက်ကွင်း

ယခင်ရဲလိုင်တန်းအတွင်း ကြီးမားသော ကျောက်တွင်းတစ်တွင်းရှိသည်။ အထက်ပိုင်းပြိုပျက်နေသော်လည်း အောက်ပိုင်းအကောင်းပကတိရှိသေးသည်။

## ၅၁။ နန်းရာကုန်းအရှေ့ဘက်တွင်း

နန်းရာကုန်း၏အရှေ့ဘက် နတ်သားကန်၏တောင်ဘက်၌ သောက်သုံးနေသောရေတွင်းတစ်တွင်းရှိသည်။

## ၅၂။ အလယ်ဈေးပထမတွင်း

အလယ်ဈေးရပ်ကွက် လမ်းမကြီး၏မြောက်ဘက်၌ကပ်လျက် သောက်သုံးနေသော ရေတွင်းတစ်တွင်းရှိသည်။

## ၅၂။ အလယ်ဈေးဒုတိယတွင်း

ကိုးသောင်းဘုရားသွားရာလမ်းတွင် (ACF)မှ ပြုပြင်မွမ်းမံ၍ သောက်သုံးနေသော ရေတွင်းတစ်တွင်းရှိသည်။

ဖော်ပြပါတွင်းများကား သောက်သုံးနေကြသော တွင်းများနှင့် အသုံးမပြုသော်လည်း မျက်ဝါးထင်ထင်မြင်တွေ့နေရသော ရေတွင်းများ ဖြစ်ကြသည်။ စာရှည်သွားမည်ဖြစ်၍ ဤမျှသာဖော်ပြထားခြင်းဖြစ်သည်။ နောက်တွင်ဆက်လက်၍ ကျန်ရှိနေသော ရေတွင်းများ၊ မြို့၏ဆင်ခြေဖုံးဒေသများမှ ရေတွင်းများနှင့် တိမ်မြုပ်ပျောက်ကွယ်နေသော ရေတွင်းများကို ရှာဖွေတင်ပြဦးမည်ဖြစ်ပါသည်။

ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များ အထူးကူညီပေးပါသည်။

(၁) ဦးမောင်ဦးစိန်ဖခင်(လက်သမားဆရာကြီး)
(၂) ဦးကျော်သာညွန့် (ရခိုင်လက်မှုအနုပညာ)
(၃) ဦးဖြူသာထွန်း (ကြက်ဈေးရပ်ကွက်)
(၄) ဦးစံသာထွန်း (ကြက်ဈေးရပ်ကွက်)
(၅) ဦးအောင်သာဇံ
(၆) ကိုယ်တိုင်သွားရောက်လေ့လာမှုများ

မြတ်သန်းလှိုင် (မြောက်ဦး)

# စတူပါနဲ့စေတီ
# ဘာကွာလို့လဲ

တက်ထွန်းနီ(မြောက်ဦး)

၂၀၀၂ ခု၊ ဧပြီလထုတ်လခြမ်းမြိုမဂ္ဂဇင်း အမှတ်(၃)တွင် နီမင်းသျှင်(စစ်တွေ)၏ ရခိုင်စတူပါနှင့် စေတီများ ဆောင်းပါးကို ဖတ်ရပါသည်။ အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာစသည့် နိုင်ငံအသီးသီးတို့မှ စာအုပ်စာတမ်းများပါ အချက်အလက်များကို မိမိကိုယ်ပိုင်ထင်မြင်ယူဆချက်များနှင့် ပေါင်းစပ်ပြီး ရောနှောမွှေနှောက်ရေးသား တင်ပြထားသည်များကို တွေ့ရပါသည်။

လေ့လာတင်ပြထားရှိသမျှအားလုံးကို သတ္တုချအဖြေထုတ်လိုက်ပါက နီမင်းသျှင်ပြောလိုသည်မှာ စတူပါနှင့် စေတီသည် မတူ-ပိသုကာပုံစံအရ ကွဲပြားကွာခြားသည်။ စတူပါမှာ စက်ဝိုင်းလုံးခြမ်းပုံရှိပြီး ယင်းအထက်၌ ဓါတုဂဗ္ဘပါရှိကာ စေတီမှာကား ကတော့ချွန်ပုံရှိပြီး ဓါတုဂဗ္ဘမပါရှိဟူ၍ပင် ဖြစ်ပါသည်။ ဤအဆိုမည်မျှမှန်ကန်သည်ကို သုတေသနပြုရန်လိုအပ်ပါသည်။

စတူပါ (Stupa)နှင့် စေတီ(Caitya) ဆိုသောဝေါဟာရများသည် မည်သည့်ဘာသာစကားများ ဖြစ်ကြပါသနည်း။ ဘယ်ကဲ့သို့ အဓိပ္ပါယ်ရှိကြပါသနည်း။ ဦးဆုံးသုတေသနပြုရန် လိုအပ်ပါသည်။

ဤဝေါဟာရများမှာ ပါဠိဘာသာစကားများဖြစ်ကြပါသည်၊ ဦးဟုတ်စိန်၏ ပဒတ္ထမဥ္ဇူသာဟူသော ပါဠိမြန်မာ အဘိဓါန်တွင် "ထူပ" (သ္တူပ) ဆိုသည်မှာ စေတီပုထိုးဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ "ထူပ"၏ အသံထွက်"သ္တူပ"ကို အင်္ဂလိပ်လို တိုက်ရိုက် "Stup"ဟူ၍ ပြန်ရေးရာမှ "စတူပါ"ဆိုသော ဝေါဟာရပေါ်ထွက်လာဟန်တူပါသည်။

ယင်းအဘိဓါန်တွင် "စေတီ" "Caitya""စေတီယ" "စဲတျ" "စိတ+ တျ"ဆိုသည်မှာ လူတို့အရိုအသေပြုရာသောအရပ် လူခပ်သိမ်းတို့ ပူဇော်ရာစေတီပုထိုး နတ်ကွန်းဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

ဤအဘိဓါန်၏စာဆိုအရ စတူပါခေါ် ထူပနှင့် စေတီယခေါ် စေတီတို့မှာ အဓိပ္ပါယ်ချင်းတူညီကြပြီး စေတီပုထိုးဟူ၍ အဓိပ္ပါယ်ရသော ပါဠိဝေါဟာရများပင် ဖြစ်ကြပါသည်။

စတူပါနှင့်စေတီ၏အဓိကကွာခြားချက်မှာ ဓါတုဂဗ္ဘပါမပါနှင့် ခွဲခြားသည်ဟု နီမင်းသျှင်က ဆိုပါသည်။

"ဓါတုဂဗ္ဘ"ဆိုသောဝေါဟာရမှာ "ဓာတု"နှင့် "ဂဗ္ဘ"ဆိုသော ပါဠိဝေါဟာရ နှစ်လုံးကို ပေါင်းစပ်ထားခြင်းပင်ဖြစ်ပါသည်။ ပါဠိအဘိဓါန်တွင် "ဓါတု"ဆိုသည်မှာ "ဓါတ်တော်"ဟူ၍ အဓိပ္ပါယ်ရပြီး "ဂဗ္ဘ"ဆိုသည်မှာ "တိုက်ခန်း" ဟူ၍ အဓိပ္ပါယ်ရပါသည်။ သို့နှင့် "ဓါတုဂဗ္ဘ"ဆိုသည်မှာ "ဓါတ်တော်တိုက်ခန်း" (Relice chamber) ပင်ဖြစ်ပါသည်။

မည်သည့်စေတီပုထိုးမျိုးတွင်မဆို ဓါတုဂဗ္ဘခေါ် ဓါတ်တော်တိုက်ခန်းများ ပါရှိကြပါသည်။ စေတီပုထိုးအမျိုးအစားကို လိုက်၍ ဓါတုဂဗ္ဘတည်ရှိရာနေရာနှင့် ပုံသဏ္ဌာန်ချင်းသာ ကွာခြားပါလိမ့်မည်။ အထူးသဖြင့် ရခိုင်မှစေတီပုထိုးတိုင်းတွင် မြေအောက်ဌာပနာတိုက်ခန်း၊ အလယ်သပိတ်မှောက်ဌာပနာတိုက်ခန်း၊ ငှက်ပျောဖူးဌာပနာတိုက်ခန်းဟူ၍ ဓါတုဂဗ္ဘသုံးမျိုးထိ ပါရှိကြပါသည်။

ကျွန်တော်သည် ရခိုင်စေတီပုထိုးပေါင်း မြောက်များစွာတို့ကို ကိုယ်တိုင်ကိုယ်ကျ တာဝန်အရ ၂၇နှစ်တိုင်တိုင် မွမ်းမံပြုပြင်တည်ဆောက်ခဲ့ဖူးပါသည်။ ရခိုင်တွင်စေတီပုထိုးပေါင်းများစွာ ရှိကြပါသည်။ ယင်းတို့မှာ ဗိသုကာလက်ရာပုံစံအရ ခေါင်းလောင်းမှောက်ပုံ (Bell Shape)၊ စက်ဝိုင်းပုံ (Circular in Shape)၊ ရှစ်မြှောင့်ပုံ (Octagonal Design)၊ ထုချွန်ပုံ(ဝါ)ကတော့ပုံ (Conical Design)စသည်ဖြင့် ပုံစံပေါင်းမြောက်များစွာ ရှိကြပါသည်။ သို့သော်

ဗိသုကာလက်ရာပုံစံပေါ်မူတည်ပြီး စတူပါနှင် စေတီခွဲခြားသည်ဟူသောအဆိုကိုမူ ယနေ့ထိလုံးဝမတွေ့ဖူးသေးပါ။ ယင်းသို့သာ ခွဲခြားမည်ဆိုပါက ဗိသုကာလက်ရာပုံစံအရ ပုံစံပေါင်းမြောက်များစွာ ကွဲပြားခြားနားနေကြသော စေတီပုထိုးပေါင်းမြောက်များစွာတို့ကို စတူပါနှင့် စေတီဟူသော ဝေါဟာရနှစ်မျိုးနှစ်စားတည်းဖြင့် လုံလောက်မည်ကားမထင်ပါ။

ဘုရားရဟန္တာတို့၏ သရီရဓါတ်မွေတော်များ ကိန်းဝပ်ရာ တိုက်ခန်းကြုတ် စသည်များသည် စေတီပုထိုးများ မည်ကြပါသည်။ ယင်းကို ဒုတိယဝိနယပိဋကပါရာဇိကံကဏ္ဍ အဋ္ဌကထာ သံယာ ဒိသေသကဏ္ဍကာယသံသဂ္ဂသိက္ခာပဒဝဏ္ဏနာ စာမျက်နှာ ၁၃၀ တွင် “ဉတ္တမရရာဇာပုတ္တောကိရသာဏ္ဍစေတီယံကာစေတွာ မဟာပဒုမတ္တေရဿပေသသိ၊ ယေရောနကပ္ပတိတိပဋ္ဌိက္ခိပိ”ဟူ၍လည်းကောင်း၊ ဒုတိယဝိနယပိဋကသံသဂ္ဂသိက္ခာပဒဝဏ္ဏနာ စာမျက်နှာ ၃၂၁တွင် “သုဝဏ္ဏစေတီယန္တိဓါတု ကရဏ္ဍကံ ပဋ္ဌိက္ခိပိ တိဓါတုဋ္ဌပနတ္တာ ပဂဏှာထာတိ ဒဝတ္ပာတုမှာ ကံဂဏှာထာတိပေ သိတတ္တာပဋ္ဌိက္ခိပိ”ဟူ၍လည်းကောင်း တွေ့ရပါသည်။

အဓိပ္ပါယ်မှာ “သစ်သားစေတီ၊ အုဌ်စေတီ၊ ကျောက်စေတီ၊ ရွှေစေတီ၊ ငွေစေတီ၊ ကြေးစေတီ၊ သံသွပ်ခဲချိပ်စသော စေတီတို့သည် မြတ်စွာဘုရားသခင် ဓါတ်တော်ရဟန္တာတို့၏ ဓါတ်တော်ကိန်းဝပ်တည်ရာ ကျောင်းတိုက်ခန်းတော် ကြုတ်တော်များသာ ဖြစ်ပေသည်”ဟူ၍ပင်ဖြစ်ပါသည်။ ဤစာဆိုအမိန့်ကို ထောက်ရှုခြင်းဖြင့် ရခိုင်တွင်တွေ့ရသမျှသော Reliquary stupa များ Reliquary chaitya များ Relic casket များ Bronze miniature stupa များသည်ပင် စတူပါ (ထူပ)သို့မဟုတ် စေတီ(စေတီယ) များပင် ဖြစ်ကြပေသည်။

ရခိုင်တို့၏ ရိုးရာဓလေ့ထုံစံအရ လိုဏ်ဂူတော်မပါရှိသည်ကို စေတီဟူ၍လည်းကောင်း၊ လိုဏ်ဂူတော်ပါရှိသည်ကို ပုထိုးဟူ၍လည်းကောင်း ခွဲခြားလေ့ရှိကြောင်း သိရပါသည်။

စေတီတော်အမျိုးအစားတွင်လည်း ဘုရား ရဟန္တာတို့၏ ဓါတ်တော်မွေတော်များ ကိန်းဝပ်ရာကို ဓါတုစေတီ၊ ဘုရား ရဟန္တာတို့၏ အသုံးအဆောင်ပရိဘောဂများကိုသော်လည်းကောင်း၊ (ဉပမာ ဗောဓိညောင်ပင်) ယင်းပရိဘောဂများကိုဌာပနာထားသည်ကိုလည်းကောင်း၊ ပရိဘောဂစေတီဟူ၍လည်းကောင်း၊ ဘုရားရဟန္တာတို့၏ ရုပ်တုဆင်းတုများကို ဉဒ္ဒိဿစေတီဟူ၍လည်းကောင်း၊ ပိဋကတ်ကျမ်းစာများကိုလည်းကောင်း၊ ပိဋကတ်ကျမ်းစာများကို ဌာပနာထားသည်ကိုလည်းကောင်း၊ ဓမ္မစေတီဟူ၍ ခွဲခြားခေါ်တွင်ကြောင်း လေ့လာမှတ်သားဖူးပါသည်။

နီမင်းသျှင်က ယနေ့ မွန် ဗမာ ရခိုင်တို့ တည်ထားခဲ့သော စေတီအားလုံးမှာ ကတော့ပုံများဖြစ်ကြပြီး ဓာတုဂဗ္ဘပါဝင်မှု မရှိချေဟုဆိုပါသည်။ ဆိုလိုသည်မှာ မွန် ဗမာ ရခိုင်တို့၌ စတူပါမရှိ စေတီသာရှိသည်ဟု ဆိုလိုက်ခြင်းပင်ဖြစ်ပါသည်။ မွန် ဗမာထိတော့ မျှော်တွေးရန် မလိုလှပါ။ မိမိတို့ရခိုင်ပြည်နယ် မြောက်ဦးမြို့ လောင်ပွန်းပြောက်စေတီနှင့် ပိဋကတ်တိုက်ကြားတွင် အေဒီ ၁၄၉၄ ခုနှစ် တည် ဘုရင်မင်းရန်အောင်၏ ထူပါရုံစေတီတော်ကြီးတစ်ဆူရှိပါသည်။ ထုချွန် (ဝါ) ကတော့ပုံ Conical Design ပုံစံမျိုးဖြစ်ပါသည်။ စေတီတော်ကြီး၏အမည်ကို ထူပ (သ္တူပ) Stupa နှင့် စေတီယ စေတီဟူသောအမည်နှစ်မျိုးလုံးကို ပေါင်းစပ်ကာ ထူပါရုံစေတီဟူ၍ ခေါ်ဝေါ်ထားပါသည်။ ဤစေတီတော်မျိုးကို နီမင်းသျှင်အနေဖြင့် မည်သည့်စေတီမျိုးဟု ခွဲခြားပါအံ့နည်း။

ရခိုင်၌တွေ့ရသော ဝေသာလီခေတ် ကျောက်ဆစ်လက်ရာများတွင် ဓါတုဂဗ္ဘမပါရှိသဖြင့် စတူပါဟုခေါ်ဆိုသင့်မသင့် စဉ်းစားအပ်ပါသည်ဆိုသည့် နီမင်းသျှင်၏တင်ပြချက်ကို အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။ အဘယ်ကြောင့်ဆိုသော် ဆရာကြီးလေသံဖြင့် ရခိုင်မှစတူပါများကို သိဝလိင်္ဂဟူ၍ မပြောဆိုလိုက်ခြင်းကြောင့်ပင်ဖြစ်ပါသည်။

မဟာယနဂိုဏ်းမှထုလုပ်သော အရိမေတ္တယျဘုရားလောင်း၏ မကိုဋ်တွင် စေတီငယ်တစ်ဆူပါရှိသည်။ ဤစေတီသည် ကတော့ပုံရှိပြီး ဓါတုဂဗ္ဘမပါရှိချေဟူ၍ နီမင်းသျှင်၏ တင်ပြချက်အပေါ်တွင် မေးခွန်းနှစ်ခု မေးလို

ပါသည်။ နံပါတ်တစ် အရိမေတ္တယျဗောဓိသတ္တကို ထေရဝါဒဗုဒ္ဓဘာသာဝင်များအနေဖြင့် ဗောဓိသတ္တအဖြစ် လက်ခံမခံ။ ထေရဝါဒတွင် ဗောဓိသတ္တရှိ-မရှိ။ နံပါတ်နှစ် ကျောက်တော်တောင် ဆင်မကျပ်ဘုရားမှ ပေါ်ထွက်ခဲ့သော ယခုမဟာမုနိပြတိုက်အတွင်းရှိ အရိမေတ္တယျဗောဓိသတ္တဘုရားလောင်း၏ မကိုဋ်တော်တွင်ပါရှိသောစေတီငယ်မှာ ကတော့ပုံမဟုတ်ဘဲ စတူပါပုံ (သို့မဟုတ်) ခေါင်းလောင်းမှောက်ပုံ (Bell Shape) ဖြစ်နေသည်ကို နီမင်းသျှင်အနေဖြင့် မည်သို့အဆုံးအဖြတ်ပေးပါမည်နည်း။

ဆရာကြီးဦးစံသာအောင်က ရခိုင်မှစတူပါများ၏ အရှေ့တွင် Votive (အဓိဋ္ဌာန်အတိုင်းပြုလုပ်သော) ဟူသော ဝိသေသအထူးပြုစကားလုံးကို ထည့်သွင်းဖော်ပြထားခြင်းမှာ အလှူရှင်၏မြင့်မြတ်သော သဒ္ဓါစိတ်ကို ပေါ်လွင်စေခြင်းသာဖြစ်ပါသည်။ နီမင်းသျှင်တွေးထင်သလို စတူပါအစစ်မဟုတ်၍ ဂုဏ်သတ္တိလျော့ထားခြင်းမျိုး မဟုတ်ပါ။

ဝေသာလီမြို့ဟောင်းအနီး သင်းချပ်တော်တောင် အာနန္ဒစန္ဒြားစေတီမှရရှိသော ဝီရစန္ဒြားမင်း ကျောက်စာကြောင်းရေ နံပါတ်(၄)ပါ (    ) သ္တူပ) Stupa ဆိုသော စကားလုံးမှာ ပါဠိဘာသာစကား ထူပ(သ္တူပ) Stupa ဆိုသော စကားလုံးပင်ဖြစ်ပါသည်။ တနည်းအားဖြင့် Stupa ဟူသောစကားလုံးကို မွေးထုတ်ပေးလိုက်သော စကားလုံးပင်ဟူ၍ ပြောနိုင်ပါသည်။ ဤကျောက်စာပါ သ္တူပစကားလုံးကိုလည်း နီမင်းသျှင်၏ဆောင်းပါးတွင် ဖော်ပြပါရှိပါလျက်နှင့် စတူပါဟူသောစကားလုံးကို ရခိုင်တွင် ယနေ့ထိ ရှာမတွေ့သေး။ စေတီယျကိုသာ တွေ့ရသည်ဆိုသော နီမင်းသျှင်၏ သုတေသနပြုချက်အပေါ် နားမလည်နိုင်အောင်ဖြစ်မိပါသည်။

အေဒီ ၄-ရာစုမှ ၈-ရာစုအတွင်း ကမ္ဘာ့ဗုဒ္ဓဘာသာတိုင်းပြည် အားလုံးနီးပါး၌ စတူပါတည်ဆောက်ကိုးကွယ်မှု အကြီးအကျယ်ထွန်းကားခဲ့သည်။ ဤစတူပါရေစီးကြောင်းတွင် ဝေသာလီရခိုင်များ မျောပါသွားခြင်း မရှိဆိုသော နီမင်းသျှင်ကို ကျွန်ုပ်တို့မည်သို့ နားလည်ရပါမည်နည်း။ ကိုယ့်ယဉ်ကျေးမှု ကိုယ့်သမိုင်းသည် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ကိုယ့်ရေစီးကြောင်းတွင် ကိုယ်စီးနေပါသည်။ ဝေသာလီအနန္ဒစန္ဒြားမင်းသည် အိန္ဒိယဗဟိုအစိုးရသနှင့် ဆက်ဆံခြင်းမဟုတ်ဘဲ လက်အောက်ခံတာမြပတ္တနာမင်းနှင့်သာ ဆက်ဆံခဲ့သည်ဆိုသော နီမင်းသျှင်၏ပြောရဲဆိုရဲသည်ကို အံ့သြမိပါသည်။ နီမင်းသျှင်၏ လေ့လာမှုအားနည်းချက်သာ ဖြစ်ပါလိမ့်မည်။ လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင်ကျော်လောက်ကတည်းက Currency coin အဖြစ် ရွှေဒင်္ဂါး ငွေဒင်္ဂါးများ ခတ်နှိပ်ပြီး နိုင်ငံတကာနှင့် ကူးသန်းဆက်ဆံခဲ့သော ဝေသာလီခေတ်ကြီးကို ဤမျှနှိမ့်ချပြောဆိုရဲသည်မှာ နီမင်းသျှင်၏ မိမိလူမျိုး မိမိသမိုင်းအပေါ် ထားရှိသောသဘောထားကို လူသိရှင်ကြား ကြော်ငြာလိုက်ခြင်းသာဖြစ်ပါလိမ့်မည်။

ရခိုင်သမိုင်းယဉ်ကျေးမှု အမွေအနှစ်များကား အတိတ်ကာတွင် အတိုင်းအဆမရှိ ပျက်စီးဆုံးရှုံးခဲ့ပြီးပါပြီ။ ယခုလည်း ပျက်စီးဆုံးရှုံးနေဆဲပင်ဖြစ်ပါသည်။ မပြောပလောက်သော ကြွင်းကျန်နေခဲ့သည့် လက်ရှိသမိုင်း ယဉ်ကျေးမှုအမွေအနှစ်ကလေးမျှလောက်ကိုပင် အထင်အမြင်သေးစွာဖြင့် တိုင်းတာဝေဖန်နှိမ့်ချ ပြောဆိုနေကြမည်ဆိုပါက ရင်လေးစရာဖြစ်နေပါသည်။ အမှန်တကယ် မိမိတို့သမိုင်း၊ မိမိတို့ယဉ်ကျေးမှုကို မြတ်နိုးကြပါလျှင် တိုင်းတပါးအတွေးအခေါ် အယူအဆအတွေးအမြင်များကို လက်ကိုင်ဒုတ်လုပ်ပြီး မပြည့်မစုံ မပီမပြင် ကွယ်ပျောက်လုဆဲဆဲဖြစ်နေသော မိမိတို့၏သမိုင်းယဉ်ကျေးမှုအမွေအနှစ်များကို တိုင်းတာဝေဖန်နှိမ့်ချပြောဆိုခြင်းဖြင့် ဂုဏ်ယူဝင့်ကြွားနေကြခြင်းထက် တိမ်မြုပ်ပျောက်ကွယ် အသက်ထွက်လုဆဲဆဲဖြစ်နေသော ရခိုင့်သမိုင်းယဉ်ကျေးမှု အမွေအနှစ်အပိုင်းများကို ရှာဖွေလေ့လာဖော်ထုတ်ခြင်းဖြင့်သာ ဂုဏ်ယူဝင့်ကြွားသင့်လှပါသည်။ မိမိတို့၏ အမျိုးဂုဏ်ဇာတိဂုဏ်ကို မြှင့်တင်ဂုဏ်ယူ ဝင့်ကြွားနိုင်သော အမျိုးကောင်းသား အမျိုးသမီးများ ဖြစ်ကြပါစေဟုသာ ဆန္ဒပြုလိုက်မိပါသည်။

တက်ထွန်းနီ (မြောက်ဦး)

# မြောက်ဦးမြို့က ဘီလူးအရုပ်တိ

ပန်းချီထူးလှ(ရခိုင်ရိုးရာဒီဇိုင်း)

"ဘီလူး"

ဗုဒ္ဓမြတ်စွာဘုရားဟောညွှန်ပြသဆိုဆုံးမတော်မူခရေ ပိဋကတ်တော်လာ သုတ်တော်တိထဲမှာ နတ်ဘီလူးတိ အမြောက်အများတွွိဟိရပါရေ။ အာဋ္ဌာနာဋိယသုတ်တော်လာ ကုဝေရ ခေါ် ရေဝေဿဝဏ်နတ်မင်းမှာ နတ်ဘီလူးစစ်သည် ကုဋေတစ်သိန်းဟိရေလို့ ဆိုပါရေ။ ဟေမဝတတောင်မှာ နတ်ဘီလူးခြောက်ထောင်၊ သာတဂီရိတောင်မှာ နတ်ဘီလူးသုံးထောင်၊ ကပိလဝတ်နတ်ပြည်အနီးမှာ ခုနစ်ထောင်၊ ဝေသာမိတ္တတောင်ခါးပန်းမှာ ငါးရာ၊ ရာဇဂြိုဟ်အနီးမှာနီရေ ကုမ္ဘီရနတ်မင်းမှာလည်း တစ်သိန်းမကရေ နတ်ဘီလူးတိဟိရေလို့ မဟာသမယသုတ်တော်က ဆိုပါယင့်။

ယင်းပိုင် ဗုဒ္ဓကျမ်းလာ နတ်ဘီလူးတိကို ခေတ်အဆက်ဆက် ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်လာကတ်တေ စာရွီးသူရို့ ရခိုင်ဒေသမှာ မြို့စောင့်ဘီလူး၊ ဘုရားတည်ကေ ဘုရားစောင့်ဘီလူး၊ ကန်တူးကေ ကန်စောင့်ဘီလူးတိကို ကျောက်ဆစ်ရုပ်လုံး၊ ရုပ်ကြွတိအဖြစ်နန့်ထွင်းထုပူဇော်ပသကပ်စွာကို အဂုထိတွွိ့ရပါသိရေ။

မြောက်ဦးမြို့ နန်းတော်ရာကုန်း ပထမတံတိုင်းအတွင်းအရှိမြောက်ဖက်စပ်ယွှန်းယွှန်းပေ (၂၀၀)ခန့်အကွာ ဒုတိယကျောက်တံတိုင်းနားမှာ "နန်းသားကန်"ခေါ်ရေ အလျား အနံပေ (၁၇၀)ခန့်ဟိရေ ကန်တစ်ကန်ဟိပါရေ။ ယင်းကန်ထောင့်တိမှာ ကျောက်တိုင်တိ စိုက်ထူပြီးကေ ယင်းကျောက်တိုင်တိမှာ နတ်ရုပ်၊ ဘီလူးရုပ်တိ ထွင်းထုထားစွာတိကို တွွိဟိရပါရေ။ ယင်းအရုပ်တိထဲက ပုံ(က)မှာ ကန်တနဂ်နွေထောင့် ကျောက်တိုင်ကြီး၏မြောက်ဖက်မျက်နှာကို လှည့်နီရေ ဘီလူးရုပ်ကြွက ကူးယူထားရေ ကောက်ကြောင်းရုပ်ပုံဖြစ်ပါရေ။ ကျောက်တိုင်၏လက်ဟိမြေပေါ် အမြင့်က ၃ပေ ၄လက်မခန့် ဟိပြီး အထူ ၁ပေ ၄လက်မခန့် အကျယ် ၁ပေ ၆လက်မခန့်ဟိပါရေ။ ကျောက်တိုင်ကြီးအထက်ပိုင်းမှာ ပျက်စီးကျိုးပဲ့လားခပါဗျာယ်။



ပုံ (က)

ဘီလူးရုပ်ခေါင်းထက်မှာ ၂ထပ်ကြာဖတ်ပုံသဏ္ဍာန် (၃)ခုနန့် ကြိုးတစ်ချောင်းကို တွဲရပါရေ။ မျက်နှာအနီအထားမှာ ဝိုင်းဝန်းရေ ပုံသဏ္ဍာန်ဟိပြီးကေ မျက်လုံးတိလည်း ဝိုင်းစက်နီပါရေ။ နှာခေါင်းမှာ ပုတိုတိုအနီအထားမျိုးဟိပါရေ။ နားမှာဝိုင်းဝန်းရေ နားဋောင်းတိကို တွိရပြီးကေ ပါးစမှာလည်း အထက်သွားဖုံးနန့် အထက်သွားတိဟိပါရေ။ အောက်သွားတိကို မတွိဟိရပါ။ လိုင်ဖင်းမှာလည်း လိုင်ရစ်နှစ်ရစ်တွိရပါရေ။ ရင်ဘတ်မှာ နို့လို့ခေါ်စမှတ်ပြုရဖို့ အဝိုင်းချေနှစ်ဝိုင်းရာဟိပါရေ။ လက်နှစ်ဖက်စလုံးကို ရင်တွင်းကို ကုတ်ကွေးပနာ တုတ်တစ်ဖက် ဓါးတစ်ဖက်ကိုင်ဆောင်ထားပါရေ။ ခါးမှာ ခါးပတ်ကြိုးပတ်ထားပါရေ။ ခါးပတ်ကြိုးမှာ ဘေးတစ်ဖက်တစ်ချက်စီသို့ ထွက်နီရေခါးပတ်ကြိုးစွန်းတိ၊ အောက်ကို တွဲလောင်းကျနီရေ ဒယောအခေါက်သဏ္ဍာန် အရေးအကြောင်းတိကိုလည်းတွိဟိရပါရေ။ လက်ရာမှာ သူ့ခေတ်နန့် သူ့လက်ရာနန့် သူ တစ်မျိုးတစ်ဖုံကြည့်ကောင်းပါရေ။



ပုံ(ခ)

ပုံ(ခ)စွာ နန်းသားကန် အရှိတောင်၊ အင်္ဂါထောင့်ကျောက်တိုင်က အရှိဖက်ကို မျက်နှာမူနီရေ ဘီလူးရုပ်ဖြစ်ပါရေ။ ကျောက်တိုင်မြေထက် အမြင့် ၃ပေ ၄လက်မ အကျယ် ၁ပေ ၁၁လက်မ အထူ ၁ပေ ၄လက်မခန့်ဟိပါရေ။ ဘီလူးရုပ်ဗောင်းတော်မှာ အထက်ပိုင်းချွန်တက်လားခပြီးကေ အောက်ပိုင်းကားပနာ ကြာဖက်အငယ်ချေနှစ်ခုထက်မှာ အကြီးတစ်ခု ခွတင်ထားစွာကို တွိရပါရေ။ ကြာဖတ်အကြီးပါ အငယ်ပါ နှစ်ထပ်ကြာတိဖြစ်ပါရေ။ ကြာဖတ်တိအောက်မှာ ဗောင်းတော်အနားသတ် ဖောင်းလုံးတစ်ခုကို တွိ့ဟိရပါရေ။

နားရွက်သဏ္ဍာန်မှာ ပန်းလိပ်ချွန်နှစ်ခုပုံစံကို အထက်သို့ထောင်ထားရေ၊ မျက်နှာအနေအထားမှာ ဝိုင်းဝန်းပနာ မျက်လုံးနှစ်လုံးမှာ ဝိုင်းစက်နီပါရေ။ မျက်ခုံးမှာ နားရင်းထက်ကို တက်လားပါရေ။ နှာခေါင်းကား အောက်ပိုင်း

ပွကားနီစွာကို တွေ့ရပါရေ။ ပါးစမှာ သွားဖုံးတိပေါ်လွင်၍ သွားစွယ်နှစ်ချောင်းမှာ ချွန်ထက်ပနာ အောက်ကို စိုက်ကျနီစွာကို မြင်တွေ့ရခြင်းအားဖြင့် သားစိမ်း ငါးစိမ်း စားရေဘီလူး မဖြစ်နိုင်ပါ။ သမ္မာဒေဝနတ်ဘီလူးများသာ ဖြစ်ကြောင်း သမိုင်းသုတေသနပညာရှင်တိက ပြောကတ်ပါရေ။ သွားတိမှာ အထက်သွားတိကိုရာ တွေ့ရပြီး အောက်သွားတိကို မတွေ့ရပါ။ ပုံ(က) ဘီလူးမှာပိုင် လက်တစ်ဖက်တစ်ချက်စီမှာ တုတ်ခါးမကိုင်ဘဲ နှစ်ဖက်စလုံးမှာ တုတ်တိကို ကိုင်ဆောင်ထားပါရေ။ လက်မောင်းရင်းနန့် ပေါင်စွန်တစ်ဖက်တစ်ခု ချထားစွာကို တွေ့ဟိရပါရေ။ ခြီထောက်နှစ်ဖက်ကိုလည်း ခြီဖျားတိ ဘေးသို့ ကားထုတ်ပနာ ရပ်နီရေ။ ရှိကအပြားလိုက်ချထားရေ အိန္ဒြေကာ အပြားမှာလည်း အနားသတ်ဖောင်းပြားတိနန့် တန်ဆာဆင်ထားပါရေ။ ဒေဘီလူးရုပ်ရေ ပုံ(က)ဘီလူးရုပ်ထက် ခန့်ညားထယ်ဝါမှုဟိစွာကို တွေ့ဟိရပါရေ။ ပုံ(က)နန့် ပုံ(ခ)ဘီလူးရုပ်နှစ်ရုပ်စလုံးရေ သက္ကရာဇ် ၇၉၂ ခု၊ ခရစ် ၁၄၃၀ ခု၊ ဘုရင်မင်းစောမွန် တူးဖော်ခရေ နန်းသားကန်က ဘီလူးရုပ်တိဖြစ်ပါရေ။ ၁၅ရာစုအစောပိုင်းက လက်ရာ တိ ဖြစ်ပါရေ။

ပုံ(ဂ)



ပုံ(ဂ)ဘီလူးရုပ်ရေ ရန်အောင်ဇေယျ (ခေါ်)သျှစ်သောင်းပုထိုးတော် အလယ်မဏ္ဍိုင်ဘုရားကြီးဝင်းလမ်း မုခ်တံကဲရှိ လက်ယာဖက်က ဘီလူးရုပ်ဖြစ်ပါရေ။ ဘီလူးရုပ်အမြင့်က ၁၅လက်မခန့်နန့် အကျယ် ၁၀လက်မခန့် ဟိပါရေ။ ဗောင်းတော်(မကိုဋ်)တော်မှာ အညွန့် အချွန်အတက်တိမဟိ ခပ်ပိပိချေရာတွေ့ရပါရေ။ ဗောင်းတော် အောက်အနားကို ရှိမျက်နှာမှာ ပွင့်ဖတ်အကြီး၊ အငယ်အရွယ်တိနန့် တန်ဆာဆင် ဖန်တီးထားပါရေ။ နဖူးမှာ နဖူးအတွန့်နှစ်တွန့် ပါဟိပါရေ။ မျက်ခုံးမှာ ထူထအားကောင်းပနာ အဖျားမှာကော့ပျံနီပါရေ။ မျက်အိမ်မှာ လူမျက်အိမ်သဏ္ဍာန်ဟိကေလည်း မျက်လုံးမှာ ဝိုင်းဝန်းနီပါရေ။ နှာခေါင်းမှာ နှာထိပ်ကားပနာ နှာထိပ်မို့မောက် နီပါရေ။ နားရွက်က လူနားရွက်သဏ္ဍာန်ရှိ ဟိရပါရေ။

ပါးတစ်ဖက်တစ်ချက်မှာ နှုတ်ခမ်းမွှေးတိ ကော့ပျံတက်နီရေ။ အထက်နှုတ်ခမ်းသားအောက်က သွားစွယ် နှစ်ချောင်းမှာရှည်ပြီးကေ ဘေးကို ကားထွက်နီပါရေ။ အထက်ပါ အောက်ပါသွား (၁၂)ချောင်းကိုရာ တွေ့ဟိရပါ ရေ။ မုတ်ဆိတ်မွှေးအရှည်ကြီးနန့် ရင်ညွန့်ထိအောင် ရောက်တေ။ ဝမ်းဗိုက်ပူကားနီပါရေ။ ဘယ်ဖက်လက်မှာ သံလျက်ကိုင်ပနာ ဘယ်ဖက်ဒူးထောင်ဗျာ တန်းတောင်နန့် ထောက်ထားရေ။ လက်နှစ်ချောင်းစလုံးမှာ လက်ပတ်

လက်ဖုံးတိ ဟိပါရေ။ ကွန္ဒြေကာမှာလည်း စောင်းစောင်းချေချထားရေ။ ညာဖက်လက်ကို လှည့်ထားပနာ ညာဖက်ခြေထောက်ထက်မှာ အလိုက်သင့်တင့်ဗျာ ထိုင်နီပါရေ။ ထိုင်နီစွာကိုကြည့်ခြင်းအားဖြင့် လူတိတုန်လှုပ်စီရေ သဏ္ဍာန်ဟိနီပါရေ။



ပုံ(ဃ)

ပုံ(ဃ)ဘီလူးရုပ်မှာလည်း သျှစ်သောင်းပုထိုးတော် အလယ်မဏ္ဍိုင်ဘုရားကြီးဝင်လမ်းမုခ်တံကဲရှိ လက်ဝဲဖက်က အရုပ်ဖြစ်ပါရေ။ ဘီလူးရုပ်အမြင့် ၁၅လက်မ အကျယ် ၁၀လက်မခန့်ဟိပါရေ။ ဗောင်းတော်မှာ ပုံ(ဂ)ပိုင်ပိပိချေဖြစ်ကေလည်း ဗောင်းတော် အောက်နားရှိ မျက်နှာဖက်ကို ဖွင့်ဖတ်တိနန့် တန်ဆာဆင်ထားစွာမဟိပါ။ မို့မို့ချေအနားသတ် ဖောင်းပြားတစ်ခုနန့် ဖွဲ့စည်းထားပါရေ။ မျက်ခုံးတိ အားကောင်းထင်ရှားပြတ်သားပနာ မျက်လုံးနှစ်လုံး ဝိုင်းဝန်းပြူးကျယ်နီစွာကို တွိဟိရပါရေ။ နှာခေါင်းဝမှာ ပွကားဗျာ နှာခေါင်းထိပ်မို့မောက်နီပါရေ။ နားမှာလည်း လူနားသဏ္ဍာန် နီးပါးပုံပေါ်ပါရေ။ နှုတ်ခမ်းမွှေးတစ်ဖက်တစ်ချက် ကော့ပျံနီရေ။ သွားစွယ်ကြီးနှစ်ချောင်းက အရှည်ကြီးငေါ်ထွက်နီပါရေ။ သွားတိကို အထက်သွား ၆ချောင်းနန့် အောက်သွား ၅ချောင်းကိုရာ တွိရပါရေ။ မုတ်ဆိတ်မွှီးမှာ အရှည်ကြီး ရင်ညွှန့်ထိ ဖုံးအုပ်ထားပါရေ။

ညာဖက်လက်မှာ သံလျက်ကိုင်ဗျာ ညာဖက်ခြီထောက် ဒူးထက်မှာ တစ်တောင်ဆစ်နန့် ထောက်ထားပါရေ။ ဝမ်းမှာကား ထုံးစံအတိုင်းပူကားနီပါယင့်။ ကွန္ဒြေကာကို ရှိမှာ အိန္ဒြေရရနန့် ချထားပါရေ။ ဘယ်ဖက်ဒူးကို ကုတ်ကွေးထောက်ထိုင်ဗျာ ဘယ်ဖက်လက်ကို ဒူးထက်မှာ တင်ထားပါရေ။ လက်မှာလက်ဖုံးတိကိုရာ တွိ့ရပြီး လက်ပတ်၊ လက်ကြုတ်တိကို မတွိ့ရပါ။

ပုံ(င)ရေ သျှစ်သောင်းပုထိုးတော် စတုတ္ထလှိုဏ်ထပ်တောင်ဖက်နံရံအောက်ဆုံးက အမှတ်(၂)ဘီလူးရုပ်ဖြစ်ပါရေ။ အမြင့် ၁၃လက်မ အကျယ် ၁၁လက်မခန့်ဟိပါရေ။ ဗောင်းတော်ကို အကြောဟိရေ ကြာဖတ်တိနန့် အနားသတ်ဖောင်းလုံးဖြင့် ပုံဖော်ဖွဲ့စည်းထားပါရေ။ အားကောင်းမောင်းသံနန့် မျက်အိမ်၊ မျက်လုံးတိက ဘဲဥသဏ္ဍာန်တွိ့ရပါရေ။ နှာခေါင်းကြီးပနာ နှာသီးထိပ်မှာ လုံးဝန်းမို့မောက်နီပါရေ။ နားရွက်ကို ပန်းလိပ်ပုံသဏ္ဍာန်ရာ ပုံဖော်ထားပါရေ။ ပါးစပ်ပေါက်မှာ ကျယ်ကားပနာ အထက်သွားစွယ် နှစ်ချောင်းနန့် အထက်သွားတိရာ ပါဟိပါရေ။ နှုတ်ခမ်းမွှီးကို ပွင့်ဖတ်တစ်ခုသဏ္ဍာန်တို့ဟိ ရပါယင့်။



ပုံ(င)

မုတ်ဆိတ်မွှေးမှာ ခါးနားထိရှည်ပါရေ။ လက်နှစ်ဖက်ကို ရင်တွင်းသို့ ကုတ်ကွေးပနာ လက်တစ်ဖက်စီမှာ ကြာဖူးတစ်ဖက်တစ်ဖူးစီ ကိုင်ဆောင်ထားပါရေ။ ကြာဖူးတိကို ပက်ခုံးထက်မှာ တင်ထားပါရေ။ ခါးမှာ ခါးကြိုး သဏ္ဍာန် အပတ်သုံးပတ်ကို တွိ့ဟိရပါရေ။ ခြီထောက်နှစ်ချောင်းကို ရှေ့သို့ကုတ်ကွေးပနာ ဘုရားဆင်းတုတော်တိ ထိုင်ရေပိုင် ခြီယှက်ထိုင်ထားစွာကို မြင်တွိရပါရေ။



ပုံ(စ)

ပုံ(စ)ဘီလူးရုပ်ရေ သျှစ်သောင်းပုထိုး စတုတ္ထလှိုဏ်ထပ် အနောက်ဖက်နံရံအဆင့်ငါးဆင့်က ကျောက်သား နံရံမှာ ထွင်းထုထားရေ ရုပ်ကြွဘီလူးရုပ်ဖြစ်ပါရေ။ အမြင့် ၉လက်မခန့် အကျယ် ၁၁လက်မခန့်ဟိပါရေ။ ဦးခေါင်းထက်မှာ နားရွက်တိကို အထက်သို့ ခပ်ထောင်ထောင်တစ်ဆက်တည်း ပုံဖော်ထားပါရေ။ မျက်ခုံးမွှေးအား မကောင်းပါ။ မျက်လုံးမှာ ဘဲဥစပ်ပုံသဏ္ဍာန်ဟိပြီး ထောင့်မျက်သားတိ ပေါ်လွင်နီပါရေ။ မျက်ခုံးအလယ်နန့်

နှာခေါင်းမှာ ပျက်စီးနီပါဗျာ။ ပါးစကျယ်ကား ပနာအထက် နှုတ်ခမ်းသား၊ အထက်သွားစွယ် နှစ်ချောင်းနန့် အထက်သွားတိရာ ပါဟိပါရေ။ အောက်သွားတိကို မတွေ့ရပါ။ မုတ်ဆိတ်မွှီးမှာ ရင်ညွှန့်ထိ ရှည်ပါရေ။ ဝမ်းမှာလည်း ကျောက်သားတိ ပျက်စီးပဲ့ထွက်နီပါဗျာ။ လက်နှစ်ဖက်ကို ကုတ်ကွေးဗျာ၊ တန်းတောင်ဆစ်ကို ဘေးသို့ကား ထုတ်ပနာ သံလျက်တစ်ဖက်တစ်ချောင်းစီကိုင်ဆောင်၍ ပေါင်ရင်းထက်မှာ တင်ထားပါရေ။ ခြီထောက်နှစ်ဖက်ကို ကုတ်ကွေးခွထိုင်၍ ဒူးနှစ်ဖက်ကို ဘေးသို့ကားထုတ်ထားပါရေ။ ညာဖက်ခြီထောက်မှာလည်း ပျက်စီးနီပါဗျာ။ ခါးမှာခါးပတ်ကြိုးနန့် ဣန္ဒြေကာကို နှစ်ခေါက် ခေါက်ပနာ ရှိကို နှစ်စချထားပါရေ။ ပုံ(ဂ)ပုံ၊ (ဃ)ပုံ၊ (င)ပုံ (စ) ဘီလူးရုပ်တိရေ သက္ကရာဇ် (၈၉၇)ခု ခရစ်(၁၅၃၅)ခုနှစ် ဘုရင်မင်းဗာကြီး တည်ထားခရေ။ ရန်အောင်ဇေယျ (ခေါ်) သျှစ်သောင်းပုထိုးတော်က လက်ရာတိဖြစ်ပါရေ။ (၁၆)ရာစု အစောပိုင်းက လက်ရာတိလို့ ဆိုရပါဖို့ကာ။



ပုံ(ဆ)

ပုံ(ဆ) ဘီလူးရုပ်ရေ ကိုးသောင်းပုထိုးတော်အထက်ပစ္စယံရင်ပြင်ဘုရားရှိ ဘီလူးကျောက်ဆစ်ရုပ်ကို ကူးယူထားရေ ကောက်ကြောင်းဘီလူးရုပ်ဖြစ်ပါရေ။ အမြင့် ၃ပေ အကျယ် ၂ပေခန့်ဟိပါရေ။ ဗောင်းတော်မှာ အချွန်အတက်တိ မပါဟိဘဲ အနားသတ်ဖောင်းပြားတစ်ခုနန့် အထက်ပိုင်ကို မျဉ်းကြောင်းအရေးအကြောင်းတိဖြင့် ဖွဲ့စည်းတန်ဆာဆင်ထားပါရေ။ မျက်လုံးနှစ်လုံးမှာ ဝိုင်းစက်ပနာ မျက်ခုံးတိကိုကား မတွေ့ဟိရပါ။ နှာခေါင်းမှာ သစာမာန်ထက်ကျယ်ပြီး ခပ်ပိပိသာတွေ့ရပါရေ။ ပါးစပ်အနီအထားက ကျယ်ကားရေ။ အထက်နှုတ်ခမ်းသာ အောက်မှာ တုတ်ခိုင်၍ အောက်စိုက်ကျနီရေ။ သွားနှစ်ချောင်းနန့် အထက်သွားငါးချောင်းရာ ပါဟိပါရေ။ အောက်သွားတိကို မတွေ့ရပါ။ နားရွက်မှာ အထက်ကို ထောင်တက်လာပြီးကေ မျောက်နားရွက်သဏ္ဍာန်ပိုင် တွေ့ဟိရပါရေ။

လက်နှစ်ဖက်ကို ရင်တွင်းဖက်သို့ ကုတ်ကွေးဗျာ နှစ်ဖက်စလုံးမှာ တုတ်ကိုင်ထားပါရေ။ လက်နှစ်ဖက်စလုံး

၏လက်ကောက်ဝတ်မှာ လက်ကောက်နှစ်ဆင့်စီ ဝတ်ဆင်ထားပါရေ။ နို့အုံမှာ အားကောင်းမောင်းသန်ရေ ယောကျ်ားနို့အုံပိုင်တွို့ရရေ။ ဝမ်းဗိုက်မှာ ပူကားနီပါရေ။

ခြီထောက်နှစ်ဖက်ကို တုတ်ကွေးပနာ ဒူးနှစ်ဖက်ကို ဘေးသို့ ကားထုတ်ဗျာ ခွထိုင်ထားပါရေ။ ခြီဖျားတိကို လည်း ဘေးကို ကားထုတ်ထားပါရေ။ ဣန္ဒြေကာမှာရှိတွင် အပြားလိုက်ချဗျာ အရေးအကြောင်းနန့် ပုံဖော်ထား ပါရေ။ ဒေဘီလူးရုပ်ရေ သက္ကရာဇ် ၉၁၅ခု၊ ခရစ်နှစ် ၁၅၅၃ခုမှာ ဘုရင်မင်းတိက္ခာတည်ထားခရေ ကိုးသောင်းပုထိုး တော်ကဖြစ်ပြီး ၁၆ရာစုခေတ်လယ် လက်ရာတစ်ခုဖြစ်ပါရေ။



ပုံ(၉)

ပုံ(၉)ရေ သတ္တုရွှေဂူဘုရား ကျောက်ပလ္လင်လက်ဝဲဖက် အလယ်ဆင့်က ဘီလူးရုပ်ဖြစ်ပါရေ။ အမြင့် ၈လက်မ၊ အကျယ် ၈လက်မခန့် ဟိပါရေ။ ဘီလူးရုပ်ဗောင်းတော်မှာ အဂ္ဂိပိုင် ဘေးတစ်ဖက်တစ်ချက်ကို ကော့ပျံ ၍ ထိပ်ချွန်ပနာ ပုံဖော်ထားပါရေ။ နားရွက်မှာ ပန်းလိပ်ညွှန့်ပိုင် ဘေးကို တစ်ဖက်တစ်ခု ကားထွက်နီပါရေ။ မျက်ခုံးနှစ်ခုမှာ တစ်ဆက်တည်း ထွင်းထုထားပါရေ။ မျက်လုံးမှာ ဘဲဥစပ်သဏ္ဍာန်ဟိ၍ နှာခေါင်းမှာ လူသာမာန် နှာခေါင်းအရွယ်မျှသာဟိပါရေ။ သွားတိကို အထက်သွားပါး အောက်သွားပါနှစ်ခုစလုံးကို တွို့ဟိရပါရေ။ ပါးသိုင်းမွှေး နန့် မုတ်ဆိတ်မွှေးမှာ တစ်ဆက်တည်းဖြစ်ပြီး ရင်ညွှန့်အောက်ထိ ပြန့်ကားဗျာ ချထားပါရေ။

လက်နှစ်ချောင်းစလုံးကို ရင်တွင်းလို ကုတ်ကွေးပနာ ဒူးထက်မှာ ထောက်ဗျာ တုတ်တစ်ဖက် သံလျက် တစ်ဖက်ကိုင်ဆောင်ထားပါရေ။ လက်မောင်းရင်း လက်ပတ်မှာ ပန်းတိနန့် ဖွဲ့စည်းပုံဖော်ထားပါရေ။ ဒေဘီလူးရုပ် ထိုင်ပုံမှာလည်း ဒူးနှစ်ဖက်ကို ဘေးသို့ ကားထုတ်ပနာ ခွထိုင်ဗျာ ခြီဖျားတိကို ဘေးသို့ကားထားပါရေ။ တစ်ခြား ဘီလူးရုပ်တိထက် ထူးခြားစွာမှာ အစင်းကြောင်း ဒီဇိုင်းတိနန့် ပုံဖော်ထားယောကို ဝတ်ဆင်ထားပါရေ။ ရှိမှာချ ထားရေ ဣန္ဒြေကာမှာလည်း ကန့်လတ်ဖြတ်မျဉ်းကွေးလိုင်းတိနန့် ရပ်စောက်အစင်းကြောင်းတိကို တွို့ရပါရေ။ ဒေဘီလူးရုပ်ကို သက္ကရာဇ် ၉၃၃ခု၊ ခရစ် ၁၅၇၁ခု ဘုရင်မင်းဖလောင်းတည်ထားခရေ သက္ကျရွှေဂူစေတီတော်မှာ အဂုထိတိုင် တွို့ဟိလေ့လာနိုင်ပါသိရေ။ ၁၆ရာစုနှောင်းပိုင်း ရှားပါးရေလက်ရာတစ်ခုလည်း ဖြစ်ပါရေလို့ ရှီးသား ဖော်ပြလိုက်ရပါရေ။ သာလီစွ. . . သာလီစွ။

မှတ်ချက်။

လမ်းညွှန်ပီးကတ်တေ ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) ဆရာဦးကျော်ထွန်းအောင်၊ လီညှင်းတောင် ဆရာတော် ဦးဇယန္တဗောဓိ၊ ညောင်ပင်စီး ဆရာတော် ဦးရေဝတတို့အား ဒေဆောင်းပါးနန့် ကန်တော့ဦးချလိုက် ပါယင့်။

ပန်းချီထူးလှ(ရခိုင်ရိုးရာဒီဇိုင်း)
၉/၃/၂၀၀၃ တနင်္ဂနွေ

# ကံ့ကော်သစ်တပ်

**အောင်လှသိန်း**

ကျိန်းရိပ်မြေမဂ္ဂဇင်းအမှတ်(၃) (၂၀၀၁)ခုနှစ်တွင် တောတန်းကျွန်းမြောက်ဘက်ခြမ်းရှိ မင်းဖူးရွာ အရှေ့မြောက်ဘက်တွင် ကံ့ကော်တောင်ရှိကြောင်း၊ ထိုတောင်မှာ လေးမြို့ခေတ်၊ မြောက်ဦးခေတ်တို့၌ ကံ့ကော်သစ်တပ် (ခံတပ်) ထားရှိခဲ့ရာအရပ်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားပါသည်။

(ကျိန်းအမှတ် ၃၊ စာ-၂၉)

မင်းဖူးရွာသည် ပန်းမြောင်ကြီးချောင်း၏ လက်ဝဲကမ်းပေါ်တွင် တည်ရှိပါသည်။ ချောင်းဝဖြစ်သော သောင်ခေါင်မော်မှ အဖြောင့် (၆)မိုင်ခန့်ဝေးပြီး ရေလမ်းဖြင့် (၁၀)မိုင်ကျော်ခန့်သွားရပါသည်။ ချောင်းကြောင်းမှာ အါကွေ့အကောက်များလှ၍ ဖြစ်၏။ မင်းဖူးရွာသည် တောတန်းကျွန်း၏အလယ်တည့်တည့်လောက်တွင် ရှိပါသည်။ ပရိန်မြို့တော်ဟောင်းမှ အရှေ့တောင်ဘက် အဖြောင့် (၆)မိုင်ခန့်ဝေးပါသည်။ (၁၅၀၂)ခုနှစ်တွင် ဘုရင်မင်းရာဇာသည် လက်မဖက်တောကို ခုတ်ထွင်သည်ဟု ရာဇဝင်၌ ပါရှိခြင်းမှာ ဤအရပ် ဤဒေသဝန်းကျင်ဟု ဆိုရပါမည်။ လက်မနှင့် မင်းဖူးတို့မှာ များစွာမဝေးလှချေ။

တောတန်းကျွန်းသည် မြောက်ဦးမြို့တော်လုံခြုံရေးအတွက် အရေးပါခဲ့သော အရပ်တစ်ခုဖြစ်ပါသည်။ 'တောတန်းအလယ်၊ ရွှီစံပယ်၊ ထိုဝယ်ချင်းအကာ"ဟု ဝိဂြိုဟ်ပြုခဲ့ပါသည်။ ရွှီစံပယ်မှာ တောတန်းစောင့်နတ်မ ဖြစ်သည်။ မင်းဘူးအရှေ့ဘက် မနီးမဝေးအရပ်မှာ ရိုးမတောင်ခြေဖြစ်ပါသည်။ တောတောင်ထူထပ်ပါသည်။ တောင်ပေါ်သားချင်းများ ယခုနေထိုင်ရာအရပ်တစ်ခု ဖြစ်ပါသည်။ တောင်ပေါ်သားချင်းတို့သည် လေးမြို့မြစ်ဝှမ်း၏အရှေ့နှင့် အရှေ့မြောက်အရပ်တို့မှ ဆင်းလာကာ မကြာခဏ ဖျက်ဆီးတတ်သည်ကို ရာဇဝင်၌ပါရှိပါသည်။ (၁၇၈၀)ပြည့်နှစ် နိုဝင်ဘာလ (တန်ဆောင်မုန်းလ)တွင် လေးမြို့ချောင်းနေ ချင်းတို့သည် သောင်းကျန်းလေရာ ဘုရင်ကိုယ်တိုင် ချီတက်ခဲ့သော်လည်း စစ်လမ်းမသာ၍ ပြန်လာခဲ့ကြောင်း ရာဇဝင်၌ပါရှိပါသည်။ (ရခိုင်ရာဇဝင်သစ်(ဒု) (ဒု) အကြိမ် စာ-၂၉၀)

ဆိုခဲ့ဖူးသော မင်းဖူးရွာအနီးရှိ ကံ့ကော်တောင်သစ်တပ်သည် ထိုထိုသော တောင်ပေါ်သား အန္တရာယ်များကို ကာကွယ်ဟန့်တားရန် ထားခဲ့သော စစ်စခန်းတစ်ခုလောဟု ယူဆစရာဖြစ်ပါသည်။

ဤကံ့ကော်သစ်တပ်နှင့် အမည်တူ သစ်တပ်တစ်ခုသည် မြောက်ဦးခေတ်နှောင်းကာလ၌ ကျိန်းအရပ်တွင် ပေါ်ပေါက်ခဲ့ပါသည်။ (ရခိုင်ရာဇဝင်သစ်(ဒု) (ဒုအကြိမ်) စာ-၂၈၆ ၂၈၀)။ ဤသစ်တပ်မှာ သောင်းခေါင်မော်သစ်တပ်နှင့် ဖားပြိုရှိ မဟာခနုလေးခံတပ်ကြီးနှင့်အတူ ရက်ပိုင်းကာလမျှအတွင်း တစ်ပြိုင်နက်တည်း တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ ၁၇၇၈ခုတွင် ရမ်းဗြဲကျွန်းသို့ သကြ်ံန်စာခေါ်ရန် ချီတက်သွားသော မြောက်ဦးဘုရင် စန္ဒသတိဿ(ဗိုလ်မင်းအောင်စုန်) (နန်းစံ ၁၇၇၇-၁၇၈၂)အား ပုန်ကန်သူတို့က ၎င်း၏အပြန်ခရီးတွင် ချေမှုန်းရန် ခံတပ်သုံးတပ်တည်ခဲ့ခြင်းဖြစ်သည်။

ပုန်ကန်သူတို့၏ခေါင်းဆောင်မှာ ဓါးပြန်စီးနှင့် ဘုရင်အမတ်လက်ဝဲမြန် ဘထော်တို့ဖြစ်ကြသည်။ ဓါးပြန်စီးမှာ မူလကကုလားတန်စား စဖိုဝေဖြစ်သည်။ စန္ဒသုမန (နန်းစံ ၁၇၇၄-၁၇၇၇)လက်ထက်က ကုလားတန်စားအဖြစ် ချီးမြှင့်ခြင်းခံရသူဖြစ်သည်။ အသျှင်စန္ဒသုမန နန်းကျ၍ စန္ဒဝိမလ အရက်(၄၀)နန်းရသည့်အခါ မခစားလို၍ ပုန်ကန်ခဲ့သူဖြစ်သည်။ ဘုရင့်တပ်က ၎င်းအား မနိုင်ခဲ့ချေ။ ၎င်းကို သူရဲများစွာတို့က ခုတ်ထစ်လေသော်လည်း မပြတ်မရှသောကြောင့် ဓါးပြန်စီးဟူသောအမည်ထူးတွင်ခြင်းဖြစ်သည်။ စန္ဒသတိဿနန်းရလျှင်လည်း ၎င်းက မကျိုးမနွံခဲ့။ (၁၇၇၈)ခုနှစ်တွင် ဘုရင်သည် ရမ်းဗြဲသို့ ချီတက်သွားစဉ် လက်ဝဲမြန်ဘထော်နှင့် အမှူးအမတ်တို့က

၎င်းအား နန်းတင်ကြခြင်းဖြစ်သည်။ နန်းနှင့်ရွှေမြို့တော်ကို လက်ဝယ်ရထားသော်လည်း စန္ဒသတိသ၏ အင်အားကို ဖြိုခွဲရန် ကျန်သေး၍ ခံတပ်သုံးခု တည်ခဲ့ခြင်းဖြစ်သည်။

ခံတပ်သုံးတပ်ကို ကွပ်ကဲရန် လက်ဝဲမြန်ဘထော်အား ဗိုလ်ချုပ်ပြုခဲ့သည်။ ဘထော်မှာ အဘယမဟာရာဇာ (နန်းစံ ၁၇၆၄-၁၇၇၄)လက်ထက်က သံတွဲစားဖြစ်ခဲ့သည်။ အရည်အချင်းညံ့ပြီး သံတွဲစားဘဝမှ လျော့ချခံရသူဖြစ်သည်။ စန္ဒသုမန(၁၇၇၄-၁၇၇၇)လက်ထက်တွင် ရာထူးမရရှိဘဲ နေခဲ့သည်။ အရက်(၄၀)နန်းစံရသည့် စန္ဒဝိမလ (၁၇၇၇)လက်ထက်တွင် ဘထော်က ရမ်းဗြဲဗိုလ်မင်းအောင်စုန်ကို မင်းပြုရန် ပင့်ခေါ်ခဲ့သည်။ အောင်စုန်နန်းရသည့် အခါ ဘထော်သည် လက်ဝဲမြန် ရာထူးကို ရလာသည်။ လက်ဝဲမြန်ရာထူးသည် ဘုရင်၏စစ်ရေးစစ်ရာအတွက် အားကိုးအားထားပြုရသော အမတ်ဖြစ်သည်။ ဘထော်မှာမူ ရာထူးသက် တစ်နှစ်တွင်ပင် ဇာတိရုပ်ပေါ်လာပြီး ဓါးပြန်စီးကို နန်းတင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

သကြ်န်စာခေါ်နေသော စန္ဒသတိသသည် ရမ်းဗြဲရောက်နေစဉ် ပုန်ကန်မှုကို သိရှိထားသည်။ ခံတပ်သုံးခုကို ဖြိုဖျက်ရန် စီမံခဲ့သည်။ မာန်အောင်ဆယ်ရွာသူကြီး အောင်ကျော်စံအား တပ်မှူးအဖြစ် ခန့်အပ်ပြီး အောင်နိုင်လျှင် လက်ဝဲမြန်ရာထူးကို ပေးမည်ဟု ဂတိပြုခဲ့သည်။ အောင်ကျော်စံမှာ စွမ်းရည်ရှိသူတစ်ဦးဖြစ်သည်။ စန္ဒသုမန ၊၁၇၇၄-၁၇၇၇)လက်ထက် ဘုရင်ကို အာခံခဲ့ရာ လက်ဝဲမြန် အနန္တသီရိကျော်ထင်၏ တိုက်ခိုက်မှုကို (၁၇၇၅)ခုနှစ်တွင် အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့သူဖြစ်သည်။ ဤအောင်မြင်မှုသက်တမ်း(၃)နှစ်အကြာတွင်ပင် ခံတပ်သုံးခုကို ဖြိုဖျက်ရန်တာဝန်ယူခဲ့ခြင်းဖြစ်သည်။

မာန်အောင်ဆယ်ရွာသူကြီး အောင်ကျော်စံ၏တပ်သည် ရန်သူတို့ မျှော်လင့်ထားသကဲ့သို့ပင် ဖားပြိုမဟာ ခနုလေးခံတပ်ကြီးကို ဦးစွာတိုက်ခိုက်သည်။ ဖားပြိုခံတပ်ကို အောင်နိုင်လိုက်သည်နှင့် ကျန်သောကံ့ကော်သစ်တပ်နှင့် သောင်းခေါင်မော်ခံတပ်တို့မှာ အလိုလိုပြိုပျက်သွားလေသည်။ ပြိုကွဲသွားပုံကို ကျားခြေသံကိုကြားလျှင် သမင် အပေါင်းပြေးလေကုန်သကဲ့သို့ ပြေးလွှားတိမ်းရှောင်လေကုန်၏ဟု ရာဇဝင်၌ ခိုင်းနှိုင်းထားလေသည်။ ဓားပြန်စီးတို့ ပုန်ကန်မှုမှာ စုစုပေါင်း ၂၇ရက်သာ ကြာခဲ့သည်။

ဤနေရာ၌ စစ်ခံသူတို့၏ ခံတပ်အရပ်အနေအထားကို လက်ရှိပထဝီ အနေအထားအရပ်ဒေသတို့နှင့် ဆက်စပ်သုံးကြည့်လိုပါသည်။ သမိုင်းဝင်ဖြစ်ရပ်မှန်တစ်ခု ပိုမိုပီပြင်စေလို၍ ဖြစ်ပါသည်။

ခံတပ်သုံးနေရာအနက် ဖားပြို၏အရပ်အမည်မှာ ထင်ရှားပြီးဖြစ်ပါသည်။ မင်းကြောင်းချောင်း၏ လက်ယာကမ်းပေါ်တွင် ယခုတိုင် ဖားပြိုရွာဟူ၍ ရှိနေပါသေးသည်။ မင်းပြားမြို့မှ အရှေ့တောင်ဘက်အဖြောင့် (၈)မိုင်အကွာတွင် တည်ရှိပါသည်။ ပထဝီအနေအထားအရ တောင်ဘက်အရပ်မှ လာသောရေကြောင်းခရီးတွင် မင်းကြောင်းချောင်း (သို့မဟုတ်) ယင်း၏အနောက်အနီးတွင် ကပ်လျက်အပြိုင်စီးဆင်းနေသော ပွန်ရှည်ချောင်းတို့ကိုသာ အသုံးများကြပါသည်။ ပွန်ရှည်ချောင်းမှာ ကျဉ်းသည်။ ရန်သူအသာစီးရနိုင်သည့် ချောင်းဖြစ်၍ မင်းကြောင်းချောင်းကိုသာ စစ်ရေးအရ အသုံးများခဲ့ကြပါသည်။ ဖားပြိုချောင်းသည် မင်းကြောင်းချောင်းထဲသို့ စီးဝင်ပါသည်။ ဖားပြိုချောင်းသည် မြောက်ဘက်သို့တက်သွားပြီးလျှင် သောင်းခေါင်မော်အနီး၌ ရာမောင်မြစ်နှင့် ဆက်သွားပါသည်။ ဖားပြို အောက်ဖားပြိုနှင့် သောင်းခေါင်မော်တို့မှာ အဖြောင့် (တောင်မြောက် ) ၁၀မိုင်မျှ ဝေးပါသည်။

ဖားပြို(အောက်ဖားပြို)မှာ သဘာဝအရ ခံစစ်ကောင်းသော အရပ်တစ်ခုဟု ဆိုရပါမည်။ ဖားပြိုအနီး၌ မင်းကြောင်းချောင်းသည် တစ်ဆစ်ချိုးသည်။ ရေမြုပ်ကျောက်များလည်း ရှိသဖြင့် သတိဝိရိယဖြင့် သွားလာကြရသည့် အရပ်ဖြစ်သည်။ သားတော်မင်းခမောင်းသည် သံတွဲအရပ်၌ ပုန်ကန်၍ချီတက်လာစဉ် မင်းရာဇာကြီး

(၁၅၉၃-၁၆၁၀)၏ စစ်သူကြီးက ဤဖားပြိုအရပ်ကပင် ခံစစ်ပြုခဲ့သည်။ အောင်မြင်မှုလည်း ရခဲ့ပါသည်။ ပထမခံကတုတ်ဟုပင် ဆိုရပါမည်။ ဖားပြိုသည် (ခရိုင်ချောင်းကွန်း (ရာမုံ)ရာမောင်ကွန်း) တွင်ရှိပါသည်။ ဤကွန်းမှာ ဆင်အောင်းမအသင်းများ ထားရှိခဲ့ရာ အရပ်ဒေသတစ်ခု ဖြစ်ခဲ့သေးသည်။ မြောက်ဦးခေတ်နှောင်းကာလ၌မူ ရာမောင်ကွန်းမှာ ပုန်ကန်သူတို့မကြာခဏ ခိုအောင်းသောင်းကျန်းရာ အရပ်တစ်ခုဖြစ်လာခဲ့ပါသည်။

ဒုတိယခံတပ်တစ်ခုဖြစ်သော သောင်းခေါင်မော်အရပ်မှာလည်း အထင်အရှားရှိပြီးဖြစ်ပါသည်။ ပန်းမြောင်းကြီးချောင်းဝ၏ လက်ဝဲကမ်းတွင်ရှိပါသည်။ လေးမြို့မြစ်(ရာမောင်မြစ်)နှင့် ပန်းမြောင်းကြီးချောင်းတို့ဆုံရာအရပ်ဖြစ်သည်။ မင်းပြားမှ အရှေ့မြောက်ယွန်းယွန်း အဖြောင့် (၆)မိုင် ကွာဝေးပါသည်။ သောင်းခေါင်မော်မှာ တောတန်းကွန်းတွင် ပါဝင်ပါသည်။ သောင်းခေါင်မော်တပ်သည် လေးမြို့မြစ်ကြောင်းချီလာသော တပ်ကို ထိန်းချုပ်နိုင်သည့် နေရာတွင်ရှိပါသည်။ ဤအရပ်ကို လွှန်မှ လောင်းကြက်၊ ပရိမ်တို့သို့ ရောက်ပေါက်ရပါသည်။ ခံစစ်ကောင်းနေရာတစ်ခုဟု ဆိုရပါမည်။

နောက်ဆုံးခံတပ်တစ်ခုဖြစ်သော ကံ့ကော်သစ်တပ်၏ တည်နေရာကို ကျိုင်းအရပ်၌ ရှိသည်ဟု ရာဇဝင်၌ သာမန်သာ ဖော်ပြထားရှိပါသည်။ အရပ်စွဲအမည် ကျေးရွာချောင်းတောစသည်ဖြင့် တစ်ခုမျှမကျန်တော့ပါ။ ခံတပ်ကို ကံ့ကော်သစ်လုံးများဖြင့် ကာရန်ထား၍ အမည်တွင်ခြင်းဖြစ်ပါသည်။ သစ်လုံးများကို ကျိုင်းတောင်တန်းမှ အလွယ်တကူ ရရှိခဲ့ဟန်တူပါသည်။ ဘုရင်ပြိုင်တောမှ ရယူနိုင်ပါသည်။ သစ်တပ်ဖြစ်၍ ကျုံးတပ်ပေါင်းများ ရှိခဲ့ဟန်မတူပါ။ မြေပေါ်အထောက်အထားများရှိခဲ့လျှင် အရပ်စွဲအမည် ကျန်ကောင်းကျန်နိုင်ပါသည်။ ကျိုင်းအရပ်၌ရှိသည်ဟုဆိုသဖြင့် ရာမောင်မြစ် (အဥ္စနနဒီ)၏အနောက်အရပ် ယခုမင်းပြားကျိုင်းတောင်တစ်ခုဟုသာ ယူဆရပါမည်။ တောင်တန်း၊ ကွန်း၊ စမ္ပလေကွန်း၊ ရာမောင်ကွန်း၊ ကြတ်စင်ကွန်း၊ ကျိုင်းကွန်း စသည်ဖြင့် သီးခြားအမည်စီ ရှိနေ၍ မင်းပြားရှေ့ အနီးစပ်ဒေသတစ်ခုခုဟုသာ ယူဆရပါမည်။

ဤနေရာ၌ မြောက်ဦးမြို့တော်သို့သွားရာ အခြားရေလမ်းကြောင်းတစ်ခုကို စဉ်းစားကြည့်လိုပါသည်။ ၎င်းမှာ ကျိုင်းတောင်၏တောင်ဘက် အနီးတောင်မော်နှင့် ဘားဘူတောင်ရွာအနီးမှ ကပ်လျက်စီးဆင်းသော ငတန်ပျင်းချောင်းပင်ဖြစ်ပါသည်။ ယခုမင်းပြားမြို့၏ အနောက်တောင်ဘက်အနီးတွင် ရှိပါသည်။ ဤချောင်း၏ အရှေ့ဘက်အဝမှာ လေးမြို့မြစ်၊ ရာမောင်မြစ်ထဲသို့ စီးဝင်ပါသည်။ အနောက်ဘက်သို့ဆက်၍သွားလျှင် ထောင့်ချောင်းရွာမှတစ်ဆင့် ရီပူမြစ်သို့ရောက်သည်။ ယင်းကမှ မြောက်ဖက်သို့ဆန်တက်လျှင် မင်းကန်မြစ်သို့ ရောက်သည်။ မင်းကန်မြစ်ကမှ မြောက်ဦးတစ်ရောက် ရေကြောင်းလမ်းများစွာရှိပါသည်။

မင်းကြောင်းချောင်း၊ ပြွန်ရှည်ချောင်းတို့မှတစ်ဆင့် ဆန်တက်လာသောရေယာဉ်သည် ကျိုင်းအရှေ့ဖက်၌ ရာမောင်မြစ်ကို မဆန်တက်လိုလျှင် ငတန်ပျင်ချောင်းမှတစ်ဆင့် သွားလာနိုင်ပါသည်။ ယခုမင်းပြားချောင်းမှ တစ်ဆင့် ကင်းဆိပ်၊ သဲတန်းနှင့် ကျိုင်းတောင်မြောက်ဘက်အဆုံး ခြိတ္တောင်အရပ်မှ သွားလာလျှင်လည်း မင်းကန်မြစ်ထဲသို့ပင် ရောက်ရှိနိုင်ပါသေးသည်။ ငတန်ပျင်ချောင်းလို ကုလားတန်မြစ်ဝှမ်းလွင်ပြင်သို့ ဆက်သွယ်ပေးသည့် ချောင်းပေါက်တစ်ခုပင်ဖြစ်ပါသည်။

သို့ဖြစ်၍ ကံ့ကော်သစ်တပ်သည် ကျိုင်းအရပ်၌ဟုဆိုသဖြင့် ရာမောင်မြစ်ကိုလည်းကောင်း၊ ကုလားတန်မြစ်ဝှမ်းလွင်ပြင်သို့ ဝင်ရာချောင်းပေါက်များကိုလည်းကောင်း၊ ထိန်းချုပ်ရန် ရည်ရွယ်ခဲ့ဟန် တူပါသည်။ တောင်မော်၊ ဘားဘူတောင်အနီးဝန်းကျင်လောက်တွင် ရှိခဲ့ပေမည်။ ဤအရပ်သည် ကျိုင်းတောင်ခြေကို အသုံးပြု၍ မြောက်ဘက် ခြိတ္တောင်တို့ကိုလည်း ကြည်းကြောင်းပေါက်ရောက်နိုင်ပါသည်။

ကံ့ကော်သစ်တပ်ကို တည်ဆောက်ကွပ်ကဲသူ လက်ဝဲမြန်ဘထော်မှာ ပြေးမလွတ်ဘဲ လည်ဖြတ်ခံရပြီး သူ၏သစ်တပ်ပေါင်၌ပင် သူ၏ဦးခေါင်းပြတ် ချိတ်ဆွဲခံရကြောင်း ရာဇဝင်၌ပါရှိပါသည်။ ဤကံ့ကော်သစ်တပ်နှင့်

အခြားသောသစ်တပ်ခံတပ်နှစ်ခုတို့သည် ရက်ပေါင်းနှစ်ဆယ့်ခုနှစ်ရက်သာ ရှည်ကြာခဲ့သည်ဟုဆို၏။

ခံစစ်ပြုလိုသူတို့သည် ဤခံတပ်သုံးခုကို ဖိုခနောက်ဆိုင် အနေအထားဖြင့် ရန်သူချီတက်လာမှုကို ပြေးမလွတ် ချေမှုန်းနိုင်အောင် ရည်ရွယ်ခဲ့ဟန်တူကြပါသည်။ ဆယ်ရွာသူကြီး အောင်ကျော်စံသည် ဖားပြိုခံတပ်အား မည်သို့မည်ပုံတိုက်ခိုက်ခဲ့သည်ဟူကား ရာဇဝင်၌မပါရှိပါ။ အဝေးပစ်လက်နက် မဟာခနုများတို့ကို နိုင်မည့်အရာတစ်ခုမှာ အဝေးပစ်အမြောက်လက်နက်သာဖြစ်နိုင်ပြီး ၎င်းကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်သည်ဟုသာ ဆိုရချေမည်။ ပုန်ကန်သူတို့တွင် ဤလက်နက်မျိုးရှိလျှင်လည်း ဘုရင်တပ်လို များများစားစား ရှိခဲ့မည်မဟုတ်ချေ။ ဖားပြိုခံတပ်ပြိုပျက်သည်နှင့် အခြားသောသစ်တပ်နှစ်ခုတို့ အလိုလိုပြိုပျက်သွားခဲ့သည်မှာ အမြောက်လက်နက်ကို မယှဉ်နိုင်၍သာ ဖြစ်နိုင်ပါသည်။ စန္ဒသတိဿမင်းသည် ရမ်းပြည့်မှအပြန်တွင် ရမ်းပြည့်သံတောင်နယ်မှ ပြုလုပ်သော အမြောက်သစ်များကိုလည်း ရကောင်းရနိုင်ခဲ့ပါမည်။

စန္ဒသတိဿကိုပြိုင်လို၍ တည်ခဲ့သော ခံတပ်သုံးခုအနက် ကံ့ကော်သစ်တပ်သည် တောတန်းကျွန်းမင်းဖူးရွာအနီးရှိ ကံ့ကော်တောင်နှင့် လုံးဝဆိုင်မည်မဟုတ်ပါ။ ကျိန်းတောင်အရပ်၌သာ အမှန်ရှိခဲ့သည်ဟုသာ ယူရပါမည်။

**အောင်လှသိန်း**

**၁-၇-၂၀၀၁**

**မှီငြမ်းစာရင်း**


၁။ အသျှင်စန္ဒမာလာလင်္ကာရ ***ရခိုင်ရာဇဝင်သစ်ကျမ်း*** ဒုတိယတွဲ(ဒုတိယအကြိမ်)

၂။ မင်းသိန်းဇံ၏ "တောတန်းကျွန်းမြောက်ဘက်ခြမ်းမှ ရခိုင်ယဉ်ကျေးမှုအမွေအနှစ်များ၊ ကျိန်းရိပ်မြေ မဂ္ဂဇင်း အမှတ်(၃) စာ ၂၉-၃၇။

၃။ မင်းသိန်းဇံ၏ ကျိန်းကျွန်းမြေပုံကြမ်း။

၄။ အောင်လှသိန်း၏ **ရခိုင်သုတအဘိဓာန်**


ဘးလာလ

# သေနင်္ဗျူဟာကျမ်းထွက် ရာဇာဝါဒပက်ိဏ္ဏကလင်္ကာ

**အသျှင်ကြီး**

မြောက်ဦးမြို့ ဘုရင် မင်းရာဇာကြီးသည် လောင်းကြက်မြို့ဟောင်းကို အောင်တပ်ထွက်တော်မူစဉ် တပ်တော်နောက်ဆင်ရုံကို မိုးကြိုးပစ်သည်။ တပ်တော်လက်ဝဲက အိမ်ကိုမီးလောင်သည့်အတွက် လောကီဝိဇ္ဇာမယနည်းဖြင့် ရှေးရသေ့တို့စီရင်ထားခဲ့သည့် သေနင်္ဗျူဟာ ကျမ်းထွက်အတိုင်း အမတ်ကြီးမဟာပညာကျော်သား အတွင်းမှူး ကျီးညိုလျှောက်ထားသော စာရှစ်ပိုဒ်ဟူ၍ မင်းရာဇာကြီးစာတမ်းတွင် ဖော်ပြထားသည်။

၁။ တစ်ရာ့တခင်း၊ ပြည်ထောင်ချင်းလျှင်၊ မှန်ကင်းစိုက်ထောင်၊ ဘုန်းရောင်ပြန့်လွှား၊ ကိုယ်တော်ပွားမူ၊ အပါးအဝေး၊ စားကျေးမြို့ရွာ၊ အရာနိမ့်မြင့်၊ မင်းခွင့်ပေးအပ်၊ စစ်ကွပ်စစ်မှူး၊ ကျေးဇူးသိစွာ၊ မတ်လိမ္မာတို့ ပညာစွယ်စုံ၊ ဗိုလ်ပုံများဖျင်၊ မြင်းဆင်ရထား၊ လေးပါးစေ့စပ်၊ စစ်ရပ်စစ်ထွက်၊ ချိန်ဆအရ၊ မှတ်သားရာသည်၊ စဉ်လာထုံးဟောင်း၊ နိမိတ်ကောင်းနှင့်၊ လုံးပေါင်းရစ်ထွေး၊ ပင့်ကူမှေးသို့၊ အရေးပြလာ၊ တိတ်ဘီလာကား၊ ဒေဝါနတ်မျိုး၊ မိုးကြိုးနှင့်မီး၊ ပိတ်ဆီးရှေ့တွင်၊ တူရှုမြင်သော်၊ မရှွင်စစ်စ၊ အရိဋ္ဌတိတ်၊ ဆို့ပိတ်လေပြီး၊ စစ်ချီဗိုလ်မှူး၊ ရန်စူးများတူ၊ သူ့လူလက်သို့၊ ရောက်တို့လေရာ၊ စစ်လည်းနာအံ့၊ လက်ယာကပင်၊ ထိုနည်းပြင်မူ၊ တကျင်မည်ရ၊ ဂဇအသ၊ နာမတိတ်ဆိုး၊ အကြိုးမစင်၊ စီးဆင်မြင်းကောင်း၊ ထောင်းထောင်းကြေညက်၊ သူ့လက်ရောက်တတ်၊ ကောင်းမြတ်လွန်ကဲ၊ တပ်လက်ဝဲက၊ ချိမ်သဲပစ်ချိုး၊ မိုးကြိုးမီးပျံ၊ အလျှံတောက်ထိန်၊ ယက္ခဝိန္ဒ၊ မည်ရခေါ်မိတ်၊ ပြသည်တိတ်ကား၊ ကိစ္စမူဆောင်၊ ကြံတိုင်းအောင်၍၊ ရန်မှောင်ပျောက်ပြေ၊ ဗိုလ်ခြေသူရဲ၊ စစ်ပွဲသာယာ၊ ရွှင်လန်းစွာတည်း၊ ချမ်းသာမြင်မြောက်၊ တပ်နောက်တခွင်၊ အထင်အရှား၊ လွှားလွှားလျှံမောက်၊ မီးတောက်မိုးကြိုး၊ တက်တိုးမြင့်မြတ်၊ နဝရတ်ရေစင်၊ ပြောင်ပြောင်ထွန်းပ၊ သကလတိတ်၊ ပြသည်ဟိတ်ကား၊ ရန်မြိတ်ညွှတ်ရုံး၊ တိုင်းလုံးပြည်ရှင်၊ ခိုလာဝင်၍၊ မြင်းဆင်ရတနာ၊ ကညာဆက်ရောက်၊ ဘုန်းတန်တောက်သည်။ ရှေ့နောက်မှတ်ရာ တိတ်ထုံတည်း။

၂။ တနည်းသြပါ၊ နိမိတ်လာကား၊ အခါနာရီ၊ သင့်ညီလျှောက်ပတ်၊ စစ်ဝတ်တန်ဆာ၊ တင်ရာလျှံညီး၊ ဆင်စီးမြင်းနှင့်၊ ထွက်ဝင်မစောင်း၊ ဗိုလ်ပေါင်းစစ်သည်။ အရည်အသွား၊ အထားအနေ၊ သိစေတချက်၊ စစ်ထွက်အခါ၊ မင်္ဂလာစကား၊ နံသင့်သားကို၊ ရှေ့ဖျားရန်ခံ၊ ရဲလံကိုင်မြဲ၊ လက်ဝဲလက်ယာ၊ ငြိမ်စွာဖြောင့်တန်း၊ မယွန်းမထောင့်၊ မအောင့်ညီညာ၊ ချီရာအရပ်၊ တောင်တပ်တတည်၊ အောင်စည်ညံ့ညံ့၊ အောင်ပွဲခံ၍၊ ရဲလံရှေ့ညွှတ်၊ လဲတုံလတ်မူ၊ ရန်သူတိုင်းခန်း၊ ထီးနန်းပြည်ရှင်၊ မရွှင်နွမ်းရိုး၊ ခန္ဓါညှိုးလိမ့်၊ စစ်ထိုးပြိုင်လွှား၊ တိုင်းတခြားက၊ ထိပါလေစွာ၊ ပျက်နှင့်ရာ၏။ ရှေ့မှာထုံးစံ၊ ရဲလံ့နောက်သို့၊ လဲတို့ပြန်လာ၊ မသဥပါတ်၊ အမတ်နှင့်မင်းစ၊ စည်းစိမ့်ကင်းလိမ့်၊ တရင်းတမျိုး၊ ရဲလံ့ကြိုးသော်၊ စစ်ထိုးမသင့်၊ အခွင့်မသာ၊ ပျက်တတ်ရှာ၏။ အာဏာစိုးသီး၊ စစ်သူကြီးတွင်၊ စီးမြင်းစီးဆင်၊ မရွှင်အသံ၊ ပြင်းစွာညံ့မူ၊ စစ်ခံစစ်တက်၊ ကိုယ်ကပျက်ဘွယ်၊ အန္တရာယ်ရှိ လက်နက်ထိ၏။ ကြီးဘိစစ်အင်၊ မြင်းဆင်မြူးလတ်၊ လှည့်ပတ်ကန်ကျောက်၊ ထိုးပေါက်နင်းချိုး၊ တက်တိုးကြွက်သရေ ချီလေလွယ်ကူ၊ ရန်သူကြောက်ချုံး၊ ထုံးသေနင်္၊ စစ်ပွဲလှ၏၊ ဌာဝရကြိန်းမတိန်မရိုင်၊ မြင်မိုရ်နိုင်သို့၊ မဏ္ဍိုင်အချက်၊ ရှေးထုံးထွက်သည်။ ။ လက်နက်ဗိုလ်ခြေ မပြုံးတည်း။ ။

၃။ တကြောင်းမှတ်ဘွယ်၊ သိလွယ်စိမ့်ငှါ၊ ရှေးထုံးလာကား၊ ယာန္တရာကတ်၊ ခါမြတ်သင့်ညီ၊ နာရီရောက်လာ၊ မင်္ဂလာပုဏ္ဏား၊ ရှစ်ပါးတင်းတင်း၊ ခရုသင်းနှင့်၊ နန်းတွင်းဒွါရ၊ တံခါးမပြင်၊ ပဋ္ဌင်ချိန်သဲ့၊ လက်ဝဲလက်ယာ၊ မဏ္ဍပ်မှာလည်း၊ ညီစွာနှစ်ခု၊ ဗိုလ်ထုသီးသီး၊ စစ်သူကြီးက ခရီးဖြောင့်စွာ၊ ဆင်မှာဆင်လိုက်၊ မြင်းနှိုက်ထိုနည်း၊ အုပ်စည်ငြိမ်သက်၊ ရှေ့ဆက်နောက်မှီ၊ အညီအညွှတ်၊ စစ်ဝတ်တန်ဆာ၊ နီဝါဆင်ပြီး၊ ဆင်စီးရထား၊ ဒိုင်းထားခါးချပ်၊ စေ့စပ်ဗိုလ်ခြေ၊ ချီသွားစေလော့၊ မသေမချာ၊ ရှေ့မှာမကျွမ်း၊ ထုံးတမ်းမလိုက်၊ စရိုက်ဘာသာ၊ ချီလေရာ၌၊ ဘယ်ညာသူရဲ၊ ပိုင်းပြတ်ကွဲမူ၊ စစ်ပွဲမအောင်၊ တောင်ဘောင်ပျက်ခြေ၊ ပြေးရလေ၏။ မှတ်ပေအပြီး စစ်သူကြီး၏၊ ဆောင်ထီးလည်း

ကောင်း၊ ဥပေါင်းကိုယ်ရုံ၊ ဝတ်လုံသင်းကျစ်၊ ဝါးသစ်ရင်တား၊ ထည်လိပ်များကို၊ ထားရာသုံးရာ၊ အာကာရစ်ခွေ လေပွေဆောင်ယူ၊ ရန်သူမပြိုင်၊ စစ်မဆိုင်ပဲ၊ ကျော်သဲရွှင်လန်း၊ အောင်ပန်းလည်းဆင်၊ တိုင်းခွင်နှစ်ပြည်၊ အရှည်မိတ်ဝင်၊ ရန်မျိုးစင်၍၊ ထိုပြင်တသီး၊ စစ်သူကြီးတွင်၊ အထင်အရှား၊ ဘလားလက်ကောက်၊ ခွက်ရောက်လင်ပန်း၊ ထူးဆန်းပြိုပြောင်၊ အဆောင်အထည်၊ ကွဲသည်ပျောက်ဆုံး၊ စစ်လည်းရှုံး၍၊ နှစ်လုံးမသာ၊ အိမ်မှာမီးလောင်၊ မရှောင်နိုင်ငြား၊ သူတပါးနှင့်၊ မယားဘောက်ပြန်၊ ရှေးညွှန်အလား၊ ခန္ဓာယွင်းကျက်၊ နှောင့်ယှက်ခိုးသူ၊ ငြူစူလေရာ၊ တနည်းမှာလျှင်၊ မြင်းဆင်ကစ၊ ကိုယ်မှတသွယ်၊ ဘယ်လယ်လိမ်စောင်၊ လည်းလျှောင်မသင့်၊ ဖြစ်သဖြင့်ကား၊ အခွင့်မလှ၊ စစ်ကမပြန်၊ သေမည်မှန်၏၊ တသွန်ထိုခါ၊ မိုးကြီးရွာသော်၊ ဗိုလ်ပါမွတ်ရှား၊ နားဖျာသေပျောက်၊ စစ်လည်း ကွတ်လိမ့်၊ လကျာ်ဖက်တွင်၊ သူသေမြင်မူ၊ ဆင်ခြင်လေရှောင်၊ သူရဲဘောင်တို့၊ တိန်စောင်ရောယှက်၊ ရန်သူလက်သို့၊ ရောက်တို့လေမြ၊ လက်ဝဲသေသူ၊ ပြလာနေမူ၊ ရန်သူစစ်သည်၊ မတည်မရပ်၊ မကပ်နိုင်ရာ၊ ချမ်းသာအောင်မြင်၊ စစ်ဆင်အကြီး၊ ထုံးမှီးဘေရှာ၊ တတ်သူသာလျှင်၊ ပြည်ရှင်ရွှေးကောက်၊ လက်ထောက်ကိုယ်ကွဲ၊ စစ်ပွဲအအုပ်၊ ဗိုလ်ချုပ်ခန်မြဲ၊ သူရဲမပျို၊ ရန်ကိုအောင်ချင်း၊ အခင်းခင်းကို၊ မျှော်တင်းထောက်ဆ၊ သိတတ်မှတ်သာ၊ ဘေးလွတ်ရာသည်၊ အဏ္ဏာမကြုံမချုံးတည်း။ ။

၄။ တစ်ခန်းတစ်ပုံ၊ လုံးစုံမြော်မြင်၊ ပညာရှင်တို့၊ သိမြင်အပ်ရာ၊ ဖိုလ်မိုက်စွာကား၊ လိပ်ပြာမလုံ၊ တပုံသာပေ၊ ဗိုလ်ခြေလည်ညို၊ ဆင်ကန်းတိုးသို့၊ အကြိုသာယုတ်၊ သုတ်သုတ်လည်းဖြေ၊ အတွေးအထင်၊ အမြင်လိမ္မာ၊ မတ်သေနာကား၊ မင်္ဂလာအောင်မြေ၊ အနေသင်ခါ၊ ဗိုလ်ပါဆင်မြင်း၊ သိမ်သွင်စည်ကြပ်၊ အရပ်အခွါ၊ သင့်ရာစေ့စပ်၊ ခံတပ်နှစ်ကွဲ၊ လက်ဝဲလက်ယာ၊ ဂီလာတသွယ်၊ လက်စွယ်စစ်ထော၊ ရှေ့နောက်သူလူ၊ ရည်တူလုပ်ကြံ၊ စစ်ခံနှစ်ဝ၊ ထားပြီးမှလျှင်၊ ရှေ့ကရပ်စွဲ၊ သူရဲကောင်လူ၊ နောက်မူထိုသွင်၊ စစ်လျှင်ကစား၊ စစ်ခါးကိုဖြတ်၊ မညွတ်မရိုင်၊ သူတပ်ခိုင်လည်း၊ ဆိုင်ပြိုင်တိုက်သူ၊ ကိုယ်လူရိပ်ခြေ အနေအထား၊ စည်းဝါးသိသာ၊ မျက်နှာမလှ၊ စစ်စမရွှင်၊ ယင်းသို့မြင်မူ၊ ဖမ်းပင်သေကြေ၊ မများစေရာ၊ သပ်စည်ခွာ၍၊ မြေတာအဝေ၊ အပြေးလွှန်မူ၊ ဗိုလ်လူကွဲချမ်း၊ ဘယမ်းပတာ၊ အာဏာမခြုံ၊ စည်လည်းကြုံအုံ့၊ အယုံတည်လျက်၊ ကိုယ်ရဲမက်တို့၊ ဖြစ်ပျက်နင်းချိုး၊ သူကညိုးသော်၊ နီးကိုးမသင့်၊ သာခွင့်ပိုင်ဗိုလ်၊ ရန်ကိုတိုက်ရိုက်၊ ဦးတိုက်ဝင်လေ၊ သုစစ်သေ၏၊ သပြေတခန်း၊ ထီးနန်းမြို့ရွာ၊ အချာသနင်း၊ ပြည်ရှင်မင်းတို့၊ သန်ညို့မှော်မှား၊ မတရားလျှင်၊ ယောကျာ်းမိန်းမ၊ ဇာဂကျင့်ဆိုး၊ ရန်မျိုးထောင်ထောင်၊ သူလှောင်ပွမ်းပွမ်း၊ လူသွမ်း၊ လွှားလွှား၊ စကားကြမ်းကြုတ်၊ နှုတ်မင်္ဂလာ၊ ရသာမရှိ၊ ဂတိမဖြောင့်၊ တိုင်းပြည်အောင်သည်၊ ။ ထို့ကြောင့် ပြည်သူမလုတည်း။

ယခုဖော်ပြအံ့သောလင်္ကာအပိုဒ်(၅)မှ(၈)အထိ (၄)ပုဒ်မှာ ရခိုင်ရာဇဝင်တော်ထွက် ရာဇောဝါဒ ပကိဏ္ဏက လင်္ကာမှဆို၍ မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းတွင် ဖော်ပြထားရှိပေသည်။ ။***ရာဇောဝါဒပကိဏ္ဏကလင်္ကာ (ရခိုင်ရာဇဝင်ထွက်-၄ပိုဒ်)(မြန်မာမင်းအုပ်ချုပ်စာတမ်းတွင် ဖော်ပြပါရှိသည်)***

ဤလင်္ကာမှာ မင်းတို့ကျင့်ဝတ်တရားနှင့် ပြိုးပွမ်းရောနှော၍ ပြအပ်သောမင်းတို့ ထုံးတမ်းကျင့်ဝတ်ပင်ဖြစ်သည်။

၅။ ထိုမှတစ်သွယ်၊ သိလွယ်အပ်ရာ၊ ရှေးထုံးလာကား၊ ရာဇာပဝရ စသည်နွယ်ရိုး၊ မင်းမျိုးတကာ၊ ကရိယာစုဆယ့်ငါးခုကို၊ ဇမ္ဗူသခင်၊ ရွှေနားတင်လော့၊ ဆင်ထက်မြင်းထက်၊ အိပ်စက်မအပ်၊ သူ့ရပ်တိုင်းပြည်၊ ကွေ့လည်စေသူ၊ ကိုယ်တူရောက်လာ၊ ပြစ်ဆာလွတ်ကင်း၊ ရွှေနန်းတွင်းဝယ်၊ စမွါယ်ခံမြေး၊ ရှောင်လွှဲတခြား၊ ဆောင်တပါးတွင်၊ ယွင်းမှာအိပ်နေ၊ မပြုလေရာ၊ အရသာကို၊ စါးပါလစ်ဟင်း၊ ခံတွင်းတော်က၊ မကျရချေ၊ အနေမလျော်၊ ဝတ်လဲတော်ကို၊ အပေါ်တစောင်း၊ ဥက္ကောင်းတော်တွင်၊ မတင်မအပ်၊ မီးယပ်မိန်းမ၊ သုကာလပြီ၊ ရာသီအလျောက်၊ ထိုနှစ်ယောက်ကို၊ ရှေ့မှောက်အပါး၊ မထားစေသင့်၊ အခွင့်ကြီးငယ်၊ ခိုင်းပယ်သမှု၊ အနုအရင့်၊ ချိန်သင့်ဆိုတတ်၊ တည့်မတ်သည်ပင်၊ ထွက်ဝင်စကား၊ မမှားစကောင်း၊ ရှေးထုံးဟောင်းကို၊ တိမ်းကျောင်းပျောက်ပျက်၊ ရက်စက်ရုန်းကြမ်း၊ မသွမ်းစေရာ၊ ရတနာတိုးတက်၊ မင်းကျိုးပြီးယောင်၊ ဆောင်နိုင်သူအား၊ --မမှားစေအပ်။ ခရီးလပ်တွင်၊

မေအပြင်ဝယ်၊ ခြေကျင်တပါး၊ မသွားအပ်လေ၊ တထွေမှတ်သား၊ အစားအစာ၊ ကောင်းစွာချက်ပြုတ်၊ အဖုတ်အကျော်၊ ဆက်လာသော်လည်း၊ ကိုယ်တော်ထိပါး၊ မစားအပ်ကောင်း၊ နွံပြောင်းပတ်ရစ်၊ မိတ်ချစ်တူရာ အိမ်သာအဝင်၊ သန့်စင်တရေး၊ ဟစ်ကြွေးခုန်လွှား၊ ကစားအမှု၊ မပြုရှောင်ခွာ၊ သတ္တဝါတွင်၊ ယုတ်ခွာမိုက်ဆိုး၊ ဆိပ်မျိုးချိုရှိ ထိထိခိုက်ခိုက်၊ လိုလိုက်အနှော၊ အရောတဝင်၊ ပြည်ရှင်တကာ၊ မပြုရာတည်း၊ ပဥ္စယဒသ၊ ရာဇဥပါဒ်၊ ပစ်လွှတ်ကင်းရှောင်၊ အရောင်မညှိုး၊ တန်ခိုးလည်းဖွင့်၊ ဘုန်းတန်မြင့်သည်။ ။ ချီးပင့်နောင်လာ မညှိုးတည်း။

၆။ ပြည်ကြီးအချာ၊ ဧကရာတို့ သမာတရား၊ ရှစ်ပါးအံ့ဘွယ်၊ မင်းဝယ်ကျင့်အပ်၊ ပညာကျမ်းလာ၊ ပညာအမြင်၊ ဆင်ခြင်ရှေ့နောက်၊ မကောက်မယွန်း၊ ဖြောင့်တန်းသိတတ်၊ တည့်မတ်အယူ၊ ရိပ်ဖြူဖြန့်လွှား၊ တိုင်းတပါးနှင့်၊ စကားမိတ်ဝင်၊ ချစ်ခင်များစေ၊ ကျမ်းဂန်ဖွေ၍၊ ဗေဒင်ဟူးရား၊ နေသွားလကြွတ်၊ ဥပါဒ်မကောင်း၊ တိမ်းစောင်းဖြောင်ဖြေ၊ ရှစ်ထွေအင်္ဂါ၊ စုံခွါပြည့်ဖြိုး၊ မှူးရိုးမတ်မွန်၊ ကဲလွန်သုထက်၊ လက်နက်အပေါင်း၊ ဆင်ကောင်းမြင်းကျော်၊ ထင်ပေါ်တစ်ချက်၊ ရန်မက်လောဘ၊ ဒေါသမတူ၊ ပြည်သူလုပ်ခွန်၊ မှန်ကန်ဖြည့်သွင်း၊ ရွှေနန်းတွင်း၌၊ မင်းမိဖုရား၊ မင်းသားမင်းဆွေ၊ များစေသောင်းသောင်း၊ လူအပေါင်း၌၊ အကြောင်းရှိလာ၊ မင်းအာဏာနှင့်၊ တန်ရာလွှတ်သင့်၊ နိမ့်မြင့်အပြစ်၊ စီစစ်တော်မူ၊ မည်သူမည်ဝါ၊ စာနာမထောက်၊ ဒါဏ်ရောက်ဒဏ်ပေး၊ အရေးမဟူ၊ ပြင်သူကိုယ်သား၊ မခြားစအပ်၊ လစ်လပ်မဟင်း၊ မင်းအခင်းကို၊ မျှော်တင်စုံစေ့၊ မင်းဓလေ့ဖြင့်၊ မမေ့မလျော့၊ မပေါ့မပြုံး၊ မင်းလက်သုံးသည်။ ။ ရှေးထုံးသက်သေစုရုံးတည်း။

၇။ ထိုမှတခင်း၊ မင်းတို့ကြည်ရာ၊ မိစ္ဆာနှလုံး၊ မသုံးစကောင်း၊ မတောင်းတအပ်၊ သုံးရပ်အင်္ဂါ၊ ရှေးအမှာကား၊ မြို့ရွာတိုင်းခန်း၊ သုနန်းသုပြည်၊ လက်ရုံးရည်နှင့်၊ ကြံစည်မှောက်မှား၊ တရားမရ၊ အဓမ္မလျှင်၊ လောကသနင်း၊ မင်းကောင်းဓမ္မတာ၊ မပြုရာတည်း။ ဖွေရှာဆေးဝါး၊ မန္တရားနှင့်၊ တိုးပွားမာန်ဟုန်၊ မေခုန်ကြိမ်ဖန်၊ မလွန်စကောင်း၊ တကြောင်းမှတ်ရာ၊ သတ္တဝါကို၊ မြိန်စွာသုသား၊ စားစလိုချင်၊ မခင်တောင်းတ၊ မရှိရံတည်း၊ ရာဇတံထွာ၊ တထုံးလာကား၊ နရာနရ၊ ဒေဝစောစီး၊ ရှင်မင်းကြီးလည်း၊ ရှေးတီးပုံစံ၊ နည်းနာခံလော၊ ခြွေရံမလျော်၊ ကိုယ်တော်နီးကပ်၊ မသုံးအပ်သည်၊ ဂဗ္ဘမိဝမ်း ရှန့်ကြမ်းပွားလာ၊ အင်္ဂါမစုံ၊ မလုံကာယ၊ ပြင်းပြဝေဒနာ၊ ရောဂါရှိသူ၊ အနူတမျိုး၊ တီးတိုးလန့်ဖျတ်၊ ကြောက်တတ်သသူ၊ လူအလီဇ္ဇီ တလီပျက်ချော်၊ သရော်ဟော့ရမ်း၊ လူသွမ်းတဦး၊ ကျေးဇူးကုန်ပြန်၊ အရွယ်လွန်ပြီး၊ အသက်ကြီးမှိုင်း၊ ထုံးပိုင်းမခြား၊ လူကန်းအနွယ်၊ လူငယ်တစ်ယောက်၊ သေသောက်ကြူးမျိုး၊ မယားခိုးကျွမ်း၊ ပယ်ဖြတ်ကင်းရှောင်၊ ကတောင်ချောက်ချား၊ မင်းပါးမသင့်၊ အခွင့်မလှ၊ လူငအသည်။ မင်းကမစေမသုံးတည်း။

၈။ မင်းရေးမင်းရာ၊ လိမ်မာသဖြင့်၊ ဆိုသင့်ဆိုနည်း၊ ကမ္ပည်းသံပိုင်း၊ အလှိုင်းတကြီး၊ စံယှီးချိုသာ၊ လင်္ကာတရပ်၊ ဖော်ပြညပ်အံ့၊ စစ်အကွပ်စစ်မှူး၊ ထူးဝိသေသ၊ မြို့ပြကျေးရွာ၊ ကြီးစွာမင်းခွင့်၊ မပေးသင့်သည်၊ နိမ့်မြင့်ပိုင်းခြား၊ မှတ်သားစေ့စေ့၊ ရသေ့ရဟန်း၊ မာန်ကျန်းထောင်လွှား၊ ပုဏ္ဏားတတည်၊ မကြည်လွန်ကြူး၊ အရူးတယောက်၊ ဦးစောက်အလား၊ စကားပြက်ရယ်။ လူငယ်လည်းကောင်း၊ အကြောင်းတမူ၊ ပြုမူမရာ၊ လွန်စွာမိနန်းမ၊ ဗာလဲတဦး၊ ကျေးဇူးယိုယွင်း၊ သူအိုဖောက်ပြန်၊ မကျန်စရိုး၊ ခုနစ်မျိုးတွင်၊ ကိုယ်ကျိုးကိုယ်ရှာ၊ သဃ်ာတော်အား၊ သစ္စါပွား၍ မင်းဖျားပြည်ရှင်၊ တိုင်းခွင်အုပ်ကွပ်၊ အခွင့်အပ်မူ၊ ရိဖွပ်သိက္ခာ ပါယ်လေးရွာ၌၊ ဆရာလည်းချစ်၊ ဒကာနစ်လိမ့်၊ အပြစ်များစွာ၊ မိန်းမပေးကား၊ ပြည်မွှေတတ်စွ၊ လောဘတူရိုး၊ လူမိုက်မျိုးမူ၊ တန်စိုးနိုင်ရာ မျက်နှာကြီးငယ်၊ သွယ်ဝယ်စရိုက်၊ ဂတိလိုက်၍၊ လူမိုက်ပမာ၊ ဇရာရွယ်လွန်၊ သူငယ်ပြန်ထုံး၊ မှန်ကန်မရှိ ပြည်သာရိအံ့၊ ကစိကစက်၊ ရောရှက်တိမ်းပါး၊ အသုံးမှားသော်၊ သမားမိုက်စွာ၊ သူနာသွေးဆုတ်၊ အကျိုးယုတ်သည်။ ။ လက်ခုတ်ရေဂိုလ်းတနှုန်းတည်း။ ။

**မှတ်ချက်။ ။** (ဂိုလ်းမှာ မူစာအတိုင်းဖြစ်သည်။ ရေကို လက်ဖြင့်ခုတ်ဖြတ်သကဲ့သို့ ရောဂါအစဉ်မပြတ်၊ ဆိုလိုဟန်တူသည်)

**အသျှင်ကြီး**

# မသိုးထမင်းရှာသူတိ

ဝှူပေဆန်


(က)

ပွင့်လင်းရာသီဖြစ်လာယာဖြစ်လို့ ညဇာဖက်သားတိုင်ကေ ခြီဆန့်လက်ဆန့်လမ်းလျှောက်နီကျ။ အေနိလည်း ထွက်ဖို့လို့ လုပ်နီစဉ် မောင်ရွှေသိန်းရောက်လားရေ။ သူနန့်ကျွဲတဲက ကျောင်းဆရာဟောင်း ကိုစိန်လှထွန်း ပီးလိုက်တေ စာတစ်ရွက်ပါလာရေ။ စာမှာက-

“ပန်မီလာရို့အဖွဲ့ မြောက်ဦးကို ရောက်နီရေ။ ၂၀-၁-၀၅ ရက်နိပါးတော်တောင်ခြီရင်းက ကျောက်တွင်း တစ်ကြောင်းဆွဲပန်းချီနန့် ဝီရစန္ဒြကျောက်စာကို လေ့လာဖို့ အစီအစဉ်ဟိရေ။

ယေနန့် ကျွဲတဲကို (၁၉-၁-၀၅)ရက်နိ မဖြစ်ဖြစ်အောင်လာလတ်ပါ”လို့ ရီးထားလေရ။ ယေနန့် (၁၈-၁-၀၅)မှာလားဖို့ ဆုံးဖြတ်လိုက်တေ။ ကွမ်းသီးတောဘက်မှာ စကေကိစ္စဟိရေလေ။

**ပါးတော်တောင်မှရဟိသော ဝေသာလီခေတ် ရီးထိုးကျောက်စာပုံ**



မောင်ရွှေသိန်းက သူ့စက်လောင်းသျှေနန့် ဆင့်အိုးကြီးသို့ အပို့ပီးဖို့တာဝန်ယူရေ။ ယေဒါလည်း သူစက်လောင်းသျှေကို ယူဖို့မလိုအပ်လိုက်ယာ။ မောင်လှမြင့် စက်လောင်းသျှေနန့် ထက်စီကျရေ။ သူ့စက်လောင်းသျှေက ပန်းမြောင်းကို ဆင်းဖို့လာလတ်။

မိမိရေ ဆင့်အိုးကြီးက မြင်းဂါရီစီးရေ။ ဂါရီကို ကိုးသောင်းဖက်က ပတ်တေ။ အလယ်စျီးအဝင်လောက်မှာ ဆိုက်ကားနှစ်စီးနန့်တွို့ရေ။ ဆိုက်ကားကလူက မိမိရို့ဂါရီကို တန့်ရေ။ ကြည့်လိုက်တေခါ ဆရာကျော်ကျော်လှရို့ တိုင်သား။ ဆရာကျော်ကျော်လှက နိုင်ငံခြားသား ဘုတ်ဖားကြီးတစ်ယောက်နန့် ဆိုက်ကားတစ်စီး။ ဘမြိုင်နန့် နိုင်ငံခြားသူနှစ်ယောက်ကတစ်စီး။ ဘမြိုင်ဆိုက်ကားထက်မှာပါရေ နိုင်ငံခြားသူ ဝါကြီးမနန့် မိမိကိုမိတ်ဆက်ပီးရေ။ “ပန်မီလာ”လတ်။ မိမိရို့ ရခိုင်သမိုင်းကို စနစ်တကျလေ့လာပြီးကေ ပါရဂူဘွဲ့ယူလားခရေ မိန်းမရေ သူကိုးလို့ စိတ်ထဲက မှတ်ချက်ချမိရေ။ သူ့ပုံကို ကွယ်လွန်သူ ဆရာ ဦးဦးသာထွန်း ဆရာဦးစံသာအောင်ရို့နန့် တွဲဖူးမြင်ဖူးရေ။ ယင်းအချိန်က ပုံကံ ပျို့မြစ်နုနယ်။ ဂုကတော့ ဇရာသားကောင်းဝါးမျိုးထားရေပုံ။

မိမိနန့်ပြောနီစဉ် အတူပါလာရေ ကလိန့်မေက ခတ်ပုံလှမ်းရိုက်တေ။

ဆရာကျော်ကျော်လှက ပါးတော်ခရီးစဉ်ကို ပြောပြရေ။ သိပါယာဆရာလို့ ပြန်ပြောပြရေ။ အဂုလည်း ကျွဲတဲလားပြီးကေ ဆရာရို့ကို စောင့်နီဖို့စွာလို့ပြောလို့ သူရို့လည်း ဝမ်းသာကတ်တေ။ သူရို့ကလည်း ကိုးသောင်း လားရေ။ မိမိက မြို့ထဲဝင်ရေ။ (၂၀-၁-၀၅)မှာမှ တွိကတ်ဖို့ယာလို့. . . ။

(ခ)

ကျွဲတဲထော်လာဂျီက တစ်ရက်မှာ တစ်စီးဟိရေ။ မိုးထသား ကျွဲတဲကထွက်လာ။ ညဇာဖက်သား မြောက်ဦးက ကျွဲတဲကို ပြန်ဝင်။ ဇာပင်ဖြစ်ဖြစ် အလျင်က ဂျောင်ကျရေရွာ။ ဂုတော့ခါ လမ်းချေ စမ်းချေပေါက်လို့။ မြို့ယောင်ဆောင်နီယာ။

(၁၀. ၃. ၁၉၉၂)ခုက မြောင်းဘွေမြစ်က လက်ပံတောချောင်းကို ချောင်းဖောက်တေ။ အုပ်စု ၂၁အုပ်စုက ဝိုင်းဝန်းဖောက်တေ။ ပေ (၇၆၀၀)ကျော်ရှည်ရေ။ အရှိဘက်ကို အနက်(၁၅)ပေ၊ အနောက်ဘက်က (၁၁)ပေနက်တေ။ တစ်လနန့် ငါးရက်အကြာမှာ အပြီးသတ်လိုက်တေလတ်။

ယင်းချောင်းဖောက်တေခါ မြီစာတောင်ဘက်ခြမ်းမှာ ပုံရေ။ အဂုယင်းမြီစာရေ ကျွဲတဲရွာအတွက် လမ်းဖြစ်လားရေ။ အဂုအခါ စည်ပင်က ကျောက်ကြမ်းလမ်းခင်းနီစွာ တွိ့ရယင့်။ ကျွဲတဲလမ်းရေ ခမောင်းတက်၊ ငမဲပြင်တိလားလို့ရရေ။ လမ်းကြမ်းဖြစ်လို့ ကားတိအလားနည်းရေ။ စက်သီးနန့် ဆိုင်ကယ် တဝီဝီပါယာထော။

မိမိရေ ကျွဲတဲထော်လော်ဂျီနန့် ကျွဲတဲကို ညဇာဖက်သား နီဝင်ခါလောက်မှာမှ ရောက်လားရေ။ ကိုစိန်လှထွန်းနန့်တွိ့ရေ။ သူက မိမိကို ဇာတွက်မှာကေဆိုစွာ ယှင်းပြရေ။ ပါးတော်မှာ ရဟိထားရေကျောက်စာကို မိမိက စတင်သတင်းပီးသူဖြစ်တေ။ အခေါက်ခေါက်လားရောက်လိလာထားသူလည်း ဖြစ်တေ။ ပြီးကေ တောင်ခြီရင်းဟိ ကျောက်ထွင်းကောက်ကြောင်းကို လေ့လာရေခါ သူရို့ဘက်က ထင်မြင်ယူဆချက်တိကို ကြားသိနိုင်ရေလတ်။

နောက်တစ်ယောက်က မင်းပြားမင်းသိန်းဇံကိုလည်း သူက အတွက်ပေါ်ရေ။ မင်းသိန်းဇံရေ ကွင်းဆင်းလေ့လာသူဖြစ်လို့ ပါးတော်စေတီသမိုင်းကို ပြုစုထားသူလည်း ဖြစ်တေလေ။ ယေနန့် မင်းသိန်းဇံကို လားလို့ခေါ်လို့ ယှင်းပြရေ။

မိမိကလည်း ကောင်းရေနန့်ရာလို့ အားဖြည့်ပီးရေ။ ပြီးကေ ကျိန်းရိပ်မြီ အမှတ်(၆)လှုပ်ရှားမှုသတင်းဆောင်ပါးရီလို့ ရနိုင်ရေလို့ မြင်ရေလေ။ ယေနန့် မင်းပြားစာပီအုပ်စုကို လားခေါ်ဖို့ အခိုင်းကျရေဆိုပါဖိ။

(ဂ)

(၁၉. ၁. ၀၅)မိုးထစောစောကြီး ကိုစိန်ထွန်းလှနန့် မိမိရေ ကျွဲတဲကနီပနာ မြောင်းဘွေတန်းထားကို လမ်းလျှောက်ကတ်တေ။ မိမိကျောက်ဟက်ချထိုးဝါးစိုက်ထားရေ အဠနမျော်ရုံဟေဝန်နန့် ကွမ်းသီးတောရာသီဥတုကွာဟမှုကို တအံ့တသြသတိကျပ်မိရေ. . .။

အဠနမျော်ရုံရေ စန်တီဂရိတ်(၁၀)မှာလောက်ထိ အီးရေ။ ယေဒါလည်း ကွမ်းသီးတောဒေသလောက်နှင်းမကျ။ အေဒေသမှာ နှင်းကျရေလားဆိုစွာမှာ ကိုယ့်ရှိက (၁၂)တောင် ဝါးတစ်ပြန်စာလောက်ကိုပင် သဲကွဲအောင် မမြင်ကတ်ရ။ နှင်းမှုန်ကြားမှာ နှစ်ယောက်သား စကားတပြောပြောနန့် မြောင်းဘွေတံထားထိုဘက်ထိပ်ကို လျှောက်ကတ်တေ။

မင်းပြားကို လားဖို့ ထော်လာဂျီနှစ်စီးက ခရီးသည်ကို စောင့်နီဆဲ။ (၀၈း၀၀)ဟိယာ။ နှင်းကမကွဲသိ။ ကောင်းကင်ထက်ကနီဝန်းက လဝန်းတစ်ဝန်းပိုင်ပင်။ နှင်းမြူကြောင့် အလင်းက ဖြာမထွက်နိုင်။

မိမိရို့နှစ်ယောက် ရောက်လာရေခါ နဂိုကတက်ထိုင်နီကတ်သူ သုံးလေးယောက်နန့်ဆိုကေ ထွက်နိုင်ယာဖြစ်လို့ ထွက်တေ။ စံဂိုးထဲက သျှစ်သျှားသီးဘဝနန့် မင်းပြားကျိန်းရိပ်ငြိမ်သို့။

မင်းသိန်းဇံအိမ်ကိုရောက်တေခါ အပြင်းပြင်းထော မင်းသိန်းဇံကို တွိ့ရရေ။ မိုးထဘက်သား ထမင်းစားပြီးကေ ခရီးထွက်ဖို့လုပ်နီစွာလတ်။ ဟုတ်ပါယင့် အထုတ်တိ အပိုးတိ အဆင်သင့် လုပ်ထားစွာက သက်သီလေ။

မင်းသိန်းဇံကို လာရင်းကိစ္စကို ယှင်းလင်းပြောပြရေ။ သူက“ယင်းပိုင်ဆို ဇာပြောဖို့လဲ၊ လိုက်ဖို့”လို့ ခချင်းပင်လက်ခံရေ။ သူက ညိုဘန်း(လေးဝတီ)ကို ပါလားပြောရေ။ မိမိရို့ကို မင်းသိန်းဇံက ကျွေးမွေးရေ။ ဘောဇဉ်ကို စားသောက်ပြီးချိန်မှာ ညိုဘန်းရောက်လာရေ။ သူ့ကိုပါ ယှင်းလင်းပြ။ သူက အခြားစာပီသမားတိပါ ပြောချင်ရေ။

ကြိုတင်ချိန်ချက်မှုမဟို၊ လတ်တလော အစီအစဉ်ဖြစ်နီလို့ ဇာပိုင်လုပ်ရဖို့မှန်းမသိ။


မိမိရို့ရေ မင်းပြားမြတ်သောင်း ဆီးဆိုင်ကိုလားကတ်တေ။ အကျိုးအကြောင်းပြောပြရေခါ သူကစိတ်ဝင်စားရေ။ ယေဒါလည်း သူမအား။ ယေနန့် လားလီကတ်လို့ ပြောရေ။

မင်းပြားစာပီသမားနှစ်ယောက်ရာ ပါလာရေ။ ညိုဘန်းက ရသ သမား၊ မင်းသိန်းဇံက သမိုင်းသမား၊ ဇာပင်ဖြစ်ဖြစ် ခရီးထွက်လို့ဟိကေ စာပီသမားတိအတွက် ရီးစရာသားစရာကတော့ ရတတ်တေပင် မဟုတ်လားလေ။

မင်းပြားထော်လော်ဂျီနန့် မြောင်းဘွေတန်းတားထိပ်ကို။

မြောင်းဘွေတန်းတားထိပ်ကဆင်းရေ။ မြောင်းဘွေသျှေ၊ ရွာထဲက ဝင်ပနာ လောင်မီးကိုလားတတ်တေ။ ယေနန့် (၁၇း၀၀)လောက်မှာမှ လောင်မီးက ကျွဲတဲကို ပြန်ကတ်တေ။ ပြန်ခါတော့ မိမိမွီးဇာတိရွာတန်းမြင့်ကြီးက ဖြတ်ပြန်ရေ။

ကျွဲတဲကို နီခြည်ပျောက်ခါမှ ရောက်လားရေဆိုပါဖိ။



**လိုလာရေးအဖွဲ့တိကို ပါးတော် တောင်ခြီရင်းဝါးရုံဘုတ်အောက်မှာ ဒေပိုင် တွို့မြင်ရပါရေ။**

(ဃ)

(၂၀-၁-၀၅)မိုးထဘက်သား စောစောပါးတော် ခရီးစဉ်ကို စဖို့လုပ်တေ။ ပန်မီလာရို့အဖွဲ့က မိုးထစောစောထလာဖို့ ပြောထားရေလတ်။ စောစောဆိုစီကာမူလေ့ (၈း၀၀)ထက်ကို မစောနိုင်။ မိုးထဖက်သား နှင်းထုကိုဖောက်လာရဖို့ ခရီးစဉ်ဖြစ်နီလို့။

ကိုစိန်လှထွန်းက ပန်မီလာရို့ကို စောင့်မေ။ မိမိရို့က ရှိကလားနှင့်မေ။ မိမိရို့အဖွဲ့မှာ လေးယောက်ပါရေ။ မိမိရို့ကို ဦးဆောင်ခေါ်ယူလာသူက ကျောင်းဆရာသျှေ ကိုရွှေထွန်းကျော်၊ သူက ငမဲပြင်မှာ စာပြဖူးရေ။ ယေနန့် ပါးတော်ခရီးစဉ်မှာ ကုတို့ကိစ္စကို သူဖြေယှင်းနိုင်လို့ သူ့ကို ဦးဆောင်ခိုင်းစွာ။

မိမိရို့လေးယောက်သား နှင်းမှုန်မှုန်ကြားမှာ လျှောက်ကတ်တေ။ ကျောင်းသားသျှေတိက နှင်းမှုန်ကြားမှာ စက်ဘီကိုယ်စီနန့် ကျွဲတဲကို ကျောင်းတက်လားကတ်တေ။ ငမဲပြင် ခမောင်းတက်က အချေတိ ထင်ပါယင့်။

ငမဲပြင်ကို ရောက်တေခါ နဂိုကစီစဉ်ထားရေ စက်လောင်းဟိနီရေ။ ယင်းစက်လောင်းနန့် ပါးတော်ကိုကူး။ ပါးတော်ဘုန်းကြီးကျောင်းက စောင့်ကတ်တေ။

ပါးတော်ဘုန်းတော်ကြီးကျောင်းမှာ ပါးတော်စေတီက ပြိုကျလို့ လိမ့်ကျလားဟန်တူရေ ကျောက်စာတစ်ချပ်ကို ရဟိထားလို့ သိမ်းဆည်းထားရေ မဟုတ်လားလေ။ ယင်းကျောက်စာကို မင်ကူးမေ။ ဖတ်မေဆိုရေ အစီအစဉ်ဟိရေ။ ယေနန့် ဘုန်းတော်ကြီးကျောင်းက စောင့်စွာ။

နောက်ကလိုက်လာဖို့ လူတိကို စောင့်ယင်း ပန်မီလာကို ဗျူးဖို့အတွက် မီးခွန်းတိကို ချရှီးကတ်တေ။

ရယ်စရာကောင်းစွာက ဗျူးဖို့လို့ စိတ်ကူးဟိရေ။ အသံဖမ်းစက်က မပါ။ အာဂစာနယ်ဇင်းသမားတိပါယာ။

စောင့်ယင်းနန့် (၁၁း၃၀)လောက်မှာမှ ပေါက်ချလာရေ။ သူရို့မှာပါလာရေ ဒိုင်နာကားက စပရိန်ညဲ့လို့

မလိုက်ရဲလတ်။ ကားကိုကျွဲတဲမှာ ထားခရေဆိုကာ။

အစီအစဉ်က ကျောက်စာကို အလျင်လေ့လာဖို့ သတ်မှတ်ထားစွာ။ အဂုတော့ ယင်းပိုင်မဟုတ်ယာ။ တောင်ခြီရင်းက ကျောက်ထွင်းကောက်ကြောင်းကို အလျင်လေ့လာမေလတ်။

ပန်မီလာရို့နန့် ပါလာစွာက ပန်မီလာသမီး တာရာဂတ်တမန် ပြီးကေ ဆီဒနီတက္ကသိုလ်ရှိဟောင်းသုတေသနဌာနက Bob Hudson ဆိုသူ။ နောက်တစ်ယောက်က တည်းခိုခန်းမှာ အတူတည်းလို့ လိုက်ပါလတ်တေကလိန့်မေ။ လင်းဘားမ။ လေ့လာရေးခရီးမှာ သူပင်အရှည်ဆုံးယာ။ နိုင်ငံခြားသား(၄)ယောက်။ သူရို့နန့်ပါလာစွာက ဆရာကျော်ကျော်လှ၊ ကိုဘမြိုင်၊ ပရိန်က ကိုထွန်းဝင်း၊ ပန်းချီဆရာ ကိုရွှေမောင်သာ၊ ကိုအောင်ထွန်းလှ၊ ကျွဲတဲကတော့ ကိုစိန်လှထွန်း၊ ကိုထွန်းလှိုင်ရို့တိ။

**ဒေါက်တာ ပန်မီလာရို့အဖွဲ့ ပါးတော်တောင်ခြီရင်းက တစ်ကြောင်းဆွဲကျောက်ထွင်းအရုပ်တိကို လို့လာနီကတ်ပုံ**



ပါးတော်တောင်ခြီရင်း ကျောက်ထွင်းတစ်ကြောင်းဆွဲ ပန်းချီကို သမိုင်းပညာသျှင် ဖော်ချမ္မာက သူ့စာအုပ်မှာ မှတ်တမ်းတင်ခလို့ သမိုင်းပညာသျှင်တိစိတ်ကို ညွတ်ကိုင်းစီပါရေ။ အေတောင်ခြီရင်းကို လာရောက်လိလာသူပညာသျှင်တိ အင်တန်များယာ။ ဖော်ချမာအဆိုပြုခရေ အဆိုကိုလိုက်ပြီး ပြောဆိုကတ်ဆဲပင်။ အချို့က မရောက်ဖူးဘဲ ဖော်ချမ္မာကောက်ကြောင်း ရီးဆွဲခရေ အရုပ်ကိုကြည့်ပနာ အမျိုးမျိုးဖွင့်ဆိုကတ်တေ။

မိမိရို့ရေ အေနီရာကို အခေါက်ခေါက်ရောက်ဖူးပြီးယာ။ ဖော်ချမ္မာဆွဲခရေ ကောက်ကြောင်းနန့်ကျောက်လုံးမှာထွင်းထားရေ ကောက်ကြောင်းတိ မတူကတ်။

ပန်မီလာကို  ဖော်ချမ္မာဆွဲခရေ ပုံနန့် လက်ဟိပုံတိ ခြားနားမှုဟိစွာကို ယှဉ်ပြရေ။

တောမီးလောင်လို့ ကျောက်ချပ်တိ ကွာလို့ အရုပ်တိ ပုံပျက်လာရေ။ မိုးစက်နှင်းစက်တိကြောင့် အစက်အပြောက်တိပေါ်လာရေ။ အချို့ကျောက်တုံးတိရေ မြီကြီးထဲ မြုပ်စပြုလာရေ။

လေ့လာရေခါ Bob Hudson က အငန်းမရ ဖြစ်နီရေ။ အားမရချင်။ လေ့လာယင်း (၁၅း၀၀)ကျော်လားယာ။ မိုးထထမင်းဆိုစွာ ဇာမှာမှန်းမသိ။

မိမိရို့အဖွဲ့က အလျင်တောကထွက်တေ။ ဆရာကျော်ကျော်လှပါရေ။ ပန်မီလာပါရေ။ မင်းသိန်းဇံ ညိုဘန်းရွှေထွန်းကျော် တစ်အုပ်စု၊ တောင်ခြီရင်းက လယ်ကွင်းကို ဖြတ်တေ။ ဆောင်းတွင်းနီဖြစ်လို့ တော်သိရေ။ ယေဒါလည်း နီပူလာလို့ တလင်းတစ်ခုကို ဝင်ရေ။ မိမိရို့လာစွာမြင်လို့ ထိုင်ဖို့အတွက် သပေါ့ခင်းပီးရေ။ သူရို့သောက်ဖို့လုပ်ထားရေ ခွတ်ဗူးက အဖန်ရည်ကို ချပီးရေ။

တလင်းမဏ္ဍပ်အရိပ်အောက်မှာ အညောင်းဖြီချယင်း စကားတပြောပြောနှင့်ပင်။ တလင်းသျှင်မှာကိုကျော်ဇံလတ်။

အချိန်က ကောင်းမဟိယာ။ ဗျူးဖို့ကိစ္စမလုပ်ရသိ။ ဆရာကျော်ကျော်လှကတစ်ဆင့် ခွင့်တောင်းရေ။

ရရေလတ်။ ယေနန့် မူလကစီစဉ်ထားရေ မီးခွန်းတိကိုမီးရေ။ အသက်(၆၀)ရောက် ဝါကြီးမရေ မိမိရို့အမီးကို အလီးအနက်ဖြေပီးရေ။ တစ်ခါတစ်ခါ မိနီစွာတိကို မျက်စိသျှေနှိပ်ပနာ "အာ. . . အာ"နန့် အတွက်ခံလို့ ဖြေတတ်ယင့်။

မိမိက ပန်မီလာဘက်က အမှတ်တရ လိုချင်လို့ အမြဲတမ်းပါလာတတ်တေ အော်တိုစာအုပ်ချေကို ချပီးရေ။ အမှတ်တရ ဓါတ်ပုံရိုက်ဖို့လုပ်တေ။ မင်းသိန်းဇံလက်ဆောင်ပီးရေ ကျိန်း(၅)ကိုပါ ကိုင်လို့။ သူဆောင်းလာရေ သလူမက္ကလာသျှေကိုလေ့ "Rakhine hat" ဆိုပြီး ချထားခစွာက ယူပနာဆောင်းပြီး ဓာတ်ပုံအရိုက်ခံရေ။

မိုးထထမင်းမစားရကေလည်း ကိစ္စမဟိ။ မသိုးထမင်းစားထားကတ်သူတိ ဖြစ်လို့ ဝမ်းဆာလောင်မှုအတွက် ပင် မပေါ်ကတ်။ ပန်မီလာမျက်နှာမှာလည်း ဆာလောင်လို့ ညှိုးငယ်ရေ မျက်နှာကို မမြင်ရ။ လန်းဆန်းတက်ကြွရေ မျက်နှာနန့်ရာမြင်ရယင့်။

မိမိရို့ အိန်တာဗျူးလုပ်နီစဉ် တောထဲမှာ ကျန်ခရေ အဖွဲ့ရေ ရွာထဲကို ပြန်လားလီယာ။ ယေနန့် မိမိရို့ နောက်ကလိုက်ပါလားရေ။ ဒုတိယအဖွဲ့က ရွာထဲမှာ စခန်းချလို့။ မိမိရို့ ဘုန်းကြီးကျောင်းမှာ။

အဆင်သင့်လုပ်ထားရေ ကျောက်စာကိုပြရေ။ ကျောက်စာကို မြင်စွာနန့် တစ်လုံးနှစ်လုံးဖတ်တေ။ ပြီးကေ "ယေဓမ္မာဂါထာ"လို့ပြောရေ။ ဝီရစန္ဒြရလက်ထက်ကလို့ ဆိုရေ။ ကျောက်စာရဟိပုံကို မီးရေ။ ဇာကရလေလို့။ ပါးတော်စေတီအရှိဘက် ဝါး ၄/၅/၁၀ပြန်ခန့်အကွာ တောင်စောင်းကရစွာ။ ဩဂုတ်လ ၂၀၀၁ခုမှာ ရစွာ။ ရက်ကိုတော့ အတိအကျ မမှတ်မိယာလို့ ပြောရရေ။ အသက်(၂၂)နှစ်ဟိရေ အောင်ဖြူညွှန့်ဆိုရေ အချေက ဝါးတုတ်ချိုးရေခါ တွိစွာလတ်။ သူ့ဘက်က ဂေါပကလူကြီးတိယူပနာ ကျောင်းမှာလာထားစွာလို့ ယှင်းပြရေ။ ကျောက်က သဲကျောက် သကာရောင်၊ အောက်ဖက်က အလျား ၁၆လက်မ၊ အထက်ဖက်အလျား ၁၇လက်မ၊ အနံ ၉လက်မ၊ ထု ၃လက်မဟိရေ။

(၃. ၁၂. ၂၀၀၁)မှာ ပထမအကြိမ် လိလာစဉ် လက်ရိီးနန့် မျက်မြင်ကူးယူလာရေ။ ယင်းချင့်ကို ဆရာမောင်ဗသိန်းမှတစ်ဆင့် ဆရာအောင်ဇံကို အပ်တေ။ ပန်မီလာဖက်ကို ပို့ဖို့လို့။ ပန်မီလာလက်ခံရမရ မပြေတတ်။ မိမသတင်းပီးရုံရာ တတ်နိုင်ရေလူရာ။

အောင်ထွန်းလှက ရွာထဲမှာဟိနီလို့ သူ့ကိုခေါ်ပြီး ကျောက်စာကို မင်ကူးရေ။ တစ်ရွက်ပြီးတစ်ရွက်။ မင်ကူးနန့်ကျောက်ချပ်က စာနန့်တိုက်ဆိုင်ပြီး သူ့မှတ်စုစာအုပ်မှာ ပန်မီလာက ကူးယူရေ။ ယင်းပိုင်နန့် အချိန်ရေ ညနီချမ်းရောက်လားရေ။



**ပါးတော် တောင်မှရဟိသော ဝေသာလီခေတ် ရေးထိုးကျောက်စာကို ပါးတော်ဘုန်းကြီးကျောင်း၌ ဒေပိုင် ဖတ်ရှုလိလာ မင်ကူးနီကတ်ပါရေ၊**

မင်းသိန်းဇံနန့် ညိုဘန်းကို ကိုစိန်လှထွန်းက သူရို့ပြန်ဖို့လွယ်အောင် စီစဉ်ပီးရေ။ သူရို့က မင်းပြားကို ပြန်ဖို့လေ၊ မင်းပြားကို နှစ်ယောက်ပြန်၊ ကျန်တိုင်သားက ကျွဲတဲကို။

တာရာဂတ်တမန်က ပျော်ရေလားဆိုစွာ မပြောကေဖိ။ အချေတိကလေ့ နိုင်ငံခြားသားကို မြင်ဖူးစွာ မဟုတ်။ ဝိုင်းပြီးကေကြည့်။ ကောင်မချေက ကပြ ခုန်ပြ။ ယေလီအချေတိက ဝိုင်းလာလီယာ။

စက်လောင်းထက်ကိုတက်။ အထွက်မှာ "ဘိုင့်ဘိုင်"လုပ်လို့ ကမ်းထက်က အသျှေတိက သောင်းသောင်းဆာလို့၊ "ဘိုင့်ဘိုင်"ဝှေကတ်စွာ. . . ဝှေကတ်စွာ။ စက်လောင်းနန့်ခဲ-မောင်းတက်ကိုလိုက်ပို့ရေ။ ယင်းကမှ ကျွဲတဲကို လမ်းလျှောက်ကတ်တေ။ ကတ်တော်သိမ်ရောက်တေက နီလုံးပျောက်ယာ။ ကတ်တော်သိမ်မှာ ရှိခေတ်က ကြွင်းကျန်သိရေ ကျောက်ထွင်းပန်းတက် ပန်းခက်အနုလက်ရာ စကေဟိကြောင်းပြောပြလို့ ဝင့်ကြည့်ကတ်တေ။ စတိလောက်ကြည့်ခနိုင်ယာ။ အချိန်တိက ကုန်ခမ်းလားခယာလေ။

ကျွဲတဲရောက်တေခါ ညစာဖက်သား အစာအတွက် အဆင်သင့်လုပ်ထားရေ။ ကိုမောင်ကျော်ထွန်းက ချက်ပြုတ်ထားစွာ။ ပါလာရေ အာဂန္တုတိ မိုးထစာနန့် ညစာတပေါင်းတည်းစားဖြစ်လို့ ဂေါင်းမဖော်နိုင်အောင်ကို စားကတ်တေမြင်ယင့်။ သူရို့တိရေ နီဝင်ဒရူးမှာ ပြန်လားခကတ်တေ။

Bod Hudson ကတော့ စိတ်မကျီနပ်ခ။ ကျောက်လုံးတစ်လုံး မြုပ်နီစွာကို ဖော်ကြည့်ချင်ရေ။ နက်ဖြန်ပြန်လာဖို့လတ်ယေ။

(င)

(၂၁-၁-၀၅)မိုးထဖက်သားမှာ Bod Hudson နန့် အောင်ထွန်းလှရို့ ရောက်လှာရေ။ ပန်မိလာသားမိမပါယာ။ ကျွဲတဲကတော့ ကိုရွှေထွန်းကျော်၊ ကိုထွန်းလှိုင်၊ ကိုစိန်လှထွန်းနန့် မိမိရို့ပါရေ။ ခဲမောင်းတက်က နှစ်ယောက်သုံးယောက်ပါရေ။ အေနိတော့ ခဲမောင်းတက်က ကူးပနာ တောင်ခြီရင်းကို လျှောက်တေ။

ပါးတော်စေတီကို တက်တေ လမ်းဟောင်းဘေးတောင်ကုန်းမှာ ခြီရာတော်တစ်ခုဟိရေ။ ကျောက်တုံးထက်မှာ ထုဆစ်ထားစွာ လက်ရာနုရေ။ လက်ရာကတော့ ကောင်းကြပုံမပေါ်သိ။ နောက်ဘီလူးရုပ်သျှေ တစ်ရုပ်ပက်လက်လန်လဲလို့ ယင်းသျှင့်တိကိုပါ အာဂန္တုဘုတ်ဖားက မှတ်တမ်းတင်ရေ။ မှတ်စုမှာမှတ်တေ။ ယင်းကနီကောက်ကြောင်းဖက်ကိုလားရေ။ အရပ်သားတိက ကျောက်မိကျောင်းလို့ပြောရေ။ ကျောက်ဆောင်ကို မရောက်ခင်မှာ သဘာဝကျောက်ဂူတစ်ခုတွိ့ရေ။

(၂၆. ၁၀. ၀၁)မှာ ဆရာမောင်ဗသိန်းရို့နန့် လေ့လာရေးခရီးထွက်စဉ် အေနားက သပြေပင်ရင်းမှာ ထမင်းစားစွာ မှတ်မိနိသိရေ။ ယင်းခါက မမြင်ခ။ ဘုတ်ဖားကြီးရေ ကျောက်ဆောင်ကို မြင်စွာနန့် စိုက်စိုက်လားခရေ။ ချောင်းကြည့်ရေ။ ယေခါ သဘာဝဂူဖြစ်နီရေ။ ဂူနားက ကျောက်လုံးတိမှာ ကျောက်ဆစ်ထားရာ ဆောက်ရာ၊ စူးရာတိနန့်။

သူက ကောက်ချက်ချရေ။ အေစွာမှာ ကျောက်ဆစ်အတတ်ပညာသည်တိ တည်းခိုပြီးကေ လိုစွာတိကိုထုဆစ်ခလိမ့်မေလို့ သူအသီအချာ မှတ်တေ။ စိတ်ကျီနပ်မှ ညဇာကတူးခချင်ရေ ကျောက်တုံးကို တူးဖြတ်ဖို့လားရေ။

ယင်းကျောက်တုံးရေ မိကျောင်းရုပ်နားမှာဟိရေ။ တူးကြည့်ရေ။ တောင်စောင်းဖက်က မြီပို့စွာယက်တေ။ ယင်းဖက်က နှုတ်ခမ်းသားရေ ဘောင်ခံလို့မဟိ။ ကျန်သုံးဖက် ဘောင်ခတ်ထားရေ။ တောင်ဖက်က နှုတ်ခမ်းသားကို အစွန်းထွက်နီလို့ ဖြတ်တောက်ဖို့ လုပ်ခရေ။ အရှိမြောက်ထောင့်ကတော့ ကွဲနီရေ။ လုပ်ယင်းကွဲလားစွာလား။ နောက်ခါကွဲစွာလားမသိ။ ဘောင်အတွင်းမှာ ချိုင့်ခွက်ခံထွင်းထားရေ။ စဉ်းစားမရအောင်ပင်။ သူနန့်ကပ်နီရေ ကျောက်မိကျောင်းဆိုစွာ စူးရာဆောက်ရာတိနန့်။ တစ်နီရာမှာ စတူပါထိပ်ပုံပေါ်နီရေ။ အေနှစ်ခုကို ဆက်စပ်တွေးကေ စတူပါလုပ်ဖို့ ပျင်ခစွာလာ။ ဘုတ်ဖားကြီးက အသီအချာမှတ်တေ။

မိမိအတွေးနန့် သူ့အတွေးကို ဆက်စပ်ကြည့်ရေ။ သူကလေ့ ဖြစ်နိုင်ရေလို့ဆိုရေ။ သူ့အာရုံထဲမှာ အေနီရာရေ ကျောက်ဆစ်သမားတိ ကျက်စားခရေနီရာလို့ မှတ်ချက်ချရေ။ ဇာဖြစ်ဆိုကေ အေနီရာတောင်စောင်းမှာ ကျောက်ဆောင်တိဟိနီလို့၊ အေက ကုန်ကြမ်းကို ကုန်ချောထုတ်။ ဝါးဖောင်နန့်လိုရေနီရာကို ဖြန့်ဝီခလိမ့်မေလို့ သူယူဆရေ။

သူ့အယူအဆ ဇာလောက်မှန်မမှန်ကို ဇာသူပြောနိုင်ပါဖို့လဲယေ။

အေနိတော့ခါ (၁၄း၃၀)လောက်မှာ ပြန်လာရေ။

မိမိရို့တိရေ ဇာဖြစ်လို့ ထမင်းငတ်၊ ဟင်းငတ်ခံလို့ လေ့လာနီကတ်စွာလေ။ ကိုယ့်ဘာသာ ကိုယ်မီးကြည့်ရေ။

သမိုင်းပညာသျှင် ဒေါက်တာသန်းထွန်းက ပြောဖူးရေ။ "သမိုင်းကို လေ့လာစွာ မအအောင်"လို့လတ်။

ဟုတ်ပါယင့်။ မိမိရို့ရေ ကိုယ်ရို့သမိုင်းကို သိထားဖို့ လိုရေ။ သမိုင်းဆိုစွာ အတိတ်က ဖြစ်ရပ်တိကို ရှီးချယ်ထားရေ ဖြစ်ရပ်မှန်ဇာတ်လမ်းမဟုတ်လား။ ယင်းဇာတ်လမ်းတိထဲက သင်ခန်းစာကို ယူပနာ ပစ္စုပ္ပန်နန့် အနာဂတ်လူ့ဘောင်အတွက် ဖန်တီးယူကတ်ရစမြဲ ဖြစ်တေလေ။ ယေနန့်သမိုင်းကို လေ့လာဖို့လိုစွာ။ သမိုင်းဆိုစွာ ပုပ်သိုးဟောင်းနွမ်းလာခြင်းမဟိရေ။ မသိုး ထမင်း မသိုးဟင်းလို့ ဆိုချင်ပါယင့်။ ဟုတ်ပါရေ။ မိမိရို့မှာ မသိုးထမင်း မသိုးဟင်းဆောင်ထားချင်လို့ ရှုးသွပ်စွာ ရှာဖွီနီကတ်တေလို့ ဆိုပါဖို။

ဝူဖေဆန်

၂၈၁၇၁၇၊ ၁၊ ၂၀၀၅

၁၃၆၆၊ ပြဆုတ်၊ ၄ရက်၊ ၆-ကြာ။

# ရခိုင်ရိုးရာ ဒိုးကစပ်ပွဲ

**စောဝဏ္ဏ (မင်းပြား)**



လူမျိုးတိုင်းမှာ ရိုးရာအားကဇပ်နည်း အမျိုးမျိုးဟိကပ်ပါရေ။ ရခိုင်ဒေသအားကဇပ်နည်းများမှာ ကျန်းမာရေးအတွက် အထောက်အကူဖြစ်တေပိုင် အချင်းချင်း စည်းလုံးညီညွတ်မှုနန့် စည်းကမ်းလိုက်နာမှု အဖွဲ့လိုက်နန့် တစ်ဦးချင်း ကြိုးစားစိတ်ဟိမှု အလေ့အကျင့်တိကို ရယ်ိုစီပါရေ။ ယင်းအားကစားနည်းများမှာဆိုပါကေ ကျင်ပွဲ၊ ရထားပွဲ၊ ရီလှိုပြိုင်ပွဲ၊ ကုန်းလှိုပြိုင်ပွဲ၊ အောင်လူပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ ဒေါင်းပြောက်ခုန်ပွဲ၊ ကြက်ခွတ်ပြိုင်ပွဲ၊ ဒိုးပြိုင်ပွဲ၊ ခတ်ကျောက်သီးပြိုင်ပွဲ၊ ဂိုင်ထိုးပွဲ၊ ကွမ်းသီးဝှက်ပွဲ၊ ဆိတ်ခိုးပွဲ၊ အပင်တက်ပြိုင်ပွဲ၊ ချေတိုင်တက်ပွဲ၊ ငှက်ပျောပင်တက်ပြိုင်ပွဲဆိုပြီးကေ ကစပ်တေနည်း အများကြီးဟိကတ်ပါရေ။

ယင်းအားကစပ်တေပွဲမှာ လူကြီးလူငယ်စုပေါင်းလို့ တစ်မျိုး၊ အပျို လူပျိုစုပေါင်းလို့တစ်မျိုး၊ အပျိုမချေတိ သက်သက်တစ်မျိုး၊ လူပျိုချေတိ သတ်သတ်တစ်မျိုးစီ၊ ခွဲခြားကဇတ်ရရေပွဲတိ ဟိခပါရေ။ ဒိုးပြိုင်ပွဲဆိုပါက အပျိုချေတိ အထူးတလည် နှစ်သက်ရေ ပွဲတစ်မျိုးဖြစ်ပါရေ။ နိခင်းနိလည် အားလပ်ချိန်မှာ တစ်မျိုး၊ လပ,ရေ ညဥ့်အချိန်မှာတစ်မျိုး၊ အထူးစည်ကားရေ ဒိုးပြိုင်ပွဲကြီး ဟိခကတ်ပါရေ။

စာရီးသူရို့ လူပျိုပေါက်အရွယ်မှာ အပျိုတဘက် လူပျိုတဘက် ကိုယ်တိုင်ဝင်ရောက် ကဇပ်ခစွာပုံရိပ်ကို မြင်ယောင်နီပါသိမ့်ရေ။ ယင်းပွဲရို့မှာ ဒိုးကဇပ်ထူးချွန်ရေ မိန်းမကြီးတစ်ဦးကို ဂေါင်လူကြီး (ခေါင်းဆောင်) အဖြစ် တင်ထားရပါရေ။ ဒိုးကဇပ်နည်း အဆင့်ဆင့် (၂၆)ဆင့် အောင်မြင်ပြီးမှ အနိုင်ဆုကို ပီးကပ်၊ ချီးမြှင့်ကတ်ရပါရေ။ ယင်းကဇပ်နည်းရို့မှာ ဆိုပါကေ. . . .

**<u>ညိုမေ (အညိုမေ)</u>**

ကိုယ်ပစ်တေဒိုးကို လက်နန့်လိမ့်လွှတ်ပြီး သတ်မှတ်ထားရေ စည်းတာကို မကျော်မီ၊ ကိုယ်ပစ်လိုရေနီရာမှာ၊

ဖမ်းပြီးကေ ထောင်ထားရေ ဒိုးကိုလဲအောင် ပစ်ရပါရေ။

**ဖူးမှုတ်ကောက်တဲ**

ဒိုးကိုပါးစပ်ထဲက ဖူးလို့မှုတ်ပြီး လွှတ်လိုက်ရရေ။ နီရာမှလုံးဝမရွှီစီဘဲ၊ ထောင်ထားရေဒိုးကို ထိမိအောင် ပစ်ရပါရေ။

**ဆင်ခြီလှမ်း**

တာမကနီလို့ ညာဘက်ခြီဖဖိုးထက်မှာ၊ ဒိုးကိုတင်ပြီးကေ ဘယ်ခြီတစ်လှမ်း လှမ်းပနာ၊ ညာခြီထောက်ကို လှမ်းပြီးကေ ပစ်ရပါရေ။

**လျှပ်ထိုး**

ဒိုးကိုခြီဖျားတိအောက်မှာထိုးလို့၊ အပြားလိုက်ဖိညှပ်ပျာယ်၊ ကျန်ခြီတစ်ဖက်ကို၊ မြှောက်ပြီး လျှပ်တိုက်လို့၊ လားရပါရေ။ ထောင်ဒိုးကို (၃)ပတ်တိတိ ပတ်ရပါရေ။ အကယ်၍ ဒိုးမှာ ဖဝါးအောက်ကို လျှောဝင်လားပါကေ မအောင်မြင်(သီရေ) လို့ဆိုပါရေ။

**ခြီတင်ခုံ**

ခြီဖမိုးပေါ် ဒိုးကိုအပြားလိုက်တင်ထားပြီးကေ၊ တဖက်ခြီကို မြှင့်ပနာ ဒေါက်ခုန်ဒေါက်ခုန်နန့် ထောင်ထားရေ ဒိုးကို (၃)ပတ်ပတ်ရပါရေ။

**ခြီတင်သွေ့**

ခြီတင်ခုံလုပ်နည်းအတိုင်း ဒေါက်ခုန်ဒေါက်ခုန်နန့် ယူလာပြီးကေ၊ ထောင်ထားရေဒိုး စည်းတာနားမှာ ရပ်ပနာ ဒိုးတင်ထားရေခြီကို လွှဲယူကာ၊ ခြီဖမိုးနန့် ထောင်ထားရေ ဒိုးကိုပစ်ရပါရေ။

**မြင်းလွှတ်**

ဒိုးလွှတ်တာက၊ ပစ်ဒိုးကို လက်နန့်ထိန်းပြီးကေ၊ ထောင်ဒိုးကို မလွန်အောင်၊ ပစ်ရပါရေ။ ဒိုးရောက်တေနီရာက ခြီတစ်ဖက်နန့်ထောက်ပြီး ကျန်ခြီတစ်ဖက်ကို မဗျာလ်ဒိုးကို တိုးလို့တိုးလို့ယူလာပြီးကေ ပစ်ရပါရေ။ (အေနီရာမှာ ဒိုးမပစ်ခင်က-မြင်းလွှတ်စီးမှာကျကေ "ဒွီး"လို့ဆိုပြီးကေ ပစ်ကတ်ရပါရေ×။

**ပေါင်ရင်းကြီး**

ဒိုးကို ပေါင်ရင်းမှာ ညှပ်ပနာ၊ တာမှလွှတ်ပြီး၊ ထောင်ဒိုးကို မကျော်ရအောင် ထိန်းလို့ပစ်ရပါရေ။

**ပေါင်ရင်းလတ်**

ပေါင်ရင်းကြီးပစ်ကေ ပိုင်ယှော် ပေါင်လည်မှာ ညှပ်ပနာ ပစ်ရပါရေ။

<u>**ပေါင်ရင်းသျှော**</u>

ဒိုးကိုပေါင်အောက်မှာ ညှပ်လို့ပစ်ရပါရေ။

<u>**ဒူးငုတ်(ဒူးမောင်း)**</u>

ဒူးနှစ်ခုကြား ဒိုးကိုညှပ်လို့ လွှတ်ပြီးကေ၊ ပေါင်းရင်းကြီးနည်းပိုင်သျှောင် ပစ်ရပါရေ။

<u>**ဒူးလိမ်**</u>

ညိုမေ (အညို့မေ) ပြုလုပ်တေနည်းအတိုင်း သတ်မှတ်တာမှ မှန်းလို့လွှတ်တာ လက်နန့်လုံးဝမထိန်းဘဲ ရောက်တေနေရာက ထောင်ဒိုးကို ထိမိအောင် လက်နန့်ပစ်ရပါရေ။

<u>**ခြီမျက်စိညှပ်**</u>

ခြီမျက်စိနှစ်ခုကြား ဒိုးကိုညှပ်ပြီး ရပ်စောက်ရပ်ပနာ လွှတ်ထို့၊ ပေါင်ရင်းကြီးပိုင် ပစ်ရပါရေ။

<u>**ဖနောင်ဆွဲ**</u>

ဖနောင့်နှစ်ခုကြားမှာ ဒိုးကိုညှပ်ပြီးကေ၊ ခြီမျက်စိ ညှပ်ပစ်တေသျှောင်ပိုင် ပစ်ရပါရေ။

<u>**ဖဝါးလယ်**</u>

ဖဝါးလယ်မှာ ဒိုးကိုညှပ်လို့ အထက်ကနည်းပိုင်သျှောင် ပစ်ရပါရေ။

<u>**ခြီမညှပ်**</u>

ခြီမနှစ်ခုကြားမှာ၊ ဒိုးကိုညှပ်လို့ အထက်ပါနည်းပိုင်သျှောင် ပစ်ရပါရေ။

<u>**ခြီမကြားညှပ်**</u>

ခြီမနန့် ခြီလယ်ကြား ဒိုးကိုညှပ်ပနာ ရပ်စောက်ရပ်ပြီးကေ တာမှလှိမ့်ရပါရေ။ လှိမ့်လာရေဒိုးကို လက်နန့် ဖမ်းလို့ ပစ်ရပါရေ။

<u>**ခြီလယ်ညှပ်**</u>

ခြီလယ်နန့် ခြီသူကြွယ်ကြားမှာ ဒိုးကိုညှပ်ပြီး၊ လယ်ညှပ်ပိုင် ပစ်ရပါရေ။

<u>**ခေါင်းတင်**</u>

ဒိုးကို ဂေါင်းထက်မှာ အပြားလိုက်တင်ပြီး လက်နန့်လုံးမကိုင်ဘဲ တဖြည်းဖြည်းလျှောက်လာပြီးကေ ထောင်ဒိုးအနီးအနားကို ရောက်ကေခါ၊ ဦးခေါင်းညွတ်လို့ ပစ်ရပါရေ။ (ပစ်တေခါ ခါးကိုလုံးဝ မညွှတ်စီရပါ)။

**ပါးတင်**

ခေါင်းကို စကေချေစောင်းပနာ ဒိုးကိုပါးထက်မှာ တင်ပြီးကေ ခေါင်းတင်အတိုင်း ပစ်ရပါရေ။

**နားတင်**

ဒိုးကို နားထက်မှာတင်ပြီးကေ၊ ပါးတင်အတိုင်း ပစ်ရပါရေ။

**နဖူးတင်**

မျက်နှာကို မော့ပနာ၊ ဒိုးကို နဖူးထက်မှာ တင်ပြီးကေ လမ်းလျှောက်လားပနာ ပစ်ရပါရေ။

**ထမင်းပို့**

ဒိုးကို ခြီခုံမှာတင်ပြီး ခြီတစ်ဖက်တည်း ထောင်ပနာ ခုန်လို့လားဗျာယ် ထောင်ဒိုးကို တစ်ပတ် ပတ်ရပါရေ။

**နန့်တို့စား**

ဒိုးကို ခြီမကြားမှာညှပ်ပြီး ခြီတစ်ဖက်တည်းနန့်ခုန်လို့ လားဗျာယ် ထောင်ဒိုးကို တစ်ပတ်ပတ်ရပါရေ။ ယင်းပိုင်သျှောင်ပစ်တေခါ စိုက်ထားရေ ထောင်ဒိုးကို မြီမှာမလဲစီရပဲ၊ ခြီမကြားမှာ ညှပ်ထားရေဒိုးနန့် ထောင်ဒိုးကို (၃)ကြိမ်တိတိ တို့ပြီးကေ ပြန်လာရပါရေ။ ယင်းပိုင်သျှောင် (၃)ကြိမ်တိုင်အောင် ပြုလုပ်ရပါရေ။

**ပုလင်းထောင်**

ထောင်ဒိုးနန့်ထိအောင် တာမကနီဗျာယ်၊ လက်နန့် ပစ်ရပါရေ။ ပစ်ဒိုးနှင့်ထောင်ဒိုးပစ်လက်ပြီး လဲကျလား ပါကေ မူလစည်းတာမှ နီပနာ ရှိကို တစ်တောင်တိုးလို့ပစ်ရပါရေ။ ယင်းပိုင်သျှောင် တစ်တောင်စီတိုးလို့၊ တိုးလို့ ပစ်ခြင်းဖြင့် တဆတ်ဆတ်နန့် ပါးလာပြီးကေ နောက်ဆုံး တစ်တောင့်တစ်လှာအကွာမှ ပစ်ပြီးပါက ဒိုင်ပွဲ (အောင်ပွဲ ခံ) ဒိုးပွဲက ပြီးဆုံးလားပါရေ။

ယင်းပိုင် တစ်ဖက်နန့်တစ်ဖက် တလှည့်စီ၊ ကဇပ်ကတ်စွာမာ၊ အဆင့်ဆင့်တက်ပြီးကေ အစ,ကနဦး ပြီးသူဖက်က အနိုင်ရကေ၊ ပွဲအောင်မြင်ပြီးဆုံး အနိုင်ရပါကေ။ အကယ်၍ ဒိုးကဇပ်တေခါ တဖက်ဒိုးကိုရာ ထိမ,ပစ်မိ, ပါကေ (ချောက်ခိုးရေ) လို့ ဆိုပါရေ။ ဆိုလိုစွာက (မိမိခင်ပွန်းအပြင် အခြားသူနန့် တိတ်တဆိတ် ဖောက်ပြန်စွာကို ခေါ်စွာပါ) ဒိုးကဇပ်တေခါ ချောက်ခိုးမိပါက၊ တဖွဲ့လုံးဆုံးရှုံး(သီဆုံး) ပါရေ။ ကျန်အဖွဲ့က ဆက်ပြီးကေ ပြန်လို့စလို့ ကဇပ်ကပ်ရပါရေ။ တစ်ပွဲကို ဆက်တိုက်နိုင်ဖို့ဆိုစွာ သာမန်ကိစ္စမဟုတ်ပါ။ တဖွဲ့လုံး အညောင်းခံပြီးကေ၊ ဒိုင်ခေါင်းဆောင်လုပ်သူမှာ အချိန်ကန့်သတ်အနားပီးရပါရေ။


ကြီးကျယ်မြင့်မြတ်တေလုပ်ငန်းကို ခွန်အားတစ်ခုတည်းနန့် ဖန်တီးလို့မရနိုင်ပါ။ မလျှော့ရေ ဇွဲနန့် ဖန်တီး ရယူပါမှ အောင်မြင်နိုင်ရေလို့ အဆိုဟိပါရေ။ ရိုးရာယိုင်ကျေးမှု ဒိုးပြိုင်ပွဲ အားကဇပ်နည်းကို ဖန်တီးကြံဆစွာကို ပင် ဂုဏ်ယူဖို့ကောင်းပါရေ။ ယေဇူနန့် ရိုးရာယိုင်ကျေးမှု ပျောက်ကွယ်ကေ၊ လူမျိုးလည်း ဆိတ်သဥ်းနိုင်ပါရေ။

အားကဇပ်နန့် ပတ်သက်လို့ ဘာသာရီးပွဲတော်ရို့မာ ရိုးရာကျင်ပွဲ၊ လှီပြိုင်ပွဲအဆင့်လောက်ရာ ကျန်ပါ ဗျာယ်။ အေခေတ်လူချေ၊ လူငယ်ရို့မှာ ဒိုးပြိုင်ပွဲနန့် တခြားအားကဇပ်ပွဲနည်းရို့လို့ကို လုံးဝမမြင်ဖူးကတ်ဗျာယ်၊ ရိုးရာအားကဇပ် တိမ်မြုပ်လားစွာ ဝမ်းနည်းစရာတစ်ရပ်ပင် မဟုတ်ပါလား၊ မိမိရိုးရာယဉ်ကျေးမှုကို အမျိုးသားရီး အနီနန့် ဖော်ထုတ်ထိန်းသိမ်းဖို့ လိုအပ်ကြောင်း ဒိုးအားကဇပ်နည်းကို လေ့လာရင်းတင်ပြလိုက်ရပါရေ။

**စောဝဠာ-မင်းပြား**

# မဟာပညာကျော် စေတီတော်

ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)



တစ်ချိန်တစ်ခါက နာမည်ကြီးခဲ့သလောက် လက်ရှိအခြေအနေတွင် ဒေသခံများတောင် မသိသလောက် ဖြစ်နေသောစေတီတစ်ဆူရှိပါသည်။ ထိုစေတီတော်မှာ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ နန်းတော်ရာကုန်း၏ အနောက်မြောက်ဘက်တစ်မိုင်ခန့် ပိန္နဲတောင်မြို့ရိုးအတွင်းကပ်လျက် ပိန္နဲတောင်ကျိုင်ထဲတွင် တည်ရှိသော မဟာပညာကျော် စေတီတော်ပင် ဖြစ်ပါသည်။

ယခုပိန္နဲတောင်ကျိုင်၊ ပိန္နဲတောင် သင်္ချိုင်းဟု ခေါ်သောနေရာသည် ၁၆-ရာစုမြောက်ဦးမြို့ ဘုန်းမီးနေလ ထွန်းတောက်ခဲ့စဉ်က ပြည်ထိန်းအမတ်ကြီး မဟာပညာကျော်နေခဲ့သော အိမ်ရာဟုသိရပါသည်။ ပညာရှိများ နေထိုင်ခဲ့သောနေရာကို နယ်ချဲ့အင်္ဂလိပ်တို့ လက်ထက်က သင်္ချိုင်းအဖြစ် အသုံးပြုခဲ့သောကြောင့် ပိန္နဲတောင် သင်္ချိုင်းအဖြစ် ခေါ်တွင်ခဲ့ရပေသည်။ ၁၉၉၀-ခုနှစ်တွင် ပိန္နဲတောင်ကျိုင်အနီး လမ်းလုပ်ခဲ့စဉ်က ကျောက်စာတစ်ချပ် ရရှိခဲ့ကြောင်း သိရှိရပေသည်။


မဟာပညာကျော်အမတ်ကြီးသည် ရခိုင်သမိုင်းတွင် အသက်(၁၁၁)နှစ်ရှည်ခဲ့သောကြောင့် ဘသက်ရှည် အမတ်ကြီးအဖြစ် ထင်ရှားသည်။ စွယ်စုံပညာရှင် အမတ်ကြီးဖြစ်သောကြောင့်လည်း ဘုရင်များက အလေးထား ဂါရဝပြုကြသည်။ ဒုတိယမြောက်ဦးခေတ်တွင် မင်းဗာကြီးမှစ၍ မင်းရာဇာကြီးဘုရင်လက်ထက်ထိ မင်း၆-ဆက် တိုင် အမှုတော်ထမ်းခဲ့သော မင်းတိုင်ပင် အမတ်ကြီး တစ်ပါးအဖြစ် ရခိုင်သမိုင်းတွင် အလွန်ထင်ရှားပါသည်။

မဟာပညာကျော်အမတ်ကြီးသည် မင်းရာဇာကြီးနှင့်အတူ ပဲခူး ဟံသာဝတီမှ ရခိုင်သို့အပြန် လမ်းခရီး အကြား မော်တင်သို့ရောက်သောအခါ အမတ်မဟာပညာကျော် အမတ်ကြီးသေလွန်လေသော် ကြီးကျယ်စွာ သင်္ဂြိုဟ်တော်မူ၍ အမတ်ကြီးကို သင်္ဂြိုလ်သော သင်္ချိုင်းရာပေါ်တွင် ဘုရားစေတီတည်ထားတော်မူခဲ့လေသည်။ ထိုစေတီကြီးကို ယခုတိုင် မော်တင်စေတီဟု ထင်ရှားစွာ ခေါ်ဝေါ်လျှက်ရှိကုန်၏ဟု ရခိုင်သမိုင်းတွင် တွေ့ရှိရပါ သည်။

မော်တင်စေတီတည်ပြီးနောက် မင်းရာဇာကြီးသည် မြောက်ဦးသို့ရောက်သောအခါ မဟာပညာကျော် အမတ်ကြီး အိမ်ရာဝင်းထဲတွင် မဟာပညာကျော်အထိမ်းအမှတ်အဖြစ် စေတီများတည်ခဲ့ကြောင်း ဒေသခံရခိုင်

သမိုင်းသုတေသီကြီးများအဆိုအရ သိရှိရပါသည်။ မဟာပညာကျော် အိမ်ဝင်းခြံထဲတွင် ယခုလက်ရှိ တောင်ဖက်၌ အုတ်စေတီတစ်ဆူနှင့် မြောက်ဖက်၌ ကျောက်စေတီတစ်ဆူ၊ ပေါင်းနှစ်ဆူကို တွေ့ရှိရပါသည်။ ယခုရေးသားဖော်ထုတ်နေသောစေတီမှာ မြောက်ဖက်မှ ကျောက်စေတီပင်ဖြစ်ပါသည်။ မဟာပညာကျော် ကွယ်လွန်ပြီးမှ အထိမ်းအမှတ်အဖြစ် တည်သော မဟာပညာကျော်စေတီကို ရခိုင်သမိုင်းများ အဆိုအရ သက္ကရာဇ် ၉၆၁-ခုတွင် တည်ခဲ့ဟန် ရှိပြီး မင်းရာဇာကြီးကောင်းမှုတော်ဟု ဆိုဖွယ်ရှိပေသည်။

မဟာပညာကျော်စေတီမှာ စေတီအဖြစ်မှ ခြုံနွယ်ပိတ်ပေါင်းကာ ကျောက်ပုံအဖြစ်သို့ ရောက်ရှိနေခဲ့သည်မှာ ကြာညောင်းလှပေပြီဟု ကျောက်ပုံတွင် ပေါက်ရောက်နေသော သစ်ပင်များက ပြောပြနေပေသည်။ ၁၃၆၆-ခု ကဆုန်လတွင် မဟာဂန္ထဝါစက ပဏ္ဍိတ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရိယဝံသ အလိုတော်ပြည့်ဆရာတော်ဘုရား၏ ပံ့ပိုးကူညီမှုဖြင့် မြောက်ဦးမြို့ ရှေးဟောင်းသုတေသနဌာနခွဲမှ ပြန်လည်တည်ဆောက်ပြုပြင်ရန် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း တာဝန်ယူဆောင်ရွက်ရှင်းလင်းရာ အမြင့် (၇)ပေခန့်နှင့် အချင်း (၁၀)ပေခန့်ရှိသော ခြုံနွယ်ပိတ်ပေါင်းနေသော ကျောက်ပုံကြီးတစ်ပုံကို တွေ့ရှိရပါသည်။ ထိုကျောက်ပုံကြီးကိုရှင်းလင်းရာ ပုံ(၁)စေတီပန္နက်ပုံမျိုး ထွက်ရှိလာပါသည်။




ဘိနပ်တော်မှာ လေးထောင့်ပုံသဏ္ဍာန်တွေ့ရှိရပြီး ထိုဘိနပ်တော်မှ ဂူကျောင်းကို ရှစ်မျက်နှာတွေ့ရှိရပါသည်။ ရှစ်မျက်နှာဆိုသော်လည်း ရှစ်မျက်နှာအညီ မတွေ့ရှိရပါ။ လေးမျက်နှာကျယ်ပြီး ထောင့်လေးမျက်နှာကျဉ်းသည်ကို တွေ့ရှိရပါသည်။ စေတီတော်မှာ ဘိနပ်မှ ဂူကျောင်းထိ (၇)ပေခန့် ကျန်ရှိနေသည်ကို သန့်ရှင်းရေးလုပ်လိုက်သောအခါ တွေ့ရှိရပါသည်။ မုခ်အထွက်လည်း (၇)ပေခန့်တွေ့ရှိရပါသည်။

ကျန်ရှိနေသေးသော စေတီဟောင်း၏ပုံသဏ္ဍာန်ကို အခြေခံခန့်မှန်း၍ မြောက်ဦးခေတ် အလယ်ပိုင်း စေတီတော်တစ်ဆူဖြစ်သည့် သျှစ်သောင်းပုထိုးတော်၏ အနောက်ဖက် ထီးဖြူဆောင်းစေတီပုံစံနှင့် ပေါင်းစပ်ပုံထုတ်တည်ဆောက်လိုက်ပါသည်။ ထီးဖြူဆောင်းစေတီနှင့်မတူသောအချက်တစ်ခုမှာ ခိုနန်းချိုးမပါခြင်းပင်ဖြစ်ပါသည်။ ယခုလက်ရှိတည်ဆောက်နေသော မဟာပညာကျော်စေတီတော်သည် နဂိုကျန်ရှိခဲ့သော အောက်ခြေတစ်ပိုင်းတစ်စနှင့် ထီးဖြူဆောင်းစေတီတော်ပုံစံကို ပေါင်းစပ်ကာ တည်ဆောက်ထားခြင်းဖြစ်ပါသည်။ စေတီတော်

၏အလျား၊ အနံပေ (၂၀)ရှိပြီး မုခ်ထွက် (၇)ပေရှည်သည်။ အမြင့်မှာလည်း (၂၇)ပေခန့်ရှိပါသည်။

စေတီတော်ရှင်းလင်းရေးလုပ်ခဲ့စဉ်က ပလ္လင်ထက်တွင် အမြင့် (၁ပေ ၅လက်မ)၊ အကျယ် (၁ပေ ၈လက်မ) လုံးပတ် (၂ပေ ၁၀လက်မ) ရှိ ခါးလည်ပိုင်း ဘုရားကျိုးတစ်ခု၊ အမြင့် (၆လက်မ၊ အကျယ် ၆လက်မ)ခန့်ရှိ ဘုရား တင်ပဆုံငယ်တစ်ခု၊ အမြင့် (၈လက်မ၊ အကျယ် ၈လက်မ)၊ ကျောက်ဘုရားတင်ပဆုံတစ်ခုနှင့် (၃)လက်မ ခန့်မြင့်သော ဦးတော်တစ်လုံးကိုလည်း တွေ့ရှိရပါသည်။ နဂိုက ပလ္လင်ထက်တွင် ဘုရားသုံးဆူရှိလိမ့်မည်ဟု ယူဆရပါသည်။ တွေ့ရှိရသည့် ဘုရားအပိုင်းအစများကို ကြည့်ခြင်းအားဖြင့် အားလုံးကျောက်ဘုရားများသာ ဖြစ်လိမ့်မည်ဟု ထင်မြင်မိပါသည်။



စေတီတော်မုခ်ထွက်ကျောက်ပုံကို ရှင်းလင်းရာ မုခ်ပန်းခက် ပန်းလက်များနှင့် ပုံ(၃)ပန်းကိုက် ဘီလူးရုပ် ဦးခေါင်းပိုင်းကို တွေ့ရှိရပါသည်။ မုခ်ဦးဒုရင်တိုင်ထိပ်မှ ပန်းကိုက်ဘီလူးရုပ်ဖြစ်လိမ့်မည်ဟု ယူဆရပါသည်။ ဘီလူးခေါင်းထိပ်တွင် ကလာသာပန်းအိုး တင်ထားခဲ့ပုံ ရပါသည်။ ကျိုးပဲ့နေသောကျောက်တုံးကျောက်ခဲများတွင် ကလာသာအိုးပုံစံ အပိုင်းအစများကို တွေ့ရှိရပါသည်။ ဘီးလူးပါးစပ်မှ မုခ်စီပန်းကိုက်ဖောင်းလုံးများ သဏ္ဍာန်တွေ့ရသည်။ ဤဘီလူးခေါင်းတွေ့ရှိရသော ပတ်ဝန်းကျင်တွင်လည်း ပန်းတက်ပန်းခက် အကျိုးအပဲ့များ ပြန့်ကြဲနေသည်ကို တွေ့ရှိရပါသည်။ ဘီလူး၏နှာခေါင်းဖျား ပဲ့နေသည်ကို တွေ့ရှိရသည်။ လက်ယာဖက်နှာသီး လည်း ပဲ့နေပေပြီ။ လက်ဝဲဖက်သွားစွယ်လည်း ပဲ့နေသည်ကို တွေ့ရှိရသည်။ ဘီလူးဦးခေါင်းရုပ်ကြွထွင်းထုထား သော ကျောက်တုံး အမြင့် ၁ပေ ၆လက်မခန့် အကျယ် ၁ပေ ၂လက်မခန့်နှင့် အထူ ၈လက်မခန့်ရှိပါသည်။ ဤဘီလူးဦးခေါင်းသည် မြောက်ဦးခေတ်လယ် လက်ရာကောင်းတစ်ခုဖြစ်ကြောင်း မှတ်တမ်းတင်မိပါသည်။



-ဤရုပ်ကြွပုံသည် မဟာပညာကျော် ရုပ်ကြွပုံဖြစ်သည်ဟု သိရှိရပါသည်။ ယခု သျှစ်သောင်းပုထိုးတော် တောင်ဖက်အရံစေတီအကြား တောင်ဖက်သို့ မျက်နှာမူနေသော နံပါတ်(၄)ကျောက်ဆစ်ရုပ်ကြွပုံဖြစ်ပါသည်။ ရုပ်ကြွအမြင့် ၃ပေခန့် အကျယ် ၂ပေ ၇လက်မခန့် ရုပ်အထူ ၄လက်မ ကျောက်တုံးအထူ ၁ပေခန့်ရှိသည်ကို တွေ့ရှိရပါသည်။

ရုပ်ကြွမှာ သဲကျောက်ဖြင့် ထွင်းထုထားသော်လည်း ကာလကြာညောင်းသည်အတွက်ကြောင့် ဘောင်းတော်ထိပ်များပဲ့ကျပြီး လက်ရှိဘီလပ်မြေဖြင့် ဖါထေးထားသည်ကိုတွေ့ရှိရပါသည်။ နှာခေါင်းထိပ်လည်း ပဲ့နေသည်ကို တွေ့ရှိရပါသည်။ လက်မောင်းရင်းများနှင့် ဘယ်ဖက်ကြာဖူး ကိုင်ထားသော လက်ဖျားချောင်းများ ပဲ့နေပေပြီ။ ခြေဖျားများလည်း ပဲ့ကျနေသည်ကို တွေ့ရှိရပါသည်။

မဟာပညာကျော်၏ဘောင်းတော်မှာ ရိုးရှင်းပြီး ရွဲလုံးများဖြင့် အနားသတ်တန်ဆာဆင်ထားသည်။ မျက်နှာပေါက်မှာ တည်ငြိမ် ဣန္ဒြေရှိလှပြီး ရင့်ကျက်မှုအသွင်သဏ္ဌာန်ဆောင်နေသည့်ဟန် တွေ့ရှိရပါသည်။ လက်နှစ်ချောင်းမှာလည်း လက်ဝဲဖက်လက်တွင် ကြာဖူးကိုင်ပြီး လက်ယာဖက်လက်ကို ကွေး၍ လက်ယာဖက်ပေါင်ပေါ်တွင် ညင်သာစွာတင်ထားသည်။ ပုဆိုးပိုင်းတံဘက်၊ ကိုယ်ရုံကို ပခုံးပေါ်တင်လျက် လက်မောင်းရင်းအောက်မှင သွင်းကာ ဘေးတစ်ဖက်တစ်ချက်သို့ ကားထုပ်ပုံဖော်ထွင်းထုထားသည်။ လက်ယာဖက် ကိုယ်ရံအစွန်းထိပ်တွင် ကျီးတစ်ကောင်သဏ္ဌာန်တွေ့ရှိရပါသေးသည်။ မဟာပညာကျော်တို့ခေတ်မှ တမန်တော်ကျီးများဖြစ်မည်ဟု ယူဆရပါသ်။ ပုဆိုး(ဒယော)ကို အစင်းကြောင်းများအဖြစ်နှင့် တွေ့ရှိရပြီး ခါးပတ်ကြိုးဖြင့် စည်းထားသည်ကို တွေ့ရှိရပါသည်။ သူ့ခေတ်နှင့်သူ ဖွဲ့စည်းမှု အားကောင်းစွာ ရေးဆွဲထွင်းထုထားသော အရုပ်တစ်ရုပ်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပေသည်။

ကြာဖူးသဏ္ဌာန်လက်နှစ်ဖက်စလုံးတွင် ကိုင်ဆောင်ထားသည်ကို တွေ့ရှိရ၍ ဒေသခံအချို့ကို ကြာဖူးကိုင်နတ်ရုပ်ဟု ခေါ်တွင်ကြပါသည်။ ဤကဲ့သို့အရုပ်မျိုးကို မြောက်ဦးခေတ် စေတီပုထိုးများတွင် တော်တော်များများ တွေ့ရှိရပါ၏။ အမှန်မှာ စတုလောကပါလသာသနာစောင့် နတ်ရုပ်ဖြစ်ကြောင်း သိရှိရပါသည်။ ရုပ်တုငယ်ပြီး အဝတ်အစားများ ပီပြင်စွာ မထွင်းထုနိုင်ခြင်းကြောင့် သာသနာစောင့်နတ်မှန်းမသိ ဖြစ်နေရပါသည်။ အမြင့် ၈လက်မ အကျယ် ၇လက်မခန့်နှင့် အထူ၁ပေခန့်ရှိသော သဲကျောက်တုံးပေါ်တွင် ရုပ်ကြွအနေဖြင့် ထွင်းထုထားပါသည်။ ဘုရားပလ္လင်အောက်ခံမှ အရုပ်ဖြစ်ပါသည်။ မကိုဋ်တော်(ဘောင်းတော်) အပေါ်ပိုင်း ကျိုးပဲ့နေပြီး၊ အရုပ်မှာ ရေတိုက်စားမှုကြောင့် မျက်နှာများနှင့် ခန္ဓာကိုယ်မှ တန်းဆာများ ပီပြင်မှုမရှိတော့ပါ။ တစ်ချို့ချောမောနေသည်များကို တွေ့ရှိရပါ၏။ လက်ဝဲဖက်ကြာဖူးမှာလည်း ကျိုးပဲ့နေသည်ကို တွေ့ရှိရပါသည်။

လုံးဝိုင်းသော နားဋောင်းကြီးများကို ဝတ်ဆင်ထားသော်လည်း လည်ဆွဲတန်းဆာများမှာ အရေးအကြောင်း တစ်ဖက်တစ်ကြောင်းသာ တွေ့ရှိရပြီး ပီပြင်မှုမရှိတော့ပါ။ လက်နှစ်ချောင်းကို ကုတ်ကွေးပြီး ရင်ဖတ်ပေါ်တွင် ကာကြာဖူးကိုင်ထားသည်။ ပုဆိုးဝတ်ထားမှန်းသိသာအောင် ရှေ့သို့ ပစ္စွန်ချထားသည်ကို တွေ့ရှိရသည်။ ဒူးနှစ်ချောင်းကိုလည်း ကုတ်ကွေးပြီး ထိုင်ထားပါသည်။ ဒူးနှစ်ချောင်း လက်နှစ်ဘက်ကို ကုတ်ကွေးပြီး ထွင်းထုထား သည်မှာ ဖွဲ့စည်းမှု ဟန်ချက်ညီစွာ အားကောင်းနေပါသည်။

ပုံ(၆)





ပုံ(၆)သည် ပလ္လင်အောက်ခံမှ ဝသုန္ဒရီရုပ်ဖြစ်ပါသည်။ ပလ္လင်အောက်ခံတွင် ဆင်နှစ်ကောင်နှင့် ဆင်နှစ်ကောင်အလယ်တွင် ဤပုံ(၆) ဝသုန္ဒရီအရုပ်တစ်ရုပ်နှင့် အထက်ဖော်ပြပါ ပုံ(၅)ကြာဖူးကိုင် စတုလောက ပါလနတ်ရုပ်တစ်ရုပ်ပါရှိပါသည်။ ဝသုန္ဒရမှာ ပထမအပေါ်တစ်ပိုင်းသာ တွေ့ရှိရပါသည်။ အပေါ်တစ်ပိုင်းမှာလည်း မိုးရေတိုက်စားမှုဒဏ်ကြောင့် မျက်နှာပြင်သဏ္ဍာန်ပီပြင်မှု မရှိတော့ပါ။ သဏ္ဍာန်လောက်သာ တွေ့ရှိရပါသည်။ အပေါ်ပိုင်းအမြင့် ၈လက်မ အကျယ် ၁၀လက်မ ကျောက်တုံးအထု (၁)ပေရှိပါသည်။ ရုပ်ကြွသာဖြစ်ပါသည်။ (၄)လက်မခန့်အောက်ပိုင်းကို အခြားတစ်နေရာ၌ တွေ့ရှိရပါသည်။ ဆက်စပ်ကြည့်လိုက်သောအခါ ပုံ(၆)သဏ္ဍာန် ကို တွေ့ရှိရပါသည်။

ဤဝသုန္ဒရီရုပ်ကို နောက်ခံကံကဲဖြင့် ရုပ်ကြွအဖြစ် ထွင်းထုထားသည်ကို တွေ့ရပါသည်။ ကံကဲမှာလည်း အောက်ပိုင်းတံကဲတိုင် ပုံသဏ္ဍာန်များ ကျိုးပဲ့နေသည်ကိုသာ တွေ့ရှိရသည်။ ဝသုန္ဒရီမျက်နှာပေါက်အနေအထား သွယ်လျားပြီး နားဋောင်းလုံးကြီးများသဏ္ဍာန် ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဆံပင်ကို ဘယ်ဖက်ပခုံးမှ လုံးချပြီး ဆံပင်အပေါ်ပိုင်းကို ဘယ်ဖက်လက်ကို ကွေး၍ စုကိုင်ထားသည်ကို တွေ့ရှိရပါသည်။ ညာဖက်လက်က ဆံစုအဖျားကို ကိုင်ထားဟန်ရှိပါသည်။ ညာဖက်လက်အောက်ပိုင်းနှင့် ဆံစုများကို မတွေ့ရှိရတော့ပါ။ ကျိုးပဲ့သွား ဖွယ်ဟန်တွေ့ရှိရပါသည်။ အောက်ပိုင်းထိုင်နေဟန်မှာ ဒူးကိုကုတ်ပြီး ဖနှောင့်ကို တင်ပဆုံပေါ်တွင် ကပ်ထိုင်ထား သည်ကို တွေ့ရှိရပါသည်။ ပုံမှာ သိပ်အကောင်းကြီးမဟုတ်သော်လည်း မိမိတို့ယဉ်ကျေးမှုကို လေ့လာလိုက်စား သူများအဖို့ မြတ်နိုးတန်ဖိုးထားသင့်သည်မှာ အမှန်ပင်ဖြစ်ပါသည်။

ပုံ(၇)ကျောက်ရုပ်ကို စေတီတော်လှိုဏ်ထဲမှ တွေ့ရှိရပါသည်။ ပလ္လင်တော်အပေါ်ပိုင်းမှ ပဲ့ကျသွားသော အရုပ်ဖြစ်မည်ဟု ယူဆရပါသည်။ အမြင့် ၇လက်မ၊ အကျယ် ၆လက်မ၊ အထူ ၆လက်မခန့်ရှိပါသည်။ နောက်ခံ တံကဲဖြင့်ထွင်းထုထားပါသည်။ ပုံ(၆) ဝသုန္ဒရီတံကဲလောက်ကောင်းသည်ကို မတွေ့ရပါ။ တံကဲသဘောလောက်သာ ထွင်းထုထားသည်။



ပုံ(၇)

အရုပ်၏ဗောင်းတော်(မကိုဋ်တော်)မှာ အပေါ်သို့ ခုံးတက်သွားပြီး နားတွင်လုံးဝိုင်းသော နားဋောင်းကြီး များ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လက်တစ်ဖက်တစ်ချောင်းတွင် တုတ်လိုလို ဓါးလိုလို တစ်ဖက်တစ်ခု မြှောက်ကိုင်ထားပါသည်။ ရင်ဖတ်ပေါ်တွင် တန်ဆာဆို၍ အရေးအကြောင်း တစ်ဖက်တစ်ကြောင်းသာ တွေ့ရှိရ ပါသည်။ ဒူးနှစ်ချောင်းကို ကုတ်ကွေး၍ ဖနောင့်နှစ်ဖက်ကို တင်ပါးတွင် စုထိုင်ထားသည့်ဟန် တွေ့ရှိရပါသည်။ ခြေဖျားအောက်ပိုင်းများ ကျိုးပဲ့နေသည်ကို တွေ့ရှိရပါသည်။ ဤပုံ(၇)အရုပ်သည်လည်း နတ်ဒေဝတာအရုပ်တစ်ခု ဖြစ်မည်ဟု ယူဆမိပါသည်။



ပုံ(၈)

ပုံ(၈)မှာ ပြူးကျယ်ဝိုင်းစက်သော မျက်လုံး၊ ထောင်ကားနေသော နားရွက်နှင့် ပါးသိုင်းမွေး နှုတ်ခမ်းမွေးများကို ကြည့်ခြင်းအားဖြင့် ဘီလူးရုပ်ဖြစ်မည်ဟု ခန့်မှန်းပါသည်။ လက်နှစ်ဖက်ကိုလည်း မြှောက်ပြီး တစ်ခုခုကိုင်ထားသည့်ဟန် တွေ့ရှိရပါသည်။ ကျိုးပဲ့သွားသောအရာသာ ကျန်ရှိပါတော့သည်။ ညာဖက်ဦးခေါင်းအပေါ်ပိုင်းလည်း ပဲ့နေပေပြီ။ ဦးခေါင်းအထက် ကျောက်တုံး၏အထက်မျက်နှာပြင်ကို ပန်းခက်ဖြင့် ထွင်းထုအားဖြည့်ထားပါသည်။ ဘီလူးရုပ်၏အောက်ပိုင်းမှာလည်း ဒူးနှစ်ဖက်သို့ ကား၍ ကုတ်ထိုင်နေသည့်ဟန် တွေ့ရှိရပြီး ခြေဖျားအောက်ပိုင်းများ ကျိုးပဲ့နေသည်ကို တွေ့ရှိရပါသည်။ ဘီလူးရုပ်ကြွထွင်းထုထားသော ကျောက်တုံးအမြင့် ၇လက်မ၊ အကျယ် ၆လက်မခွဲနှင့် အထူ ၁ပေ ၄လက်မခန့် ရှိပါသည်။ ပလ္လင်ထောင့်ချိုးမှ ဖြုတ်ထွက်လာသော ဘီလူးရုပ်ဖြစ်မည်ဟု ခန့်မှန်းရပါသည်။

မဟာပညာကျော်စေတီ အမှတ်(၁)ကို ရှေးဟောင်းသုတေသနဌာနမှ သဲကောက်မာများဖြင့် ရှေးမူမပျက် အစားထိုးထိန်းသိမ်းလျက်ရှိပေရာ ကုသိုလ်ယူခြင်း အကျိုးငှာလည်းကောင်း၊ ရှေးဟောင်းလက်ရာများကို လေ့လာရင်းသွားရောက်ဖူးမြော်ပူဇော်လိုသူတို့အတွက်လည်းကောင်း၊ သုတေသနလုပ်ငန်း၌ စိတ်ဝင်စားသော သုတေသီပာရှင်များအားလည်းကောင်း၊ လေ့လာသင့်သော ရှေးဟောင်းစေတီတော်တစ်ဆူဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

ကျေးဇူးရှင်မိဘဆရာသမားများကို ဦးထိပ်ပန်ဆင်လျှက်. . . .

**ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)**

**ကျမ်းကိုး**


၁။ စန္ဒမာလာလင်္ကာရ ရမ်းပြဲတောင်ကျောင်းဆရာတော် ရခိုင်ရာဇဝင်သစ်

၂။ တက်ထွန်းနီ (မြောက်ဦး)၊ မြောက်ဦးမြို့ ထင်ရှားသောဘုရားသမိုင်းအမှတ် (၁)

၃။ စာရေးသူ၏ကိုယ်တိုင် ကွင်းဆင်းလေ့လာမှုမှတ်စု

၄။ ဦးငမည်ရာဇဝင်

## "ရခိုင်ရာမသာခြင်းထဲမှ သီတာဒေဝီ"

မောင်ဖြိုး(သံတွဲ)

တန်းခိုးဆရာထွန်းရေးသားဖွဲ့သီခဲ့သော အလောင်းတော်ရာမသာခြင်းကို ရခိုင်စာပေအတန်အသင့် လေ့လာဖူးသူတိုင်း သိကြပါသည်။ ဗုဒ္ဓဘာသာဝင်ဖြစ်သော ရခိုင်တို့အဖို့ အလောင်းတော်ရာမဟုဆိုသည်နှင့် ဇာတကထွက်ရာမဇာတ်တော်ဖြစ်သော ဒသရဌဝတ္ထုကို သတိရကြပါမည်။

သို့သော် ကမ္ဘာပေါ်ရှိ မည်သည့်ဘာသာစကား၊ မည်သည့်စာပေဖြင့်ပင် ရေးသားထားသည်ဖြစ်စေ၊ ရာမနှင့်သီတာဒေဝီ ဇာတ်လမ်းကိုအခြေခံ၍ ရေးဖွဲ့မှုမှန်သမျှ၏ မူလဘူတသည် ဘီစီ(၆)ရာစုနှင့် (၃ )ရာစုအကြားတွင် ရသေ့စာဆို ဝါလမိကီ ရေးဖွဲ့ခဲ့သည့် အိန္ဒိယမှ သက္ကတရာမာယလာ ဂန္ထဝင်လင်္ကာကြီးဖြစ်ပါသည်။

ပညာရှင်များ၏အဆိုအရ အဆိုပါ သက္ကတရာမာယလာလင်္ကာကြီးကို အခြေခံ၍ အိန္ဒိယနိုင်ငံတွင် တိုင်းရင်းသားအသီး သီးတို့က ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်ဟန်ဖြင့် ရေးသားခဲ့ကြရာ ယခုအခါ အိန္ဒိယနိုင်ငံတွင် ရာမာယဏမူကွဲပေါင်း ရာနှင့်ချီ၍ရှိကြောင်း သိရပါသည်။ ယင်းတို့အနက် များစွာသော ရာမာယဏများမှာမူလဝါလမိကီ၏သက္ကတမူနှင့် ကွဲပြားလာ သည့်အပြင် ဇာတ်လမ်းဇာတ်ကွက်များ ဖြည့်စွက်ချဲ့ထွင်မှုများ ပါဝင်သည်ဟု သိရပါသည်။ ယင်းသို့ ဆင့်ပွားပေါ်ပေါက်လာသော ရာမာယဏမူများအနက် ယနေ့တိုင် အထူးထင်ရှားဆဲဖြစ်သောမူများမှာ အေဒီ(၅)ရာစုအတွင်းက အဆို Bhakti က၊ ကသ္မီရဒေသ တွင် သက္ကတဘာသာဖြင့် ရေးသားခဲ့သော Bhaktikavya Ramayana မူ၊ အေဒီ (၈)ရာစုအတွင်းက Bhavabhuti သက္ကတဘာသာ ဖြင့် ရေးသားခဲ့သည့် Uttara Ramacarita ပြဇာတ်မူ၊ အေဒီ(၉၉၀)နှင့် (၁၀၆၅)အတွင်းက ဗုဒ္ဓဘာသာမဟာယနရဟန်း Ksemendra သက္ကတဘာသာဖြင့် ရေးသားခဲ့သော Ramayanamanjari မူ၊ အေဒီ (၁၂)ရာစုမတိုင်မီက စာဆို Sandyakara သက္ကတဘာသာဖြင့် ရေးသားခဲ့သော Ramacarita မူ၊ အေဒီ(၁၂)ရာစုအတွင်းက စာဆိုKanpan က၊ တမီလ်ဘာသာဖြင့်ရေးသား ခဲ့သောInamavataram မူ၊ အေဒီ(၁၂၄၀)နှင့်၊ (၁၃၂၆)အတွင်းက Buddha Reddi က၊ တေလေဂူဘာသာဖြင့် ရေးသားခဲ့သော Ranganatha Ramayana မူ၊ အေဒီ(၁၄)ရာစုနှောင်းကာလတွင် စာဆို Krttibas Ojhaဘင်္ဂလီဘာသာဖြင့် ရေးသားခဲ့သော Ramayana မူ၊ အေဒီ(၁၆)ရာစုအတွင်း ဟိန္ဒီစာဆို Tulsidas ဟိန္ဒီဘာသာဖြင့် ရေးသားခဲ့သော Ramacaritamanas မူတို့ဖြစ်ကြ ပါသည်။

ခရစ်နှစ်ဦးပိုင်းမှစ၍ အိန္ဒိယနိုင်ငံသားများသည် အရှေ့တောင်အာရှနိုင်ငံများသို့ ခရီးနှင်ခဲ့ကြပါသည်။ ချမ်းသာကြွယ်ဝ လို၍ စွန့်စား၍ နယ်သစ်ရှာသူများ၊ ကုန်သည်များလည်း ပါသည်။ ဤသို့သွားလာခဲ့သူများတွင် ဗြဟ္မဏပုဏ္ဏားများလည်း ပါသည်။ ဗုဒ္ဓဘာသာရဟန်းများလည်းပါသည်။ ဤသို့ဖြင့် ဟိန္ဒူဘာသာတို့ အရှေ့တောင်အာရှတွင် အခြေစိုက်မိကြပါသည်။ ထိုဘာသာတရားတို့နှင့်အတူ သက္ကတစာပေ၊ ပါဠိစာပေတို့လည်း ပါလာခဲ့သည်။ ထိုစာပေများတွင် ရာမာယဏမဟာကဗျာလည်း အပါအဝင်ဖြစ်သည့်အလျောက် အရှေ့တောင်အာရှနိုင်ငံများတွင် ယင်းအချိန်မှစ၍ ရာမာယဏသည် ဝင်ရောက်နေရာယူလာပါ တော့သည်။

ယင်းသို့ဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင် ရာမာယဏဇာတ်ဝတ္ထု အခြေချပြီးနောက် နိုင်ငံအသီးသီးမှ လူမျိုးအသီး သီးသည်၊ မူလအိန္ဒိယမှရောက်ရှိလာသော ရာမာယဏမူကို မိမိတို့၏ သဘာဝပတ်ဝန်းကျင် ဓလေ့စရိုက်နှင့် လျော်ညီစွာပြုပြင် ပြောင်းလဲရေးသားခဲ့ပါသည်။ ယင်းသို့ရေးသားခဲ့ကြသော အရှေ့တောင်အာရှရာမမူတို့အနက် ပညာရှင်များ အလေးဂရုပြုရ သောမူများ အင်ဒိုနီးရှားနိုင်ငံတွင် (၁၀)ရာစုနှင့် (၁၃)ရာစုအတွင်းက Yogisvara ၏ Kakawin Ramayana နှင့် ရေးသားသည့်အ ချိန်နှင့် ရေးသားသူမသိရသည့် Serat Kanda ရာမဝတ္ထုမူနှစ်မူ။ မလေးရှားနိုင်ငံတွင် (၁၃)ရာစုနှင့် ၁၇ ရာစုအတွင်းက အမည်မသိစာဆိုရေးသားခဲ့သော Hikayat Seri Rama မူ နှင့် Hikayat Maharaja Rawana မူနှစ်မူ၊ ထိုင်းနိုင်ငံတွင် (၁၇၉၈)ခုနှစ်ကပထမမြောက်ရာမဘုရင်ရေးသားခဲ့သော Ramakien ကဗျာ၊ ဖိလစ်ပိုင်နိုင်ငံတွင် မရနောဘာသာစကားပြော ဟန်ဖြင့် ရေးသားထားသော Maharadia Rawana မူ၊ ဗီယက်နာမ်နိုင်ငံမြောက်ပိုင်း၌ အာနာမ်ရာမမူ၊ ယူနန်နယ်ဇီရွှမ်ခရိုင်တွင် Tailu လူမျိုးများ၏ Lanka Xiho ရာမမူ၊ မီဇိုလူမျိုးတို့တွင် Khena Rama ခေါ်သော လက္ခဏာရာမမူနှင့် (၁၈၃၄)ခုနှစ်တွင် ဦးဥတ္တမူအမည်ရှိ မွန်ဘုန်းတော်ကြီး မွန်ဘာသာဖြင့် ရေးဖွဲ့ခဲ့သော လိပ်သို့င်ရာမ်ခေါ် ရာမဝတ္ထုလင်္ကာတို့ဖြစ်ကြပါသည်။

ရှေးအစဉ်အဆက်ကပင် မြန်မာနိုင်ငံတွင်လည်း ရာမဝတ္ထုကို အသွင်အမျိုးမျိုးဖြင့် ရေးသားသီကုံးခဲ့ကြပါသည်။ ယင်းတို့ အနက် ထင်ရှားသောမူများမှာ ခရစ်နှစ် ၁၇၇၅-တွင် ဦးအောင်ဖြိုးရေးသားခဲ့သော ရာမသာခြင်း၊

(၁၇၈၄)ခုနှစ်တွင် ဦးတိုးရေး ဖွဲ့ခဲ့သည့် ရာမရကန်၊ (၁၇၈၉)ခုနှစ်တွင် ပညာရှိ ရှစ်ဦးက ယိုးဒယားနန်းတွင်းရာမကို မှီး၍ရေးသာခဲ့ကြသော မြန်မာနန်းတွင်း ရာမပြဇာတ်၊ (၁၈၀၀)ပြည့်နှစ်တွင် မြေထဲမင်းကြီး တမိလ်ဘာသာမှ ပြန်ဆိုခဲ့သော ကလယ်ရာမဝတ္ထု၊ (၁၈၀၅)ခုနှစ်တွင် အမည်မသိစာဆိုတစ်ဦး ရေးသားခဲ့သော မဟာရာမဝတ္ထု၊ (၁၈၄၉)ခုနှစ်တွင် နေမျိုးနန္ဒကကျော်ခေါင်ရေးသားခဲ့သော သီရိရာမ၊ (၁၈၈၀)ခုနှစ်တွင် ဦးကူးရေးသားခဲ့သည့် ပုံတော်ရာမပြဇာတ်၊ (၁၉၀၄)ခုနှစ်တွင် ဆရာတွေးရေးသားထုတ်ဝေသည့် ရာမသုံးမျိုး ဇာတ်တော်ကြီးဝတ္ထုနှင့် (၁၉၀၅)ခုနှစ်တွင် တန်းခိုးဆရာထွန်းရေးသီခဲ့သည့် ရခိုင်ဘာသာ အလောင်းတော်ရာမသာခြင်းတို့ဖြစ်ကြ ပါသည်။

ဖော်ပြပါ ပြည်တွင်းပြည်ပမူများကို စုံစုံစေ့စေ့မဖတ်ရပါ။ အားလုံးကို လက်လှမ်းမမီပါ။ အချို့မူများကိုသာ ဖတ်ရပါသည်။ ပြည်ပမူများဆိုလျှင် ပညာရှင်များ၏ရေးသားချက်များမှ ဇာတ်ကွက်အချို့ကိုသာသိရပါသည်။ အချို့မူများကို ဇာတ်လမ်းအကျဉ်း မျှသာ လေ့လာရပါသည်။ သို့သော် လက်လှမ်းမီသမျှတို့ကို နှိုင်းယှဉ်လေ့လာသောအခါ မူတစ်ခုနှင့်တစ်ခုတူညီမှုများ ရှိသကဲ့သို့ ဇာတ်လမ်းဇာတ်ကွက်မတူ ခြားနားမှုများ၊ စာဆိုကထည့်သွင်းထားသော ဇာတ်ကွက်များ၊ အနုစိပ်ကွဲလွဲချက် အများအပြားပင် တွေ့ရပါသည်။ ထိုသို့ကွဲလွဲသည့် ဇာတ်ကွက်များအနက် လက်လှမ်းမှီသမျှမူများ၏ သီတာဒေဝီမင်းသမီး မွေးဖွားခန်းကို နှိုင်းယှဉ်၍ တန်ခိုးဆရာထွန်း၏ ရခိုင်အလောင်းတော်ရာမသာခြင်းလာ သီတာဒေဝီမွေးဖွားခန်းနှင့် တူညီချက်၊ ကွဲပြားချက်များကို တင်ပြရန် ရည်ရွယ်ပါသည်။

ရာမာယဏဇာတ်ကွက်များ၏ မူလဘူတသည် ဝါလမိကီ၏ သက္ကတရာမာယဏလင်္ကာကြီး ဖြစ်သောကြောင့် သီတာဒေဝီ မွေးဖွားလာပုံကို မူလသက္ကတရာမာယဏ၏အဆိုဖြင့် အစပြုရမည်ဖြစ်ပါသည်။ သီတာဒေဝီ၏ဇာတ်ကြောင်းကို ဖော်ပြရာတွင် ဝါလမိကီသည် သီတာဒေဝီ၏နောက်ကြောင်းဘဝကို လုံးဝဖော်ပြခြင်းမပြုခဲ့ချေ။ သီတာဒေဝီသည် အတိတ်ဘဝတွင် မည်သို့ဖြစ် ပျက်ခဲ့ဖူးသည်၊ မိထိလာပြည် ဇနကမင်းကြီးထံ သမီးတော်အဖြစ် မည်သို့ရောက်ရှိလာသည်ကို တခွန်းတစမျှ ဖော်မပြခဲ့ချေ။ နောက်ပိုင်းတွင် ရေးသားခဲ့ကြသော ဆရာအသီးသီးတို့က မိမိတို့၏ ဉာဏ်ဖြင့် ဖန်တီးချဲ့ထွင်ခဲ့ကြပါသည်။ ဝါလမိကီ၏ ရာမယဏ လင်္ကာတွင် မိထိလာပြည့်ရှင် ဇနကမင်းကြီးသည် ယာဇ်ပူဇော်ပွဲကျင်းပရန် ထယ်ထိုး၍မြေညှိစဉ် သီတာဒေဝီမင်းသမီးကို မြေကြီးထဲမှ တူးဖော်ရရှိကြောင်းကိုသာ ဖော်ပြခဲ့ပေသည်။

သို့သော် အေဒီ(၉)ရာစုအတွင်းတွင် ရေးသားခဲ့သော တိဘက်ရာမမူ၌ သီတာဒေဝီသည် ဒသဂီရိနှင့် မန္ဒောဒရီ နတ်သမီးတို့မှ ဖွားမြင်သည်ဟု စတင်၍ ရေးသည်ဟုသိရပါသည်။ သီတာဒေဝီသည် မန္ဒောဒရီမှ မွေးဖွားသည်ဟူသော အယူအဆကို နောက်ပိုင်းတွင် ဂျာဗားမူ၊ ယိုးဒယားရာမကီယင်မူတို့က ဆက်ခံရေးသားခဲ့ကြပါသည်။ သို့သော်အနုစိပ် ကွဲလွဲချက်များ ရှိပါသေးသည်။ ရာမကီယင်တွင် အယုဒ္ဒယ(အယောဓျာ)ပြည့်ရှင် ဒသရဋမင်းကြီးသည် သားသမီးရရန် အလို့ငှာ ယာဇ်ပူဇော်ပွဲ ပြုလုပ်ပါသည်။ ထိုသို့ယာဇ်ပူဇော်ပွဲပြုလုပ်သည့်အခါ မုန့်(၄)ချပ်ပေါ်လာပါသည်။ ဒသဂီရိက စေလွှတ်လိုက်သော ကျီးငှက်ယောင် ဆောင်ထားသည့် ဘီလူးမသည် ထိုမုန့်(၄)ချပ်အနက် (၁)ချပ် တစ်ပိုင်းကို ခိုးယူသွား လေသည်။ ထိုမုန့်ချပ်တစ်ပိုင်းကို ဒသဂီရိ၏ မိဖုရား မန္ဒောဒရီစားလေရာ မန္ဒောဒရီသန္ဓေရ၍ သီတာဒေဝီကို မွေးဖွား သည်ဟု တွေ့ရပါသည်။ ဦးဥတ္တမမူ၏ လိက်သို့င်ရာမ် ခေါ် မွန်ရာမာယဏတွင် ထိုသို့မဟုတ်ချေ။ လိက်သို့င်ရာမ်က ဖော်ပြသည့်ဇာတ်လမ်းမှာ ဝန်ဇာတာသည် သိကြားမင်း၏ ကြင်ယာ တော်တစ်ဦးဖြစ်ပါသည်။ ဒသဂီရိသည် ဝန်ဇာတာကို ချစ်ကြိုက်မိသဖြင့် မိမိ၏တန်ခိုးဖြင့် သိကြားမင်းယောင်ဆောင်၍ ဝန်ဇာတာနှင့်ပျော်ပါးပါသည်။ ယင်းနောက်တွင် ဝန်ဇာတာသည် ဒသဂီရိအား သိကြားမင်းမဟုတ်မှန်းသိသောအခါ မိမိအား လှည့်ဖျား၍စော်ကားခဲ့သော ဒသဂီရိအား လက်စားချေရန် နတ်ဘုံမှစုတေ၍ လူ့ပြည်သို့ဆင်းသက်ကာ ဒသဂီရိ၏မိဖုရား ပဒ္ဒမ ဒေဝီ(မန္ဒောဒရီ)တွင် ဝင်စား၍ သီတာမင်းသမီးကို မွေးဖွားလာလေသည်။ 'ဝန်ဇာတာ'သည် နတ်သမီးဘဝကပင် သစ္စာဆိုခဲ့သည့်အတိုင်း သီတာမင်းသမီး ဖြစ်လာပြီး မွေးစတွင် ငိုတိုင်းငိုတိုင်း သိယှိုပြည်သား အများအပြား သေဆုံးလေ့ရှိသဖြင့် မိဘီသနက ဤမိန်းကလေးသည် သိယှိုပြည်ကို ဖျက်ဆီးမည်ဖြစ်ကြောင်း ပြောဟောသဖြင့် ဒသဂီရိသည် ထိုမိန်းကလေးကို အိုးထဲ၌ထည့်၍ ရေပြင်တွင် မျှောလိုက်ရာ ထိုအိုးကို မိထိလာပြည့်ရှင် ဇနကမင်းကြီး ဆယ်ယူရရှိ၍ ထိုမိန်းကလေးအား သီတာဒေဝီ အမည်ဖြင့် မွေးစားသည်ဟု လာရှိပါသည်။ အင်ဒိုးနီးရှားမူတွင်လည်း သီတာဒေဝီကို မန္ဒောဒရီ၏ဝမ်းမှမွေးဖွားလာသည်ဟု တွေ့ရပါ သည်။ သီတာဒေဝီသည် မန္ဒောဒရီ၏ဝမ်းမှမွေးဖွား သည်ဟူသောမူများရှိသလို မန္ဒောဒရီ၏အံသွားမှ ပေါ်ပေါက်လာ သည်ဟူသော မူလည်းတွေ့ရပါသည်။ လောနိုင်ငံရှိ Phralak Phralam ရာမမူနှင့် Gvay Dvorahbi ရာမမူများတွင်လည်း

သီတာမင်းသမီးသည် ဒသဂီရိနှင့်မန္ဒောဒရီတို့မှ မွေးဖွားလာသည်ဟုဖော်ပြကြပါသည်။

မြန်မာရာမဝတ္ထုမူများတွင် နိုင်ငံခြားမူများကဲ့သို့ သီတာဒေဝီ၏အတိတ်ဘဝဇာတ်ကြောင်း မပါရှိသောမူနှင့် သီတာဒေဝီ ကို ဒသဂီရိနှင့် မန္ဒောဒရီမှမွေးဖွားသည်ဟု ရေးသားသောမူမရှိပါ။ အများအားဖြင့် မြန်မာမူများတွင် သီတာဒေဝီကို ကြာဖူးမှ မွေးဖွားလာသည်ဟု ဖော်ပြကြပါသည်။ မြန်မာမူများအနက် သီတာဒေဝီကို ကြာဖူးမှမွေးဖွားလာသည်ဟု မဖော်ပြသောမူဟူ၍ ဦးအောင်ဖြိုး၏ရာမသာခြင်းနှင့် နေမျိုးနာဋကကျော်ခေါင်၏သီရိရာမ ပြဇာတ်ဝတ္ထုတို့ဖြစ်ပါသည်။ ရာမသာခြင်းတွင် ဒသဂီရိ သည် ကောင်းကင်၌ ရထားယာဉ်ပျံဖြင့် သွားလာနေစဉ် ဂန္ဓမာဒနတောင်၌ နတ်သမီးတစ်ပါးကိုမြင်၍ တပ်မက်သဖြင့် သိမ်းပိုက် မည်ပြုရာ နတ်သမီးက အလိုမတူသဖြင့် ကျိန်ဆဲ၍အခိဌာန်ပြုကာ မီးပုံအတွင်းသို့ ခုန်ဆင်း၍သေလေသည်။ ထိုမီးပုံငြိမ်းသော အခါ လူသားမိန်းကလေး တစ်ဦးပေါ်လာသည်။ အစောင့်ဘီလူးများက ထိုမိန်းကလေးကို ဒသဂီရိထံပို့သည်။ ဒသဂီရိသည် ထိုမိန်းကလေးအား သေတ္တာတွင်ထည့်၍ ရေတွင်မျှောလေသည်။ ထိုသေတ္တာသည် မိတ္ထီလာကမ်းခြေတွင်တင်၍ နစ်လေသည်ဟု သီတာဒေဝီ ၏ အတိတ်ဘဝကို ဖော်ပြပါသည်။ မြန်မာသီရိရာမတွင် လက္ခရှမီနတ်သမီးကို ဒသဂီရိနှောင့်ယှက်သဖြင့် နတ်သမီး သည် မြေကြီးထဲသို့ ဝင်သွားပါသည်။ မိတ္ထီလာပြည့်ရှင် ဇနကမင်းကြီးက ထိုနေရာတွင် လယ်ထွန်မင်္ဂလာပြုရာ ထိုနေရာမှ (၁၂)နှစ်သမီးပေါ်လာသည်။ သီတာဒေဝီအမည်ဖြင့် သမီးတော်အဖြစ် မွေးစားသည်ဟု တွေ့ရပါသည်။ မဟာရာမ ဝတ္ထုတွင်ကား ဒသဂီရိစော်ကားသည်မှာ တေလာသဘတောင်မှ ဂန္ဓဗ္ဗနတ်သမီးဖြစ်၍ မီးပုံမှပေါ်ပေါက်လာသော ကြာဖူး အတွင်းမှ သီတာမင်းသမီးမွေးဖွားလာသည်ဟု ဖော်ပြထားပါသည်။ ရာမသုံးမျိုးဇာတ်တော်ကြီး ဝတ္ထုတွင်မူကား ဇနက မင်းကြီးကိုယ်တိုင် ကြာပွင့်ချပ်ကိုခွာရာတွင် သီတာမင်းသမီး ကြာပွင့်ချပ်အတွင်းမှ ထွက်လာ သည်ဟုဖော်ပြထားပါသည်။ ဤမြန်မာမူများတွင်ကဲ့သို့ သီတာမင်းသမီး ကြာဖူးမှထွက်လာသည်၊ မွေးဖွားလာသည်ဟူသော ဇာတ်ကွက်မျိုးကို ဘင်္ဂလီရာမမူ၊ ဟိန္ဒီရာမမူ၊ ကလယ်ရာမမူ၊ ကသ္မီရရာမမူ၊ ယိုးဒယားရာမမူ၊ ဂျာဗားရာမမူများတွင်လည်း မတွေ့ရချေ။

ဦးတို့၏ရာမရကန်တွင် ဒသဂီရိမွေးဖွားခန်း၊ ရာမလက္ခဏာမွေးဖွားခန်း၊ သီတာဒေဝီမွေးဖွားခန်းတို့ကို အခြားမူများကဲ့သို့ အကျယ်မချဲ့ပဲ၊ အကျဉ်းမျှသာ ရေးဖွဲ့ခဲ့သည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဦးတို့၏ရာမရကန်တွင် သီတာဒေဝီ၏ ဇာတိဇာစ်မြစ် ကိုရှာဖွေကြည့်ရာ"ကြာနန်းဇာတိ၊ ခဲအောင်အိသည်၊ အမိသီတာ၊ ညိုလဲ့ပြာကို၊ လက်ာဒီပကျွန်းကြီးရှင်၊ သော့တပ်တစ်ရာ၊ သံသေတ္တာမှာ၊ သေချာကျိတ်လိတ်၊ အန္တာပိတ်၍၊ မြရိပ်ယဉ်တွေ၊ သမုဒ်ရေတွင်၊ မျှောလေသည်ချက်၊ နယ်အကွက်နှင့်၊ ဇနက္ကမင်း၊ မူလရင်းကို၊ ကြောစင်လွန်းမည်ကြောင့်၊ တရတွန်းမစီရင်ဘူး"ဟု တွေ့ရပါသည်။ တဖန် "ပန်းသန္ဓေရ၊ နတ်လောက်လှသည့်၊ မင်းသီတာ့ခေ"ဟုလည်းကောင်း၊ "ရွှေသီမုတ္တာ၊ လှမျှကြာကို"ဟုလည်းကောင်း တွေ့ရသဖြင့် သီတာဒေဝီသည် ကြာဖူးမှ မွေးဖွားလာ သည်ဟုဖော်ပြကြောင်း သိသာလှပါသည်။ မည်သို့ပင်ဖြစ်စေ ဖော်ပြပါ ရာမဝတ္ထုများမှ သီတာဒေဝီ၏ ဘဝဇာတ်ကြောင်း ဖော်ပြမှုများသည် ရခိုင်သာခြင်းတွင် လာရှိသော သီတာဒေဝီ၏ဘဝဇာတ်ကြောင်းနှင့် အနုစိပ်ကွဲလွဲချက်များစွာ ရှိသည်ကိုတွေ့ရ ပါသည်။

ရာမာယဏဇာတ်တော်အရ သီတာဒေဝီအဖြစ် လူသားတစ်ဦး မွေးဖွားလာခြင်းသည်၊ ဒသဂီရိ၏ကိုယ်ကျင့်တရား ပျက်ပြားလာခြင်းနှင့် တိုက်ရိုက်ပတ်သက်နေပေရာ ဒသဂီရိ၏အကြောင်းနှင့်ပတ်သက်၍ အနည်းငယ်တင်ပြပါဦးမည်။ ဝါလမိကီ ၏သက္ကတမူအရ ဒသဂီရိသည် ဗိဿနိုးဝင်စားသူဖြစ်သည်။ ရာမဇာတ်တော်မူအသီးသီးတွင် အများအားဖြင့် ဒသဂီရိသည် ဘီလူးပင်ဖြစ်သော်လည်း အကျင့်စာရိတ္တကောင်းမွန်သော ဘုန်းတန်ခိုးရှင်တစ်ဦးဖြစ်ပါသည်။ နိုင်ငံခြားမူများနှင့်ပတ်သက်၍ အကျယ်မတင်ပြတော့ပါ။ သို့သော် ဖိလစ်ပိုင်ရာမမူတွင် ရဝဏ(ဒသဂီရိ)တွင် ဦးခေါင်းရှစ်လုံးသာပါရှိပါသည်။ မိဇိုရာမမူဖြစ်သော Khena Rama ဝတ္ထုတွင် ရဝဏတွင် ဦးခေါင်းခုနစ်လုံးရှိပါသည်။ အချို့အရှေ့တောင်အာရှမူများတွင် ရဝဏတွင် ဦးခေါင်း ၁၂ လုံးရှိသည်ကိုလည်း သိရပါသည်။ ထူးခြားသည်မှာ လောမူတွင် ရဝဏသည် ဦးခေါင်း ၁၀-လုံးနှင့် ဘီလူးကြီးမဟုတ်ပဲ ချစ်ခင်ဘွယ်ကောင်းသော ငယ်ရွယ်သည့် ပညာရှင်တစ်ဦးဖြစ်ကြောင်း ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ သည်ထက်ထူးခြားသည်မှာ ဗုဒ္ဓဘာသာနှင့် ဗြဟ္မဏဘာသာ ထွန်းကားနေသော မလေးရှားနိုင်ငံသို့ အစ္စလာမ်ဘာသာရောက်ရှိလာပြီးနောက်တွင် ရေးဖွဲ့ခဲ့ သော Hikayat Seri Rama မူတွင် ရဝဏသည် ဦးခေါင်း ၁၀လုံးနှင့် လက်ရုံး ၂၀ ရှိသော ဘီလူးဖြစ်သည်။ ရဝဏသည် မီးပုံ တွင်း၌ဦးခေါင်းကို ဇောက်ထိုးထားပြီး ၁၂-နှစ်တိုင် တရားကျင့်သည့်အတွက် အလာဟ်အရှင်မြတ်က တမန်တော်စေလွှတ်ပြီး ရဝဏအား မြေပေါ်မြေအောက်၊ ကောင်းကင်နှင့်ပင်လယ်သမုဒ္ဒရာတို့ကို တရားသဖြင့်အုပ်စိုးရန် အာဏာပေးအပ်ခြင်းခံခဲ့ရသူ ဖြစ်ပါသည်။ ထို့ကြောင့် ဒသဂီရိသည် မတော်မတရားပြုကျင့်တတ်လာသည်။ အကျင့်ဖောက်ပြားလာသည်ဟုဆိုပါသည်။

ယိုးဒယား Ramakien မူတွင်လာရှိသောအကြောင်းမှာ ဤသို့ဖြစ်သည်။ ဒသဂီရိသည် မန္ဒောဒရီကို သီဝနတ်မင်းထံမှရ၍ပြန်လာရာလမ်းတွင် ဗာလီမျောက်မင်းက မန္ဒောဒရီကို လုယူပါသည်။ ရသေ့တစ်ပါး၏ဖြန်ဖြေပေးမှုဖြင့် ပြဿနာငြိမ်းချမ်းခဲ့ရသည်။ ဒသဂီရိသည် ဗာလီကိုလက်စားချေလို၍ တရားကျင့်ရာ မိမိ၏အသက်လိပ်ပြာကို ခန္ဓာကိုယ်မှ ထုတ်၍ အခြားလုံခြုံရာ၌ သိမ်းထား နိုင်စွမ်းရရှိခဲ့လေသည်။ ဒသဂီရိသည် ယင်းသို့ဘုန်းတန်ခိုးရလာသဖြင့် ကိုယ်ကျင့်ဖောက်ပြားဆိုးသွမ်းလာသည်ဟု ဆိုပါသည်။ ဦးအောင်ဖြိုး၏ မြန်မာရာမသာခြင်းတွင်မူ ဒသဂီရိသည် အသူရာပေးသော သော်ကဥယျာဉ်မှ အာသာဝတီနွယ်နီသီးကို စားမိ၍ အကျင့်စာရိတ္တ ဖောက်ပြားကာ သောက်စားမူးယစ်ခြင်းကို နှစ်သက်လာသည်ဟု ရေးသားထားပါသည်။

တန်းခိုးဆရာထွန်း၏ အလောင်းတော်ရာမသာခြင်းခေါ် ရခိုင်ရာမာယဏလင်္ကာကြီးတွင် ထူးခြားမှုများ တွေ့ရပါသည်။ ဒသဂီရိဆိုးသွမ်း၍ အကျင့်ပျက်ပြားလာခြင်းနှင့် သီတာဒေဝီမွေးဖွားလာခြင်း ဇာတ်လမ်း၏ အနုစိပ်ကိစ္စများတွင် နိုင်ငံခြားမူများ၊ မြန်မာမူများနှင့်ကွဲလွဲသည်ကို တွေ့ရပါသည်၊

ရခိုင်ရာမသာခြင်းလင်္ကာတွင် ဒသဂီရိသည် ခေါင်းဆယ်လုံးရှိ ဘုန်းတန်ခိုးရှင် နတ်ဘီလူးဖြစ်ပါသည်။ သူသည် ပြဟ္မမင်းထံမှ လူ၊မျောက်နှင့် အဌစန္ဒာလက်နက်မှလွဲလျှင် အရာအားလုံးကို နိုင်စေဟု ဆုပေးခဲ့သဖြင့်လည်းကောင်း၊ ရထားယာဉ်ပျံကိုရ၍ လိုရာသို့ပျံသန်းသွားလာနိုင်သဖြင့်လည်းကောင်း၊ ဘုန်းတန်ခိုးသတ္တိတို့ဖြင့် ပြည့်စုံသော သိဃ်ိပြည့်ရှင်မင်းတစ်ပါးဖြစ်နေသဖြင့် စိတ်ကြီးဝင်နေသူဖြစ်နေသည်မှတပါး အပြစ်မရှိသူဖြစ်ပါသည်။ မင်းကျင့်တရားနှင့်ပြည့်စုံသူလည်း ဖြစ်ပါသည်။

ဒသဂီရိသည် ကောင်းကင်၌ ရထားယာဉ်ပျံနှင့် သွားလာနေသည်ကို မြင်သော၊ ဒသဂီရိ၏ဘုန်းတန်ခိုးကို ထိတ်လန့်နေ သော အသူရာနတ်မင်းကြီးက ဒသဂီရိအား မိမိ၏သမီးတော် မန္ဒောဒရီနှင့် ထိမ်းမြားပေးပါသည်။ ဒသဂီရိသည် မန္ဒောဒရီကို သိဃ်ိပြည်တွင် တောင်ညာစံခန့်အပ်ပါသည်။ မန္ဒောဒရီမှ သာတော် ဣန္ဒာဇိတကို ဖွားမြင်ပါသည်။ ယင်းနောက် ဒသဂီရိသည် ယောက္ခမဖြစ်သည့် အသူရာနတ်မင်းကြီးနှင့် တာဝတိံသာနတ်တို့ စစ်ပွဲဖြစ်ရာ၌ အသူရာတို့ဖက်မှ ဝင်ရောက်တိုက်ခိုက်သဖြင့် အနိုင်ရရှိခဲ့သည်။ ထိုကြောင့် ဒသဂီရိအား အသူရာနတ်မင်းကြီးက နတ်လက်နက်များ ပေးလိုက်ပါသည်။ တန်းခိုးဆရာထွန်း၏ ရခိုင်ရာမသာခြင်း၌ ထူးခြားသည်မှာ မန္ဒောဒရီသည် မိမိ၏ဖခင်ဘက်မှ စစ်ကူတိုက်ခိုက်ပေးခဲ့သည့် မိမိ၏လင်၊ ဒသဂီရိကို အသူရာပြည်မှ အရက်မျိုးကိုချက်၍ ဂုဏ်ပြုသောက်စားစေသဖြင့် ဒသဂီရိအရက်စွဲ၍ သောက်စားမူးယစ်၍ အကျင့်ပျက်လာသည် ဖြစ်ကြောင်း မင်းကျင့်တရားလည်း ပျက်ပြားလာကြောင်း ရေးဖွဲ့ထားခြင်းပင်ဖြစ်ပါသည်။ ယင်းဇာတ်ကွက်များမှာ အခြားမူများနှင့်မတူကွဲပြားသော ရခိုင်ရာမသာခြင်း၏ ထူးခြားချက်ဖြစ်ပါသည်။

ရခိုင်သာခြင်း၌ ဆက်လက်ဖော်ပြသည်မှာ ဒသဂီရိသည် အရက်ကိုနှစ်သက်စွဲလန်းလာသဖြင့် အရက်မပြတ်လပ်စေရန်၊ ဘီလူးများသည် အရက်ချက်ရန်အတွက် သစ်သီးသစ်ခေါက်တို့ကို တောတောင်အနှံ့မှ အဆင်သင့်ရသမျှ ရှာဖွေစုပုံထားရမှုကြောင့်၊ တောနေရသေ့ရဟန်းတို့ပင်၊ သစ်သီးသစ်ဖုမှီဝဲရန် မလုံလောက်တော့ပဲ၊ ရှားပါးတော်ပြတ်လာသဖြင့်၊ သပြေဒီပါသို့ တိမ်းရှောင်ခဲ့ ရကြောင်းကို ရေးဖွဲ့ထားပါသည်။ ဒသဂီရိသောက်စားမူးယစ်ဆိုးသွမ်းလာပုံကိုကား "ခေါင်းတစ်ဆယ်မှာ၊ စွယ်မြမြနှင့်၊ ယက္ခဘီလူး၊ သေသောက်ကြူးလည်း၊ မြူးထူးသောက်စား၊ သူ့မယားနှင့်၊ သူ့သားအိမ်ရာ၊ သူ့ကြင်ရာကို၊ ညာတာမရှိ၊ ကျင့်ဖောက်ပြန်ပျာ၊ လွန်ဆိုးသွမ်းကေ၊ မှန်းမသိပဲ၊ ရမိရရာ၊ ပြုကျင့်ကာဖြင့်"ဟု ဆရာထွန်း ရေးဖွဲ့ခဲ့ပါသည်။ ဤသို့စာရိတ္တပျက်စီးလာ၍ ရထားပျံဖြင့် သွားလာနေစဉ် တခါသော် ဒသဂီရိသည် ဂန္ဓမာတောင်မှ ဒုမရာဇာနတ်မင်းကြီး၏ သမီးတော် (၇)ပါးတို့ ပြဿဒ်ဖြင့် ဝဲပျံသွားလာ နေကြရာတွင် အထွေးဆုံးနတ်သမီးနှင့် ဆုံတွေ့သောအခါ မည်သို့ဖြစ်ပျက်သည်ကို တန်းခိုးဆရာထွန်းက "ကြည့်ရှုမငြီး၊ နတ်သမီး တို့၊ အထွေးသောသူ၊ လှပျိုဖြူကို၊ မြင်မှု၌ချစ်၊ တဏှာအဟုန်၊ ကာမဂုဏ်မှာ၊ အာရုံရစ်လို့၊ ကြင်ချစ်စကား၊ ဘီလူးမင်းမှာ၊ အတင်းပြောကေ၊ နာမနာလို၊ နတ်မေပျိုမှာ၊ ပြောဆိုငြင်းဆန်လက်မခံသော်၊ ဘုန်းကံကြီးခြင်း၊ ခေါင်းဆယ်ပြာနှင့်၊ ငါသို့မင်းကို၊ ငြင်းရမည်လော၊ သဘောထားနှင့်၊ တရားမဝင်၊ မဆင်ခြင်ဘဲ၊ ဉာက်စင်ပြာရွှ၊ နတ်သူဇာလေ၊ ကညာလှကို၊ ကာမရာဂီ၊ ငြင်းမလွတ် ပဲ၊ စပ်ယှက်မှီရေ" ဟု ရေးဖွဲ့ထားပါသည်။

ထိုအခါ နတ်သမီးသည် အလွန်ရှက်၍ အလွန်ဝမ်းနည်းပြီး၊ ဤဘဝတွင် အသက်ရှင်မနေလိုတော့ဟု ဆုံးဖြတ်ကာ မိမိ၏သီလအဟုန်ဖြင့် မိမိရှေ့တွင် မီးပုံပေါ်စေသားဟု အဓိဋ္ဌါန်ပြုရာ မီးပုံပေါ်လာသည်။ ထိုအခါ နတ်သမီးသည် နောင်ကာလ ၌ ဒသဂီရိ၏ ဦးခေါင်းဆယ်လုံး ထန်းသီးကြွေသကဲ့သို့ ကြွေသည်ကို မြင်ရသည့်ကို ဖြစ်ပါစေဟု ဆုတောင်းပြီး

မီးပုံအတွင်းသို့ ခုန်ဆင်းသေလေသည်။ ဒသဂီရိသည် နတ်သမီး၏ကျိန်စာကို ကြောက်လန့်၍ ဘီလူးလေးကောင်အား အစောင့်ထားခဲ့ကာ သိဃိုပြည်သို့ ပြန်လေသည်။ ထိုအခါ မီးပုံကြောင့်ဖြစ်လာသော ပြာပုံထဲမှ ကြာဖူးတစ်ဖူး ထူးဆန်းစွာပေါ်ထွက်လာပါသည်။ ထိုအကြောင်းကို မြင်ရသော ဘီလူးများက ဒသဂီရိထံသွား၍ ပြောကြားသောအခါ ဒသဂီရိသည် ယင်းကြာဖူးကို သော့ပေါင်း တစ်ရာခတ်ရသော သံသေတ္တာကြီးတွင်ထည့်၍ သမုဒ္ဒရာရေတွင် မျှောလေသည်။ ထိုသေတ္တာသည် မိတ္ထိလာလေ၊ အောင်ချာနန်းမှာ၊ ကမ်းသောင်ပြင်၌၊ တင်ကာပါးသွယ်၊ မြင့်တာရှည်အောင်၊ သဲမြေအုပ်ကော၊ မြုပ်နေလေတော့သည်။

မိတ္ထိလာပြည့်ရှင် ဇနကမင်းကြီးသည် သားသမီးမထွန်းကားသဖြင့် အဂေါ်ခံရသေ့ထံတွင် သားဆုတောင်းရာ၊ ရသေ့က အဘိဥာဉ်စက္ခုဖြင့် ကြည့်သောအခါ သားရရန်လက္ခဏာမမြင်၊ ကိတ္တိမဆို သမီးပျိုကိုလိုချင်ပါက ရက်ရာဇာတနေ့တွင်၊ မြို့အရှေ့ မျက်နှာမြစ်ကမ်း၌ နွားလားဥသဘနှင့် လယ်ထွန်မင်္ဂလာပြုရန် မှာကြားလေသည်။ ရသေ့ညွှန်ကြားသကဲ့သို့ မင်းကြီးကိုယ်တိုင် လယ်ထွန်မင်္ဂလာပြုသောအခါ သဲမြေတွင် ထွန်သွားနှင့်ထိ၍ မြုပ်နေသောသေတ္တာကို ရရှိလေသည်။ ဇနကမင်းကြီးသည် ရဲမက်ဗိုလ်ပါများနှင့် သေတ္တာကိုသယ်ယူ၍ ဖွင့်ကြည့်ရာ "ပုလဲအသွင်၊ ရွှေစင်တမျှ၊ မြင်မဝအောင်၊ လှပနုနယ်၊ ရှုစဖွယ်နှင့်၊ သန္တေတစ၊ သမီးငယ်ကို ရလာကလျှင်၊" နန်းတွင်းသို့သွင်း၍၊ မြစ်ရေသီတာအနီးမှရသဖြင့်၊ သီတာဒေဝီဟူသော ဘွဲ့ဖြင့် သမီးတော် အဖြစ် မွေးစားကြောင်း"မြသလွန်မှာ၊ ပျော်စံမငြီး၊ သီတာတွင်ကော၊ ရွှေရင်သွေးကို၊ အထိန်းအသ၊ မြချော့အချီ၊ အသီအကျူး၊ အထူးအဆန်း၊ ဆောက်လုပ်ကြံခိုင်၊ အပန်းဆိုင်လေ၊ ပင်တိုင်နန်းမှာ၊ ရံဝန်းငါးရာ၊ တသောင်းသောင်းကော၊ ပေါင်းပျိုတော်နှင့်၊ ဖြေဖျော်တုံပြီး၊ နန်းဝေယံမှာ၊ စံမငြီးအောင်၊ ကြီးကြီးကျယ်ကျယ်၊ ဖပီတာမှာ၊ သီတာချောကို၊ ထားတော့သည်"ဟု ရေးဖွဲ့ခဲ့ပါသည်။

ထို့ကြောင့် တန်းခိုးဆရာထွန်း၏ ရာမသာခြင်းတွင် ရေးဖွဲ့ထားသော သီတာဒေဝီမင်းသမီးသည်၊ တိဘက်မူ၊ ဂျားဗားမူ၊ ယိုးဒယားမူ၊ လိက်သွိုင်ရာမ်ခေါ် မွန်ရာမမူ၊ လောရာမမူများတွင် လာရှိသကဲ့သို့ ဒသဂီရိ၏မိဖုရား မန္ဒောဒရီမှ မွေးဖွားလာသူ လည်းမဟုတ်၊ ဦးအောင်ဖြိုး၏ရာမသာခြင်းတို့ဆိုသကဲ့သို့ မီးပုံအတွင်းမှ ပေါ်လာသော ကြာဖူးမှထိုနေရာတွင်ပင် မွေးဖွားလာသူ လည်းမဟုတ်၊ ရာမသုံးမျိုးဇာတ်တော်ကြီး ဝတ္ထုတွင်ကဲ့သို့ ဇနကမင်းကြီးကိုယ်တိုင် ကြာဖူးပွင့်ချပ်ကို ခွါကြည့်သောအခါမှ တွေ့ရသောမင်းသမီးလည်းမဟုတ်၊ ဦးတိုး၏ရာမရကန်တွင်ကဲ့သို့ ကြာနန်းတတိသာဆိုခဲ့ပြီး အတိတ်ဇာတ်ကြောင်းကို အတိအကျ မသိရသော မင်းသမီးလည်းမဟုတ်ပဲ၊ ရခိုင့်အကြိုက်၊ ရခိုင့်စရိုက်၊ ရခိုင့်ဓလေ့နှင့် လျှော်ညီစွာ ထူးခြားသော ဇာတ်ကွက်သစ်၊ အနုစိပ်ကွဲလွဲချက်များကို ဖန်တီး၍၊ တန်းခိုးဆရာထွန်းသည် ရခိုင်ရာမသာခြင်း၌ သီတာဒေဝီ၏ ဘဝဇာတ်ကြောင်းကို တန်ဆာ ဆင် သီဖွဲ့ခဲ့ကြောင်း တင်ပြအပ်ပါသည်။

မောင်မြူး (သံတွဲ)


__ကိုးကားသောစာအုပ်စာတမ်းများ__

| | | |
|---|---|---|
| ၁။ | တန်းခိုးဆရာထွန်း | ရခိုင်သာခြင်းများ (၂၀၀၁)ရခိုင်သားကြီးစာပေ၊ ရန်ကုန်။ |
| ၂။ | ဆရာဇော်ဂျီ | စာပေါင်းချုပ် အတွဲ(၁)(၁၉၉၃)စာပေနှင့်စာနယ်ဇင်းအဖွဲ့။ |
| ၃။ | မောင်ခင်မင် (ဓနုဖြူ) | ရာမာယဏကို ခြေရာခံခြင်း၊ (၂၀၀၀)စက်တင်ဘာ၊ ကလျာမဂ္ဂဇင်း။ |
| ၄။ | မောင်မောင်ကြီး | အုတ်မြစ်တလ္လာစာပေဆောင်းပါးများ(၁၉၆၉)။ |
| ၅။ | အိုးနိုတိုးရှ | လိက်သွိုင်ရာမ်(လူထုဦးလှ၊ နှစ်၉၀-ပြည့်အထိမ်းအမှတ်စာအုပ်)။ |
| ၆။ | ဦးဖိုးစိန် | ရာမသုံးမျိုးဇာတ်ဝတ္ထု(၁၉၃၅) ရန်ကုန်။ |
| ၇။ | ငြိမ်းကျော် | ငွေတောင်(၁၉၇၀)ရန်ကုန်။ |
| ၈။ | မြန်မာဂုဏ်ကျော်မြင့် | စာပေရိပ်မွန် (၁၉၆၉) ရန်ကုန်။ |

# ရခိုင် ဂဏန်းသင်္ချာ

ကျော်ထွန်းအောင်

တနေ့မဟာမုနိဗုဒ္ဓပြတိုက်မှူး ကျွန်တော့်အိမ်သို့ရောက်လာပါသည်။ အမည်မဖော်ပြလိုသော ပညာရှင်ကြီးတစ်ဦးက သူတို့ပြတိုက်တွင် ခင်းကျင်းပြသထားသော အင်းဆံတစ်ခုကို ကျကျနနလေ့လာပြီး ဤအင်းဆံသည် ရှေးခေတ်က ရခိုင်အင်းဆံ မဟုတ်။ အင်္ဂလိပ်ခေတ်လောက်တွင် ရေးသားထုဆစ်ခဲ့သော အင်းဆံသာဖြစ်မည်ဟု အကြီးအကျယ်ဝေဖန်သုံးသပ် သုတေသနပြု မှတ်ချက်ပြုခဲ့ကြောင်း ပြောပြပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ ပြတိုက်မှူးက ကျွန်တော့်အား ဝေဖန်ရှင်းလင်းဆွေးနွေးပေးပါရန် ဆန္ဒပြုလာပါသည်။ ကျွန်တော်က ဘာမှဝေဖန်ရှင်းလင်း ဆွေးနွေးရန် အကြောင်းမရှိပါကြောင်း ဖြေကြားခဲ့ပါသည်။ သူကမကျေနပ်၍ အဘယ်ကြောင့် မဆွေးနွေးပါသနည်းဟု ပြန်မေးပါသည်။ ကျွန်တော်က "မောင်း"သည် မောင်းသံသာထွက်မည်။ "နှဲ"သည် နှဲသံသာထွက်မည်။ "စည်"သည်စည်သံသာထွက်မည်။ အဆန်းမဟုတ် သဘာဝသာဖြစ်မည်ဟု ဖြေဆိုလိုက်ပါသည်။

သို့သော် သူကမကျေနပ်၍ ထိုပညာရှင်ကြီးက အဆိုပါအင်းဆံတွင် အင်္ဂလိပ်ဂဏန်းနံပါတ် " ၁"One၊ နံပါတ် "၃" Three၊ နံပါတ်" ၇" Seven ၊ တို့ကို လက်ညှိုးဖြင့် ထောက်ပြပြီး လက်တွေ့လေ့လာ သုတေသနပြု ပေးခဲ့ကြောင်း ပြောဆိုလာပြန်ပါသည်။ ဤအချိန်တွင် ကျွန်တော်မရယ်ဘဲမနေနိုင်၊ ရယ်မိပါသည်။ မပြော၍ မဖြစ်တော့ပြီ။ ပြောရပေတော့မည်ဟု သိလိုက်ပါသည်။

ကျွန်တော့ထံတွင် မိဘဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းလာခဲ့သော ဂဏန်းသင်္ချာကျမ်း(ပေမူ) တစ်စောင်ရှိပါသည်။ စာ(၇)ကြောင်းရေး "က"အစ"ဠ"အဆုံး (၁၃)အင်္ဂါရှိပါသည်။ ယင်းကျမ်းတွင် ဂဏန်း ရေးနည်းအမျိုးမျိုး၊ လျှို့ဝှက်ဂဏန်းစာ ရေးနည်းအမျိုးမျိုး၊ နေ့အလိုက်၊ နံအလိုက်၊ ဂဏန်းသင်္ချာကောက်ပုံအမျိုးမျိုး၊ စာရေးနည်းအမျိုးမျိုး၊ သင်္ချာပုစ္ဆာပေါင်းမြောက်များ စွာ၊ အမေးအဖြေတွက်ပုံတွက်နည်း စသည်တို့ပါရှိပါသည်။

ကျမ်းပြုသူအမည်နှင့် ကျမ်းပြုသက္ကရာဇ်ကို ပေမူ(ဍကြေား)တွင်-

ကမ္ဘဝလာ၊ ယကပ်ပါ၍၊ မောက်ကာချလျှင်၊ ရှေးထိုးလျှင်မှ၊ မတွင်အမှံ၊ ညဝဂ္ဂကို၊ တံခွန်ပြသော်၊ သိနှန့်ကျော်သည်၊ ကျွန်ုပ်အမည်၊ မှတ်နားလည်ပေး၊ ငယ်သည်ကပင်၊ မင်းပွဲဝင်ဖြစ်၊ ချစ်ရှင်မြတ်စွာ၊ သာသနာမူ၊ ဒိသာလှုံ့ရွှန်း၊ သက္ကရာဇ်ထွန်းမူ၊ တွက်ချန်းယူပါ၊ ဘဒ္ဒရာလျှင်၊ သန်းလှာထွန်းတက်၊ စဉ်မပျက်သည်၊ ဆယ်ရက်စေ့စေ့၊ မှံမရွေ့ထည်း၊ နေ့ကားသောက်ကြာ၊ မွန်းတဲ့ခါ၌၊ လင်္ကာကျမ်းဆင်၊ ပြီးအောင်ပြင်သည်၊ ထင်ပေါ်အဟုတ်၊ ခေါ်သမုတ်သား"ဟူ၍တွေ့ရပါသည်။

မြန်မာဂဏန်းသင်္ချာထုပ္ပတ်ကိုမူ ယဉ်ကျေးမှုဌာန အငြိမ်းစားညွှန်ကြားရေးဝန် ဦးသာမြတ်သည် ၁၉၇၄ ခုနှစ်တွင် "မြန်မာအက္ခရာနှင့် ဂဏန်းသင်္ချာထုပ္ပတ်ကျမ်း"ကို ရေးသားပြုစုပြီး စာပေဗိမာန်မှ ပုံနှိပ်ထုတ်ဝေခဲ့သည်ကို တွေ့ရပါသည်။

ရခိုင်ဂဏန်းသင်္ချာနှင့်ပတ်သက်၍ ကျွန်တော်ထံတွင်ရှိသော "ရခိုင်ဂဏန်းသင်္ချာကျမ်း"ပေမူ(ခိ-ကြော)တွင်-

"ရေမှုရုပ်မှာ၊ သူရဇ္ဇာကား၊ ဖီလာယက်သဲ(တနည်းဆိုသော် လက်သဲနှစ်ဆင့်)နှစ်ကိုတဲ့မူ၊ ငါ့ဘဲ့နံရိုး၊ သုံးခုစိုဝ်သော်၊ သံကျိုဝ်အကောက်၊ လေးခုရောက်မူ၊ ရေးမြောက်မချွတ်၊ စည်လက်ခတ်သို့၊ ခရုပတ်ငါး၊ လက်ျာထား၍၊ ခြောက်ကားကျစ်လစ်၊ တန်းခွန်ပစ်လော့၊ ခုနစ်ကျူးညှောက်၊ သဏ္ဌာန်ပေါက်သို့၊ ဆင်ကျောက်အင္ဂ၊

မှတ်သားကြရှင့်၊ နဝဓဲဆို၊ သုညကိုကား၊ ဝလိုပမာ၊ ဤသို့လာသည်၊ ရက္ခာပြည်သူရေလန့်တည်း”ဟူ၍ ရေးသားထားသည်ကို တွေ့ရပါသည်။

ဤရေးထုံးကို မှီငြမ်းပြီး ဆရာကြီးဦးဦးသာထွန်းသည် “ရှေးဟောင်းအက္ခရာမှ ရခိုင်အက္ခရာသို့” စာအုပ်(လက်ရေးမူ) တွင် ရခိုင်ဂဏန်းသင်္ချာကို ဤသို့ဖော်ထုတ်ခဲ့ပါသည်။

- **ရေးမူရုပ်မှာ၊ သူရဇ္ဇာကား၊ ဖီလာယက်သဲ**
  **(တနည်းဆိုသော် လက်သဲနှစ်ဆင့်)**
- **နှစ်ကိုတဲ့မူ၊ ငါဘဲ့နံရိုး**
- **သုံးခုစိုဝ်သော်၊ သံကျိုဝ်အကောက်**
- **လေးခုရောက်မူ၊ ရေမြောက်မချွတ်၊ စည်လက်ခတ်သို့**
- **ခရုပတ်ငါး၊ လက်ျာထားတွင်**
- **ခြောက်ကားကျစ်ကျစ်၊ တန်းခွန်းပစ်လော့**
- **ခုနစ်ကျူညှောက်၊ သဏ္ဌာန်ပေါက်သို့**
- **ဆင်ကျောက်အဋ္ဌ**
- **နဝဓဲဆို**
- **သုညကိုကား၊ ဝလိုပမာ**

**ဤလက်ာ၏တိုက်ရိုက်အဓိပ္ပါယ်မှာ -**

**တစ်သည် လက်သဲကွင်းတစ်ဆင့်(၁)သို့မဟုတ် လက်သဲကွင်း နှစ်ဆင့် ( )**

**နှစ်သည် - ငါးဖယ်၏နံရိုးသဏ္ဌာန်**

**သုံးသည် - သံကိုတူနှင့်ရိုက်လိုက်လျှင် ခေါက်၍ ကျိုးနေသည့်သဏ္ဌာန်**

**လေးသည် - မင်္ဂလာစည်တော်၏လက်ခတ်သဏ္ဌာန်**

**ငါးသည် - လက်ျာရစ်ခရုပတ်သဏ္ဌာန်**

**ခြောက်သည် - တန်ခွန်လွှားသဏ္ဌာန်**

**ခုနစ်သည် - ကျူပင်ပေါက် အညှောက်သဏ္ဌာန်**

**ရှစ်သည် - ဆင်၏ကျောက်ကုန်းသဏ္ဌာန်**

**ကိုးသည် - အက္ခရာ“ဓ”ကို နောက်ပစ် ( ဲ )ထားသည့်သဏ္ဌာန်**

**ဟူ၍ဆိုလိုပေသည်။**

အမည်မဖော်လိုသောဘ ထိုပညာရှင်ကြီးသည် ရခိုင်ဂဏန်းကျမ်းနှင့်အညီ ရေးသားထုဆစ်ထားသော မဟာမုနိဗုဒ္ဓပြ တိုက်ရှိ အင်းဆံမှ အင်္ဂလိပ်ဂဏန်း One "၁"၊ နှင့်တူသော ရခိုင်ဂဏန်းကျမ်းလာ ငါးဖယ်နံရိုး သဏ္ဍာန်"၁"နှစ်ကိုလည်းကောင်း၊ အင်္ဂလိပ်ဂဏန်း Three "၃"နှင့်တူသော ရခိုင်ဂဏန်းကျမ်းလာ လက်သဲ နှစ်ဆင့်(၃)တစ်ကိုလည်းကောင်း၊ အင်္ဂလိပ်ဂဏန်း"၇" Seven နှင့် တူသောရခိုင်ဂဏန်းကျမ်းပါ ကျူပင်ပေါက် အညှောက်"၇"ခုနှစ်ကိုလည်းကောင်း၊ အဝိဇ္ဇာဖုံးပြီး အယောင်ယောင် အမှားမှား မျက်စိလည် လမ်းမှား သွားဟန်တူပါသည်။

ကျော်ထွန်းအောင်

# တို့မဆိတ်က ကျောက်ကြီးရင့် ဝေသာလီခေတ် လတံဆိပ်

**ကျော်သာညွန့်**

နေ့စွဲတိကျစွာ မဖော်ပြနိုင်သော ငယ်စဉ်ခါက အတွေ့အကြုံတစ်ရပ်ကို အမြဲလိုလို သတိရနေ၍ ဦးစွာဖော်ပြ လိုပေသည်။ ကျွန်ုပ်သည် လေးတန်းစာမေးပွဲပြီး၍ ကျောင်းအားသဖြင့် ဘခင်၊ အစ်ကိုတို့နှင့်အတူ မင်းပြားရှိ ဆွေမျိုးတို့ ထံသို့ အလယ်တစ်ခေါက် ရောက်ဖူးပါသည်။ သူငယ်မှတ်မှတ်ကို ပြောရမည်ဆိုလျှင် ထိုခါက မင်းပြားဈေးကား ယခု အခါထက် လွန်စွာကျဉ်းပါသည်။ မင်းပြားသားတို့ ဘေးမဲ့ပေးထားသည်ဟု ထင်ရသော ထိပ်ပြောင်ပြောင် ဘာဆီငှက်ကြီး တစ်ကောင် ဈေးဝန်းကျင်တွင် ကျက်စားနေသည်ကို မနီးမဝေးက အချိန်ကုန်စွာ ကြည့်ရှုနေဖူး၍ ကျွန်ုပ်အဖို့ မမေ့နိုင် သော မြင်ကွင်းတစ်ခု ဖြစ်ပါသည်။ ထိုသို့ အလည်ရောက်ခိုက်မှာ ဘခင်ဆွေမျိုးတစ်ဦးနှင့် ကျိန်းတောင်တစ်ဘက်က ဆင်ကြီးပြင်ရွာသို့လည်း အလယ်အပတ် ရက်ချင်းပြန်တစ်ခေါက် ရောက်ဖူးခဲ့ပါသည်။

ဆင်ကြီးပြင်ရွာသို့ ရောက်ရှိစဉ်မှာ ကစားဖော်မရှိ၍ လွန်စွာပျင်းရိငြီးငွေ့ နေပါသည်။ ထိုအခိုက် အိမ်နီးချင်း မှ ကျွန်ုပ်နှင့် ရွယ်တူသူတစ်ယောက်မှာ ကျောက်လုံးမြောင်ရှိ သူ့ဘခင်ထံသို့ ပန်းတူ(ဆေးတန်)နှင့် ဆေးရွက်ကိုပို့ရန် အတွက် အဖော်မရှိ၍ ကျွန်ုပ်အား ဖော်ရွယ်စွာ အဖော်ပြုလာသဖြင့် ထိုရွယ်တူသူ အဖော်သစ်နှင့် တောမြိုင်ထဲသို့ မဝံ့မရဲ လိုက်ပါခဲ့ဖူးပါသည်။

ကျောက်လုံးမြောင်သည် ဆင်ကြီးပြင်ရွာ အရှေ့ဘက် ကျိန်းတောင်ခြေရင်းရှိ သစ်ပင်နွယ်ပင် တောမြိုင်ထဲမှ စီးဆင်းလာသော စမ်းချောင်းကို ဆိုလိုသည်ဟု ထင်ပါသည်။ စမ်းရေအနည်းငယ်စီးဆင်းနေသည့် စမ်းချောင်းဖျားသို့ အတန်ငယ်သွားကြသောအခါ ကျောက်လုံးကြီးများ ကျောက်ဆောင်ကြီးများကို တွေ့ရှိကြရပါသည်။ တဲငယ်တစ်ဆောင် မျှကြီးမားသော ကျောက်လုံးကျောက်ဆောင်တို့ကို တစ်ခါမျှမမြင်ဖူးသဖြင့် မျက်စိထဲ စွဲမှတ်လောက်အောင် ငေးမော ကြည့်ရှုနေမိပါသည်။ ထိုကျောက်လုံးကျောက်ဆောင်အကြားရှိ မြေညီပြီး အေးမြသောနေရာ၌ အသက်သုံးဆယ် လေးဆယ်ဝန်းကျင်အရွယ် လူလတ်တစ်ချို့ ဖျာခင်း၍ ဖဲကစားနေကြပါသည်။ ကျွန်ုပ်နှင့် ရွယ်တူသူ အဖော်သစ်မှာ ပါလာသော ပန်းတူနှင့် ဆေးရွက်ထုပ်ကို သူ့ဘခင်အား လှမ်းပေးပြီးနောက် ကျောက်လုံးကြီးများကို တအံ့တကြည့်ရှုရင်း စမ်းချောင်းအတိုင်း ပြန်လာခဲ့ဖူးပါသည်။

ကျွန်ုပ်သည် ထိုကဲ့သို့ မမျှော်လင့်ဘဲ သွားရောက်ခဲ့ဖူးသည့် စမ်းချောင်းနှင့် ကျောက်လုံးကျောက်ဆောင်ကြီးများ သဘာဝအလျောက် အေးချမ်းလှပခြင်းမျိုးကို အမြဲလိုလိုသတိရနေ၍ ကြီးပြင်းလာသော်လည်း အဖော်အပေါင်းများအား မကြာမကြာ ပြောပြဖူးပါသည်။

၂၀၀၃ ခုနှစ် ဆောင်းရာသီခါက မင်းပြားမြို့နယ် ဆင်ကြီးပြင်ရွာမှ ဧည့်သည်တစ်ဦး မဟာမုနိဘုရားပုံတူ ကြေးဆင်းတုတစ်ဆူ သွန်းလုပ်ရန်အတွက် ကျွန်ုပ်၏ကြေးသွန်းကျောက်ဆစ်အလုပ်ရုံသို့ ရောက်ရှိလာပါသည်။ ကျောက်လုံးကျောက်ဆောင်ကြီးများအကြောင်းနှင့် စဉ်လျဉ်း၍ စကားပြောမိကြရာ ဘုရားသွန်းခိုင်းသော ဧည့်သည်က




ဝေသာလီမြို့ဟောင်း ဂေါင်းတောက ထွက်ပေါ်လာသော
စန္ဒာလခြမ်းပုံပါ ကျောက်တုံး

ထိုကျောက်လုံးကြီးများတွင် ကျောက်တစ်လုံးသည် နွားပုံသဏ္ဌာန်ဖြစ်နေ၍ နွားလားဥသဘကျောက်လုံးဟု ခေါ်ဆိုသမုတ်ကြကြောင်း၊ အကျယ်နှစ်ထွာခန့်ရှိ စန္ဒာလခြမ်းပုံ ဆောက်ကြောင်းရာတစ်ခုလည်း ကျောက်တစ်လုံးတွင် ထွင်းလျက်ရှိနေကြောင်း လေ့လာချင်စရာ ဗဟုသုတကို ပြောခဲ့ပါသည်။

ကျောက်ထွင်းလခြမ်းပုံများကို ဝေသာလီမြို့ဟောင်းရှိရာ ဝေသာလီရွာ၏မြောက်ဘက် ဘုရားကြီးသို့ သွားသော လမ်းတံတားအလွန် လယ်ကွက်အစ အနီးဝန်းကျင်တွင် ကျောက်အလုံးငါးဆယ်ထက်မနည်းသော ကျောက်လုံးတိုင်းလိုလို၌ ထွင်းလျက်ရှိကြောင်း တွေ့ဖူးပါသည်။ ထိုကျောက်လုံး အလျားတစ်တောင်ခန့် ရှည်ကြပြီး အဆောက်အဦးတစ်ခုခုက ပြိုထွက်လာဟန်ရှိသော ကျောက်တုံးများဖြစ်ကြောင်း လေ့လာဖူးပါသည်။ ယဉ်ကျေးမှုလက်ရာကို တန်ဖိုးမထားသူတို့ ကားလမ်း လုပ်ရာမှာ ထည့်ပစ်ကြ၍ မြင်ကွင်းက ပျောက်သွားလေပြီ။ သို့သော်လည်း ဝေသာလီရွာ အနောက်ဘက် (ဝေသာလီနန်းတော်ရာ အနောက်ဘက်) ဒေသခံတို့အခေါ် 'ဂေါင်းရင်းတော'နေရာမှာ လခြမ်းပုံထွင်းထားသော တံတိုင်းကျောက်အချို့ကို ယခုတိုင် တွေ့နေရဆဲဖြစ်ပါသည်။

မြောက်ဦးခေတ်မှာ တံတိုင်းအဆောက်အဦးတို့ကို ကျောက်ဖြင့်လုပ်သည်။ ဝေသာလီမြို့မှာ တံတိုင်းအဆောက်အဦးများအား ကျောက်ဖြင့်လုပ်ခဲ့သည်ကို မတွေ့ရ၊ အုတ်ဖြင့်သာလုပ်ကြသည်ဟု ဆိုကြသည်။ ယခုအခါ ဝေသာလီနန်းတော် အနောက်မျက်နှာအရပ် ဂေါင်းရင်းတော ခေါ် နေရာတစ်ဝှမ်းမှာ ကျောက်တုံးများဖြင့် ဝေသာလီနန်းတော်တံတိုင်း ဘိနပ်ကို တည်ဆောက်ခဲ့ကြောင်း တောရှင်း၍ အတန်းလိုက် အထင်းသားပေါ်ထွက်ပြီ။ တံတိုင်းအပျက်အစီးကျောက်တုံးတို့တွင် အလျား ၂၂ စင်တီမီတာ၊ အနံ ၄စင်တီမီတာရှိ စန္ဒာလခြမ်းပုံနှင့် အဝန်းထဲမှ ကြက်ခြေအမှတ်အသားသင်္ကေတများကို မှတ်သားထားကြောင်း လေ့လာ၍ တွေ့ရှိရပါသည်။

ကျောက်တုံးတို့တွင် စန္ဒာလခြမ်းပုံ တံဆိပ်အမှတ်အသား ပြုလုပ်ထားခြင်းမှာ ဝေသာလီခေတ်က စန္ဒြားမင်းဆက်တို့ ခတ်နှိပ်သုံးစွဲခဲ့ကြသည့် ရွှေဒင်္ဂါးများတွင် နေလတံဆိပ်ကို ပုံဖော်ခတ်နှိပ်ခဲ့ကြသကဲ့သို့ ဝေသာလီခေတ်ကျောက်တုံးတို့တွင်လည်း စန္ဒြာမင်းတို့ တည်ဆောက်မည့် အဆောက်အဦးအတွက် သတ်မှတ်ထားသော ကျောက်တုံးဟု စန္ဒာလခြမ်းပုံကို ရေးထွင်းခဲ့ကြဟန်တူပေသည်။



ကျောက်ကြီးရင့်တည်ရှိရာပြမြေပုံ
စကေးမဲ့

ရခိုင်မှာ ဝေသာလီခေတ်က ကျောက်ဆစ်ပန်းပုရုပ်လုံးရုပ်ကြွများ ထုလုပ်ခဲ့ကြသည်ကို လေ့လာကြည့်လျှင် ရိုးရိုးသဲအသားကျောက်အပြင် ညိုပြီးအမာအဆင့်ရှိ သဲကျောက်များဖြင့် ထုလုပ်ခဲ့ကြသည်ကိုလည်း တွေ့ရှိကြရပေသည်။ ထိုကျောက်ညိုကုန်ကြမ်းများကို မည်သည့်ဒေသ မည်သည့်ကျောက်ကြောက ထုတ်လုပ်ခဲ့ကြသနည်းဟု လေ့လာသူတစ်ချို့က စိတ်ဝင်စားလျှက်ရှိကြလေသည်။ ယခုကာလ ကျွန်ုပ်တို့ ကျောက်ဆစ်ပန်းပုထုလုပ်လာကြသောအခါ မင်းပြား ကျိန်းတောင်အရှေ့ဘက်ကျောက်ကြောမှ ထုတ်ယူနေသောကျောက်များသည် ပေါက်တောမြို့နယ် ကံဆိပ်ရွာက ကျောက်ကြောမှ သဲကျောက်ကဲ့သို့ ပန်းပုထုလုပ်ရန် အသားကျောက်လည်းဖြစ် အညိုရောင်လည်းဖြစ် မာလည်း လွန်စွာမာကြောသဖြင့် ဝေသာလီခေတ်က ထုဆစ်ခဲ့ကြသော ကျောက်ညိုသားများမှာ ကျိန်းတောင်ကျောက်ကြောက ထုတ်ယူခဲ့သော ကျောက်များလား စဉ်စားမိပါသည်။

ဝေသာလီမြို့ဟောင်း၏ အရှေ့ဘက်တစ်မိုင်ခန့်တွင် ရေတံခွန်ငယ်တစ်ခု ရှိနေပါသည်။ သဲကျောက်ကြောမှ ကျောက်ကုန်ကြမ်းများ ထုတ်လုပ်၍ ကျောက်နံရံဖြစ်လာသဖြင့် ရေတံခွန်ဖြစ်လာသည်ဟု ယူဆမိပါသည်။ ထိုရေတံခွန်ရှိ ကျောက်တုံးကြီးများတွင် စူးရာဆောက်ရာမျဉ်းတန်းများ၊ ပြောင်းရွှေ့သယ်ယူသည့်လမ်းတွင် ကျန်ရစ်သော ကျောက်လုံးကြီးတစ်ချို့ စသည့်လုပ်ငန်းခွင်ပုံစံ သဲလွန်စကို လေ့လာတွေ့ရှိရပါသည်။ ဤနေရာတွင် ရိုးရိုးအသားကျောက်အပြင် ညိုပြီးမာသောကုန်ကြမ်းလည်း ပါဝင်မဝင်၊ ဤကျောက်ကြောမှ ကျောက်သားနု၍ မလိုသည့်ကျောက်များကို စွန့်ပစ်ထားခဲ့လေသလား၊ လုပ်ငန်းတွင်ကျယ်ခဲ့လေသလား၊ စသည်တို့ကို ဆက်လက်လေ့လာရပေမည်။ ကျွန်ုပ်အနေဖြင့် ဤရေတံခွန်ငယ် ကျောက်ကုန်ကြမ်းကျင်းသည် ဝေသာလီခေတ်က ထုတ်လုပ်ခဲ့ကြသည့်နေရာဟု အတိအကျ ဆိုလိုခြင်း မဟုတ်ပါ။ ဝေသာလီခေတ်က အသုံးပြုခဲ့သည့် ကျောက်ကုန်ကြမ်းထုတ်ယူသော နေရာအား စိတ်ဝင်စားသော သုတေသီတို့ သွားရောက်လေ့လာသင့်သော နေရာတစ်ခုဖြစ်ပေသည်။

ဝေသာလီခေတ် ကျောက်ဆစ်လက်ရာ ဗိရာစု ဂုပ္ပတဟန် ကျောက်ဆစ်ရုပ်များကို သုတေသီ ပင်မလာဂတ်တမင်က ‘ရွှေခေတ်ရခိုင်အကြောင်းစာတမ်း’(စာမျက်နှာ ၁၈၄မှ ၁၈၈ထိရှု)မှာ အဆိုတစ်ခု ထည့်ဆိုထားသည်ကို



**၂၃-၄-၂၀၀၆ နေ့က စာရေးသူ ကျော်သာညွန့်အပါအဝင် မင်းပြားမင်းသိန်းဇံ၊ နောင်အေး(အနောက်)၊ ညိုဘန်း(လေးဝတီ)၊ မြတ်သန်းလှိုင်(မြောက်ဦး)၊ ကေသလာစောမောင်၊ ဘုမ္မိမြေ ခိုင်ကျော်မင်းတို့ ကျောက်ရင့်ကြီးအား လေ့လာခဲ့ကြစဉ်က**

တွေ့ရပါသည်။ ရခိုင်၌ နီညိုရောင်သဲကျောက်အမာစားမျိုးဖြင့် ထုဆစ်ထားကြပြီး ထိုအနီရောင် ကျောက်အမျာစားမျိုးကို မြောက်ဦးအနောက်ဘက် တောင်တန်းများမှ တူးဖော်ရရှိခြင်း ဖြစ်ပေသည်ဟု ဆိုထားပါသည်။ မြောက်ဦး အနောက်ဘက် တောင်တန်းဆိုသည်မှာ ဘဲငါးရာတောင်တန်းလား ကျောက်ထုတ်လုပ်သည့်နေရာကို တိကျ စွာ ထောက်ပြခြင်း မတွေ့ရ၍ အားမလို အားမရဖြစ်မိပါသည်။

ထို့ကြောင့် ကျွန်ုပ်ထံသို့ မဟာမုနိ ကြေးဆင်းတုသွန်းရန် ရောက်ရှိလာသော ဇည့်သည်ပြောပြချက်အရ ဆင်ကြီးပြင်ရွာအနီး စမ်းချောင်းရှိ ကျောက်လုံးများအား သဲလွန်စရှာဖွေလေ့လာလိုစိတ်က နိုးဆွလျှက်ရှိနေလေသည်။ ဝေသာလီခေတ်မှာ ထုဆစ်သော ကျောက်ကုန်ကြမ်းကို ကျိုန်းတောင်ခြေရင်း ကျောက်တုံးများက ထုတ်လုပ်ခဲ့လေသလား သမိုင်းအမှောင်ကွက်တစ်ခုကို ဇည့်သည်ပြောခဲ့သော စန္ဒာလခြမ်းတံဆိပ်က အလင်းကွက်ဖြစ်အောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်နေမိပေသည်။ ၂၀၀၆ ခု ဧပြီလ ၂၃ ရက် ကျိုန်းတော်တောင်ဘုရားပွဲခါ သမယမှာ စာရေးဆရာများဖြစ်ကြသော မင်းပြားမင်းသိန်းဇံ၊ ညိုဘန်း၊ ကေသလာစောမောင်၊ မြောက်ဦးမှ ဆရာမောင်ကျော်ဇော၊ မောင်သန်းလှိုင်(မြတ်သန်းလှိုင်)တို့နှင့် လေ့လာဖို့ ခရီးဆန့်ကြပါသည်။ ကျွန်ုပ် ရုတ်တရက်ပေါ်ပေါက်လာသော အလုပ်ကိစ္စတစ်ခုကြောင့် မြောက်ဦးမှ မင်းပြားသို့ တာထွက်တစ်ညနောက်ကျ ကျန်ရစ်ခဲ့သည်။ ဧပြီ ၂၃ရက်ပွဲခင်းတွင် တွေ့ဆုံကြဖို့ ကြိုတင်ချိန်းဆိုထားသည်။

ပွဲခင်းသို့ ရောက်လတ်သော် ဦးစွာသူတို့ရောက်ရှိနေရာကို စုံစမ်းကာ ရှာနေရသည်။ ပွဲခင်းထဲမှ စာရေးဆရာတို့ အုပ်စု ဆင်ကြီးပြင်ရွာသို့ သွားနှင့်ကြပြီဟု သတင်းရရှိ၍ ထိုရွာသို့ဆက်သွားရပြန်သည်။ ဆင်ကြီးပြင်ရွာသို့ ရောက်သောအခါ စာရေးဆရာတို့ကိုလည်း မတွေ့ရ။ စမ်းချောင်းရှိ ကျောက်တုံးကျောက်ဆောင်ရှိသောနေရာကို လိုက်ပြပေးရန် ရွာက လူငယ်တစ်ချို့အား အကူအညီတောင်းကြည့်ရာ လိုက်ပြမည့်သူ အဖော်လည်းမရပေ။ ကျွန်ုပ် ငယ်စဉ်ခါက ရောက်ဖူးသော စမ်းချောင်းအဝတွင် ဘုန်းတော်ကြီးကျောင်းသစ်တစ်ဆောင် နေရာယူတည်ဆောက်လျှက်ရှိကြောင်း တွေ့ရပါသည်။ နံနက်ဆယ့်တစ်နာရီ နေမင်းကလည်း ပြင်းလာပြီ။ ဆင်ကြီးပြင်ရွာအနီး စမ်းချောင်းရှိ ကျောက်တုံးပေါ်မှ စန္ဒာလခြမ်းတံဆိပ်ကို လေ့လာလိုစိတ်ဆန္ဒကြောင့် ဆင်ကြီးပြင်ရွာသို့ရောက်ပြီးခါမှ အဖော်ကွဲကာ လေ့လာဖို့ကိစ္စကို လက်လျှော့လိုက်ရပါသည်။



**တို့မဆိတ်ကျောက်ကြီးရင့်မှ စန္ဒာလတံဆိပ်ပါ အမှတ်အသားကို တွေ့မြင်ရစဉ်**

ကျိုန်းတောင်ပွဲ အသွားအလာလူများကို ဆက်လက်စုံစမ်းသည်။ စာရေးဆရာ မင်းသိန်းဇံ၏ ညိုဘန်းတို့အုပ်စု ထမင်းချက်စားဖို့နေရာကောင်းရှာရင်း၊ ရှာရင်းနှင့် တို့မဆိတ်ရွာအဆုံးက ဝါးရုံမြိုင်အောက်မှာ ထမင်းချက်စားနေကြသည်ဟု သတင်းရသည်။ သို့နှင့် တို့မဆိတ်ရွာသို့ ခရီးဆက်လျှောက်ပြန်သည်။

ကျိုန်းတစ်ပါတ်လမ်းတစ်လျှောက် တောင်ခြေရင်းတို့တွင် ကျောက်လုံးကျောက်ဆောင်များကို နေရာအနှံ့ တွေ့ရှိရသည်။ ဆင်ကြီးပြင်ရွာမှ ကျိုန်းတစ်ပတ်လမ်းအတိုင်း မြောက်ဘက်သို့သွားသော် ငပြီအင်းရွာနှင့် အသေရွာကို ရောက်သည်။ အသေရွာဆုံးသည်နှင့် တို့မဆိတ်ရွာကို စပြီ။ တို့မဆိတ်ရွာအစမှာ ကားလမ်းဘေးရှိ ကျောက်တုံးကြီး တစ်တုံးကို တွေ့သည်။ ထိုကျောက်တုံးမှာ လမ်းနှင့်လွန်စွာနီးကပ်နေသဖြင့် ကျောက်တုံးကို သေချာကြည့်မိသည်။ ကြည့်လိုက်လျှင်ပင် ကျောက်တုံးကြီးထိပ်မှာ စန္ဒာလခြမ်းပုံ တစ်ကြောင်းရေးထွင်းရာတစ်ခုနှင့် ကြက်ခြေအမှတ်အသား နှစ်ခုကို မမျှော်လင့်ဘဲ မြင်တွေ့ရသဖြင့် ကျွန်ုပ်လွန်စွာ အံ့သြပီတိဖြစ်မိသည်။ ဆင်ကြီးပြင်ရွာက စမ်းချောင်းကို မလေ့လာခဲ့ရ စိတ်ဓာတ်ကျကာ အဖော်ရှာနေသော ကျွန်ုပ်မှာ မျှော်လင့်မထားခဲ့သော တို့မဆိတ်ရွာကျောက်တုံးက စန္ဒာလခြမ်းတံဆိပ်မြင်ကွင်းကြောင့် ဆက်လက်လေ့လာဖို့ စိတ်ဓာတ်ကို တက်ကြွနိုးကြား ခွန်အား ရှိသွားသည်။

## ကျောက်ကြီးရင့်။


မင်းပြားကျိုန်းတောင် အနောက်ဘက်ရွာတန်းတွင် တို့မဆိတ်အမည်ဖြင့် ရွာတစ်ရွာ တည်ရှိ၏။ 'တွံမဆုတ်' ဆိုသည်စကားက ပြောင်းလွဲခေါ်ဝေါ်လာကြောင်း ဆိုကြ၏။ တို့မဆိတ်ရွာတောင်ဘက်အစ ဦးစိန်ဝင်းမောင် အိမ်ရှေ့ ကျိုန်းတစ်ပတ်လမ်းနံဘေးတွင် ကပ်လျှက် ကျောက်ကြီးရင့်အမည်ရှိသော ကျောက်တစ်လုံးတည်ရှိ၏။

ကျောက်ကြီးရင့်၏အလျားမှာ အရှေ့အနောက် ၄. ၅၇မီတာ အနံမှာ ၃. ၆၆မီတာရှိ၏။ မြေပေါ်အမြင့်မှာ တစ်မီတာခန့်မြင့်ပြီး ဒယ်အိုးမှောက်သကဲ့သို့ ခပ်ကုန်းကုန်းပုံ ဖြစ်နေသည်။ ထိုကျောက်တုံးသည် တောင်ခြေဘက်ကျသော အရှေ့အရပ်ဘက်မှကျယ်ပြီး အနောက်ဘက်သို့ ရှူးသွားကာ တြိဂံပုံပျက်ဖြစ်နေသည်။ ကားသွားဘက်မှာ မျဉ်းဖြောင့်ဆွဲကာ တစ်ဝက်တစ်ပျက်ညှိထားသော ကျောက်ဆစ်ရာများကို တွေ့ရသည်။ ထို့အတူ ကျောက်တုံးအထက်ပိုင်းတွင်လည်း စူးရာဆောက်ရာ အတန်းတစ်ခု ရှိနေသည်။ တောင်ဘက်မျက်နှာနံယောင်တွင်မူ ကျောက်အသားထုတ်ထားသော ဆောက်အကြောင်းရာတိုသုသည် ကွေ့ကွေ့သဏ္ဌာန် ဖြစ်ပေါ်နေသည်။



**မင်းပြားမြို့ ကိုန်းတောင်အနောက်ဖက် တို့မဆိတ်ရွာမှ ကျောက်ကြီးရင့်ပုံ**

ကျောက်တုံးထိပ်တွင် စန္ဒာလခြမ်းပုံတစ်ခုရှိသည်။ စန္ဒာလခြမ်းပုံသည် အလျား ၅၄လက်မ၊ အနံမှာ သုံးလက်မ ရှိကာ ဆန်းသစ်စ လအသွင်ကို ဆောင်နေသည်။ လခြမ်းအတွင်းနေရာ၌ ကြက်ခြေအမှတ်အသားတစ်ခုနှင့် လခြမ်း အပြင်ဘက်တွင် ကြက်ခြေအမှတ်အသားတစ်ခုကို တွေ့ရသည်။ ကားလမ်းမဖောက်ခင်က ဤကျောက်တုံးပတ်လည်



**ပန်းပုကျောက်စစ်သည်တို့ ဘုရားထုရန် အစပျိုးခဲ့သော လက်ရာ၊ ကျောက်ကြီးရင့်ပုံ**



**ဝေသာလီမြို့ဟောင်း နန်းတော်အနောက်ဘက် ဂေါင်းရင်းတောက စန္ဒာလခြမ်းပုံကျောက်တုံး**

နေရာသည် လေးငါးပေခန့်နက်သော မြေအင်းချိုင့်တစ်ခုဖြစ်ကာ အလယ်၌ ဤကျောက်ကြီးရင့်က ငေါ်၍တည်ရှိနေခဲ့သည်။ ယခုအခါ ကားလမ်းဖောက်လုပ်လာသောအခါ ကျောက်တုံးအနီးတွင် တောင်ကျမြေများ တဖြည်းဖြည်းပို့ချလာသဖြင့် ကျောက်လုံးမြေပေါ်မှ သုံးပေခန့်သာပေါ်၍ မြင်ရသည်။ ကျိုန်းတစ်ပတ်ကားလမ်းဖောက်ရာတွင် ထိုကျောက်တုံးအထက်တည့်တည့် ကားလမ်းကျရောက်ပါက ဤကဲ့သို့ မြင်ရနိုင်ဖွယ်မရှိကြောင်း ကျောက်ကြီးရင့်အမည်ကိုလည်း အထက်ထက်ကပင် ခေါ်ဝေါ်လာကြကြောင်း ဒေသခံတစ်ဦးက ဆက်လက်ပြောကြားပါသည်။

ဤကျောက်တုံးတွင် အထက်ဖော်ပြပါ လူဖန်တီး၍ ဖြစ်ကျန်ရစ်ခဲ့သော လက်ရာတို့ကို သုံးသပ်လေ့လာကြည့်ပါက ဆယ်တောင်အမြင့်ရှိ ထိုင်တော်မူဘုရားဆင်းတုတစ်ဆူ ထုဆစ်ပုံဖော်ရန် ကြိုးစားခဲ့သောလက်ရာဖြစ်ကြောင်း တွေ့ရှိရသည်။ ကားနေသောဘက်က တစ်ဝက်တစ်ပျက် ဆောက်ထွင်းရာမှာ ဘုရားအောက်ခြေဖြစ်ပြီး ကျောက်တုံးထက်က ဆောက်ဖြင့်ညှိထားသောအတန်းမှာ ဘုရားရင်ခွင်ဖြစ်သည်။ တောင်ဘက်မျက်နှာနံယောင်မှ ကျောက်အသားထုတ်သော ကွေ့ကွေ့သဏ္ဍာန်ဆိုလျှင် ဘုရားဆင်းတုခါးပိုင်းဖြစ်ကာ ကျောက်ထိပ်ပိုင်းရှိ ကြက်ခြေအမှတ်အသားမှာ ဘုရားထုရန် ကျောက်တုံးကို အောက်ခြေညှိသော မျဉ်းအလယ်မှ ကိုးဆယ်ဒီဂရီမျဉ်းမတ်၍ ကျောက်ထိပ်ပိုင်းအဆုံးရောက်သောအခါ ကြက်ခြေအမှတ်အသားကို သတ်မှတ်ရေးထိုးခြင်းဖြစ်သည်။ ကြက်ခြေနှစ်ခုဖြစ်ရခြင်းမှာ ပထမရွေးချယ်ထားသော အလယ်ထိပ်အမှတ်မှားနေ၍ နောက်တစ်နေရာတွင် အလယ်မှတ်ကို ဖော်ထားခြင်းဖြစ်ကြောင်း ကျောက်ဆစ်ပန်းပုထုလုပ်သောနည်းပညာအမြင်ဖြင့် ဆက်စပ်ကြည့်၍ သိသာပေသည်။

ဘုရားရုပ်ထု ထုဆစ်ကြသော ပန်းပုသည်တို့ အလုပ်စကြည့်ကြသောအခါ လွန်စွာမာကျောသော ကျောက်ဖြစ်နေသဖြင့်လည်းကောင်း တစ်ခြားနေရာက ပုံစံတူ အရွယ်တူကျောက်ကို အလွယ်တကူဖြင့် အစားထိုးရရှိသွား၍လည်း တစ်မျိုး ဤကျောက်ကို စွန့်ပစ်ခဲ့ကြခြင်း ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ကျောက်ကြီးရင့်နာမည်ရလာသည်ဟု ထင်မိပါသည်။

ကျောက်ကြီးရင့်ကျောက်တုံးပေါ်ရှိ စန္ဒာလခြမ်းတံဆိပ်သည် ထိုကျောက်တုံးကို ဘုရားဆင်းတု ထုထုကြည့်သောအခါ ဦးတော်ထွင်းရန်နေရာဟု သတ်မှတ်ထားသောအဝန်း (စက်ဝိုင်းခြမ်း)ဟုဆိုပါလျှင် ပန်းပုနည်းပညာရှုထောင့်အရ ကျောက်တုံးကို အလယ်မျဉ်းမတ်၍ ထိပ်ဆုံးမှာ ကြက်ခြေအမှတ်အသား ရေးထွင်းသောအခါ ထိုကြက်ခြေပုံသည် ဦးတော်အဝန်းဟု သတ်မှတ်ထားသော စက်ဝိုင်းခြမ်း၏အလယ်ဗဟိုတည့်တည့်တွင် ရှိနေရာပေမည်။ ကြက်ခြေအမှတ်အသားနှစ်ခုလုံးကပို အဝန်းအလယ်တွင် မတွေ့ရသဖြင့် ထိုအဝန်းသည် စန္ဒာလခြမ်းသာဖြစ်သည်။

စန္ဒာလခြမ်းတံဆိပ်သည် ဘုရားဆင်းတု ထုလုပ်ခြင်းနှင့် တခြားစီဖြစ်နေသည်။ စန္ဒလခြမ်းတံဆိပ်သည် ဝေသာလီလက်ရာသာဖြစ်ပြီး ဘုရားဆင်းတုထုကြည့်ခြင်းမှာ ဝေသာလီခေတ်ကလား၊ လေးမြို့ခေတ်ကလား၊ မြောက်ဦး ခေတ်ကလား တိကျစွာ မဆိုလိုပေ။ ဝေသာလီခေတ်ခါက ဘုရားဆင်းတု ထုလုပ်ရန် သတ်မှတ်ထားသော အချိန် တစ်ချိန်တည်း တစ်ခါတည်းလည်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ ကျောက်ကြီးရင့်ပေါ်မှ တစ်ကြောင်းရေးဆောက်ထွင်း စန္ဒာလခြမ်းသည် ဝေသာလီခေတ်စန္ဒြားမင်းတို့ တံဆိပ်ဖြစ်ကြောင်း ဆောက်ထွင်းရာအစွန်အဖျားများကို ကြည့်ရှုခြင်းဖြင့် ထင်ရှားစွာ သိသာပေသည်။

ဝေသာလီမြို့ဟောင်းတွင် ကျောက်တုံးများပေါ်မှ စန္ဒာလခြမ်းအမှတ်အသားရှိနေ၍လည်းကောင်း ဝေသာလီ ခေတ် သုံးစွဲခဲ့ကြသော ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများမှ စန္ဒာလခြမ်း အမှတ်အသားတံဆိပ်များရှိနေ၍ လည်းကောင်း၊ တို့မဆိတ် က ကျောက်ကြီးရင့် စန္ဒာလခြမ်းပုံအတွက် အဖော်ရ အထောက်အထား၊ အထောက်အကူသက်သေများကိုလည်း ပြသနိုင်ပြီ ဖြစ်ပေသည်။ ထို့အတူ ဝေသာလီမြို့နန်းတော်ဘိနပ်ကို တူးဖော်ရေးလုပ်သော်လည်းကောင်း၊ ဆင်ကြီးပြင် ရွာအနီး စမ်းချောင်းမှ ကျောက်တုံးပေါ်ရှိ စန္ဒာလခြမ်းကို ရှာဖွေတွေ့ရှိကြပါကလည်းကောင်း ဝေသာလီခေတ်မှာ စန္ဒာလခြမ်းတံဆိပ်များ တွင်ကျယ်စွာ တံဆိပ်ခပ်နိုင်ကြောင်း ပို၍ပို၍ သက်သေပြနိုင်လိမ့်မည်ဖြစ်သည်။

ထို့အပြင် ကျွန်ုပ်တို့ စိတ်ဝင်စားနေကြသော ဝေသာလီခေတ်က ရုပ်လုံးရုပ်ကြွများ ထုဆစ်ခဲ့ကြသော ကုန်ကြမ်း ကျောက်ညိုသားမျာ ဖြို့ခွဲထုတ်လုပ်သည့်နေရာ ကျောက်ကြောကိုလည်း တိတိကျကျ သိရှိလာကြမည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ပေသည်။

ကျော်သာညွန့်
ရခိုင်လက်မှုကြေးသွန်းကျောက်ဆစ်

# ချင်းပြန်ဘုရားနှင့် ယင်း၏ဝန်းကျင်မှ သုတေသနအမြင်

မင်းပြားမင်းသိန်းဇံ



ချင်းပုံစေတီပုံ

ချင်းဆိပ်ရွာသည် မင်းပြားမြို့မှ အရှေ့မြောက်ထောင့် အရပ်တွင် တည်ရှိနေသည်။ မင်းပြားမှ အဖြောင့် တိုင်းတာလျှင် (၆)မိုင်ကျော်ဝေးကွာသည်။

ချင်းဆိပ်ရွာ၏တောင်ဘက်တွင်ကပ်၍ ပန်းမြောင်းကြီး ချောင်းက တသွင်သွင် စီးဆင်းလျက်ရှိနေသည်။ ဤရွာမှ အနောက်မြောက်ထောင့်သို့ လှမ်းမျှော်ကြည့်ပါမူ စိမ်းညိုပြာမှိုင်း နေသောတောင်ကုန်းငယ်များကို အထပ်လိုက် အထပ်လိုက် လှမ်းမြင်ရသည်။ ဤအရပ်မှ မြောက်ဘက်ပိုင်း တစ်ခွင် သည် ရာဇဝင်တွင် ထင်ရှားခဲ့သော နန္ဒဗလတော လည်းဖြစ်ဘိသည်။ ချင်းဆိပ်ရွာမှ အရှေ့မြောက်ဘက်(၁)မိုင်ခန့်အကွာတွင် (ချင်းပြန်ဘုရား) ဟူသောအရပ်ဒေသ တစ်ခုကို တွေ့ရသည်။

ဤအရပ်သည် ဗုဒ္ဓကျောက်ဆင်းတုတော်များနှင့် စေတီတည်ရှိနေရာဖြစ်ပြီး သတိုးအုပ်စု ချင်းဆိပ်ရွာ၏ အထင်ကရ သာသနိက မှတ်တိုင်နေရာတစ်ခုလည်း ဖြစ်ပေသည်။ စေတီတော်တည်ရှိနေရာ တောင်ကုန်းငယ်သည် မြေပြင်မှ ပေ(၂၀)ခန့်သာသာမြင့်ပြီး တောင်နှင့်မြောက် ရှည်မျောမျော(ဆင်ခြေလျှော)ပုံသဏ္ဍာန် တည်ရှိနေသည်။ မြောက်ဘက်ပိုင်းသည် တောင်ကုန်းအမြင့်ဆုံးနေရာဖြစ်ကာ ဤတောင်ကုန်းမြင့်၌ ယခုအခါ စေတီငယ်တစ်ဆူက ကိန်းဝပ်လျက်ရှိနေသည်။ စေတီငယ်မှာ အမြင့်ပေ (၁၇)ပေခန့်သာမြင့်သည်။ စေတီ၏အောက်ခြေမှာ ရှစ်မြှောင့် ပုံသဏ္ဍာန်ရှိသည်။ အနားတစ်ဘက်လျှင် ၆ပေ ၆လက်မစီရှိကြသည်။ စေတီအောက်ခြေတစ်ပတ်တိတိဆိုလျှင်(၅၂)ပေ ရှိမည်ဖြစ်သည်။

စေတီ၏ အရှေ့ဘက်တွင် ထိုးထွက်နေသော အုတ်ဂူငယ်တစ်ခုကိုလည်း ပြုလုပ်ထားကြသည်။ ဤအုတ်ဂူငယ် သည် ရှည်မျောမျောရှိနေပြီး အရှေ့အနောက်အလျားမှာ ၈ပေ ၆လက်မရှိသည်။ တောင်နှင့်မြောက်အနံမှာ ၅ပေ ၁၁လက်မ ရှိကြသည်။ ဂူအမြင့်မှာ ၅ပေ ၅လက်မရှိသည်။

ဤအုတ်ဂူထဲ၌ ဗုဒ္ဓကျောက်ဆင်းတုတော် (၂)ဆူက ရှေ့နောက်စံမွှါယ်လျက် ရှိနေကြသည်။ ရှေ့ကဆင်းတုမှာ အမြင့် ၃ပေ ၉လက်မရှိပြီး ဒူးစွန်းနှစ်ဘက်သည် ၃ပေ ၁လက်မရှိကြသည်။ ဆင်းတုတော်မှာ ခြေထပ်ပုံဖြစ်သည်။ စျာန်ကသိုဏ်းသင်္ကန်းကို ဝတ်ဆင်ထားသည်။

နောက်ကဆင်းတုတော်မှာ အမြင့် ၂ပေ ၉လက်မရှိနေပြီး ဒူးစွန်းနှစ်ဘက်မှာ ၂ပေ ၆လက်မရှိကြသည်။ ခြေထပ်ပုံဖြစ်ပြီး ကြာသင်္ကန်းကို ဝတ်ဆင်ထားကြသည်။

ယခုအခါ ဤစေတီရင်ပြင်တစ်ခုလုံးကို သမံတလင်းခင်းထားပြီး ပတ်လည်အုတ်တံတိုင်းကို ကာရံထားသည်။ အုတ်တံတိုင်း၏အရှေ့အနောက်မှာ ပေ ၃၇ပေ ၇လက်မရှိသည်။ တောင်နှင့်မြောက်မှာ ၃၃ပေ ၈လက်မစီရှိကြသည်။

ဤစေတီတော်မှာ လွန်ခဲ့သောနှစ်များစွာက ယိုယွင်းပျက်စီးနေခဲ့ကြောင်း သိရှိရသည်။ ခြုံနွယ်ပိတ်ပေါင်းများ က ရစ်သိုင်းပေါက်ရောက်နေသည့်အတွက် အတွင်းထဲမှ အခြေအနေကို ကွဲကွဲပြားပြား မသိရှိကြောင်း ဆိုကြသည်။

ကျောက်တုံးကျောက်ပြားများမှာ စုပုံပြိုပျက်လျက်ရှိနေခဲ့သည်ကို ချင်းဆိပ်ကျေးရွာနေ ဦးကြာထွန်းဆိုသူသည် ကောဇာသက္ကရာဇ် ၁၃၃၀ပြည့်နှစ်က တောရှင်းလင်းခဲ့ရာ ပြိုပျက်နေသောစေတီပုထိုးပျက်ပုံကို တွေ့ရှိခဲ့ရသည်။

ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အပေါ်မှကျောက်တုံးကျောက်ပြားများကို ဖယ်ရှားခဲ့ရာ မမျှော်လင့်ပဲ ဂူတွင်းထဲမှ ဗုဒ္ဓကျောက်ဆင်းတုတော်(၂)ဆူသည် ဘွားကနဲပေါ်ထွက်လာခဲ့သည်။ ဆင်းတုတော်နှစ်ဆူမှာ ရှေ့နောက် ကိန်းဝပ်စံမွှါယ်နေကြပြီး နောက်တွင်ရှိနေသောဆင်းတုတော်၏ ဦးခေါင်း၌ မြတ်ဗုဒ္ဓဓာတ်မွေတော် (၉)ဆူတိတိကို အံ့သြဘွယ်ရာ ဖူးတွေ့ခဲ့ကြသည်။

ဤဆင်းတုတော်များကို နဂိုမူလအတိုင်း ရှေ့ဆင့်နောက်ဆင့်ထားလျက် စေတီပုထိုးမှ ထွက်လာသော ကျောက်ပြားကျောက်ချပ်များဖြင့် ငုံ၍အပေါ်မှ စေတီတည်ခဲ့ကြသည်။

ယင်းကို နောက်(၂)နှစ်ကြာသောအခါ ကောဇာ ၁၃၃၂ ခုနှစ်က စေတီအတွင်းထဲတွင် ကိန်းဝပ်နေသော ဗုဒ္ဓကျောက်ဆင်းတုတော်နှစ်ဆူကို ရှေ့ဆင့်နောက်ဆင့်အပြင်သို့ထုတ်ကာ စေတီ၌ ဂူငယ်တစ်ခု ပြုလုပ်လိုက်ကြသည်။

ဆင်းတုတော်နှစ်ဆူကိုပင် ကောဇာ ၁၃၆၁ ခုနှစ်သို့ ရောက်ရှိလာသောအခါ စေတီထဲမှ သီးသန့်ခွဲယူပြီး စေတီကို အလုံပိတ်ကာ ဘုရားနှစ်ဆူကို သီးခြားအုတ်ငယ်ပြုလုပ်၍ ယနေ့အထိ စေတီ၏အရှေ့ဘက်တည့်တည့်တွင် ကပ်လျက်ကိုးကွယ်ထားရှိနေကြသည်။

စေတီထဲမှ ဆင်းတုတော် နှစ်ဆူ



ဤစေတီအတွင်းမှ ရရှိခဲ့သော ဆင်းတုတော်တစ်ဆူတွင် ဦးတော်ဆံထုံးခွက်ထဲ၌ ကိန်းဝပ်လျက် ပါရှိနေသော ဓာတ်တော်(၉)ဆူကို အကြောင်းပြုကာ ဤစေတီကို ဦးတော်စေတီဟူ၍ ဒေသခံတို့က ထင်မြင်ချက်ပေး၍ ခေါ်ဆိုကြ သေးသည်။

တစ်ချို့ကလည်း ရှေးအခါက ချင်းရိုင်းများ၏ ကျူးကျော်မှုကို ကာကွယ်သည့်အနေဖြင့် ယတြာချေအဖြစ် ပြန်သွားစေရန် ရည်ရွယ်၍ တည်ထားခဲ့ကြောင်း ဆိုကြသည်။

မြောက်ဦးမြို့တည် ဗိသုကာယတြာကျမ်း၌(တောတန်းအလယ် ရှီစံဘွယ် ထိုဝယ်ချင်းအကာ)ဆိုသော တောတန်းသျှင်မနှင့်ပတ်သက်၍ ဆက်နွယ်မှုကလည်း ရှိနေသေးသည်။



သရက်နှစ်ထပ်တောင်မှ ပင့်ယူလာသော ဆင်းတုတော်များ

အထက်တွင် တင်ပြခဲ့သော ဒေသခံတို့၏ထင်မြင်ပြောဆိုချက်မှာ မှားချင်မှားမည်။ မှန်ချင်မှန်မည်။ သို့သော်လည်း သုတေသန နည်းပညာအရ ယခုတွေ့မြင်ကြရသော ချင်းပုံဘုရားမှ သမိုင်းရုပ်ကြွင်းများကို အခြေခံ၍လေ့လာလျှင် အဖြေတစ်ခုခုတော့ ရရှိလာနိုင်မည်ဖြစ်ပေသည်။

ဤစေတီရင်ပြင်ကုန်းတစ်ဝိုက်၌ ရှေးကတည်ဆောက်ထားခဲ့ကြသော အဆောက်အဦးကို ကျောက်ဖြင့်တည်ဆောက်ထားသည်ကို တွေ့ရှိရသည်။ အများအားဖြင့် ကျောက်ချပ်ကျောက်ပြားများကို ရခိုင်၌မြောက်ဦးခေတ်တွင် အသုံးတွင်ကျယ်ခဲ့ကြသည်။ စေတီကိုကျောက်ဖြင့် တည်ဆောက်ထားခြင်းမှာ ထင်ရှားနေသဖြင့် မြောက်ဦးခေတ်ဟု ယူဆရသည်။

တစ်ခါ စေတီအတွင်းမှ ရရှိလာခဲ့သော ဗုဒ္ဓကျောက်ဆင်းတုတော်နှစ်ဆူမှာ မြောက်ဦးခေတ်လက်ရာဟန်ပန်ကို ဖော်ညွှန်းလျက်ရှိနေကြသည်။ သို့အတွက် ဤစေတီပုထိုးငယ်နှင့် ဗုဒ္ဓရုပ်ပွားတော်တို့မှာ မြောက်ဦးခေတ်လက်ရာအဖြစ် တည်ရှိနေခြင်းက ပိုမိုခိုင်လုံမှု ရှိလာသည်။

ဤမြောက်ဦးခေတ် ဗုဒ္ဓရုပ်ပွားတော်(၂)ဆူကို သတ္တရူပ ဗိသုကာကျမ်းအလိုအရ အတိုင်းအတာများကို ချင့်ချိန်ဝေဖန်သည့်အခါမှာလည်း အတိုင်းအတာသည် ရှင်ဘုရင်ကိုးကွယ်ရန် တည်ထားခဲ့သော ဆင်းတုတော်များဖြစ်ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဤစေတီနှင့် စေတီထဲမှ ဗုဒ္ဓရုပ်ပွားတော်များတို့သည် မြောက်ဦးခေတ်လက်ရာဖြစ်ကြောင်းကို သုတေသနနည်းပညာအရ ရှုမြင်သုံးသပ်နိုင်ပေသည်။


တစ်ခါ ဤစေတီတော်မှ တောင်ဘက်ပေ (၁၀၀)ခန့်အကွာလောက်တွင် ဘုရားသိမ်တစ်ဆောင်ကို တွေ့မြင်ကြရသည်။ သိမ်တိုင်များမှာ အကောင်းပကတိအတိုင်း ရှိနေကြသည်။ သိမ်၏အလျားမှာ (၂၄)ပေရှိပြီး အနံမှာ (၂၀)ပေရှိနေသည်။

ဤသိမ်ထဲ၌ ဗုဒ္ဓကျောက်ဆင်းတုတော် တစ်ဆူက ကိန်းဝပ်လျက်ရှိနေသည်။ လက်ရှိဆင်းတုတော်၏အမြင့်မှာ (၃၉)လက်မရှိပြီး ဒူးစွန်းနှစ်ဘက်မှာ (၃၁)လက်မ ရှိကြသည်။ ခြေထပ်ပုံဖြစ်သည်။ ကြာသက်န်းကို ဝတ်ဆင်ထားသည်။ ဒေသခံတို့က ဤဆင်းတုတော်ကို ချင်းပြန်ရန်အောင်ဘုရားဟု ခေါ်သည်။ ဤဆင်းတုတော်ကို ကောဇာသက္ကရာဇ် ၁၃၃၆ခုနှစ်တွင် တစ်ကြိမ်၊ ကောဇာ ၁၃၄၈ခုနှစ်တွင် တစ်ကြိမ်မွမ်းမံခဲ့ကြရာ ယခုအခါ မြင်တွေ့ကြရသော ဆင်းတုတော်ပုံမှာ မြောက်ဦးခေတ်ဟု ဆိုသော်လည်း ယင်း၏ခေတ်လက်ရာနှင့် လွဲဖယ်လျက်ရှိနေပြီး ခေတ်သစ်ပုံစံလွှမ်းမိုးလျက် ရှိနေသည်။

ဤဆင်းတုတော်အတိုင်းအတာ ပမာဏကို သတ္တရူပ ဗိသုကာကျမ်းနှင့် တိုက်ဆိုင်ကြည့်သောအခါ မြောက်ဦးခေတ်က ဘုရင်တစ်ပါးကိုးကွယ်တည်ထားခဲ့သည်ဆိုသောအဖြေက ထွက်ပေါ်လာသည်။

စေတီနှင့် ချင်းပြန်သိမ်တို့အကြား၌ ယခုအခါ အခြားသိမ်တစ်ဆောင်ကိုလည်း ဆောက်လုပ်ထားကြသည်။ ဤသိမ်ထဲ၌လည်း ဗုဒ္ဓရုပ်ပွားတော်သုံးဆူက ကိန်းဝပ်နေသည်။ ဤဆင်းတုတော်သုံးဆူမှာ သရက်နှစ်ထပ်တောင်မှ ပင့်ယူလာသောဆင်းတုတော်များ ဖြစ်ကြသည်။ နဂိုဤအရပ်၌ရှိနေသော ဆင်းတုတော်များ မဟုတ်ကြသဖြင့် ဤအရပ်သမိုင်းနှင့် တစ်ခြားစီဖြစ်ကြသည်။

ဤအရပ်၌ စေတီ၊ သိမ်တော်ရာ၊ ဘုရားဆင်းတုတော်တို့က သမိုင်းရုပ်ကြွင်းအဖြစ်တည်ရှိနေကြသည့်အပြင် အခြားစိတ်ဝင်စားမှုကို ဖြစ်ပေါ်စေနိုင်မည့်အချက်တစ်ခုမှာ ကျောက်တုံးကျောက်ပြားများပေါ်တွင် ထုဆစ်ထားကြသော ကျောက်ထွင်းလက်ရာများတို့ ဖြစ်ကြပါသည်။



**ချင်းပျံဘုရားတွင် တွေ့ရသည့် ကျောက်ထွင်းငှက်ရုပ်နှင့် သမင်ရုပ်ပုံ**

ဤအရပ်၌ ကျောက်တုံးကျောက်ပြားများပေါ်တွင် ပန်းကော့၊ ပန်းနွယ်၊ ပန်းလိမ်လက်ရာများအပြင် တိရိစ္ဆာန်ပုံများကိုပါ တွေ့ရှိရသည်။ တစ်ခုနှင့်တစ်ခု အသွင်အပြင်ခြားနားစွာ တည်ရှိကြသည်။ ဤအရပ်မှ ကျောက်ထွင်းလက်ရာများတို့သည် ရှေးဟောင်းရခိုင်သမိုင်းကို စိတ်ဝင်စားသူများအား ဖိတ်ခေါ်ကြိုဆိုလျက်ရှိနေကြသည်။ ရှေးအခါက ဘုရားသိမ်တွင်လည်းကောင်း ပုထိုးတော်တွင်လည်းကောင်း၊ ဘုရားဆင်းတု ပလ္လင်ခုံတွင်လည်းကောင်း၊ ထည့်သွင်းခဲ့ကြသော ကျောက်ထွင်းလက်ရာများ ဖြစ်နိုင်သည်။ အထူးသဖြင့် ဘုရားပလ္လင်တို့၌ အဆင်အယင်များ ဖြစ်နိုင်သည်။

ထို့အပြင် ဤအရပ်၌ အလျား(၁၅၀)ပေ၊ အနံ(၁၃၀)ပေရှိသော ရေကန်တစ်ကန်ကိုလည်း တွေ့ရှိရသည်။ ဤရေကန်မှာ ဘုရားတည်ခဲ့စဉ်က တူးဖော်ခဲ့သောရေကန် ဖြစ်ပေမည်။

## နိဂုံးသုံးသပ်ချက်

အထက်တွင်တင်ပြခဲ့သည့် ချင်းပြန်အရပ်မှ ဗုဒ္ဓသာသနိက ပစ္စည်းများကိုမူတည်လျက် သုတေသနနည်းပညာအရ ခွဲခြမ်းစိတ်ဖြာရလျှင် မြောက်ဦးခေတ်က တည်ဆောက်ခဲ့သော ပုထိုးတော်၊ သိမ်တော်၊ ဗုဒ္ဓဆင်းတုတော်များ ဖြစ်ခြင်းမှာ ထင်ရှားနေသည်။

သို့သော်လည်း မြောက်ဦးခေတ်က မည်သည့်ဘုရင်များလက်ထက်တွင် တည်ထားခဲ့သည်ကို လေ့လာလျှင် ကြောင်းကျိုးဆက်စပ်၍ ရနိုင်ကောင်းပါသည်။



**ချင်းပျံဘုရားတွင် တွေ့ရသည့် ကျောက်ထွင်းပန်းလက်ရာများ**

ဤအရပ်၌ တွေ့ရှိရသော ဘုရားဆင်းတုတော်များ၏ပုံသဏ္ဌာန်နှင့် ကျောက်ထွင်းပန်းကွက်များ၏လက်ရာ တစ်ချို့မှာ အခြားအရပ်တွင် တွေ့ရလေ့ရှိသော စန္ဒဝိဇယမင်းခေါ် တုံးညိုမင်းလက်ထက်က တည်ထားခဲ့ကြသော ဆင်းတုတော်များ ကျောက်ပန်းကွက်များနှင့် နီးစပ်မှုရှိကြသဖြင့် စန္ဒဝိဇယမင်းကြီးသည် ချင်းပြန်ဘုရား၊ ချင်းပြန်သိမ်နှင့် စေတီအပါအဝင် ရေကန်တို့ကိုလည်း တည်ထားခဲ့လိမ့်မည်ဟု ယုံကြည်ရသည်။

အထူးသဖြင့် သိမ်ထဲက ချင်းပျံဘုရားကို အစဉ်အလာပြောစကားအရ ဝိဇယကောင်းမှုတော်ဟူ၍ ယနေ့ထိတိုင် ခေါ်ဆိုနေခြင်းကလည်း အထောက်အထားတစ်ရပ်အဖြစ် ကျန်ရှိနေသေးသည်။

ရခိုင်ရာဇဝင်၌ စန္ဒဝိဇယရာဇာမင်းကြီးသည် သက္ကရာဇ် ၁၀၇၂ခုနှစ်မှ ၁၀၉၃ခုနှစ်ထိ မြောက်ဦးရွှေနန်းတော်ကို (၂၁)နှစ်တိုင်တိုင် အုပ်ချုပ်မင်းလုပ်ခဲ့ရာ ထိုသောကာလ၌ စေတီပုထိုးပေါင်း(၈၀၀)ဆင်းတုတော်ပေါင်း(၈၀၀)၊ သိမ်တော်ပေါင်း(၈၀၀)၊ ရေကန်ပေါင်း(၈၀၀)ကို လှူဒါန်းခဲ့ကြောင်း ဆိုထားသည်။ ချင်းပြန်စေတီ၊ ချင်းပြန်ဘုရား၊ ချင်းပြန်သိမ်နှင့်၊ ရေကန်တို့မှာ ထို(၈၀၀)တို့အနက်မှ ကောင်းမှုတော်များ ဖြစ်နိုင်ကြသည်။

ထို့ကြောင့် ယခုတည်ရှိနေကြသော ချင်းပြန်ဘုရားအနီးမှ သာသနိက သမိုင်းရုပ်ကြွင်းမှတ်တိုင်များတို့သည် ရခိုင်ရာဇဝင်တို့တွင် ဖော်ပြမထားသော (ထည့်သွင်းခြင်းမရှိသော) စန္ဒဝိဇယရာဇာမင်းကြီး၏ ကောင်းမှုတော်များအဖြစ် တည်ရှိနေကြသဖြင့် ယင်းတို့သည်ပင်လျှင် ရခိုင်သမိုင်းအတွက် သက်သေခံအထောက်အထားများ တစ်ရပ် ဖြစ်ပါကြောင်း တင်ပြအပ်ပေသတည်း။

**မင်းပြားမင်းသိန်းဇံ**

၂. ၇. ၂၀၀၇

* ဤဆောင်းပါးသည် စာရေးသူ၏ ၃. ၄. ၂၀၀၇နေ့က ကွင်းဆင်းလေ့လာသုတေသနပြုလုပ်ချက်များကို အခြေခံ၍ ရေးသားထားပါသည်။ ပါဝင်ကူညီခဲ့သော တောတန်းရွာမှ ဦးဦးသိန်းမောင်အား ကျေးဇူးတင်ပါသည်။

# ပါရာကျမ်းလာ၊ ထုံးဟောင်းလင်္ကာ

**အသျှင်ကြီး**

အမတ်ကြီးရွှေသဲ၏မယား မိပန်းရံသည် ဝိမလမင်း(ပိုးရွှေ)(ဂေါစာ-၁၁၃၉)လက်ထက်၊ နန်းတော်မှာ ဖွတ်တက်လာသည်။ ကျားမြို့ထဲဝင်၍ မြူးခုန် ထွက်သွားသည်။ နွေကာလ မိုးကြီးရွာသည်။ မိုးကြိုးပစ်သည်။ ထိုအတိတ်နိမိတ်တို့ကို ဘုရင်အား ပါရာကျမ်းထွက်လာအတိုင်း ထုံးဟောင်းဖြင့် လျှောက်ထားလေသည်။

'မှတ်လောရှင်လူ၊ ခပ်သိမ်းသူတို့၊ စွဲယူသင့်ကြောင်း၊ နိမိတ်ပေါင်းကို။ သူဟောင်းစကား၊ တောသားသတ္တဝါ၊ မြို့ရွာသို့ရောက်၊ လန့်ကြောက်၍သာ၊ ပြေးခဲ့လာမူ၊ ပစ္စာမရှိ၊ မိမိအလျှောက်၊ ဝင်ရောက်မြူးခုန်၊ ပြတုံသောထွေ၊ နေလာပေက၊ ရွာနေအကြီး၊ အပြီးစိုးနှောင်း၊ ခန္ဓာပြောင်းလိမ့်၊ အကြောင်းအမှာ၊ သတ္တဝါပင်၊ ပြင်းစွာအသံ၊ မြည်ပြန်တုံလတ်၊ မချွတ်မြို့ရွာ၊ ပျက်တတ်စွာတည့်၊ မြွေဗာ၊ ဖွတ်၊ မျောက်၊ အိမ်သို့ရောက်သော် နောက်ကိုမနေ၊ စွန့်ပစ်ပေလော့၊ လင်းမြွေငန်းကျား၊ တက်လာမှားအံ့၊ အလားသင့်ပင်၊ အိမ်ရှင်နွမ်းရိ၊ ရှိသူမှန်စေ၊ ဖြားရေကဲ့သို့ တက်ဘိစီးပွား၊ ချမ်းသာများလိမ့်၊ ကြီးမားဂုဏ်ရှင်၊ ဖြစ်ခဲ့လျှင်လည်း၊ ကုန်စင်နိမ့်ကျ၊ ပျက်ရမချွတ်၊ အမှတ်ရှေးလာ၊ စာ,ကျီး၊ ဆက်ရက်၊ သုံးရပ်ငှက်မှ၊ နားသမျှမှာ၊ ယတြာပေပြုလေ ခေါင်းဆေး၊ အရေးသင့်လှ၊ ထိုမှတခြား၊ တည်းပျားအိမ်တွင်၊ ဝင်၍ခေတ္တ၊ နိမိတ်ပြသော်၊ ကြေမွထွားညက်၊ အသက်ကိုမျှ၊ အရကြိုးလေ၊ အနေသင့်စွ၊ ကာလအရှည်၊ အိမ်နှင့်တည်၍၊ ပျံသည်အခါ၊ အရသာထွေ၊ သူ့အရေကို၊ ယူလေဆောင်ငြား၊ ထိုပျားသွားရာ၊ ယတြာဖြင့်၊ နံ့သာမွှေးပေါင်း၊ ဖယောင်းဆီမီး၊ သစ်သီးပန်းမျိုး၊ ရေပြည့်အိုးတွင်၊ မညိုးသပြေ၊ မြေဇာစကား၊ စိုက်ထားစေလျင်း၊ သဲကိုခင်းလျှက်၊ နေ့ချင်းတွင်ပင်၊ လင်နှင့်မယား၊ နှစ်ပါးစုံစွာ၊ ခေါင်းဆေးရာ၏။ ရသာစုံပေ၊ ထိုပျားရေကို၊ အနေမပျက်၊ ထားလျှက်ပုံသော်၊ တောင်ကြီးကျော်၍၊ လိုတော်ရှိကုံ၊ ပြီးပြည့်စုံရှင့်၊ လူ့ဘုံထင်ရှား၊ အကျိုးများလိမ့်၊ မှတ်သားစွဲသုံး၊ ရှေးထုံးကဝိ၊ ပညာရှိတို့ အသိလိမ္မာ၊ အက္ခရာစည်း၊ ကမွည်းအတွက်၊ မိုးကြိုးစက်လည်း၊ လူ့ထက်တွင်သာ၊ ကျပြန်လာမူ၊ ထိုသူကိုယ်၌၊ မခိုက်မထိ၊ ပကတိလျှင်၊ ရှိသည်ဖြစ်သော်၊ တန်းခိုးကျော်၍၊ ထင်ပေါ်စရိုး။

တုန်းတန်းတို့၏၊ ပုထိုးကျော်သိမ်၊ အချိန်သင့်ချင်၊ သစ်ပင်တောတောင်၊ တောက်လောင်ပစ်ချိုး၊ နတ်ဆိုးမိစ္ဆာ၊ ခိုဝင်ရာသည်၊ အိမ်မှာကျလတ်၊ ဥပဒ်အဖြေ၊ မနေစွန့်ပစ်၊ အိမ်သစ်ဆောက်မှ၊ ချမ်းသာရသည်။ ။ လောကမှတ်သုံး၊ ရှေးကျင့်ထုံး။'

ဤသို့လာရှိသည်ဟု ပညာရှိမယား လောကီထုံးဟောင်းနှင့်လျှောက်လေသော်၊ ဝိမလမင်းလည်း အလွန်ကြိုက်တော်မူ၍၊ သီရိမလ္လာဟူသောအမည်ကို ပေးတော်မူလေသည်။

ပါရာကျမ်းထွက်လျှောက်ထုံးများကို ရခိုင်ရာဇဝင်တို့၌ တွေ့ရှိရသော်လည်း၊ ပေမူဖြင့် မှတ်တမ်းတင်တွေ့ရှိရသော မူအရ၊ တိတ္ထုံပါရာကျမ်း၊ တိတ္ထုံပရမကျမ်းဟူ၍ နှစ်မျိုးနှစ်စား တွေ့ရသည်။ ရှေးရခိုင်စာဟောင်းထွက်ဟူ၍တွေ့ရသော ပါရာသျှုတ္တရာကျမ်းမှ ထုတ်နှုတ်ထားသည့် အဟောလင်္ကာငါးပိုဒ်ကို နေ့မိတ္တကဝိဇ္ဇါကျမ်းတွင် ဖော်ပြထားပေသည်။ ထိုကျမ်းကို မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြန် (မောင်းထောင်းသာသနာပိုင်လူထွက်) ဆရာကြီးက၊ ဘုရင်ဘကြီးတော်မင်း၊ မိဖုရားမယ်နုထံ ဆက်သွင်းခဲ့လေသည်။ ထိုဆက်သွင်းစာကို နေမိတ္တက ဝိဇ္ဇာကျမ်းအဖြည်ဖြင့်၊ မန္တလေးမြို့၊ ဝါးတန်း၊ ဂုဏာဝတီ စာပုံနှိပ်တိုက်က ကောဇာ ၁၂၉၂ ခု၊ ဝါခေါင်လကို ရိုက်နှိပ်ခဲ့လေသည်။ တန်ဘိုးမှာ ၁ိ ၈ဲကျလေသည်။ ယခု ထိုကျမ်းမှ ဖော်ပြထားသော အဟောလင်္ကာသည် ဗေဒလောက၌၊ ဇျှတ္တစရိယာ၊ သီဟရာဇာ၊ နိယတုံသွားရာ၌ အဟောလင်္ကာ ဖြစ်လေသည်။ မူလပါရာသျှုတ္တရာကျမ်းမှလာသည့်အတိုင်း ရခိုင်စာဆိုစာဟောင်းထွက်အတိုင်း ဖော်ပြထားခြင်းလည်း ဖြစ်သည်။ လေ့လာသိသာနိုင်ရန် တင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

ပါရာသျှုတ္တရာကျမ်းလာ အဟောလင်္ကာ

၁။ ပန္နရသာ၊ ကျယ်စွာသျှဲာ၊ ဘု့သာရိပ်လယ်၊ မြူးစံပယ်သား၊ တင့်တယ်ရောင်ဝါ၊ ဂြိုလ်အင်္ဂါကား၊ မာသာဒွယ၊ သဘာဝဖြင့်၊ ပြောင်းကွဲမမှန်၊ လျှင်ထန်သွားခြင်း၊ မင်း၏မိဘာ၊ သေကုန်ကြအံ့၊ ထိုမှတဘန်၊ ပြောင်းပြန်ဇျှတ္တစရိယာ၊ အမတ်လျှာတို့၊ များစွာပုန်ကန်၊ ပြည့်စွန်မလုံ၊ နိယတုံဟု၊ နေတုံအမြဲ၊ လွန်ပြောင်းခဲ့မူ၊ မလွဲဥပါဒ်၊ ဖြစ်ချင်တတ်သည်။ သူမြတ်ရဟန်းကြမ္မာတည်း။

၂။ ဆဲ့ငါးယူဇနာ၊ မှန်ကန်ကျစ်လစ်၊ ဘုံကျောင်းဖြစ်သား၊ စုလစ်သွယ်သွယ်၊ ဗိမာန်လယ်၌၊ စံပယ်ပထ၊ ဂြိုလ်ဗုဒ္ဓဟူး၊ တလသွားမြဲ၊ မသွားဘဲလျက်၊ ဖဲခဲလျှင်စွာ၊ သီဟဇာကား၊ ရာဇာဥပဒ်၊ ဖြစ်ချင်တတ်၏၊ ယွင်းချွတ်တဖန်၊

နောက်သို့ပြန်မူ၊ ပုန်ကန်လည်းရောက်၊ အနောက်မျက်နှာ၊ ဗိုလ်ပါမကြွင်း၊ အချင်းချင်းတို့၊ သတ်လျှင်ကြတုံ၊ နိယတုံမြဲစွာ၊ နေခြင်းရာမူ၊ သူပုန်တန္တာ ခိုးသူထအုံ့၊ ကြောင်းကြဗျာပါ၊ မချမ်းသာသည်။ မူဆာအရှေ့မြောက်ထောင့်တည်း။ ။

၃။ သတ္တရသ၊ ယောဇနဖြင့်၊ မိုးဝတိမ်ယံ၊ ဗိမာန်ပျံနှင့်၊ သာစံထွန်းထ၊ ဂြိုလ်ဇီဝကား၊ ဒါဒမာသာ၊ သွားမြဲရာထက်၊ သိဃ်ာလျှင်ခြင်း၊ သွားပေလျှင်က၊ မင်း၏ခန္ဓာ၊ သေစာလည်းရောက်၊ နောက်သို့တဖန်၊ ရာသီပြန်မှ၊ မကျန်သသူ၊ နတ်လူရောမျှ၊ မင်းမိန်းမနှင့်၊ နှမမကြွင်း၊ ခပင်းများစွာ၊ ဗိုလ်ပါထိတ်ထ၊ ဖြစ်ကြစစ်မက်၊ အကုန်ပျက်အုံ့၊ နေ့ရက်လည်းစေ့၊ မရွေ့တုံဘဲ၊ အမြဲတစေ၊ နိယတုံနေမူ၊ သပြေကျွန်းခွင်၊ ငလျင်တော်လည်း၊ ပွဲတင်ကြည်းမျှ၊ ရိုက်သည်၊ မြေပြင်၊ ထိန့်ထိန့်ရှင်သည်၊ ကောင်းကင်နိမိတ် ဩဘာတည်း။

၄။ ဆဲ့ကိုးယူဇနာ၊ ရောင်ခြည်ဖြာသား၊ ထွန်းဝါကွန့်မြူး၊ ပထူးကြွယ်ချင်း၊ ပရောင်လင်းသည်၊ ဂြိုလ်မင်းသောကြာ၊ သီဟဇာရ၊ ဆောစွကြွမူ၊ ရောင်းချဖောက်ကား၊ ကုန်သည်သားတို့၊ ပျက်ပြားတုံရာ၊ တခါနှောင်နှစ်၊ ပြန်သည်ဖြစ်မူ၊ ပြည်သူစိုးရိမ်၊ မငြိမ်ချောက်ချား၊ ပျက်စီးများအုံ့၊ ပြောင်းသွားခဲ့တုံ၊ နိယတုံမြဲစွာ၊ နေခြင်းရာကား၊ စန္ဒာရှိခိုး။ မြတ်နိုးတနား၊ မင်းဆရာတို့၊ ခန္ဓာပြို၍၊ ဘဝလွဲသည်၊ မလွဲကျမ်းဂန် မိန့်မှာတည်း။

၅။ ဆဲ့သုံးယူဇနာ၊ ချင့်သချာလည်း၊ မှန်စွာမယွင်း၊ ဗိမာန်တွင်းက၊ စက်မင်းယဉ်သာ၊ စီး၍ပါသား၊ နေရာဂြိုလ်မင်း၊ နေခြင်းတိံသ်၊ သုံးဆယ်လမှ၊ ထခဲ့လျှင်စွာ၊ သီဟဇာကား၊ စောရခိုးသား၊ ပုန်ကန်များအုံ့၊ ပြန်သွားဗျူဂ္ဂစရိယာ၊ ပြတုံရာကား၊ ရေစာငတ်မွတ်၊ သတ်ကြသူအား၊ စားကြကုန်တုံ၊ နိယတုံကား၊ စိုးတုံပြည်ရွာ၊ ထိုရာဇာတို့၊ သူရွှာမင်းကြီး၊ ဖျက်ဆီးနှိပ်စက်၊ ကုန်အောင်ပျက်သည်၊ တို့တက်ရပ်ခွင် မသာတည်း။

(ရှေးရခိုင်စာဟောင်းထွက်)

**အသျှင်ကြီး**

# လေးမြို့ခေတ် သာသနာတစေ့တစောင်း

**အောင်လှသိန်း**

ရခိုင်ရှေးဟောင်းသမိုင်းတွင် လေးမြို့ခေတ်သည် ဝေသာလီပြီးနောက် ဖြစ်ထွန်းခဲ့ပြီး ၁၄၃၀ပြည့်နှစ်တွင် ပေါ်ထွန်းလာသည့် မြောက်ဦးခေတ်၏ရှေ့ပြေးလည်း ဖြစ်သည်။ လေးမြို့ခေတ်ကောင်းစားစဉ်ကာလသည် အနှစ် ၆၀၀ကျော်ကြာခဲ့သည်ဟု သမိုင်းတစ်စောင်က ဆိုပါသည်။

မည်သည့်ခေတ်တွင်မဆို သာသနာသည် အုပ်ချုပ်သူတို့နှင့် ယုံကြည်သက်ဝင်သူတို့၏ အားပေးထောက်ခံမှု အလျှောက်တိုးတက်သည်။ ဆုတ်ယုတ်သည်သာ ဖြစ်ပါသည်။ လေးမြို့ခေတ်သာသနာသည်လည်း အတက်အကျရှိခဲ့သည်သာ။

လေးမြို့ခေတ် သာသနာသည် သူဆက်ခံသော ဝေသာလီခေတ်သာသနာကို ရာနှုန်းပြည့်လက်ခံခဲ့ခြင်းမရှိကြောင်း တွေ့ရပါသည်။ ဝေသာလီပျက်ခါနီးတွင် ရခိုင်ရှိသာသနာသည် အုပ်ချုပ်ရေးအားနည်း၍သော်လည်းကောင်း၊ ရပ်နီးဒေသမှ ဝင်ရောက်လာသည့် မိစ္ဆာအယူများကြောင့်လည်းကောင်း၊ ပျက်စီးယိုယွင်းလာခဲ့ကြောင်း ဆိုပါသည်။ သို့ဖြစ်၍ သာသနာမဏ္ဍိုင်ပြန်လည် တည့်မတ်လာစေရန်အတွက် လေးမြို့ခေတ်၏ ပွေလာဦးအစ ၂၉နှစ်အကြာ၌ ပဥ္စာဘုရင် မင်းရင်ဖြူ(မင်းကြီးရင်ဖြူ)သည် ၎င်းနန်းသက်လေးနှစ် အေဒီ ၈၄၇ ခုနှစ်တွင် ရဟန္တာငါးပါးကို အမှူးပြု ၍ ရဟန်းသံဃာတစ်ထောင်ဖြင့် သာသနာသန့်စင်မှုကို ဆောင်ရွက်ခဲ့ကြောင်း ဆိုပါသည်။ မိစ္ဆာအယူ ရဟန်းကို သျှင်ယောင်ဟုခေါ်သဖြင့် သျှင်ယောင်ထုတ်ပွဲသင်းထုတ်ပွဲဟုလည်း ဆိုကြပါသည်။

မင်းရင်ဖြူသည် သျှင်ယောင်များ အချို့ကို ဆင်စာ မြင်းစာ မြက်ရိပ်အစို့နှင့် မဟာမုနိသိမ်တော်တို့တွင် အလုပ်အကျွေးအဖြစ် ဖြည့်တင်းလှူဒါန်းခဲ့ပါသည်။ အချို့သောအယူသီးသူတို့သည် ရှောင်တိမ်းကာ ရိုးကိုကျော်၍ လွတ်မြောက်သွားကြောင်း အဆိုရှိပါသည်။

သာသနာတော်ကို သန့်စင်ရာတွင် ရဟန္တာငါးပါးသည် ကျေးဇူးကြီးလှပါပေသည်။ ထိုငါးပါးတို့အနက် ဗန္ဓဝ မထေရ်သည် အထူးထင်ရှားခဲ့ပါသည်။ ထိုရဟန္တာဂူအောင်း၍ တရားကျင့်ခဲ့ရာအရပ်တို့ကို ယခုတိုင် ဗဒေါမော်၊ ဗဒေါဂူ၊ ဗဒေါခေါင်း စသည်ဖြင့် ခေါ်တွင်နေဆဲဖြစ်ပြီး စုစုပေါင်း ဗဒေါဂူကိုးလုံး ရှိခဲ့သည်ဟူ၏။

ပဥ္စာခေတ်တွင်ပင် မဟာမုနိဝန်းကျင်အရပ်သည် အားပြိုင်ရာတစ်ခုဖြစ်ခဲ့ကြောင်း၊ ရာဇပုံကျမ်း၌ ဆိုထားပါသည်။ သိမ်တော်ရှိ အဖိုးတန်ရတနာတို့နှင့် အစီရင်တို့သည် ပဓာနကျခဲ့သည်ဟူ၏။ မဟာမုနိသိမ်တော်ကို အရှေ့ပုဂံမှ အသစ်ဆောက်ခဲ့သည်ကို ပဥ္စာမင်းက ဖြိုဖျက်၍ ရိုးရာဓလေ့အတိုင်း ပြန်တည်ခဲ့သည်ဟူ၏။ ပဥ္စာမင်းမှာ မင်းဘုန်းသံ ဖြစ်ပြီး ဤမင်းကြီးသည် လောကမာရ်အောင် ဆရာတော်ဦးဆောင်သော ရဟန်း ၁၅ပါးကို သီဟိုဠ်သို့ သာသနာပြု စေလွှတ်ခဲ့ကြောင်းလည်း ဆိုပါသည်။ လေးမြို့ခေတ်တွင် ပထမဦးဆုံးစေလွှတ်သော သာသနာပြုခရီးဟု ဆိုရပါမည်။

ပဥ္စာခေတ်အကုန်ပိုင်းတွင် နန်းလုစစ်ပွဲကြောင့် မဟာမုနိဆင်းတုတော်မှာ ခေတ္တအားဖြင့် ကိုးကွယ်သူမရှိ အရည်ဝါသီ စံမြန်းခဲ့ရပါသေးသည်။ ပရိမ်ဘုရင် ဒသရာဇာမင်းလက်ထက်မှသာ ဂါမအရပ်၊ မဟာမုနိကုန်းတော်သို့ ပြန်လည်သီတင်းသုံးခွင့် ရခဲ့ပါတော့သည်။

ဒသရာဇာမင်းမှာ ဇကန်စင်စစ် သာသနာ့ဒါယကာမင်းဖြစ်သည်သာမက ရခိုင်၏အသောကမင်းကြီးပင် ဖြစ်သည်ဟု ၁၅ရာစုတွင် ရေးသားသော အေးချင်းတစ်စောင်က ဥဒါန်းကျူးထားပါသေးသည်။ ၎င်း၏အလှူတော်သည်လည်း ကြီးကျယ်ခဲ့ပေသည်။ ရာဇဝင်၌ ‘၎င်းသည် စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၌လည်း ရတနာမိုးရွာသကဲ့သို့ နှံ့စပ်အောင် ဖြန့်ဖြူးဝေငှပေးကမ်း လှူဒါန်းစွန့်ကြဲတော်မူ၏’ဟု ပါရှိသည်။ ဒသရာဇာသည် သီဟိုဠ်ဘုရင် မဟာဝိဇယဗာဟု တောင်းပန်းချက်အရ အတုလဝိဇယယဂဏ ပါမောက္ခဆရာတော်ကြီးမှူးသော ရခိုင်သံဃာတော် ၂၆ပါးကို သာသနာပြုရန် စေလွှတ်ခဲ့ကြောင်း ပါရှိသည်။ သီဟိုဠ်သမိုင်းတစ်စောင်၌ ဝိဇယဗာဟုမင်းသည် သီဟိုဠ်၌ ရဟန်းတော် များ ကြွရောက်ကြောင်း ဆိုထားပါသည်။ ဤအဖွဲ့သည် လေးမြို့ခေတ်တွင် ဒုတိယမြောက်စေလွှတ်သော သာသနာပြု အဖွဲ့ပင် ဖြစ်ချေသည်။

အလှူအတန်းတွင် ဒသရာဇာ၏ခမည်းတော် ကောလိယမင်းကြီးမှာလည်း အထူးပင်ထင်ရှားလှပါသည်။ မင်းကြီးသည် မဟာထီး၏တကာတော်ရင်းလည်း ဖြစ်သည်။ အသဒိသအလှူကြီးကိုလည်း ပေးခဲ့သည်။ သူ၏အလှူတော် မှတ်တမ်းကို လောင်းကြက်တောင်မော်ကျောက်စာအဖြစ် ယခုတိုင် ထင်ရှားဆဲဖြစ်ပါသည်။ မင်းကြီးသည်

ပိဋကတ်ပေဒင်၌လည်း တတ်ကျွမ်းကြောင်း ရာဇဝင်၌ ပါရှိသည်။ ဤအချက်က ပရိမ်တွင် ပိဋကတ်စာပေ ထွန်းကားလျက်ရှိ၍ အတုလဝိဇယဂဏ ပါမောက္ခဆရာတော်ကြီးတို့ သာသနာပြုခရီးတွင် ရခိုင်ပိဋကတ်စာပေများ လည်း ပါဝင်ခဲ့ပေမည်သာ။

ပရိမ်ကိုဆက်ခံသည့် နေရဥ္စရာခေတ်တွင် မြို့တည်ဘုရင် မဥ္စုသင်ခေါ် တိုင်းချစ်မင်းသည် ငင်းပိုင်နက်၌ ဘုရား စေတီ ပုထိုး ရေတွင်းရေကန် စကြံ့တံတားများကို တည်ထားပြီး ရခိုင်မင်းကောင်းမှုဟု ကမ္ဗည်းကျောက်စာ တည်ထားစိုက်ထူခဲ့ကြောင်း ရာဇဝင်၌ ပါရှိပါသည်။ သရက်ခရိုင် မင်းတုန်းမြို့အနီး မဟာမြတ်မုနိ စေတီတော်မှာ ခရစ် ၁၁၆၀ပြည့်နှစ်တွင် တည်သည်ဆိုသဖြင့် တိုင်းချစ်မင်းကြီး တည်နိုင်ကောင်းပေ၏။

နေရဥ္စရာဘုရင် ငရမ်မင်းကြီးမှာလည်း ကုသိုလ်ဒါနပြုရာတွင် ထင်ရှား၍ ယင်းအမည်တွင်ကြောင်း ရာဇဝင်၌ ဖော်ပြထားပါသည်။ 'ငရမ်'မှာ 'နိရမ္ဗန်'ဟူသောစကားမှ ဆင်းလာဟန်တူသည်။ မိကျောင်းရုပ်ကျောက်စာ၌ အလှူဒါန ပြုခြင်းကို 'နိရမ္ဗန်လှူ၏'ဟု သုံးထားပါသည်။ မင်းကြီးသည် သီဟိုဠ်ဘုရင် ပထမပရက္ကမဗာဟုလက်ထက်၌ ရခိုင် ရဟန်းတော် ဥတ္တရ ဓမ္မ သံဃာဓိပတိနှင့် သံဃာတော် ၃၆ပါးကို သီဟိုဠ်သို့ သာသနာပြုစေလွှတ်ခဲ့ကြောင်း အဆိုရှိပါ သည်။ လေးမြို့ခေတ်၏ တတိယအကြိမ် သာသနာပြုခရီးဟု ဆိုရပါမည်။

မင်းဆူမှာလည်း အလှူရက်ရောလှပေ၏။ နန်းတက်သည်မှစ၍ တစ်နေ့လျှင် အသပြာလေးထောင်စီကု လှူခဲ့ ရာ နန်းစံငါးနှစ်အတွင်း အသပြာသိန်းခုနစ်ဆယ်ကျော်ကို လှူဒါန်းခဲ့ပေတော့သည်။

ငင်းလွန်သည့် အေဒီ ၁၁၉၀ မှ ၁၂၂၀ပြည့်နှစ်အထိ အနှစ်သုံးဆယ်ကာလမှာ တရားမစောင့်သော မင်း(၅)မင်း လက်ထက်၌ လေးမြို့ခေတ်သာသနာတော်သည် ရောင်ဝါအညှိုးဆုံးဟု ဆိုရလောက်သည်။

ယင်းကာလလွန်၍ နှစ်နှစ်အကြာ နန်းတက်သောသကျဝင်ငယ်မင်းမှာ ပိဋကတ်ကျမ်းဂန်များကို များမြောင်စွာ ပြန့်ပွားလေအောင် ကြံဆောင်ခဲ့ရာ ပရိယတ္တိစာပေသည် ပြန်လည်ထွန်းကားလာသည်ဟု ဆိုနိုင်ပါသည်။ ဤမင်း လက်ထက် သာသနာတော်သည် မီးကဲ့သို့တောက်ပသည်ဟု ရာဇဝင်၌ဆိုထားပါသည်။

ယင်းကိုဆက်ခံသူ သားတော်သနပင်ဖြူမင်းလက်ထက်၌ သာသနာတော်သည် နေကဲ့သို့ ထွန်းလင်းတောက်ပ ကြောင်းလည်း ဆိုထားပါသည်။ သာသနာတော်သည် ပို၍တောက်ပခြင်းပင်ဖြစ်သည်။ သနပင်ဖြူကို ဆက်ခံသူ သားတော် နယ်သိမ်းမင်းကလည်း လယ်မြေများကို ဝတ္တကမြေ၊ သင်ချီမြေ၊ ဘုရင်ပိုင်မြေ စသည်ဖြင့် ခွဲခြားသတ်မှတ်ပေး နိုင်ခဲ့သဖြင့် သာသနာတော်ထွန်းလင်းရေးအတွက် ဘဏ္ဍာတော်သည် တောင့်တင်းခဲ့သည်ဟုဆိုနိုင်ပါသည်။

နယ်သိမ်းမင်းကို ဆက်ခံသူ သားတော်ငနုလုံးမင်းကြီးမှာလည်း လက်ရုံးရည်စွမ်းသလို အလှူ၌လည်း မွေ့လျော် ပေ၏။ မြတ်စွာဘုရားဟောတော်မူသော တရားတော်နှင့်လည်း ညီစွာကျင့်တော်မူ၏။ မဟာမုနိသိမ်တော်ကိုလည်း ပြန်လည်ပြုပြင်ခဲ့ပေသေး၏။

ဤအချက်တို့က နေရဥ္စရာကို ဆက်ခံသော လောင်းကြက်မြို့တော်ကို သာသနာအမွေကောင်းများ လက်ဆင့် ကမ်းနိုင်ခဲ့ကြောင်း ထင်ရှားပါသည်။ လောင်းကြက်ခေတ်၌ နန်းကျားကြီးလက်ထက်တွင် နာနာဘာဝရုပ် အတတ်ပညာ ခြေကုတ်စ ယူလာသည်ဟုဆိုနိုင်သော်လည်း သူ၏မြေးတော်မင်းထီးလက်ထက်၌မူ သာသနာ့ဒါယကာ မင်းကောင်းမင်း မြတ်နှင့်အညီ စစ်မှန်သော သာသနာသည်သာ အခွန့်ရှည်ခဲ့ပေသည်။

မင်းထီးသည် ဗုဒ္ဓဂါယာရှိ ဗောဓိစေတီတော်ကိုလည်း ပြုပြင်ခဲ့ကြောင်း ရာဇဝင်တစ်စောင်၌ဆိုပါသည်။ သူ၏လက်ထက်ကောလိတဆရာသည် အလှူရက်ရောလှကြောင်း သက္ကရာဇ် ၇၄၈ခုနှစ် မိကျောင်းရုပ်ကျောက်စာ၌ ဥဒါန်းကျူးထားပါသည်။ မင်းထီးလက်ထက်တွင်ပင် သံတွဲအံတော်စေတီကို စတင်တည်ထားကြောင်း ရာဇဝင်တစ်စောင် ၌ ဆိုထားပါသည်။

လောင်းကြက်ပျက်ခါနီး၌ နန်းတွင်းမငြိမ်သက်မှုနှင့်အတူ သာသနာအရောင်လည်း ခေတ္တညှိုးခဲ့ရသည်ဟု ဆိုရပါမည်။ သံဃာရာဇာကြီးအရာကို ဘုရင်သိင်္ခသူက မိမိအားကျေးဇူးပြုခဲ့သူတစ်ဦးအား ပေးခဲ့သည်အထိ တရားလက် လွတ်ဖြစ်လာခဲ့ပြန်သည်။ သိင်္ခသူမှာလည်း သံဃာရာဇာကြီးကြောင့်ပင် အသက်ဆုံးရှုံးသွားသည်။ ၁၄၀၄ ခုတွင် သူ၏အစ်ကိုသား မင်းစောမွန်သည် နန်းရခဲ့ပြီးနောက် ၂နှစ်အကြာတွင် လောင်းကြက်လည်း ပျက်လေသည်။

လောင်းကြက်ပျက်သည့် ၁၆၀၆ခုတွင် မြောက်ဦးတည်သည့် ၁၄၃၀ပြည့်နှစ်အတွင်း လေးမြို့ခေတ် သာသနာမှာ သာမန်မျှသာဟု ဆိုနိုင်ပါသည်။

လေးမြို့ခေတ်တစ်လျှောက် ကိုးကွယ်မှုဆိုင်ရာတွင် မဟာမုနိ၊ မဟာထီး၊ သင်းချပ်တော်၊ သံတွဲ၊ အံတော်၊

စေတီတော်တို့မှာ အထူးထင်ရှားခြင်းကြောင့် တွေ့ရပါသည်။ ကျောက်ဆင်းတုတော်များတွင် ပလ္လင်နှင့်တစ်ဆက်တည်း ထုဆစ်သည်ကများသည်။ ခြေယှက်ဟန်စျာနမုဒြာနှင့် ခါးဆန့်ဆန့်၊ နှုတ်ခမ်းတော်အစုစု၊ နားရွက်တော်ရှည်ရှည်၊ ကပ်ကပ်၊ နှာခေါင်းတော် သေးသွယ်ဟန် စသည်ဖြင့် ပေါ်လွင်အောင် ထုဆစ်ကြပါသည်။ ကျောက်ညိုဆင်းတုတော်များ ဖြစ်ကြသည်။ ဆင်းတုတော်၊ စေတီတော်များကို ပြုလုပ်လှူဒါန်းသော မင်းများလည်း ပေါ်ခဲ့ပါသည်။

ရိုးရာနတ်ကိုးကွယ်မှုမှာ သူ့ခေတ်သူ့ခါအလျောက် ထင်ရှားခဲ့ပေသည်။ နာနာဘာဝအတတ်ပညာတို့မှာ သက်ဆိုးရှည်ခဲ့ဟန် မတူချေ။

အချုပ်ဆိုရလျှင် လေးမြို့ခေတ်ကို ဆက်ခံသည့် မြောက်ဦးခေတ်ဦးတွင် သာသနာနှင့် ပတ်သက်၍ ထူးထူး ခြားခြားပြောင်းလဲခဲ့ခြင်းမရှိခဲ့သည်ကို ထောက်ထား၍ လေးမြို့ခေတ်သည် သာသနာ့အမွေကောင်းကို လက်ဆင့်ကမ်း ခဲ့ကြောင်း ယေဘုယျဆိုနိုင်ပါသည်။

**အောင်လှသိန်း**


**<u>ကိုးကားစာရင်း</u>**

၁။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ အသျှင်စန္ဒမာလာလင်္ကာရ

၂။ ပျာသတ်ဆရာ ရာဇဝင်ခေါ် ငမည်ရာဇဝင်(ပီမူ)

၃။ A History of Ceylon Schools by L.E. Blage, Colombo (1927)

၄။ History of Burma by G,E. Harrey

၅။ ကစ္ဆပမဂ္ဂဇင်းများ

၆။ ရခိုင်သုတအဘိဓါန်-အောင်လှသိန်း(၁၉၉၇)

၇။ မိကျောင်းရုပ်ကျောက်စာ။

# ဇာပိုင်တော်လို့ ဇာပိုင်ခေါ်ရပါဖို့

**ပန်းချီ မင်းညို**

ဆောင်းရာသီအပြောင်းမှာ ဆောင်းပါးတစ်ပုဒ် တောင်းလာစွာက မှတ်တမ်းတင်တစ်ခုတော့ခါ ဆရာရို့ကျ ကျန်းမမာဟိရေခါ နောင်လာရေအချေတိအတွက် အရီးနန့် အခင်ရာခေတ်စားလာရေကာလမှာ ရခိုင်အမျိုးအဆို့ ဇာပိုင်တော်လို့ ဇာပိုင်ခေါ်ရဖို့ မသိကတ်ပါဗျာယ်။ အကြောင်းမလှမြင်လာလို့ မျိုးဆွိခေါ်ဝေါ်ရေစာရင်းကို ဖော်ပြဖို့ မင်းပြားမင်းသိန်းဇံက တောင်းလာရေခါ အချက်ကောင်းပေါ်လာလို့ ဟောင်းနွမ်းကေလဲ၊ မပျက်စကောင်းအထင်နန့် လက်လှမ်းမီသလောက် နဂိုလ်ဗီဇ မပျောက်မပျက်ရလီအောင် စုစည်းဖော်ပြလိုက်ပါရေ။ မွီးရာပါခေါ်နီကျစကားတိကို ကြီးကြီးကျယ်ကျယ်လုပ်လို့ အပြစ်တင်မစောဖို့ တောင်းပန်ပါရေ။

အမှတ်မထင် စာရွီးသူကိုယ်တိုင် ခံစားခရေအတွက် ဖော်ပြသင့်ရေလို့မြင်လာပါရေ။ စာရီးသူခြုပ်မ အသစ်က သူမခဲအိုကို 'အခင် ထမင်းစားပါဖို့'ခေါ်ရေခါ၊ ယိုင်ကျေးမှုလိုက်စားနီရေ အကျွန်က ပက်လက်လန်လားပါရေ။ အခင် ခေတ်စားစွာ အိမ်မှာတောင် ဂယက်ရိုက်လာရေ။ ခြုပ်မအသစ်ကို ဒေါ်သနန့် ခဲအိုကို အခင်ခေါ်ကေ အကောင့်ကောင့်တော်ရေ ယောက္ခမအစစ် အကျွန့်ကို ဇာခေါ်ဖို့လဲ ခြုပ်မအသစ်ကို မိန်းဖူးပါရေ။ အခေါ်အဝေါ်ဆိုစွာ အရေးကြီးပါရေ။ အစွန်းရောက်တစ်ချို့ကတော့ခါ သွီးသားလှုပ်ရှားမှုနန့် သားသမီးရလာစွာ။ ပါပါလို့အဘကို ခေါ်စရာ မလို သူ့နာမယ်ကို ခေါ်လိုက်ကေရရေ။ အယူမှားစွာတိကို ကြားဖူးပါရေ။ တိရိစ္ဆာန်နန့် မခြားရေ အတွေးအခေါ်သမား တော့ ကံကံ၏အကြောင်း၊ ဗုဒ္ဓအယူအဆကို မျက်ကွယ်ပြုရာရောက်ပါရေ။ သွီးသားလှုပ်ရှားတိုင်း သားသမီးမရနိုင်ပါ။ စောတကတက်ကေ အမျှားကြီးပါ။

ယိုင်ကျေးရေလူမျိုးတိုင်းမှာ ဆွိမျိုးတော်စပ်လို့ သူ့အခေါ်နန့်သူ ဘာသာစကားနန့် အခေါ်အဝေါ်တိ ကပ်ပါရေ။ တော်စပ်စွာနန့် အတူတူခေါ်ဝေါ်ရေ ဝေါဟာရအလျောက် ရိုသေထိုက်သူကို ရိုသေလေးစားလို့ ကိုယ့်ယဉ်ကျေးမှုနန့် ကိုယ်စီကိုယ်ငှ ဟိကပ်ပါရေ။ အထူးသဖြင့် လွန်ခရေနှစ်ပေါင်း ၂၅၀၀ကျော်ကာလကပင် ရခိုင်တိ ဗုဒ္ဓဘာသာ အရိုးစွဲ လာရေအတွက် ဗုဒ္ဓဘာသာအယူအဆအတိုင်း ကြီးရေလူကို ငယ်ရေလူက ကြည်ညိုရေအစိုင်အလာအရ ကိုယ့်ထက်ကြီး ရေလူကိုပါဆိုရေ ဝေါဟာရရိုသေလေးစားရေ အသုံးအနှုန်းကို သုံးလာပါရေ။ တစ်ဦးကိုတစ်ဦး ခေါ်ဝေါ်လို့ထူးရေခါ လည်း 'ဘုရား'ဆိုရေ ပူဇော်ထိုက်တေ သုံးဆယ့်တစ်ဘုံမှာ အတုမဟိရေ ဘုရားရှင်၏ဂုဏ်တော်'ဘုရား'ဝေါဟာရကို ထူးကပ်ပါရေ။ ယိုင်ကျေးမှုအပိုင်းကို ဖော်ပြဂေတော့ခါ ရှည်ပါလိမ့်မေ။ သိပ္ပံနည်းနန့်ရာ မလုပ်ဆိုကေ ကြက်ဥထဲက ကြက်ချေပေါက်လာရေပိုင် လူထဲက ကံဆုံကေ လူချေတိ ပေါက်လာစွာပါဗျာယ်။ ယင်းပိုင် လူအထဲက လူပေါက်လာစွာ မာလဲ ရခိုင်သားနန့် ရခိုင်သမဆိုကေ ရခိုင်သားထွက်ပါဖို့။ လူမျိုးရောလာကေတော့ခါ သိပ္ပံနည်းကျကျ ကပျက်ဖြစ်လီ ဖို့ဗျာယ်။ များသောအားဖြင့် ရခိုင်သားတိက ကဗျားမဖြစ်တတ်ကတ်ပါ။ တစ်ဖက်နိုင်ငံမှာဟိနီရေ ၁၅-ရာစုက ရခိုင် သားဟိရေ အေနိုထိ ကဗျားဇောင် တစ်ယောက်လဲမဟိသိပါ။ ယင်းပိုင်ဇင်း ရခိုင်ပြည်နယ်ရေ မြန်မာနိုင်ငံမှာ အနောက် တံတိုင်းပါ။ ရခိုင်သမတိ ရခိုင်သားတိက မျိုးစောင့်တရားနန့် ကာရီဆည်းထားလို့ ဗုဒ္ဓဘာသာရခိုင်က ယိုင်မလဲသိပါ။ ကျွန်းမာ ဇမ္ဗူ လူတွင် ရခိုင်၊ ကြိုင်ဘိသတင်း၊ ကင်းသိအပြစ်၊ ချစ်သည့်အမျိုး၊ ကြီးသည့်လုံ့လ၊ မြတ်စာကနန့်၊ နဝနတ်လူ၊ ချစ်ကြည်ဖြူသည်၊ နိဗ္ဗူဆုတောင်းပြည့်၏တည်းလို့ စာကဆိုထားရေအတိုင်း ကျင့်ကြံကပ်ပါ ရေ။

အိမ်ထောင်ပြု ဘုရားတည်၊ ဆီးမှင်ရည်စုတ်ထိုး လုပ်လိုက်ကေ ဖျက်လို့မရရေ စကားစုတိရေ ရခိုင်သားတိ ဥနှောက်ထဲမှာ ဂြင်းကပ်လာရေအတွက် အိမ်ထောင်ဖက်ရွီးရေခါ အသေအချာစစ်ဆေးတတ်ပါရေ။ အစိုင်ကပင်လိုက်လို့ အပြစ်အနာအဆာ ရှာတတ်ပါရေ။ အရူးမျိုးလား၊ အနူမျိုးလား၊ သနတ်ရုပ်မျိုးလား၊ ရှောက်ခိုးကတ်တေအမျိုးလား၊ အသေအချာ ရွီးတတ်ကတ်ပါရေ။ စီစပ်ကြောင်းပြီးလို့ လက်ဝယ်လက်စ တစ်ပိုင်းတစ်စပီးထားလို့ သမက်ရှင်ဖက်က ဖြစ်စီ၊ သမီးရှင်ဖက်ကဖြစ်စီ ပျက်လားကေ တစ်ပွဲပျက်လားရေအတွက် သမီးရှင်ဖက် ရထားရေအသွင်းကိုပိုင်ကေလဲ တီးထိုးအခြင်းပြောခံရတတ်ပါရေ။ တပွဲတင်မ၊ ဂြောင်မလို့ အကဲ့ရဲ့ခံရတတ်ပါရေ။ ကလေ့မေချေတိ အပြိုင်အဆိုင် ကစပ်ကပ်ရာမှာ ရှုံးကေ တစ်ပွဲတင် ဂြောင်မနင်လို့ အနိုင်ယူပြောတတ်ကတ်ပါရေ။

နဖူးစာဆုံလို့ အကြင်လင်မယားဖြစ်လာကေလဲ အိမ်ထောင်ရေးရာသက်ပန်တည်မြဲအောင် သိက္ခာစောင့်ထိန်း တတ်ကတ်ပါရေ။ အကြောင်းဆုံလို့ သမက်ရှင်နန့် သမီးရှင်အကြင်လင်မယားဖြစ်ကေ၊ လင်မယား-တစ်နည်း ဇနီး မောင်နှံ၊ အိမ်ရှင်-အိမ်ရှင်မတော်စပ်လာပါရေ။ မယားက များသောအားဖြင့် အသက်ငယ်လို့။ လင်က မယားနာမယ်ကို

ခေါ်လို့ရပါရေ။ လင်ကို အကိုလို့ခေါ်ရေပိုင် မောင်းမောင်လို့လည်း ခေါ်ပါရေ။ တချို့မှာ ကိုယ်ဆိုပြီးကေ စကားအလွတ်ပြောတတ်ကတ်ပါရေ။ သားသမီးရလာကေတော့ခါ မည်သည့်သူအဘ၊ သို့မဟုတ် အဘသည်လို့ ခေါ်ကတ်ပါရေ။ တချို့ကတော့ခါ ယင်းလူလို့ခေါ်ပါရေ။ စာရွီးသူမှာတော့ခါ သမီးမျောက်သား၊ တဝမ်းကွဲ သမက်တက်လို့၊ အေနိထိ အကျွန့်ကို ဇနီးသည် ဒေါ်လှက ယောက်ဖချေလို့ ခေါ်နီပါရေ။

သမက်ရှင်နန့် သမီးရှင်ပါးက သားပေါက်လာကေ၊ သားတော်စပ်လို့ အငယ်ခါ အဘုချေ ကြီးလာကေ သားကြီးလို့ အမိအဘက ခေါ်ပါရေ။ သားကြီးက အဘကို ဖခင်တော်စပ်တေပိုင်၊ အမိကို မိခင်တော်စပ်ပါရေ။ ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်ဆစ်ကပင် ပြုစုလာစွာကား မိဘကျေးဇူးအလွန်ကြီးလှပါရေ။ သားအကြီးက အဖကို ပါပါ၊ ဘားဘာ၊ အဘာ၊ အမိကို အမိ၊ အီးယောင်၊ မေမေ၊ မာမာ၊ အမင်လို့ခေါ်ကတ်ပါရေ။ သမီးတစ်ယောက်တိုးလာပြန်ကလည်း သူမကို မိဘနှစ်ပါးက သားကြီးက ခေါ်ရေပိုင် ပါပါ၊ ဘားဘာ၊ အဘာ၊ အမိကို အီးယောင်၊ မေမေ၊ မာမာ အမင်လို့ ခေါ်ပါရေ။ သားကြီးနန့် သမီးက မောင်နှမတော်စပ်ပါရေ။ နှမက မောင်ကြီး အကိုကြီး၊ ဂိုးဂို မောင်ကြီးရှင် ခေါ်ပါရေ။

နောက်ထပ်သမီးတစ်ယောက် ပွားလာပြန်ကေ သူမက မိဘကို အမိအဘ တော်စပ်လို့ အခေါ်အဝေါ်က အထက်ကသားကြီး၊ သမီးလပ်ရို့ ခေါ်ရေအတိုင်း ခေါ်ပါရေ။ အရေအတွက်အရ သားသမီးသုံးယောက်၊ မောင်ကြီးနန့် မောင်နှမတော်စပ်တေပိုင် သမီးနှစ်ယောက် ညီအစ်မတော်စပ်ပါရေ။ ညီမချေက အစ်မကို မကြီး၊ မေကြီး၊ မေးမေကြီး၊ မမလို့ခေါ်ပါရေ။ မောင်ကြီးကိုတော့ခါ မောင်းမောင်ကြီး၊ အကိုကြီး၊ မောင်းမောင်၊ ဂိုးဂိုလို့ခေါ်ကပ်ပါရေ။

နောက်ထပ်သားတစ်ယောက် ပွားလာကေ မိဘကို မိဘတော်စပ်လို့ ညီအကိုမောင်နှမလေးယောက် တိုးလာပါရေ။ အထက်က သားကြီး၊ သမီးလပ်၊ သမီးငယ်က နောက်ဆုံးပေါက်တေ မောင်ချေ၊ စုစုပေါင်း ညီအကိုမောင်နှမလေးယောက် နောက်ဆုံးပေါက်တေ သားချေက အယင်အထက်က သားကြီး၊ သမီးလပ်ရို့ကို ညီအစ်ကိုမောင်နှမတော်စပ်ပါရေ။ ယင်းညီချေက အစ်ကိုကြီးကို အကိုကြီး၊ ဂိုးဂို၊ အကိုလို့ ခေါ်ပါရေ။ ဒုတိယသမီးကြီးက အကိုကြီးကို အကိုကြီး၊ ဂိုးဂို၊ အကို၊ မောင်းမောင်ကြီး၊ မောင်းမောင်လို့ ခေါ်ပါရေ။ တတိယသမီးကလဲ အကိုကြီး၊ ဂိုးဂို၊ အကို၊ မောင်းမောင်ကြီး၊ မောင်းမောင်လို့ ခေါ်ပါရေ။ စတုတ္ထသားချေက အစ်မကြီးကို မမကြီး၊ မေးမေ၊ မမလို့ခေါ်ပါရေ။ စတုတ္ထသားချေက အစ်မလပ်ကို မမလပ်၊ မေလပ်၊ အမေလပ်၊ မေးမေ၊ အမေချေလို့ခေါ်ပါရေ။ နောက်ထပ်သမီးအငယ် မဟိလို့ မချေလို့လည်း ခေါ်လို့ရပါရေ။

သမက်ရှင်နန့် သမီးရှင်ရို့ သမက်တက်လို့ သားနှစ်ယောက်၊ သမီးနှစ်ယောက်ရလို့ တော်စပ်ပုံနန့် ခေါ်ဝေါ်ပုံကို တင်ပြပြီးရေနောက်ပိုင်း၊ သမက်ရှင်၏အကိုကို သမီးရှင်မှာျ ခဲအိုတော်စပ်ပါရေ။ တစ်နည်း ယောက်ဖတော်စပ်ပါရေ။ သမီရှင်က ခဲအို၊ ယောက်ဖ၊ ယောက်ဖကြီး၊ ခအိုကြီးလို့ ခေါ်ပါရေ။ သမီးမျောက်သား တော်စပ်ပါရေ။ သမက်ရှင်အဖကို သမီးရှင်မှ ယောက္ခမအဖိုသူ တော်စပ်ပါရေ။ တစ်နည်း ဦးရီးတော်စပ်ပါရေ။ သမီးရှင်က အခင်ကြီး၊ အခင်မန်းမန်၊ မန်းကြီးလို့ ခေါ်ပါရေ။

သမက်ရှင်အမိကို သမီးရှင်က ယောက္ခမ၊ အမသူ၊ တစ်နည်း အရီးမ တော်စပ်ပါရေ။ သမီးရှင်က သမက်ရှင်အမိကို အရီးကြီး၊ အရီး၊ အရီးချေ၊ ရီးရီးခေါ်ကတ်ပါရေ။ ယင်းပိုင်လည်းကောင်း၊ သမက်ရှင်က သမက်ရှင်အမကို မရီးချေ။ သမီးမျောက်သား တော်စပ်ပါရေ။ မျိုးဆွီတော်စပ်စွာနန့် အခေါ်အဝေါ် အရေးကြီးရေပိုင် ရခိုင်သားလို့ ကကွဲပပြားသိဖို့နာမည်ထားစွာကလဲ အရေးကြီးပါရေ။ ရခိုင်နာမည် အနည်းဆုံးသုံးလုံး ပုံမှန်ထားတတ်ပါရေ။ အပိုအလိုကတော့ခါ အစဥ်အလာက အဘိုးနာမယ်၊ အဖနာမယ်ကို အစွန်အဖျားမှာ ထည့်လို့မှည့်တတ်ပါရေ။ လူမှာမွီးရက်နံကို နာမယ်အလယ်မှာထားလို့ မှဲ့တတ်ကတ်ပါရေ။ ရဟန်းသံဃာမှာတော့ခါ မွီးရက်နံကို ရှီဆုံးကထားလို့ မှဲ့တတ်ကတ်ပါရေ။

နာမယ်မှဲ့ရေကဏ္ဍက ဗေဒင်နက္ခတ်တိနန့် ပတ်သက်လို့ မှဲ့တတ်ကတ်ပါရေ။ ယေဘူယျကို ပြောပြစွာပါ။ ရဟန်းဘွဲ့ကို ခေါ်စွာနန့် ရှီစာလုံးကိုကြည့်လို့ မည်သည့်ရက်သားလို့ သိရေပိုင်၊ လူမှာအလယ်က နာမယ်စာလုံးကို ကြည့်လို့ရက်ကို ကောက်လို့ ဇာရက်သားဆိုစွာကို သိနိုင်ပါရေ။ အယင်ခါက ကွဲပြားဟိခကေလဲ အဂုတော့ခါ နာမယ်ကို မူ သမီးဦး၊ သမီးမြတ်အနေနန့် ဦးရို့ ဝေရို့ကို ထည့်လို့မှဲ့ပါရေ။ သားသမီးနာမယ်ကို ကြည့်လို့ ဦးမပါကေ ငယ်လင်ငယ်မယားပါးက မွီးစွာမဟုတ်လို့ ခန့်မှန်းနိုင်ပါရေ။ သားဦး သမီးဦးနာမယ်ကို ကြည့်လို့မိဘနှစ်ပါးကို ခန့်မှန်းနိုင်ပါရေ။ အဂုတော့ခါ ရိုးရာပျောက်လို့ ရောရာတိများလာစွာလဲ ရင်လီးစရာပါ။

မှတ်လို့လွယ်အောင် အထက်ကပြောခရေ သမက်ရှင်နန့် သမီးရှင်ပါးက ပေါက်လာရေ ညီအကို မောင်နှမလေးယောက်ကို နာမယ်ထားကပ်ပါမေ။ အကြီးဆုံးသားကို အောင်ကျော်ဦး၊ အလပ်သမီးကို ကြာသွင်ဝေ၊ သူ့အောက်

အငယ်သမီးကို ကြာဖြူမေ၊ သားအငယ်ဆုံးသားချေကို ကျော်လုအောင်၊ အထက်ပြောရေ ရက်သားနန့် ကိုက်ကြည့်ကေ၊ သားကြီးက တနလ်ာသား၊ ဒုတိယသမီး သောကြာ၊ တတိယသမီး ကြာသပတေး၊ နောက်ဆုံးသား ဗုဒ္ဓဟူးသား ဖြစ်နီပါရေ။ အရွယ်ရောက်လို့ သာသနာ့ဘောင်သို့ သွင်းကေ ကိုရင်ကြီးက ကုမ္မာရဖြစ်ပါဖို့။ ကိုယ်ရင်ချေက ဝဏ္ဏလို့ ခေါ်ကပ်ဖို့ ဖြစ်ပါရေ။ ရဟန်းကိစ္စမှာ ဥပဇ္ဈာယ်ဆရာက ရက်သားကို ရှိကထားလို့ မှဲ့ခေါ်လားဖို့ဖြစ်ပါရေ။

အောင်ကျော်ဦးအဘ သမက်ရှင်၊ အမိ သမီးရှင်၊ ယင်းမိဘနှစ်ပါးက အောင်ကျော်ဦးကို ပေါက်လာရေအတွက် သားတော်စပ်ပါရေ။ အောင်ကျော်ဦး အရွယ်ရောက်လာကေ သမက်တက်ဖို့ ဓမ္မတာပါ။ မိဘဝတ္တရားအရ ပညာသင်၊ ရှင်ပြု၊ သမက်တက်တေအထိ မိဘက ဆောင်ရွက်တတ်ပါရေ။ ယင်းပိုင်ပတ်လည် သချီးလုပ်ငန်းမစခင် အောင်ကျော်ဦး အမျိုးအဆွီတော်စပ်ပုံက အောင်ကျော်ဦးအဘ သမက်ရှင်ကို အဘတော်စပ်ပြီးကေ ပါပါ၊ ဘားပါ ဘာဘာလို့ခေါ်ပါရေ။ သမက်ရှင်အဘကို အောင်ကျော်ဦးမှာ အဖီးတော်ပါရေ။ အဖီးရှင်၊ ဖီးဖီးလို့ခေါ်ပါရေ။

သမက်ရှင်အဖီးကို အောင်ကျော်ဦးအဘိ တော်ပါရေ။ အဘီရှင်လို့ ခေါ်ပါရေ။ သမက်ရှင်အဘီကို အောင်ကျော် ဦးမှာ အဘင်တော်စပ်ပါရေ။ အခေါ်က အဘင်ရှင်၊ တဆင့်စီတပ်လို့လားကေ အဖူ၊ အဇာ၊ အနူအနာ တော်စပ်ပြီး အဖူရှင်၊ အဇာရှင်၊ အနုရှင်၊ အနာရှင်ခေါ်ကတတ်ပါရေ။ ယင်း၏တွဲဘက်မယားကို အဖိုးရှင်မှာ အဘောင်ရှင်၊ အဖီးရှင်မှာ အဖီးရှင်မ၊ အဘိရှင်မှာ အဘီးရှင်မ၊ အဘင်ရှင်မှာ အဘင်ရှင်မ အဖူရှင်မှာ အဖူရှင်မ၊ အဇာရှင်မှာ အဇာရှင်မ၊ အနုရှင်မှာ အနုရှင်မ၊ အနာရှင်မှာ အနာရှင်မ၊ အထက်ကို အခေါ်အဝေါ်တိကောင်းဟိကေလဲ အသက်ရာကျော် အတိုင်းအတာနန့်ဆို ဝါးနီပါရေ။

အောင်ကျော်ဦးအမိ သမီးရှင်ဘက်က အမျိုးကိုဆက်လို့ လေ့လာကတ်ပါမေ။ အောင်ကျော်ဦးအမိမှာ အကိုကြီးကို ဦးရီးတော်ပါရေ။ အခင်ကြီး၊ ခင်ခင်၊ မန်းမန်လို့ခေါ်ပါရေ။ အမိအကိုကြီး ဇနီးမယားကို အောင်ကျော်ဦးမှာ အရီးမ တော်စပ်ပါရေ။ အရီးကြီး၊ ရီးရီးကြီးလပ်ငယ်ကို ထိုက်သင့်ရေပိုင် ထည့်လို့သုံးနိုင်ရေ။ အောင်ကျော်ဦးအဘ သမက်ရှင်မှာ အဘိုးကို အောင်ကျော်ဦးမှာ ဖကြီးတော်ပါရေ။ ဘကြီး၊ ပါပါကြီးလို့ခေါ်ပါရေ။ အောင်ကျော်ဦးအဖ သမက်ရှင်မှာ ညီကို ပထွေးတော်စပ်ပါရေ။ ဘေးဘေ၊ ဘေးချေ၊ အဘေ၊ အဘေကြီး၊ ပါပါချေ။ အဘာချေလို့ ခေါ်ပါရေ

အောင်ကျော်ဦးမှာ ဦးရီးသားသမီးကို သမီးမျောက်သားတော်ရေပိုင်၊ အရီးမသားသမီးကိုလည်း သမီး မျောက်သား တော်စပ်ပါရေ။ အောင်ကျော်ဦးမှာ သားသမီးရရေပိုင်၊ ကြာသွင်ဝေမျာလည်း သားသမီးရတတ်တွေ၊ ယင်းနှစ်ဘက်သား၊ သမီးတိ သမီးမျောက်သား၊ သမီးယောက်ဖတော်စပ်ကပ်တေ။ ယင်းကဆက်လို့ ဆင့်ပွားသားသမီး ထဲက အိမ်ထောင်ပြုလို့ သားသမီးရပြန်ကေ အောင်ကျော်ဦးမှာ မြိန်း၊ ကြာသွင်ဝေမှာ မြိန်းတိဖြစ်လာပါရေ။

အောင်ကျော်ဦးမြိန်းနန့် ကြာသွင်ဝေမြီး တော်စပ်ပုံခေါ်ပုံကို သတိထားကတ်ရဖို့ဖြစ်တေ။ လွယ်ရေပိုင်ပျင်လို ခက်တတ်ပါရေ။ အောင်ကျော်ဦးသားကို ကြာသွင်ဝေသားက ယောက်ဖတော်ရေပိုင် အောင်ကျော်ဦးသားက ကြာသွင်ဝေ သမီးကို မရီးတော်စပ်ပါရေ။ ယောက်ဖနန့် မရီးသားသမီး အောင်ကျော်ဦးသားကို ဇာပိုင်ခေါ်ပါဖို့။ ယောက်ဖသားသမီးက အောင်ကျော်ဦးသားကို ဝရီတော်လို့ အခင် ခေါ်ရေပိုင် မရီးသားသမီးက ပထွီးအဖြစ် တော်စပ် လားပြီးကေ၊ အဘေခေါ်ရပါရေ။

အလွယ်ချေတွေးခေါ်လိုက်ကေ အောင်ကျော်ဦးသားက တူမလင်ကို အဘေခေါ်ရေပိုင် တူမှာမယားကိုလဲ အယွေလို့ခေါ်ရဖို့ ဖြစ်ပါရေ။ တူမလင်ကို အဘေခေါ်ရစွာက အဘေမှာ အစ်မဖြစ်စီ၊ ညီမဖြစ်စီ၏သမီးကို တူမသားကို တူတော်နီလို့ တူမလင်ကို အဘေတော်ရေပိုင်၊ တူမှာမယားကို အယွေခေါ်လို့ ပထွီးတော်နီရေ။ ယင်းပိုင်လည်းကောင်း ကြာသွင်ဝေသားနန့် အောင်ကျော်ဦးသားနန့် သမီးယောက်ဖတော်စပ်ရေအတွက် တစ်ယောက်ကိုတစ်ယောက် ယောက်ဖ ခေါ်ကတ်ပါရေ။ ကြာသွင်ဝေဘက်ကသားမှာ သားက အောင်ကျော်ဦးသားကို ဦးရီးတော်လားပါရေ။ အောင်ကျော်ဦး သားကို အခင်လို့ခေါ်ပါရေ။ အောင်ကျော်ဦးသားမှာ မယားကို အရီးတော်လို့ အရီချေ အရီးဘက် စသည်ခေါ်ရဖို့ ဖြစ်တေ။ တူမလင်ကို အဘေတော်ရေပိုင် ယောက်ဖမှာ သားသမီးကို တူ၊ တူမတော်စပ်လားပါရေ။ အထက်ပြောခရေ ပိုင် မျိုးဆွီတော်စပ်ပုံမှာ ညီအကိုသားသမီးက ညီအကိုတော်ရေပိုင် ဆန့်ကျင်ဘက်ဖြစ်တေ မောင်သားနှမသားရို့မှာ သမီးမျောက်သား တော်စပ်ကပ်ပါရေ။

ဒေသဆိုင်ရာ အခေါ်အဝေါ်တိ ကွဲပြားကေလဲ တော်စပ်ပုံတော့ ရခိုင်သားဟူသမျှ တူကပ်ပါရေ။ လိုစွာကို ဖြည့်လို့ပိုစွာကို ဖယ်ရှားလို့ အပြုသဘောနန့် ဖတ်ကတ်ပါ။ အထက်က အစီရင်ခံခရေတိုင်း ငယ်သူက ကြီးသူကု ရိုသေလေးစားရေ ထုံးစံအရ လူကြီးကို လူကြီးအလျောက်၊ အငယ်ကို မင်း၊ နင်(ဝါ)နာမယ်ထုတ်ခေါ်လို့ ရပါရေ။

| အမှတ်စဉ် | အမိက လင်+မယား | တော်စပ်ပုံ | အမိကသို့ ကျား မ | မည်သူက ခေါ်ရမည့် ခေါ်ရန် | အခေါ်အဝေါ် မည်သို့ |
|---|---|---|---|---|---|
| ၁။ | အဘ+အမိ | မိဘ | သားသမီး | သားကအဘကို<br>သားကအမိကို | ပါပါ၊ ဘားဘာ၊ အဘာ<br>အမိ၊ မေမေ၊ အမင်၊ မာမာ<br>အီးယောင် |
| ၂။ | ဘကြီး+ | ဖကြီး | သား | သားကဖကြီးကို | ဘကြီး၊ ဘကြီးရှင်၊ အဘာကြီး<br>ပါပါကြီး |
| | အကြီး | မကြီးမ | သမီး | သားကမကြီးမကို<br>သမီးကသားနှင့်တူတူခေါ် | အကြီးရှင်၊ ကြီးကြီး၊ အကြီးမ၊ အကြီး |
| ၃။ | ပထွီး+ | ပထွီး | သား | သားကပထွီးကို | အဘေ၊ အဘေကြီး၊ ဘေးချေ<br>အဘေလပ်၊ အဘေချေ၊အဘေထွီး၊ |
| | မထွီးမ | မထွီး | သမီး | သားကမထွီးမကို<br>သမီးကသားနှင့်တူတူခေါ် | အထွေးကြီး၊ အယွေ လပ်၊ အယွေချေ၊<br>အယွေထီး၊ ယွေးချေ၊ ယွေးယေ |
| ၄။ | အခင်+<br>အရီး | ယောက္ခမ<br>ဦးရီး<br>အရီး | သမက်<br>ချြပ်မ<br>တူ၊ တူမ | သမက်က<br>ယောက္ခမကို<br>သမက်က<br>ယောက္ခမအမကို<br>တူ၊ တူမ အတူတူ | အခင်၊ အခင်ကြီး၊ ခင်ခင်၊<br>အခင်လပ်၊ အခင်ထွီး၊ အခင်ချေ။<br>အရီးကြီး၊ အရီး၊ အရီးလပ်<br>အရီးချေ အရီးထွီး |
| ၅။ | အကို+ | ညီအကို | ညီ၊ အကို | ညီကအကိုကို<br><br>ညီကမရီးကို<br>အကိုကညီကို<br>အကိုက ညီမယားကို | အကိုကြီး၊ အကိုလတ်၊ အကိုချေ၊<br>အကို၊ ဂိုးကို၊ ဂိုးချေ<br>မရီးကြီး၊ မရီးလပ်၊ မရီးချေ၊ မရီးထွေး<br>ညီချေ၊ နာမယ်ကို ထုတ်ခေါ်နိုင်ရေ<br>ခယ်မချေ၊ နာမယ်ကို ထုတ်ခေါ်နိုင်ရေ |
| ၆။ | ယောက်ဖ<br>+မမ | သမီးယောက်ဖ | ယောက်ဖ<br>ညီမ | ယောက်ဖက<br>ယောက်ဖကို<br>ယောက်ဖက<br>အစ်မကို | ယောက်ဖကြီး၊ ယောက်ဖလပ်<br>ယောက်ဖချေ၊ ဟာလူ<br>မမကြီး၊ မမလပ်၊ မမချေ<br>မေကြီး၊ မေလပ်၊ မေထွီး |
| ၇။ | အဘိုး+<br>အဘောင် | မြိန်း | မြိန်းဘို<br>မြိန်းမ | မြိန်းဘိုက<br>အဘိုးကို<br>မြိန်းဘိုက<br>အဘောင်ကို<br>မြိန်းမကလည်း | အဘိုးရှင်၊ ဘိုးဘိုး၊ အကိုကြီး<br>ယောက်ဖကြီး<br>အဘောင်ရှင်၊ ဘောင်ဘောင်<br>ဒါးဒါ၊ မမရှင်၊ မရီးကြီး၊ အမေရှင်<br>အတူတူ |
| ၈။ | အဖီး+<br>အဖီးရှင်မ | မြိတ် | မြိတ်ဘို<br>မြိတ်မ<br>ရှင်မကို<br>မြိတ်မကလည်း | မြိတ်ကအဖီးကို<br>မြိတ်ကအဖီး | အဖီးရှင်၊ ဖီးဖီး၊ ဒါးဒါ<br>အဖီးရှင်မ၊ ဖီးဖီး၊ ဒါးဒါ<br><br>အတူတူခေါ် |

လူသက်တန်းက နှစ်ခြောက်ဆယ်ကျော်ရာဟိရေအတွက် မြိန်း၊ မြိတ်၊ တီတွတ်၊ ကြွတ်တိရတောင့်ရခဲ့ပါ။ အသက် ၈၀၊ ၉၀ထိရှည်ကေ တီတွတ်ထိမှီပါရေ။

အဘိုး၊ အဖီး၊ အဘီ၊ အဘင်၊ အဖူ၊ အဇာ၊ အနု၊ အနာရို့ကိုလဲ အဘိုးရှင် အဘောင်ရှင်ခေါ်လေ ရပိုင်(ဥပမာ) အဘိုး

ရှင်၊ အဘောင်ရှင်ပိုင်၊ အဖီးရှင်၊ အဖီးရှင်မ၊ အဘိရှင်၊ အဘိရှင်မ၊ ဆက်လို့ခေါ်လားပါ။ ၎င်းရို့မှာ မြိန်း၊ မြိတ်၊ တီ၊ တွတ်၊ ကွတ် သက်တန်းနန့်ဆိုကေ တွတ်လောက်ဆိုကေ သက်တန်းမမှီဖြစ်တတ်ပါရေ။ တစ်ခု သတိထားဖို့စွာကတော့ခါ၊ ရခိုင်သား၊ ရခိုင်သမပါးက မွိုးလာရေ အသွီးအသားကတော့ နှစ်ပေါင်းကြာလီ အမျိုးကို ချစ်လီ၊ ရောကေတော့ခါ အချစ်လျော့လို့လားလီ၊ ယင်းအသွီးအသားက ဆင်းလာစွာကတော့ အမျိုးမပျက်စကောင်းပါ။ ငါ့ခန္ဓာမှာဟိရေ သွီးက မရှိမတွက်နိုင်ရေနှစ်က ရခိုင်သားနန့် ရခိုင်သမပါးက ထွက်လာစွာမဟုတ်လား၊ အသိစိတ်ဓာတ်နန့် မာနတရားကား အစဉ်ကိန်းအောင်းမှရာ အမျိုးဗီဇမပျက် အမျိုးဂုဏ် ဇာတိဂုဏ်ကို ဆောင်နိုင်ဖို့ဖြစ်ပါရေ။

မျိုးဆွီတော်စပ်စွာကို အင်းစောက်ချလို့ဖော်ပြလိုက်စွာက နောင်လာနောင်သားတိအတွက် မမိမလျော့ မဟိရလီ အောင် ရခိုင်မှာအခေါ်အဝေါ် အစုံအလင်ဟိပါလျက်နန့် လူများပါးက ငှားစရာမလိုဘဲ ရိုးရာအတိုင်း ခေါ်ကတ်ကေ ရခိုင်မပျောက်နိုင်ပါ။ ရခိုင်သားက ရခိုင်သားကို တွိကေ ကိုယ့်ရခိုင်စကားနန့်ပြောစွာက ဂုဏ်ဟိပါရေ။ ရခိုင်စကား မပြောကေ၊ ရခိုင်စကားပျောက်လားတတ်ပါရေ။ ရခိုင်စကားမဟိကေ ရခိုင်ကို ဇာမှာရှာခီပါဖို့လဲ၊ တခြားလူမျိုးဘာသာ စကားကို အထင်မသေးရေပိုင်၊ ကိုယ့်စကားကိုလဲ အထင်ကြီးပါ၊ တခြားလူမျိုးနန့်တွိကေ၊ ယင်းလူမျိုးစကားကို ပပီသသ ပြောလို့ ဆက်ဆံပါ။ ကိုယ့်လူမျိုးနန့်တွိကေ ကိုယ့်စကားကို ပပီသသပြောပါ။

အောက်ခြီနနောင်းနန့် နီလာရေ သမိုင်းအစဉ်အလာကြီးမားခစွာကို မမိမလျော့ပါကဲ့၊ ရှင်တော်ဘုရား ပရိ နိဗ္ဗာန်မပြုခင် အပ္ပမာဒေန သမ္ပာဒေထ သတိတရားကို မြဲဖို့ဟောတော်မူရေ တရားတော်ကို ဆင်ခြင်လို့ ကိုယ့်မျိုးဗီဇကို စောင့်ထိန်းနိုင်ကပ်ပါစီလို့ ဆုတောင်းပါရေ။

**ပန်းချီမင်းညို**

# ရှိခေတ်ဟောင်းက ရခိုင်ဆင်ယင်ထုံးဖွဲ့မှု

**ပန်းချီထူးလှ**

ကမ္ဘာပေါ်ဟိ နိုင်ငံအသီးသီးရို့မှာ လူမျိုးအသီးသီး ဟိကပ်ပါရေ။ များသောအားဖြင့် တိုးတက်ပါရေ ဆိုရေ လူမျိုးတိမှာ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာ၊ ကိုယ်ပိုင်စာပီ၊ ကိုယ်ပိုင်ဆင်ယင်ထုံးဖွဲ့မှုများကို လေ့လာကြည့်ကေ တစ်ခန်းတစ်နား တွေ့ဟိပါရေ။ စာရီးသူရို့ ရခိုင်လူမျိုးတိမှာလည်း ရှိခေတ်အခါက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင် အနုပညာ၊ ကိုယ်ပိုင်စာပီ၊ ကိုယ်ပိုင်ဆင်ယင်ထုံးဖွဲ့မှုတိကို ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးခေတ်ထိ သူ့ခေတ် သူ့အခါနန့်သူ ထည်ဝါခန်းနားစွာ လေ့လာမှတ်သား တွေ့ဟိရပါရေ။

ရခိုင်ရှိခေတ် စာဆိုတိ၏လင်္ကာတိမှာလည်း ရခိုင်ဆင်ယင်ထုံးဖွဲ့မှုနန့် ပတ်သက်ပြီးကေ ‘ဖောင်းတော် လေးဆယ်၊ စလွယ်တော်ကိုးပါး၊ ခါးကြိုးငါးရပ်၊ လက်စွပ်ရှစ်ဆယ့်တစ်၊ လည်ရပ်ကိုးသွယ်၊ နဗေကိုးဆင့်၊ ကြယ်ပွင့်ခြောက် ဆယ်၊ လက်ကောက်နှစ်ဆယ်၊ ပန်းသွယ်ငါးမျိုး၊ ဆံထိုးရှစ်ခု၊ ပန်းစံရှစ်ချပ်၊ ခြီစွပ်ခုနစ်ပါး၊ ကိုယ်လွှားငါးမျိုးဟူ၍ ရခိုင်မဟာနိဒါန်းကျမ်းတွင် ဆိုကြောင်း လေ့လာမှတ်သားရပါယင့်။

ရှိခေတ်အယင်ခါက တည်ထားခရေ ဘုရားပုထိုးစေတီတိမှာလည်း ကျောက်ရုပ်၊ ကြီးရုပ်တိ၌ ရှိခေတ်က ရခိုင် ဆင်ယင်ထုံးဖွဲ့မှုတိကို အဂုထိတိုင် တွေ့ဟိလေ့လာနိုင်ပါသိရေ။ ရှိခေတ်က ရခိုင်ပညာဟိတိ အမြော်အမြင်ကြီးစွာ ထွင်းထု ရီးဆွဲထားခစွာတိ ရခိုင်ပြည်အတွင်းမှာ လေ့လာလို့ မကုန်ဆုံးနိုင်ပါ။ အလွယ်တကူ လက်တွေ့လေ့လာနိုင်ရန် မြောက်ဦးခေတ် (အေဒီ ၁၅၇၁ခုနှစ်)(သက္ကရာဇ် ၉၃၃ခုနှစ်)တွင် ရခိုင်ဘုရင်မင်းဖလောင်း တည်ထားကိုးကွယ်ခရေ ထုက္ကသိမ် ပုထိုးတော်ကြီးလှိုဏ်ပတ်အတွင်းထဲက အောက်ပါရုပ်ပုံဒီဇိုင်းတိကို ရွီးသားဖော်ပြလိုက်ပါယင့်။



ပုံ(၁)

ပုံ(၁) စွာ ထုက္ကန်သိမ်ပုထိုးတော်ကြီးကို ဝင်ဝင်ချင်း ရှိတည့်တည့်က တွိရသောအရုပ်ဖြစ်ပါရေ။ ကျောက်နံရံမှာ ရုပ်ကြွ အဖြစ် ထွင်းထုထားရေ ကျောက်ဆစ်လက်ရာဖြစ်ပါရေ။ အမြင့် ၂ပေ ၂လက်မခန့် အကျယ် ပုဆိုးပိုင်းအစွန်ထိ ၁ပေ၂လက်မခန့် ရုပ်ကြွအထူ ၇လက်မခန့်ရာ ဟိပါရေ။

ဗောင်းတော်မှာ ပီပြင်မှုမဟိပါဗျာ။ ဗောင်းတော်၏လက်ဝဲဘက်အနားမှာရာ ဖောင်းလုံးရွဲလုံးတိကို မြင်ရပါရေ။ ယင်းဖောင်းလုံး၊ ရွဲလုံးချေတိကို ကြည့်ပနာ ဘောင်းတော်တစ်ခုလုံးကို ခန့်မှန်းပနာ ရှီးသားဖော်ပြထားစွာ ဖြစ်ပါရေ။ ဗောင်းတော်ကိုကြည့်ပနာ ခန့်မှန်းပြောဆိုကတ်ဖို့ဆိုပါကေ'အတွင်းဝန်လက်ျာ(နောက်တန်း)'အရုပ်ဖြစ်တေ လို့ ပြောဆိုခေါ်ဝေါ်နိုင်ပါရေ။ မျက်နှာလည်း မိုးရီတိုက်စားမှုကြောင်း ပီပြင်မှု မဟိပါဗျာ။

လိုင်ဖင်းမှာ ပုတီးလုံး ပွင့်ဖတ်ချေတိနန့် ဘယက်ပိုင် ဖွဲ့စည်းဝတ်ဆင်ထားစွာကို တွိဟိရပါရေ။ လက်မောင်းရင်းမှာ ရွဲလုံးချေတိကို စီတန်းပနာ အနားသတ်ဖောင်းလုံးချေတစ်ခုနန့် ဝတ်ဆင်ထားပါရေ။ တန်းတောင်ဆစ်မှာ ပွင့်ဖတ်ချေတိကို စီကုံးပနာ ဖောင်းလုံးချေကို အနားသတ်ပနာ ဝတ်ဆင်ထားပါရေ။ လက်ကောက်ပုံစံကိုလည်း ပွင့်ဖတ်ချေတိကို သီကုံးပနာ ဖောင်းလုံးချေနန့် အနားသတ်ဖွဲ့စည်း တန်းဆာဆင်ဗျာ လက်ကောက်အဖြစ် ဝတ်ဆင်ထားပါရေ။ လက်မှာ ဘုရားကို ကြာဖူးကပ်နီဟန် ကိုင်ဆောင်ထားပါရေ။

ခန္ဓာကိုယ်မှာ ပုဆိုးပိုင်းကို တစ်ပတ်ရစ်လို့ လက်ဝဲလက်ယာ အစွန်းချထားပါရေ။ ပုဆိုးပိုင်စွန်းတိမှာ အရီးအကြောင်းချေနန့် ရာဇမတ်အကွက်ချေတိပိုင် ပုံသဏ္ဍာန်လိုလိုလည်း တွိရပါယင့်။ အောက်ပိုင်းမှာဝတ်ထားရေ ဒယောကို တွိရကေလေ့ ဒယောအထက်ပိုင်း အရီးအကြောင်းတိ မမြင်ရပါဗျာ။ ဒယောအောက်နားမှာရာ အရီးအကြောင်းတိကို တွိရပါရေ။ ဖောင်းလုံးချေနှစ်လုံးကြားမှာ လေးထောင့်အကွက်ကြီးထဲမှာ အငယ်လေးထောင့်ကွက်ချေတိကို ထည့်ပနာ ကစပ်ထားပါရေ။ မှင်းကျိုးစိကွက်ဆိုစွာ ဒေအကွက်ချေတိကို ခေါ်စွာလားမသိ။ မှင်းကျိုးစိကွက်ရာ ခေါ်ရေဆိုကေ နှစ်ထပ် မှင်းကျိုးစိကွက်ရာ ခေါ်ရပါဖို့။ ဒေပုံအနေအထားမှာ ကြည့်ခြင်းအားဖြင့် ရှိခေတ်က ရခိုင်မင်းမှုထမ်းများ ဝတ်ဆင်မှု အစိပ်အပိုင်းကို ဖော်ပြနီပါရေ။ ထိန်းသိမ်းဖော်ထုတ်သင့်ရေ ယဥ်ကျေးမှုအမွေအနှစ်ရုပ်တိ ဖြစ်ကပ်ပါရေ။ပုံ(၁)ရှုပါ။

ဒေအရုပ်ကို ထုက္ကန်သိမ်ပုထိုးတော်ကြီး ဝင်လမ်း လက်ျာဖက်မှ အမှတ်(၅)အရုပ်ဖြစ်ပါရေ။ အမြင့်(၂)ပေခန့် အကျယ်(   )ခန့် ရုပ်ကြွအထူ (၆)ပေခန့် အသီးသီးဟိပါရေ။ ရုပ်ကြွ၏ဦးခေါင်းပိုင်း၊ မျက်နှာပိုင်းရို့မှာ ပဲ့ထွက်လာခပါဗျာ။ မျက်နှာရို့ ဗောင်းတော်ရို့ကို ခန့်မှန်းမပြောနိုင်ပါဗျာ။ ယေကေလည်း ယောကျ်ားပုံလို ဒယောဝတ်ထားရေ အနီအထားကို ကြည့်ပနာ ခန့်မှန်းပြောနိုင်ပါရေ။

အရုပ်၏လိုင်ဖင်းမှာ လိုင်ရစ်သုံးရစ်ပါစွာကို တွိဟိရပါရေ။ ခန္ဓာကိုယ်ကို ပုဆိုးပိုင်းရစ်ပနာ ဘေးလက်ဝဲ လက်ယာ တစ်ဖက်တစ်ချက်စီတွင် အစွန်းထုတ်ထားပါရေ။ ပုဆိုးပိုင်းအလယ်သားကို ဒေါင်လိုက်အကြောင်း သုံးကြောင်း ဆွဲထားပါရေ။ ဘေးအစွန်းတိမျာ မတွိရပါဗျာ။ မိုးရီဒဏ်ကြောင့် ချောလားခစွာလို့ ယူဆရပါရေ။ လက်တွင် လက်ဝတ်ရတနာတိနန့် ကြာဖူးကိုင်ထားစွာကို မတွိရပါဗျာ။

ခါးကြိုးနန့်ရှိက ဒယောစွန် ချထားစွာကိုရာ မြင်တွိရပါရေ။ ဒယောခေါက်ရာ အကြောင်းတစ်ခုကိုလည်း တွိရပါရေ။ ဒယောမှာ အရီးအကြောင်း အဆင်တန်းဆာတိ မတွိရပါ။ အယင်ကတော့ ဟိလိမ့်မယ်လို့ ထင်မိပါရေ။ သဘာဝဒဏ်ကြောင့် ချောမွတ်လားခစွာ ဖြစ်ဖို့များပါရေ။ စာရီးသူရို့မှာ အဂုမှရာ လေ့လာတင်ပြရလို့ အပြည့်အစုံ မတွိရစွာကို စိတ်မကောင်းရုံသာ ဟိပါရေ။ အယင်က မှတ်တမ်းများ ဟိခပါက ဇာလောက်ကောင်းဖို့လည်းလို့ ဝမ်းနည်းမိပါရေ။ ရုပ်ပုံမှာ ဘုရားကန်တော့နေဟန် ထွင်းထုထားသည်မှာ သူ့ခေတ်နန့်သူ ခန့်ငြားထည်ဝါမှု ဟိပါရေ။ ပုံ(၂)ရှုပါ။



ပုံ(၂)

ပုထိုး၏ဝင်ဝလှိုဏ်ပတ် လက်ယာဖက်မှ နံပါတ်(၄)အရုပ်ဖြစ်ပါရေ။ အရုပ်အမြင့် ၂ပေခန့် အကျယ် ၁၀လက်မခန့် ရုပ်ကြွအထူ ၆လက်မခန့်ရာ ဟိပါရေ။ အရုပ်မျက်နှာ၏ နဖူးဆံရစ်တိ ပေါ်လွင်မှု မဟိပါဗျာ။ ချောနီစွာကိုရာ တွိရပါရေ။

ဆံထုံးအနီအထားကို ကြည့်ခြင်းအားဖြင့် နှစ်ပတ်ခွိဆံထုံး/ထုံးထာသော မိန်းမရုပ်ပုံလို့ ပြောရပါဖို့ထော၊ သမိုင်းသုတေသနပညာရှင်တစ်ချို့က ရှိခေတ်ရခိုင်မင်းသမီးတိမှာ ဆံထုံး၊ ထုံးနည်းခြောက်ဆယ်လေးမျိုးတော် ဟိကြောင်း ပြောကတ်ပါရေ။ ဟိဖို့များပါရေ။ အမှန်တကယ် လေ့လာကြည့်ကေ လေ့လာလီ တွိဟိလီပါဗျာ။

ထုက္ကန်သိမ်ပုထိုးတော် လှိုဏ်ပတ်လမ်း နံရံတစ်လျှောက်မှာ ဘုရားတစ်ဆူ၏ဘေး၊ လက်ဝဲ၊ လက်ယာမုခ်နံရံ တစ်ဖက်တစ်ခုတွင် ကြာဖူးကိုင်ပနာ လက်အုပ်ချီကန်တော့နီဟန် အရုပ်နှစ်ရုပ်စီ တွိဟိရပါရေ။ နဂိုမူလက ဒေအရုပ်တိကို စဥ့်ရည်သုတ်ခလီဖို့ ယူဆရပါရေ။ ဒေအမှတ်(၄)ရုပ်တုမှာ စဥ့်ရည်တိ ကပ်ကျန်နီစွာကို တွိဟိရပါရေ။ နားရွက်တွင် နားတောင်းကြီးတိ ဝတ်ဆင်ထားပါရေ။ လိုင်ဖင်းတွင်လည်း လိုင်ရစ်သုံးရစ် ပေါ်လွင်ထင်ရှားမှု ဟိနီပါသိရေ။ ပုဆိုးပိုင်းကို ပက်ခုံးနှစ်ဖက်ပေါ်တင်ဗျာ ခြုံထားရေ။ ပုဆိုးပိုင်းတစ်စွန်ကိုရာ ဘေးကိုထုတ်ထားစွာ တွိရယင့်။ ပုဆိုးပိုင်းအနားသတ် အရီးအကြောင်းတိ၊ ပုဆိုးပိုင်းအဖျားနန့် ပက်ခုံးတစ်ဖက် တင်ထားစွာမှာရာ တွိရရေ။ အင်္ကျီဝတ်ထားစွာမှာလည်း အထက်ပိုင်းမှာရာ အနားသတ်လို့ တွိရပါရေ။ အောက်ပိုင်းမှာ မတွိရ။ သဘာဝဒဏ်ကြောင့် ချောလားခလို့လည်း ဖြစ်ချင်ဖြစ်နိုင်ပါရေ။ ခါးကြိုးစွန်းနှစ်စကတော့ခါ ပေါင်ထက်မှာ ပန်းဖွားဖော်ပနာ ချထားပါရေ။ ထပိန်မှာလည်း အရီးအကြောင်း ပန်းဖွားစွာတိ မတွိရပါဗျာ။ ပြောင်ချောကြီးရာ တွိရရေ။ ထပိန်ခေါက်ရာတစ်ခုရာ ဖော်ထားရေ။

ပုံအနီအထားမှာ ဒူးကုတ်မယ်ပြုထိုင်ဟန် ကြာဖူးကိုင်ကာ ဘုရားကို ပူဇော်နီဟန် တွိရပါရေ။ လက်မှာလည်း လက်ကောက်ကွင်းကြီး တစ်ဖက်တစ်ကွင်းရာ ပါဟိပါရေ။ ဒေပုံ(၃)မှာ ရခိုင်ဆင်ယင်ထုံးဖွဲ့မှုအနေဖြင့် မှတ်တမ်းတင်ထိန်းသိမ်းဖော်ထုတ်သင့်ရေ ပုံတစ်ခုပါရေ။(ပုံ ၃ရှုပါ)



ပုံ(၃)

ပုံ(၄)ရုပ်ပုံကို ထုတ္တန်သိမ် ပုထိုးဝင်လမ်း လှိုဏ်ပတ်လက်ျာဖက်နံရံက အမှတ်(၄၆)ပုံဖြစ်ပါရေ။ အမြင့် ၂ပေ အကျယ် ၁၀လက်မခန့် ရုပ်ကြွအထူ ၆လက်မခန့်ဟိပါရေ။

ဆံထုံးကိုကြည့်ပနာ ပြောဆိုခေါ်ကတ်ဖို့ဆိုကေ သုံးပတ်ခွိဆံထုံး ထုံးထားရေ ရှိခေတ်ရခိုင်မိန်းမကြီးတစ်ယောက် လို့ ပြောရပါဖို့။ မျက်နှာအနီးအထားမှာ အိန္ဒြေတည်ငြိမ်မှုဟိပါရေ။ နားတောင်းကြီးတိ ဝတ်ဆင်ထားစွာကိုလည်း တွိရပါယင့်။ ပုဆိုးပိုင်းကို ပက်ခုံးနှစ်ဖက်လုံအောင် ရုံပနာ၊ ပုဆိုးပိုင်း အစွန်းတစ်ဖက်ကို အရှည်ကြီးထုတ်ကာ ညာဖက် တန်းတောင်ဆစ်မှာ ခေါက်တင်ဗျာ ထားပါရေ။ ပုဆိုးပိုင်းမှာ အနားသတ် အရီးအကြောင်း ပေါ်လွင်နီပါရေ။ ပုဆိုးပိုင်း အစွန်းများကို ရွှဲလုံးချေ ဖောင်းချေ၊ အမြိတ်ချေတိနန့် အလှဆင်ထားပါရေ။ လက်နှစ်ဖက်မှာလည်း တစ်ဖက်လက် ကောက်သုံးကွင်းစီ ဝတ်ဆင်ထားစွာကို တွိရပါရေ။ ကြာဖူးကိုကိုင်၍ ဘုရားကိုပူဇော်နေဟန် လက်နှစ်ဖက်ထောင်ထား စွာကို တွိရပါရေ။

ခန္ဓာကိုယ်မှာ ဝတ်ဆင်ထားရေ အင်္ကျီမှာလည်း အလယ်တွင် အရီးအကြောင်း ပန်းဖွားထားစွာတိကို မတွိရပါ။ အထက်အောက် အနားသတ်ထားရေ ဖောင်းပြားကိုသာ တွိဟိရပါရေ။ ထပိန်မှာ ခေါက်ရိုးသားနန့် အောက်ပိုင်းအနား သတ်တိကိုရာ မြင်ရပါယင့်။ ထပိန်အနားသတ်စွာ ဒေါင်လိုက်ဖောင်းလုံးသုံးလုံးကြားမှာ ကန့်လန့်ဖြတ်ဖောင်းလုံးတိုချေ တိနန့် တန်းဆာဆင်ထားပါရေ။ ဒေပုံမှာလည်း ရခိုင်သူ ရခိုင်သားတိအတွက် အမျိုးသားယဉ်ကျေးမှုဖြစ်တေ ဆင်ယင် ထုံးဖွဲ့မှု ဖော်ထုတ်ထိန်းသိမ်းရာမှာ တန်ဖိုးမဖြတ်နိုင်သော ပုံတစ်ပုံဖြစ်ပါရေ။ ပုံ(၅)နှင့် ပုံ(၄၆)အကြား ပုံများမှာ ဖော်ပြလို့မရနိုင်ပါဗျာ။ ဆင်ယင်ထုံးဖွဲ့မှုဖော်ပြရန် အဝတ်အစားများ ချောမွတ်လခပါဗျာ။ ကျောက်တုံးသာ ကျန်လိုက်ပါ ဗျာ။ ဝမ်းနည်းဖို့ကောင်းပါရေ။ ငွေကြေးတတ်နိုင်ရေ စေတနာရှင်တိကလေ့ ဘာသာရေးအမြင် ယဉ်ကျေးမှုအမြင်တိ

နန့် အတတ်နိုင်ဆုံးဝိုင်းဝန်းကူညီ ထိန်းသိမ်းကပ်ပါလို့ တိုက်တွန်းလိုက်ပါယင့်။ ပုံ(၄)သည် ပုံ(၁)နှင့် လက်ဝဲ၊ လက်ယာ ယှဉ်ထိုင်နီရေပုံဖြစ်သောကြောင့် ဝင်းစားမီးကာမယားပုံလို့ ပြောလိုရပါရေ။ ပုံ(၄)

ပုံ(၄)




ပုံ(၅)ကို ထုဂ္ဂန်သိမ်ဝင်လှိုဏ်ပတ် လယ်ယာဖက်နံရံတွင် တွှိဟိနိုင်ပါရေ။ နံပါတ်(၄၇)ပုံဖြစ်ပါဖို့။ အမြင့် (၂)ပေ၊ အကျယ် (၁၀)လက်မ ရုပ်ကြွအထူ (၆)လက်မခန့်ဟိပါရေ။ ဘောင်းတော်ကိုကြည့်ခြင်းအားဖြင့် ‘ဝင်းမီးကာ’လို့ ပြောဆိုလို့ရပါရေ။ ဘောင်းတော်မှာ ပီပြင်မှုဟိပါသိရေ။ နဖူးဆံစအနားသတ် ဖောင်းလုံးအထက်မှာ နှစ်ထပ်ကြာဖတ်၊ နှစ်ထပ်ကြာဖတ်နှစ်ခုကြားမှာ ကြာဖတ်အငယ်သျှေ စတိုစီ ညှပ်ပနာ ဖွဲ့စည်းတန်းဆာဆင်ထားပါရေ။ သူ့ရာထူးနန့် သူထိုက်အောင် ဗောင်းတော်တိကို ပုံဖော်ထားသည်မှာလည်း ရှိခေတ်ရခိုင်ပညာဟိကို လေးစားကြည်ညိုဖို့ ကောင်းပါ၏။ ရှိခေတ်က ရခိုင်ပညာချင်တိ ရီးဆွဲထွင်းထုခဲ့သောကြောင့် နှောင်းခေတ်စာရီးသူရို့ လေ့လာခွင့် သိဟိခွင့်ရပါသည်။ ယင်းတွက်နန့် ရှိခေတ်ပ်ညာဟိတိကို လေးစာကြည်ညိုမိပါ၏။ ရှိခိုးကန်တော့လိုက်ပါ၏။

မျက်နှာက မိုးရီတိုက်စားမှုဒါဏ်ကြောင့် ပီပြင်မှု မဟိပါဗျာ။ ချောမွတ်နီစွာကို မြင်တွှိရပါရေ။ နားရွက်၊ နားဋောင်းတိလည်း ထိုနည်းၚင်း၊ ပီပြင်မှု မဟိပါဗျာ။ လိုင်ရစ်မှာက ထုံးစံအတိုင်း သုံးရစ်တွှိဟိရပါရေ။ ခန္ဓာကိုယ်မှာ ပုဆိုးပိုင်းကို တစ်ပတ်ရစ်ပနာ ပုဆိုးပိုင်းအစွန်းနှစ်ဖက်ကို လက်ဝဲလက်ယာ ဖြန့်ထုတ်ထားပါရေ။ ပုဆိုးပိုင်းမှာ အနားသတ် ဖောင်းပြားချေတိနန့် ဗဒုံးလိုင်းချေတိနန့် ပုံဖော်ထားစွာကို တွှိရပါရေ။ လက်နှစ်ဖက်ကြားက ကြာဖူးကိုင် ကန်တော့လျှက်ပါဗျာ။ လက်မှာ အဝတ်အစားတိက ပေါ်လွင်မှု မဟိပါဗျာ။ ချောမွတ်လခပါဗျာ။

ခါးကြိုးပြားနှ့အလယ်မှာ အကြောင်းလေးကြောင်း ပုံဖော်လို့ စည်းပနာ ခါးကြိုးစကို ပေါင်ထက်မှာ ခေါက်ဗျာ ချထားရေ။ ဒယောမှာက ဝတ်ထားရေ ခေါက်ရာတစ်ခုရာ ပေါ်လွင်ပါဗျာ။ အရီးအကြောင်းတိ မပေါ်ပါဗျာ။ ဒေ ‘ဝင်းစားမီးကာ’၏ပုံစံအနီအထားမှာ ဒူးတုတ်မယ်ပြုပနာ ဘုရားကို ကြာဖူးနန့် ကန်တော့ပူဇော်နီဟန် တွှိရသည်မှာလည်း အဂုခေတ်လူငယ်များ အတုယူအားကျစရာပင်။ အဂုခေတ်တစ်ချို့လူငယ်တိ ကြာပန်းကို ဘုရားမှာ မကပ်လိုကြပါ။

ကြာဖူးကပ်က ဇာမဆိုကြာရေလို့ ဆင်ခြီ၊ ဆင်လက် ပီးကတ်ပါရေ။ စာရီးသူရို့ ဗုဒ္ဓဘာသာရခိုင်လူမျိုးတွင် ကြာပန်းဆိုစွာ အထွတ်အမြတ် ဘာသာရေးပန်းတစ်မျိုးဖြစ်တေလို့ ဆိုနိုင်ပါရေ။ ဗုဒ္ဓစာပီတိမှာလည်း တွိရရေ လက်ဟိဘုရားပုထိုးစေတီတိ ရုပ်လုံးရုပ်ကြွတိမှာလဲ ကြာပန်းကို အများဆုံးကိုင်ပနာ ဘုရားကို ပူဇော်နီဟန် ရုပ်လုံးရုပ်ကြွတိကို တွိဟိရပါရေ။ ပုံ(၅) ရှုပါ။

ပုံ(၅)



ရှိခေတ်ဟောင်းက ရခိုင်ဆင်ယင်ထုံးဖွဲ့မှုအရုပ်တိနန့် အဂုရှီးသားဖော်ပြလိုက်ခြင်းမှာ မိတ်ဆက်သဘောသာဖြစ်ပါသိရေ။ ရေးသားမည်ဆိုက ကျမ်းတစ်စောင် ပီတစ်ဖွဲ့မက ရှီးသားဖော်ပြရပါလိမ့်မည်။ ရီးခွင့်ကြုံပါက နောက်နောင်ရီးသားဖော်ပြလားပါမည် ဖြစ်ပါရေ။ သာလီစွ. . . သာလီစွ။

ကျေးဇူးရှင် မိဘဆရာသမားတိကို ဦးထိပ်ပန်ဆင်လျက်

ပန်းချီထူးလှ

၁၃၆၈-ခု၊ တပို့တွဲလဆန်း ၃ရက်စနီနိ

<u>ကျမ်းကိုး</u>

ရခိုင်မြန်မာပဏ္ဍိတ် ဆရာကြီးဦးဦးသာထွန်း၏ ရက္ခိုင်ဆင်ယင်ထုံးဖွဲ့မှု မူကြမ်း ဆရာကျော်ထွန်းအောင် (ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)ရှေးဟောင်းသုတေသန၏ ပြောပြချက် ထုက္ကန်သိမ်ပုထိုးတော်ကြီး၏ ကျောက်ဆစ်ရုပ်ကြွများ။

စောမင်းနွယ်(မြောက်ဦး) ၏ ကဗျာလင်္ကာများက ဖော်ညွှန်းပြသော မြောက်ဦးခေတ် ဆင်ယင်ထုံးဖွဲ့မှုများ ဆောင်းပါး ဦးရာဇ်မြီမဂ္ဂဇင်း ၂၀၀၀-ခုနှစ်ထုတ်။

# တန်စိုးဆရာထွန်းနှင့် ငါးသာခြင်း

**မင်းပြားမင်းသိကြားထွက်**

ရခိုင်ပြည်နယ်သည် ဆန်စပါးကို အဓိကထားသောဒေသတစ်ခုဖြစ်သည်။ ရှေးခေတ်က ရခိုင်ပြည်သူများမှာ စိုက်ပျိုးရေးလုပ်ငန်းတစ်ထောက်နားစ၊ စပါးရာသီကုန်ဆုံးတော့ပြီဖြစ်ရာ နီးစပ်ရာမြစ်ချောင်းများတွင် ငါးရှာငါးယိုးဖြင့် မိသားစု၏ထမင်းဝိုင်းကို စိုပြေစေခဲ့လေသည်။

အထူးသဖြင့် ရခိုင်လယ်သူမများမှာ မိသားစုချက်ပြုတ်စားသောက်ရေးအတွက် ငါးရှာငါးယိုးခြင်း အလုပ်တာဝန်ကို ထမ်းရွက်ကြရသည်။

ယင်းသို့ ပျင်းပျင်းရိရိ ငါးရှာကြရာမှ ပြည်သူ့သာခြင်း အမြောက်အများကိုလည်း မွေးထုတ်ပေးခဲ့၏။ ငါးရှာရာတွင် ရာသီလိုက်ကျင့်သုံးကြရိုးရှိသည်ကို တွေ့ရပေသည်။

မိုးရာသီတွင် ချောင်းလက်တက်ငယ်များသို့ ပလိုင်းနှင့်ယက်သဲ့စသော ငါးဖမ်းကိရိယာများကို ကိုယ်စီလွယ်လျက် သွားရောက်ကာ ငါးငယ်များကို ဖမ်းယူလေ့ရှိကြသည်။ ဆောင်းဦးပေါက်စ စပါးပင်များ စိမ်းလဲ့ရောင်သန်းချိန်တွင်မူ လယ်ကွင်းတစ်လျှောက် စပါးပင်ခြေရင်း၌ ခိုလှုံပျော်မြူးနေလေ့ရှိသော ငါးခုံးမကလေးများကို ဖမ်းဆီးရှာယူကြ၏။ ၎င်းကို ရခိုင်အခေါ်အားဖြင့် စပါးပင်မှရသောငါးဖြစ်သောကြောင့် 'စပါးတော ငါးခုံးမ'ဟူ၍ မှည့်တွင်ကြ၏။ ထို စပါးတော ငါးခုံးမကို ငါးပိတစပ် ဆားတစ်စပ်နှင့် သွေ့ခြောက်လုခမန်း လှော်ချက်လိုက်လျှင် ဆီမဆလာ င်ပြာရည် အတိဖြင့် အိနေအောင် ကျော်လှော်ချက်ပြုတ်ထားသော မြို့ပေါ် ချက်ငါးများထက် အရသာပိုရှိသည်ဟု ဆိုစမှတ်ပြုကြ ၏။ ပြီးတော့ ငါးခုံးမကလေးများမှာ အဆီတွေပြည့်လျှက်ရှိရာ တောနေလယ်သမားများအဖို့ ဆန်လေးဗူးထမင်းကိုပင် မြက်မြက်ကလေး လွေးနိုင်ကြောင်း ဂုဏ်ယူလေ့ရှိကြသည်။ နွေရာသီစပါး(ဗူးတောင်းသဖွယ် အဝသေးသေး ဖင်ကျယ် ကျယ်နှင့် ဘေးပေါက်ပါသည့် ငါးဖမ်းကိရိယာတစ်မျိုး)တွင် ထမင်းသိုးများထည့်ကာ ရေမြှုပ်ထားခြင်းဖြင့် ကမ်းပိုင် ငါးတစ်ချို့ကို ဖမ်းယူတတ်ကြသည်။ ထိုမြုံးထဲ၌ ငါးများပြည့်လျှံသည်အထိ ရတတ်ကြသည်။ အထူးသဖြင့် ငါးစင်ရိုင်းများ မိတတ်ကြ၏။ ယင်းငါးစင်ရိုင်းကလေးများကို မြုံးထောင်ငါးစင်ရိုင်းဟုခေါ် သည်။ ထိုသို့ခေါ် ရခြင်းမှာ မြုံးအားရေတွင် မြှုပ်စိမ်ထားသည်ကို 'မြုံးထောင်သည်ဟု အယူရှိသောကြောင့် မြုံးထောင်၍မိသော ငါးများကိုလည်း 'မြုံးထောင်ငါးဟူ၍ ခေါ်ဝေါ်သမုတ်ကြခြင်းပေတည်း။

တဖန်မိုးဦးကျစ လယ်ထွန်စအချိန်၌ လယ်တောရိုးတစ်လျှောက်လုံး ရေများပြည့်လျှံနေလေရာ ယင်းအချိန်များတွင် ပေါက်ဖွားစ ငါးပေါက်ကလေးများကို ယိုးယူကြသဖြင့် ရလာသောငါးကို 'ငါးပေါက်ချေဟု ခေါ်ဆိုကြသည်။

ဖော်ပြပါ ငါးဖမ်းခြင်းမှာ ရခိုင်ပြည်သူတို့ ရှေးကပင် ပြုမူကျင့်သုံးလာကြသည့် လုပ်ထုံးလုပ်နည်းဖြစ်သည်။ သူတို့ရှာယူရရှိသောငါးများမှာလည်း ဈေးတွင်ရောင်းချမည့်အတွက်မဟုတ်၊ မိမိ မိသားစုစားသုံးရန်အတွက် တနိုင်ဖမ်းကြခြင်းသာဖြစ်သည်။ သို့ဖြစ်၍လည်း ငါးဖမ်းလုပ်ငန်းမှာ ထုနှင့်ထယ်နှင့်ကြီးကျယ်ခန်းနားစွာ အလေးထားဖမ်းဆီးမှု မရှိပေ။ မိမိတို့တစ်အိမ်သားနပ်စာ စားသုံးရုံလောက် ဟင်းလျာရှာကြခြင်းမျိုး တစ်ရပ်ဟုယူဆနိုင်လေသည်။ ဤကား ရခိုင်ဒေသ၏ သုံးပုံနှစ်ပုံမျှသောလူဦးရေ၏ ငါးဖမ်းငါးရှာခြင်းတစ်ရပ်ပေတည်း။ တစ်ပုံခန့်မှာ စီးပွားဖြစ် ငါးဖမ်းလုပ်ငန်းကို စောက်ချလုပ်ကိုင်ကြသည်။ ငါးဖမ်းပိုက်ကြီးကြီးဖြင့် ပင်လယ်တွင်း အသက်စွန့်ကာ ရှာကြံကြသည်။ ရလာသောငါးများကို ပိုက်လှေများဖြင့် အချိန်မှီ မြို့ဈေးများသို့ သွားရောက်ရောင်းချကြသည်။

သို့ရာတွင် ငါးလတ်များကိုသာ ရောင်းချပြီး၊ အနည်းငယ်နံစော်နေပြီဖြစ်သည့် ငါးအချို့ကို ငါးလှန်းစင်များတွင် သွေ့ချောက်အောင်လှမ်းထားပြီး ငါးခြောက်အသွင်သို့တိုင် လုပ်ဆောင်ရခြင်းနှင့် 'ငါးပိ'အဖြစ်ထောင်းထုနယ်ရပုံများကို နောက်ပိုင်းတွင် သာဓကနှင့်တကွ အသေးစိပ်တင်ပြမည်ဖြစ်ပေသည်။

အထူးသဖြင့် ရခိုင်ဒေသသည် တောတောင်မြစ်ချောင်းတို့ဖြင့် ပတ်လည်ခြွေရံလျက်ရှိသော ဒေသဖြစ်သည်။ ထူထပ်ချွဲပစ်သော ဝါးတောကြီးများကို ရခိုင်ရိုးမတောင်စဉ်တောင်တန်းကြီးက မွေးဖွားပေးသည်။ မိုးမှန်မှန်ရွာသည်။ မြစ်ချောင်းအင်းအိုင်ပေါများသည်။ ထို့ကြောင့်လည်း စိုက်ပျိုးရေးအပြင် ငါးလုပ်ငန်းကိုပါ ဒေသအလိုက်ကွက်၍ လုပ်ကိုင်လာကြသည်။

သူတို့သည် သူတို့ဖြတ်သန်းလာခဲ့သော ငါးဖမ်းလုပ်ငန်းအတွေ့အကြုံများအရ ငါးသိုက်မြုံများအသစ် ထပ်မံရှာဖွေတွေ့ရှိလျှင် ဝမ်းသာကြရသကဲ့သို့ ဝမ်းနည်းမှုများစွာတို့နှင့်လည်း ကြုံခဲ့ဖူးကြသည်။ ပင်လယ်ကမ်း ငါးဖမ်းခြင်းဆိုသော်လည်း တစ်ခါတစ်လေ နက်ရှိုင်းသောနေရာများသို့ သွားရောက်ဖမ်းကြရသည်။ ယင်းသို့သွားဖမ်းရာတွင် တစ်ခါ

တစ်ရံအသက်ဘေးအန္တရာယ်နှင့် ကြုံရတတ်သည်။ ရုတ်တရက်မိုးသက်လေပြင်းကျသောအခါများ၌ ကမ်းကိုမရောက်နိုင်တော့ပဲ လှိုင်းလုံးရေလုံးအောက်တွင် အသက်ပျောက်သွားရရှာတတ်ကြ၏။ ယင်းသူသို့ ငါးဖမ်းထွက်ရင်း လင်သေ၊ သားသေ၊ ညီသေ၊ အစ်ကိုသေသွားရသော်လည်း အပြောကျယ်နက်ရှိုင်းလှသည့် ပင်လယ်ရေပြင်ခရီးနှင့်ကား မကင်းနိုင်ကြချေ။

ရခိုင်ဒေသတွင် များသောအားဖြင့် ရေလုပ်သားဘဝနှင့် အသက်မွေးကြသည့်နေရာများမှာ အထိုက်အလျောက်ရှိသည်။ ယင်းတို့မှာ အထူးသဖြင့် ကျောက်ဖြူမြို့နယ်ဇုံဖြစ်သော ကျောက်ဖြူဒေသ မြေပုံမြို့အနီး သံတွဲဇုံနယ်ဒေသတစ်ဝိုက်နှင့် စစ်တွေဇုံနယ်ဒေသများတွင် ဖြစ်သည်။

ယင်းတို့အနက် စစ်တွေမြို့ ကမ်းရိုးတန်းတစ်ဝိုက်မှာကား ငါး၊ ငါးပိလုပ်ငန်းတို့ဖြင့် အသက်မွေးသူများစွာတို့ကို တွေ့ရသည်။ စစ်တွေကမ်းရိုးတန်းထဲတွင် 'ရှင်တောင်ကျွန်း'နှင့် 'အောင်တိုင်'ကျေးရွာတို့မှထွက်သော ငါး၊ ငါးပိလုပ်ငန်းများမှာ ရခိုင်ဒေသအနှံ့ထိ ဖြန့်ဖြူးစားသုံးလောက်အောင် ဖူလုံစွာ ထွက်ရှိလေသည်။

တန်းခိုးရွာသည် စစ်တွေမြို့နှင့် ၁၀မိုင်ခန့်မျှဝေးသောနေရာ၌ တည်ရှိသောကြောင့် တန်းခိုးရွာဖွား ရခိုင်သားသာခြင်း စာဆိုတန်ခိုးဆရာထွန်းသည်လည်း စစ်တွေကမ်းရိုးတန်းရှိ ရေလုပ်သားတို့၏ဘဝကို အတွင်းကျကျသိနိုင်လေသည်။

ဆရာထွန်းသည် အခြားစာပေများအပြင် ရခိုင်ဒေသ ငါး-ငါးပိလုပ်ငန်းတည်ရှိရာ အထူးသဖြင့် တန်းခိုးရွာနှင့်မဝေးလှသော 'အောင်တိုင်'ကျေးရွာ၏ ငါး-ငါးပိလုပ်ငန်းကို အဓိက သိမ်းကျုံးတင်ပြသည့်အနေနှင့်'ငါးသာခြင်း စာအုပ်တစ်အုပ်ပင် ရေးသားခဲ့လေသည်။ ထို'ငါးသာခြင်း'မှာ ရခိုင်ပြည်၏ 'ငါး၊ ငါးပိလုပ်ငန်း'သမိုင်းတစ်ခုအနေဖြင့်ပင် ယူဆထိုက်လေသည်။ ဤသာခြင်းကို ဖတ်ရခြင်းအားဖြင့် ရခိုင်ဒေသရှိ ရေလုပ်သားကြီးတို့ဘဝ၊ သူတို့၏မိုးလေဝသပညာစွမ်းပကား၊ သူတို့၏မိဘ အဖိုးအဖီး အဇူအဇာကပင် ကျင့်သုံးခဲ့သော ရိုးရာဓလေ့ ငါးဖမ်းနည်းတို့ကို ပြည်သူ့ဘဝနှင့် ကိုက်ညီအောင် ဖော်ထုတ်ထင်ဟပ်ထားလေသည်။

အဆိုပါရေလုပ်သားတို့၏ ပိုက်ချပုံမှာ အတော်ပင်စိတ်ဝင်စားဖွယ် ကောင်းပေသည်။ သူတို့သည် မနက်ဝေလီဝေလင်းမှ စပြီးထ,ကြရတော့၏။ ပြီးနောက်ကောက်ညှင်းပေါင်းသူပေါင်း၊ ထမင်းတယ်သူတယ်နှင့် တဲအိမ်တန်းတစ်လျှောက် မီးခိုးတွေ တလူလူထွက်အောင် စိုင်းပြင်းကြ၏။ အသီးသီးချက်ပြုတ်ပြီး ကျက်သောအခါ မနေ့က ပိုက်ငါးလက်ကျန်ရှိနေသေးလျှင် ယင်းနှင့်ပင် လွေးကြရ၏။ လက်ကျန်မရှိလျှင်လည်း ထမင်းကိုလည်းကောင်း၊ ကောက်ညှင်းပေါင်းကိုလည်းကောင်း၊ အဆာပြေ စားသောက်ကြရသည်။

ယင်းသို့မနက်စာ စားသောက်ပြီး ပိုက်လှေသို့ဆင်းရန် စီစဉ်ရတော့သည်။ စင်စစ်သူတို့၏အစီအစဉ်အရတဲအိမ်တိုင်းမှာလိုလို တံငါအလုပ်နှင့်သက်ဆိုင်သော ငါးဖမ်းသည့်လက်နက်ကိရိယာတန်ဆာပလာ အမျိုးမျိုးကို စုံလင်စွာတွေ့ရှိနိုင်ပေသည်။ ပိုက်စိပ်ပိုက်ကျဲအမျိုးမျိုး၊ ကွန်စိပ်ကွန်ကျဲအမျိုးမျိုး၊ ပိုက်ချရန် ပိုက်ထိန်းတိုင်အဖြစ် အသုံးပြုသော ဝါးလုံးရှည်၊ ရေပက်သောခန္ဒွဲပုံများ၊ ငါးမျှားတန်ချရန် ငါးမျှားများ၊ ဖားဆွဲသောငါးမျှားတံ စသည့်ပစ္စည်းများကို သူ့နေရာနှင့်သူ နေရာတကျ သေသပ်စွာထားရှိသည်။ အထူးသဖြင့် အချိန်မှာ ဝါဆိုဝါခေါင်လများ ငါးအကျများတတ်သောကြောင့် ဤလတို့သို့ရောက်လျှင် သူတို့ရေလုပ်သားတွေအဖို့ အလွန်အရေးကြီးကြရသည်။

စားသောက်ပြီးကြသူတစ်ချို့က ငါးဖမ်းကိရိယာအစုံအလင်ကို တာဝန်အသီးသီးဖြင့် ထမ်းယူခဲ့ကြပြီး 'ပိုက်ဆိပ်'(လှေဆိပ်သို့ သွားကြရ၏။ လူမစုံသေးပါက 'ပတူးမှုတ်'လျက် လူခေါ်ရသည်။ (ကျွဲဦးချိုကို ပါးစပ်ဖြင့် တအားကုန်ခရာမှုတ်သကဲ့သို့ မှုတ်ရသောအရာကို ရခိုင်တွင် 'ပတူမှုတ်သည်'ဟု ခေါ်ကြသည်။)

လူတော့စုံပြီ။ သို့ရာတွင် ဒီရေအခြေအနေ မိုးလေဝသအခြေအနေကို လေ့လာကြရသေး၏။ မိုးလေဝသကောင်းသောအချိန်အခါလည်း ဖြစ်ရမည်။ ဒီရေအတက်အကျမရှိပဲ ငြိမ်နေရန် သို့မဟုတ် 'တိုင်'နေရန် လိုအပ်သည်။ (ရခိုင်တွင် 'ဖျားတိုင်သည်'ဟုခေါ်၏။)

အခြေအနေအားလုံး ဟန်ကြပြီဆိုလျှင် ပိုက်လှေများအုပ်စုသင်းပင်းဖွဲ့ပြီး တပျော်တပါးဖြင့် သွားကြ၏။ ငါးသိုက်မြုံရှိရာသို့ ရောက်ကြသောအခါ ကိုယ့်နေရာနှင့်ကိုယ် နေထားတကျ ပိုက်ချရန် ကြံစည်ကြတော့သည်။ ပထမဦးဆုံးအရှည် ၁၂တောင်ခန့်ရှိသော ဝါးလုံးတစ်လုံးကိုယူ၍ မြေကြီးသို့ထိုးစိုက်မည့် အောက်ခြေဖက်မှနေကာ အထက်ဖက်သို့ နှစ်တောင်ကျော်ကျော်တိုင်းထွာပြီး ပိုက်လက်နားကြိုးကို ချည်လိုက်၏။ ထိုအခါ နှစ်တောင်အစောက်ရှိသော ပိုက်၏အောက်ခြေနှင့် ဝါးလုံးအောက်ခြေသည် မြေကြီးနှင့်ထိကပ်နေရုံမက ဝါးလုံးကြီးမှာမြေကြီးထဲသို့ တစ်မိုက်တစ်ထွာခန့်မျှ စူးဝင်သွားသည့်အတွက် ပိုက်အောက်ခြေမှာလည်း မြေကြီးပေါ်တွင် တစ်မိုက်တစ်ထွာခန့် ပုံကျနေရသည်။

ဝါးလုံးမှာရေပေါ်တွင် နှစ်တောင်သာသာခန့်ပေါ်ပြီး ပိုက်အောက်ခြေမှာရေ၌ နစ်မြုပ်နေသည်။ ဤသို့ပိုက်ကို ရေအောက်၌ မြုပ်၍ချရခြင်းကား ချောင်ငါးများသည် ရေပေါ်၌လျှပ်၍ သွားလာတတ်သောငါးမျိုး ဖြစ်သောကြောင့်ပင် တည်း။

ပိုက်လက်နက်ကြိုးချည်ထားသော ဝါးလုံးတိုင်ကို စိုက်ပြီးသည်နှင့် တစ်ပြိုင်နက် လှေကို ရှေ့သို့လှော်ယက်ကာ လှေပေါ်၌စုပုံနေသော ပိုက်ကိုလည်း ရေထဲသို့ ဆွဲချရင်း တစ်ဖက်သို့ အလျားလိုက် ဆန့်တန်းလာသည်။ ပိုက်မှာတစ်ဆက် တည်းချည်ထားသဖြင့် အတော်ပင်ရှည်လျားနေပေသည်။

ယင်းသို့ပိုက်ချပုံဖော်ပုံနှင့်ပတ်သက်ပြီး ဆရာထွန်း၏ငါးသာခြင်းတွင် အောက်ပါအတိုင်း ချိုး၍ရေးသားထား သည်ကို တွေ့ရ၏။

'တချို့ကသော် ပိုက်နာယာဟု၊ မြစ်မှာတိုင်စိုက်၊ ကြိုးနှင့်ချိုင်ဗျာ၊ ခိုင်အောင်ရစ်လို့၊ စိန်ပိုက်ကိုချ၊ ဖြားရေယိုင်လျှင်၊ တိုင်ကာလ၌ ဖော်ကြပြီးခါ၊ ကျတုံများကော၊ ငါးများစွာကို၊ လှေမှာတင်ဗျာ၊ ယူဆောင်သွားလို့'

ဟူ၍ ဒီရေငြိမ်စ သို့မဟုတ် ဖြားရေထိုင်စတွင် မြစ်မှာတိုင်စိုက်ပြီး၊ တိုင်တွင်ပိုက်ကြိုးကို ချည်နှောင်လျက် ရေထဲချရပုံ၊ ပိုက်ဖော်ပုံတို့ကို သရုပ်ပါပါ ရေးဖွဲ့ထားလေသည်။

ဤသို့ပိုက်ဖော်ပြီး ရလာသည့်ငါးကို ချိန်တွယ်ယူလာပြီး ငါးလှန်းသည်တွင် အခြောက်လှန်းရသည်။ ငါးခြောက် ဖြစ်သည့်အခါ ငွေကြေးအသပြာဖြင့် ရောင်းသည့်အခါ ရောင်းပြီး 'မျှိုင်သျှေ'ခေါ် 'မျှင်ကောင်'ကလေးများ ပါလာလျှင် ဆုံမှာထည့်ကာ ငါးပိထောင်းရသည်။ ထိုသို့ရောင်းသူ ဝယ်သူ၊ ငါးလှန်းသူတို့ ရခိုင်ပြည် အောင်တိုင်ကျွန်းမှာ ပွဲလမ်း သဘင်ကဲ့သို့ သောသောညံလျှက် ပျော်စရာကောင်းပုံကို ဆရာထွန်း၏ငါးသာခြင်းစာအုပ်တွင် -

'ကမ်းနားရောက်လျှင်၊ တောင်းနှင့်ခြင်ဗျာ၊ တင်ယူပြီးနောက်၊ တန်းနှင့်စင်မှာ၊ လှန်းကျင်မြှောက်၍၊ ငါးခြောက် ဖြစ်ခါ၊ ငွေသပြာနှင့် ဝယ်လာလျှင်ရောင်း၊ မျှိုင်းချေပါသော်၊ ဆုံမှာဖိဗျာ၊ ငါးပိထောင်းလို့၊ ရောင်းသူဝယ်သူ၊ သဲသဲထူကော၊ ရှင်လူအများ၊ တသောသောနှင့်၊ ငါးကိုနေလှန်း၊ ပြည်ရခိုင်လေ၊ အောင်တိုင်ကျွန်းမှာ၊ ငါးလှန်းကြရာ၊ အရွာရွာက၊ များစွာလူပေါင်း၊ တသောင်းသောင်းနှင့်၊ သာနှောင်းသာယာ၊ မြို့ရွာတွင်လေ၊ သဘင်ပွဲ တစ်နည်းပျော်ရေ'။

ဟူ၍ တံငါသည်ဘဝတွင် မည်မျှပင် အသက်ဘေးအန္တရာယ်နှင့် နီးကပ်စွာ ရင်ဆိုင်တိုက်ပွဲဝင်ခဲ့ရလင့်ကစား ငါးရလာသည့်အခါ ပျော်မြူးမဆုံး၊ တပြုံးပြုံးဖြစ်ကြရသည်ကို ရိုးရာဓလေ့ထုံးတစ်ခုအဖြစ် အလွန်တရာပီတိဖြစ်ရသည့် အကြောင်းကို ဖွဲ့ဆိုထားခြင်းဖြစ်လေသည်။

ဆောင်းလခါတွင်၊ ငါးလှန်းပြင်မှာ၊ လင်နှင့်မယား၊ ခပြုံးရယ်ဗျာ၊ ချစ်ဖွယ်ပြောလို့၊ ဟားဟားလည်းရယ်၊ ဤသည်ငါးပင် စားကောင်းရေလေ'

နှင်းမှုံတွေသိုင်းချုံသည့်ကာလ ဟေမန္တဆောင်းရာသီတွင် မိုးတွင်းမှရရှိသောငါးကြီးငါးငယ်များကို တဲရှေ့တွင် လူတစ်ရပ်ထက်ပို၍မြင့်အောင် စင်ဆောက်ပြီး နေလှန်းကြရသည်။

လပြည့်ဝန်းကလေး ပြူထွက်တတ်သော ညများဆိုလျှင် ငါးလှန်းစင်နဘေးရှိ ပြင်တလင်းမှာ နေချင်စဖွယ် ဖြစ်၏။ မိမိတို့ပင်ပန်းနွမ်းနယ်ခဲ့သမျှ ရရှိသောငါးကိုကြည့်ပြီး အကြည်နူးကြီး ကြည်နူးနေကြရသည်။ သို့ရာတွင် ညနေချိန်သို့ရောက်လျှင် လှန်းထားသောငါးကို ရုပ်သိမ်းထားရသည်။

ယင်းသို့ တံငါးသည်ရေလုပ်သားဘဝတွင် လုပ်ငန်းထွေတလာဖြင့် ပွေလီရှုတ်ထွေးသည်ဆိုရငြားလည်း လုပ်ငန်း တစ်ထောက်နားချိန်တွင် ဇနီးမယား၊ သမီးသားနှင့် ပျော်ပျော်ပါးပါးကြီး ကြည်နူးမဆုံး တပြုံးပြုံးနှင့်ပင် ဘဝကိုဖြေသိမ့် မှု ပေးကြလေသည်။

ရေလုပ်သားများ ပိုက်ချ၍ရလာသော ငါးများမှာ အမျိုးမျိုးအနှယ်နှယ်ဖြစ်၏။ မည်သည့်ငါးကို ရည်ရွယ်၍ ဖမ်းသည်မဟုတ်သဖြင့် ငါးမျိုးစုံပါတတ်သည်။ ၎င်းကို ဆရာထွန်းသည် ရလာသောငါးအား ချက်ပြုတ်ရပုံ စသည်အားဖြင့် ငါးနာမည်များပါ ဖော်ပြတတ်သည်။ စားမဝနိုင်ဘဲ အိုးမှာကျန်ရှိသရွေ့ငါးကိုပင် တဝတပြည့်ထည့် ယူစားသောက်ကြ သည့် တံငါဘဝ အလေ့အထ တစိပ်တဒေသကို သူ၏ငါးသာခြင်းတွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

'အများလူရှင်၊ မစားချင်အောင်၊ အမြင်ဆိုးကော၊ ဆင်ထိုးပုစွန်၊ ဆားငင်နှင့်၊ ညှီနံ့ငရုတ်၊ ပုစွန်တုတ်နှင့်၊ ငအုပ်ငမီးထုံး၊ ငါးရင်းကုံးကော၊ ငစနုတချို့၊ မြစ်ကြီးအလယ်၊ ပိုက်ကွန်ဝယ်မှာ၊ ကျသည်ငါးကို၊ စားချင်တိုင်းမူ၊ ရှီးကာ ယူဗျာ၊ နာဂူအိုးဖျိုင်၊ မှင်းကျိုးချိုင်ကို၊ နိုင်အောင်ထည့်ငြား၊ အခုရှိကော၊ ဗလိပြားနှင့်၊ ငပချားရကြက်၊ ပုစွန်တက်နှင့်၊ ချက်၍စားငြား၊ ဗရဲကားကို၊ တဖွားဆူဗျာ၊ ထုတ်ယူစားလို့၊ တခွက်ကေစားသော်၊ မဝပါကော၊ အိုးမှာကျန်သည့်ရှိသရွေ့ ကို၊ စိတ်ရှိစိတ်ထင်၊ စားလိုချင်သော်၊ လင်နှင့်မယား၊ ခပြုံးရယ်ဗျာ၊ ချစ်ဖွယ်ပြောလို့၊ ဟားဟားလည်းရယ်၊ ဤသည်ငါး ပင် စားကောင်းရေလေ'

ဆရာထွန်းသည် စာရေးရာတွင် များသောအားဖြင့် ရခိုင်စကားများကို ညှပ်သွင်းရေးသားသည်သာမက လူနာမည်၊ အရာဝတ္ထုနာမည်ကိုပါ ရခိုင်ဝေါဟာရဖြင့် ထည့်သွင်းစပ်ဆိုလေ့ရှိသည်။ ယခု ငါးသာခြင်းတွင်လည်း ပိုက်ချရာတွင် ရရှိသောငါးအမျိုးအမည်များကို ရခိုင်အခေါ်အဝေါ်ဖြင့် သုံးနှုန်းထားကြောင်း တွေ့နိုင်ပေသည်။ ဤသည်မှာ ရခိုင်တိုင်းရင်းသားတို့၏ အခေါ်အဝေါ် ဝေါဟာရစကားလုံးများကို အခြားတိုင်းရင်းသားများကပါ လေ့လာ ခွင့် ရရှိအောင် ဖန်တီးထားသော ဆရာထွန်း၏ စေတနာပင်ဖြစ်သည်။ 'နာဂူအိုးဖျိုင်'ဆိုသည်မှာ မြေဖြင့်ပြုလုပ်သော အိုးတစ်မျိုးကိုဆိုလိုသည်။ 'မင်ကျိုးချိုင်'ဆိုသည်မှာ 'မကျည်းချဉ်'ကိုဆိုသည်။ ထို့ပြင် 'တဖြွာဆူ'(တချီဆူ)၊ 'ရှိသရွှိ(ရှိသရွေ့)' 'ခပြုံ့ရယ်ဗျာ'(ပြုံးပြုံးကလေးရယ်ပြီး)၊ 'ဗရဲကား'(ငန္တု့)စသည်အားဖြင့် ပိုက်ငါးချက်ပြုတ်စားသောက်ပုံ အလေ့အထကို သိသာနိုင်လေသည်။

ယင်းသို့တံငါသည် ရေလုပ်သားတို့၏ အိမ်ထောင်ဘဝသည်၊ ခက်ခဲကြမ်းတမ်းမှုအတိနှင့် ပြွမ်းတီးနေသော်လည်း တစ်ခါတစ်ခါ သာယာစိုပြေသည့်အလှည့်နှင့်လည်း ကြုံခြင်းကို ဆရာထွန်းသည် ပီပီပြင်ပြင် ပေါ်လွင်ထင်ရှားစွာ ဖော်ကျူးထားရုံသာမက လူပျိုကာလသားတို့၏ အလေ့အထကိုလည်း တစေ့တစောင်း အကဲခတ်တင်ပြခဲ့လေသည်။

လူပျိုအကိုကာလသားတို့မှုကား စုပေါင်းသိုင်း ဝိုင်းဖွဲ့လျက် လှန်းထားသောငါးအချို့ကို ယူငင်ဖုတ်ကင်ပြီး အုန်းရည်၊ (ခနိရည်)နှင့်မြည်းကာ သောက်စားပျော်ပါးရင်း စကားလက်ဆုံပြောမကုန်အောင် ရှိကြခြင်းကို ဆရာထွန်းသည် ပျိုရာက အိုလာသူပီပီ သူ၏ငါးသာခြင်းတွင်ပင်-

'တစ်ချို့သူလေ၊ လူပျိုများတို့၊ ငါးမန်းသားခြောက်၊ လှန်းထားရာက၊ ယူလာပြီးကေ၊ ထင်းမီးတောက်မှာ၊ တသိုက်လောက်ဖုတ်၊ ပြုတ်စွာပြုတ်လို့၊ လက်သုတ်သုတ်ထွေ၊ ဆိုင်ကဝယ်ဗျာ၊ အုန်းရည်နှင့်မြည်း၊ ငါးလှန်းရာမှာ ပျော်မစဲ'ဟူ၍ ခနိရည်နှင့်မြည်းစရာ ငါးမန်းသားခြောက်ကို ဖုတ်ကင်ပြီး အသုတ်လုပ်ထားရပုံကို ဘာသာဘာဝ အရှိကို အရှိအတိုင်း အမြင်ကို အမြင်အတိုင်း ကွန့်မြူးချက်မပါပဲ ရိုးရိုးသားသားတင်ပြထားပုံမှာ တံငါ့လေ့စရိုက်ကို ကွက်ကွက်ကွင်းကွင်း မြင်နိုင်ကြလေသည်။

ထို့ပြင် တန်းခိုးဆရာထွန်း၏ ငါးသာခြင်းပါ'ငါးခြောက်ဖြစ်ခါ၊ ငွေသပြာနှင့် ဝယ်လာလျှင်ရောင်း၊ မျှိုင်သျှေပါသော် ဆုံမှာဖိဗျာ၊ ငါးပိထောင်းလို့၊ ရောင်းသူဝယ်သူ၊ သဲသဲဆူကေ၊ ရှင်လူအများ၊ တသောသောနှင့်၊ ငါးကိုနေလှန်း၊ ပြည်ရခိုင်လေ၊ အောင်တိုင်ကျွန်းမှာ'ဆိုသောစာပိုဒ်ကို ကြည့်ခြင်းအားဖြင့် ရခိုင်ရေလုပ်သားကြီးတို့၏ ငါးလုပ်ငန်းအပြင် ငါးပိလုပ်ငန်းသည်လည်း တစ်ခုပါဝင်နေသည်ကို တွေ့ရပေမည်။

ယင်းစာပိုဒ်အရဆိုသော် ပိုက်တွင်ပါသည့်ငါးများကို နေလှန်းပြီး ငါးများသွေ့ခြောက်လာလျှင် ထိုငါးများအထဲမှ ဝွေးကောင် သို့မဟုတ် မျှင်ကောင်သေးသေးများကို ဆုံမှာထည့်ကာ ကျည်ပွေ့ဖြင့် သူတစ်ချီ၊ ငါတစ်ချီ တစ်အားကုန်ထောင်းရသည်။ ထုထောင်းပြီးက ငါးကိုဆုံထဲမှကော်ယူပြီးနောက် သစ်သားပုဉ်ချောမွေ့မွေ့တွင် ဆုပ်နယ်ရသည်။ ယင်းသို့ အလီလီထုထောင်းယင်း ရေဖျန်းယင်း၊ ဆုပ်နယ်ယင်းဖြင့် ငါးပိအဖြစ် အိပျော့ပျော့ဖြစ်လာသည်။ ဤသို့အားဖြင့် ထပ်ခါထပ်ခါ ပြုလုပ်ပြီးသည်၏ နောက်ဆုံး၌ ဟင်းငါးချက်ပြုတ်ရာတွင် အသုံးဝင်သောငါးပိအသွင် ဖြစ်လာရလေသည်။

ထိုဖြစ်လာသော ငါးပိများကို ရေလုပ်သား၏ဇနီးမယားတို့က အရပ်ရပ်အရွာရွာသို့ လှည့်လည်ရောင်းချကြရသည်။ အထူးသဖြင့်၊ ဟိုဒေသ၊ သည်ဒေသမှ ငါးပိများ လာရောက်ရောင်းချကြရာ မိုးစာသိုလှောင်ရန် ဟင်းခတ်ငါးပိများကို ဝယ်မည့်အိမ်ရှင်မများက 'ဘယ်ကငါးပိလဲ'ဟု မေးမြန်းကြသည်။ ငါးပိရောင်းသူက 'အောင်တိုင်ငါးပိ'ဆိုလျှင် ဝယ်သူမှာ စဉ်းစားတွေဝေမနေဘဲ စိတ်ချလက်ချ တောင်းဈေးပေးဝယ် တတ်ကြလေသည်။

တစ်ဖန်'အောင်တိုင်ငါးပိ'အနက် အကောင်းဆုံးဟူ၍ ရှိသေးသည်။ ၎င်းမှာ မျှိုင်(မျှင်ငါးပိ)ပင်တည်း။ အဘယ်ကြောင့်ဆိုသော် ငါးပိမှာ အမွှေးအမျှင်မပါဘဲ ချိုတမြမြအရသာရှိသောကြောင့် ဘယ်လောက်ပင် ဈေးပေးရ ပေးရ မျှိုင်ခေါ် 'မျှင်ငါးပိ'ကိုပင် နှစ်သက်ကြလေသည်။

ယင်းကြောင့်လည်း ရခိုင်ပြည်အနှံ့အပြားတွင် အိမ်ရှင်မတိုင်းလိုလိုပင် 'အောင်တိုင်ငါးပိ'၊ 'မျှင်ငါးပိ'ကို မျှော်လင့်တောင့်တလျက် သူတို့၏ပါးစပ်ဖျားမှာ ရေပန်းစားနေရလေသည်။

ထိုထိုသောအကြောင်းတို့ကို ထောက်ဆပြီး တစ်နှစ်ပတ်လုံး အလုပ်နှင့်လက် မပြတ်ခဲ့ကြသော ပြည်ရခိုင် အောင်တိုင်ရပ်နေ ရေလုပ်သားကြီးတို့၏ဘဝကို တိုင်းပြည်သို့ တင်ပြထားခြင်းဖြစ်ပေသည်။

**မင်းပြားမင်းသိင်္ဂါးထွဏ်း**

# ဒွမ်မာတင်
## ၁၆၀၆–၁၆၄၃

ဝေသာ

ဤစာတမ်း၏ရည်ရွယ်ချက်မှာ "ဒွမ်မာတင်"ဆိုတာ ဘယ်သူလဲ၊ ရခိုင်လူမျိုးတစ်ဦးဖြစ်လျက်သားနဲ့ ဘာကြောင့် ပေါ်တူဂီအမည်ခံယူရသလဲ၊ ပေါ်တူဂီသို့ ဘာကြောင့်ရောက်လာခဲ့ရသလဲဆိုသည်ကို ရှင်းလင်းရန် ဖြစ်ပါသည်။ ဒွမ်မာတင်၏ဇာတ်ကြောင်းမှာ အင်မတန်ထူးခြားဆန်းကြယ်သလောက် ကြည်နူးဆွတ်ပျံ့စရာလည်း ဖြစ်ပါသည်။ သို့စေကာမူ ၁၇ရာစုအစပိုင်းကာလ၊ ဘင်္ဂလားပင်လယ်ကွေ့၌ ဖြစ်ပေါ်တည်ရှိနေခဲ့သော နိုင်ငံရေးအခြေအနေတို့ကို အကျဉ်းမျှ မပြဆိုပဲနှင့် ဤဇာတ်လမ်းကိုရေးသားခဲ့ပါက စာဖတ်သူများ မည်သို့မျှ နားလည်သဘောပေါက်နိုင်လိမ့်မည် မဟုတ်ပါ။ အဆက်မပြတ်ဖြစ်ပေါ်နေသော မင်းပြောင်းမင်းလွဲကိစ္စရပ်များ၊ ခရစ်ယာန်ဘုန်းတော်ကြီးများ၊ သူကောင်းမျိုးရိုးများ၊ ပင်လယ်ဓားပြများ အခါအားလျော်စွာ ပေါ်ထွက်လာကြသော ရခိုင်လူမျိုးများက သည်မှာ၊ မဂိုလူမျိုးများက ဟိုမှာ၊ ပေါ်တူဂီလူမျိုးများက နေရာအနှံ့၊ မြင်ကွင်းတစ်ခုလုံးသည် ရုပ်ရှင်ပြကွက်ဆန်ဆန် ရှုပ်ထွေးပွေလီလျက် ရှိနေပါလိမ့်မည်။ ဤသို့ရှုပ်ထွေးမှု မဖြစ်စေရန်အတွက် ကျွန်ုပ်သည် ဒွမ်မာတင်၏စွန့်စားခန်းဇာတ်လမ်းများကို သမိုင်းဆိုင်ရာလေ့လာမှု ရှုထောင့်မှနေ၍ တတ်စွမ်းသမျှ စကားပလ္လင်ခံ နိဒါန်းပျိုးရပါလိမ့်မည်။ စာရှုသူများလည်း သည်းခံခွင့်လွှတ်ကြပါကုန်။

ဤသို့သောရည်ရွယ်ချက်ဖြင့် ကျွန်ုပ်သည် အေဒီ ၁၆၁၀ခုနှစ်ကို ရွေးချယ်ထားပါသည်။ ကျွန်ုပ်၏ရခိုင်သမိုင်းဆိုင်ရာ လေ့လာချက်စာတမ်းများအား ဖတ်ရှုဖူးကြသူတို့အနေဖြင့် ဤနှစ်ကာလသည် ရခိုင်အင်ပါယာကြီး၏ ဘုန်းမီးနေလအထွန်းပဆုံးအချိန်ဖြစ်ခဲ့ကြောင်း သတိပြုမိကြပါလိမ့်မည်။ ဘုရင်မင်းရာဇာကြီး၏ပိုင်နက်မြေသည် ဂင်္ဂါမြစ်ဝှမ်းအရှေ့ဘက်အစွန်းမှသည် ဧရာဝတီမြစ်ဝကျွန်းပေါ်အထိ ကျယ်ပြန့်ပါသည်။ ဘုရင့်ကျေးကျွန်များအဖြစ်လည်းကောင်း၊ ဘုရင်၏ ဘုန်းရိပ်ကို ခိုလှုံ၍လည်းကောင်း၊ ပေါ်တူဂီလူမျိုးအုပ်စုများ နေထိုင်လျက်ရှိကြပါသည်။ အုပ်စုတစ်ခုကတော့ ပေါ်တူဂီ ကြေးစားစစ်သားများ၊ ဘုရင်မင်းရာဇာကြီး၏ ကြည်းတပ်နှင့်ရေတပ်တို့တွင် အမြောက်ပစ်သမားများ၊ အင်ဂျင်နီယာ များအဖြစ် အမှုထမ်းဆောင်နေကြသူများ ဖြစ်ကြပါသည်။ နောက်တစ်အုပ်စုကတော့ ကုန်သည်များ ဖြစ်ကြပါသည်။ သူတို့ကိုတော့ စစ်တကောင်းမြို့တော်အနီး ''ဒီယင်းဂါး''တွင် ရပ်ရွာတည်ထောင် နေထိုင်ခွင့်ပေးထားပါသည်။ ဤသို့ ခွင့်ပြုထားခြင်းမှာ စစ်တကောင်းနယ်စပ်ကို မဂိုတို့ရန်မှ ကာကွယ်ရာတွင်လည်း ပါဝင်ကူညီနိုင်အောင်ဖြစ်ပါသည်။

ဘင်္ဂလားနယ်ကို မဂိုတို့သိမ်းပိုက်ခဲ့ကြသည်မှာ ၁၆၁၀-ခုနှစ်က ဖြစ်ပါသည်။ ဤသို့သိမ်းပိုက်လိုက်သောအခါ သူတို့၏ပိုင်နက်နယ်မြေနှင့် စစ်တကောင်းတို့ ထိစပ်သွားခဲ့ပါသည်။ မင်းရာဇာကြီးအနေဖြင့်လည်း မဂိုတို့အား သတိထား၍ မျက်ခြေမပြတ် စောင့်ကြည့်နေရပါသည်။ ပေါ်တူဂီတို့သည် မဂိုတို့လက်အောက်၌လည်း နေထိုင်လျက်ရှိကြပြီး "ဟူးဂလီမြစ်"တွင် ကုန်သွယ်ရေးစခန်းတစ်ခု တည်ထောင်ထားကြပါသည်။ ရခိုင်ပြည်ရှိ ကြေးစားစစ်သည်များ ဒီယင်းဂါးနှင့် ဟူဂလီမှကုန်သည်များ စသည်ပေါ်တူဂီအုပ်စုတို့အပြင် စစ်တကောင်းမြစ်နှင့် မိုင် (၃၀)လောက်ဝေးသည့် "ဆင်းဒဝစ်ကျွန်း"တွင်လည်း ပင်လယ်ကွေ့ဒေသ ပေါ်တူဂီများ ရှိကြပါသေးသည်။ ယခုသမိုင်းစဉ်တွင် ဆင်းဒဝစ်ကျွန်းသည် အရေးပါသည့် အခန်းကဏ္ဍရှိနေသောကြောင့် အသေးစိတ်ဖော်ပြရန် လိုအပ်ပါသည်။

ဆင်းဒဝစ်ကျွန်းကို အုပ်စိုးနေသောမင်းမှာ ထင်ရှားကျော်ကြားလှသော ပင်လယ်ဓားပြကြီး 'ဂွန်ဇာလတ်တိဘော"ဖြစ်ပါသည်။ ဤပုဂ္ဂိုလ်သည် ၁၆၀၅ခုနှစ်က စစ်သားဘဝဖြင့် အရှေ့ပိုင်းဒေသများဆီသို့ ခရီးထွက်လာခဲ့သူဖြစ်ပါသည်။ ၁၆၀၇ခုနှစ်သို့ရောက်သောအခါ ငွေကြေးအတော်အသင့်စုဆောင်းမိလာသဖြင့် သင်္ဘောတစ်စီး ဝယ်ယူနိုင်ခဲ့သည်။ သင်္ဘောတွင် ဆားများတင်ဆောင်လျက် ဒီယင်းဂါးသို့ ခရီးထွက်လာခဲ့ပါသည်။ ကံဆိုးချင်လေတော့ ဘုရင်မင်းရာဇာကြီးက ပေါ်တူဂီတို့အား သစ္စာဖောက်ဖျက်မှုတချို့အတွက် အပြစ်ဒဏ်ပေးသည့်နေ့မှာပင် တိဘောခမျာမှာ ဒီယင်းဂါးဆိပ်ကမ်းသို့ ဆိုက်ကပ်မိလျက်သား ဖြစ်နေပါတော့သည်။ သင်္ဘောကို အသိမ်းခံလိုက်ရသဖြင့် တိဘောမှာ နှစ်နှစ်တာကာလအတွင်း စုဆောင်းခဲ့သမျှ ပြောင်တလင်းခါသွားခဲ့ရပါတော့သည်။ စီးပွားရေး ချွတ်ခြုံကျသွားသော တိဘောသည် အနီးအနားမှ ဘဝတူမွဲပြာကျများအား စုရုံးသိမ်းသွင်းလျက် ရခိုင်ကမ်းရိုးတန်းတစ်လျှောက် တိုက်ခိုက်လုယက်သည့် ပင်လယ်ဓားပြဘဝကို ခံယူလိုက်ပါတော့သည်။ ၁၆၀၉ခုနှစ်အရောက်တွင် တိဘော၌ လက်နက်အပြည့်အစုံ တပ်ဆင်ထားသော သင်္ဘောအစီး (၄၀)နှင့် လူအင်အား (၄၀၀)အထိ အင်အားတောင့်တင်းလာခဲ့ပါသည်။

ဤအင်အားဖြင့် ထိုစဉ်က မဂိတို့၏သစ္စာခံတစ်ဦးပိုင်ဆိုင်သည့် ဆင်းဒဝစ်ကျွန်းကို တိုက်ခိုက်သိမ်းပိုက်ပြီး သူ့ကိုယ်သူ "ဘုရင်တိဘော"အဖြစ် ကြေငြာခဲ့ပါသည်။ ဆင်းဒဝစ်သည် ဟိန္ဒူလူမျိုးများနေထိုင်ရာ ကြွယ်ဝချမ်းသာသော ကျွန်းတစ်ခု ဖြစ်ပါသည်။ "မဂ္ဂနာ"မြစ်ဝတွင် တည်ရှိသောကြောင့် တိဘောသည် စခန်းများ ဖွင့်လှစ်လျက် ကုန်သည်သင်္ဘောများ ထံမှ အခွန်ငွေများ ကောက်ခံပါသည်။ မြက်မြက်ကလေးရမည့် အခိုက်ကြုံလျှင် အနီးဝန်းကျင်မြစ်များအတွင်း ပင်လယ် ဓားပြလည်းထွက်လုပ်ပါသေးသည်။ ဤနည်းဖြင့် ကျိကျိတက်ချမ်းသာလာခဲ့ရာ ယခု ဤစာတမ်း၌လေ့လာနေသော ၁၆၁၀ ခုနှစ်အရောက်တွင် တိဘော၌ ပေါ်တူဂီလူမျိုးတပ်သား တစ်ထောင်နှင့် အမြောက်တင်သင်္ဘောအစီး (၁၀၀) ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ တိဘောသည် ဤကျွန်း၏ အချုပ်အခြာအာဏာကို အမှန်တကယ်ပိုင်စိုးပါသည်။ "ဂိုအာ ဘုရင်ခံ"အနေဖြင့် တိဘောအား တစ်စုံတစ်ရာထိန်းချုပ်ဖို့လည်း မကြိုးစား၊ ထိန်းချုပ်လိုစိတ်လည်း မရှိဖြစ်နေပါသည်။ ဤသို့ရှိနေစဉ်တွင် ၁၆၁၀ ခုနှစ်၊ နယ်စပ်အရေးအခင်းကိစ္စတစ်ခုကြောင့် မဂိတို့နှင့် ထိပ်တိုက်တွေ့နေရသော မင်းရာဇာ ကြီးက မိမိတို့ရေတပ်နှစ်တပ်ကို ပူးပေါင်းလိုက်ကြရအောင်ဟူ၍ ကမ်းလှမ်းလိုက်လေတော့ တိဘောမှာ ပင်လယ်ကွေ့ဒေသ တွင် အထူးထင်ရှားအရေးပါသူတစ်ဦး နေချင်းညချင်းဖြစ်လာခဲ့ပါတော့သည်။ ရခိုင်ရေတပ်ကို ကိုင်တွယ်ဦးစီးခွင့်ရလိုက် သည်နှင့် တိဘော၏စရိုက်မှန်ပေါ်ထွက်လာခဲ့ကာ နောက်ဆုံးအချိန်ကလေးတွင် ဘက်ပြောင်းသွားခဲ့ပါတော့သည်။ မင်းရာဇာကြီး၏ ကြည်းတပ်မတော်အား ကျုံးသွင်းလျက် မဂိတပ်များက ချေမှုန်းပျက်စီးပစ်နိုင်အောင် အကွက်ဆင် ဖန်တီးပေးခဲ့ပါသည်။ သူကိုယ်တိုင်ကတော့ ရခိုင်စစ်သင်္ဘောများကို အပိုင်စီးလိုက်ပါသည်။ ရခိုင်ရေတပ်အရာရှိများကို သတ်ပစ်လိုက်သည်။ တပ်သားများကို ကျွန်ဇာတ်သွင်းပစ်သည်။ ဤမျှသာမက အခြေအနေများ ဝရုန်းသုန်းကားဖြစ်နေ ချိန်၌ ရခိုင်ကမ်းခြေတစ်လျှောက်တွင် နှိပ်စက်ညှင်းပန်းမှုများ ပြုလုပ်ခဲ့ပြန်ပါသည်။ မင်းရာဇာကြီးမှာ မြောက်ဦးမြို့တော်သို့ ပြန်လာခဲ့ရပါသည်။ ဝွန်ဇာလက်တိဘောသည် ကလိမ်ကကျစ်နိုင်လှသော လူယုတ်မာတစ်ဦးဖြစ်သည်။ ကြောင်သူတော် ဖြစ်သည်ဟု မင်းရာဇာကြီးက မှတ်ယူလိုက်သည်ဟုဆိုလျှင် ကျွန်ုပ်တို့အနေဖြင့် ကိုယ်ချင်းစာ သဘောပေါက်နိုင်ကြပါလိမ့် မည်။

ဤသည်တို့မှာ ၁၆၁၀ခုနှစ်အတွင်း ပင်လယ်ကွေ့ဒေသ၌ ဖြစ်ပေါ်လျက်ရှိသော နိုင်ငံရေးအခြေအနေအကျဉ်း ဖြစ်ပါသည်။ ဤမျှဆိုလျှင် စာရှုသူတို့၏ စိတ်မျက်စိ၌ ရှင်းလင်းကြည်လင်သွားနိုင်လောက်ပါပြီ။ ကျွန်ုပ်၏ဇာတ်လမ်းကို ရှေ့ဆက်ကြရအောင်။

၁၆၁၀ ခုနှစ်တွင် မင်းရာဇာကြီးသည် သားတော်အငယ် မင်းမာန်ကြီးအား စစ်တကောင်းမြို့စားအဖြစ် ခန့်အပ် ပေးသနားတော်မူပါသည်။ ရခိုင်ဘုရင်တစ်ပါး၏သားတော် (သို့မဟုတ်) ညီတော်တစ်ဦးဦးအား ဤသို့ပေးသနားခြင်းသည် သာမန်ကိစ္စတစ်ခုမျှသာဖြစ်ပါသည်။ မင်းရာဇာကြီးအနေဖြင့် မင်းမာန်ကြီးအား ရွေးချယ်ခန့်အပ်မှုမှာလည်း သိပ်ပြီးထူးခြား လှသည်တော့မဟုတ်ပါ။ သို့သော် တစ်ခုတော့ရှိပါသည်။ နန်းလျာဖြစ်သော နောင်တော် မင်းခမောင်းနှင့် မင်းမာန်ကြီး တို့ မသင့်မြတ်ကြပါ။ မင်းခမောင်းသည် အရိုင်းစိတ်ရှိသော မင်းသားဖြစ်ပါသည်။ တစ်နေရာ၌ ကျွန်ုပ်တင်ပြဖူးသည့် အတိုင်း မင်းခမောင်းသည် စာဆိုတော် ဥက္ကာပျံနှင့် ပူးပေါင်းလျက် ခမည်းတော်မင်းကြီးအား လုပ်ကြံရန် သုံးကြိမ်တိတိ ကြိုးစားခဲ့သူဖြစ်ပါသည်။ မိသားစုသံယောဇဉ်လျော့နည်းလှသော နောင်တော်မင်းခမောင်းသာ နန်းရခဲ့လျှင် သူ့မုန်းတီးလှ သော မိမိအား အပြတ်ရှင်းလာလိမ့်မည်ဟု မင်းမာန်ကြီး တွက်ဆမိပါသည်။ ဤတွက်ဆချက်သည် ရာခိုင်နှုန်းတော်တော် များများ မှန်နိုင်ချေရှိပါသည်။ ယုတ်စွအဆုံး မိမိသည် မြို့စားအဖြစ်မှ ရုပ်သိမ်းခြင်း ခံရနိုင်သည်ဟု မင်းမာန်ကြီး ယူဆပါ သည်။ ဤယူဆချက်ကို လက်ကိုင်ပြုလျက် မင်းမာန်ကြီးသည် မဟာမိတ်တစ်ဦးကို ရှာဖွေပါတော့သည်။ မဟာမိတ်သည် မလွဲမရှောင်သာ အရေးကြုံလာသောအခါ၌ မိမိဘက်မှ ရပ်တည်ကူညီနိုင်သူဖြစ်ရမည်။ မိမိအား နောင်တော်မင်းခမောင်း ၏ ရန်မှ ကယ်တင်နိုင်ရုံမျှမက နောင်တော်၏နေရာသို့ရောက်အောင် ပို့ဆောင်ပေးနိုင်သူလည်း ဖြစ်ရပါမည်။ ဤလိုအပ် ချက်တို့အား ဖြည့်စွမ်းကူညီနိုင်မည့်သူ တစ်ဦးတည်းသာရှိပါသည်။ "ဝွန်ဇာလက်တိဘော"ပင်တည်း။ မင်းမာန်ကြီးသည် တိဘောထံ သံစေလွှတ်လျက် နှစ်ဦးနှစ်ဖက် မဟာမိတ်စာချုပ်ချုပ်ဆိုရန် အကြံပြုခဲ့ပါသည်။ ဤသို့ကမ်းလှမ်းလာခြင်း သည် ဆင်းဒဝစ်မင်းသားအတွက် အပူတပြင်းလိုအပ်မှုကို ဖြည့်စွမ်းပေးမည့် မုတ်ဆိတ်တွင် စွဲလာသော ပျားပင်ဖြစ်ပါ သည်။ ရခိုင်ရေတပ်ကို အပိုင်စီးလိုက်ရခြင်း၊ ရခိုင်ကမ်းရိုးတန်းတွင် လုယက်သတ်ဖြတ်ခြင်းတို့ကို ကျူးလွန်ပြီးနောက်တွင် တိဘောမှာ မြောက်ဦးမြို့၌ အပုပ်နံ့တထောင်းထောင်းထနေသော ပုဂ္ဂိုလ်ကျော်ကြီး ဖြစ်နေခဲ့ပါသည်။ မင်းမာန်ကြီးနှင့် လက်တွဲလိုက်ခြင်းအားဖြင့် တိဘောအဖို့ ရန်သူဘက်မှ အမာခံမိတ်ဆွေတစ်ဦး ရရှိလိုက်ခြင်းပင် ဖြစ်ပါသည်။ သူ့အနေဖြင့် စိုးတထိတ်ထိတ် လိပ်ပြာလန့်နေရသော ရခိုင်တို့၏တုန့်ပြန်မှုအန္တရာယ်မှ ကာကွယ်ပေးမည့် ဒိုင်းလွှားတစ်ချပ်ပိုင်ဆိုင်လိုက်

ရခြင်းပင် ဖြစ်ပါသည်။ သူ့အတွက် အကျိုးအမြတ်ရှိလှသည့် တိုက်ခိုက်လုယက်မှုများ ချောမွေ့မြန်ဆန်အောင် ဖန်တီးပေးမည့် နတ်ကောင်းနတ်မြတ်တစ်ပါးကို ဖူးတွေ့လိုက်ရခြင်းပင် ဖြစ်ပါသည်။ မင်းမာန်ကြီး၏ကမ်းလှမ်းချက်ကို တိဘောမဆိုင်းမတွ လက်ခံလိုက်ပါသည်။ မင်းမာန်ကြီး၏သမီးနှင့် တိဘော၏သားတို့အား ထိမ်းမြားပေးခြင်းဖြင့် ဤမဟာမိတ်ပြုမှုကို ပိုမိုခိုင်မာစေအံ့ဟုလည်း နှစ်ဦးသားဆုံးဖြတ်လိုက်ကြပါသည်။ မင်းမာန်ကြီးတွင် သမီးတော်နှစ်ပါးနှင့် သားတော်တစ်ပါး ထွန်းကားပါသည်။ ဤ၁၆၁၀ခုနှစ်တွင် သားတော်(၄)နှစ်ပြည့်ပါသည်။ နောင်တွင် "ဒွမ်မာတင်"ဟူ၍ ကျော်ကြားလာပြီး ဥရောပသို့ ခရီးပေါက်မည့်ပုဂ္ဂိုလ်မှာ ဤသားတော်လေးပင် ဖြစ်ပါတော့သည်။ သို့သော် ဇာတ်ကွက်များ ခုန်ကျော်လျက်ကြိုတင်ပြောထားဖို့ မသင့်ပါ။ ယခုလောလောဆယ်တွင် ကျွန်ုပ်တို့ တွေ့ကြုံနေရသည်က နှမတော်၏မင်္ဂလာပွဲကိစ္စသာဖြစ်လေသည်။ တိဘော၏သားနှင့် ထိမ်းမြားခဲ့လျှင် မင်းသမီးသည် ကက်သလစ်ဘာသာသို့ ကူးပြောင်းဖို့ကိုပင် သဘောတူရပါသည်။ တိဘောသည် မိမိကိုယ်၌က လူဆိုးလူယုတ်မာတစ်ဦး ဖြစ်နေသော်လည်း ဘာသာရေးပြဋ္ဌာန်းချက်အတိုင်းလိုက်နာလုပ်ဆောင်ဖို့အတွက်ကိုမူ အထူးဂရုစိုက်သူဖြစ်ပါသည်။ ဤအရေးတွင် လေလုံးထွားလှသော ဓါးပြကြီးက အပါယ်ငရဲသို့ ကျရောက်တော့မည့် မိန်းကလေးတစ်ဦးအား ကယ်မဆယ်ယူလိုက်နိုင်သည့် ဘုရားသခင်ဘက်တော်သား ဖြစ်သည်ဟု မိမိကိုယ်ကို ရှုမြင်လျက် အကြီးအကျယ် ကျေနပ်နှစ်သိမ့်သွားခဲ့သည်ဟူသော "မန်နရိတ်" ၏ရေးသားချက်ကို ဤနေရာ၌ ကိုးကားဖော်ပြပါရစေ။ ဤကိစ္စကို အကျယ်ချဲ့၍ ပြောမနေတော့ပါ။ တိဘောသည် စစ်တကောင်းမြို့သို့ တမန်အဖြစ်ဖြင့် "စန်တာမော်နီကာ"မှ ဆရာဘုန်းတော်ကြီး "ဖာသာရာဖေးလ်"အား ရွေးချယ်ခန့်အပ်လိုက်သည်ဆိုရုံမျှဖြင့် လုံလောက်နေခဲ့ပါပြီ။ ဤဆရာတော်ကြီးကိုယ်တိုင် မင်းသမီးငယ်အား ကက်သလစ်ဘာသာသို့ သွတ်သွင်းပေးပြီးနောက် ဆင်းဒဝစ်သို့ ခေါ်ဆောင်ယူခဲ့ရမည်ဖြစ်ပါသည်။ ဖာသာရာဖေးလ်သည် ရခိုင်စကားကို ချက်ချက်ချာချာ ပြောဆိုတတ်ပါသည်။ တောင်သူလယ်သမားများကလည်း ဖာသာရာဖေးလ်အား သူတော်စင်တစ်ဦးအဖြစ် မှတ်ယူလေးစားကြည်ညိုကြပါသည်။ ရွာတစ်ရွာသို့ရောက်လျှင် ဖာသာရာဖေးလ်သည် သူ့လက်ကို ရှုံ့နမ်းခြင်းဖြင့် အရိုအသေပြုလာကြသော ကလေးသူငယ်များ၏ နှဖူးပြင်၌ "အနီရောင်ကားတိုင်ပုံတစ်ပုံ"စီ ရေးဆွဲပေးလိုက်လေ့ရှိပါသည်။ ဆရာတော်ရေးဆွဲပေးလိုက်သော ကားတိုင်ပုံကို မိဘများက မြင့်မြတ်သောအမှတ်အသားတစ်ခုအဖြစ် မှတ်ယူလျက် သူ့အလိုလို မှိန်ပြယ်သွားသည်အထိ ဖျက်မပစ်ဘဲ ထားတတ်ကြပါသည်။ ဆင်းဒဝစ်ကျွန်း၏ဘုရင် ပင်လယ်ဓါးပြဘုရင်ကြီးက သူ၏အနောက်နိုင်ငံရေး ယန္တယားကြီးအားကောင်းလာရေးအတွက် အသုံးချစေလွှတ်လိုက်သော ဆရာတော်ကြီး၏ချစ်စရာ ရုပ်ပုံလွှာဖြစ်ပါသည်။ ယခုလိုအရေးတကြီး တာဝန်ဖြင့် သွားလာရသည့် ပေါ်တူဂီသံတစ်ဦးအနေဖြင့် မည်သို့နေထိုင်ပြုမူ ပြောဆိုသင့်သည်ဟူ၍ မိမိကြိုတင်စိတ်ကူးထားသည့်အတိုင်း လိုက်နာရန် ဆရာတော်ကြီးအား နားချပြောဆိုရာတွင် ဂွန်ဇာလက်သည် အကြီးအကျယ်အခက်အခဲ ကြုံရပါသည်။ ဖာသာရာဖေးလ်သည် အမှန်တကယ်လေးစားကြည်ညိုထိုက်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ဤအချက်က ထောက်ခံအတည်ပြုနေပါသည်။ စစ်တကောင်းမြို့တော်အတွင်းသို့ ဝင်ရောက်လာသောအခါ မထင်မရှားအသွင်ဖြင့် ဆင်းရဲသူ၊ ဆင်းရဲသားများ၊ ကလေးသူငယ်များနှင့် ရောနှော၍ ခြေလျင်လျှောက်သွားရခြင်းကို ဆရာတော်ကြီး ပိုမိုနှစ်ခြိုက်ပါသည်။ ဤအပြုအမူမှာ တိဘော၏ "မင်္ဂလာအခမ်းအနားဆိုင်ရာ သံတမန်တစ်ဦး၏ဝင်ရောက်ခြင်း"အယူအဆနှင့် မကိုက်ညီပါ။ စစ်တကောင်းမြစ်အတွင်းသို့ ဆရာတော်ကြီးစီးနင်းလိုက်ပါလာသော ဂျွတ်လှေကြီး ဝင်ရောက်သွားသောအခါ တံခွန်များ တလူလူလွင့်လျက် တူရိယာငါးပါးအစုံအလင် တီးမှုတ်လျက်ရှိနေစေရမည်ဟု စေခိုင်းချက်ကို ဖာသာရာဖေးလ်က ယတိပြတ်ပယ်ချလိုက်ပါသည်။ ထိုအခါ ဓါးပြဘုရင်ကြီးက ပရိယာယ်တစ်မျိုးဆင်ပြန်ပါသည်။ အဖော်တစ်ဦးနှင့်အတူ သာမန်လှေငယ်တစ်စီးဖြင့် ဆင်းဒဝစ်မှ ဖာသာရာဖေးလ် ခရီးစတင်ပါသည်။ ဆရာတော်ကြီးထွက်ခွါသည်နှင့် တိဘောသည် မိမိပိုင်အကောင်းဆုံး ဂျွတ်လှေဆယ်စီးကို ပန်းထိုးနေကာရွက်ဖျင်များဆင်ယင်စေလျက် ဂီတပညာရှင်များ၊ ဝတ်ကောင်းစားလှများ ဆင်ယင်ထားသည့် သူကောင်းများ တင်ဆောင်ကာ အခြားသောလမ်းကြောင်းတစ်ခုဖြင့် ရွက်လွှင့်စေရာ စစ်တကောင်းမြစ်သို့ ဆရာတော်ကြီးထက်အလျင် ရောက်သွားနှင့်ကြပါသည်။ ဆိပ်ကမ်းနှင့်အတန်ငယ်လှမ်းသောနေရာ၌ ကျောက်ချရပ်နားရင်း ဆရာတော်ကြီးအလာကို စောင့်ဆိုင်းနေကြပါသည်။ ဆရာတော်ကြီး၏ လှေငယ်ဝင်လာပါပြီ။ ဂျွတ်လှေအုပ်စုမှ ကပ္ပတိန်သည် လှေပေါ်သို့တက်သွားကာ ဂွန်ဇာလက်ထံမှ သဝဏ်လွှာကို ဆရာတော်ကြီးအား ဆပ်ကပ်လိုက်ပါသည်။ ဆရာတော်ကြီးအား စစ်တကောင်မြို့ထဲသို့ အခမ်းအနားဖြင့် ဝင်ရောက်ပါရန် ပန်ကြားထားသော သဝဏ်ဖြစ်ပါသည်။

ဖာသာရာဖေးလ်က ငြင်းပယ်မည်ဟန်ပြုလိုက်သည့်အချိန်တွင် ဆိပ်ကမ်းမှ စစ်တကောင်းမြို့မှ မှူးကြီးမတ်ရာများ၊ အမျိုးကောင်းသား၊ အမျိုးသမီးများ အုတ်အုတ်ကြွက်ကြွက်ရောက်ရှိနေကြပေပြီ။ တီးဝိုင်းမှလည်း တူရိယာသံစုံ

စတင်တီးမှုတ်နေခဲ့ပါပြီ၊ အမြောက်တပ်ကလည်း ဂုဏ်ပြုအမြောက်များ ပစ်ဖောက်ပြီးခဲ့ပါပြီ။ ပရိသတ်နောက်တန်းမှ ဧရာမလူအုပ်ကြီးကလည်း ဆရာတော်ကြီး ဆိပ်ကမ်းသို့အတက် ဘာကြောင့် ကြန့်ကြာရသလဲ၊ ပေါ်တူဂီသင်္ဘောတွေကော ဘာကြောင့်ဆိပ်ကမ်း ကပ်မလာကြသေးတာလဲ အော်ဟစ်ဆူညံနေကြပါပြီ။ ဤအနေအထားသို့ ရောက်ပြီးခါမှ ကနဦးစိတ်ကူးထားသည့်အတိုင်း လှေငယ်ကလေးပေါ်မှတိုက်ရိုက် တက်ရောက်သွားမည်ဆိုပါက လူရယ်စရာဖြစ်ချေတော့မည်။ ဂုဏ်သိက္ခာညှိုးနွမ်းချေတော့မည်ဟု ဆရာတော်ကြီးက ဆင်ခြင်မိပါသည်။ ကပ္ပတိန်၏ ဂွတ်လှေကြီးပေါ်သို့ ဆရာတော်လိုက်ပါသွားခဲ့ပါသည်။ ဂွတ်လှေပေါ်သို့ ဆရာတော်ကြီး ကြွချီတော်မူခြင်းသည် ကျောက်ဆူးနှုတ်ရန် အချက်ပြလိုက်ခြင်းဖြစ်ပါသည်။ ကျန်လှေကြီးများ ဆိပ်ကမ်းဆီသို့ တဖြည်းဖြည်းချဉ်းကပ်လာကြပြီ။ လှေသားများကလည်း တက်များကို စည်းချက်ညီညီ အားသွန်ခွန်စိုက် ညီတူလှော်ခတ်လျက်၊ တီးဝိုင်းမှ ပေါ်တူဂီစစ်ချီသီချင်းများ၊ စိတ်ဓါတ်တက်ကြွဖွယ် တီးမှုတ်လျက် စစ်သားများက ကုန်းပတ်ပေါ်တွင် ဂုဏ်ပြုအနေအထားဖြင့် တောင့်တင်းကြံ့ခိုင်စွာ မတ်တပ်ရပ်လျက်. . . စင်တာမော်နီကာမှ ဆရာတော်ကြီး ကမ်းပေါ်သို့တက်ရောက် ကြွချီတော်မူပြီ။ စောင့်လင့်နေကြသော အမျိုးကောင်းသားများက ဆရာတော်ကြီးအား ခမ်းနားကြီးကျယ်စွာ ကြိုဆိုကြပါသည်။ မြို့တော်ရာဇဝတ်တရားသူကြီးက လှူဘွယ်ဝတ္ထုများ ဆက်ကပ်ပါသည်။ ထို့နောက် မင်းလမ်းမထက်ဆီသို့ စည်းကားသိုက်မြိုက်စွာ ပင့်ခေါ်လာခဲ့ကြပါသည်။ လမ်းမထက်တွင် စီးဆင်ဆယ့်တစ်ကောင် အသင့်စောင့်ဆိုင်းလျက်ရှိနေပါသည်။ ရွှေရောင်တဝင်းဝင်း ကြိုးများဆင်ထားသော ဆင်မှာ ဆရာတော်ကြီးစီးနင်းရန်အတွက် ဖြစ်ပါသည်။ တရားသူကြီးက ဆရာတော်ကြီးအား ဦးဆောင်ခေါ်ယူသွားပြီး ဤဆင်မှာ မြို့စားကြီးထံမှ ပေးပို့လှူဒါန်းထားခြင်းဖြစ်ပါကြောင်း လျှောက်ထားလိုက်ပါသည်။ ဆိပ်ကမ်းပေါ်သို့အတက်၌ ကြုံခဲ့ရသောလူအုပ်ကြီးဖြင့် ကြိုဆိုမှုသည်ပင်လျှင် ဆရာတော်ကြီးအဖို့ အင်မတန်မှ ငြီးငွေ့စရာဖြစ်လှပါပြီ။ လူအုပ်ကြီးအတွင်း ဖြတ်သန်းလျှောက်လာရင်း တစ်ဦးစီ တစ်ဦးစီ အပြန်အလှန်အလျဉ်မပြတ် နှုတ်ခွန်းဆက်ခဲ့ရပြီ။ ဆရာတော်ကြီး စိတ်ရှည်ရှည်ထား၍ သည်းခံခဲ့ပါသည်။ ယခု ဒူးထောက်ရှိညွတ်လျက်ရှိသော ဤဆင်ရွှေရောင်ဝင်းလက်နေသော ကကြိုးပုခက်များ၊ ဆရာတော်ကြီး၏သည်းခံနိုင်စွမ်း အတိုင်းအတာမှ ကျော်လွန်သွားခဲ့ကြပါလေပြီ။ ဆင်ပေါ်သို့ တက်ရောက်ရန်အတွက် ဆရာတော်အား မည်သို့မျှနားချ၍ ရနိုင်တော့မည်မဟုတ်ပါ။ တရားသူကြီးမင်းအား ကျေးဇူးတင်စကားအထပ်ထပ်ပြောကြားရင်း ဤသတ္တဝါကြီးပေါ်မှနေ၍ မြို့တော်ကို ဖြတ်သန်းလျက် ဟန်ရေးဝါရေးပြရန် ဆန္ဒမရှိကြောင်း ဆရာတော်ကြီးက ခိုင်ခိုင်မာမာငြင်းဆိုလိုက်ပါသည်။ ထို့နောက်အတူပါအဖော်ကို ခေါ်ယူလျက် ခြေလျင်သာ ကြွတော်မူပါသည်။ ဆင်တစ်ကောင်စီကို စီးနင်းလျက် လိုက်ပါရန်စောင့်နေကြသော ကပ္ပတိန်ဆယ်ဦးတို့မှာ ခြေမကိုင်မိ လက်မကိုင်မိဖြင့် ယောင်နနဖြစ်သွားကြရပါတော့သည်။ တရားသူကြီးမှာလည်း မျက်လုံးမျက်ဆံပြူးလျက် ခြောက်ခြားထိတ်လန့်သွားခဲ့ရပါသည်။ သို့သော် ဘာမှမတတ်နိုင်တော့ပါ။ ဆရာတော်ကြီးနောက်မှ အားလုံး ခြေလျင်သာလိုက်ပါလာခဲ့ရကာ နန်းတော်သို့အရောက် လျှောက်လာခဲ့ကြပါသည်။ သို့စေကာမူ ဆင်ပုခက်ပေါ်၌ ဝင့်ထယ်စွာ စံပယ်တော်မူနေသော အသွင်ထက် သလုံးမြင်းခေါင်းအားဖြင့် ခြေချင်ကြွချီလာသော ဆရာတော်ကြီး၏အသွင်သည် ပြည်သူလူထု၏မျက်စိတွင် ကြည်ညိုဖွယ်ရာ တင့်တယ်နေပါတော့သည်။ ဤအသွင်မျိုးသည် အရှေ့တိုင်းသားတို့၏အမြင်၌ မြင့်မြတ်သော ပုဂ္ဂိုလ်တစ်ဦး ကျင့်သုံးအပ် သည့် အပြုအမူပင်ဖြစ်ပါသည်။ မြို့စားကြီးသည် တတိယမြောက် နန်းမြို့ရိုးတံခါးပေါက်အထိ လာရောက်လျက် ဆရာတော်ကြီးအား သူတော်စင်တို့အပေါ် ပြုမူမြဲ ထုံးစံအတိုင်း ကြိုဆိုဧည့်ခံပါသည်။

နန်းတော်တွင်းသို့ရောက်လျှင် ဖာသာရာဖေးလ်အား မြို့စား၏ကလေးသုံးဦးတို့နှင့် တွေ့ဆုံပေးပါသည်။ အကြီးဆုံးကလေးမှာ ဆရာတော်ကြီးခေါ်ဆောင်သွားရမည့် မင်းသမီးကလေးဖြစ်ပါသည်။ အငယ်ဆုံးကလေးမှာ ဖော်ပြခဲ့ပြီးသည့်အတိုင်း (၄)နှစ်သားအရွယ် မင်းသားငယ်လေးဖြစ်ပါသည်။ မြို့စား၏အရိုက်အရာကို ဆက်ခံမည့်သူ၊ ဘုရင်မင်းရာဇာကြီး၏ မြေးတော်၊ ယခုစာတမ်းအတွက် ပင်မဇာတ်ရုပ်ပင်ဖြစ်ပါတော့သည်။

ခရစ်ယာန်ဘာသာသို့ ကူးပြောင်းလိုခြင်းသည် မိမိဆန္ဒအလျောက် ဟုတ်-မဟုတ် ဖာသာရာဖေးလ်က မင်းသမီးကလေးအား မေးပါသည်။ မင်းသမီးက သူ့အနေဖြင့် ကက်သလစ်ဘာသာအယူဝါဒတို့ကို ပထမဦးစွာ ခရေစေ့တွင်းကျသိရှိနားလည်လိုပါကြောင်း၊ ဆရာတော်ကြီးဟောကြားသည့် တရားတော်ကို နာယူမှတ်သားလိုပါကြောင်း တည်တည်ငြိမ်ငြိမ်ပြန်လည်လျှောက်ထားလိုက်ပါသည်။

ဝေသာ

## ဒွမ်မာတင်(၁၆၀၆–၁၆၄၃)

ဝေသာ

မြို့စားကြီးသည် မိန်းမစိုးမောလိတ်အကြီးအမှူးအား ဆင့်ခေါ်လျက် ဆရာတော်ကြီးအား အချိန်မရွေး သမီးတော်၏အ ဆောင်သို့ ဝင်ထွက်ခွင့်ပြုရန် မိန့်မှာပါသည်။ 'ဤလိုက်လှဲပျူငှာသောခွင့်ပြုချက်နှင့် အကူအညီတို့အတွက် ကျေးဇူးတင်ကြောင်း ဆရာတော်ကြီးက မိန့်ကြားသည်'ဟု 'မန်နရိတ်'က မှတ်တမ်းတင်ခဲ့ပါသည်။ မင်းသမီးကလေးအား ကက်သလစ်ဘာသာအယူဝါဒ ရေးရာတို့ကို ရှင်းလင်းဟောကြားပြသပေးပါသည်။ မင်းသမီးငယ်သိလိုသမျှ မေးခွန်းအထွေထွေကို မငြီးမငြူအပင်ပန်းခံလျက် စိတ်ရှည်လက်ရှည်ရှင်းလင်းဖြေကြားပေးပါသည်။ တရားတော်၌ မင်းသမီးကလေး သက်ဝင်ယုံကြည်ခဲ့ပြီဟု ဆရာတော်ကြီးသိရှိ လာခဲ့ပါသည်။ 'ဗတ္တိဇံ'ကို မခံယူသူဟူသမျှ အပါယ်သို့ ကျရောက်လတ္တံ့'ဟု ဖြည့်စွက်ဟောကြားလိုက်ပါသည်။ ဤစကားတစ်ခွန်း သည် မင်းသမီးကလေးအား အကြီးအကျယ် ထိတ်လန့်သွားစေခဲ့ပါသည်။ မင်းသမီးကလေးသည် မျက်ရည်အသွယ်သွယ်တို့ဖြင့် ယခုချက်ချင်းမှာပင် ဗတ္တိဇံကိုပေးရန် လျှောက်ထားပါတော့သည်။ ဆင်းဒဝစ်သို့ရောက်သောအခါမှ ဗတ္တိဇံပေးမည်ဖြစ်ကြောင်း ဆရာတော်ကြီးက အေးဆေး ငြင်သာစွာ မိန့်ဆိုပါသည်။ သို့သော် ငရဲမီးလျှံတို့ ယခုလက်ငင်း ရောက်ရှိလာတော့မည်ကဲ့သို့ထိတ်လန့် ကြောက်ရွံ့လျက် မင်းသမီးငယ်က 'လမ်းခရီးတစ်ဝက်တစ်ပျက်မှာ တပည့်တော်မ, မပြောကောင်း မဆိုကောင်း သေသွားခဲ့ရင် ကော အရှင်ဘုရား'ဟုဆိုကာ အစေအပါးတစ်ဦးအား ရေတစည်ချက်ချင်းယူလာစေပြီး ဗတ္တိဇံပေးရန် အတင်းပင် ပူဆာပါတော့ သည်။ နောက်ရက်အတန်ကြာသောအခါ ဖာသာရာဖေးလ်သည် မင်းသမီးငယ်အား ဆင်းဒဝစ်သို့ခေါ်ဆောင် ယူလာခဲ့ ပါသည်။ ရောက်လျှင် လက်ထက်မင်္ဂလာပွဲသဘင် ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ကျင်းပပါသည်။ စစ်တကောင်းစား မင်းမာန်ကြီးနှင့် ဆင်းဒဝစ်ကျွန်း၏ ဘုရင် ဂွန်ဇာလက်တိဘောတို့နှစ်ဦးကြားရှိ မဟာမိတ်အဖြစ်ကို ဤထိမ်းမြားမင်္ဂလာဖြင့် အခိုင်အမာပြုလိုက် ကြလေသတည်း။ မင်းမာန်ကြီးအနေဖြင့် နောင်တော်မင်းခမောင်းအား ထီးမွေနန်းမွေမှ ဖယ်ရှားမပစ်နိုင်သည် ရှိစေဦးတော့၊ ယုတ်စွအဆုံး မိမိ၏အန္တရာယ်ကိုတော့ဖြင့် ခုခံကာကွယ်နိုင်စွမ်း ရှိခဲ့လေပြီဟု စိတ်ချနိုင်ခဲ့ပါပြီ။ တိဘောအနေဖြင့်လည်း ဂင်္ဂါလည်းရှိ၊ ဩဇာလည်းတက်ရုံမက မဂ္ဂနာမြစ်အတွင်းသို့ ဝင်လာသမျှ သင်္ဘောတို့အား အခွန်ကောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ခဲ့ပါပြီ။ မင်းမာန်ကြီးကသာ ကူညီမည်ဆိုလျှင် စည်းစိမ်ဥစ္စာများ တိုးတက်ရရှိလျက် လှပသောအနာဂတ်ကို စိတ်ကူးယဉ်နိုင်ခဲ့ပြီ ဖြစ်ပါသတည်း။

မိမိအပေါ်သစ္စာဖောက်ဖျက်သူ၊ မိမိ၏ရေတပ်မတော်ကို အပိုင်စီးသွားသူ၊ မိမိ၏တိုင်းပြည်ကို လုယက်ဖျက်ဆီးသူ၊ နောင်တွင်မိမိကိုပါ အန္တရာယ်ပြုလာနိုင်သူ၊ ဤလူယုတ်မာနှင့် သားတော်ငယ်တို့ မဟာမိတ်ပြုသည့်သတင်း၊ မြေးတော် မင်းသမီး၏လက်ထပ်မင်္ဂလာပွဲသတင်းကို ကြားသိရသော ဘုရင်မင်းရာဇာကြီးမှာ အလွန်တရာ စိတ်မသက်မသာ ဖြစ်ရပါသည်။ အကြောင်း မဲ့သက်သက် အစိုးရိမ်လွန်နေခြင်းတော့မဟုတ်ပါ။ ဤသို့ဖြစ်ပျက်ပြီး၍ (၁၈)လခန့်အကြာတွင် မင်းမာန်ကြီးသည် ခမည်းတော်အား ထောင်ထားပုန်ကန်လေသည်ဟူ၍ ရခိုင်ရာဇဝင်စာပေများ၌ ပြဆိုထားပါသည်။ ဤလုပ်ရပ်မှာ တိဘော၏အကူညီဖြင့် ရခိုင်ထီးနန်းကိုသိမ်းပိုက်ရန် ကြံစည်မှု၏ ပထမအဆင့်ဖြစ်ခြင်းမှာ သေချာလှပါ သည်။ သို့ဖြစ်၍ မင်းရာဇာကြီးသည် (၁၆၁၂)ခုနှစ် တွင် ပုန်ကန်မှုကို ဖြိုခွင်းနှိမ်နင်းရန် အိမ်ရှေ့မင်းသား မင်းခမောင်းအား စေလွှတ်ခဲ့ပါသည်။ မင်းခမောင်းသည် မင်းရာဇာကြီး၏ နန်းမွေခံဖြစ်သည်။ သူ၏နန်းမွေမှာလည်း ခြိမ်းခြောက်ခံနေရ သည်။ ဤသို့ဖြစ်နေလေရာ မင်းရာဇာကြီးအနေဖြင့် မင်းခမောင်းအပေါ် ယုံကြည်အားကိုးမှု ပြုနိုင်ပါသည်။ မင်းခမောင်း သည် စစ်တကောင်းမြို့ကို ပိတ်ဆို့လုပ်ကြံပါသည်။ တိဘောထံမှ စစ်သား(၄၀၀) မင်းမာန်ကြီး စစ်ကူရထားပါသည်။ ထိုသူတို့အား နန်းမြို့ရိုးပေါ်ရှိ အချက်အချာနေရာများ၌ ဖြန့်ချထားပါသည်။ ဝိုင်းဝန်းပိတ်ဆို့ မှုမှာလည်း အချိန်ကြာမြင့်လာခဲ့ပါသည်။ လေးလမျှရှိလာသောအခါတွင် မြို့သူမြို့သားများမှာ အစာရေစာပြတ်လပ်လျက် စိတ်ဓာတ်ကျဆင်းလာခဲ့ကြပါသည်။ ထိုအခါ မြို့ကိုအပ်ချင်ပါသော်လည်း ပေါ်တူဂီတို့က နေရာတကာ၌ ထိန်းချုပ်ထားသောကြောင့် ဆောင်ရွက်၍ မရရှိနေပါကြောင်း မင်းခမောင်းထံ သတင်းပေးပို့လိုက်ကြပါသည်။ ပေါ်တူဂီတို့လက်ရှောင်သွားလိုသွား ငြား ကြိုးစားကြည့် ကြပါသေးသည်။ မရပါ။ ထိုအခါ မင်းခမောင်းက တိုက်ခိုက်မှုအရှိန်ကို တိုးမြှင့်လိုက်ပါသည်။ ခုခံမှုများအားပျော့ လာသောကြောင့် တပ်သားများ

စိတ်ဓာတ်မြင့်တက်လာရေးအတွက် မင်းမာန်ကြီးကိုယ်တိုင် အခြွေအရံအစုံအလင်တို့ဖြင့် မြို့ရိုး ပေါ်သို့တက်ပြီး လူလုံးပြပါသည်။ ကြမ္မာငင်လေတော့ ထိုးစစ်ဆင်သည့်အခိုက်အတန့်နှင့် ပက်ပင်းကြုံတွေ့လေရာ မင်းမာန်ကြီး အား ကျည်သင့်လျက် ဒဏ်ရာအပြင်းအထန် ရရှိသွားပါသည်။ မြို့စားကြီးအား အတွင်းဆောင်သို့ သယ်ယူသွားကြရပါသည်။ မင်းခမောင်း၏လက်သို့ မြို့ကျရောက်သွားခဲ့လျှင် သားသမီးများပါ အသတ်ခံရမည်ကို မြင်သဖြင့် စစ်ရေးကိစ္စရပ်များကို ပေါ်တူဂီတို့လက်သို့ လွှဲအပ်လိုက်ရပါတော့သည်။ မြို့စားကျဆုံးခဲ့သည်ရှိသော် မြို့သူမြို့သားတို့သည် သူတို့၏အရှင်သခင် ရခိုင်ဘုရင်ထံသို့ မြို့ကို ထိုးအပ်လိုက်ကြပေတော့မည်။ မင်းသားငယ်တို့ မောင်နှမအား ဖြစ်သည့်နည်းနှင့်ကယ်တင်ပါရန် ဂွန်ဇာလက်တိဘောထံ ပေါ်တူဂီတို့က ပန်ကြားလိုက်ကြပါသည်။ သတင်းအလုံးစုံကို တိဘောကြားသိပါသည်။ သို့သော် မင်းသား ငယ်တို့မောင်နှမကယ်တင်ရေး၌ သူကိုယ်တိုင်ထင်ထင်ပေါ်ပေါ် ပါဝင်လိုခြင်းမရှိပါ။ မင်းမာန်ကြီးနှင့် မဟာမိတ်ပြုလိုက်သည် ဟုသာ ဆိုရသည်။ ဘာအကျိုးကျေးဇူးမျှ မခံစားလိုက်ရ။ မင်းမာန်ကြီးသေလျှင် သူလည်း နိုင်ငံရေးအထီးကျန်ဘဝသို့ ရောက်ရ မည်မလွဲ။ ဤအခြေအနေကျမှ ကလေးငယ်များအရေးအတွက် ဒုက္ခခံမနေလိုတော့။ အသက်အရွယ်ကလည်း မဖြစ်စလောက် (၆)နှစ်သားအရွယ်၊ အဆောင်အယောင်ဆို၍ ဘာတစ်ခုမျှမရှိတော့သူ၊ တရားဥပဒေ၏အကာအကွယ်ပေးမှုကိုလည်း မျှော်လင့် စရာမရှိတော့သူ။ ဤကလေးလေးသည် သူ့အတွက်ဘာတစ်ခုမျှ အရေးမပါ အရာမရောက်တော့ပါ။ ဤကလေးငယ်အား ကယ်ဆယ်လျက် လက်ခံထားလိုက်ပြီဆိုပါစို့။ သူမလိုလားသော ရခိုင်ဘုရင်၏တိုက်ခိုက်မှုကို လက်ယပ်ခေါ်လိုက်သလို ဖြစ်ချေ တော့မည်။ တစ်ဘက်က စဉ်းစားကြည့်ပြန်လျှင် သားအရင်းနှင့်ချွေးမတို့ကိုလည်း ပစ်ပယ်ထား၍မရ။ ထို့ပြင် ရခိုင်ပြည်၏ ထီးမွေနန်းလျာတစ်ဦးကို လက်ဝယ်ရရှိ ထားခြင်းသည် သူ့အတွက် နောင်အနာဂတ်တွင် နိုင်ဖဲတစ်ချပ်ဖြစ်မလာနိုင်ဟု ဘယ်လိုနည်း နှင့်မျှ တပ်အပ်သေချာစွာမပြောနိုင်ပါ။ ထိုအခါ ယုံကြည်အားထားရသော ဆရာတော်ကြီးဖာသာရာဖေးလ်အား ပင့်ဖိတ်ရပြန် ပါသည်။ ပိတ်ဆို့ခံနေရသည့် မြို့တော်ထဲသို့ ဝင်ရောက်လျက် မင်းသားငယ်တို့မောင်နှမအား ပရိယာယ်သုံး၍ ကယ်ထုတ်ခဲ့ပါ ရန် တာဝန်အပ်နှင်းလိုက်ပါသည်။ မိမိ၏သာသနာအတွင်းသို့ ကူးပြောင်းရောက်ရှိလာတော့မည့် ကလေးငယ်နှစ်ဦးတို့ အနံ့ရသည် နှင့် ဆရာတော်ကြီးမှာ သွားရန်အသင့်ဖြစ်နေခဲ့ပါပြီ။ သူတောင်းစားတစ်ဦး၏အသွင်ကို ယူလျက် စစ်တကောင်းမြို့တော်ထဲသို့ ဆရာတော်ဝင်ရောက်လာခဲ့ပါသည်။ ယခင်လာရောက်ခဲ့ခြင်းများကဲ့သို့ကင် လူမသိ သူမသိ၊ မထင်မရှားဖြစ်ပါသည်။ မြို့ထဲသို့ ရောက်လျှင် ပေါ်တူဂီအရာရှိများနှင့် တွေ့ဆုံလျက် နန်းတော်သို့ ရောက်ရှိခဲ့ရပါသည်။ ယခင်တစ်ခေါက်ကတည်းက အမိန့် ညွှန်ကြားချက်ရရှိထားပြီးဖြစ်သော မိန်းမစိုးမောလိပ်ကြီးသည် ဆရာတော်အား အတွင်းဆောင်သို့ အတားအဆီးမရှိ ဝင်ရောက်ခွင့် ပြုလိုက်ပါသည်။ နန်းဆောင်ထဲတွင်ကား မြို့စားကြီးခမျာ သတိမရတစ်ချက်၊ ရတစ်ချက်ဖြစ်နေခဲ့ပါချေပြီ။ ဖာသာကြီးမှာ အတော်ပင်စိတ်မချမ်းမသာ ဖြစ်သွားရပါသည်။ မြို့စားကြီးသည် သင့်-မသင့်၊ ရာ-မရာကို ဝေဖန်ချင့်ချိန်နိုင်စွမ်း ရှိသူတစ်ဦး ဖြစ်သည်ဟု ဆရာတော်က ထင်မြင်ယူဆထားပါသည်။ ယခုလို သေမင်းနှင့် လက်တစ်ကမ်းတွင် ရောက်နေသည့်တိုင် မိမိ၏တိုက် တွန်းပြောကြားချက်များအား ကြားသိနိုင်လောက်အောင် သတိကောင်းနေဆဲဖြစ်မည်။ တိုက်တွန်းပြောဆိုလိုက်လျှင် မိမိအလိုသို့ မြို့စားကြီးလိုက်ပါလာလိမ့်မည်။ ဆရာတော်သည် တရားသဘော၌ မြို့စားကြီးသက်ဝင်မိစေရန်၊ သုခဘုံကို အာရုံပြုလာနိုင်စေ ရန်အတွက် အစွမ်းကုန်ကြိုးစားကြည့်ပါသည်။ တတ်စွမ်းသမျှ ဟောပြောပြသပါသည်။ မေးခွန်းတစ်ခုနှစ်ခု မေးကြည့်ပါသည်။ သို့သော် မြို့စားကြီးကား ဘာမျှမသိနိုင်တော့ပါ။ အသိတရား ကင်းကွာသွားခဲ့ပါချေပြီ။ မြို့စားကြီး၏ ဝိဉာဉ်သည် ဆောက်တည်ရာ မဲ့၊ လွင့်စင်သွားခဲ့လေပြီတည်း။

အမျိုးသမီးတို့၏ ငိုယိုသံများ ရုတ်တရက်ပွင့်ထွက်လာကာ ကြွက်ကြွက်ညံသွားခဲ့ပါသည်။ သောကပရိဒေဝတို့ကို ဖြေဖျောက်နှစ်သိမ့်ပေးဖို့အတွက် ဖာသာရာဖေးလ်သတိရှိပါသည်။ မြို့စားကြီးသေဆုံးမှုကို အတိုင်းအတာတစ်ခုအထိ လျှို့ဝှက် သိုသိပ်ထားဖို့ အရေးတကြီးလိုအပ်ကြောင်း သတိပေးလိုက်ပါသည်။ ငိုယိုကြွေးသံများကို နန်းတွင်းသူနန်းတွင်းသားတို့ ကြားသွားခဲ့ လျှင် တစ်မြို့လုံးသို့ သတင်းပြန့်သွားပေလိမ့်မည်။ သတင်းပြန့်သွားခဲ့လျှင် နန်းတော်တွင်းသို့ ရခိုင်လူမျိုးများ တားဆီးမရ ဝင်ရောက်လာကြတော့မည်။ ဤသို့ဖြစ်လျှင် ကလေးနှစ်ဦးအား ခေါ်ထုတ်သွားရန် ခက်ခဲသွားနိုင်သည်။ အမျိုးသမီးများ သဘော ပေါက်ကြပါသည်။ နန်းတွင်းကချေသည်များအား ယခုချင်းချင်းခေါ်ခဲ့ကြ၊ အမြူးကြွဆုံးတေးသီချင်းများ တီးမှုတ်သီဆိုကြစေ အမိန့်ထုတ်လိုက်ပါသည်။ သို့လော သို့လော တွေးဆမှုများ ငြိမ်ကျသွားခဲ့ပါသည်။ ဆရာတော်ကြီးလည်း ပြင်ဆင်မှုများပြုလုပ် ရပါတော့သည်။ ကလေးများနှင့်အတူ

မြေအောက်ဥမင်လမ်းမှ ပင်လယ်ဆိပ်ကမ်းသို့ ညတွင်းချင်း အရောက်လာခဲ့ကြပါသည်။ ဆိပ်ကမ်းတွင် ဂွတ်လှေကြီးတစ်စင်း အသင့်စောင့်လျှက်ရှိပါသည်။ ဆင်းဒဝစ်ကျွန်း၏အလွန်၊ ပေါ်တူဂီတို့အခြေစိုက်ရာ ဟူးဂလီ မြို့သို့ အရောက် ရွက်ကုန်ဖွင့်လာခဲ့ကြပါသည်။ ဟူးဂလီသည် မဂိုတို့၏ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်လေရာ ဆင်းဒဝစ်မှာထက် ဘကြီးတော်မင်းခမောင်း၏ ဂလဲ့စားချေမှုအန္တရာယ်မှ ပိုမိုလုံခြုံစိတ်ချနိုင်ပါသည်။

မင်းခမောင်းသည် စစ်တကောင်းမြို့တွင်းသို့ အခုအခံအတိုက်အခိုက်မရှိ ဝင်ရောက်လာနိုင်ခဲ့ပါသည်။ ညီတော်၏ အသုဘကို ကြည့်ရှုပြီးသည်နှင့် တူတော် တူမတော်တို့အား ရှာဖွေပါသည်။ မတွေ့ရတော့ပါ။ ဒါ-တိဘောရဲ့လက်ချက်ပဲဖြစ်မယ်။ မင်းခမောင်း သက်ာမကင်းပါ။ ဤသို့ဖြစ်သော်လည်း ကလေးနှစ်ဦးတို့ မဂိုနယ်သို့ရောက်ရှိလွတ်မြောက်သွားကြပြီဆိုသည်ကိုမူ သူတစ်သက်လုံးသိမသွားခဲ့ပါချေ။ စစ်တကောင်းတွင် မင်းခမောင်းသည် ကိစ္စဝိစ္စများ လက်စသတ်ဆောင်ရွက်ပြီးနောက် မြောက် ဦးမြို့တော်သို့ ပြန်ပါသည်။ နောက်နှစ်တွင် ခမည်းတော်၏အရိုက်အရာကို ဆက်ခံပါသည်။

ဟူးဂလိမြို့တွင် မင်းသားငယ်သည် 'စိန့်နစ်ကလပ်သီလရှင်ကျောင်း'၌ ပညာသင်ယူရပါသည်။ ကျောင်းအုပ်ဆရာတော် ကြီးက မင်းသားငယ်၏အရေးကိစ္စကို 'ဂိုအာဘုရင်ခံ' ထံ အစီရင်ခံရာ ငယ်ရွယ်နုနယ်လှသေးသည်ဖြစ်၍ ကက်သလစ်ဘာသာ သို့ အတင်းအကြပ်သွတ်သွင်းခြင်းမပြုရန် ဆုံးဖြတ်ခဲ့ပါသည်။ မင်းသားငယ်အား ပေါ်တူဂီသူကောင်းမျိုးတစ်ဦးအဖြစ်သို့ ပြောင်းလဲလာစေရန် လေ့ကျင့်သင်ကြားပေးရမည်။ ဤကိစ္စအတွက် လိုအပ်သောငွေကြေးကို ဖန်တီးပေးပါသည်။ အစ်မတော် မင်းသမီးကိုလည်း မြို့မျက်နှာဖုံးတစ်ဦးထံတွင် အပ်နှံလျက် မင်းသားငယ်နှင့်အလားတူ ပြုစုစောင့်ရှောက်ထားပါသည်။ ၆နှစ်သား အရွယ်မှ ၁၃ နှစ်သားအရွယ်အထိ ခရစ်ယာန်သီလရှင်ကျောင်း၌ မင်းသားငယ်နေထိုင်ကြီးပြင်းခဲ့ရပါသည်။ မင်းသားငယ်အား ကက်သလစ်ဘာသာရေးကျမ်းစာများ၊ ပေါ်တူဂီသူရဲကောင်းတို့၏ အတ္ထုပ္ပတ္တိရာဇဝင်များကို ဆရာတော်ကြီးတို့က အသေးစိပ်သင် ကြားပို့ချပေးကြပါသည်။ ခရစ်ယာန်သူတော်စင်တို့၏ ထေရုပ္ပတ္တိများ၊ စပိန်နှင့်ပေါ်တူဂီမှ ထင်ရှားကျော်ကြားပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိများ၊ စပိန်နှင့်ပေါ်တူဂီတို့ ပီရူး၊ မက္ကစီကိုနိုင်ငံများအား အောင်နိုင်သိမ်းပိုက်ခြင်း၊ အဏ္ဏဝါခရီးသည်တို့၏ ပုံပြင်ဆန်လှ သော ရေကြောင်းစွန့်စားခန်း ခရီးစဉ်များ စသည်စသည်တို့ကို နှစ်ပေါင်းများစွာ လေ့လာကျက်မှတ်လာရခြင်း၊ ၊ ဟူးဂလိမြို့မှ ဂုဏ်သရေရှိအထက်တန်းစား ပုဂ္ဂိုလ်တို့နှင့် ရင်းနှီးကျွမ်းဝင်ရခြင်း၊ 'ဖာသာအန်တိုနီယိုဒီဆန်ဗင်စင်တီ'၏ အနီးကပ်သွန်သင်လေ့ ကျင့်ပေးခြင်း စသည့်အခြေအနေအရပ်ရပ်၏ ဩဇာလွှမ်းမိုးမှုများကို ခံယူခဲ့ရလေရာ ပေါ်တူဂီသူကောင်းမျိုးတစ်ဦးဘဝသို့ ရောက်ရှိရေးသည် လောကတွင် အရေးကြီးဆုံး၊ အမွန်အမြတ်ဆုံးသော ဘဝရည်မှန်းချက်ကြီး ဖြစ်ပေတော့သည်တကားဟူ၍ မင်းသားငယ်လေးစူးနစ်ယုံကြည် သက်ဝင်သွားခဲ့ပါလေတော့သည်။ သင်္ဘောကပ္ပတိန်ကြီးတို့အား မင်းသားငယ်အားကျသည်၊ အတုယူသည်။ ဤပုဂ္ဂိုလ်များနှင့် တန်းတူရည်တူဖြစ်လာခဲ့ပြီထားဦး၊ သူတို့လို ကက်သလစ်ဘာသာဝင်တစ်ဦး ဖြစ်ရပေဦးမည်။ ကက်သလစ်ဘာသာကို နှစ်နှစ်ကာကာသက်ဝင်ယုံကြည်သူတစ်ဦးဖြစ်သည်ဟု သူ့အပေါ်ယုံကြည်ကြဖို့လိုသည်။ သူဘာလုပ်ရမလဲ၊ ဘာသာရေးစာပေများ လေ့လာဖတ်ရှုရမည်။ ဘာသာရေးဆိုင်ရာဆွေးနွေးပြောဆိုမှုများ ပြုလုပ်နိုင်ရမည်။ ဤရည်မှန်းချက်နှစ်ခု တို့၏ စေ့ဆော်မှုကြောင့် ၁၆၁၉ ခုနှစ်၊ တစ်ခုသော တနင်္ဂနွေနေ့၊ ညနေခင်းဝတ်ပြုပွဲအပြီး ပရိတ်သတ်များ ပြန်သွားကြသောအခါ မင်းသားသည် ကျောင်းအုပ်ဆရာတော်ကြီးထံ သွားရောက်တွေ့ဆုံပါသည်။ တပည့်တော်အား ဗတ္တိဇံပေးရန် အချိန်ကျရောက်ပြီ့ဖြစ်ပါကြောင်း လျှောက်ထားလိုက်ပါသည်။ မိမိချမှတ်ထားသော မူဝါဒအတိုင်းသာ သတိကြီးစွာကျင့်သုံးလုပ်ဆောင်လေ့ရှိသော ဆရာတော်ကြီးသည် မင်းသား၏တောင်းဆိုချက်ကို လွယ်လင့်တကူခွင့်မပြုပါ။ စိန့်နစ်ကလပ် သီလရှင်ကျောင်းမှ ဆရာတော်များ အားလုံး မျက်နှာစုံညီဆွေးနွေးညှိနှိုင်းကြပါသေးသည်။ ထိုဆွေးနွေးပွဲမှ သဘောတူဆုံးဖြတ်ချက်ဖြင့် အခမ်းအနားကျင်းပမည့် ရက်တစ်ရက်ကို ရွေးချယ်သတ်မှတ်လိုက်ပါသည်။ ထိုနေ့ရက်တွင် မင်းသားငယ်နှင့် အစ်မတော်မင်းသမီးတို့အား ဗတ္တိဇံပေးခြင်း မင်္ဂလာအခမ်းအနားကို ခမ်းနားကြီးကျယ်စွာ ပြုလုပ်ပေးပါသည်။ ဤမင်္ဂလာပွဲတွင် မင်းသမီးငယ်အား '<u>ပက်ထရွန်နီလာ</u>'ဟု အမည် ပေးလိုက်ပါသည်။ မင်းသားငယ်ကို ပေါ်တူဂီရှေးဟောင်း မိသားတစ်စု၏အမည်ဖြင့် 'မာတင်'ဟု မှည့်ခေါ်လိုက်ပါသည်။ ထိုနေ့မှစ၍ မင်းသားငယ်သည် ပေါ်တူဂီသူကောင်းမျိုး '<u>ဒွမ်မာတင်</u>'ဟု အမည်တွင်ခဲ့ပါသည်။

ဟူးဂလီမြို့၌ ဒွမ်မာတင်နေထိုင်ခဲ့သည့် (၇)နှစ်ကာလအတွင်း ဆင်းဒဝစ်ကျွန်းနှင့် ရခိုင်ပြည်တို့တွင် ပြောင်းလဲဖြစ်ပျက် နေသော နိုင်ငံရေးအခြေအနေတို့ကို တစ်ချက်မျှင့် ကြည့်ကြဦးစို့။

စစ်တကောင်းကျဆုံးခြင်းသည် ဂွန်ဇာလက်တိဘော၏ ကံကြမ္မာကို အကြီးအကျယ်ပြောင်းလဲသွားစေခဲ့ပါသည်။ မြို့စား အဖြစ် မင်းမာန်ကြီးရှိနေသမျှ ဓါးပြဘုရင်ကြီးအတွက် ပင်လယ်ကွေ့ဒေသတွင် ဩဇာအာဏာအတွက် အာမခံချက်ရှိနေပါသည်။ ယခုမင်းမာန်ကြီးလွန်ခဲ့ပြီ။ ရခိုင်ဘုရင်၏ တင်းကျပ်သော ကွပ်ကဲထိန်းချုပ်မှုဖြင့် မြို့စားအသစ်တစ်ဦးရောက်ရှိလာခြင်းသည် တိဘော၏အနေအထားကို ခြိမ်းခြောက်လာခြင်းပင် ဖြစ်ပါသည်။ သူနှင့်မင်းခမောင်းတို့ သူသေငါသေတိုက်ပွဲနွှဲရချေဦးတော့မည်။ ရခိုင်ဘုရင်သည် သူ့ကိုတိုက်ခိုက်ချေမှုန်းပစ်ဖို့အတွက် အခွင့်ကောင်းချောင်းနေမှာ သေချာသည်။ သူလက်ဦးမှ ယူရမည်။ လက်ဦးမှုယူလိုက်လျှင် ရခိုင်တို့ သူ့အား အကြောက်ကြီးကြောက်သွားလိမ့်မည်။ တိဘောကို သွားမစ,နဲ့ ဖြစ်သွားကြလိမ့်မည်။ ဒါ့ကြောင့်မြောက်ဦးကို ငါတိုက်မည်။ ၁၆၁၆ တွင် တိဘောဆုံးဖြတ်လိုက်သည်။ သူ၏လက်ရှိအင်အားမျှဖြင့် ရခိုင်တို့ကို မယှဉ် နိုင်သေး။ ထို့ကြောင့် ဂိုအာဘုရင်ခံ '<u>ဒွန်ဂျာရိုမီနိုဒီအဇီဗီဒို</u>'ထံ သံတမန်တစ်ဦးစေလွှတ်လိုက်ပါသည်။ ဆင်းဒဝစ်ရေတပ်နှင့် ဂိုအာရေတပ်တို့ပူးပေါင်း၍ မြောက်ဦးမြို့တော်ကို အလစ်ဝင်တိုက်လျှင် အောင်မြင်နိုင်သည်။ မြောက်ဦးဆိုတာ ပင်လယ်ကွေ့ဒေသ တွင် အကြွယ်ဝဆုံးမြို့တော်ကြီး၊ ရွှေငွေရတနာတွေ တထောကြီးရလာနိုင်သည်။ မစားရ ဝခမန်း သူတင်ပြအဆိုပြုလိုက်သည်။ ၁၆၁၆ ခုနှစ်၊ ပေါ်တူဂီအရှေ့ပိုင်းအင်ပါယာ၏ အရည်အသွေးကို ဤအဆိုပြုချက်က အထင်အရှားပြသလျှက်ရှိပါသည်။ ဓားပြ ဘုရင်တစ်ဦးက ဂိုအာဘုရင်ခံနှင့် အပေးအယူပြုလျက် ပေါ်တူဂီတို့နှင့် ငြိမ်းချမ်းသင့်မြတ်နေသော မြို့တော်ကြီးတစ်ခုအား အလစ်ချောင်းဖို့ကြံစည်ကြခြင်းသည် ဤပေါ်တူဂီအင်ပါယာအနေဖြင့် ကိုယ့်သေမင်းကိုယ်တူးမိခြင်းသာ ဖြစ်ပါသည်။ ဒွန်ဂျာရို မီနိုက တိဘော၏အကြံကို သဘောတူလက်ခံပါသည်။ '<u>ဒွန်ဖရန့်စစ်စကိုဒီမန်နီဇတ်ဗိုရို</u>'ကွပ်ကဲသော သင်္ဘော(၁၆)စင်းပါ ရေယာဉ် အုပ်စုတစ်ခု ပေးပို့လိုက်ပါသည်။ စုရပ်မှာ ယခုစစ်တွေဆိပ်ကမ်းတည်ရှိရာ ကုလားတန်မြစ်ဝဖြစ်ပါသည်။ သင်္ဘောအစီး(၅၀)နှင့် အတူ တိဘောရောက်ရှိလာပါပြီ။ သင်္ဘောအစီး(၆၀)တို့ ပူးပေါင်းလျက် ကုလားတန်မြစ်အတိုင်း ဆန်တက်လာခဲ့ကြပါသည်။ လှိုင်းလေမရှိ ငြိမ်သက်အေးချမ်းလှသော ဆောင်းဦးရာသီ နိုဝင်ဘာလဖြစ်ပါသည်။ မြောက်ဦးမြို့တော်သည် ပင်လယ်ဝမှ မိုင်(၅၀)ခန့်အကွာ၌ တည်ရှိပါသည်။ မြောက်ဦးသို့ ချဉ်းကပ်လိုလျှင် ရှုပ်ထွေးသောချောင်းကျဉ်းကလေးများအတိုင်း သွားရပါမည်။ ပေါ်တူဂီတို့စစ်ဆင်ရေးမှာ တကယ်တော့ ရယ်စရာသက်သက်ဖြစ်နေပါသည်။ ရေကြောင်းမှတိုက်ခိုက်လာမှုကို မြောက်ဦးမြို့ သည် လွယ်လင့်တကူပင် တွန်းလှန်ပစ်နိုင်စွမ်းရှိပါသည်။ ပေါ်တူဂီတို့အောင်မြင်ဖို့ အခွင့်အရေးနည်းလွန်းလှပါသည်။ နယ်မြေ အနေအထားကို လုံးဝထည့်မတွက်ပဲ ပြုလုပ်ရေးဆွဲထားသော အစီအမံမျှသာဖြစ်နေပါသည်။ ပေါ်တူဂီတို့သိပ်တော့ ဝေးဝေးမသွား လိုက်ရပါ။ ဦးရာဇ်တောင်ဘုရားအနီးသို့ ရောက်သည်နှင့် ရခိုင်ရေတပ်၏တိုက်ခိုက်မှုကို ခံကြရပါတော့သည်။ ဆိပ်ကမ်းတွင် ဆိုက်ကပ်ရောက်ရှိနေကြသော ဒတ်ချ်သင်္ဘောများက ရခိုင်ရေတပ်ဘက်မှ ဝင်ကူတိုက်ပေးကြပါသည်။ တိုက်ပွဲကြီးမားပြင်းထန် သလောက် အချိန်ကြာမြင့်လှသည်။ တိုက်ပွဲအစပိုင်းတွင် ပေါ်တူဂီတို့အား ဒီရေကမျက်နှာသာပေးပါသည်။ ဒီရေအတက်ကို အခွင့်ကောင်းယူအသုံးချလျက် ပေါ်တူဂီတို့ဖိတိုက်နိုင်ခဲ့ကြသည်။ နေတရွေ့ရွေ့မြင့်တက်လာသည်။ ဒီရေတရိပ်ရိပ်တက်လာသည်။ တိုက်ပွဲအရှိန်လည်း တဟိန်းဟိန်းပြင်းထန်လာပါသည်။ နေမွန်းတည့်ခဲ့ပြီ။ တဖြည်းဖြည်းညနေစောင်းလာသည်။ ပေါ်တူဂီရေတပ် ဗိုလ်ချုပ်ကြီး ဒွန်ဖရန့်စစ်စကို၏ နဖူးကို ကျည်သင့်သည်။ ဗိုလ်ချုပ်ကြီးကျဆုံးသည်။ ဒီရေကလည်း တဖြည်းဖြည်းဖြင့် အကျဘက် သို့ ပြောင်းလာခဲ့သည်။ ရေလည်းအစုန်၊ လေလည်းအသင့်၊ ရခိုင်တို့ပြန်ဖိပြီ။ ပေါ်တူဂီသင်္ဘောအုပ်စု ဖရိုဖရဲပြိုကွဲထွက်သွားကြ သည်။ သင်္ဘောများ ပင်လယ်ဘက်သို့ ဦးလှည့်ကာ ဆင်းဒဝစ်ကျွန်းအရောက် ထွက်ပြေးသွားခဲ့ကြရပါတော့သည်။ တိုက်ပွဲရှုံးနိမ့် မှုကြောင့် ဂိုအာဘုရင်ခံမှာ အကြီးအကျယ်မျက်နှာပျက် အရှက်ကွဲရပါတော့သည်။ နောက်တစ်ကြိမ်ထပ်မံကြိုးစားကြည့်ဖို့ကိစ္စ လေသံကိုမျှ မကြားလိုတော့ဟုဆိုလျက် သူ့သင်္ဘောများအား ပြန်လည်ရုပ်သိမ်းသွားပါလေတော့သည်။ သူတို့၏အရှင်သခင် အထီးကျန်ဖြစ်ခဲ့ရပြီကို သိမြင်ကြသော စစ်သည်တစ်ချို့လည်း တိဘောအပါးမှ ဖဲခွာသွားကြပါတော့သည်။ မင်းခမောင်းသည် အောင်ပွဲများကို တစ်ခုပြီးတစ်ခု ဆက်တိုက်ရယူလိုက်ပါသည်။ ဆင်းဒဝစ်သို့ ဧရာမတပ်အင်အားကြီးတစ်ခု စေလွှတ်လျက် တိုက်ခိုက်သိမ်းပိုက်လိုက်ပြန်ပါသည်။ ဂွန်ဇာလက်တိဘောကတော့ ထွက်ပြေးလွတ်မြောက်သွားခဲ့ပါ၏။ သို့သော် မရှုမလှပျက်စီး ရှုံးနိမ့်ခဲ့ရပြီဖြစ်သော သူ၏အမည်မှာမူကား

သမိုင်းစာမျက်နှာများပေါ်မှ စုန်းစုန်းမြုတ် ငုတ်လျှိုးပျောက်ကွယ်သွားခဲ့ပါလေတော့ သည်။

ဤသည်တို့မှာ ဟူးဂလိမြို့ ခရစ်ယာန်သီလရှင်ကျောင်း၌ ဘာသာရေးအခြေခံများကို ဒွမ်မာတင်သင်ယူနေစဉ်ကာလ (၇)နှစ်အတွင်း ပေါ်ပေါက်ခဲ့သော အဖြစ်အပျက်များဖြစ်ပါသည်။ သူ၏အနာဂတ်အတွက် ဟူးဂလိမှ ပေါ်တူဂီလူမျိုးတို့အပေါ် လုံးဝဥဿုံမှီခိုနေရသော အခြေအနေသို့ရောက်ရှိသွားအောင် ဒွမ်မာတင်အား ဤအဖြစ်အပျက်များကပင် တွန်းပို့ပစ်ခဲ့ပါသည်။ သူ၏ဆွေမျိုးဘုရင်တိဘော၊ တိဘော၏သားနှင့် ထိမ်းမြားလက်ထပ်ထားသော သူ၏အစ်မတော်၊ ဆင်းဒဝစ်ကျွန်းမှ သယံဇာတ အမွေအနှစ်များ၊ စစ်တကောင်းသားတို့အပေါ်၊ အာရုံဝင်စားမှု၊ အားလုံးအားလုံးတို့သည် ကွယ်ပျောက်သွားခဲ့ကြပေပြီ။ ဘကြီးတော်မင်းခမောင်းသည်လည်း မြောက်ဦးထီးနန်း၌ ခိုင်ခိုင်မာမာ စိုးစံနေခဲ့ပါပြီ။ ဤသို့သော အခြေအနေမျိုး၌ ဒွမ်မာတင်အနေဖြင့် မိမိအတွက် ဘာတစ်ခုမျှအကျိုးမပြုနိုင်သော အဘရခိုင်ပြည်ကို သံယောဇဉ်ဖြတ်လျက် ပေါ်တူဂီလူမျိုးများအကြား၌သာလျှင် အနာဂတ်ဘဝလမ်းကြောင်းတစ်ခုကို ထုဆစ်ဖွံ့စည်းသွားရန်အတွက် အချိန်ကြာမြင့်လာခဲ့သည်နှင့်အမျှ အာရုံစူးစိုက်မိလာရခြင်း ကို ကျွန်ုပ်တို့အလွယ်တကူ နားလည်သဘောပေါက်နိုင်ကြပါသည်။ ဒွမ်မာတင်သည် ကက်သလစ်ဘာသာဝင်တစ်ဦးဖြစ်လာခဲ့ သည်မှာ အသက်(၁၃)နှစ်သားတွင်ဖြစ်ပါသည်။ မာတင်အား မိမိတို့လူမျိုးတစ်ဦးအဖြစ်ဖြင့် အလေးအနက်သဘောထားလာခဲ့ကြပြီဖြစ်သော ဟူးဂလိမှဆရာတော်ကြီးများသည် မကြာမီမှာပင် သူလိုအလားအလာရှိသော လူငယ်တစ်ဦးအဖို့ ဟူးဂလိသည် အသိုင်းအဝိုင်းနယ်ပယ်ကျဉ်းလွန်းလှသည်ဟု သဘောရလာကြပါသည်။ မာတင်အား ဂိုအာမြို့သို့ ခေါ်ယူထားသင့်ကြောင်း နန်းတွင်း၌အမှုထမ်းစေသင့်ကြောင်း ဘုရင်ခံထံအကြံပြုတင်ပြလိုက်ကြပါသည်။ ဘုရင်ခံက သဘောတူလိုက်လျောသောကြောင့် မာတင်သည် သူချစ်မြတ်နိုးလှစွာသော ဆရာဘုန်းတော်ကြီး အန်တိုနီယိုဒီဆန်ဗင်စင်တီကို အဖော်ပြုလျက် အင်းဒီးစ်ကျွန်းများ၏ မြို့တော်ဂိုအာသို့ ခရီးထွက်လာခဲ့ပါသည်။ ဂိုအာသို့ရောက်လျှင် ‘ကျက်သရေရှင်သခင်မ’အမည်ရှိ သီလရှင်ကျောင်းတွင် နေထိုင် ရပါသည်။ နန်းတော်သို့လည်း မကြာခဏခစားဝင်လေ့ရှိကာ ဘုရင်ခံ၏အခြွေအရံသူကောင်းမျိုးများနှင့် ရောနှောဆက်ဆံရင်း ဖြင့် ပညာရပ်များကို ဆုံးခန်းတိုင်အောင် သင်ယူခဲ့ပါသည်။ မာတင်သည် ပွင့်ပွင့်လင်းလင်းရှိသော စိတ်နေစိတ်ထားဖြူစင်မြင့် မြတ်သော ခင်မင်နှစ်လိုစရာကောင်းသော လုလင်ပျိုတစ်ဦးဖြစ်ဟန် ရှိပါသည်။ ဂိုအာမြို့တွင် ငါးနှစ်ကြာနေထိုင်ပြီး အသက်(၁၈)နှစ်ပြည့်သောအချိန်တွင် လက်နက်ကိုင် အမှုထမ်းလိုသော စိတ်ဆန္ဒပြင်းပြမှုဖြင့် ရေတပ်တွင် အမှုထမ်းခွင့်ရရှိစေရန် ဘုရင်ခံထံ လျှောက်ထားအသနားခံခဲ့ပါသည်။ ခွင့်ပြုချက်ရရှိသဖြင့် မာတင်သည် သီလရှင်ကျောင်းမှ ထွက်ခွာလာခဲ့ပါသည်။ ဝါရင့်စစ်ပညာရှင်၊ အောမုဇ်ရေလက်ကြားတပ်များ၏ ဗိုလ်ချုပ်ကြီး ‘ကပ္ပတိန်ဖရေယာဒီအန်ဒရာဒ့်”၏ သီးသန့်ကွပ်ကဲမှုအောက်၌ ဗိုလ်လောင်းအဖြစ် အမှုထမ်းရွက်ပါသည်။ ဒွမ်မာတင်၏ဘဝတွင် ဤအရေးကြီးသောအဖြစ်အပျက်တို့သည် ၁၆၂၄ ခုနှစ်ခန့်က ဖြစ်ပေါ်နေခဲ့ခြင်းဖြစ်ပါသည်။ ထိုအချိန်၌ ရခိုင်ပြည်တွင် ဘုရင်မင်းခမောင်း နတ်ရွာစံခဲ့သည်မှ(၂)နှစ်ကြာမြင့်ခဲ့ပါပြီ။ မာတင် ၏ ဝမ်းကွဲနောင်တော် ‘ဘုရင်သီရိသုဓမ္မ’ ဆက်ခံစိုးစံနေသော ကာလဖြစ်ပါသည်။

**ဘာသာပြန်သူ**

**ဝေသော**

မှတ်ချက်။ ။ ‘ဒွမ်မာတင်ဆောင်းပါး အပိုင်း(၁)ကို ကျိန်းရိပ်မြေမဂ္ဂဇင်းအမှတ်(၅)တွင် ဖော်ပြခဲ့ပါသည်။ ယခုအပိုင်း(၂)ကို ဖော်ပြလိုက်ပါသည်။ နောက်ဆုံးအပိုင်း(၃)ကို ဆက်လက်ဖော်ပြမည် ဖြစ်ပါကြောင်း။

**ဆောင်းပါးစာတည်း**

**ကျိန်းရိပ်မြေမဂ္ဂဇင်း**

## ဒွမ်မာတင်
## (ကျိုန်းရိပ်မြေမဂ္ဂဇင်း အမှတ်(၆)မှ အဆက်)

ဝေသာ

ရခိုင်မင်းသားလေးသည် ပါရှားပင်လယ်ကွေ့ရှိ ပေါ်တူဂီရေတပ်မှ သုံး-လေးနှစ်ကြာမျှ အမှုထမ်းခဲ့ပါသည်။ စစ်မှုထမ်းဘဝဖြင့် သူ၏ကျော်ကြားထင်ရှားမှုမှာ လျင်မြန်လှပါသည်။ စွမ်းရည်ပြည့်ဝသော စစ်သားကောင်းတစ်ဦး ဖြစ်ကြောင်း အကြိမ်များစွာ ပြသနိုင်ခဲ့ပါသည်။ ဝါရင့်ပေါ်တူဂီစစ်သားဟောင်းကြီးများကပင် မာတင်၏စွမ်းရည်သတ္တိ ကို အသိအမှတ်ပြုခဲ့ကြရသည်ဟု မန်နရိတ်က မှတ်တမ်းတင်ခဲ့ပါသည်။

မာတင်အသက်(၂၁)နှစ်အရွယ်၊ ၁၆၂၇ခုနှစ်သည် 'မလက္ကာရေလက်ကြား'တွင် ပေါ်တူဂီတို့ အခြေမလှချိန် ဖြစ်ပါသည်။ စူမတြာကျွန်းအနောက်မြောက်ဘက်မှ အင်အားကြီးမားလှသော 'အာချင်ဘုရင်'သည် မလက္ကာမြို့ကို ဝိုင်းရံပိတ်ဆို့ထားပါသည်။ ၁၅၈၁ခုနှစ်၊ 'ဒုတိယမြောက် ဖိလစ်ဘုရင်'က ပေါ်တူဂီပြည်ကို စပိန်နှင့်ပူးပေါင်းလိုက်သည့် အချိန်မှစ၍ အင်းဒီးစ်ကျွန်းများ၌ ပေါ်တူဂီတို့၏ ဩဇာသည် လျင်မြန်စွာကျဆင်းလာခဲ့ပါသည်။ စပိန်တို့သည် ပေါ်တူဂီ ကို လက်အောက်ခံတိုင်းပြည်တစ်ခု အဖြစ်သာလျှင် သဘောထားပါသည်။ ပေါ်တူဂီတို့၏အကျိုးစီးပွားမှာ မည်သည့်အခါ မျှ ဦးစားပေးမခံရ၊ အနှိမ်ခံနေရပါသည်။ ပေါ်တူဂီပြည်၏အင်အားတစ်စတစ်စ ချိနဲ့လာခဲ့ရပါသည်။ ထိုအထဲ နယ်သာလန်နှင့် စပိန်တို့စစ်ဖြစ်ကြပြန်ပါသည်။ ထို့ကြောင့် ဒတ်ချ်တို့က ကမ္ဘာ့အရှေ့ပိုင်းဒေသရှိ ပေါ်တူဂီတို့အား မထီမဲ့မြင်ပြုလာခဲ့ကြသည်။ ရန်စလာကြပါသည်။ တစ်ချိန်တည်းမှာပင် ဘရာဇီးလ်အရေးအခင်းကြောင့် ပေါ်တူဂီတို့ အကြပ်ရိုက်ကြရပြန်ပါသည်။ အရှေ့ပိုင်းဒေသများသို့ သင်္ဘောများ၊ တပ်သားများ အလုံအလောက်ပို့မပေးနိုင်၊ ခံတပ်များ အတွက်လည်း လက်နက်အင်အားနှင့်တပ်ကူများ ဖြည့်ဆည်းမပေးနိုင်၊ အခက်ကြုံလာရပါသည်။ အာချင်ဘုရင်သာ မလက္ကာသို့ သိမ်းပိုက်သွားခဲ့ပါလျှင် ရေလက်ကြားပိတ်ဆို့ခံရလိမ့်မည်။ တရုတ်ပြည်မှ 'မကာအို'နှင့် အဆက်အသွယ် ပြတ်တောက်သွားလိမ့်မည်ဖြစ်ပါသည်။ ပေါ်တူဂီတို့၏ ဩဇာဆက်လက်ရှင်သန်နေရေးအတွက် မလက္ကာမြို့လွတ်မြောက်နေဖို့လိုသည်။ မလက္ကာမြို့ လွတ်မြောက်ရေးသည် သေရေးရှင်ရေးတစ်မျှ အရေးကြီးလာပါသည်။ ဤအခိုက်အတန့်တွင် ဒွမ်မာတင်သည် ပါရှား၌မရှိ၊ ဂိုအာသို့ ရောက်နေခဲ့ဟန်တူပါသည်။ မာတင်နှင့်ပတ်သက်

သောမှတ်တမ်းများမှာ ကောင်းမွန်လှပါသည်။ အခြေအနေမှာလည်း အထူးပင် အရေးကြီးနေလေရာ ထိုအချိန်က ဂိုအာဘုရင်ခံ၊ သတ္တိရှင် ခရစ်ယန်ဘုန်းကြီး 'ဒွမ်လူးဝစ်ဒီဘရစ်တို'က မာတင်အား အသက်အရွယ် အင်မတန်ငယ်နေလင့်ကစား ကပ္ပတိန်ရာထူး ပေးလျက် စစ်သင်္ဘောတစ်စင်းကို အုပ်ချုပ်ခွင့်အပ်နှင်းလိုက်ပါသည်။ 'ဒွန်ဖရန်စစ်စကိုကူတီနိုဒဲလ်ဆမ်' အမည်ရှိ ကျော်ကြားထင်ရှား လှသော သူကောင်းမျိုးတစ်ဦးက သင်္ဘောအစီး(၃၀)ရှိ ရေတပ်ကို ဦးစီးကွပ်ကဲပါသည်။ မာတင်၏ ရေတပ် မလက္ကာသို့ချဉ်းကပ်မိသောအခါ သင်္ဘောအစီး(၆၀)ပါ အာချင်ရေတပ်နှင့် ရင်ဆိုင်ကြရပါ သည်။ အာချင်သင်္ဘော အားလုံးတို့မှာ ကုန်းပတ်နှစ်ထပ်ဖြစ်ပြီး အများစုမှာ အမြောက်များ တပ်ဆင် ထားပါသည်။ ရန်သူတို့နှင့် နှိုင်းစာလျှင် မိမိတို့ကအင်အားနည်းနေသော်လည်း ဒွန်ဖရန်စစ်စကို သည် တိုက်ပွဲဝင်ရန် ဆုံးဖြတ်လိုက်ပါသည်။ ခရစ် တော်၏ဒဏ်ရာငါးချက်အမှတ်အသားပါရှိသော ပေါ်တူဂီအလံကို လွှင့်တင်လိုက်ပြီး 'စင်တီယာဂို'ဟု အသံကုန်ကြွေးကြော်လျက် ဒွန်ဖရန်စစ်စကိုသည် မိမိ၏သင်္ဘောကို စစ်ပွဲရှိရာသို့ တစ်ဟုန်ထိုးမောင်းနှင် ချီတက်တိုးဝင် သွားခဲ့ပါသည်။ ရန်သူသင်္ဘော များနှင့် မိမိတို့၏ သင်္ဘောများ တစ်စင်းချင်း ယှဉ်မိသွားကြပါသည်။ ရန်သူဘက်မှ တူရကီ၊ ပါရှား၊ ခိုးရပ်လူမျိုး ကြေးစားစစ်သားများက အပြင်းအထန် ခုခံတိုက်ခိုက်ကြပါသည်။ မိမိတို့သင်္ဘောများပေါ် မှ သေနတ်သမားတို့က ရန်သူကို ခေါင်းမဖော်နိုင်အောင် ကျည်မိုးရွာချကြပါသည်။ ဤသို့ဒရစပ် ပစ်ခတ်ပေးနေမှုကို အကာအကွယ်ပြုလျက် စစ်သည်များက သင်္ဘောနံရံများဆီသို့ စုပြုံပြေးကပ် လိုက်ကြသည်။ ထိုနောက် ရန်သူသင်္ဘော အများစုကို မီးတင်ရှို့လိုက်ကြပါသည်။ တချို့ကို လက်ရသိမ်းမိကြပါသည်။ ဤလက်တစ်ကမ်းတိုက်ပွဲ အရှုပ်ရှုပ်အထွေး ထွေးကြားတွင် ဒွမ်မာတင် သည် မိမိ၏သတ္တိပြောင်မြောက်မှုကို အထင်အရှားပြသလိုက်နိုင်ပါသည်။ မာတင်၏သင်္ဘော နှင့် ရင်ဆိုင်ရသော ရန်သူသင်္ဘောမှာ မီးစွဲလောင်သွားခဲ့ပါသည်။ မာတင်ကိုယ်တိုင်မှာမူ ရန်သူ့လက်ချက် မိသွားခဲ့ရပါသည်။

ရခိုင်မင်းသား၏ ဤသက်စွန့်ဆံဖျား အမှုထမ်းရွက်မှုသတင်းသည် ပေါ်တူဂီဘုရင့် ရွှေနားတော်သို့ ပေါက်ကြား ခဲ့ပါလိမ့်မည်။ တိုက်ပွဲအစီရင်ခံစာများတွင် ဒွမ်မာတင်၏အမည်ကို ထူးထူးခြားခြားဖော်ပြခဲ့ဟန်ရှိပါသည်။ သို့သော် ပေါင်းစည်းထားသော ကျွန်းဆွယ်နိုင်ငံနှစ်ခု၏ ဘုရင်ကြီး 'စတုတ္ထမြောက်ဖိလစ်'မှာမူ 'ကာစတီးလ်မှူးမတ်ကြီးများ'၏ လက်ထဲ၌ ရှိနေခဲ့ပါသည်။ ပေါ်တူဂီတို့၏အောင်မြင်မှု၊ ရှုံးနိမ့်မှုတို့ကို ဤမှူးမတ်ကြီးများက တစိုးတစိမျှ အမှုမထားကြပါ။

မူးမတ်ကြီးများ လျှောက်ထားသမျှလောက်ကိုသာ ကြားသိခွင့်ရနေခဲ့သော ဖိလစ်ဘုရင်ကြီးမှာ ဒွမ်မာတင်၏ ပြောင်မြောက်ထူးချွန်လှသော လုပ်ရပ်တို့ကို ကြားသိခဲ့ရဟန် မတူပါ။

ပေါ်တူဂီတို့၏ ဤပေါ့ဆမှုကြောင့် မင်းသား၏စိတ်ဓါတ်သည် မည်သို့မျှ တွေဝေယိမ်းယိုင်သွားခြင်း မရှိခဲ့ပါ။ ၁၆၂၇ခုနှစ်၊ မလက္ကာစစ်ပွဲအပြီးတွင် မင်းသားသည် 'ဒွမ်အယ်ဗာရက်ဘိုတဲလို'၏ ရေတပ်၌ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဤဗိုလ်ချုပ်ကြီးနှင့်အတူ မာတင်သည် ပင်လယ်ပြင်တစ်လွှား ကျက်စားသွားလာရင်းဖြင့် ၁၆၂၉ခုနှစ်တွင် မလက္ကာ၌ အာချင်တပ်များနှင့် လည်းကောင်း၊ ၁၆၃၀ခုနှစ်တွင် စက်ာပူ၌ အင်္ဂလိပ်၊ဒတ်ချ်တပ်များနှင့်လည်း ကောင်း၊ တိုက်ပွဲအသီးသီးဆင်နွှဲခဲ့ရပါသည်။ ဤသို့သော တိုက်ပွဲအတွေ့အကြုံများဖြင့် ထုသားပေသားရလာခဲ့သည်မှာ ဗိုလ်ချုပ်ကြီးကျဆုံးသွားသည့် အချိန်အထိပင်ဖြစ်ပါသည်။ ထိုအချိန်က ဗိုလ်ချုပ်ကြီးသည် သူ၏မိတ်ဆွေ 'ဒွမ်အမ်တိုနီယိုမာစကာ ရင်ဟပ်'အား ကယ်ဆယ်ဖို့ ကြိုးစားနေခြင်းဖြစ်ပါသည်။ ထိုစဉ် ဖမ်းဆီးရမိထားသော ဒတ်ချ်သင်္ဘောတစ်စီး မီးလောင် ပေါက်ကွဲသွားခဲ့ရာ ဤပေါက်ကွဲမှုကြောင့် ဗိုလ်ချုပ်ကြီးကျဆုံးသွားခဲ့ရခြင်း ဖြစ်ပါသည်။

သတ္တိစွမ်းရည်ကို မြင့်မြင့်မားမား တန်ဘိုးထားတတ်သော နေရာများ၌ အရည်အသွေးပြည့်ဝသော ပုဂ္ဂိုလ်များ နှင့်အတူ ဒွမ်မာတင် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ သူကိုယ်၌ကလည်း သူ၏ရဲဘော်ရဲဘက်များ၊ အထက်အရာရှိများ က ချီးကျူးရလောက်အောင် စွမ်းရည်ပြခဲ့သူဖြစ်ကြောင်း မှတ်တမ်းများ၌ တွေ့ရှိရပါသည်။ ဒွမ်မာတင်အား အံ့သြချီး ကျူးလောက်သော လူလွန်မသားတစ်ဦး ဖြစ်သည်ဟု မှတ်ယူမည်ဆိုပါက မှတ်ယူထိုက်သည်ပင်ဖြစ်ပါသည်။ သူသည် ရေတပ်တွင် ကပ္ပတိန်အဖြစ်ဖြင့် ပေါ်တူဂီတို့အတွက် နောက်ထပ်(၁၀)နှစ် အမှုထမ်းခဲ့ပါသေးသည်။ ဤနှစ်ကာလများသည် ပေါ်တူဂီတို့၏ ဩဇာအာဏာကျပြီးရင်းကျရင်း၊ ကျဆင်းနေသောအချိန်များ ဖြစ်ပါသည်။ ဒတ်ချ်များ ဆင်ဂါလီများ နှင့်တွေ့ဆုံတိုက်ပွဲဖြစ်ကြသည့်အခါ ပေါ်တူဂီတို့မှာ တစ်ခါ တစ်လေမျှသာ အနိုင်ရလျှက် များသောအားဖြင့် ရှုံးနိမ့်ခဲ့ရ ပါသည်။ ၁၆၄၀ခုနှစ်တွင် ဒွမ်မာတင်၏ အသက် (၃၄)နှစ်ရှိခဲ့ပါပြီ။ ပါရှား၊ သီဟိုဠ်နှင့် ရေလက်ကြားပင်လယ်ပြင်တို့တွင် တစ်ပွဲပြီးတစ်ပွဲ တိုက်ပွဲဝင်နေခဲ့ရသည်မှာလည်း (၁၆)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ အော်မုဇ်မှသည် ဂျာကာတာအထိ တစ်နံ တစ်လျား တိုက်ပွဲဝင်ခဲ့သူဖြစ်သဖြင့် ဝါရင့်တပ်မှူးကြီးတစ်ဦးလည်း ဖြစ်နေခဲ့ပါပြီ။ သို့သော် လေးနက်သလောက် အေးဆေးညင်သာလှသော ကံကြမ္မာအလှည့်အပြောင်းတစ်ခုတွင်

ဒွမ်မာတင်၏အနာဂတ်ဘဝတာသည် အဘရခိုင်ပြည် ၌လည်းကောင်း၊ ပေါ်တူဂီပြည်၌လည်းကောင်း၊ ရောက်ရှိပေါ်ပေါက်ရန် ဖန်တီးလာခဲ့ပြန်ပါသည်။ သို့ဖြစ်ရာ ရခိုင်နှင့် ပေါ်တူဂီတို့ဘက်ဆီသို့ တစ်လှည့်ဝဲ့စောင်း ကြည့်ရလိမ့်ဦးမည်။

အထက်၌ဖော်ပြခဲ့သလို ဂိုအာမြို့သို့ ဒွမ်မာတင် ခရီးထွက်လာခဲ့ချိန်တွင် ရခိုင်ပြည်၌ သူ၏ဝမ်းကွဲနောင်တော် သီရိသုဓမ္မ ထီးနန်းဆက်ခံလျက်ရှိပါသည်။ ဘုန်းတော်ကြီးမန်နရိတ်နှင့် သီရိသုဓမ္မရာဇာ၏ ရင်သွေးတော်များ တွေ့ဆုံကြသည့်အကြောင်း၊ နန်းတော်အတွင်းရှိ ရေကန်၌ ဆင်များက လူတို့အား ရေပက်ကစားကြသည့်မြင်ကွင်းအကြောင်း၊ ဘုန်းတော်ကြီးမန်နရိတ်က မင်းသားငယ်အား ခွေးရုပ်ကလေး လက်ဆောင်ပေးသည့်အကြောင်းတို့ကို ယခင်စာတမ်းများ၌ ကျွန်ုပ်တင်ပြခဲ့ဖူးပါပြီ။ ဘုရင်မင်းမြတ် ထူးဆန်းစွာ လုပ်ကြံခံရသည့်အကြောင်း အသေးစိတ်နှင့်တကွ သားတော်အကြီး သေဆုံးရခြင်း၊ ရင်သွေးတော်များ ပျောက်ဆုံးသွားရခြင်း၊ 'နရပတိကြီး'အမည်ခံလျက် အမတ်ကြီး ကုသလထီးနန်း သိမ်းပိုက်ခြင်းတို့ကိုလည်း ရေးသားတင်ပြခဲ့ပါပြီ။ ၁၆၃၈ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့သောဖြစ်ရပ်များ ဖြစ်ပါသည်။ မြောက်ဦးမြို့တော်၏ မင်းစဉ်မင်းဆက်ကို ချေမှုန်းနိုင်ခဲ့ပြီဟု နရပတိကြီးထင်နေပါသည်။ သို့သော် သူမေ့လျော့နေခဲ့သော သူတစ်ဦးရှိနေပါသည်။ ဒွမ်မာတင် ဖြစ်ပါသည်။ သူ့ဝမ်းကွဲနောင်တော်၏ သားတော် သမီးတော်များ သေဆုံးခဲ့ပြီးနောက်တွင် ဒွမ်မာတင်သည် ထီးနန်းအမွေကို တရားဝင် ဆက်ခံခွင့်ရှိသူတစ်ဦးဖြစ်လာခဲ့ပါ သည်။ ဒွမ်မာတင် အသက်ရှင်လျက်ရှိနေကြောင်း နရပတိကြီးမသိဘဲ နေမည်မဟုတ်ပါ။ သို့သော် စိတ်ချလက်ချ လျစ်လျူရှုထားနိုင်လိမ့်မည်ဟု ထင်မြင်ခဲ့ဟန်တူပါသည်။ ဒွမ်မာတင်သည် နရပတိကြီး မဟုတ်ခဲ့ပါ။ မိမိအဖိုးအဖီးတို့၏ နန်းပလ္လင်တွင် မင်းမျိုးမဟုတ်သူတစ်ဦး ခြေတင်နေခဲ့ပြီဟု ကြားသိလျှင်သိချင်း စိတ်အာရုံအားလုံးတို့ကို ထီးနန်းပြန်လည်ရရှိရေးအတွက်၌သာ ရှေးရှုစူးနစ်လျက် အပြန်ပြန်အလှန်လှန် ဝေဖန်သုံးသပ် ကြံစည်ခဲ့ပါတော့သည်။ နောက်(၂)နှစ် ကာလအတွင်း ပေါ်တူဂီပြည်၏ အပြောင်းအလဲများသည် မာတင်၏အကြံအစည်အတွက် အခွင့်အရေးကောင်းများ ဖြစ်လာခဲ့ပါသည်။ ပေါ်တူဂီနှင့်စပိန်၊ နှစ်ပြည်ထောင်၊ ပေါင်းစည်းထားမှုကို ပေါ်တူဂီသူရဲကောင်းမျိုးတို့ မကြေမချမ်းဖြစ်၍ လာခဲ့သည်မှာ ကြာပါပြီ။ ပေါ်တူဂီပြည် အကျိုးစီးပွားမှန်သမျှ လုံးဝလျစ်လျူရှုထားခြင်း ခံလာခဲ့ရပါသည်။ ပေါ်တူဂီလက်အောက်ခံ အိန္ဒိယပြည်၏ ၁၉၄၀ခုနှစ် အရေးအခင်းများသည် ကြောက်ခမန်းလိလိပင်၊ ဤအရေးကိစ္စနှင့် အခြားသောအကြောင်း ရပ်များ ပေါင်းဆုံမိကာ သူကောင်းမျိုးတို့သည်

ပေါ်တူဂီပြည်ကို စပိန်မှခွဲထွက်ရန် မင်းမျိုးမင်းနွယ်တစ်ဦးဖြစ်သော 'ဘရာဂန်ဇာမြို့စားကြီး'ကို နန်းတင်ရန် လျှို့ဝှက်ကြံစည်ခဲ့ကြပါသည်။ ဤသို့ဖြင့် ၁၆၄၀ခုနှစ်၊ ဒီဇင်ဘာလတွင် စပိန် အစိုးရအား အောင်မြင်စွာ မောင်းထုတ်ပစ်နိုင်ခဲ့ကြပါသည်။ နောက်သီတင်းနှစ်ပတ်အကြာတွင် ဘရာဂန် မြို့စားကြီးသည် 'စတုတ္ထမြောက်ဂျွန်'ဘွဲ့ကို ခံယူလျက် နန်းတက်ပါသည်။ ပေါ်တူဂီလက်အောက်ခံ အိန္ဒိယပြည်၏ရှုထောင့်မှကြည့်လျှင် ဤတော်လှန်ရေးသည် အရေးကြီးပါသည်။ ပေါ်တူဂီတို့သည် ကမ္ဘာ့အရှေ့ပိုင်းဒေသများ၌သူတို့၏ ယခင်အနေအထားကို ပြန်လည်ရရှိအောင် အားထုတ်လာကြ တော့မည်ဖြစ်ကြောင်း ညွှန်ပြနေပါသည်။ ဒွမ်မာတင်ကလည်း ဤအရေးအခင်းကို ငါ့အတွက် အခွင့်ကောင်းပဲဟု ရှုမြင်ပါသည်။ ပြည်သူလူထုတစ်ရပ်လုံးထက်သန်တက်ကြွနေကြသော ဤအခိုက်အတန့်တွင် ပေါ်တူဂီပြည်သို့ သူရောက်သွားနိုင်ခဲ့လျှင် သူဘယ်သူလဲဆိုသည်ကို ရှင်းပြမည်။ ပေါ်တူဂီပြည်အတွက် သူဘယ်လို ထမ်းရွက်ခဲ့သလဲဆိုသော မှတ်တမ်းရှည်ကြီးကို ပြန်လည်ဖော်ထုတ်မည်။ ပေါ်တူဂီတို့၏ကူညီမှုဖြင့် နန်းလုဘုရင်ကို မြောက်ဦးမြို့တော်မှ ဖယ်ရှားပစ်နိုင်မည်ဆိုပါက ရခိုင်ပြည်သည် ပေါ်တူဂီတို့၏ မဟာမိတ်ဖြစ်လာမည့် အကျိုးကျေးဇူးကို ခံစားရမည့်အကြောင်း၊ ရခိုင်ပြည်၏မြေပေါ်မြေအောက် သယံဇာတများကို ပေါ်တူဂီတို့ ထုတ်ယူသုံးစွဲခွင့် ရရှိစေမည့် အကြောင်း၊ ရခိုင်ပြည်၏ရှည်လျားသော ပင်လယ်ကမ်းခြေနှင့် ကောင်းမွန်လှသော ဆိပ်ကမ်းတို့ကို လည်း အသုံးပြု ခွင့်ပေးမည့်အကြောင်းများကို ပေါ်တူဂီတို့အား အကြံပြုရှင်းလင်းပြောပြမည်။ ဤသို့သူတွေးသည်။ ဒတ်ချ်တို့ကို ရခိုင်ပြည်ကနေ မောင်းထုတ်ပစ်မယ်လို့ ငါကတိပြုရင်၊ ငါ့လက်ထဲမှာ ရတနာသိုက်ကြီးတစ်ခု ရှိနေတယ်ဆိုတာ ပြနိုင်ခဲ့ရင်၊ ငါ့ရဲ့ကမ်းလှမ်းချက်ကို သူတို့လက်မခံဘဲ ရှိပါ့မလား။ ပေါ်တူဂီတွေ ငါ့အပေါ်ကောင်းခဲ့တာတွေ အပုံကြီး၊ ငါ့ဆီမှာ ပုံအပ်ထားတဲ့ ဂုဏ်တွေ သိက္ခာတွေလည်း အများကြီး၊ အဲဒါတွေ အဲဒါတွေအတွက် ကျေးဇူးတုံ့ပြန်ရာရောက်တဲ့ ကမ်းလှမ်း ချက် ဖြစ်တယ်လို့ သူတို့မယုံကြည်ဘဲ နေပါ့မလား။ သူချိန်ဆသည်၊ စဉ်းစားသည်။ ဤစိတ်ကူး၊ ဤအကြံဖြင့် ဒွမ်မာတင်သည် ရုပ်ဖျက်လျက် ပေါ်တူဂီသင်္ဘောတစ်စီးပေါ်တက်ကာ ပြန်ချလာခဲ့ပါ တော့သည်။ ထုတ်ဖော်ပြောဆိုခြင်း မပြုသော အကြောင်းတစ်ချို့ကြောင့် ဂိုအာမြို့စားကြီးသည် ပေါ်တူဂီသို့ ဒွမ်မာတင်ပြန်သွားခြင်းကို မနှစ်မြို့ဟန်ရှိပါသည်။ ထို့ကြောင့် ဤကဲ့သို့ လျှို့လျှို့ဝှက်ဝှက်ဖြင့် အဝတ်အစားအနေအထိုင်၊ ပင်ပန်းဆင်းရဲခံလျှက် ထွက်လာခဲ့ရခြင်း ဖြစ်ပါသည်။ သူ့ဆရာဟောင်းကြီး များဖြစ်ကြသည့် 'ကျက်သရေရှင်သခင်မ'သီလရှင်ကျောင်းမှ ဆရာတော်ကြီးများက သူ့အတွက်လိုလေ

သေးမရှိ ဆောင်ရွက်ပေးလိုက်ကြပါသည်။ ‘လစ္စဘွန်းမြို့သို့ရောက်လျှင် မာတင်သည် သာသနာပြု ဌာနချုပ်သို့ တိုက်ရိုက်သွားရောက်ရမည် ဖြစ်ပါသည်။ အိန္ဒိယမှာကတည်းက သူနှင့်သိကျွမ်းရင်းနှီး ခဲ့ဖူးသည့် ဆရာတော်များက သူ့အားကြိုဆိုလက်ခံကြပါလိမ့်မည်။ ဘုရင်မင်းမြတ်ထံ အခစားဝင် ရောက်နိုင်အောင်လည်း ထိုဆရာတော်များ ကပင် စီစဉ်ပေးကြပါလိမ့်မည်။

‘ဂွတ်ငုတ် အငူ’အနီးမှ ဖြတ်သန်းလာခဲ့သော ရှည်လျားကြာညောင်းလှသည့် ရေကြောင်းခရီး သည် ခလုတ်မထိ ဆူးမငြိ ပြီးမြောက်အောင်မြင်ခဲ့ပါပြီ။ မာတင်သည် လစ္စဘွန်းမြို့သို့ ၁၉၄၂ခုနှစ်၊ နွေဦးပေါက်ရာသီတွင် ဆိုက်ရောက်သွား ခဲ့လိမ့်မည်ဟု ခန့်မှန်းရပါသည်။ အသက်(၃၆)နှစ်အရွယ် ဖြစ်ပါသည်။ ကြိုတင်စီစဉ်ထားခဲ့သည့်အတိုင်း မာတင်သည် ကျက်သရေရှင် သခင်မ သီလရှင်ပင်မ ကျောင်းတော်ကြီးသို့ သွားရောက်တည်းခို နေထိုင်ပါသည်။ ဟိုယခင် ငယ်ဘဝ ဂိုအာမြို့၌ သူနေထိုင် စဉ်က သူ့အား အထူးကြည့်ရှုစောင့်ရှောက်ခဲ့သူ၊ သူလေးစားကြည်ညိုသော မိတ်ဆွေ၊ သိက္ခာတော် ရ ဆရာတော် ‘ဖာသာကူတီနို’နှင့် ပြန်ဆုံရပါသည်။ ဤဆရာတော်အပါအဝင် အိန္ဒိယတုန်းက ရင်းနှီးခဲ့သောဆရာတော်များက သူ့အား ဂိုဏ်းချုပ်ကြီး၏ ကျောင်းတော်၌ အခန်းတစ်ခန်း စီစဉ်ပေးပါ သည်။ ထိုနေရာမှနေ၍ မာတင်သည် ဩဇာရှိသော ပုဂ္ဂိုလ်ကြီးများနှင့် ဖြည်းဖြည်းချင်းတွေ့ဆုံ သိကျွမ်းရပါသည်။ လောလောဆယ်သုံးစွဲဖို့အတွက်ကို ဖာသာ ကူတီနိုက ဖန်တီးပေးပါသည်။ စတုတ္ထ မြောက် ဂျွန်ဘုရင်မင်းမြတ်ထံ အခစားမဝင်ရောက်နိုင်မီမှာပင် သူ့အတွက် သင့်တင့်လျောက်ပတ်သော အဝတ်အစားများ လိုအပ်ပါသည်။ အခစားဝင်ရောက်သောအချိန်၌လည်း ပင်လယ်ရပ်ခြား မှ မင်းသားတစ်ပါး၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် ကိုက်ညီအောင် ဝတ်စားဆင်ယင်ဖို့ လိုအပ်ပါသည်။ ဤဆရာတော် ကြီးများသည် သူ့အားကလေးဘဝကတည်းက သေဘေးမှကယ်တင်ခဲ့ကြသည်။ ကြီးပြင်းလာခဲ့သည်အထိ မွေးမြူထိန်း ကျောင်းခဲ့ကြသည်။ ကက်သလစ်ဘာသာသို့ သွတ်သွင်းပေးခဲ့ သည်။ ယခုသူသည် ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦး ဖြစ်လာခဲ့ပြီ။ ဆရာတော်ကြီးများသည် သူ၏ရေတပ်ကပ္ပတိန်ဘဝအတွက် ဂုဏ်ယူနေကြဆဲပါတကား။ သူ့အား အရိပ် တကြည့်ကြည့်ဖြင့် မုဒိတာပွားလျက် ပီတိတဝေဝေ ရှိနေကြဆဲပါတကား။ ပရိတ်သတ်ဗိုလ်ပုံအလယ်တွင် ဒွမ်မာတင် တစ်ယောက် သပ်သပ်ယပ်ယပ်ခန့်ခန့်ညားညား ရှိရလေအောင် ဆရာတော်ကြီးများ ဖန်တီးပေး လိုကြပါ သည်။ နည်းနည်းတော့ စောင့်ဆိုင်းလိုက်ရသည်။ ‘အေလန်ကတ်စတာဂျွန်’အမည်ရှိ ပုဂ္ဂိုလ်ကြီးတစ်ဦးထံသို့ ဆရာတော်ကြီးများ က မာတင့်ကိုယ်စား သွားရောက်တွေ့ဆုံလိုက်ကြပါသည်။

ဂျွန်သည် ပေါ်တူဂီအသိုင်းအဝိုင်းမှ ဖြစ်ပါသည်။ မာတင်လို အပ်နေသောအကူအညီတို့ကို ဂျွန်ထံမှ ရလာခဲ့ကြပါသည်။ ၁၆၄၀ခုနှစ်ကာလပိုင်းတွင် မင်းလုလင်တို့အတွက် လိုအပ် သောအဝတ်အထည် အဆောင်အယောင်များမှာ အင်မတန် တန်ဘိုးကြီးကြောင်း သတိပြုကြရပါမည်။ ပိုးထိုးကိုယ်ကြပ် အကျီ၊ ပိုးခြေအိပ်ရှည်၊ ငှက်မွေးစိုက်ဦးထုပ်၊ အိမ်မြှောင်ကွင်းတပ်ဖိနပ်၊ လက်အိပ်ရှည်၊ ကျောက်စီဓားလွယ်၊ စစ်မြင်း၊ လူပျိုတော်သား စသည့်အသုံးအဆောင်အယောင်များ ပြည့်စုံစွာ ဆင်ယင် ပေးနိုင်ဖို့အတွက် အေလန်ကတ်စတာသည် မိသားစုဝင်ငွေထဲမှ နှုတ်ယူသုံးစွဲခဲ့ရပေလိမ့်မည်။ ဖာသာကူတီနို၏ ကြိုးစားအားထုတ်မှုကြောင့် အခွင့်သာသော တစ်နေ့ သို့ရောက်ရှိလာခဲ့ပါသည်။ ဘုရင်မင်းမြတ်က မာတင်အား ဝင်ရောက်ခစားခွင့် ပြုလိုက်ပြီဖြစ်ပါသည်။ ဤတွေ့ဆုံခြင်းမှ မည်သည့် အဖြေထွက်လာခဲ့သည်ကိုတော့ မှတ်တမ်းများ၌ မတွေ့ရှိရပါ။ မင်းသား၏ရခိုင်ပြည်ခရီးစဉ် အတွက် ထောက်ပံ့ ကူညီရန် ဘုရင်မင်းမြတ်ကတိထားတော်မူလိုက်ဟန် ရှိပါသည်။ ဘုရင်မင်းမြတ်နှင့် ဒွမ်မာတင်တို့နှစ်ဦးသားကြားတွင် ကိုယ်ချင်းစာ နားလည်မှုတည်းဟူသော သံယောဇဉ်နှောင်ကြိုးတစ်ခု သဘာဝကျကျ တည်ရှိနေခဲ့လိမ့်မည်ဆိုသည်ကို အလွယ်နှင့်မှန်းဆကြည့်နိုင်ပါသည်။ ဘရာဂန်ဇာမြို့စားကြီး ဘဝမှ မိမိတိုင်းပြည်၏ထီးနန်းကို သိမ်းပိုက်ရရှိခါစ၊ ပေါ်တူဂီဆိုတာကလည်း ရခိုင်ပြည်နှင့် အကျယ်အဝန်းချင်းတူသည့် ကမ်းရိုးတန်းတိုင်းပြည်တစ်ခု၊ ‘အနှောင်အတည်း ခံရခြင်း’ဒုက္ခကို အနှစ်(၆၀)လုံးလုံး၊ ခံစားခဲ့ရသောတိုင်းပြည်၊ ဤတိုင်းပြည်နှင့် ဤဘုရင်တို့အနေဖြင့် အမွေဆက်ခံခွင့်ကို တရားဝင် ရရှိထားပေမယ့် လက်လွတ်ဆုံးရှုံးနေခဲ့ရသူ လူငယ်တစ်ဦးရဲ့ ရင်တွင်း ခံစားချက်ကို နားမလည်နိုင်ပဲ ရှိပါ့မလား။ မျှယူခံစားနိုင်စွမ်းမရှိပဲ နေပါ့မလားလေ။ နှလုံးသား၏ စေ့ဆော် ချက်ဖြင့်ပင် ဘုရင်မင်းမြတ်သည် မာတင် အတွက် လိုလားနှစ်သက်စရာ တုန့်ပြန်ချက်ကို ပေးခဲ့ခြင်းဖြစ်ပါသည်။ မာတင့်အပေါ်၌ ဤကဲ့သို့သော ပုဂ္ဂလိက တိမ်းညွတ်မှုရှိသည့်အပြင် အထက်၌ ဖော်ပြခဲ့ပြီးဖြစ်သည့် ခိုင်မာသောအခြေအနေလည်း ရှိနေခဲ့ပါသည်။ ကမ္ဘာ့အရှေ့ ပိုင်းဒေသများရှိ ပေါ်တူဂီပိုင်နက်နယ်မြေများအား ပြန်လည်ရရှိရေးရည်မှန်းချက်ကို စိုက်ထူထားသော ‘ဒွမ်ဂျွန်’အနေဖြင့် ဘင်္ဂလားပင်လယ်ကွေ့အတွင်း ဒုတိယအင်အားအကြီးဆုံး တိုင်းပြည်၏ရာဇပလ္လင်ကို ဘာကြောင့် ပိုင်ဆိုင်ချင်ခဲ့ရပါသလဲ။ မိမိ၏လိုအပ်ချက်တို့ကို နှိုက်နှိုက်ချွတ်ချွတ် သိရှိနားလည်ထားသူ၊ တစ်ချောင်း တည်းသောစိတ်ဖြင့် ရည်မှန်းချက်သို့ အရောက် တစိုက်မတ်မတ် လှမ်းချီလာခဲ့သောသူ၊ ဤမင်းသားငယ်သည်လည်း သူ့လိုပဲဖြစ်ပါလိမ့်မည်။ ဘုရင်မင်းမြတ်နှင့် ဒွမ်မာတင်တို့သည်

တစ်ဦးကိုတစ်ဦးနားမည်မှုပြည့်ဝစွာဖြင့် အလုံးစုံပြီးမြောက်သော သဘောတူညီချက်တစ်ခုကို ရရှိခဲ့ကြသည်ဟု ရာဇဝင်ဆရာများက မှတ်ချက်ပြုခဲ့ကြပါသည်။ ဒွမ်မာတင်သည် ပေါ်တူဂီ၌ နောက်တစ်နှစ်သင်္ဘောများ ခရီးထွက်ကြသည့် ရာသီရောက်သည်အထိ နေထိုင်ခဲ့ပါသည်။ သီလရှင်ကျောင်း၌ပင်ဆက်လက်နေထိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဘုရင်မင်းမြတ်သည် မိမိကိုယ်ပိုင်ဘဏ္ဍာငွေထဲမှ လိုအပ်သော ငွေကြေးအရပ်ရပ်ကို ဖြည့်စွမ်းထောက်ပံ့ခဲ့ပါသည်။ အသေးစိပ် ကိစ္စများကိုလည်း ဤလများအတွင်း ဆွေးနွေးညှိနှိုင်းကြပါသည်။ ရခိုင်ထီးနန်းကို ပြန်လည်ရရှိရေး အတွက် မာတင်ခရီးထွက်သည့်အခါတွင် ပေါ်တူဂီတပ်မတော်လည်း အတူလိုက်ပါကူညီမည်ဖြစ်ပါသည်။ သို့စေကာမူ မာတင်သည် ဂိုအာမြို့သို့လည်းကောင်း၊ ရခိုင်ပြည်သို့လည်းကောင်း၊ ရောက်မသွားနိုင်ခဲ့ရှာပါ။ လမ်းခုလတ်၌ပင် ကွယ်လွန်သွားခဲ့ရပါသည်။

ဒွမ်မာတင် ဗြုန်းစားကြီး ဘဝနိဂုံးချုပ်သွားသောအခါတွင် မေးခွန်းနှစ်ခု ဖြစ်ပေါ်လာပါသည်။ ပေါ်တူဂီတို့၏ အကူအညီဖြင့် ဒွမ်မာတင်သည် နန်းလုဘုရင် နရပတိကြီးကို အနိုင်တိုက် အောင်ပွဲခံနိုင်ပ့ါမလား၊ တိုက်ခိုက်အောင်မြင် ပါက ဒွမ်မာတင်၏အောင်ပွဲသည် ရခိုင်ပြည်၏ သမိုင်းကြောင်းကို ဘယ်လိုဘယ်ပုံ ပြောင်းလဲသွားစေမလဲဟူသော မေးခွန်းနှစ်ခုဖြစ်ပါသည်။

ပထမမေးခွန်းနှင့်ပတ်သက်၍ ရခိုင်ရာဇဝင်ပေစာများ၌ နရပတိကြီးသည် ပြည်သူလူထု မကြိုက်၊ မနှစ်သက်ဆုံး မင်းတစ်ပါးဖြစ်သည်ဟူ၍ အလေးပေးဖော်ပြကြပါသည်။ သီရိသုဓမ္မရာဇာနှင့် သားတော်များအား အဆုံးစီရင်ပစ်ခြင်း ဖြင့် တရားဝင်မင်းဆက် ပြတ်တောက်သွားရအောင် အဓမ္မပြုကျင့်ခြင်းကြောင့် ပြည်သူလူထုတစ်ရပ်လုံး ထိတ်လန့်ချောက်ချားခဲ့ကြရသည်ဟု မှတ်တမ်းများ၌ တွေ့ရှိရပါသည်။ အထက်တန်းလွှာမှ ပြည်သူလူထုအမြောက်အများ စစ်တကောင်း သို့ထွက်ပြေးကုန်ကြသည်ဟုဆိုပါသည်။ စစ်တကောင်းသည် ဘုရင်ပိုင်နက် အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း သီးခြားလွတ်လပ်သောဒေသဖြစ်ပါသည်။ ဤအခြေအနေမျိုးတွင် ဒွမ်မာတင်သည် လက်နက်အပြည့်အစုံတပ်ဆင်ထားသော ပေါ်တူဂီစစ်တပ်,တပ်ဦးမှနေ၍ စစ်တကောင်းသို့ ဆိုက်ရောက်သွားခဲ့ပြီဆိုပါစို့။ ငါသည် ဘုရင်မင်းရာဇာကြီး၏ မြေးတော်ဖြစ်သည်။ ထီးနန်းအရိုက်အရာကို တရားဝင်ဆက်ခံပိုင်ခွင့်ရှိသည်ဖြစ်သည်ဟု ကြေငြာလျက် မင်းဆိုးမင်းညစ် ၏အန္တရာယ်မှ ထွက်ပြေးတိမ်းရှောင်လာခဲ့သူများအား စုစည်းသိမ်းသွင်းကာ မြောက်ဦးမြို့တော်သို့ အရောက်ချီတက်လာ ခဲ့ပြီဆိုပါစို့။ ရခိုင်ပြည်သို့ ဝင်မည့်အခါ၌လည်း 'သင်တို့၏ ဘုရင်မင်းမြတ်အား

သုတ်သင်ပစ်ခဲ့သည့် စက်ဆုပ်ရွံရှာ ဖွယ်ကောင်းလှသော သစ္စာဖောက်အား ပုန်ကန်ရာတွင် ဖြောင့်မတ်မှန်ကန်သော အကြီးအမှူးတစ်ဦးအဖြစ်ဖြင့် ဦးဆောင်ဦးရွက်ပြုရန်အတွက် ငါလာခဲ့ခြင်း ဖြစ်သည်။ ထိုသစ္စာဖောက်အား သေဒဏ်ပေးရန် ငါလာခဲ့ခြင်းဖြစ်သည်'ဟု ကြွေးကြော်ကြေငြာ လိုက်ပြီဆိုပါစို့။ ဒွမ်မာတင်သည် မြောက်ဦးမြို့တော်ကို သေချာပေါက် အောင်နိုင်သိမ်းပိုက်နိုင်ပေ လိမ့်မည်။

ဒုတိယမေးခွန်းနှင့်ပတ်သက်၍ တိကျသေချာသော အဖြေမရှိနိုင်ပါ။ ရှုထောင့်အနေအထား အလိုက် စိတ်ကူး အမျိုးမျိုးထုတ်ကြည့်နိုင်ကြပါသည်။ ကက်သလစ်ဘာသာဝင် တစ်ဦး၊ ဥရောပပညာရေးနှင့် ကျွမ်းဝင်ကြီးပြင်းခဲ့ရသူ တစ်ဦးက ၁၇ရာစု၊ ဗုဒ္ဓဘာသာတိုင်းပြည်တစ်ခု၏ တိုင်းသူပြည်သားများနှင့် လိုက်လျောညီထွေဖြစ်စေမည့် မူဝါဒတစ်ခု ကို ဖွံ့စည်းချမှတ်ပေးနိုင်လေ မလား။ ကမ္ဘာ့အရေးအခင်းများနှင့် စစ်ရေးစစ်ရာများကို နောကြေခဲ့ပြီးသော သူလိုလူ တစ်ဦးအဖို့ ရခိုင်ပြည်၏လူမှုရေး နိမ့်လျောကျဆင်းနေမှုကို ရပ်တန့်မပစ်နိုင်ပဲ နေပါ့မလား။ ၁၆၆၆ခုနှစ် မဂိုတို့လက်သို့ စစ်တကောင်းမြို့ ကျဆင်းနေမှုကို ရပ်တန့်မပစ်နိုင်ပဲနေပါ့မလား။ ၁၇၈၄ခုနှစ် အလောင်းဘုရား ၏ ကျူးကျော်တိုက် ခိုက်လာမှုက ခုခံတိုက်ခိုက်အောင်မြင်လျက် တိုင်းပြည်၏ လွတ်လပ်ရေး ကို ယနေ့ကာလသို့အထိ ထိန်းသိမ်းထားနိုင်သော အင်အားတောင့်တင်းကြံ့ခိုင်သည့် လူမျိုးတစ်မျိုးအဖြစ် ဖွံ့စည်းတည်ဆောက်နိုင်စွမ်း မရှိပဲနေပါ့မလား။ ဤမေးခွန်းတို့ အတွက် အဖြေကား မရှိပါ။ ရှိခဲ့လျှင်လည်း အိမ်မက်တမျှ ဝေဝါးလှသော အဖြေများသာ ဖြစ်ပါလိမ့်မည်။ အနာဂတ်ကို ကြိုပြောဖို့ဆိုသည်မှာ မလွယ်ကူလှသလို အတိတ်ကိုပြောင်းပစ်ဖို့ဆိုသည်မှာလည်း မဖြစ်နိုင်ပါချေ။

ပေါ်တူဂီသင်္ဘောတစ်စီးပေါ်၌ သေလုမျောပါးဖြစ်နေခဲ့စဉ်က ဤသင်္ဘောသည် သူ့အား တိုင်းပြည်တစ်ခု၏ ဝင်ပေါက်ဆီသို့ သယ်ဆောင်ခေါ်ယူသွားနေသည်ဟု ဒွမ်မာတင် မှတ်ထင်နေပါ လိမ့်မည်။ သို့သော် အမှန်မှာ သူ့အား သေခြင်းတရား၏ တံခါးပေါက်ဆီသို့ သယ်ဆောင်ခေါ်ယူသွား နေခြင်းသာ ဖြစ်နေခဲ့ပါသည်။ မာတင်သည် သူ၏ဘဝတာ တစ်လျှောက် ကြုံတွေ့ခဲ့ရသည့်အပြောင်း အလဲ အဖြစ်အပျက်အထွေထွေကို ပြန်လည်တွေးတောသုံးသပ်နေခဲ့လေ သလား၊ ဝိုင်းဝန်းပိတ်ဆို့ ခံနေရသည့် စစ်တကောင်းမြို့၊ စိုပြည်လတ်ဆတ်သောဘဝသစ် စသည်တို့ကိုပဲ မြင်ယောင်နေ ခဲ့လေသလား။ ဒါမှမဟုတ် နိုင်ငံခြားဘာသာ အယူဝါဒတစ်ခုကို ပြောင်းလဲခံယူလိုက်ရခြင်း၊ ဂိုအာ၊

အော်မုဇ်၊ မလက္ကာတို့ ၌ ကျင်လည်လှုပ်ရှားနေခဲ့ရသော ရှည်လျားကြာညောင်းလှသည် နှစ်ကာလများ၊ အသစ်မွေးဖွားလာသည့်မျှော်လင့်ချက် လစ္စဘွန်းသို့ခရီး၊ ဘုရင့်ရှေ့တော်မှောက်သို့ အခစားဝင်ရောက်ခဲ့ခြင်း၊ ယခု သင်္ဘောပေါ်၌ အဆုံးစွန်သော နာမကျန်းမှုဖြင့် အိပ်ရာထဲ လဲနေရသည့် အဖြစ်အပျက်တို့ကိုပဲ နောက်ကြောင်းပြန်၍ မြင်ယောင်နေခဲ့လေသလား၊ ယခုလို အားအင်ကုန်ခမ်းလျက် သေလုမျောပါး အခြေအနေမျိုးတွင် သူရင်ဆိုင်ကျော်လွှားခဲ့ရသော အန္တရာယ်အသွယ်သွယ် အခက်အခဲအမျိုးမျိုးတို့ဆီသို့ သူအာရုံဝေ့ဝဲရောက်ရှိသွားရင်းက ငါ--အသက်ဆက်ရှင်နေရဦးမယ်ဟု တွေးကောင်းတွေးနေခဲ့ပါလိမ့်မည်။ ရခိုင်ပြည်သို့ရောက်ရင်တော့ ငါ့ကံကြမ္မာ တစ်နည်းတစ်ဖုံ ထူးခြားပြောင်းလဲလာဦးမှာပဲ၊ အဘရခိုင်ပြည်အတွက် ငါလုပ်ရမယ့်တာဝန်တွေ အများကြီး၊ ငါပေးဆပ်ရဦးမှာတွေကလည်း တစ်ပုံတစ်ပင်၊ ဒါတွေအတွက် ငါ တုန့်လှုပ်နေသလား၊ ငါ. . . ပျော့ညံ့ခဲ့ပြီလား၊ ငါ. . .

နောက်ဆုံးမှာတော့ ဒွမ်မာတင်၏ကိုယ်စိတ်နှလုံးသုံးပါးစလုံး ထာဝရ. . . ထာဝရငြိမ်းအေးသွားခဲ့လေပြီတည်း။

အမ်၊ အက်(စ်)။ ကောလစ်

(စံရွှေဘု ပူးတွဲပါဝင်ရေးသားသည်)

ရည်ညွှန်း- 'Dom Martin 1606-1643' (The First Burman to Visit Europe)

(JBRS Vol. 16, Part. 1., 1926)

**ဘာသာပြန်သူ-ဝေသာ**

စန္ဒဝိဇယ (ကျိန်းတုံးညို)

ဦးကိတ္တိ

မိတ်ဆက်

ဆရာတော် ဦးကိတ္တိသည် မင်းပြားမြို့နယ်၊ ခြိတ်တောင်ကျောင်း၌ သီတင်းသုံးနေထိုင်ခဲ့သော ဆရာတော်တစ်ပါးဖြစ်သည်။ ဤဆရာတော်သည် မြောက်ဦးမြို့နယ်၊ ကျိန်းမင်းကန်ကျေးရွာ၌ ၁၂၅၀ ပြည့်၊ နတ်တော်လ၌ မွေးဖွားခဲ့သည်။ အသက် (၁၉)နှစ်အရွယ်တွင် ရဟန်းဖြစ်ခဲ့သည်။

၁၂၈၃ ခုနှစ်မှစ၍ ခြိတ်တောင်ကျောင်းမှ လောကီ လောကုတ္တရာအကျိုးနှစ်ဖြာတိုးပွားစေခြင်းငှါ အိန္ဒိယနိုင်ငံသို့ ကြွချီခဲ့သည်။ ဆရာတော်သည် မြောက်ဦးမြို့နယ်၊ ကျိန်းမင်းကန်ကျေးရွာ၌ ၁၂၅၀ ပြည့်၊ နတ်တော်လ၌ မွေးဖွားခဲ့သည်။ အသက်(၁၉)နှစ်အရွယ်တွင် ရဟန်းဖြစ်ခဲ့သည်။

၁၂၈၃ခုနှစ်မှစ၍ ခြိတ်တောင်ကျောင်းမှ လောကီ လောကုတ္တရာအကျိုးနှစ်ဖြာတိုးပွားစေခြင်းငှာ အိန္ဒိယနိုင်ငံ သို့ ကြွချီခဲ့သည်။ ဆရာတော်သည် အိန္ဒိယနိုင်ငံသို့ ကြွချီခဲ့သည်။ ဆရာတော်သည် အိန္ဒိယနိုင်ငံ စာပေကျမ်းဂန်ဘာသာစကားများကို (၄)နှစ်တိုင်တိုင်းသင်ကြားခဲ့ပြီး (၄)နှစ်တိုင် သာသနာပြုနေခဲ့သည်။ ဆရာတော်သည် တရားဟောခြင်း၊ ဘာသာရေးကိစ္စများ ဆောင်ရွက်ခြင်းများအပြင် ဘာသာရေးနှင့် ပတ်သက်သော စာပေကျမ်းဂန်များတို့ကိုလည်း ရေးသားပြုစုထုတ်ဝေခဲ့သည်။ ယင်းတို့အနက် ဆရာတော်၏ (အိန္ဒိယကြေးမုံကျမ်း)မှာ ထင်ရှားသောကျမ်းဂန်တစ်ဆူဖြစ်သည်။

ဤသို့လျှင် ဆရာတော်သည် အိန္ဒိယမှ ပြန်ကြွရောက်လာပြီးနောက် မင်းပြားမြို့နယ်၊ ခြိတ်တောင်ကျောင်း၌ပင် သီတင်းသုံးနေထိုင်ရင်း ကောဇာ(၁၃၁၁)ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၈)ရက်တွင် ပျံလွန်တော်မူသည်။ ဆရာတော်ဘုရားကြီးရေးသား၍ ၁၃၀၉ရန်ကုန်မြို့ သမ္ဗတပုံနှိပ်တိုက်မှ ထုတ်ဝေခဲ့သော (ကျိန်းတော်ရှင်သမိုင်းနှင့် ပါးတော်ခတ်သမိုင်း)စာအုပ်ငယ် စာမျက်နှာ ၂၃ မှ ၄၂အထိတွင် (ကျိန်းတုံးညို)အကြောင်းကို ရေးသားထားပေရာ အောက်မေ့တမ်းတ သိမှတ်ဖွယ်ရာ ဗဟုသုတအဖြစ် ဆရာတော်၏စာအုပ်မှ ယင်းကို ဤကဲ့သို့ ထုတ်နှုတ်ဖော်ပြအပ်ပေသည်။

စာတည်းအဖွဲ့

# ကျိန်းတုံးညိုရာဇဝင်

ဓညဝတီရခိုင်ပြည်တွင် မင်းတို့နေပျော်ရာ မြောက်ဦးမြို့တော်၌ "စန္ဒဝိမလဓမ္မရာဇာ" မည်သော မင်းသည် မိဖုရားဖြစ်သူ "ဖွားစော"နှင့် မင်း၏ဘိသိက်ကိုခံယူ၍ သက္ကရာဇ် ၁၀၆၂ ခုနှစ်၊ ဝါဆိုလဆန်း ၂ရက် သောကြာနေ့တွင် နန်းတက်တော်မူလေ၏။ ထိုမင်းလက်ထက်မှာ နန္ဒစည်သူ၊ သက်စံရွှေ စသော သူပုန်ရန်သူတို့သည် ပုန်ကန်သောင်ကျန်း ကြကုန်၏။ ထိုရန်သူတို့ ဘေးရန်ကြောင့် မင်းကြီးသည် ကောလိယမင်း၏ နန်းရာဖြစ်သော မြို့သာယာအရပ်သို့ ရွှေ့ပြောင်းကာစံနေတော်မူ၏။ တစ်ဖန်လည်း ထိုရန်သူအင်အားကို မခံမရပ်နိုင်ပြန်သောကြောင့် တောတန်းအရပ်သို့ ပြောင်းသွားတိမ်းရှောင်လျက် နေတော်မူလေ၏။ ထိုအခါတွင် မင်းကြီး၏ စစ်သူကြီးဖြစ်သူ နန္ဒဗလက မင်းကြီး၏ အမိန့် အာဏာတော်ကို ခံယူလျက် စစ်သားရဲမက်ဗိုလ်ပါ မြောက်မြားစွာတို့နှင့် ထွက်ခွာသွားတိုက်လေရာ နန္ဒစည်သူ၊ သက်စံရွှေ စသောရန်သူအပေါင်း တို့သည် အညာပေကျွန်းသို့ တစ်လတည်းခရီးဖြင့် ထွက်ပြေးသွားကြကုန်လေ၏။ မင်းကြီးလည်း တောတန်းကျွန်းမှ ပေါင်းထွတ်ရာသို့ တဖန်ပြန်လှည့်၍ ပြောင်းနေတော်မူပြန်လေ၏။ တိုင်းပြည်နိုင်ငံကလည်း မအေးချမ်း၊ ရန်သူ သူပုန်တို့က မတန့်ရပ်၊ တိုက်ခိုက်လုယက်မှုတို့ကြောင့် ထိုရန်သူအပေါင်းတို့ကို နှိပ်ကွပ်နှိမ်နင်းရန်အတွက် ပညာရှိတို့နှင့် တိုင်ပင်ဟောပြောနေစဉ် ပညာရှိတစ်ယောက်က တြင်းနိဒါန်းအလိုအားဖြင့် တင်လျှောက်သည်ကား. . . သူခိုးတို့ကို တန္တဗိုလ် ခေါင်းကို ရိတ်ဖြတ်သတ်လတံ့၊ ယောကျ်ားတစ်ယောက်တိုင်းတားဆောက်၍ ရပ်စောက်ပြည်ကို ပြင်လတံ့။

အရှင်မင်းမြတ် ဤသို့ တြင်းနိဒါန်းထွက်ရှိပါသည်။ ၎င်းတြင်းနိဒါန်း၏အရမှာကား ဓာတ်လေးဝတွင်။ အန္တော ဓာတ်မ စနေဂြိုဟ်က အားရှိသည်ဖြစ်သောကြောင့် စနေသားတစ်ယောက် ကို "တန္တဗိုလ်မင်း" တင်မြှောက်တိုက်ခိုက်မှ ရန်သူအပေါင်းကို ထောင်းထောင်းညက်ညက် ပယ်ဖျက်နိုင်ပါမည်။ ဤသို့လျှောက်ထားပြောဆိုလေ၏။ ထိုပညာရှိစကား ကို နန္ဒဗလစစ်သူကြီးက သဘောကျလျက် အနောက်ဘက်တစ်ရိုးတွင် ဓနိတာခေါင်းအဖြစ်ဖြင့် မင်းမှုထမ်းနေသော "ကျိန်းတုံးညို"ကို တန္တဗိုလ်မင်းတင်မြှောက်သင့်ပါသည်။ သူသည် ပညာအစွမ်းကလည်း မနည်းပါ။ သူရဂုဏ်သတ္တိ အလျောက်နှင့် ရန်သူဟူသမျှကို တစ်ခါတည်း အကြွင်းအကျန်မရှိလေအောင်

ပယ်ဖျောက်နိုင်ပါမည်။ ဤသို့ နန္ဒဗလ စစ်သူကြီးကလည်း လျှောက်တင်ပြန်လေ၏။ နိဒါန်းအလိုကို စန္ဒဝိမလဓမ္မရာဇာမင်းနှင့်တကွ ပညာရှိမှူးမတ်တို့သည် အားရနှစ်သက်တော်မူကြလေကုန်၏။

ထိုကျိန်းတုံးညို အကြောင်းကား ရှေးလွန်ခဲ့သော နှစ်ပေါင်းများစွာက ရခိုင်ပြည်လုံးဆိုင်ရာ တိုက်နယ်အပေါင်းတွင် ကျိန်းတိုက်ထောင့်ချောင်းကြီး ခေါ်သောအရပ်၌ တုံးညိုဆိုသူ လူစွမ်းကောင်း တစ်ယောက် ဖြစ်ထွန်းပေါ်ပေါက်လာ၏။ သူတကာတို့ထက် ရဲစွမ်း၊ သတ္တိ၊ ဂုဏ်ထူးလည်း ရှိ၏။ တုံးညိုသည် ဆင်းရဲညိုးနွမ်းသဖြင့် အုန်း၊ ဓနိရည် ထမ်းရောင်းလျက် သက်မွေးဝမ်းစာရှာကြံ၍သာ စားသောက်နေရပေ၏။ လူများတို့ နှင့် စကားပြောသောအခါ မင်းဖြစ်ပုံစိတ်ထားနှင့် ပြောဆိုလေ့ရှိ၏။ အရပ်သူ အရပ်သား လူငယ်များတို့ကလည်း တုံးညိုကို လှောင်ပြောင်သောစကားဖြင့် တုံးညိုအုန်းထမ်း၊ လူစွမ်းပေါ်ထွက် ဆန်းတစ်ရက်တွင် ရွှေနန်းတက်မည် ပုရပိုက်မှာ စာတွေ့သည်။ ဤသို့လျှင် မြင်မြင်သမျှကပင် သိုက်တဘောင် ဖွဲ့ဆိုကြကုန်၏။ ဤသို့ တိတ်နိမိတ်တဘောင်ကို တုံးညို၏ ဦးရီးဖြစ်သူ ငခူတောင်ဆရာ ဘုန်းတော်ကြီး ကြားသိလေလျှင် တစ်နေ့သ၌ တုံးညိုကိုခေါ်၍ ဗေဒင်တွက်ချက်ကြည့်ရှု ရာတွင် ဇာတာစန်းလဂ်ကောင်းသည်ကို မြင်သဖြင့် တုံးညို ငါ့တူသည် မင်းဖြစ်အံ့။ ဆင်းရဲပင်ပန်းသော်လည်း လက္ခဏာ ဇာတာကား မင်းဖြစ်မည် အမှန်ပါသည်။

ငါ့တူသတိထားလေ။ ဤသို့လျှင် အထွေထွေသောဗေဒင်စကားကို မြင်သည့်အတိုင်း ဟောပြောလေရာ တုံးညိုမှာလည်း ယားရာကို ကုတ်မိသလို မင်းဖြစ်ဟန်သရုပ်ကို အဟုတ်ထင်မှတ်သဖြင့် ဆရာဦးရီးအား ရှိခိုးဝပ်တွားပြီး ပြန်လာလေ ၏။ တုံးညိုစိတ်က မှတ်ထင်သည်မှာ ယခုကတော့ ငါ့မှာ ဆင်းရဲသားမင်းလောင်း၊ နောင်အခါကျတော့မှ မင်းမြောက်တန် ဆာနှင့် ရွှေနန်းရှင်ဘဝ ဖြစ်ရတော့ မည်ကား မချွတ်ပေဟု ဟူးရာဗေဒင်စကားကို အမြဲအစွဲမှတ်ထား၍ လူမြင်တိုင်းကိုလည်း ယုံကြည်အောင် ဟောပြောလေ၏။ ယင်းသို့ မင်းဖြစ်ဟန် သဘောကို စိတ်မနောက ပိုက်လျက်ပင် ဝမ်းစာရေးအတွက် အုန်း၊ ဓနိအလုပ်ဖြင့် ဆက်မပြတ်လုပ်ကိုင်ကာ စားသောက်နေလေပြန်၏။

အပေါင်းအဖော်တို့ကလည်း တုံးညိုစကားကို မယုံကြည်၊ ပြက်ရယ်ပြုကာ လူစုရာမှာပင် တုံးညိုမင်းလောင်း၊ ထီးဖြူဆောင်းရမည်ဟူ၍လည်း ပြောဆိုကြကုန်၏။ တစ်နေ့သ၌ တုံးညိုသည် သားကျွေး၊ မယားကျွေး အလို့ငှါ ဓနိရည် ရောင်းချရန် မြစ်ချောင်းဝက လောင်းကြီးတစ်စင်းနှင့် ရေလမ်းကြောင်းကို ကြည့်နေစဉ် သလွန်တောင်အရပ်က စစ်တပ်သား သုံးကျိပ်လောက်တို့သည် လာရောက်ကြကုန်၏။ အဆင်သင့်တုံးညိုနှင့် တွေ့ဆုံကြ၍ သေရည်သောက်သုံး ရန်ပြောဆိုကြပြန်

သော် တုံးညိုလည်း အလျှင်အမြန် ထိုစစ်သားတို့ကို မိတ်ဆွေအသွင်ပြုလျက် သေရည်ကို အလိုရှိတိုင်း ဝမ်းဝအောင် သောက်စေလေ၏။ စစ်သားတို့ကလည်း မြစ်ဆိပ်ကမ်းပါးတွင် တစ်နေလုံးသေရည်ကို သောက်စားပြီးမှ လူမှန်းမသိအောင် မူးယစ်အိပ်ပျော်နေကြဆဲအခါတွင် တုံးညိုက အကြံရသဖြင့် ငါ့ကို သကြားလာမသည်။ ငါသည် ယနေ့ကစ၍ မင်းလုပ်တော့မည်ဟု ဝမ်းမြောက်ဝမ်းသာ စစ်သားတို့မှာ ပါလာသောသေနတ်၊ ဓား၊ လက်နက်များတို့ကို လွတ်ရာဌာန၌ တွင်းတူး၍ လျှို့ဝှက်မြှုပ်နှံထားလေ၏။ ယင်းနောက် စစ်သားတို့နှင့်အတူ စိတ်ချလက်ချအိပ်မြဲတိုင်း အိပ်လေ၏။

စစ်သားတို့ အမူးအယစ်ပြေ၍ အိပ်ယာမှနိုးကြလတ်သော် မိမိတို့မှာ ပါလာသော လက်နက်တို့ကို မမြင်ကြသဖြင့် ပျောက်ရှပုံထူးသောကြောင့်၊ မယုံသင်္ကာနှင့် တုံးညိုကို မေးစမ်းကြကုန်၏။ တုံးညိုကလည်း ကျွန်တော်တစ်စုံတစ်ခု မသိပါ။ သင်တို့နှင့်အတူ အိပ်ပျော်နေပါသည်။ ဤအခိုက်တွင် ဘယ်သူခိုးမှန်းမသိပါ။ အတင်းငြင်းပယ်နေသောအခါ ထိုမှ ဤမှ ရှာဖွေကြသော်လည်း မတွေ့မမြင်ကြ၊ တုံးညိုအပေါ်မှာလည်း စိတ်မချနိုင်ကြဘဲ သလွန်တောင်စစ်သားတို့သည် မိမိတို့ နေရပ်သို့ပြန်သွားကြလေကုန်၏။ စစ်သားများစွာပြန်သွား၍ များမကြာမီ တုံးညိုသည်တွင်းထဲမှ စစ်လက်နက်တို့ကို အကုန်လုံး တူးဖော်ယူပြီးလျှင် တော်သင့်ရာလူများကို စုဆောင်းလျက် တိုင်းပြည်တွင် ဆူပွက်နေသော ရန်သူသူပုန်တို့ကို တိုက်ဖျက်ရန် စစ်ချီသွားလေ၏။ ထိုအခါ ဆရာဦးရီး ငါးခူတောင် ဘုန်းတော်ကြီးထံသို့ ရှေးဦးစွာ ဆိုက်ရောက်လေရာ တွင် ဘုန်းတော်ကြီး ဘုရားက စကားချေင်စွာဖြင့် ဘယ်ကိုသွားအံ့နည်း။ ဘာကိစ္စရှိလို့ ငါ့ကျောင်းကို လာသလဲဟု မသိဟန် နှင့် မေးစမ်းပြန်လေသော် တပည့်တော်မှာ ဆရာတော်ဟောပြောလိုက်သည့် အတိုင်း မှန်ပါသည်။ ယခုလက်နက်အင်အား လည်း ပြည့်စုံပါပြီ။ ရန်သူတို့ကို တိုက်ခိုက်၍ မင်းလုပ်တော့မည့် အချိန်အခါ ဆိုက်ရောက်ပါပြီ။ ရှေးဦးစွာ ပါးတော်ကြောင် ဖို့ကို တိုက်ခိုက်ရန် လာပါသည်။ ဤသို့လျှင် ခြင်းရာစေ့စုံ လျှောက်ထားပုံကို ဘုန်းတော်ကြီး ကြားသိရလေသည်။ ဤသို့မိန့်ဆိုလေ၏။ ပါးတော်ကြောင်ဖို့၊ ကျိန်းတုံးညို၊ ကြပ်စင်ပြိုမှ ကြောင်ကျအံ့။ ဤသို့ မိန့်ဆိုသောစကားကို တုံးညိုသတိ ရသဖြင့် ပြန်သွားပြီးလျှင် ကြပ်စင်ကျွန်း စစ်ကဲရဲဘော်ကို ရှေးဦးစွာတိုက်လေ၏။ စစ်ကဲရဲဘော်က အင်အားနည်းခြင်း ကြောင့် လက်နက်ချလျက် နောင်တစ်ယောက်ကို တစ်ယောက် မတိုက်တမ်းဟု နှစ်ကိုယ်တစ်ကိုယ် သစ္စာရေသောက်ပြီး လျှင် တိမ်းရှောင်နေလေ၏။

တုံးညိုသည် ကြပ်စင်ကျွန်းကို မကြာမီအောင်မြင်လေ၏။ ကြပ်စင်ကျွန်းပြိုသည်ဟု

ပြောဆိုသံကြားသည်နှင့် တစ်ပြိုင်နက် ပါးတော်ကြောင်ဖိုကလည်း ကြောက်လန့်တကြား တစ်ပါးသော အရပ်သို့ တိမ်းရှောင်ထွက်သွားလေ၏။ တုံးညိုမှာလည်း ထောင့်ချောင်းကြီးအရပ်၌ သူ့ရဲဘော်အဖွဲ့တို့နှင့် ထိုနှစ်မိုးဥတုကုန်လွန်အောင် စောင့်ဆိုင်းကာ နေလေ၏။ တန်ဆောင်မုန်း လပြည့်ကျော်လျှင် ဆင်ခြင်စဉ်းစားသတိတရားတို့ဖြင့် သူတော်သူမြတ်အသွင်ကို ဝတ်ဆင်ပြီးမှ မြောက်ဦး မြို့တော်သို့ တိတ်နိမိတ် နားထောင်ရန် တစ်ကိုယ်တည်းသွားလေ၏။ မြို့သူ မြို့သားတို့က တုံးညို၏ရဲစွမ်းသတ္တိကို ကြားသိရှိကြသည့်အတိုင်း မင်းကြီးထံ တင်လျှောက်ကြကုန်၏။ ထိုအခါ စန္ဒဝိမလ ဓမ္မရာဇာမင်းက တုံးညိုကို အရှင်မင်းမြတ် ကျွန်တော်သည် အရှင်၏အကျိုးကို လိုလားတောင်းတပါသည်။ ဆင်းရဲပင်ပန်းသော သူတစ်ယောက်ဖြစ်ပါသဖြင့် အုန်း၊ ဓနိအလုပ်မျိုးဖြင့် အသက်မွေးအရိုးထိုး နေရပါသည်။ အရှင်မင်းမြတ်၏ ရန်သူတို့ကိုလည်း ဖြိုဖျက်တိုက်ခိုက် လာရပါသဖြင့် ကျိန်းတောင်တစ်နယ်လုံးတွင် အကုန်အေးချမ်းပါလေပြီ။ ဤသို့ လျှောက်တင်သောစကားကို ဘုရင်မင်းမြတ်က သဘောကျနှစ်သက်တော်မူသောကြောင့် ကျိန်းတုံးညိုအား အနောက်ဘက်တစ်ရိုးရှိ ဓနိခင်းများကို အပိုင်စားပေးပြီး လျှင် ဓနိခေါင်း ဘွဲ့တံဆိပ်ဖြင့် ရာထူးဌာနန္တရ ခပ်နှိပ်ပေးလိုက်လေသတည်း။ ထိုနေ့ကစ၍ ကျိန်းတုံးညိုသည် ဓနိတာခေါင်း တွင်လေ၏။

နန္ဒပလစစ်သူကြီး လျှောက်တင်ချက်အရ ဘုရင်မင်းမြတ်က အနောက်ဘက် ဓနိတာခေါင်းဖြစ်သူ ကျိန်းတုံးညိုကို သက္ကရာဇ် ၁ဝ၆၄ခုနှစ်၊ တပို့တွဲလဆန်း (၄)ရက် စနေနေ့တွင် တန္တဗိုလ်မင်းတင်မြှောက်၍ ရန်သူတို့ကို တိုက်ဖျက်ချေရ မည်ဟု အမိန့်အာဏာပေးတော် မူလိုက်လေ၏။ ထိုတန္တဗိုလ်မင်းသည် ပြည်နိုင်ငံတွင် ဆူပူသောင်းကျန်းနေသော သင်းမ ပိုးရွှေစစ်တပ်ကို ရှေးဦးစွာ စတင်တိုက်ခိုက်လေရာ မကြာမီချက်ချင်းအောင်မြင်လေ၏။

သက္ကရာဇ် ၁ဝ၆၅ခုနှစ်၊ တော်သလင်းလဆုတ် (၆)ရက် သောကြာနေ့တွင် သင်းမပိုးရွှေသည် လူများစွာ စုဆောင်းလာပြီးလျှင် ကျိန်းကျွန်းတိုက် ကြက်သရေရွာကို တိုက်ခိုက်ဖျက်ဆီးပြန်လေ၏။ တန္တဗိုလ်မင်းဘွဲ့တံဆိပ်ရရှိသော ကျိန်းတုံးညိုကလည်း တစ်ဟုန်တည်းနှင့် ရဲမက်ဗိုလ်ပါတို့ကို ယူဆောင်လျက် တိုက်ဖျက်လေသော် ရန်သူဘက်မှ ကျဆုံးသောသူတို့ကား ရေတွက်မရ၊ ဓားမကျမြစ်ထဲတွင် သဲကျွန်းပေါ်သကဲ့သို့ လူသေကောင်တို့သည် ဖူးဖူးရောင်၍ မြောက်များ စွာ မျောနေကြလေကုန်၏။ စစ်ဗိုလ်ချုပ်ကြီး သင်းမပိုးရွှေနှင့် စစ်ကဲကြီး သီရိဇေယျကို ကျိန်းတုံးညိုက လက်ရဖမ်းမိပြီးလျှင် အဆုံးစီရင်လိုက်ပေ၏။ တစ်ကြိမ်မှာလည်း ကြပ်စင်ကျွန်း၌ ယခင်က ရှေးဦးစွာ

အတိုက်ခံခဲ့ရသော စစ်ကဲရဲဘော်သည် သစ္စာကိုဖောက်ပြီးလျှင် ကျိုန်းတုံးညိုနှင့် ဆိုင်ပြိုင်၍ တိုက်ခိုက်လိုသည့်အတွက် ဗိုလ်ပါရဲမက်လက်နက် စုဆောင်းနေသည်ကို တန္တဗိုလ်မင်း ခေါ် ကျိုန်းတုံးညို ကြားသိလေလျှင် စန္ဒဝိမလဓမ္မရာဇာမင်းကို ပေါင်းထွတ်ရွာမှ မြောက်ဦးမြို့တော်သို့ ပြောင်းထားခဲ့ပြီးလျှင် အမြန်လာရောက်တိုက်ခိုက်လေ၏။ စစ်ကဲရဲဘော်သည် မခံမရပ်နိုင်သော ကြောင့် ထွက်ပြေးတိမ်းရှောင်နေပြီးသော် တစ်ဖန် ခားပိုင်ကြီးဖြစ်သူ ဦးဒီ၊ လက်ျာမြန်ထွန်းဖြူ ကုလားတလိုင်း စသည်တို့နှင့် ညီညာပေါင်းသင်း၍ ပေါင်းထွတ်ရွာကို တိုက်ဖျက်ကြလေကုန်၏။ ထိုရန်သူအပေါင်းတို့ကိုလည်း ကျိုန်းတုံးညိုသည် ကစ္ဆပနဒီမြစ်အကူးတဝင် သေနတ်အမြောက်တို့ဖြင့် မိုယ်းရွာသကဲ့သို့ ပစ်ချလေသော် ရန်သူစစ်သားတို့သည် ကြွမ်းထင်းဖေါင် မျောသကဲ့သို့ ရေထဲတွင် မျောသေကြလေကုန်၏။ နန္ဒဗလစစ်သူကြီးမှာ တန္တဗိုလ်မင်းနှင့် စိတ်ဝမ်းကွဲပြား ပြီးလျှင် ယခင်က စစ်ကဲရဲဘော်နှင့်သာ ပေါင်းသင်းပြီးသော် ရန်သူလုပ်နေလေ၏။

သက္ကရာဇ် ၁၀၆၆ ခုနှစ်သို့ ကျသောအခါ ကဆုန်လတွင် နန္ဒဗလစစ်သူကြီးနှင့် စစ်ကဲရဲဘော် တို့သည် ကျိုန်းတိုင်း ကျွန်းက ခံတပ်ကြီးဖွဲ့စည်းလျက် သောင်းကျန်းပုန်ကန်နေကြပြန် ကုန်၏။ ထိုခံတပ်ကြီးကိုလည်း ကျိုန်းတုံးညိုက အရေးမစိုက်ဘဲ နောက်လိုက်နောက်ပါတို့နှင့် တစ်ခါတည်းအပြီး ငြိမ်းချမ်းလေအောင် ပြုလိုက်ပေ၏။ ထိုနှစ် တော်သလင်း အတွင်းမှာလည်း လက်ျာမြန်ထွန်းဖြူ သက်စံရွှေတို့သည် ကျိုန်းကျွန်းက ကြက်သရေရွာသား လူအများတို့နှင့် တိုင်ပင်ညီညွတ်ပြီးသော ကျိုန်းတုံးညိုကို ခုခံလျက် တစ်ကြိမ်တိုက်ခိုက်ကြပြန်သော်လည်း မနိုင်အားကျ မိမိတို့လက်နက်ကို ထမ်းဆောင်ကြပြီးလျှင် အသီးသီးကွဲပြားခြင်းဖြင့် ကြပ်စင်ကျွန်းသို့ ရှောင်တိမ်းထွက်ပြေးကာ နေကြကုန်လေ၏။

တစ်ကြိမ်မှာလည်း သက်စံရွှေ၊ စစ်ကဲရဲဘော်တို့သည် လောင်းကြက်၊ စမ္ဘလေတောတန်း စည်ရွာ ငါးဇင်ရိုင်းချောင်း၊ ကြပ်စင်၊ ရွှေပန်းတင်မင်းတန်၊ ခားမကျ၊ မင်းမ၊ သိင်္ဂပါ၊ သင်းပေါင်းချောင်း၊ အကြည်ထရိုး၊ ၎င်းလူအမျိုးမျိုးတို့နှင့် တညီတညာတည်းဖြင့် စစ်လှေအမြောက်အမြားလိုရာက ယူသွားလျက် ဇီးငုတ်တိုရွာတွင် တပ်စခန်းချပြီးမှ တိုက်ခိုက် လုယက်နေကြသည်ကို ကျိုန်းတုံးညိုကြား သိလတ်သော် မရပ်မဆိုင်းဘဲ လေမုန်တိုင်းတိုက်သကဲ့သို့ အပြင်းအထန်ဖြင့် ရင်ဆိုင်တိုက်ကြ လေရာတွင် ရှေ့ကလိုက်ပါသူ သက်စံရွှေစစ်ကဲရဲဘော် ၎င်းလူနှစ်ယောက်တို့မှာ တော်ရာအရပ် တစ်ပါးသို့ ပြေးသွားကြလေကုန်၏။ နောက်လိုက်သူ အပေါင်းအဖော်တို့တွင် အချို့သူကို သတ်၍

အချို့သူကို အရှင်လွှတ်လိုက်ပေ၏။ ထိုနောက် သံတွဲစား ဇေယျဖြူ လောင်းကြက်မြို့စား ငစံ၊ အနောက်ဝန်မှူး ယက်သည်း ၎င်းစစ်ဗိုလ်ကြီးတို့က ကြောက်လန့် တုန်လှုပ်ခြင်းတို့ကြောင့် ကြက်သရေရွာသားတို့နှင့် တိုင်ပင်စည်းလုံးညီညွတ်ပြီးမှ တန္တဗိုလ်မင်းထံသို့ လာရောက်ကြပြီးလျှင် အမှားခံစာချုပ်တွင် လက်မှတ်ရေးထိုးကြကုန်၏။

သက္ကရာဇ် ၁၀၆၇ခုနှစ် ကဆုန်လဆုတ်(၄)ရက်၊ တနင်္လာနေ့တွင် စစ်ကဲရဲဘော်က လူအင်အားတို့နှင့် မြို့ရွာဇနပုဒ် များကို လုယက်ဖျက်ဆီးကာ တစ်ဖန်နေပြန်လေ၏။ ထိုအကြောင်းကို ကျိန်းတုံးညို ကြားသိလတ်မူ ဆူပူသောင်းကျန်းနေ သော ရန်သူအပေါင်းတို့ကို ကြောင့်ကြစိုးရိမ်ခြင်း မရှိ။ မီးပုကို ရေယူ၍ သတ်ဘိသကဲ့သို့ ပကတိအတိုင်း ငြိမ်းစေခြင်းငှာ ကြီးစွာသောစစ်တပ်ဖြင့် တိုက်ဖျက်လေရာ ခဏချင်းပင် အောင်မြင်ခြင်းသို့ ရောက်လေ၏။ စစ်ကဲရဲဘော်မှာ မော်၍ မကြည့်ဝံ့ခဲ့ဘဲ ကျောက်ခုတ်၊ စအင်းဘက်သို့ ထွက်ပြေးပြီးသော ထိုအရပ်၌ ခံတပ်ချ၍ ခုခံတိုက်ခိုက်နေလေပြန်၏။ ကျိန်းတုံးညိုကလည်း ကုန်းကြောင်း၊ ရေကြောင်း ခရီးလမ်းစဉ်ဖြင့် လိုက်တိုက်လေရာ ပိန္နဲချောင်းကျွန်းသို့ လက်ပန်းကျကာ ပြေးသွားတိမ်းရှောင်နေလေပြန်၏။ ထို့နောက် လေးမြို့ချောင်းက စစ်သူကြီး နန္ဒဗလသည် ပါးတော်အရပ်က ပုန်းလျှိုးလျှက် စစ်သည်တော် ဗိုလ်ထုနှင့် တစ်စုတစ်ရုံးတည်းဖြင့် လာရောက်တိုက်ဖျက်၍ လူမြင်သမျှကို နှိပ်စက်ကလူပြုလုပ်နေသည်ကို တန္တဗိုလ်ကြားသိလတ်သော်မူ ထိုမသူတော်နန္ဒဗလစစ်သူကြီးကို တစ်ဟုန်တည်း ဖိစီးနှိပ်ကွပ်လိုက်ရာတွင် အလုံးစုံ တပ်သားတို့ ပြိုပျက်၍ လေးမြို့ချောင်းသို့ တုန်လှုပ်ချောက်ချား ကြောက်အားနှင့် ဝင်ပြေးသွားကြလေကုန်၏။ ၎င်းနှစ် တန်ဆောင်မုန်းလဆုတ် (၇)ရက် ကြာသပတေး နေ့ ဦးရာဇ်တောင်စားဖြစ်သူ ပြည်ထောင်ညိုကနေလျက် ဆူပူမှုမအေးချမ်းအောင် သောင်းကျန်း နေပြန်လေ၏။ ထိုရန်သူကိုလည်း တန္တဗိုလ်မင်းက ချက်ချင်းသွားတိုက်၍ ရန်သူငမဲကို လက်ရဖမ်းဆီး ထားလေပြန်၏။ ၎င်းနောက် ကျွန်းသူကြီး အောင်ဆွလည်း ဘောက်ချောင်းစွန်းတောင်အရပ်၌ သက္ကရာဇ် ၁၀၆၈ ခုနှစ်၊ တော်သလင်းလမှ စစ်တပ်ကြီးချလျက် ပေါင်းထွတ်ရွာကို တိုက်ဖျက်လုယူမည် ကြံနေလေ၏။ ထိုအကြံကို တန္တဗိုလ်မင်းက သတင်းကြားလေသော် ပေါင်းထွတ်ရွာသားများတို့ကို ကျိန်းကျွန်း တိုက်နယ်အတွင်းသို့ ချက်ချင်းပြောင်းရွှေ့ထားလေ၏။ စန္ဒဝိမလဓမ္မရာဇာမင်းကိုကား မြို့ဟောင်းမှ ပြောင်းယူပြီးလျှင် "စလက်ာသူ" ခေါ်သော တောင်မော်တွင်း ဝါးနန်းတော် တစ်ခု ဆောက်လုပ် နေတော်မူစေ၏။

ထိုအခိုက်အတန့်မှာ နန္ဒဗလစစ်သူကြီးမိုက်က တိုက်ခိုက်ခိုးယူ၍ တောတန်းကျွန်း၌ ထားပြန်လေ၏။ ယင်းသို့ သောအကြောင်းကို တန္တဗိုလ်မင်း ကြားသိလတ်သော် အလွန်ပြင်းထန်သောစစ်လက်နက်ဖြင့် မိုးကြိုးစက်ခွင်းသကဲ့သို့ အပြင်းလာရောက်တိုက်ခိုက်လေ သောကြောင့် နန္ဒဗလစစ်သူကြီး ခိုးသူမိုက်မှာ ပြန်လှန်ကာ မတိုက်ခဲ့နိုင်ဘဲ ဘောက်ချောင်း အရပ်ရှိ ခံတပ်ကြီးသို့ ထွက်ပြေးသွားလေ၏။ စန္ဒဝိမလဓမ္မရာဇမင်းကား အိမ်နိမ့်သက်တော် ၂၀၊ နန်းစံသက်တော် ၆နှစ် သက္ကရာဇ် ၁၀၆၈ ခုနှစ်တွင် နန်းကျတော်မူလေ၏။ နံတော် တနင်္လာသားတည်း၊ နန်းကျပြီးမှ တိုင်းပြည်တွင် မနေနိုင်ခဲ့ဘဲ အနောက်ပြည်သို့ သွားရောက်နေတော်မူ၍ ထိုပြည်မှာပင် နတ်ရွာစံတော်မူလေ၏။

ဤသို့လျှင် ရခိုင်ပြည်မှာ မင်းမတည်၊ ပြည်မရပ်ဖြစ်နေဆဲအခါကို တောင်ဘက်စားရဲဘော်သီဟသားတော် "သတိုးလှ"သည် မိဖုရားဖြစ်သူ "ဖွားသွေး"နှင့် အဘိသိက်ခံ၍ "စန္ဒသူရိယရာဇာ"ဟူသော ဘွဲ့နာမတော်တံဆိပ်ဖြင့် သက္ကရာဇ် ၁၀၆၈ခုနှစ်၊ တန်ခူးလဆန်း (၁)ရက် ကြာသပတေးနေ့ ထီးနန်းအုပ်ချုပ် မင်းလုပ်စိုးစံတော်မူလေ၏။ ထိုမင်း လက်ထက်မှာလည်း ပြည်ရွာမအေးချမ်း၊ ဆူပူသောင်းကျန်းမြဲတိုင်းပင် သောင်းကျန်းနေပြန်လေ၏။ ပေါ်ပေါက်သမျှသော ရန်သူအပေါင်းတို့ကို မင်းခမ်းစိုးခမ်း၌ လိမ္မာသော တန္တဗိုလ်မင်းသည် အကြွင်းမရှိရအောင် နှိပ်ကွပ်ဆောင်ရွက်မှုကိစ္စဖြင့် ဘုရင်မင်းမြတ်အား နှစ်သိမ့်စေတော်မူရလေ၏။ ထိုစန္ဒသူရိယရာဇာမင်းကလည်း နန်းသက်မရှည်၊ အိမ်နိမ့်သက်တော် ၄၆နှစ်၊ နန်းစံသက်တော် ၄နှစ်၊ သက္ကရာဇ် ၁၀၇၂ခုနှစ်၊ တော်သလင်းလတွင် သက်တော် ၅၀ပြည့်သောအခါ လူဆိုး တန္တသူခိုး ဓားပြတို့ပုန်ကန်သောကြောင့် နတ်ရွာစံတော်မူလေ၏။ နံတော်ကား တနင်္လာသားတည်း။

ထိုမင်းအနိစ္စရောက်ပြီးသည်နောက် မကြာမီပင် တန္တဗိုလ်မင်း ခေါ်ဆို ကျိန်းတုန်းညိုသည် "သီရိဝဇီရ"ဟူသော ဘွဲ့အမည်ကို ခံယူ၍ ကျိန်းတိုက်တွင် ထောင့်ချောင်းကြီးအရပ်ကနေလျက် ရခိုင်ပြည်ကို ယာယီမင်းအဖြစ်ဖြင့် သိမ်းပိုက် အုပ်ချုပ်ခဲ့ခြင်းငှာ အခိုက်အတန့် ထီးနန်းစိုးစံတော်မူလေ၏။ ယင်းသို့သောအခါ ဆင်ခြင်တော်မူသည်မှာ ကြော် ငါသည် ရွှေထီးရွှေနန်းရှင် မဖြစ်ရသေးတကား၊ သို့သော် ငါ့ထက်အပြင် အခြားမင်းမရှိချေ။ ငါသည် ရှေးရှေးမင်းတို့၏ကျင့်ဝတ်တရားနှင့်အညီ ပါရမီကုသိုလ်ကို ဖြည့်ကျင့်အပ်ရကား အဘယ်ဝတ္ထုပစ္စည်းဖြင့် ဘုရားသခင် သာသနာတော်ကို စည်ပင် ပြန့်ပွားလေအောင် ကြံဆောင်ချီးမြှင့်ရပါအံ့နည်း။ ကုသိုလ်ကောင်းမှုနှင့်

ကင်း၍ မင်းမဖြစ်ရာ၊ ဤသို့စသည်ဖြင့် ရတနာသုံးပါးဂုဏ်တော်ကို အောက်မေ့ကာနေစဉ် တစ်နေ့သ၌ ညီလာခံဗိုလ်ထုအလယ်တွင် မှူးမတ်တို့နှင့် ဆွေးနွေးနေလေရာဝယ် လူယောင်ဆောင်သော သာသနာတော်စောင့်နတ်တစ်ဦးက ဓာတ်တော်တစ်ဆူကို ယူဆောင်လာပြီးလျှင် သီရိဝဇီရမင်းအား ဆက်သလျှောက်တင်လေ၏။ အရှင်မင်းမြတ် ဤကား ဘုရားသခင်၏ ကျောက်ကုန်းတော်မှဖြစ်သော ဓာတ်တော်တည်း။ လျှောက်ပတ်သောအရပ်၌ စေတီတည်၍ ကိုးကွယ်ဆည်းကပ်သင့်ပါသည်။ ဤသို့လျှောက်တင်၍ ထွက်သွားလေ၏။ သီရိဝဇီရမင်းမြတ်ကလည်း အားရနှစ်သက်ဝမ်းမြောက်တော်မူသောကြောင့် လျှောက်ပတ်သော ကုသိုလ်တော်စေတီတည်ရာကို ကြည့်ရှုလတ်သော် မိမိနေရပ်နှင့် နီးစပ်သော ကျိုန်းတော်တောင်ထွတ်တွင်ကား ရှေးမင်းမြတ်တို့ ပူဇော်ခဲ့အပ်သော စေတီတော်ဓာတ်ဟောင်းတစ်ဆူ ရှိလေပြီ။ ဤစေတီတော်ဓာတ်ကို အသစ်ထပ်မံ၍ လုပ်ကိုင်ရုံသာ လိုတော့သည်။

ရှားပါးသောနေရပ်မှာ ဤငါရရှိသော ဓာတ်တော်ကို စေတီတည်၍ ဌာပနာထားခဲ့ရမူကား သင့်မြတ်ရာသတည်း။ ကုသိုလ်တော်လည်း နှံ့ပြားရာ၏ဟု ဆင်ခြင်ကြည့်ရှုလတ်သော် ကျိုန်းတော်တောင်တန်း တစ်လျှောက်တွင် မြောက်ဘက် အစွန်းဆုံး၌ တောင်ကုန်းတစ်ခုကို မြင်တော်မူသောကြောင့် မနိမ့်လွန်း မမြင့်လွန်းသော ထိုတောင်ကုနန်းထက်၌ ပန်းရံ သမား အမြောက်အမြားတို့ကို ခေါ်ပြီးလျှင် တစ်ခါတည်းအပြီး အုတ်မြစ်ချစေလျက် စေတီတည်၍ ဓာတ်ကို ဌာပနာပြီးလျှင် သီရိဝဇီရကောင်းမှုတော်အမည်ဖြင့် ကမ္ပည်းစာတစ်ခု ရေးထိုးထားခဲ့ပေသည်။ ယင်းသို့ကျောက်ကုန်းတော်ဓာတ်ကို စေတီ တည်၍ ပြည်သူတို့အား ကိုးကွယ်ဆည်းကပ်တော်မူစေလေ၏။

ထိုသီရိဝဇီရမင်း တည်ထားခဲ့သော ကျောက်ကုန်းတော်ဓာတ်စေတီမြတ်ကို ကာလရှည်လျားသောအခါ အက္ခရာ တိမ်းပါးသောကြောင့် ယခုကာလ ကျောက်ငုံတော်ဓာတ်ဟူ၍ ခေါ်ဆိုကြကုန်၏။ ကျိုန်းတော်တောင်ထွဋ်တွင် တည်ရှိသော ရှေးဟောင်းစေတီတော်ဓာတ်ကိုလည်း သီရိဝဇီရမင်းမြတ်က အသစ်တစ်ဖန်မွမ်းမံစီခြယ်လျက် ရွှေငွေရတနာတို့ဖြင့် တင့်တယ်စွာလုပ်ကိုင်စေ တော်မူလေ၏။ စေတီတော်၏ဓာတ်နားကိုလည်း သီရိဝဇီရကောင်းမှုတော်အမည်တပ်ပြီးမှ ကျိုန်းတော်ရှင်ဘုရားဟု ရေးထိုး၍ ကျောက်ကမ္ပည်းစာတစ်ခုကိုလည်း စိုက်ထူထားခဲ့လေသည်။ တိုင်းနိုင်ငံသူ ရှင်လူအပေါင်းတို့ကလည်း ကြည်ဖြူလေးမြတ် ထိုစေတီဓာတ်ကို ကျိုန်းတော်ရှင် ဘုရားဓာတ် ဟူ၍အမည်တပ်လျက် ကိုးကွယ်ဆည်းကပ်ကြကုန်၏။

ထိုသီရိဝဇီရမင်းလက်ထက်မှာ ကျိန်းကျွန်း၌ လူများစည်ကား၏။ ရပ်ရွာတို့ကလည်း ကြက်ပျံမကျ စည်းကား သာယာ၏။ ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ကြောင့် ရတနာရွှေငွေ တိုးပွားများပြည့်စုံ၍ လိုရာမတ ပြည့်စုံကြ၏။ ပြည့်ရှင် မင်းကလည်း မင်းကျင့်တရား ဆယ်ပါးနှင့်အညီ ပါရမီကုသိုလ်မျိုးကို အားထုတ်ရွက်ဆောင်တော်မူလေ၏။ ထိုအခိုက်တွင် ရတနာပူရအင်းဝပြည့်ရှင် ဘုရင်ထီးဆောင်းဖြစ်သော "သီရိမဟာသူရဓမ္မရာဇာ"မင်းက ရခိုင်ပြည်မှာ မင်းမရှိဟု ကြားသိ ရှိသည့်အတွက် မဟာမြတ်မုနိဘုရားကြီးသိမ်တော်ကို ငါတစ်ကြိမ်ဆောက်လုပ်လိုသည်။ ရခိုင်ပြည်သူ ပြည်သားတို့က သဘောတူကြမည်။ သို့မဟုတ် ငြင်းပယ်ကြမည်ကို အတိအလင်း သိလိုသည်။ ယင်းသို့သော အကြောင်းဖြင့် စုံစမ်းစေခြင်း ငှာ စေတမန်လွှတ်၍ ရာဇသံပေးတော်မူလိုက်လေသ တည်း။ ထိုအကြောင်းအရာကို သီရိဝဇီရခေါ်သော ကျိန်းဘုရင် ကြားသိ၍ ရတနာပူရ အင်းဝပြည့်ရှင် စကားကိုလက်မခံဘဲ ချိပ်အိတ်တံဆိပ်စာနှင့် ရာဇသံပြန်ကြားလိုက်သည်ကား ရခိုင်ပြည်တွင် ငါဘုရင်ထင်ရှားရှိသည်။ ရခိုင်ပြည်လုံးသည် ငါ၏လက်နက်နိုင်ငံဖြစ်သည်။ ဘေးဘိုးလက်ထက်ကပင် ယခုထက်တိုင်အောင် ဆင်းသက်၍ ထီးရိုး၊ နန်းရိုးမပျက် ဇာတိရင်းအနွယ်ဝင် ရာဇာဓိရာဇ်ရှိနေသည်။ စစ်တိုက်လိုလျှင် အမြန်ချီတက်လာခဲ့၊ မဟာမြတ်မုနိဘုရားသိမ်တော်ကို ဆောက်လုပ်ဖို့ အခွင့်အာဏာမပေးနိုင်၊ ဤသို့ရာဇသံပြန်လိုက်ပြီးမှ သီရိဝဇီရမင်းသည် နန်းတက်မိဖုရား"ရွှေကူ"နှင့် အဘိသိက်ခံ၍ မြောက်ဦးမြို့တော်၌ သက္ကရာဇ် ၁၀၇၂ခုနှစ်၊ တန်ဆောင် မုန်းလဆန်း(၁)ရက်နေ့တွင် ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူလေ၏၊

ငယ်နာမည် ကျိန်းတုံးညို၊ မင်းမှုထမ်းနာမည် ဓနိတာခေါင်း စစ်ဗိုလ်နာမည် တန္တဗိုလ်မင်း၊ ထီးနန်းနာမည် စန္ဒဝိဇယရာဇာ၊ ဤသို့လျှင် ဘွဲ့နာမတော်တံဆိပ်ဖြင့် ထီးနန်းအုပ်ချုပ်မင်းလုပ်လာရာ သက္ကရာဇ် ၁၀၈၀ ပြည့်တိုင် ရောက်သောအခါတွင် မဟာမြတ်မုနိဘုရားကြီး သိမ်တော်ကို အသစ်တစ်ဖန် ဆောက်လုပ်တော်မူပြန်လေ၏။ ထို့နောက် ရခိုင်တစ်ပြည်လုံး၌ နောင်တော်မင်းတို့ နည်းတူစွာ ကုသိုလ်ကောင်းမှုအနှံ့အပြားဖြစ်လေအောင် အဟောင်းကို ထပ်မံ၍ ပြုပြင်ခြင်း၊ အသစ်ပြု လုပ်ခြင်း အားဖြင့် သိမ်ပေါင်းရှစ်ရာ၊ ကျောင်းပေါင်းရှစ်ရာ၊ စေတီပေါင်းရှစ်ရာ၊ ဘုရားပေါင်းရှစ်ရာ ရေကန်ပေါင်းရှစ်ရာ ဌင်းကောင်းမှုတော်တို့ကို ပြီးစီးထမြောက်အောင်မြင်လေအောင် လုပ်ကိုင် ဆောင်ရွက်တော်မူလေ၏။ ကောင်းမှုကုသိုလ်တော် အောင်မြင်သောအခါ သီလဝန်၊ ဂုဏဝန်၊ ပညာဝန်၊ ရဟန်း၊ သူတော်ကောင်းတို့အား ပင့်ဖိတ်၍ ပစ္စည်းလေးပါးတို့ဖြင့် နိစ္စဘတ်ပေးကမ်း

လှူဒါန်းတော်မူလေ၏။ သာသနာတော်ကို ချီးမြှောက်ခြင်းငှာ ကျောင်း၊ ဘုရား၊ စေတီ၊ အလုပ်အကျွေးအတွက် တစ်နေရာ တစ်နေရာတွင် လူပေါင်းငါးယောက်ကျစီ လှူဒါန်းတော်မူခဲ့လေသည်။ ထိုမင်း လက်ထက်မှာ သာသနာတော်သည် အလွန်စည်ပင်ကြီးပွားခြင်းသို့ ရောက်လေ၏။

ထိုစန္ဒဝိဇယရာဇာမင်းအား သားတော်သမီးတော်တို့သည်လည်း များစွာရှိကုန်၏။ ထိုတွင် "ပြစ်ဝခုံဆရာတော်"ကို ဝိနည်းမိုရ်တင်မြှောက်၍ သားတော်ဖြစ်သူ တောင်ဘက်မြို့သစ်စားကို အပ်နှံတော်မူလေ၏။ ဦးရီးတော် "ငါးခူတောင် ဆရာတော်"ကို သာသနာပိုင်ကြီးခန့်ထား၍ သားတော်ရဲဘော်သည် သမီးတော်ရုပ်ဆွေနှင့်လက်ထပ်ပြီးလျှင် ကျိန်းတိုက် တွင် အိမ်ရှေ့စံအဖြစ်ဖြင့် အပိုင်စားပေးလျက် ထိုငါးခူတောင်ဆရာတော် သာသနာပိုင်ကြီးအား အပ်ထားတော်မူလေ၏။ ခေးပိုင်ကြီး၊ စိုင်းတင်စား၊ ကုလတန်စား၊ ဘဖြူစသော သားတော်တို့လည်း ဆိုင်ရာဆိုင်ရာတွင် ရာထူးဌာနန္တရပေးအပ် မြှောက်စားတော်မူလေ၏။ မိမိသူရဲဘော်ကြီးများအနက် မျက်ရှင်ကို စစ်ကဲကြီးအရာပေးတော်မူလေ၏။ ဘုရင်ဖြူကို မှိုင်းစစ်ကဲကြီး ရာထူးကို ပေးအပ်တော်မူလေ၏။

သက္ကရာဇ် ၁၀၈၁ ခုနှစ်၊ တန်ဆောင်မုန်းလတွင် စန္ဒဝိဇယရာဇာမင်းသည် အရှေ့နိုင်ငံကို တိုက်ခိုက်လိုသည့် အတွက် အင်္ဂါလေးပါးနှင့် စစ်ချီတက်လေရာ မင်းတုန်းမြို့သို့ ဆိုက်ရောက်လေ၏။ မင်းတုန်းမြို့စားသည် ကြောက်လန့် တကြားနှင့် ရှောင်ရှားထွက်ပြေးသွားလေ၏။ စန္ဒဝိဇယရာဇာမင်းသည် မြို့တော်ကိုသိမ်းမြန်းလျက် ထိုမြို့တော်မှစတင်ကာ တိုက်ခိုက်လေရာ သရေခေတ္တရာမြို့ကို ရှေးဦးစွာနိုင်ပြီး ၎င်းမြို့မှတစ်ဖန် ရဲမက်အသီးသီးတပ်စွဲလျက် တိုက်ဖျက်လေပြန် သော် စကု၊ စလင်း၊ ဆင်ဖြူကျွန်း အစရှိသောမြို့တို့ကို အောင်မြင်တော်မူလေသည်။ ယင်းသို့သော နည်းအစဉ်ဖြင့် မြန်မာမင်းတို့ လက်နက်နိုင်ငံကို တိုက်ဖျက်ခါနေဆဲတွင် ရခိုင်ပြည်မှာ မိဖုရားခေါင်ကြီး နတ်ရွာစံကြောင်းကို ကြားသိလတ်သော် မင်းကြီးသည် မြန်မာ၊ တလိုင်းလူမျိုးတို့ကို ဖမ်းဆီးပြီးလျှင် ယူလာပြီးလျှင် ပြန်လာတော်မူ၍ စစ်ဗိုလ်ချုပ်တို့ကို စစ်မပြေငြိမ်းသမျှ တိုက်ခိုက်နေလိုက်ရမည်ဟု အမိန့်အာဏာ ပေးထားတော်မူခဲ့လေ၏။ မင်းကြီးနှင့်အတူ ပါလာသူ မြန်မာတလိုင်းလူမျိုးတို့ကို ရခိုင်ပြည်တွင် ငါးဇင်ရိုင်းချောင်းနှင့် ကြပ်စင်ကျွန်းမှာ ရွာတည်၍ထားတော်မူခဲ့လေ၏။ မင်းကြီးသည် ကား မိမိနန်းတော်သို့ အမြန်ပြန်လာပြီးလျှင် မိဖုရားခေါင်ကြီးကို ရှေးမင်းမိဖုရားတို့နည်းလမ်းအတိုင်း သင်္ဂြိုဟ်တော်မူလေ၏။

သက္ကရာဇ် ၁၀၈၃ ခုနှစ်၊ တပို့တွဲလတွင် ကုလားတန်မြစ်ဖျားက စစ်ကွပ်ကြီးဖြစ်သူ ကျော်သွေး၊

ငပုလဲ၊ ငချစ်ရာ စသောသူတို့သည် ထကြွသောင်းကျန်းနေကုန်၏။ ထိုအခါ စန္ဒဝိဇယရာဇာမင်းက ခဏချင်း ငြိမ်းအေးစေ၍ ခြေတော်ရင်းသို့ ဆောင်ယူပြီးလျှင် ကျွန်စာရင်းထိုးထားတော်မူ၏။ သက္ကရာဇ် ၁၀၈၅ခုနှစ်၊ နတ်တော်လသို့ရောက်သောအခါ စစ်တကောင်းစသော မြို့ရွာတို့၌ အကြီးအကျယ် စစ်ပွဲကြီး ဖြစ်နေသည်ကို ကြားသိလတ်မူ စစ်အင်္ဂါလေးပါးတို့ဖြင့် အပြင်းအထန်သွားရောက်တိုက်ခိုက်လေသော် ရန်သူအပေါင်းကို အောင်မြင်တော်မူလေ၏။ ထိုမဟာစစ်ကြီး ငြိမ်းအေးပြီးမှ ရွှေမြို့တော်သို့ ပြန်လာခဲ့ရာတွင် ကျောက်ပန်းတူကို ရောက်လျှင် ရောက်ချင်း လေပြင်းမုန်တိုင်းကြီး တိုက်ခတ်လေသော ကြောင့် လှေ၊ သင်္ဘောတို့သည် ပျက်စီးခြင်းသို့ ရောက်လေကုန်၏။ သားတော်ဖြစ်သူ တောင်ဘက်မြို့သစ်စားလည်း ရေထဲတွင် ကျဆုံးသွားလေ၏။ ဝိနည်းမိုရ်ဆရာတော်ကလည်း ငါ့တပည့်သေလျှင် ငါလည်း နေနိုင်ဖွယ်မရှိပြီဆို၍ ရေထဲ တွင်ပင် ဆင်းသေလေ၏။ စန္ဒဝိဇယရာဇာမင်းက ရွှေမြို့တော်သို့ ဆိုက်ရောက်တော်မူလေ၏။ ထိုအခါ၀ယ် လက်ဝဲမြန်မာ အမတ်ကြီးကို မနာလိုသော စိတ်အကြံဖြင့် မိဖုရား၊ သားတော်၊ သမီးတော်၊ မောက်တော်ကြီးမတို့က မင်းကြီးအား ယုံကြည်လောက်အောင် အဖန်ဖန်လျှောက်တင်ကြကုန်၏။ မင်းကြီးလည်း ထိုသူတို့၏စကားကို ယုံမှားမိသဖြင့် မိမိလက်ဝဲ မြန်မာအမတ်ကို ကျားစာကျွေး၍ သတ်အံ့ဟုကြံပြီးသော ကျားသတ်ရန် တောသို့စေလွှတ်လိုက်ပေ၏။ အမတ်ကြီးလည်း ဒိုင်းကျီအရပ်မှ ကျားတစ်ကောင်၊ ပုဏ္ဏားတောင်မှ ကျားတစ်ကောင်၊ ဝသံတောင်မှ ကျားတစ်ကောင်၊ ၎င်းကျားတို့ကို အသီးသီးသတ်၍ မင်းကြီးအား ဆက်သလေ၏။ ဘုရားလှရွာတွင် ကျားတစ်ကောင်ကို သတ်ရာ၌ ဓား၊ သန်လျက် မထက်သောကြောင့် ကျားကပြန်ကိုက်လေရာ လက်ဖျန်၌ အနာရလေ၏။ ကျွန်ရင်းဖြစ်သူ “ဝရောင်းချောင်စား”ဝင်ခုတ်မှ သာ ကျားသေလေ၏။ ကျားသေကို မင်းကြီးအား တင်ပြလေ၏။ မင်းကြီးက လက်ဝဲမြန်အမတ်၌ ကျားကိုက်သော ဒဏ်ရာကို ကျားဆိပ်နှင့်မသင့်သော ဆေးဖြင့် ကုစားလေသော် လက်ဝဲမြန်အမတ်ကြီးမှာ သေမင်းရွာသို့ လိုက်ပါသွားရလေ သတည်း။

အခြင်းအရာဖြစ်ပုံကို သမက်တော်သာမကြားသိရ၍ တလိုင်း၊ ကုလားတို့နှင့် ညီညာပြီးလျှင် ယောက်ခမတော် စန္ဒဝိဇယရာဇာမင်းကို နန်းထက်မှာပင် ပုန်ကန်လေသောကြောင့် အိမ်နိမ့် ၄၅နှစ်၊ နန်းစံ ၂၁-နှစ်၊ သက်တော် ၆၆ နှစ်၊ သက္ကရာဇ် ၁၀၉၃ခုနှစ် ကဆုန်လတွင် နတ်ရွာစံတော်မူလေ၏။ နံတော်ကား သောကြာသားတည်း။ ထိုစန္ဒဝိဇယရာဇာမင်း နတ်ရွာစံပြီးသော် ထိုနှစ်မှာပင် သမက်တော်သာမသည် မိဖုရားမှောက်တော်နှင့် နန်းတက်၍ ‘‘စန္ဒသူရိယ’’ဟူသော ဘွဲ့နာမည်တော်တံဆိပ်ကို ခံယူတော်မူလေ၏။ ဤတွင် ကျိန်းတုံးညိုရာဇဝင်ပြီး၏။ ။

ဦးကိတ္တိ

# ဆဒ္ဒိုင်ကန်

**အောင်လှသိန်း**

ဆဒိုင်ကန်သည် ရခိုင်သမိုင်းဝင်အရပ်တစ်ခုဖြစ်သည်။ ယခုမင်းပြားမြို့၏တောင်ဘက်အနီး ကြတ်စင် ကျွန်းတွင်ရှိသည်။ ဤအရပ်မှာ ကျွန်း၏အရှေ့မြောက်အရပ် လေးမြို့မြစ်ခွဲတစ်ခုအပေါ်တွင် မေးတင်လျက်ရှိပါ သည်။ မင်းပြားမှ သုံးမိုင်ခန့်သာ ဝေးသည်။ ဤအရပ်ကို ခေတ်လူများက မသိရှိကြတော့သည်သာမက မြေပုံတွင် လည်း မပါရှိတော့ပေ။

ယခု ဆဒိုန်ကန်အရပ်တွင် ကမ်းနဖူးအနီး၌ ကန်ကြီးသုံးကန်ရှိနေပါသည်။ ကမ်းနှင့်ဝေးသော ကန်ကြီးတစ်ကန်သာ ယခုရေရှိပါတော့သည်။ ကျန်နှစ်ကန်မှာ မပီပြင်လှတော့ပါ။ ကန်ပေါင်ရိုးများမှာ အပိုင်း အပြတ်များလှပြီး မြေတွင်ဝပ်စင်းသွားရန် အားယူနေကြပါသည်။ ဤကန်ကြီးသုံးကန်နေရာ သည် လွန်ခဲ့သော အနှစ်လေးဆယ်ခန့်ကအထိ လောင်းဆိပ် လှေဆိပ်ကောင်းတစ်ခုဖြစ်ခဲ့ကြောင်း လူကြီးသူမတို့၏ စကားအရသာ သိရှိရပါတော့သည်။ ယခုမူ ဤအရပ်၌ အပင်ကြီး၊ အရိပ်ကြီးများ ဟူ၍ မရှိကြတော့ပေ။ အရှေ့ဘက်အနီးတွင် မြောင်းငယ်ဘေး၌ နတ်ပင်တစ်ပင်ရှိပါသည်။ ယခုတိုင် ကိုးကွယ်ပသနေရသည်။ ရှေးအခါက ခရီးသွားများသည် ဤနတ်ကိုသာ ပူဇော်ပသကြရမြဲ ဖြစ်ကြောင်းဆိုပါသည်။ ဆဒိုင်ကန်၏ မြောက်ဘက်ကမ်းတွင် ဇီးပင်ကြီးရွာရှိပါ သည်။

ကန်အရပ်၏အနောက်ဘက်အနီးတွင် ကပ်လျက်ချောင်းငယ်တစ်ချောင်းက တောင်ဘက်သို့တက်သွားပါသည်။ ဆဒိုင်ကန်ချောင်းဟုဆိုပါသည်။ လယ်ကွင်းများကို ဖြတ်သွားပြီး နောက် မနီးမဝေးရှိ တောင်ကုန်းငယ် တစ်ခုအနီးသို့ ချောင်းတက်ငယ်တစ်ခု တက်သွားပါသည်။ ဤတောင်ကုန်းပေါ်တွင် ယခု စေတီတစ်ဆူကိန်းဝပ် သည်။ ဤတောင်ကုန်းငယ်၏ မြောက်ဘက် တောင်ခြေတွင် ကန်ပျက်တစ်ခုရှိပါသည်။ ကျေးပင်များ ပေါက်နေပြီ ဖြစ်သည်။ ခြောက်သွေ့ရာသီ၌ ရေမရှိပါ။ ကျွဲလူးအိုင်တမျှသာ ရှိပါတော့သည်။ ဤကန်ကို ဆဒ္ဒန်ကန် ဟုခေါ်ကြောင်း ဒေသခံတို့က ဆိုကြပါသည်။ ဆဒ္ဒန်ဆင်ဖြူတို့ ပျော်မြူးကျက်စားရာ အရပ်တစ်ခုဟု ဆိုဖွယ်ရာ ရှိပါသည်။ ဆဒ္ဒန်ကန်မှ အသံပြောင်းကာ ဆဒိုင်ကန်ဖြစ်သွားနိုင်ပါသည်။ ရခိုင်စကား၌ အချို့သော (အန်)ကာရန် တို့သည် (အိုင်)ကာရန်သို့ ပြောင်းတတ်သည့်သဘောရှိပါသည်။ ဥပမာအားဖြင့် စရံကို စရိုင်၊ သမ္ဗန်ကို သမင်ဗို၊ သမ်ဗိုင်၊ (လိမ်း)ကျံကို ကျိုင်ဟူ၍ ယခုတိုင် တွေ့မြင်နိုင်ပါသေးသည်။ ဆဒ္ဒန်မှ ဆတ်ဒိုင်၊ ယင်းကမှ ဆဒိုင်ဟု ပြောင်းလဲသွားနိုင်ပါသည်။ ရာဇဝင်၌ ဆေးဒိုင်ကန်ဟု တွေ့ရပါသည်။

ဆဒ္ဒန်ကန်ရှိရာတောင်ကုန်း၏ တောင်ဘက်အပိုင်းမှာ တောင်ကုန်းငယ်များ ထူထပ်ပါသည်။ အနီးအနားတွင် ကေသလာရွာ၊ ချောင်းဝရွာ၊ လက်ဝါးခတ် ဖလောင်းပြင် စသည်ဖြင့် ရွာကြီး ရွာငယ်များ ရှိကြပါသည်။ ဤဒေသမှာ ယခင်က ကေသလာမြို့ဟောင်းတစ်ခု ရှိခဲ့ကြောင်း အဆိုရှိပါသည်။ ကေသရာဇာမြို့ဟုလည်း ဆိုကြပါသည်။ ဆဒ္ဒန်ကန်ရှိရာ တောင်ကုန်း၏ အနောက်ဘက် အနီးတွင် ကြတ်စင်တောင်တန်းရှိပါသည်။ ဤတောင်တန်း၏ မြောက်ဘက်အဆုံးတွင် ကျွန်းဦးရှင်မခေါ် ရာဇာကြီးနတ်နန်းရှိပါသည်။ ဤတောင်ဦးမော်သို့ လေးမြို့မြစ် (ရာမောင်မြစ်)သည် ဦးတည်စီးဆင်းပြီး မြစ်နှစ်မွှာခွဲထွက်သွားသည်။ အရှေ့ဘက်ရေကြောသည် ဆဒိုင်ကန်အနီး၌ ဖြတ်သန်းပြီး တစ်ဖန် ရေကြောနှစ်ခုခွဲကာ မြေပုံမြို့အနီး၌ ပင်လယ်ထဲသို့ ပေါင်းဆုံစီးဆင်းသည်။ အနောက်ဘက်သို့ ခွဲထွက်သော ရေကြောမှာ မြစ်လက်တက်ပေါင်းများစွာ ဖြာထွက်ပြီး ပင်မ ရေကြောသည် ပေါက်တောမြို့အနီး၌ဖြတ်ကာ ကုလားတန်မြစ်ဝဲထဲသို့ စီးဝင်ပါသည်။ ကြတ်စင် တောင်မော်သည် မင်းပြားမှ နှစ်မိုင်ခန့်သာ ဝေးပါသည်။ ကြတ်စင်တောင်တန်းသည် အလယ်ပိုင်းတွင် တောတောင်ထူထပ်ပြီး မြေပုံမြို့အထိ သွယ်တန်းသွားသည်။ စုစုပေါင်း မိုင် ၂၀မျှ ရှည်လျားပါသည်။ အမြင့်ဆုံးတောင်မှာ ရင်းတောင်ဖြစ်ပြီး ပေ ၁,၀၂၉ပေ မြင့်ပါသည်။ ဤတောင်ထိပ်နှင့် ဝန်းကျင် အရပ်သည် ရှေးအခါက အလွန်အရေးကြီးသည့် အရပ်တစ်ခု ဖြစ်ခဲ့ကြောင်း ဒဏ္ဍာရီသမိုင်းများက ဖော်ပြကြပါသည်။ ဤရပ်တစ်ခွင်ကို ကြီးစိုးခြင်းသည်ပင် ရှေးအခါက ကုလားတန် လေးမြို့လွင်ပြင် တို့ကို ပိုမိုင်ကွပ်ကဲနိုင်သည်ဟူ၏။

ရခိုင်နတ်စဉ်သမိုင်း၌ ဆဒိုင်ကန်၏ အရေးပါမှုကို ဤသို့တွေ့ရပါသေးသည်။ လေးမြို့မြစ် (အဥ္စနနဒီ) အဝပိုင်းကို စောင့်သောရာမောင်နတ်မသည် အစကနဦးတွင် နတ်နန်းအတွက် မြစ်ဝကျသော မြေပုံအနီးရှိ ဒိုင်ဘုံကျွန်းကို ရွေးချယ်ခဲ့ကြောင်း၊ ထိုအရပ်၌ တန်ခိုးကြီးနိုင်မည့် အနေအထားမရှိသဖြင့် အထက်သို့တက်လာရာ ဆဒိုင်ကန်အရပ်တွင် နတ်နန်းတည်ကြောင်း နတ်စဉ်သမိုင်း၌ ဤသို့ဆိုထားပါသည်။

“ရာမောင် ရာလေကူးသန်း၊ ရွှေကြာဘုံလေ၊ ဒိုင်းပုံကျွန်းမှာ၊ နန်းရာမချ၊ ငမိယေလိုင်၊ ဆဒိုင်ကျွန်းမှာ၊ နန်းရာချလို့၊ နန်းစံလှကော၊ နန်းလှပွတ်တိုင်၊ ကြီးဝါပြောင်ကော။ ရမောင်နန်းမှာ၊ ရွှေဒန်းကိုင်လို့”

(ဤစာသားအရ ရာမောင်နတ်ကွန်းမှာ ဆဒိုင်ကျွန်းတွင်ရှိပြီး ကြေးဝါဖြင့် တည်ဆောက်

ထားကြောင်း သိသာလှပါသည်။)

ဤသို့ဖော်ပြချက်မှာ ဆဒ္ဒန်ကန်၏အနေအထားအရ ကောင်းမွန်၍ ဖြစ်နိုင်ပါသည်။ ဆဒိုင်ကန်အနီး ကြတ်စင်တောင်မော်တွင် မြစ်ရေနှစ်မြွာခွဲထားသဖြင့် လေးမြို့မြစ်ညာသို့သာမဟုတ်၊ မြေပြဇာထက်သန်သော ကုလားတန်လွင်ပြင်သို့သာ ခရီးပေါက်ရောက်သည့် လမ်းဆုံလမ်းခွကြီး ဖြစ်နေပါသည်။ (ရာမောင်ရှင်မနတ်ကွန်း သည် နောင်တွင် ဤဆဒိုင်ကန်အရပ်မှ ယခုအညာအရပ် ကျသော ငစရိုင်းချောင်းကျွန်းသို့ ပြောင်းရွှေ့သွားကြောင်း ပါးစပ်ရာဇဝင်ရှိနေပါသည်။ မြေပုံတွင် ရာမောင်တောင်ဟု ပါရှိသည်။ )ဆဒိုင်ကန်အရပ်မှာ ခရီးလမ်းဆုံကျကြောင်း ရှေးဟောင်းစာပေ မှတ်တမ်း တို့တွင်လည်း တွေ့ရပါသည်။ မြောက်ဦးဘုရင် အဘယမဟာရာဇာ( ၁၇၆၄-၁၇၇၃) လက်ထက်၊ မဟာမုနိသိမ်တော်မီးခ၍ သိမ်တော်အသစ်ဆောက်ရန် ညီတော်ရမ်းဖြစားက တောင်စဉ်ကမ်းသို့ ချီတက်ရာတွင် ဤအရပ်၌ စခန်းတစ်ထောက်နားခဲ့ကြောင်း၊ ခရီးသွားမှတ်တမ်း၌ ဤသို့ပါရှိပါသည်။

"လက်ျာကျိုင်းတောင်၊ ခစားမျှောင်၍၊ ရာမောင်သန်းမော်၊ ယွန်းတောင်မြင့်၊ ကြတ်စင်ကျွန်းမှာ၊ ကေသလာ ကို၊ လက်ျာလည်းကောင်း၊ ပြွန်ချောင်းအဝ၊ ကမ်းနားစဝယ်၊ ချမ်းမြေ့ကျော်လှိုင်၊ ဆဒိုင်ကန်ဖြား၊ ချင်ကျင်ရိုမိုး၊ သောက်ချိုးယူဆောင်၊ ဗိုလ်သောင်းထောင်နှင့်၊ သာအောင်မွေ့ကာ၊ ဘာသာကြေကြေ၊ ပြွန်ရှည်ညာစောင်း၊ သင်းလောင်းချောင်းခို၊ ဘဖြိုဝေကွက်၊ ညာဘက် မြို့တောင်. . . "

(ကျခတ်ရာဇဝင် ခ-ကြောနှင့် ဝမ်းပါအတိုင်း ကူးထားပါသည်။ စာကျစာနနှင့် အကူးမှားများ ပါနေပါ သည်။ သို့ရာတွင် ဆဒိုင်ကန်နှင့်ပတ်သက်၍ ပေါ်လွင်ပါသည်။)

မြောက်ဦးနှောင်းခေတ်သမိုင်းတွင်လည်း နန်းတော်ကို ရန်သူတို့က ၁၇၇၅တွင် ဝိုင်းရံသည့်အခါ ဘုရင့် ယောက်ဖတော် လောင်းကြက်စား ဥက္ကါစံနှင့် ဆဒိုင်ကန်ဘုန်းကြီးတို့မှာ အသတ်ခံရကြောင်း ဖော်ပြပါရှိပါသည်။ ဤအချက်က ဆဒိုင်ကန်အရပ်မှ သာသနာ့ဝန်ထမ်းပုဂ္ဂိုလ် တစ်ပါးသည် မြောက်ဦးနန်းတွင်း၌ အရေးပါခဲ့ကြောင်း ဖော်ညွှန်းနေပါသည်။ ဆဒိုင်ကန်မှာ အရေးပါသောအရပ်တစ်ခု ဖြစ်သော်လည်း အုပ်ချုပ်ရေးအရမူ ကြတ်စင်ကျွန်းစား၏ လက်အောက် အရပ်တစ်ခုသာ ဖြစ်ပါသည်။ ကြတ်စင်စားမှာ ကြတ်စင်ကျွန်းမြောက်ပိုင်းကို စားရပါသည်။ သူ၏ဝင်ငွေတစ်ခုမှာ ဆဒိုင်ကန်ရှိ ဆိပ်ခွန်ကင်းဖြစ်ပါသည်။ အရပ်ဒေသ အနေအထားအရ

ဆဒိုင်ကန်သည် ဆိပ်ကမ်းဖြစ်ပြီး ကျွန်းစားမှာ ကေသလာအရပ်တွင် ရုံးစိုက်ခဲ့ပါသည်။ ဆဒိုင်ကန်အရပ်မှာ ရခိုင်တောင်ပိုင်းမှ မြောက်ဦးနေပြည်တော်သို့ ချဉ်းကပ်မှုကို ထိန်းချုပ်နိုင်သည့် အရပ်ဖြစ်သည်။ ဆဒိုင်ဝန်းကျင်တွင် ရာမောင် နတ်ကွန်းလည်းရှိသည်။ ရာဇဝင်၌ "ရာမောင်နတ်ကြီး ပြင်ကဆီးသည် တန်မီးတစ်ခါမပြုရာ''ဟု ပါရှိသည်က ဤအရပ် ဤဒေသသည် မြောက်ဦးမြို့တော်အတွက် အလွန်အရေးပါကြောင်း အထင်အရှားဖော်ညွှန်းနေပါသည်။

ဆဒိုင်ကန်ကို ရခိုင်ရာဇဝင်တွင် နောက်ဆုံးတွေ့ရသော ကာလမှာ ၁၇၈၄ခု ဒီဇင်ဘာလ ဖြစ်ပါသည်။ အမရပူရတပ်တို့က မြောက်ဦးမြို့တော်ကို သိမ်းပိုက်ရန် ချီတက်လာစဉ်ကဖြစ်သည်။ အမရပူရတပ်တို့သည် ရခိုင် တပ်တို့ကို အဆင့်ဆင့် အောင်နိုင်ပြီးနောက် ရခိုင်အလယ်ပိုင်းမှ ချီတက်လာကြသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ ဤသို့ဆိုထားသည်။

''ထိုကချီလျှင်၊ ဒလက်ချောင်းဝတွင် ချတော်မူသည်။ ထိုကချီတော်မူသည်။ နေ့သလူတောင်ကျွန်းတွင် ရခိုင်တပ်အများခံနှင့်သည်ကို တိုက်တော်မူသည်။ ယင်းတွင်ပင် ချတော်မူသည်။ ထိုကချီတော်မူလျှင် မိုးသီး နတ်တောင်မှာ ချတော်မူသည်။ ထိုစခန်းတွင် ယမုံကျွန်းစား ထားပိုင်ကြီး သံထွေ လူတစ်သောင်းကျော်နှင့် လက်နက်လက်ဆောင်အများဆက်သ၍ ခြေတော်ဦးခိုက် ကျွန်တော်ခံဝင်ရောက်လာသည်။ "ကြတ်စင်ကျွန်းစား လေးကျော်ထောင်ကဲလည်း လူနှစ်သောင်းကျော်နှင့် လက်နက်လက်ဆောင်အများဆက်သ၍ ခြေတော်ဦးခိုက် ကျွန်တော်ခံဝင်ရောက်လာသည်။"

(ဤနေရာတွင် ယမုံကျွန်းမှာ ရာမောင်ကျွန်းသာ ဖြစ်ပါသည်။ )

ဤမှတ်တမ်းအရ အညံ့ခံသူ လူသုံးသောင်းကျော်နှင့် ယင်းတို့၏ခေါင်းဆောင်သံထွေ (ဗိုလ်ချင်းပျံ၏ ဖခင်) နှင့်လေးကျော်ထောင်ကဲတို့သည် အမရပူရမြို့ကပင် ချီတက်လာခြင်း မဟုတ်ကြောင်း အခိုင်အမာ ဖော်ညွှန်းနေပါသည်။ ၎င်းတို့သည် စစ်တိုက်ရန် ကြောက်ရွံ့၍သော်လည်းကောင်း၊ အခွင့်အရေးတစ်ရပ်ကြောင့်သော်လည်းကောင်း အညံ့ခံခြင်းသာ ဖြစ်တန်ရာသည်။ မြောက်ဦးဘုရင်ကို ဖြုတ်ချရန် မူလက ရည်ရွယ်မှုရှိခဲ့ဟန် မတူချေ။ အချို့ရာဇဝင်တို့၌ ဤခေါင်းဆောင်တပ်မှူးနှစ်ဦးကို အမရပူရမှ ချီလာသည်ဟု ဖော်ပြထားခြင်းများမှာ အခြေအမြစ်မရှိကြောင်း ပေါ်လွင်ပါသည်။ ရာမောင်ကျွန်းစားရာထူးနှင့် ကြတ်စင်ကျွန်းစား ရာထူးများကို ဖော်ပြ ခြင်းက မြောက်ဦးဘုရင်ထံ ၎င်းတို့သည် အမှုထမ်းနေကြောင်း

ဖော်ပြနေပါသည်။

သမိုင်းအားဖြင့်ကြည့်လျှင် ဆဒိုင်ကန်၌ လူသုံးသောင်း အညွံ့ခံခြင်းမှာ မြောက်ဦးမြို့တော် စောစီးစွာ ကျဆုံးရခြင်း၏ အဓိကအကြောင်းရင်း တစ်ခုဖြစ်နေပါသည်။ စစ်အောင်သူတို့ကလည်း အညွံ့ခံခေါင်းဆောင် တပ်မှူးနှစ်ဦးကို တပ်တော်ရှေ့၌ပင် ချီစေခဲ့ပြီး ရန်သူမြောက်ဦးစစ်သည်တို့ကို စိတ်ဓာတ်ပျက်ပြားအောင် ဆောင်ရွက်ခဲ့မည်သာဖြစ်သည်။ ဤသည်ကို နှောင်းခေတ်ရာဇဝင်ဆရာတို့က အဓိပ္ပါယ်ကောက်ယူလွဲမှားကာ ၎င်းတို့သည် အမရပူရကပင် ပါလာခဲ့သယောင် ရေးသားခဲ့ကြပေလိမ့်မည်။

မြောက်ဦးခေတ်နိဂုံး၏ သမိုင်းဖြစ်ရပ်တစ်ခုကို ဆဒိုင်ကန်သည် အထက်ပါအတိုင်း ဖွင့်ဟထားပါသည်။ အခြားမှတ်တမ်းများလည်း ရှိကောင်းရှိပါလိမ့်မည်။ ။

အောင်လှသိန်း

မှီငြမ်းကိုးကားစာရင်း

၁။ ရခိုင်ရာဇဝင်သစ်ကျမ်း (အသျှင်စန္ဒမာလာလင်္ကာရ)

၂။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ဦးမောင်မောင်တင်)

၃။ ကျခတ်ရာဇဝင် (ပေမူ)

၄။ ဓညဝတီနတ်စိုင်သာချင်း

၅။ "ရခိုင်နတ်သာချင်းများ" မင်းပြားမင်းသိန်းဇံ၊ ရခိုင်မဂ္ဂဇင်း (၁၂)

၆။ မင်းပြားမင်းသိန်းဇံ၏ စာစုများ

၇။ စာရေးသူ၏ ၁-၁-၉၄နေ့ ကွင်းဆင်းမှတ်တမ်း

# ဆဒိုင်ကန်

**အောင်လှသိန်း**

ဆဒိုင်ကန်သည် ရခိုင်သမိုင်းဝင် အရပ်တစ်ခုဖြစ်သည်။ ယခုမင်းပြားမြို့၏တောင်ဘက်အနီး ကြတ်စင်ကျွန်းတွင် ရှိသည်။ ဤအရပ်မှာ ကျွန်း၏အရှေ့မြောက်အရပ် လေးမြို့မြစ်ခွဲတစ်ခုအပေါ်တွင် မေးတင်လျက်ရှိပါသည်။ မင်းပြားမှ သုံးမိုင်ခန့်သာဝေးသည်။ ဤအရပ်ကို ခေတ်လူများက မသိရှိကြတော့သည်သာမက မြေပုံတွင်လည်း မပါရှိတော့ပေ။

ယခု ဆဒိုင်ကန်အရပ်တွင် ကမ်းနဖူးအနီး၌ ကန်ကြီးသုံးကန်ရှိနေပါသည်၊ ကမ်းနှင့်ဝေးသော ကန်ကြီးတစ်ကန်သာ ယခုရေရှိပါတော့သည်။ ကျန်နှစ်ကန်မှာ မပီပြင်လှတော့ပါ။ ကန်ပေါင်ရိုးများမှာ အပိုင်းအပြတ်များလှုပြီး မြေတွင် ဝပ်စင်းသွားရန် အားယူနေကြပါသည်။ ဤကန်ကြီးသုံးကန်နေရာသည် လွန်ခဲ့သောအနှစ်လေးဆယ်ခန့်ကအထိ လောင်းဆိပ်လှေဆိပ်ကောင်းတစ်ခု ဖြစ်ခဲ့ကြောင်း လူကြီးသူမတို့၏ စကားအရသာ သိရှိရပါတော့သည်။ ယခုမူ ဤအရပ်၌ အပင်ကြီး၊ အရိပ်ကြီးများဟူ၍ မရှိကြတော့ပေ။ အရှေ့ဘက်အနီးတွင် မြောင်းငယ်ဘေး၌ နတ်ပင်တစ်ပင်ရှိပါသည်။ ယခုတိုင် ကိုးကွယ်ပသနေရသည်။ ရှေးအခါက ခရီးသွားများသည် ဤနတ်ကိုသာ ပူဇော်ပသကြရမြဲ ဖြစ်ကြောင်းဆိုပါသည်။ ဆဒိုင်ကန်၏ မြောက်ဘက်ကမ်းတွင် ဇီးပင်ကြီးရွာရှိပါသည်။

ကန်အရပ်၏အနောက်ဘက်အနီးတွင် ကပ်လျက် ချောင်းငယ်တစ်ချောင်းက တောင်ဘက်သို့ တက်သွားပါသည်။ ဆဒိုင်ကန်ချောင်းဟု ဆိုပါသည်။ လယ်ကွင်းများကို ဖြတ်သွားပြီးနောက် မနီးမဝေးရှိ တောင်ကုန်းငယ်တစ်ခုအနီးသို့ ချောင်းတက်ငယ်တစ်ခုတက်သွားပါသည်။ ဤတောင်ကုန်းပေါ်တွင် ယခုစေတီတစ်ဆူကိန်းဝပ်သည်။ ဤတောင်ကုန်းငယ်၏ မြောက်ဘက်တောင်ခြေတွင် ကန်ပျက်တစ်ခုရှိပါသည်။ ကျေးပင်များပေါက်နေပြီဖြစ်သည်။ ခြောက်သွေ့ရာသီ၌ ရေမရှိပါ။ ကျွဲလူးအိုင်တမျှသာ ရှိပါတော့သည်။ ဤကန်ကို ဆဒ္ဒန်ကန်ဟုခေါ်ကြောင်း ဒေသံတို့က ဆိုကြသည်။ ဆဒ္ဒန်ဆင်ဖြူတို့ ပျော်မြူးကျက်စားရာ အရပ်တစ်ခုဟု ဆိုဖွယ်ရာရှိပါသည်။ ဆဒ္ဒန်ကန်မှအသံပြောင်းကာ ဆဒိုင်ကန်ဖြစ်သွားနိုင်ပါသည်။ ရခိုင်စကား၌ အချို့သော (အန်)ကာရန်တို့သည် (အိုင်)ကာရန်သို့ပြောင်းတတ်သည့် သဘောရှိပါသည်။ ဥပမာအားဖြင့် စရံကို စရိုင်၊ သမ္ဘန်ကို သမင်ဗို၊ သမ်ပိုင်၊ (လိမ်း)ကျံကို ကျိုင်ဟူ၍ ယခုတိုင်တွေ့မြင်နိုင်ပါသေးသည်။ ဆဒ္ဒန်မှ ဆတ်ဒိုင်၊ ယင်းကမှ ဆဒိုင်ဟု ပြောင်းလဲသွားနိုင်ပါသည်။ ရာဇဝင်၌ ဆေးဒိုင်ကန်ဟု တွေ့ရပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာရေးသူအမည် |
|---|---|---|
| ၁။ | မင်းပြားဝန်းကျင် သုတေသနအမြင် | အောင်သူရကျော်(ရခိုင်) |
| ၂။ | မျက်ရိုးဓါတ်နှင့် ဗိသုကာကျမ်း | မဟာပညာကျော် (ရခိုင်မြို့) |
| ၃။ | ဝေသာလီခေတ် မကိုဋ်ဆောင်း ဆင်းတုတော်များ | ဒေါက်တာစောထွန်းအောင် |
| ၄။ | စစ်ကဲဘုရားသိမ် | ကျော်သာညွန့် (ရခိုင်လက်မှု အနုပညာ) |
| ၅။ | တောတန်းကျွန်းတောင်ဘက်ခြမ်းမှ ရခိုင်ယဉ်ကျေးမှု အမွေအနှစ်များ တည်ရာ | မင်းပြားမင်းသိန်းဇံ |
| ၆။ | ဝေသာလီခေတ်မှ မင်းဝတ်တန်ဆာနှင့် မကိုဋ် သရဖူဆောင်းကျောက်ဆစ်ဆင်းတုတော်တစ်ဆူ | မောင်ဒေဝ–မြောက်ဦး |
| ၇။ | မင်းပြားကင်းနှင့် ပြွန်ရှည်ကင်းစား | အသျှင်ကြီး |
| ၈။ | ကျိန်းတောင်တော်စေတီကျောက်စာ | ဒေါက်တာစောထွန်းအောင် |
| ၉။ | ကုမာရဒေဝီမိဖုရားကျောက်စာ | အရှင်ကောသလ္လ (ဂဝေသီ) |
| ၁၀။ | စိုင်းတင်မြို့စား ဥက္ကာပျံ | ဝေသာ |
| ၁၁။ | တန်းခိုးဆရာထွန်း၏ ရာမသာခြင်း | မင်းပြားမင်းသိဏ်းထွဏ်း |
| ၁၂။ | ဥတ္တရာမစုရ၊ အာနန္ဒစန္ဒြကျောက်စာနှင့် ၇–ရာစု ဘီစီ | နီမင်းသျှင် (စစ်တွေ) |
| ၁၃။ | သကြားရွာမှ ကျောက်ဆစ်ပန်းအလှ | ကျော်သာညွန့် |
| ၁၄။ | မေတ္တာယျာနာဂတဝင်နှင့် စာဆိုသျှင် | မဟာပညာကျော်(ရခိုင်မြို့) |
| ၁၅။ | အတိတ်ကာလက ကျိန်းရိပ်တခွင် | အောင်လှသိန်း |
| ၁၆။ | ဗိုလ်မောက်ရှာပုံတော် | တက္ကသိုလ်မောင်ယဉ်သူ |
| ၁၇။ | ရေတွင်းများအညွှန်း | မြတ်သန်းလှိုင်(မြောက်ဦး) |
| ၁၈။ | စတူပါနဲ့စေတီ ဘာကွာလို့လဲ | တက်ထွန်းနီ(မြောက်ဦး) |